
၁၀ နှစ်ပြည့် အထူးထုတ်
The
YATI
MAGAZINE
Vol. 11 No.120 March,2014
Diamond Land
စိန်အရောင်းပြခန်း
Dr.Khin Maung Win & Dr.Wai Wai
ဆိုင်အမှတ်(၅၀)၊ အရှေ့ဘက်တိုက်တန်း၊ ဗိုလ်ချုပ်ဈေး၊ရန်ကုန်မြို့
Ph: 01-253220, 240966 (Ext:669), 09-5016670

# The YATI MAGAZINE

Vol. 11 No.120 March,2014



ရတီမဂ္ဂဇင်း ၁၀ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အထူးကဏ္ဍတွင်

## Women in the lead

ယဉ်ကျေးမှုဝန်ကြီးဌာန ဒု-ဝန်ကြီး ဒေါ်စန္ဒာခင်၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်း နိုင်ငံတကာ အမျိုးသမီး ရဲစွမ်းသတ္တိဆုရှင် ဒေါ်ဇင်မာအောင်၊ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး အမျိုးသမီးကွန်ရက်မှ ဒေါ်နော်အုန်းလှ သမ္မတ၏ အမျိုးသမီးကိုယ်ရံတော် ဒုရဲအုပ်ဇာဇာအောင်နှင့် ကိုယ်ရံတော်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံခြင်းများ ပါဝင်သည်။

Asian Fame Media Group


ငွေသော်တာ
ဥက္ကဋ္ဌ
ceo@popularmyanmar.com

ဟိန်းလတ်
ဒုဥက္ကဋ္ဌ
hanelatt@popularmyanmar.com



The YATI MAGAZINE VOL-11, NO 120, MARCH, 2014
စာပေအနုပညာမဂ္ဂဇင်း





Editorial & Technical Director — ဖိုးနိုင်လင်း (ponainglin@gmail.com)
Art Director — မောင်မောင်အောင်(cartoonmma@gmail.com)
စီမံဒါရိုက်တာ — ဒီဇိုင်းပန်းဇာန် (pannzan@gmail.com)
တာဝန်ခံအယ်ဒီတာ — မြင့်သူဇာထွန်း (zarkalay174@gmail.com)
Creative အယ်ဒီတာ — နွေးနွေးစစ်အောင် (nwaynwaysisaung@gmail.com)
အမှုဆောင်အယ်ဒီတာ — ဖြိုးစုပိုပို (phyoesupopo@gmail.com)
ကဗျာအယ်ဒီတာ — လင်းထိပ်သျှင်
လက်ထောက်အယ်ဒီတာ — သီတာစိုး
ဒီဇိုင်းတာဝန်ခံ — ထွန်းထွန်းလင်း
ဒီဇိုင်း — လင်းထွဋ်
လက်ထောက်ဒီဇိုင်း — ဝင်းဝင်းလှိုင်
စာစီစာရိုက် — ခင်သက်လှိုင်
စာပြင် — ဥမ္မာအေး
ကြော်ငြာအဖွဲ့ — ဇော်ဇော်အောင် (မန်နေဂျာ) (advertising@popularmyanmar.com)
မေသင်းခိုင်
ဘဏ္ဍာရေးအဖွဲ့ — မိုးယုမာ (လက်ထောက်အထွေထွေ မန်နေဂျာ)၊
ခင်ငြိမ်းစုအေး (ဒု-မန်နေဂျာ)၊
နီလာဝင်း (လ/ထ မန်နေဂျာ)
ဖြန့်ချိရေးအဖွဲ့ — ဇော်လင်းဦး၊ သက်ထွန်းအောင်၊ ညီညီနိုင်၊ သောင်းမြတ်ကျော်၊ ထူးထူးအောင်
ရတီစာတတ်ပုံပညာရှင် — အေးဇော်မိုး (စက်မှု)၊ ဝဏ္ဏခွာနီ၊ ကိုနိုင် (ပေါ်ပြူလာ)၊ အောင်ဇော် (love space)၊ အိသွဲ့(တန့်ယန်း)၊ နေယံ

မျက်နှာဖုံးရှင် — ယွန်းဝတီလွင်မိုး
ထုတ်ဝေသူ — ဒေါ်နန်းကလျာဝင်း (၀၄၃၀၈)
ဥပဒေအကြံပေး — ဦးအီနစ် (တရားရုံးချုပ်ရှေ့နေ)
ဖလင် — Eagle
အတွင်းကာလာခွဲ — ကမ္ဘာဦး
စာအုပ်ချုပ် — ရွှေသမီး
တန်ဖိုး — ၂၀၀၀
အုပ်ရေ — ၁၅၀၀
ပုံနှိပ် — ငွေကုံကော် (မြ-၀၆၃၆၁)၊ အောင်သိန်းသန်း(မြ-၀၅၉၉၂)



**အယ်ဒီတာအဖွဲ့ရုံးခန်း**
အမှတ်-၁၅၀/၁၆၀၊ ၃၅ လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၉၁၆၅၊ ၀၁-၃၈၅၄၉၅၊ ၀၁-၃၇၂၈၃၄
စာတိုက်သေတ္တာအမှတ်-၁၄၀
e-mail address : yatimagazine@gmail.com
facebook address : http://www.facebook.com/yatimagazine

**မန္တလေးရုံးခွဲ**
အမှတ် ၉၁၊ ၆၈ လမ်း၊ ၃၃ × ၃၄ လမ်းကြား၊ မန္တလေးမြို့။
ဖုန်း-၀၁၀၅၀၀၀၃၈၀၊ mandalayoffice@popularmyanmar.com

**ကြော်ငြာကိုယ်စားလှယ်**
ထိုက်ကြော်ငြာလုပ်ငန်း (မန္တလေး)
အမှတ်-၂၅၃၊ ၃၆ လမ်း၊ ၈၄×၈၅ လမ်းကြား၊ မန္တလေးမြို့။
၀၉-၂၀၀ ၅၅၇၂၊ ၀၉-၉၁၀ ၄၆၇၇၂


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး --- ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး --- ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး --- ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။




‘ရှင်လန်း ပျော်မွေ့၊ ချမ်းမြေ့သာကြည် - ရတီ’

## အယ်ဒီတာ နှုတ်ခွန်းဆက်

ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ်ပန်းတိုင်များ (U.N Millennium Goals) ကို ချမှတ်ထားရာ၌ ၂၀၁၅ ခုနှစ်အကုန်တွင် ကမ္ဘာ၌ စာမတတ်သူနှုန်းကို တစ်ဝက်စီ လျှော့ချကာ၊ ငါးနှစ်အောက်ကလေးများ ကျောင်းတက်နိုင်မှုနှုန်းကိုလည်း ရာနှုန်း ငါးဆယ်ထိ တိုးမြှင့်ပေးနိုင်မည်ဟုဆို၏။ ယခုလောလောဆယ်တွင် ကျောင်းနေရမည့် အရွယ်ကလေးငယ်ပေါင်း ၁၁၃ သန်းမျှကမ္ဘာပေါ်တွင် ကျောင်းမနေနိုင်သေးဟု သိရ၏။ ထိုအထဲတွင် ၆၀ ရာခိုင်နှုန်းက မိန်းကလေးတွေဖြစ်ကြသည်။ ကမ္ဘာပေါ်တွင် စာမတတ်သူဦးရေ၏ သုံးပုံနှစ်ပုံမှာ အမျိုးသမီးများဖြစ်ကြပြီး၊ အမျိုးသမီးများသည် အမျိုးသားများ၏ သုံးပုံနှစ်ပုံသာ အလုပ်အကိုင်ရရှိကြကြောင်းလည်း သိရသည်။ လိင်ဆိုင်ရာမညီမျှမှုကို တိုက်ဖျက်ရန်နှင့် အမျိုးသမီးများ စွမ်းပကားကို တိုးမြှင့်ပေးရန်မှာ ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်တွင် အရေးအကြီးဆုံး ကြိုးပမ်းမှုတစ်ခု ဖြစ်သည်။

ယခုလသည်ရတီမဂ္ဂဇင်း၏ ‘ဆယ်နှစ်’တင်းတင်းပြည့်သော အခါသမယ ဖြစ်သည်။ ရတီ၏ ဆောင်ပုဒ်ကိုလည်း **‘ရှင်လန်း ပျော်မွေ့၊ ချမ်းမြေ့သာကြည် - ရတီ’** ဟုသတ်မှတ်ထားရာ ယခုလတွင် ရတီမဂ္ဂဇင်း၏ ပရိသတ်အမျိုးသမီးထုအတွက် အားကျဂုဏ်ယူဖွယ်ဖြစ်သော နိုင်ငံ့ရေးတန်းမျက်နှာစာအသီးသီးမှ အမျိုးသမီး စွမ်းဆောင်ရှင်များ အကြောင်းကို ဖော်ပြနိုင်ခဲ့ခြင်းနှင့် သမိုင်းထဲက မြန်မာအမျိုးသမီးများအကြောင်း ထုတ်ဖော်ပြသနိုင်ခဲ့ခြင်းသည်ပင် စိတ်ချမ်းမြေ့ဖွယ်ဖြစ်လိမ့်မည်ဟု မျှော်လင့်မိပါသည်။ အထူးသဖြင့် ရတီမဂ္ဂဇင်းလည်း ဆယ်နှစ်ပြည့်ကမ္ဘာ့ကုလသမဂ္ဂ၏ ထောင်စုနှစ် ရည်မှန်းချက်ကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုရာရောက်၍ စီစဉ်သူများ အနေနှင့် ကြိုးစားရကျိုးနပ်မည်ဟု ခံစားရပါသည်။

ဆယ်စုနှစ်တစ်ခေတ်တိုင်တိုင် စာဖတ်ပရိသတ်ကြီး၏ ထောက်ခံအားပေးမှုဖြင့် ခိုင်မတ်စွာ ရပ်တည်နိုင်ခဲ့သော ရတီမဂ္ဂဇင်းသည် ရှေ့ဆက်လက်၍လည်း နိုင်ငံတော်သစ်တည်ဆောက်ရာတွင် ဘက်ပေါင်းစုံအထောက်အကူပြုနိုင်မည့် စာပေ အနုပညာတာဝန်များကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်သွားမည်ဟုလည်း ဤဆယ်နှစ်ပြည့် အခါသမယတွင် ကတိသစ္စာပြုအပ်ပါသည်။

ရတီနှင့် ဆက်စပ်ပတ်သက်နိုးနွယ်သူဟူသမျှကိုလည်း လိုရာဆန္ဒတစ်လုံး တစ်ဝပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

အယ်ဒီတာအဖွဲ့



Yati CONTENTS
VOL.11, NO.120, MARCH.2014


2.. အယ်ဒီတာနှုတ်ခွန်းဆက်

ကဗျာ
7... သော်ဒီဝေ၊ ဟိန်းမြတ်ဇော်၊ အောင်ဘညို၊
ဥက္ကာကျော်၊ မောင်သစ်လှိုင်၊ နေမော်ဟိန်း
ကာတွန်း
13...မြေဇာ၊ မောင်မောင်၊ မောင်မောင်အောင်၊
လူကြီးမင်း၊ ဒီလုံးကြီးတင်
ရတီအထူးကဏ္ဍ
21..Special Cover Image
ယွန်းရတီမြတ်၊ အိန္ဒြာသီရိကို၊ နန်းထက်အောင်၊
ချောစုလင်းဖြူသန့်၊ မြတ်ကျော့နိုင်
*ဖြိုးစုပိုပို၊ အိအိထွေး*










39...Updating Fashion
M ဆိုင်းလု
*သီတာစိုး*
46...SUMMER IRIS
57...MOD MOM
*သွင်စုထွေး၊ ဖွဲ့သုတ၊ နှသဖြေ*
*ဖြိုးစုပိုပို*
61...Cover Story
Diamond Land စိန်အရောင်းပြခန်းရဲ့
ပွဲကိုင်ရှင် ဒေါက်တာဝေဝေ
*ယွန်းဝတီလွင်မိုး*
*ဖြိုးစုပိုပို*

Yati CONTENTS

VOL.11, NO.120, MARCH, 2014

65...Women In the Lead
ဒေါ်စန္ဒာခင်၊ ဒေါက်တာညိုညိုသင်း၊ ဒေါ်ဇင်မာအောင်၊
ဒေါ်နော်အုန်းလှ၊ ဒေါ်ဖာဖာအောင်အဖွဲ့
*အယ်ဒီတာအဖွဲ့*
78...Beyond the Women
ဒေါ်ရွှေဇီးကွက်
*ဖြိုးစုပိုပို*
84...သူတို့ပြောတဲ့....
လွှန်းထားထား၊ မနော်ဟရီ၊ မေခိုင်အုန်း
*ဖြိုးစုပိုပို*
89...သူပြောတဲ့ သူ့အကြောင်း
ဖြူဖြူကျော်သိန်း
*သီတာစိုး*
92...Music Plus Yati
သမိုင်းတစ်ခု အိပ်မက်တစ်စ ဂစ်တာသံတွေလျှံတဲ့ ည
*Zigzag*







96...Greatest Hits of
Hain Wai Yan
*မိုးသောက်ကြယ်*

ရတီနိုင်ငံတကာ
147...ALEX GERRARD
နှင့် မိသားစုဘဝ
*တင်လတ်သန္တာဝိုလ်*
151... Comp X -Rayနဲ့
အလန်းဇယားခရစ္စတင်စတီးဝပ်
*ရဲသစ်*
193...ကျားမတန်းတူ
*အခွင့်အရေးအလိုရှိသူ မေရီအဲနီ*
*(သို့မဟုတ်) ဂျော့ဂျ်အီလီယော့ထ်*
Florist

197...International News
*ဖြိုးဖြိုး*
208...ရတီကိုရီးယား
*ဇင်မြင့်စံ*
211...Film Feeling
*ဖြိုးဖြိုး*

117...မမရတီအမေးအဖြေ

166...ရတီစာအုပ်စင်



ရတီအသောအထွေ
214...ကတ်သီးကတ်သတ်ပြောတဲ့
တောက်တီးတောက်တဲ့
205...ဂျာမနီခရီးသွားနဲ့ မြန်မာပြည်မီးရထား
*ဆာသော်ဇိုး*

ရတီကျန်းမာရေး
108...Family Doctor
လည်ချောင်းနာရင် မြားအတိုင်းလိုက်
*ဒေါက်တာမြင့်ဦး(ဂျီပီ)*
120...အကျိုးထူးစွမ်းအင် မြန်မာ့ခရမ်းချဉ်
*ဒေါက်တာဇာနည်ဝင်း*
119...ကျန်းမာရေးအတွက် မေးကြမယ်
*ဒေါက်တာကျော်စွာဦး*
*(အထွေထွေရောဂါကုဆရာဝန်)*




104...လှပစိုပြည်ရတီမေ
အလှအပအတွက် အကျိုးပြုသစ်သီးများ
မာဦး
101...အလှအပအတွက် အလွယ်တကူ ကုသ
ပျောက်ကင်းနိုင်သောအရေပြားအကျိတ်အဖု
အချို့
*ဒေါက်တာမြင့်ဦး(အရေပြားအလှအပဆရာဝန်)*
110...အသားအရေကို အိုမင်းရင့်ရော်စေတဲ့
ခရမ်းလွန်ရောင်ခြည်
*အေမီချို*
ရတီဆောင်းပါး
18...ရဟန်းနှင့် ရတီ
*ခမ္မဂင်္ဂါ*
112...ခေတ်ကို ဖြတ်သန်းရင်း ထားရစ်ခဲ့သည့်
အလှတရားများ
*မမိုးမြေ*

Yati CONTENTS
VOL.II, NO.120, MARCH,2014


188...သဘာဝဓာတ်ငွေ့
*ကျော်ဦး*
190...တကယ်လှတဲ့ သုံးပန်လှကျောက်
*သိန်းပိုင်* (M.Engg.Geol)

မန္တလေးအတွေး၊ မန္တလေးအရေး
182...အထူးမမေ့စရာတရုတ်ကျေးဇူးပါ
*ကိုထွန်း (လမ်း-၈၀)*

ဖူးနုသစ်လွင်ကဗျာဥယျာဉ်
122...ကိုခင်ဝင်း(ဟင်္သာတ)၊
ကျော်လွင်ဦး(ပျဉ်းမနား)၊ကိုစိမ်း၊
လေပြည်ချမ်းချမ်း၊ ဒွန်သီဟ(ငဖဲ)၊ ဇော်သစ်၊
သမီးထူး(စန္ဒကူး)၊ ထက်နဒီလင်း

ရတီဗေဒင်
163...ဒေါက်တာမြတ်သစ် (မန္တလေး)
155...မွေးနေ့သင်္ကေတကိုကြည့်
ကိုယ့်အကြောင်းကိုယ်သိ
*နွေနီဒါန်း*
ရတီဝေဖန်ရေး
186...ဒါရိုက်တာ ဥက္ကာဗို၏
'ကျွန်တော်တို့လည်း တာဝန်ရှိပါသည်'
*မောင်အိမ်စံ*
ရည်ညွှန်းဖွဲ့သီ ချစ်သူဆီ
178...အမှတ်တရ
ညတာရာလင်း (ထားဝယ်)


Yati CONTENTS
VOL.11. NO.120.MARCH.2014




ရတီဝတ္ထုရှည်
168...ယဉ်တစ်ကိုယ်မယ်
*ခြိမ့်သဲ*

ရတီအခန်းဆက်ဝတ္ထုရှည်
126...ကျီးမနိုး
*ခင်ခင်ထူး*

ရတီဝတ္ထုတို
159...မလှသော အမှတ်တရ
ရွှေသင်
133...ကြာရိုးကလေးတန်းလန်း
လင်္ကာရည်ကျော်
138...တောက်ပစွာ လောင်ကျွမ်းသော
မိုးပန်းမွန်(ရာမည)


ပန်းချီသရုပ်ဖော်
မောင်မောင်အောင်၊ မောင်နိုး၊ မြတ်မင်းဟန်၊
ခေတ်ဘုန်းမို၊ လင်းဝဏ္ဏ၊ အာကာ၊ ပန်းဈာန်



# အမာရွတ်ကြီးတဲ့ မန္တလေး

၂၀၁၄
ဆယ်စုနှစ် '၄' ခုစာ
အိမ်နဲ့အမွေဖြတ်မခံရရုံတမယ်
ပိုင်သ, သူညီ'ဆူး'ရေးခဲ့တဲ့
နန်းတော်ရှေ့ကျုံးနံဘေး
၁၉၇၄
ငါ့ဘဝကို မန္တလေးနဲ့ စခဲ့တယ်။

ကျောင်းတော်က 'အကဲဒမစ်' ဝါဒကိုပစ်ပယ်
ဒါဒါ,ကျူဗစ်ဇင်, ဆာရီယယ်, အင်ပရက်ရှင်
ကမ္ဘာကျော်တွေရဲ့ 'အင်ဇင်အားလုံး'ငါနဲ့ (ညမင်းကျော်)
ဆွတ်ယူစားသုံးခဲ့တဲ့ သစ်ပင်တွေဖြစ်တယ်

'မုတ်သုန်' နဲ့ ဈေးချိုနာရီစင်
'မောင်ညိုဝင်း' STROKEတွေနဲ့ ရေးထားတဲ့
ဆိုင်းတန်းက 'ရှိုးဘုဒ်'တွေကြည့်ဖို့
ဖိနပ်ပါးအောင် ခြေကုန်သုတ်ခဲ့ကြတဲ့နေ့တွေ
သတိရရဲ့

မွန်ဒရီယမ် ပက်တန်တွေကြားကဦးခင်မောင်(ဘဏ်)
အင်ပရက်ရှင်းနစ်, ဦးအောင်ခင်
ငါ, မှင်တက်ခဲ့
ကိုခင်မောင်နဲ့ ငါနဲ့ကမတူဘူး
သူက, အလင်းကိုစိတ်ဝင်စားတာ၊
ငါကအမှောင်ကို စိတ်ဝင်စားတာတဲ့
ခုထိ, ငါမှတ်မိရဲ့

ဦးဘသက်ကို မမိခဲ့ပေမဲ့
ဝင်းဖေ, ပေါ်ဦးသက်
နောက်တစ်မျိုးဆက်တွေ့ရဲ့ အငွေ့အသက်
ငါတို့ ဝိညာဉ်ပေါ် လွှမ်းမိုးခဲ့တာ
ဘာဆန်းတာမှတ်လို့

အဲဒီနှစ်တွေက
ထီးဆိုင်ရဲ့ 'ကွဲနေသောမှန်စများ' အယ်လ်ဘမ်ထွက်တယ်
ပိုင်စိုးဝေမတိုင်ခင် 'နေမင်းပိုင်စိုး'နဲ့ ကဗျာစာအုပ်လုပ်တယ်
ပိုင်သနဲ့ 'အီကွေတာ အော်သံ' လုပ်တယ်


ကိုခင်ဝမ်းနဲ့ မန္တလေးပန်းချီကျောင်း
ကိုချော (မောင်ချောနွယ်) နဲ့ သူတို့ မိတ်ဆက်ပေးဖြစ်တော့
မင်းက ရန်ကုန်နဲ့မန္တလေး
တွယ်ချိတ်ပေးတဲ့'FUSE' တစ်ချောင်းပဲတဲ့၊

ဒီလိုနဲ့ ၂၀၁၄
ဆယ်စုနှစ် '၄' ခုစာ
မန္တလေးနဲ့ငါ
အမာရွတ်ကြီးခဲ့ရတယ်။ ။

**သော်ဇီဝေ**

မှတ်ချက်။ ။ နောက်ပိုင်းမှာ 'FUSE' ကိုမောင်ချောနွယ်က
'ဒဏ်ခံကြိုးလေး'လို့ ဘာသာပြန်တယ်





# မန္တလေးမှာ

မန္တလေးမှာ
အိမ်နံပါတ် (၁၀) ဥယျာဉ်လမ်းဆိုတာ ရှိခဲ့တယ်။

မန္တလေးမှာ
မျက်ရည်စိုစို တက္ကသိုလ်နဲ့
သစ္စာပန်းတောဟာ
တစ်ညလုံး မအိပ်တဲ့ သီချင်းတွေအော်ဆိုခဲ့။

မန္တလေးမှာ
မန္တလေးမြို့ရဲ့နံနက်ခင်းကဗျာနဲ့ ကဗျာဆရာတွေရှိခဲ့တယ်။

မန္တလေးမှာ
ကျွန်တော်အပျော်ဆုံးပါဆိုတဲ့ ဆုံးပါးသွားတဲ့နှစ်တွေထဲ
ကျွန်တော်ပေကပ်ရပ်နေခဲ့။

မန္တလေးမှာ
ရွက်နကဖေးအထိ စိန်ပန်းပွင့်တွေရဲရဲနီခဲ့တယ်။

မန္တလေးမှာ
အတူနေသူငယ်ချင်းများ အသိုက်ပျောက်ခဲ့ဖူးတယ်။

မန္တလေးမှာ
နင်းဆီကောင်းကင်ထဲက ညီမလေး
ကျွန်တော့်ဆီစာအုပ်တွေလာငှားတယ်။

မန္တလေး
နှစ်ယောက်တစ်ဖွဲ့ဖွဲ့ထားတဲ့
စီးပွားရေးတက္ကသိုလ်က ကောင်လေးနဲ့ ကောင်မလေးကို
အရောက်ပို့ပေးခဲ့ဖူးတယ်။

မန္တလေးမှာ
ကိုဒေါင်းရဲ့လွမ်းမောစရာကြီးပါဗျာ ဆိုတဲ့ စကားလုံး
တောမီးလောင်တဲ့ ညတွေမှာ တစ်ခေတ်စားခဲ့ဖူးတယ်

မန္တလေးမှာ
သစ်ပင်ပေါ်က တွန်းချခံခဲ့ရဖူးတဲ့
ကျွန်တော့်အိပ်မက်တွေလည်းရှိခဲ့။

မန္တလေးမှာ
ကိုတင်ဦးတွေ၊ ဒေါက်တာရေချမ်းတွေ
သမီးလေးအထင်နဲ့ ပွေ့ဖက်မိတဲ့ ဆောင်းညတွေရှိခဲ့တယ်
မန္တလေး...။ ။


**ဟိန်းမြတ်ဇော်**

# မန္တလေးမြို့ကို
# မန္တလေးတောင်ပေါ်မှ
# ငုံ့ကြည့်ခြင်း

ငါ့မမှားဘူး
အရှေ့ဘက်မှာ အပြာရောင်လှိုင်းထ
ရှမ်းရိုးမ...
ခပ်လှမ်းလှမ်းမှာ
ရန်ကင်းတောင်...
တောင်ဘက်မှာ
အောင်ပင်လယ်ရဲ့ တေးသံ...
အနောက်ဘက်မှာ
မင်းဝံတောင်ကို
မြွေတစ်ကောင်လို
ရစ်ခွေနေတဲ့ ဧရာဝတီ...
ငါနဲ့ ကျောင်းနေဖက်၊ ခွေလိမ့်ဖက်
သူငယ်ချင်းတွေရဲ့အိမ်ရယ်၊ ငါ့အိမ်ရယ်
ရှာမရတာ ဆန်းတယ်။ ။

**အောင်ဘညို**






# မြို့သိမ်းစစ်ဆင်ရေး

မိုးလင်းပြီဆိုတာနဲ့
မဟာဗျူဟာမြောက်မြို့တော်ဆီ
ငါတို့တပ်တွေ
အရပ်ဆယ်မျက်နှာကနေ
ချီတက်ဝိုင်းရံလာပုံ
မြို့တော်ကို ငါတို့ ပြန်သိမ်းမှဖြစ်မယ်
မြို့တော်ကို ငါတို့ ပြန်သိမ်းမှဖြစ်မယ်
သိပ္ပံလမ်းပေါ်မှာ
မနော်ဟရီလမ်းပေါ်မှာ
မြို့တော်ကို ငါတို့ ပြန်သိမ်းမှဖြစ်မယ်
မြို့တော်ကို ငါတို့ ပြန်သိမ်းမှဖြစ်မယ်
၃၅ လမ်း ၂၆ / ဘီလမ်းနဲ့
စစ်ကိုင်းလမ်း၊ ကန္တားလမ်းတွေမှာ
မြို့တော်ကို ငါတို့ပြန်သိမ်းမှဖြစ်မယ်
မြို့တော်ကို ငါတို့ပြန်သိမ်းမှဖြစ်မယ်
နန်းရှေ့/ပု သိမ်ကြီး
မတ္တရာလမ်းတွေပေါ်မှာ
တပ်တွေ / တပ်တွေ / တပ်တွေ
ရရာလက်နက်ကိုင်စွဲ
မြို့တော်ကို ငါတို့ ပြန်သိမ်းမှဖြစ်မယ်စိတ်ကူးနဲ့
စက်ဘီးတွေ၊ မော်တော်ဆိုင်ကယ်တွေ
ဘက်စ်ကားအိုကြီးတွေပေါ်
ရရာလက်နက်တွေတင်ဆောင်
မြို့တော်ဆီ ဝိုင်းဝန်းချီတက်
မြို့တော်ကို ငါတို့ပြန်သိမ်းမှဖြစ်မယ်
မြို့တော်ကို ငါတို့ပြန်သိမ်းမှဖြစ်မယ်
စက်ဘီးတွေက ကလောင်ကလင်အသံထွက်
အဲသလို ချီတက်လာချိန်
စိန်တိုင်းသားတွေကတော့ အေးအေးလူလူ
အားကစားဝတ်စုံအပြည့်နဲ့
နန်းတော်ကြီးကို ဆန္ဒပြကြတုန်း
နေ့ခင်းပိုင်းနေရာယူပြီးချိန်
တပ်တွေဟာ အထပ်မြင့်တိုက်တွေပေါ်
မြေက တုတ်ကျင်းတွေထဲ၊ ဈေးတွေထဲကနေ
ဝုန်းဒိုင်းကြဲထုကြ နက်ကြ
တူးကြ ဆွကြ မြို့တော်ကို တိုက်ခိုက်လေတယ်
ညနေ ၅ နာရီထိုး မိုးစုပ်စုပ်ချုပ်တော့
ပင်ပန်းနွမ်းဟိုက်နေတဲ့ တပ်တွေ
အလောင်းမင်းတရားရဲ့တပ်တွေ
အယုဒ္ဓယမြို့ရိုးပေါ်က လန်ကျလာသလို
မိမိတို့ကတုတ်ကျင်းရှိရာ
မြို့သစ်ဝပ်ကျင်းတွေဆီ
တဖျောဖျောဆုတ်ခွာခဲ့ကြတယ်
တစ်ဦးနဲ့တစ်ဦးစကားဟဟပင်မပြောအား
ငါကတော့
နေ့ခင်းနေ့လယ် တစ်လမ်းဝင်တစ်လမ်းထွက်
မြို့တော်ထဲပတ်ကြည့်
တပ်တွေကို ကိုယ်တိုင်ပဲ
စီမံကွပ်ကဲ အုပ်ချုပ်စစ်ဆင်နေသလိုလို
ယန္တရားကြီးလည်ပတ်အောင်
ကိုယ်တိုင်ပဲ မောင်းနှင်နေသလိုလို
တစ်စခန်းပြီးတစ်စခန်းလှည့်
ညအမှောင်စုပ်စုပ်နက်တော့
စတေးရှောင်တာလိုလို
ဧည့်စာရင်းရှောင်တာလိုလိုနဲ့
ကိုယ့်ကတုတ်ကျင်းလေးရှိရာ
ရေမြုပ်နေတဲ့
မြို့သစ်အိမ်ကလေးဆီ...။

**ဥက္ကာကျော်**

Yati
POEM

# ၆၂ – လမ်း

မတတ်သာလို့ ဇာတ်နာရတဲ့ မြို့
မန္တလေးရဲ့စက်ဘီးစေတ်
ဒီလမ်းပေါ်မှာ စီးမျော
ဘဝကြမ်းကြမ်းတွေကို၊ လမ်းကြမ်းကြမ်းကထမ်းပိုးလို့၊

တစ်နေ့တာ
ရှန်းကန်မှု ပြည်ဖုံးကားအရှည်နေ
သက်ပြင်းတွေ
ဘဝအမောတွေ
ကြောင့်ကြမှုတွေကို
သတ္တုထမင်းချိုင့်ကလေးထဲထည့်ရင်း
စက်ဘီးအိုကလေးများ အိပဲ့အိပဲ့။

အားလုံးအသားညိုတယ်
အားလုံးကသီလင်တနိုင်တယ်
သူတို့ကိုယ်တိုင် နေဝင်သွားပေမဲ့
နေမဝင်သေးတဲ့ နန်းတော်ကြီးကြောင့်
မန္တလေးကို
ခပ်ရေးရေးဂုဏ်ယူနေတဲ့ သူတွေ။

သူတို့စဉ်းစားမရတဲ့ အချက်တစ်ချက်
ဒုတိယမြို့တော်ဆိုတာ
ဘယ်နိုင်ငံရဲ့ မြို့တော်လဲ တဲ့
(သူတို့)
အိပ်မက်ထဲအထိ အဖြေရှာမရသေးဘူး။ ။

**မောင်သစ်လှိုင်း**



# မေ့လျော့နေသော သတိရစိတ်များ

**အပိုင်း(၁)**

ကျွန်တော်က သတိမေ့တတ်သူပါ
မန္တလေးနန်းတော်ကြီးကို သတိမေ့
ဧရာဝတီမြစ်ကြီးကို သတိမေ့
ဈေးချို အာဇာနည်လမ်းပေါ်က နာရီစင်ကြီးကိုသတိမေ့
မြန်မာလူမျိုးတွေ ရတနာပုံခေတ်က ချုပ်ဆိုခဲ့တဲ့ ရွှေပိုစာချုပ်ကို သတိမေ့
မြင်ကွန်းမြင်းခုန်တိုင်း အရေးအခင်းတုန်းက နန်းရင်ပြင်မှာ ကျန်ရစ်ခဲ့တဲ့ သွေးစက်တွေကို သတိမေ့
ရတနာပုံ ဒိုင်းမွန်းပလာဇာဘေးက အပေါင်ဆိုင်လေးကို သတိမေ့
စိုင်းခမ်းလိတ်ရဲ့(ကွဲနေသောမှန်စများ) သီချင်းကို သတိမေ့
နံနက်စောစော ထမင်းကြော်နဲ့ လက်ဖက်ရည်ချိုဖေ့ါကျကို သတိမေ့
ဆိုဆိုးရွားရွားပါပဲ
ကိုယ့်နာမည် ကိုယ်မေ့နေပြန်ပြီ။


**အပိုင်း(၂)**

သတိ
မြက်ခင်းပေါ်ဖြတ်မလျှောက်ရ
ပန်းခင်းထဲ ပန်းမခူးရ
ကျိုးထဲတွင် ငါးမမျှားရ၊ ငှက်မပစ်ရ
ချစ်သူတွေ စိတ်မကောက်ရ၊ မငိုရ
ပါးစပ်ရှိသူတိုင်း သီချင်းမဆိုရ
နလုံးသားမရှိသူ သီချင်းမရေးရ
ဒေါသကြီးသူ မှန်မကြည့်ရ
ဗေဒင်လက္ခဏာ မေးသူများ မိုးခါးရေမသောက်ရ
အသက် ၁၈ နှစ်မပြည့်သူများကို ဆေးလိပ်ရောင်းချခြင်းမပြုရ
ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲအားပေးသူများ လောင်းကစားမပြုလုပ်ရ
သန်းကြွယ်သူဌေးများယူရေနီယမ် တူးဖော်ထုတ်လုပ်ရောင်းချခြင်း မပြုလုပ်ရ
ဦးနှောက်မရှိသူများ ရာဇဝင်မှသင်ခန်းစာကျမ်းမဖတ်ရ
ဆရာဝန်၏ညွှန်ကြားချက်...
နေ့စဉ်တစ်နေ့တစ်လုံးမှန်မှန်သုံးစွဲပါ
အသက် ၆၅ နှစ်အထက်နှင့် မျက်မှန်တပ်ဆင်ထားသောသူများ ဆေးကုသမှုခံယူရန်မလိုပါ။





**နေမော်ဟိန်း**

# Yati Cartoon



# Yati Cartoon




# Yati Cartoon



# Yati Cartoon



# Yati Cartoon






"ငါ့ရှင်အာနန္ဒာ. . . သင်သည် မာတုဂါမတို့ကို မြတ်စွာဘုရား၏ ကိုယ်တော်ကို ရှေးဦးစွာ ရှိခိုးစေ၏။ ငိုသော ထိုမာတုဂါမတို့၏ မျက်ရည်သည် မြတ်စွာဘုရား၏ ကိုယ်တော်ကို လိမ်းကျံ၏။ ဤသည်လည်း သင်၏ မကောင်းသော အပြုအမူတည်း။ ထိုမကောင်းသော အပြုအမူကို ဒေသနာကြားလော့. . ။" (စူဠဝဂ္ဂပါဠိတော်)

(၁) နိုင်ငံရပ်ခြား တိုင်းတစ်ပါးဟူသော ပင်လယ်တွင် နှစ်အတန်ကြာ ရွက်လွှင့်နေမိရာမှ ရွှေပြည်ကြီး၏ မှဒိတာဆိပ်ကမ်းများဆီ ပြန်လည်ဆိုက်ကပ်ချိန် ခေတ်မီပရိယတ္တိ ပညာရေးစီမံကိန်းနှင့် ဓမ္မအသိဖြန့်ဝေရေး လုပ်ငန်းစဉ်များအတွက် ဓမ္မဂီ ဗုဒ္ဓဘာသာ ပါဠိကောလိပ်ပရောဂျက်ကို အစပျိုးခဲ့လေသည်။ အမှန်

တကယ်တော့ သူက ပညာရေးစဉ်းတည်ထွင်သူ၊ ကောလိပ် ပရောဂျက် ဖော်ဆောင်သူစသော ဂုဏ်ပုဒ်များထက် အသင့်ရှိပြီး စာသင်ခန်းများ တွင်သာ အေးအေးလူလူ ဖြတ်သန်းချင်ခဲ့မိသည်။

သို့သော် အသင့်ရှိနေပြီး သော စာသင်ခန်း အဟောင်းများက ပညာရေး အိုင်ဒီယိုလော်ဂျီ အသစ်တစ်ခုကို မိတ်ဆက်ပေးရန် အသင့်ဖြစ်မနေ ခဲ့ကြပြန်ပါ။ သို့နှင့် စိတ်မပါလှသော ဆောက်လုပ် ရေးလုပ်ငန်းခွင်ထဲ သက်န်းတလွှားလွှားဖြင့် ဖြတ်သွားကူးသန်း စိတ်အလန်းဇယားမကျနိုင် အောင် ဖြစ်နေခဲ့ရသည်။ မိတ်ဆွေ ဆရာဝန် တစ်ယောက်ကတော့ "အရှင်ဘုရားအနေနဲ့ ပညာရေးအဝန်းအဝိုင်းထဲမှာ ပူပူနွေးနွေး ထမ်းပိုး လာတဲ့ အတွေးတွေကို ချပြရမှာဘုရား။ ခုတော့ အုတ်သဲကျောက်တွေထဲမှာ အရှင်ဘုရားရဲ့ အတွေးတွေ မှိုတက်ရေစိုကုန်တော့မှာပဲ" တဲ့။

စာသင်ခန်းပျောက်နေသော ပရိယတ္တိဝန် ဆောင်ရဟန်းတစ်ပါး၏ နေ့ရက်များကို ကုစားရန် ကမ္ဘာအေးဘုရားလမ်းပေါ်က ကျောင်းထိုင် လောင်းလျာလေးများအတွက် ဖွင့်လှစ်ထားသော သင်တန်းကျောင်းတံခါးထဲ စွတ်ဝင်သွားခဲ့သည်။ သင်တန်းသားရဟန်းတော်များအား ဒုတိယ ဘာသာစကားတစ်ခု သင်ကြားပေးရန် ကမ်းလှမ်း ခြင်းခံခဲ့ရသည်။ ကိုယ့်လမ်းစရိတ်ကိုယ်စိုက်ထုတ် ကာ ပညာရေးကို ဒါနပြုခွင့်ရသော အနှစ်နာခံခြင်း မျိုးဖြင့် ဆရာတစ်ပါးဖြစ်ရခြင်း ပီတိကို ပျော်ရွှင်စွာ စားသုံးနိုင်ခဲ့သည်။ လက်ခံရရှိသော ပညာပူဇော် ကြေးက စာသင်ချိန်ဆယ်ရက်ထက်မကပိုသော သူ့အတွက် အငှားယာဉ်စီးခနှစ်ရက်စာမျှကိုပင် မကာမိ။ သို့သော် သူ့စာသင်ချိန်များကို မျှော်နေ ပါသည်ဟူသော သာဝကများ၏ စကားဖြင့်ပင် အပျော်လှိုင်းမိနေတော့သည်။ အရှိန်ပြင်းလှသော နည်းပညာယုဂခေတ်နှင့် ရာစုသစ်ကြီးကို တွန်း တွန်းတိုက်တိုက် မျက်နှာချင်းဆိုင်နေရသော ရဟန်းတစ်ပါးအနေဖြင့် သမာဓိကျဲပါးလှသော နေ့ရက်တို့ကို ကျော်လွှားရန် စာအုပ်များ၊ သို့မဟုတ် အွန်လိုင်းစာမျက်နှာများပေါ်တွင် စိတ် ကို သတိကျောပိုးအိတ်ဖြင့် ကျောင်းတက်စေခဲ့ သည်။ ၂၀၁၃ ဩဂုတ်လမှစ၍ ရတီမဂ္ဂဇင်း၏ စာမျက်နှာ (၁၇) တွင် သူ့အတွေးများ ဝါဆိုခွင့် ရသွားခဲ့ခြင်းကလည်း အမှတ်တရဖြစ်ထိုက်၏။ ရတီသည် သူ့အတွေးများ၏ ဝါဆိုကျောင်းတစ်ခု ဖြစ်လာခဲ့ပါသည်။

(၂) ရတီဟူသော ဝေါဟာရနှင့် ပတ်သက်၍ သူသိထားနှင့်သော အဓိပ္ပာယ်အမျိုးမျိုးထဲမှ မည် သည့်ဖွင့်ဆိုချက်ပါလိမ့်ဟု အယ်ဒီတာဒကာမလေး ကို မေးမိသည်။ စိန်ကို တန်ဖိုးချင့်တွက်သော စံယူနစ်အဖြစ် ဖွင့်ဆိုလိုပါသတဲ့။ ခရီးအကွာအဝေး ကို မိုင်ယူဇနာဖြင့် တွက်ရသလို စိန်တန်ဖိုးကိုလည်း ရတီဖြင့် ဖြတ်ရခြင်းမျိုးဖြစ်ပေမည်။ သို့သော် သူက ဗဟိဒ္ဓရတနာများနှင့် အလှမ်းဝေးလှသဖြင့် အတွေးအမြင်မရှင်းလှ။ စိန်ကဲထက် စိတ်အကဲ သိဖို့သာ သင်ယူခဲ့သည်မဟုတ်လား။ လောကီ ကျမ်းဂန်၊ အဘိဓာန်နှင့် ပိဋကတ်အဆူဆူမှာတော့ ရတီက မွေ့လျော်ပျော်ပိုက်ခြင်း အဓိပ္ပာယ်ရှိသည့် ရတီဟူသော စကားလုံးကို အခြေခံသည်။ ရတီ နှင့်ပတ်သက်သော ဖွင့်ဆိုချက်စာမျက်နှာများကို တမေ့တမောဖတ်ရ၏။ ဓမ္မအရေးတွင် သမထ ဝိပဿနာနှင့် ယှဉ်သောပီတိသုခ၊ ဈာန်သမာပတ် ချမ်းသာတွင် မွေ့လျော်ခြင်းနှင့် ရဟန်းတစ်ပါး၏ သာသနာတော်၌ ပျော်ပိုက်မှုစိတ်အပျော့ထည် စသောအဓိပ္ပာယ်များကို ကောက်ယူနိုင်သည်။ လောကအရေးမှာတော့ ရတီက လွတ်လပ်ကျယ် ပြောသည်။ (၁) ဒက္ခပဇာပတိနတ်မင်းကြီး၏ သမီးတော်၊ ကာမဒေဝနတ်မင်း၏ ကြင်ရာရတီ မည်သော နတ်သမီး၊ (၂) စွဲလမ်းတပ်မက်မှုအချစ်၊ (၃) ကာမဂုဏ်ခံစားခြင်း၊ (၄) အလှတရား (၅) လျှို့ဝှက်ခြင်း (၆) နှစ်သက်ရွှင်လန်းခြင်းနှင့် (၇) ရတိဌာယီဘာဝအလင်္ကာစသော အနက်များစွာကို ပေးသည်။ ထိုရတိ (ပျော်မွေ့ခြင်း) ရှိသော သူကို ရတီဟု ဆိုသည်။ သို့ဆိုလျှင် ရတီမဂ္ဂဇင်းသည် ပျော်ရွှင်မှု၊ အလှတရား၊ ချစ်ခြင်းမေတ္တာနှင့် လျှို့ဝှက်ချက်များစွာ ရှိသော ဖက်ရှင်နတ်သမီးတို့ ၏ စံပျော်ရာ ဖြစ်လိမ့်မည်။ စာဖတ်ပရိသတ်အဖြစ် အမျိုးသမီးထုကို စွဲဆောင်ထားနိုင်သည်။ ရဟန်း တစ်ပါးနှင့် ဖက်ရှင်လောကသည် အလှမ်းဝေး သယောင်ရှိသော်လည်း ဗုဒ္ဓ၏သမီးပျို ဖက်ရှင် မျိုးဆက်၏ အဖွဲ့တွင် ဆင်မြန်းရန် တရားဓမ္မ၏ အလှကို ပုံစံအသစ်ဖြင့် မိတ်ဆက်ပေးဖြစ်ခဲ့ပါ သည်။ သို့နှင့် ရဟန်းနှင့် အော်စလို၊ ရဟန်းနှင့် ပင်လယ်၊ ရဟန်းနှင့် အပြုံးတောအုပ်။ ရဟန်းနှင့် ဗယ်လင်တိုင်ဝင်း။ ယခု ရဟန်းနှင့် ရတီ။

(၃) သူကိုယ်တိုင်ရေးသော ဓမ္မအတွေး ဆောင်းပါးအချို့က ရတီ၏ ခေတ်မီမီ ကမ္ဘာကြည့် ကြည့်နိုင်သော မြန်မာ့အလှ၊ မြန်မာ့ဣန္ဒြေ စာမျက်နှာများ၊ အခြားသုတရသစာ၊ ကဗျာများ ကြားတွင် သရုပ်ဖော်ပုံလေးများနှင့် သစ်လွင် ဝေဆာနေသည်။ ကျေးလက်က မိခင်ကြီးထံ လစဉ်ပုံမှန် ပို့ပေးဖြစ်သည်။ မျက်စိမှုန်သော အမေက သားရဟန်း၏စာကို ဖက်ရှင်ရုပ်ပုံများ ကြိုက်နှစ်သက်သော မြေးမလေးများကို ဖတ်စေ သည်။ တရားစာအုပ်ကြီးသက်သက်ဆိုလျှင် သူ့တူမလေးများက ယောင်လို့တောင်မကိုင်။ ခုတော့ ဖက်ရှင်မဂ္ဂဇင်း စာမျက်နှာပေါ်က ဓမ္မ အတွေးများ။ ဖက်ရှင်ကို စိတ်မဝင်တော့သော အမေနှင့် တရားနှံ့မခံနိုင်သော မြေးမလေးများ ပေါင်းစည်းသွားသည်။ အမှန်တကယ်တော့ သူက ပေးချင်သည့် ဓမ္မမက်ဆေ့ချ်ကို ချောကလက် လုပ်ကာ ကျွေးလိုက်ခြင်း ဖြစ်သည်။ မြန်မာ့အမျိုး ကောင်းသမီးလေးတို့၏ ဗဟိဒ္ဓအသွင်အပြင်၊

လက်ခံရရှိသော
ပညာပူဇော်ကြေးကစာသင်ချိန်
ဆယ်ရက်ထက်မကပိုသော
သူ့အတွက်အငှားယာဉ်စီးခ
နှစ်ရက်စာမျှကိုပင် မကာမိ။
သို့သော်သူ့စာသင်ချိန်များကို
မျှော်နေပါသည်ဟူသော
သာဝကများ၏စကားဖြင့်ပင်
အပျော်လှိုင်းမိနေတော့သည်။



**ရှင်အာနန္ဒာက ဗုဒ္ဓခေတ်မဇ္ဈိမဒေသ ဣတ္ထိယကမ္ဘာတွင် ကျော်ကြားထင်ရှားသည်။ အမျိုးသမီးများ၏ ကိုးစားမှုကို ရရှိခဲ့သည်။ အမျိုးသားများနှင့် တန်းတူ သာသနာ့ဘောင်တွင် ရဟန်းပြုခွင့်ရရှိရန် ရှေ့တန်းမှ ဗုဒ္ဓအရှင်အား အရေးဆိုခဲ့၏။ သို့နှင့် မိထွေးတော် မဟာပဇာပတိ ဂေါတမီအစပြုသော ဘိက္ခုနီ သံဃာ့အဖွဲ့အစည်းကြီး ပေါ်လာသည်။**




ရှုတိုင်းယဉ်ကြစေသလို အဇ္ဈတ္တအလှတရား အဆင့်မြင့်မားဖို့လည်း ဓမ္မပညာရေးလိုအပ်နေတာပဲ မဟုတ်လား။

(၄) ဗုဒ္ဓအရှင်၏ တရားဘဏ္ဍာတော်ထိန်းဖြစ်သူ ရှင်အာနန္ဒာကိုယ်တော်ကြီးသည်လည်း အမျိုးသမီးတို့၏ ဓမ္မပညာရေးနှင့် လောကုတ္တရာ အခွင့်အရေးအတွက် အလေးထား ရွက်ဆောင်တော်မူခဲ့သည်။ ကောသလတိုင်း၊ သာဝတ္ထိမြို့တော်က ဘုရင့်ရွှေနန်းဆောင်ကို ကြွရောက်ကာ မိဖုရားနှင့် မောင်းမမိဿံများအတွက် ပရိက်ဗိတ် ဆရာတစ်ဆူအဖြစ် ဓမ္မပညာကို ပို့ချပေးတော်မူခဲ့ရသည်။ မိဖုရားများက တရားဓမ္မပို့ချပေးနိုင်သည့် ရဟန်းတစ်ပါးစေလွှတ်ဖို့ ဘုရားရှင်ကို လျှောက်ထားပေးရန် ကောသလဘုရင်ကြီးကို ပူဆာကြသည်တဲ့။ မည်သည့် ရဟန်းအား ပင့်လျှောက်ရမည်ကို မယ်မင်းတို့ကိုယ်တိုင် ဆုံးဖြတ်ကြပါဘိဟု ဘုရင်ကြီးက ဆိုလေသော် မိဖုရားများက ရှင်အာနန္ဒာဟု သံပြိုင် ဆိုမိကြသည်အထိ ရှင်အာနန္ဒာက ပေါ်ပြူလာဖြစ်နေသည်။ ထိုအချိန်မှစကာ အမျိုးသမီးများအတွက် ဓမ္မပညာရေးလမ်း ပွင့်သွားသည်။ ကောသမ္ဗီနန်းတွင်းမှာလည်း ဥတေနမင်း၏ မိဖုရားများ၏ ပရိက်ဗိတ်ဓမ္မကထိကအဖြစ် ပင့်ဖိတ်ခြင်း ခံတော်မူခဲ့ရသည်။ ရှင်အာနန္ဒာက ဗုဒ္ဓခေတ်မဇ္ဈိမဒေသ ဣတ္ထိယကမ္ဘာတွင် ကျော်ကြားထင်ရှားသည်။ အမျိုးသမီးများ၏ ကိုးစားမှုကို ရရှိခဲ့သည်။ အမျိုးသားများနှင့် တန်းတူ သာသနာ့ဘောင်တွင် ရဟန်းပြုခွင့်ရရှိရန် ရှေ့တန်းမှ ဗုဒ္ဓအရှင်အား အရေးဆိုခဲ့၏။ သို့နှင့် မိထွေးတော် မဟာပဇာပတိ ဂေါတမီအစပြုသော ဘိက္ခုနီသံဃာ့အဖွဲ့အစည်းကြီးပေါ်လာသည်။ ဗုဒ္ဓအရှင် ပရိနိဗ္ဗာန်စံဝင်တော်မူလုဆဲဆဲကာလမှာပင် အမျိုးသမီးများနှင့် ရဟန်းတော်များဆက်ဆံရေးအတွက် တခုတ်တရ မေးမြန်းခဲ့သည်။ အရှင်ဘုရား အမျိုးသမီးများ အပေါ် မည်သို့ပြုမူဆက်ဆံရပါမည်နည်း ဘုရား။ မတွေ့နဲ့ အာနန္ဒာ။ မဖြစ်မနေ တွေ့ရမယ်ဆိုရင် ဘုရား့။ စကားမပြောနဲ့ အာနန္ဒာ။ မဖြစ်မနေပြောရမယ်ဆိုရင် ဘုရား့။ အမိရင်း၊ အမနှမရင်းများလို အမှတ်သတိထားဆက်ဆံပါလေ အာနန္ဒာ။ အမျိုးအခွင့်အရေးကို ဆောင်ရွက်သဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံဝင်ပြီးနောက် ကျင်းပသော သံဃာ့ညီလာခံတွင် မထေရ်ကြီးအချို့၏ ကဲ့ရဲ့မှုကို ခံယူခဲ့ရသေး၏။ "ငါ့ရှင်အာနန္ဒာ သင်သည် မာတုဂါမတို့ကို မြတ်စွာဘုရား၏ ကိုယ်တော်ကို ရှေးဦးစွာ ရှိခိုးစေ၏။ ငိုသော ထိုမာတုဂါမတို့၏ မျက်ရည်သည် မြတ်စွာဘုရား၏ကိုယ်တော်ကို လိမ်းကျံ၏။ ဤသည်လည်း သင်၏ မကောင်းသော အပြုအမူတည်း။ ထိုမကောင်းသော အပြုအမူကို ဒေသနာကြားလော့"။ မြတ်စွာဘုရား၏ နောက်ဆုံးအချိန်တွင် အမျိုးသမီးထုအား ပထမဆုံး ဖူးမြင်ခွင့်ပေးခြင်းကြောင့် ပစ်တင်ကြခြင်းဖြစ်သည်။ ရှင်အာနန္ဒာက အမျိုးသမီးများအား ဦးစားပေးကျင့်သုံးမှုအတွက် အပြစ်ရှိသည်ဟု မခံယူခဲ့ပါ။ သိုးဆောင်းလူမျိုးတို့၏ အမျိုးသမီးပထမ (Lady First) ကျင့်ဝတ်ကို ရှင်အာနန္ဒာက နှစ်ဆယ့်ငါးရာစုအလွန်က ကျင့်သုံးနှင့်ပြီး ဖြစ်နေသည်။ ရှင်အာနန္ဒာက ဤသို့လျှောက်ထား၏။ 'အရှင်ဘုရားတို့ အကျွန်ုပ်သည် ဤမာတုဂါမတို့အား အချိန်မဲ့၌ သွားခြင်းသည် မဖြစ်ပါစေကုန်လင့်ဟု အောက်မေ့လျက် မာတုဂါမတို့အား မြတ်စွာဘုရား၏ ကိုယ်တော်ကို ရှေးဦးစွာ ရှိခိုးစေပါ၏။ အကျွန်ုပ်သည် ထိုအမှုကို မကောင်းသောအပြုအမူဟု မမြင်ပါ။ သို့သော်လည်း အရှင်တို့အား ယုံကြည်သဖြင့် ထိုမကောင်းသော အပြုအမူဟူသည်ကို ဒေသနာကြားပါ၏" တဲ့။ တပည့်တော်ကတော့ အမျိုးသမီးတွေ အချိန်အခါလင့်သွားတာမျိုး ဖြစ်မှာစိုးလို့ ပထမဆုံးခွင့်ပေးလိုက်တာပါ။ မကောင်းတဲ့ အပြုအမူလို့တော့ မမြင်ပါဘူး၊ ဒါပေမဲ့ အရှင်ဘုရားတို့ကို လေးစားလို့ မကောင်းတဲ့ အပြုအမူဆိုတာကြီးကို ဒေသနာကြားပါတယ်တဲ့။ သာသနာတော်တွင်းသို့ အမျိုးသမီးများ ရဟန်းပြုခွင့်ရခြင်းအတွက်လည်း ရှင်အာနန္ဒာက မထေရ်ကြီးတို့၏ ပြစ်တင်မှုကို ကြုံကြုံခံတော်မူခဲ့သည်။ မိန်းမမြတ်တို့၏ သံသရာအခွင့်အလမ်းနှင့် လောကုတ္တရာဆု ဆွတ်ခူးနိုင်ခွင့် ဆောင်ရွက်ခဲ့မှုအတွက် နောင်တတဖန် စိတ်ပူပန်မှုဖြစ်တော်မမူခဲ့။ "ငါ့ရှင်အာနန္ဒာ သင်သည် မြတ်စွာဘုရားဟောတော်မူသော သာသနာတော်ဓမ္မဝိနယ၌ မာတုဂါမ၏ ရှင်ရဟန်းအဖြစ်ကို လုံ့လပြု၏။ ဤသည်လည်း သင်၏ မကောင်းသော အပြုအမူတည်း။ ထိုမကောင်းသော အပြုအမူကို ဒေသနာကြားလော့။" "အရှင်ဘုရားတို့ ဤမဟာပဇာပတိ ဂေါတမီသည် မြတ်စွာဘုရား၏ မိထွေးတော်တည်း။ ကြီးပွားအောင် ပြုစုသူတည်း၊ မွေးမြူသူတည်း၊ နို့ရည်ပေးသောသူတည်း၊ မယ်တော်နတ်ရွာစံပြီးသော် မြတ်စွာဘုရားကို နို့တိုက်ခဲ့၏ဟု အောက်မေ့လျက်အကျွန်ုပ်သည် မြတ်စွာဘုရားဟောတော်မူသော သာသနာတော် ဓမ္မဝိနယ၌ မာတုဂါမ၏ ရှင်ရဟန်းအဖြစ်ကို လုံ့လပြုမိပါ၏။ အကျွန်ုပ်သည် ထိုအမှုကို မကောင်းသောအပြုအမူဟု မမြင်ပါ။ သို့သော်လည်း အရှင်တို့အား ယုံကြည်သဖြင့် ထိုမကောင်းသော အပြုအမူဟူသည်ကို ဒေသနာကြားပါ၏" သို့ဆိုလျှင် သာမန်ရဟန်းတစ်ပါးမျှသာ ဖြစ်သောသူသည်လည်း ရတီမဂ္ဂဇင်း၏ ပြတင်းတံခါးကို ဖွင့်ကာ ရှင်အာနန္ဒာလျှောက်ခဲ့သော မုဒိတာလမ်း ဖုံဖုံတွင် မှန်နေအောင် လျှောက်နေပါဦးမည် . . ။

**ဓမ္မဂင်္ဂါ**


special
cover
image
MODEL . yoon yati myat
MAKE UP . nyi nyi maung (sanchaung)
DESIGNER . ma sue (beik thano gallery)
JEWELLERY . myo nyunt yadanar (bogyoke market)
PHOTO . aye zaw moe (seithmu)
arranged BY phyoe su po po & ei ei htwe



# special cover image


special
cover
image




MODEL . eaindra thiri ko
MAKE UP . nyi nyi maung (sanchaung)
DESIGNER . ma sue (beik thano gallery)
JEWELLERY . myo nyunt yadanar (bogyoke market)
PHOTO . aye zaw moe (setthmu)
arranged BY phyoe su po po & el el htwe


special
cover
image


special
cover
image


special
cover
image
MODEL . nan htet aung
MAKE UP . nyi nyi maung (sanchaung)
DESIGNER . ma sue (beik thano gallery)
JEWELLERY . myo nyunt yadanar (bogyoke market)
PHOTO . aye zaw moe (setthmu)
arranged BY phyoe su po po & ei ei htwe


special
cover
image


special
cover
image



special
# cover
image

MODEL . chaw su lin phyu thant
MAKE UP . nyi nyi maung (sanchaung)
DESIGNER . ma sue (belk thano gallery)
JEWELLERY . myo nyunt yadanar (bogyoke market)
PHOTO . aye zaw moe (setthmu)

arranged BY phyoe su po po & ei ei htwe


special
cover
image


special
cover
image



special cover image

MODEL . myat kyawt khine
MAKE UP . nyi nyi maung (sanchaung)
DESIGNER . ma sue (beik thano gallery)
JEWELLERY . myo nyunt yadanar (bogyoke market)
PHOTO . aye zaw moe (setthmu)
arranged BY phyoe su po po & ei ei htwe




special cover image


special
cover
image


special
cover
image



special
cover
image


special
cover
image



# updating fashion

model . M SENG LU / MAK UP . May Oo
Designer . SANDAR BY SANDAR AUNG
PHOTO . Aung Zaw (Love Space)
Arranged By THI DA SOE




updating
fashion


updating
fashion


updating
fashion


updating
fashion



updating
fashion

# နေကာမျက်မှန်များ၏ သမိုင်းအကျဉ်း



နေကာမျက်မှန်များကို အမေရိကန်၌ ၁၉၀၀ ပြည့်နှစ် အစောပိုင်းကာလတွင် စတင်မိတ်ဆက်ခဲ့သည်။ နွေရာသီတွင် နေ့လယ်အချိန် အပြင်ထွက်သည့်အခါနှင့် ကမ်းခြေဒေသသွားသည့်အခါ နေရောင်ဒဏ်ကို ခံနိုင်ရည်ရှိရန် ရည်ရွယ်ခဲ့သည်။ အရောင်ဖျော့သော (သို့) အရိပ်ထည့်ထားသော မှန်များဖြင့် ပြုလုပ်ထားသည်။ ၁၉၂၀ ပြည့်နှစ်နှောင်းပိုင်းကာလများတွင် Sam Foster က နေကာမျက်မှန်များအား စီးပွားရေးအရ ကျယ်ပြန့်စွာ ထုတ်လုပ်ခဲ့ပြီး Altantic မြို့၌ စတင်ရောင်းချခဲ့သည်။ ထို့နောက်တွင် နေကာမျက်မှန်များသည် မြန်ဆန်စွာ ထင်ပေါ်ကျော်ကြားလာခဲ့ပြီး သူဌေးများနှင့် နာမည်ကျော်များကြား၌ ရေပန်းစားသည့် အသုံးအဆောင်တစ်ခု ဖြစ်လာခဲ့သည်။ ရုပ်ရှင်သရုပ်ဆောင်များသည် ရုပ်ရှင်ရိုက်နေစဉ် အနီးရှိအလင်းများမှ မျက်လုံးအား ကာကွယ်ရန်နှင့် ပြင်ပထွက်သည့်အခါ လူထုပရိသတ်ကြား မမှန်းဆနိုင်ရန် နေကာမျက်မှန်များအား အသုံးပြုခဲ့ကြသည်။ ယခုချိန်တွင် သရုပ်ဆောင်များအပြင် လူထုများကြားတွင်ပါ လူကြိုက်များသည့် ဖက်ရှင်ပစ္စည်းအနေဖြင့် အသုံးများလာကြသည်။

၁၉၃၇ တွင် အမေရိကန် လေတပ် လေယာဉ်မှူးများအတွက် နေရောင်တောက်ပမှုမှ မျက်စိကာကွယ်ရန် Ray Ban ကုမ္ပဏီက Aviator Style နေကာမျက်မှန်များကို စတင်တီထွင်ထုတ်လုပ်ခဲ့သည်။ ထို Aviator Style မျက်မှန်များသည် အန္တရာယ်များသည့် ခရမ်းလွန်ရောင်ခြည်မှ ကာကွယ်ပေးရန်အတွက် ဒုတိယကမ္ဘာစစ်အတွင်းနှင့် စစ်ပြီးအချိန်များတွင် ဖက်ရှင် တစ်ခုအနေဖြင့် ခေတ်စားခဲ့သည်။

ထို့နောက်တွင် Ray Ban မှ နည်းပညာအပြောင်းအလဲလုပ်ပြီး ထူးခြားသည့် ပလတ်စတစ်များဖြင့် ပြုလုပ်ထားသည့် Wayfarer မျက်မှန်များကို ထုတ်လုပ်ခဲ့သည်။ Wayfarer



မျက်မှန်များသည် ယနေ့အချိန်ထိ ကမ္ဘာတစ်လွှားတွင် နာမည်ကျော်ကြားလျက် ရှိနေသည်။

### ခေတ်ပေါ်နေကာမျက်မှန်

ခေတ်ပေါ်နေကာမျက်မှန် တီထွင်ပြီးချိန်မှစ၍ ဟောလိဝုဒ်မင်းသား၊ မင်းသမီးများသည် မျက်မှန်ကို ရှေ့တန်းတင်တပ်ရန် ပြိုင်ဆိုင်အလှပြင်လာခဲ့ကြသည်။ နေကာမျက်မှန်များသည် တစ်နှစ်ထက်တစ်နှစ် မတူသည့်ဒီဇိုင်းများနှင့် ပြောင်းလဲလာကြသော်လည်း Aviator နှင့် Wayfarer မျက်မှန်များသာ အသုံးများကြသည်။ ယနေ့ခေတ်တွင် ဒီဇိုင်းအရည်အသွေးမြင့်ပြီး သေသပ်၍ ဆွဲဆောင်မှုကောင်းသည့် မျက်မှန်၊ ကြည်လင်လှပသည့် မျက်မှန်များကို မိမိလိုချင်သည့် ပုံစံအတိုင်း ရွေးချယ်အသုံးပြုလာကြသည်။

### နေကာမျက်မှန်၏ အကျိုးထူးများ

၁။ နေလောင်မှုကိုကာကွယ်ပေးသည်။ မျက်စိကို နေလောင်ခြင်းကြောင့်ဖြစ်ပွားသည့် မျက်စိနီရဲခြင်း၊ မျက်ရည်ပူကျခြင်းနှင့် သဲမှုန်များ မျက်စိထဲဝင်သကဲ့သို့ ခိုးလိုးခုလုဖြစ်ခြင်းကို ကာကွယ်ပေးနိုင်သည်။


၂။ မျက်စိသက်တမ်းတာရှည်စေရန် ထိမ်းသိမ်းပေးခြင်း။ ခရမ်းလွန်ရောင်ခြည်လွန်ကဲမှုကြောင့် ဖြစ်ပွားတတ်သည့် မျက်စိအတွင်းတိမ်နှင့် ရေတိမ်များကို ကာကွယ်ပေးသည်။ အလင်းရောင်ကို ၇၅ ရာခိုင်နှုန်းမှ ၉၀ ရာခိုင်နှုန်းအထိ သန့်စင်ပေးသည့် နေကာမျက်မှန်များနှင့် ခရမ်းလွန်ရောင်ခြည်ကို ၉၅ ရာခိုင်နှုန်းအထိ ကာကွယ်ပေးသည့် နေကာမျက်မှန်များကို ရွေးချယ်သင့်သည်။

၃။ မျက်လုံးဝန်းကျင်တွင် အရေးအကြောင်းများ ပေါ်လာခြင်းကိုကာကွယ်ပေးသည်။ နေကာမျက်မှန်များသည် မျက်လုံးကိုမှေး၍ ကြည့်ရခြင်း မဖြစ်စေရန် ဖန်တီးထားသည်။ မျက်လုံးကိုမှေး၍ ကြည့်ခြင်းကြောင့်မျက်လုံးဝန်းကျင်တွင် အရေးအကြောင်းများပေါ်လာရန် အခွင့်အလမ်းပိုများပါသည်။

၄။ အရေပြားကင်ဆာရောဂါမှကာကွယ်ပေးသည်။ နေကာမျက်မှန်တို့သည် မလိုလားအပ်သော အလင်းရောင်စဉ်များကို ကာကွယ်ပေးသဖြင့် မျက်ခွံတွင်အရေပြားကင်ဆာဖြစ်ပွားခြင်းကိုပါ ကာကွယ်ပေးနိုင်ခြင်းဖြစ်သည်။ နေရောင်သည် နံနက်စောစောပိုင်းနှင့် မွန်းလွဲချိန်နှောင်းပိုင်း (တက်နေနှင့် ကျနေ) အချိန်တို့တွင် အင်အားအပြင်းဆုံးဖြစ်သည်ကို မမေ့ပါနှင့်။

### အမေရိကန်ဗီးရှင်း

အမေရိကန်ဗီးရှင်းကို ၁၉၉၄ ခုနှစ်တွင် သိမ်ကြီးဈေး၌ အသေးစား မျက်မှန်ဆိုင်လေး တစ်ဆိုင်အဖြစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး နောက်နှစ်တွင် အမေရိကန်ဗွီးရှင်းအနေနှင့် မျက်စိဆေးရုံ အပါအဝင် မျက်မှန်၊ မျက်ကပ်မှန်၊ အရောင်းခန်းမကြီးအဖြစ်သို့ ထပ်မံတိုးချဲ့ဖွင့်လှစ် ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ထိုသို့ တိုးချဲ့ဖွင့်လှစ်ရာတွင် Patient Resting Rooms (၄၀)နှင့်အတူ Major Operation Theatres (၂) ခန်း၊ Minor Eye




Surgery Theatres (၄) ခန်းစသည်တို့ဖြင့် ဝန်ဆောင်မှုအမျိုးမျိုးတို့ကို စတင်ပေးခဲ့ပါသည်။ ဤသို့ဖြင့် အမေရိကန်ဗွီရှင်းသည် မျက်စိကုသမှု Centre နှင့် မျက်စိဆေးရုံအဖြစ် နာမည်တစ်ခု ရရှိလာပြီး လူသိများလာခဲ့ပါသည်။ အမေရိကန်ဗွီရှင်းအနေနှင့် မြန်မာနိုင်ငံအနှံ့အပြားရှိ ပြည်သူလူထုများစွာကို မျက်စိနှင့်ပတ်သက်ပြီး ဝန်ဆောင်မှုများ ပေးနိုင်ရန်အတွက် ဌာနခွဲများစွာကို ဖွင့်လှစ်ခဲ့ပါသည်။ အမေရိကန်ဗွီရှင်းသည် ယခုအခါတွင် ရန်ကုန်မြို့၌ မျက်စိအထူးကုဆေးရုံ (၂) ခု၊ မျက်မှန်ဆိုင် (၈) ခု၊ မန္တလေးမြို့တွင် မျက်စိအထူးကုဆေးရုံ (၁) ခု၊ မျက်မှန်ဆိုင် (၃) ခုနှင့် နေပြည်တော်တွင် မျက်စိဆေးရုံ (၁)ခု နှင့် မျက်မှန်ဆိုင် (၁) ခုတို့အား ထပ်မံတိုးချဲ့ ဖွင့်လှစ်ထားရှိပါသည်။ အမေရိကန်ဗွီရှင်းသည် Customer များကို အတွေ့အကြုံရင့်ကျက်မှုများနှင့် အကောင်းဆုံးဝန်ဆောင်မှုများပေးခြင်းကြောင့် Customer များ၏ အမေရိကန်ဗွီရှင်း

## SUMMER IRIS

## TOM FORD

နာမည်ကျော်လူသိများတဲ့ Gucci Brand ကို ကျော်ကြားအောင် လုပ်ဆောင်ပေးခဲ့သော designer Tom Ford ရဲ့ ကိုယ်ပိုင် Brand တစ်ခုဖြစ်ပါသည်။ နာမည်ကြီး celebrity များနှင့် လူထုထံ အသိုင်းအဝန်းများ စွဲမက်စွာ ကြိုက်နှစ်သက်ကြသည့်အတွက် ၂၁ ရာစုရဲ့ လူကြိုက်အများဆုံး တန်ဖိုးကြီးထားရသည့် eyewear brand အဖြစ် Tom Ford က နေရာယူထားပါသည်။

Moeset Wine wears TF 322.

**AMERICAN VISION**
PROFESSIONAL EYE CARE CENTER
• • • 20 YEARS OF EXCELLENCE • • •





Moeset Wine wears GG 4241. Sai Si Tom Kham wears GG 2215. Awn Seng wears GG 4246.

အပေါ် ယုံကြည်စိတ်ချစွာဖြင့် အစဉ်တစ်စိုက် အားပေးမှုကို အခိုင်အမာရရှိခဲ့ ပါသည်။ အမေရိကန်ဗွီရှင်းမျက်စိ Centre သည် ကမ္ဘာပေါ်ရှိ မည်သည့် မျက်စိ Centre နှင့်မဆို ရင်ပေါင်တန်းနိုင်သည့် မျက်စိ Centre ကြီးတစ်ခုဖြစ်ပါသည်။ အမေရိ ကန်ဗွီရှင်းမျက်မှန်ဆိုင်များ အားလုံးတွင် နောက်ဆုံးပေါ် ကမ္ဘာကျော် Branded မျက်မှန် အမျိုးအစားပေါင်း (၃၀)ကျော် တို့ကို တရားဝင် ဖြန့်ချိခွင့် ကိုယ်စားလှယ်ရယူကာ အမေရိကန်ဗွီရှင်း၏ Customer များအတွက် Up to Date နောက်ဆုံးပေါ် Design မျိုးစုံကို စိတ်တိုင်းကျ ရွေးချယ် ဝယ်ယူရရှိနိုင်ရန် ရောင်းချပေးနေသောကြောင့် ဒေသခံများသာမက နိုင်ငံခြားသားများ စွာကပါ ယုံကြည်စိတ်ချစွာ ဝယ်ယူအားပေးလျက် ရှိပါသည်။ အမေရိကန်ဗွီးရှင်း၏ မျက်စိဆေးရုံများတွင် Carl Zeiss Germany, Riechert, USA and Welch Allyn USA စသော Branded မျက်စိစမ်းသပ်ကုသသည့် စက်ကြီးများကိုသာ ထားရှိ အသုံးပြုပေးသည့်အပြင် နောက်ဆုံးပေါ် ကမ္ဘာ့ခေတ်မီစက်ပစ္စည်းကိရိယာများကို တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် တရားဝင်တိုက်ရိုက်







ဖြန့်ချိခွင့်ရရှိထားပါသည်။ ယနေ့ခေတ်တွင် အမေရိကန်ဗွီးရှင်းအနေဖြင့် မြန်မာနိုင်ငံတွင် အကြီးဆုံးလူသိအများဆုံး မျက်မှန်ဆိုင်အဖြစ် ရပ်တည်နေပြီး မြန်မာနိုင်ငံ၏ မျက်မှန်ဈေးကွက်တွင် ဈေးကွက် ရှယ်ယာ ၈၀ ရာခိုင်နှုန်းခန့် လက်ဝယ်ပိုင်ဆိုင်ထားပါသည်။ မျက်စိနှင့်မျက်မှန်ကိစ္စအားလုံး တစ်နေရာတည်းနှင့် ပြည့်စုံအောင် ရရှိသည့် မြန်မာနိုင်ငံ၏ နာမည်ရ ကုမ္ပဏီတစ်ခု ဖြစ်သော အမေရိကန်ဗွီးရှင်းရဲ့ ရည်ရွယ်ချက်မှာ Customer များအနေဖြင့် အမေရိကန်ဗွီးရှင်း၏ ဝန်ဆောင်မှုများအပေါ် ကျေနပ်နှစ်သက်မှု ရရှိစေရန်ဆောင်ရွက်ရေးသားဖြစ်ပါသည်။

JUSTCavalli

Fashion ကျသော လူငယ်များအတွက် နာမည်ကြီး designer Roberto Cavalli မှ ရည်ရွယ်ပြီး ထုတ်လုပ်ထားခြင်းဖြစ်သည်။ ခေတ်ဆန်ပြီး မြူးကြွသော design များကြောင့် လူငယ်များ လွန်စွာနှစ်ခြိုက်ကြသည်။ Just Cavalli မျက်မှန် design များမှာ ပြင်းဖို့ကောင်းသွားသည်မရှိဘဲ ထိုမျက်မှန်ဝတ်ဆင်သူများမှာလည်း fashion ရှေ့ဆောင်သူများ ဖြစ်ကြသည်။


Kit Kit wears JC 565.

AMERICAN VISION
PROFESSIONAL EYE CARE CENTER
• • • 20 YEARS OF EXCELLENCE • • •



GUCCI
နာမည်ကြီး အီတလီ brand ဖြစ်ပြီး
Gucci မျက်မှန်များသည်
အီတလီရဲ့
အဆင့်မြင့် fashion ကို
ကိုယ်စားပြုသော design များဖြစ်ပါသည်။
Gucci Brand တပ်ဆင်ထားလျှင်
မှတ်မိရလွယ်သည့်အပြင်
မည်သည့် အဝတ်အစားမျိုးနှင့်မဆို
လိုက်ဖက်မှုရှိပြီး
ပိုမိုလှပစေတာကြောင့်
လူကြိုက်များပါသည်။
Sai Sai wears GG 1028. Kit Kit wears GG 4202.
AMERICAN VISION
PROFESSIONAL EYE CARE CENTER
20 YEARS OF EXCELLENCE



SAINT LAURENT
PARIS
YSL ဟုလည်းသိကြပြီး နာမည်ကြီး ပြင်သစ် Fashion House ဖြစ်သည်။
YSL မျက်မှန်များမှာ retro ပုံစံများကို အတွေးသစ်၊ အမြင်သစ်ဖြင့်
တီထွင်ထား၍ ရိုးရှင်းသော်လည်း အမြင်ဆန်းသည်။
YSL Brand ၏ အမွေအနှစ်ဖြစ်သော သပ်ရပ်မှုနှင့် ထင်ပေါ်မှုများအား
မျက်မှန်များတွင် အပီအပြင်ဖော်ကျူးထားသည်။ ထို့ကြောင့်
ခေတ်ရှေ့ပြေးသော လူငယ်များအပြင် လူကြီးများကပါ အထူးခုံမင်ကြပါသည်။
Awn Seng and Moeset Wine wear Saint Laurent Bold 1.
AMERICAN VISION
PROFESSIONAL EYE CARE CENTER
20 YEARS OF EXCELLENCE


D&G
DOLCE & GABBANA
D&G ဟုလည်း လူသိများသော Brand တစ်ခုဖြစ်ပြီး
Design များသည် လှပပြီး quality ကောင်းသောဂုဏ်ဖြပ်များကြောင့်
နာမည်ကျော်ကြားသော Brand တစ်ခုဖြစ်ပါသည်။
D&G ၏ Design များသည် အမြင်အာရုံဆန်းစွာ စိတ်ကူးယဉ်ဆန်ပြီး
တပ်ဆင်သူများအတွက် ဖက်ရှင်ရသကောင်းကို ပေးစွမ်းနိုင်သောကြောင့်
ဖက်ရှင်အဆန်းလေးတွေ ကြိုက်သူများရဲ့ အသည်းစွဲ Brand တစ်ခုဖြစ်ပါသည်။
Awn Seng wears DG 2134.
AMERICAN VISION
PROFESSIONAL EYE CARE CENTER
20 YEARS OF EXCELLENCE






Awn Seng wears TF 9326. Sai Si Tom Kham wears TF 0300/S. Moeset Wine wears TF 332.


TOM FORD
AMERICAN VISION
PROFESSIONAL EYE CARE CENTER
• • • 20 YEARS OF EXCELLENCE • • •
HOT LINE : (01) 242476, 241897, 241898



HILFIGER
TOMMY HILFIGER
လူငယ်များ အလွန်နှစ်သက်သော
အဝတ်အစားများကြောင့် အမည်ရသော US မှ
Tommy Hilfiger Brand ဖြစ်ပါသည်။
မျက်မှန်များကိုလည်း ခေတ်စားသော Design များနှင့်
သပ်ရပ်လှပ်ကူပြီး လူငယ်ဆန်အောင် ပြုလုပ်ထားသောကြောင့်
လူငယ်များအထူးနှစ်သက်သော Brand ဖြစ်ပါသည်။
Sai Si Tom Kham wears Tom 1136.
AMERICAN VISION
PROFESSIONAL EYE CARE CENTER
• • • 20 YEARS OF EXCELLENCE • • •



# Mod Mom

Model . Thwin Su Htwe , Zwe Thu Ta , Nu Thapya

ဒီလ Mod Mom ကိုတော့ Fashion Designer သွင်စုထွေးနဲ့ သူမရဲ့ ချစ်စဖွယ် သားသားလေး၊ မီးမီးလေးတို့ရဲ့ ပုံရိပ်တွေနဲ့ တင်ဆက်ပေးလိုက်ပါတယ်...

PHOTO . KO NAING (POPULAR)


Arranged BY Phyoe Su Po Po



# Mod Mom




# Mod Mom


Mod Mom

# Diamond Land
## စိန်အရောင်းပြခန်းရဲ့ပွဲကိုင်ရှင်
# ဒေါက်တာဝေဝေ



မြန်မာ့ယဉ်ကျေးမှုရဲ့ သား၊ သမီးဝတ် ငါးပါးထဲမှာ 'စောင့်လေမျိုးနွယ်' ဆိုတဲ့ ဝတ္တရားပါဝင် ပါတယ်။ ကိုယ့်ရဲ့မိဘမျိုးရိုးဂုဏ်သိက္ခာ၊ မျိုးနွယ်တွေအပြင် ကိုယ့်မိဘရဲ့ လုပ်ငန်းအမွေအနှစ်တွေပါ စောင့်ထိန်းနေသူတစ်ယောက်ကို ပြပါဆိုရင်တော့ ရန်ကုန်မြို့ဗိုလ်ချုပ်ဈေးအတွင်းမှာရှိတဲ့ 'Diamond Land' စိန်အရောင်းပြခန်းပိုင်ရှင် ဒေါက်တာဝေဝေပါပဲ။ ဆေးပညာဆိုင်ရာဘွဲ့တစ်ခု ကို ရရှိထားပြီးပေမဲ့ မိဘရဲ့အလုပ်အကိုင်ကို ကျေနပ်စွာနဲ့ ဆက်လက်လုပ်ကိုင်နေတဲ့ သူမက အခုလက်ရှိမှာလည်း သူမရဲ့လုပ်ငန်းကို ကိုယ့်မျိုးဆက်တွေ ဆက်လက်လုပ်ကိုင်စေဖို့ သားတွေကို ဂရုတစိုက်နဲ့ ပျိုးထောင်နေပါတယ်။ သူမနဲ့ တွေ့ရခိုက်မှာ ရတီပရိသတ်အတွက် ဆွေးနွေးခဲ့ရင်း . . .




**အရင်ဆုံး ဒေါက်တာဝေဝေအေးနေနဲ့ ဒီ Diamond Land ကို စဖွင့်ဖြစ်ခဲ့တဲ့ အကြောင်းလေးကို ပြောပြပေးပါလား၊**

ဒီ **Diamond Land** ဆိုင်ဖွင့်တဲ့အကြောင်းပြောရ ရင်တော့ အစ်မတို့က မိဘမျိုးရိုးအလုပ်ကို အမွေဆက်ခံပြီး ဖွင့်ဖြစ်ခဲ့တာပါပဲ။

**မိဘမျိုးရိုးအလုပ်ဆိုတော့ အစ်မမိဘတွေကလည်း စိန်ဆိုင်ပဲ လုပ်ခဲ့ကြတာပါလား။**

ဟုတ်ပါတယ်။ အစ်မတို့က မျိုးရိုးစဉ်ဆက် စိန်လုပ်ငန်း လုပ်ကြတာပါ။ အစ်မအဖေက ဦးဘိုကျော်ပါ။ အမေကတော့ သီရိသုဓမ္မသိင်္ဂီ ဒေါ်တင်မြင့်ပါ။ အစ်မအဖေက သူ ၁၃ နှစ်သားမှာ အမေ ဆုံးသွားတယ်။ အစ်မတို့အဘွားပေ့ါ။ ဒီတော့ အဖေက သူ့အဒေါ်အရင်းရဲ့ အုပ်ထိန်းမှုအောက်မှာ နေရင်း အဒေါ်ရဲ့ခင်ပွန်း အစ်မတို့ရဲ့ အဘိုးဆီမှာ စိန်ပညာနဲ့ ပန်းထိမ်ပညာကို သင်ခဲ့ရတယ်။ အဖေ့ရဲ့ ဦးလေးက စိန်ပညာကို အရမ်းကျွမ်းကျင်တယ်။ ဒီတော့ အစ်မတို့အဖေကလည်း စိန်ကြည့်တဲ့ပညာရော၊ ပန်းထိမ်ပညာပါ အရမ်းကို ကျွမ်းကျွမ်းကျင်ကျင် ဖြစ်ခဲ့တယ်။ အဖေ့အစ်ကို ကြီးကျတော့လည်း စိန်အရွယ်စုံ လာသမျှ ဝယ်နိုင်တဲ့ စိန်သူဌေးကြီးတစ်ဦးပါပဲ။ အစ်မအဖေက သူ ကျွမ်းကျင်တဲ့ ပတ္တမြား၊ နီလာ၊ မြတို့ကို စိန်နဲ့ခြံရံပြီး အထည်လုပ်တယ်။ ပြီးတော့ ဆိုင်မှာ တင်ရောင်းခဲ့တယ်။ အစ်မအမေက အစ်မ ၆ လသမီးအရွယ်မှာကတည်းက မန္တလေးမြို့ ဈေးချိုတော်မြောက်မလွယ်မှာ စိန်ရွှေရတနာဆိုင် စထွက်ခဲ့တယ်။ အစ်မရဲ့ မေမေကလည်း စိန်ပညာကို အရမ်းကို လေ့လာခဲ့တဲ့သူတစ်ယောက်ပါပဲ။ နောက်တော့ မေမေက မန္တလေးတင်မဟုတ်ဘဲ ရန်ကုန်အထိ တိုးချဲ့လုပ်ခဲ့တာပါ။



**ဒါဆိုရင် အစ်မတို့ရဲ့ လုပ်ငန်းကို မန္တလေးမှာ စခဲ့တာပေ့ါနော်။ အခုရော မန္တလေးမှာ ဆက်လုပ်နေတာ ရှိပါသေးလား။**

အစ်မတို့ရဲ့ မိသားစုဝင်အားလုံးက မန္တလေးဇာတိတွေပါပဲ။ မန္တလေးမှာလည်း အခုထိ လုပ်ကြပါတယ်။ အစ်မတို့မှာက မောင်နှမ ၇ ယောက်ရှိတယ်။ အစ်မက လေးယောက်မြောက်သမီးပါ။ အစ်မအမေ ရန်ကုန်အထိ လုပ်ငန်းတိုးချဲ့နေတုန်းက အစ်မက မန္တလေးဆေးတက္ကသိုလ် တက်နေတုန်းပဲ။ ဒီတုန်းက အစ်မအမေနဲ့အတူ အစ်မရဲ့ အစ်မဒေါ်မာမာက ကူညီလုပ်ပေးခဲ့တာ။ နောက်ထပ် အစ်မ ဒေါ်နီနီကလည်း ဒီတုန်းက လယ်၊ စိုက်၊ ရှင်းမှာ ဒုမန်နေဂျာအဖြစ် လုပ်နေတုန်းပဲ။ အစ်မ ဒေါ်မာမာက အမှတ် ၅၀၊ အရှေ့ဘက်ဆိုင်ခန်းကြီး၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်ဆိုင်လုပ်တယ်။ အစ်မအမေနဲ့ နောက်ထပ် အစ်မတို့ရဲ့ ညီမအငယ်ဆုံးလေး မမိုးမိုးက မန္တလေးမှာ အမေနဲ့အတူ စိန်ပညာလေ့လာရင်း ကူညီပေးတယ်။ အစ်မရဲ့ အစ်ကိုတွေ မောင်တွေလည်း ဖေဖေနဲ့တွဲပြီး ပတ္တမြား၊ နီလာ၊ စိန်လုပ်ငန်းပညာကို သင်ခဲ့ကြရတယ်။ အစ်မတို့ ဖေဖေက ၁၉၇၇ မှာ ဆုံးပါးသွားတော့ အစ်မတို့ ရဲ့မိခင်ကြီး အုပ်ထိန်းမှုအောက်မှာပဲ မောင်နှမတွေ စည်းစည်းလုံးလုံးနဲ့

နေခဲ့ကြတယ်။ ၁၉၈၁ မှာ အစ်မလည်း ဆရာဝန်ဘွဲ့ရပြီး အစ်မရဲ့ အစ်မဒေါ်နီနီကလည်း အလုပ်ကနေ ထွက်လိုက်တယ်။ ပြီးတော့ အမေ့ရဲ့ မန္တလေးက စိန်ဆိုင်ကို အတူလုပ်ခဲ့ကြတယ်။ ရန်ကုန်ဆိုင်မှာ မမာမာရယ်၊ ညီမ မိုးမိုးရယ် မောင်ကိုကိုထွေးတို့က အခြေချလုပ်ကိုင်ကြတယ်။ ၁၉၈၅ ကျတော့ အစ်မက မိုးမိုးနဲ့လူလဲပြီး မမာမာနဲ့ တွဲလုပ်ခဲ့ကြတယ်။

**အစ်မရဲ့ တခြားမောင်နှမတွေကရော ဒီလို အလုပ်တွေကိုပဲ လုပ်နေကြတာပါလား။**

စောစောကပြောသလို အစ်မရဲ့အစ်မကြီးနဲ့ ညီမလေးက မန္တလေးမှာ စိန်ဆိုင်တွေ ဖွင့်ထားတယ်။ နောက်ပြီး ရန်ကုန်မှာဆိုရင် **'Jewel Rock'** စိန်ရောင်းဝယ်ရေးက အစ်မရဲ့အစ်မ ဒေါ်မာမာက ဖွင့်တာ။ **'Diamond Land'** က အစ်မနဲ့ နောက်ပြီး **'Win & San'** စိန်တိုက်နဲ့

အစ်မအဖေကသူကျွမ်းကျင်
တဲ့ပတ္တမြား၊ နီလာ၊ မြတို့ကို
စိန်နဲ့ခြံရံပြီးအထည်လုပ်တယ်။
ပြီးတော့ဆိုင်မှာတင်ရောင်း
ခဲ့တယ်။ အစ်မအမေက
အစ်မ၆လသမီးအရွယ်မှာ
ကတည်းကမန္တလေးမြို့
ဈေးချိုတော်မြောက်မလွယ်မှာ
စိန်ရွှေရတနာဆိုင်စထွက်ခဲ့တယ်။








ပန်းထိမ်လုပ်ငန်းက အစ်မရဲ့မောင် ဦးဝင်းနိုင်တို့ လုပ်ကြတာ။ မောင်နှမတွေအားလုံး ဒီလို မိဘမျိုးရိုးအလုပ်တွေပဲ လုပ်ကြပါတယ်။ အခု မန္တလေးက **'စိန်စပ္ပာယ်ဖူး'** စိန်တိုက်က အစ်မအကြီးဆုံး ဒေါ်နီနီ လုပ်တာ။ **'စိန်ကမ္ဘာစိန်ရောင်းဝယ်ရေး'** က ညီမ ဒေါ်မိုးမိုး လုပ်နေတာပါ။

**အစ်မက တခြားမောင်နှမတွေလို မဟုတ်ဘူးနော်၊ ဆရာဝန်တစ်ယောက် ဖြစ်လာခဲ့ပြီးမှပဲ ဘာကြောင့်စီးပွားရေးကို လုပ်ဖြစ်ခဲ့တာပါလဲ။**

အစ်မက ဆေးပညာရပ်ကို မိသားစုအသိုင်းအဝိုင်းနဲ့ ပတ်ဝန်းကျင်ကို ကိုယ့်ရဲ့ပညာနဲ့အသက်ကယ်တင်ပေးချင်လို့ တက်ခဲ့တာပါ။ ဒီအလုပ်



ကိုတော့ မိသားစုမျိုးရိုးလုပ်ငန်းဆိုတော့ ဝါသနာပါလို့ လုပ်ခဲ့တာပါ။ အစ်မ ဆရာဝန်ဖြစ်ပြီး မနက် ၇ နာရီကနေ ၁၀ နာရီအထိ မန္တလေး အိမ်မှာ ဆေးခန်းဖွင့်တယ်။ ညနေ ၅ နာရီကနေ ည ၈ နာရီအထိ မြို့နယ်သမဆေးခန်းမှာ ထိုင်တယ်။ မနက် ၁၀ နာရီကနေ ညနေ ၄ နာရီအထိက အမေနဲ့ အစ်မတို့နဲ့အတူ ဈေးချိုတော်မြောက်မလွယ်မှာလိုက်ပြီး စိန်ပညာကိုသင်ခဲ့တယ်။ ၁၉၉၀ မှာ အစ်မက အစ်မအမျိုးသား ဒေါက်တာ ခင်မောင်ဝင်းနဲ့ အိမ်ထောင်ကျပြီး အမှတ် ၅၀၊ အရှေ့ဘက်ဆိုင်ခန်းကြီး၊ ဗိုလ်ချုပ်ဈေး၊ ရန်ကုန်မှာ စိန်ဆိုင်လုပ်ငန်းကို အတူလုပ်ဖြစ်ခဲ့ တာပါ။ ခုဆိုရင် အစ်မအမျိုးသား ဒေါက်တာ ခင်မောင်ဝင်းလည်း အတူတွဲလုပ်လာခဲ့တာ နှစ်နှစ်ဆယ်ကျော်ပြီဆိုတော့ သူလည်း စိန်လုပ်ငန်းအရာရာကို ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်နိုင်ပြီဖြစ်ပါတယ်။

**အစ်မတို့က အဖေဆီက စိန်ပညာကို အမွေရခဲ့တယ်ဆိုတော့ အစ်မတို့ရဲ့ အမေဆီကနေရော ဘယ်လိုအလေ့အကျင့်ကောင်းတွေ ရထားခဲ့ပါသလဲ။**

အစ်မအမေကလည်း စိန်ပညာရပ်မှာ ကျွမ်းကျင်တဲ့ သူပါပဲ။ ဖေဖေက ပညာ၊ သိက္ခာ၊ သမာဓိ၊ ကတိသစ္စာ အရမ်းမြဲမြံတယ်။ အဲဒီလိုပဲ မေမေက ရိုးသားတယ်။ သစ္စာရှိတယ်။ အလုပ်လုပ်နိုင်တဲ့ ဝီရိယကြီးသူတစ်ယောက်ပါ။ သားသမီးတွေ အားလုံးကိုလည်း အဲဒီအတိုင်းဖြစ်အောင် သွန်သင်နိုင်ခဲ့တယ်။

**အစ်မတို့က မိသားစုပိုင် စီးပွားရေးလုပ်ငန်းကို မျိုးရိုးစဉ်ဆက် ထိန်းသိမ်းခဲ့ကြတယ်ဆိုတော့ အခု အစ်မတို့ရဲ့ နောက်ထပ်မျိုးဆက်သစ်တွေကိုရော ဒီလုပ်ငန်းနဲ့ပတ်သက်ပြီး ပညာအမွေ လုပ်ငန်းအမွေ ဆက်ထိန်းနိုင်းဖို့ ဘယ်လိုတွေ စီမံဖြစ်ပါသလဲ။**



အစ်မရဲ့အစ်မနဲ့ မောင်တွေက မွေးထားကြတဲ့ သား၊ သမီးတွေ အစ်မ တူ၊ တူမတွေ ပေါ့။ သူတို့အားလုံးက စိန်အရောင်းအဝယ်ကို ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်နိုင်ကြနေပြီ။ အစ်မရဲ့ သားနှစ်ယောက်ကတော့ ငယ်သေးတယ်။ သားကြီးဖွဲ့မာန်ဟိန်းက Second Year, Medical Science, University of Sydney တက်နေတယ်။ သားငယ်ဖြိုးမာန်ဟိန်းကတော့ ၁၀ တန်း တက်နေတယ်။ သားကြီးကိုလည်း အစ်မအတိုင်း ပတ်ဝန်းကျင်အတွက် ဆေးပညာဘွဲ့ကိုလည်း ယူစေမှာပါ။ နောက်ပြီး ဒီစိန်လုပ်ငန်းနဲ့ စိန်ဆိုင်ကိုလည်း သူတို့ကို အမွေဆက်ခံပြီး ဆက်လက်လုပ်ခိုင်းမှာပါ။

**နောက်မျိုးဆက်ထိ အောင်မြင်နေတဲ့ အစ်မတို့ရဲ့ စီးပွားရေး လျှို့ဝှက်ချက်ကိုလည်း သိချင်ပါတယ်။**

အစ်မတို့ Diamond Land မှာဆိုရင် အစ်မတို့လင်မယားနှစ်ယောက်လုံးက Customer Right ၊ Customer Focus ကို အဓိကထားတယ်။ နောက်ပြီး အစ်မတို့ဆိုင်က ဝယ်သွားပြီး ပြန်သွင်းလဲလှယ်ရောင်းချချင်ရင်လည်း ဝယ်ယူသူတွေ စိတ်ချမ်းသာအောင် လုပ်ပေးတယ်။ ကိုယ်ချင်းစာတရားထားပြီး အရောင်းအဝယ်ပြုလုပ်ပေးလို့ ပုံမှန်ခိုင်မာတဲ့ စီးပွားရေးကို ရခဲ့တယ်။ အစ်မတို့ဆိုင်ကို ဆရာဝန်ဇနီးမောင်နှံ ရောင်းတဲ့ဆိုင်ဆိုပြီး ဝယ်ယူသူတွေက သိက္ခာ၊ သမာဓိကိုယုံကြည်ပြီး အားပေးကြပါတယ်။ ယုံကြည်တဲ့အတိုင်း၊ ယုံကြည်ရလောက်အောင်လည်း အကျိုးဆောင်ပေးနေပါတယ်။

**Diamond Land မှာ ဘယ်လိုစိန်အမျိုးအစားတွေနဲ့ Service မျိုးတွေ ပေးပါသလဲ။**

အစ်မတို့ဆိုင်မှာ စိန်အမျိုးအစား အစုံရောင်းပါတယ်။ စိန်ဖြူသန့် လက်ရွေးအရွယ်စုံ၊ စိန်အကြီးအရွယ်စုံ၊ အလွတ်တွေအပြင် နားကပ်၊ ဆွဲသီး၊ ကြိုး၊ လက်ကောက်၊ လက်စွပ်တွေကို လုပ်ပြီးသား စက်ထည်၊ လက်ထည်တွေ ရှိပါတယ်။ ပစ္စည်းအားလုံး အရည်အသွေးမှန်၊ ဈေးနှုန်းမှန်၊ စိန်ချိန်မှန်မှန်နဲ့ ရောင်းပေးပါတယ်။ စိန်မှာ စိန်သန့်အပြင် ဒုတိယတန်းစားဖြစ်တဲ့ ကြင်ဖြူ (LB)၊ အဆင့်မြင့် (TLB), off white, next to white, TLC (အဆီနု) ဖြူနာအလွတ်၊ အထည်တွေလည်း ရောင်းပေးနေပါတယ်။ အစ်မတို့ဆိုင်က စိန်က Top Quality, (Color G+ . . . clarity.IF) အနာမပါ အရောင်ပထမတန်းစားတွေကိုပဲ သုံးပြီး အကြွေ၊ အလွတ်၊ အထည်တွေကိုလည်း ခေတ်မီဆန်းသစ်တဲ့ လက်ထည်စက်ထည်များနဲ့ ပြုလုပ်ပေးပါတယ်။ စိန်ရတီမှန်ရမယ်၊ ဈေးမှန်တယ်။ သင့်တင့်တဲ့ ဈေး (Fair Price) နဲ့ ရောင်းပေးပါတယ်။ 0.30 ct ကနေ 10 ct ထိ GIA, HRD Certificate နဲ့ Discount မှန်မှန်နဲ့ ရောင်းပါတယ်။ Certificate စိန်အကြီးတွေကို 4C လို့ ခေါ်တဲ့ (1) Clarity (2) Cutting (3) Color (4) Carat နဲ့ အချိုးညီစွာ ရောင်းချပေးနေပါတယ်။ အစ်မဆိုင်က ဝယ်ပြီး Customer က ပြန်လဲချင်တာ ရောင်းချင်တာဆိုရင်လည်း ကာလပေါက်ဈေးပေါ်မှာ discount ပေးပြီး စိတ်ချမ်းသာအောင် ဆောင်ရွက်ပေးပါတယ်။

**အစ်မတို့ Diamond Land ရဲ့ မိတ်ဟောင်းမိတ်သစ်တွေကို ဘယ်လိုစကားလက်ဆောင်လေး ပြောချင်သေးပါလဲ။**

အစ်မတို့က ဖခင်ရဲ့ပညာ၊ သိက္ခာ၊ သမာဓိ၊ ကတိသစ္စာတွေကို အမြဲရင်ဝယ်ပိုက်ပြီး မိခင်ရဲ့ သွန်သင်မှုတွေနဲ့ ဒီစိန်လုပ်ငန်းကို အစဉ်အဆက် လုပ်ခဲ့တာဆိုတော့ အစ်မတို့ရဲ့ နောက်မျိုးဆက်တွေအထိ ထာဝရ အားပေးပါလို့ မိတ်ဟောင်း၊ မိတ်သစ်တွေကို ဖိတ်ခေါ်ချင်ပါတယ်။

**ဖြိုးစုပိုပို**

# Women IN THE LEAD

ထောင်စုနှစ်သောကာလများတွင်
မြန်မာ့အမျိုးသမီးများသည် ခေတ်ကိုထင်ဟပ်
ဖော်ပြနိုင်သောအသွင်ဖြင့်
နယ်ပယ်စုံ၌ပေါ်ပေါက်လာခဲ့ကြသည်။
ကမ္ဘာကြီးလင်းပွင့်လာသောမျက်မှောက်ခေတ်တွင်မူ
နိုင်ငံ၏မျက်နှာစာ၌ ကမ္ဘာက သိလာနိုင်စေသောတာဝန်များကို
အသီးသီးထမ်းရင်း မြင်သာစေလာကြပြီ။ ထိုအမျိုးသမီးမျိုး များ၏
ဘဝကိုခံယူဖြတ်သန်းလာကြပုံ ရှုထောင့်အစုံစုံကို ရတီစာဖတ်ပရိသတ်များ
တွေ့မြင်ခံစားနိုင်စေရန် အထူးကဏ္ဍတစ်ခုအဖြစ်
တင်ဆက် ဖော်ပြလိုက်သည်။

အယ်ဒီတာအဖွဲ့



# Woman IN THE LEAD

## ဒေါ်စန္ဒာခင်

( ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီး )



“

ဘဝမှာ ဘယ်လို
စည်းမျဉ်း စည်းကမ်းတွေ
ချမှတ်ခဲ့သလဲဆိုရင်
“ မိမိကိုယ်ကို ကောင်းအောင်
ကြိုးစားမယ်၊ မိမိပတ်ဝန်းကျင်ကို
ကောင်းအောင် ကြိုးစားမယ်” ဆိုတဲ့
ဆောင်ပုဒ်ကို
တတ်နိုင်သလောက်
လိုက်နာဆောင်ရွက်ပါတယ်၊
အပြောအဆို၊
အပြုအမူ၊ . . .

**အများကို ဦးဆောင်မယ့်သူတစ်ဦးမှာ ရှိသင့်တဲ့ အချက်တွေကို ပြောပြနိုင်မလား။**

အများကိုဦးဆောင်မည့်သူတစ်ဦးမှာရှိသင့်တဲ့အချက်တွေကတော့အများကြီးပါပဲ။ အဓိကကတော့(၁)ကိုယ်ကိုယ်တိုင်ကအရည်အချင်းရှိရမယ်၊ရှိအောင်လည်းလေ့လာသင်ယူအားထုတ်နေရမယ်၊ကောင်းရင်စံနမူနာညွှန်ရင်သင်ခန်းစာဆိုတဲ့ အတိုင်းပေါ့၊ကောင်းတာမှန် သမျှအတုယူတတ်ရမယ်။(၂)အများရဲ့ဆန္ဒတွေ၊အသံတွေကိုနားထောင်ပေးရမယ်၊အလွှာစုံ၊ကဏ္ဍစုံကနေရယူရမယ်၊ဒီ့အပေါ် ချင့်ချိန်၊သုံးသတ်နိုင်စွမ်းရှိရမယ်။(၃)အမြော်အမြင်ရှိရမယ်။(၄)ခေါင်းမမာသင့်ဘူး၊တစ်ယူသန်မဖြစ်သင့်ဘူး၊အခြေအနေ၊အချိန်အခါပေါ် မူတည်ပြီးပြောင်းလွယ်၊ပြင်လွယ်ရှိရမယ်။(flexibleဖြစ်ရမယ်။)(၅)အမှန်တွေးပြီးအမှန်လုပ်ရဲရမယ်၊ တိကျပြတ်သားတဲ့ဆုံးဖြတ်ချက် ရှိရမယ်။ (decisive ဖြစ်ရမယ်)(၆)ကိုယ့်အဖွဲ့၊ ကိုယ့်ဝန်ထမ်းတွေအပေါ် နားလည်နိုင်အောင်ကြိုးစားရမယ်၊ကိုယ်ချင်းစာတတ် ရမယ်၊အနစ်နာခံတတ်ရမယ်။ (၇)သမာသမတ်ရှိရမယ်။(၈)ဆွဲဆောင်စည်းရုံးနိုင်တဲ့ စွမ်းရည် ရှိရမယ်။(၉)အများစုသောလုပ်ဖော်ကိုင်ဖက်တွေနဲ့မိမိလက်အောက်ငယ်သားတွေ အသိအမှတ်ပြုတဲ့သူဖြစ်ရမယ်။

**အသက် ၁၈ နှစ်လောက်က ကိုယ့်ကိုယ်ကိုယ် ဘယ်လိုတွေးခဲ့မိသလဲ။**

အသက်၁၈နှစ်အရွယ်ကတက္ကသိုလ်ဒုတိယနှစ် ကျောင်းသူပဲရှိပါသေးတယ်၊အဲဒီအချိန်ကအတွေးနဲ့စိတ်ကူးကတော့ဘွဲ့တစ်ခုရပြီးရင်နောက်ထပ်ဘွဲ့တစ်ခုရဖို့ကြိုးစားမယ်၊ပြီးအစိုးရအလုပ်လုပ်မယ်၊ဝါသနာပါတဲ့သင်တန်းတွေတက်မယ်၊

အလုပ်ရပြီးအချိန်တန်ရင် အိမ်ထောင်ပြုမယ်၊မိဘကိုစိတ်ချမ်းသာအောင်ထားမယ်၊တစ်ချိန်ချိန်မှာတော့အဘိုး၊အဘွားစောင့်ရှောက်တဲ့ လူမှုရေးအလုပ်မျိုးလုပ်မယ်၊ ဒီလောက်ပဲ တွေးခဲ့မိပါတယ်။

**ခက်ခဲကြမ်းတမ်းတဲ့ ကိစ္စတွေနဲ့ရင်ဆိုင်ရတဲ့အခါ ဘယ်လိုဖြတ်သန်းခဲ့ပါသလဲ။**

ခက်ခဲကြမ်းတမ်းတဲ့ကိစ္စတွေနဲ့ရင်ဆိုင်ရတဲ့အခါဘယ်လိုဖြတ်သန်းခဲ့သလဲဆိုတော့ နှစ်ပိုင်းခွဲပြီး ဖြေရလိမ့်မယ်။

ခက်ခဲတဲ့ကိစ္စတွေရင်ဆိုင်ရတဲ့အခါ ဒီအခက်အခဲကိုဘယ်လိုဖြေရှင်းရမလဲလို့ကိုယ့်ဘာသာနည်းလမ်းတွေရှာတယ်၊တစ်ခါတလေ မိဘကိုတိုင်ပင်တယ်၊ နောက်ဝါရင့်သဘာရင့်တဲ့ ဆရာသမားတွေထံက အကြံဉာဏ်ရယူဖြေရှင်းတတ်ပါတယ်။

ကြမ်းတမ်းတဲ့ ကိစ္စတွေနဲ့ ပတ်သက်ရင်တော့ ငယ်စဉ်က မကြုံဖူးပါဘူး၊ လုပ်ငန်းခွင်ထဲ ရောက်တော့ကြုံတွေ့ရတာပေါ့၊ စိတ်တည်ငြိမ်နိုင်ဖို့ ဘာသာရေးပိုလုပ်လိုက်တယ်။ ဂီတ၊ ပန်းချီနဲ့ စာရေးသားခြင်းစတာတွေနဲ့ relax လုပ်ပါတယ်၊ ပိုခက်တဲ့ဘဝတွေ၊ ပိုဆိုးတဲ့အခြေအနေတွေနဲ့ ယှဉ်ပြီး ဖြေနိုင်ခဲ့တယ်၊ အလုပ်ထဲမှာ အချိန်ကို ပိုကုန်သွားစေခဲ့တယ်၊ အဖွဲ့အစည်းနဲ့ အလုပ်တွေ ပိုလုပ်ရင်းနဲ့ ဖြတ်သန်းသွားနိုင်ခဲ့ပါတယ်၊ ကြာတော့လည်း ထုသားပေသား ခံနိုင်ရည်ရှိလာပါတယ်၊ အချိန်က ကုစားပေးသလို အခြေအနေတွေကလည်း လူကိုပိုပြီး ရင့်ကျက်လာစေပါတယ်။

**ဘယ်လို ဦးဆောင်မှုအရည်အသွေးမျိုးကို လေးစားအားကျမိပါသလဲ။**

ဘယ်လိုဦးဆောင်မှုအရည်အသွေးမျိုးကို လေးစား၊ အားကျမိသလဲဆိုရင် ခုန ပြောခဲ့တဲ့ အတိုင်းဦးဆောင်မယ့်သူတစ်ဦးမှာ ရှိသင့်တဲ့ အချက်တွေနဲ့ ပြည့်စုံတဲ့သူကို လေးစားမိပါတယ်၊ နောက် ဘယ်လိုအခက်အခဲမျိုးပဲရှိရှိ ခံနိုင်ရည်ရှိပြီး အပြုံးမပျက် ဆက်လက်ဆောင်ရွက်နိုင်တာကလည်း လေးစားစရာကောင်းတဲ့အရည်အသွေးတစ်ခုပါပဲ။

**ဘဝမှာ ဟန်ချက်ညီအောင် ဘယ်လိုကြိုးစားခဲ့သလဲ။**

ဘဝမှာ ဟန်ချက်ညီအောင်ဘယ်လို ကြိုးစားခဲ့သလဲဆိုတော့ ဘုရားဟော အတိုင်းပဲပေါ့၊ မဇ္ဈိမပဋိပဒါကျဖို့ ကြိုးစားတယ်။ အစွန်းရောက်မသွားဖို့ ဆင်ခြင်တယ်။ ဘယ်နေရာမဆို Balance ဖြစ်ဖို့ အရေးကြီးတယ်ဆိုတာကို ခေါင်းထဲမှာ အမြဲထည့်ထားတယ်။ ပရနဲ့ အတ္တကို ချင့်ချိန်ပြီးလုပ်တယ်။ လုပ်ငန်းခွင်မှာအထက်လူကြီးအပေါ် တပည့်ဝတ်နဲ့အညီ နေထိုင်သလို လက်အောက်ငယ်သားတွေအပေါ်လည်း ဆရာ့ဝတ္တရားမပျက်အောင် သတိထားပါတယ်။ အလုပ်ကို ဖိဖိစီးစီး အသေးစိတ်လုပ်သလို နားချိန် နား၊ စားချိန်စားဖို့၊ကျန်းမာရေး ဂရုစိုက်ဖို့ လူမှုရေး မလစ်ဟင်းဖို့ ကဏ္ဍအသီးသီးကို ခေါင်းထဲ အမြဲထည့်ပြီး ဆောင်ရွက်လေ့ရှိပါတယ်၊ မိမိဘက်က မိသားစု၊ ခင်ပွန်းဘက်ကမိသားစုကိုလည်း မျှတအောင် အချိန်ပေးစောင့်ရှောက်ပါတယ်။ ရငွေနဲ့ သုံးငွေကို ချင့်ချိန်နိုင်တဲ့ အလေ့အကျင့်ကို လုပ်ထားတယ်၊ အဓိက ကတော့ Total Management ကို စဉ်းစားပြီး လုပ်တာပါဘဲ။

**ဘယ်လိုစည်းမျဉ်းစည်းကမ်းတွေ ချမှတ်ပြီး ဘဝကိုဖြတ်သန်းသလဲ။**

ဘဝမှာ ဘယ်လို စည်းမျဉ်း စည်းကမ်းတွေ ချမှတ်ခဲ့သလဲဆိုရင် " မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမယ်၊ မိမိပတ်ဝန်းကျင်ကို ကောင်းအောင် ကြိုးစားမယ်" ဆိုတဲ့ ဆောင်ပုဒ်ကိုတတ်နိုင်သလောက်လိုက်နာဆောင်ရွက်ပါတယ်၊ အပြောအဆို၊ အပြုအမူ၊ စိတ်နေသဘောထားဆိုတဲ့ ကံသုံးပါးကို အတတ်နိုင်ဆုံးထိန်းရမယ်၊ မိမိကိုယ်ကိုလည်း အမြဲတမ်းဆန်းစစ်နေပါတယ်၊ (Monitor လုပ်ပါတယ်) ရင့်ကျက်သူများရဲ့ဝေဖန် အကြံပြုချက်များကိုလည်း ရယူပါတယ်၊ မသိမတတ်သေးတာကို သိချင်တတ်ချင်ယောင် မဆောင်ဘဲ ပိုသိပိုတတ်တဲ့ သူတွေဆီက နာယူပါတယ်၊ နောက်ပြီး ဘယ်ကဏ္ဍကိုမဆို အတတ်နိုင်ဆုံး မျှတမှုရှိအောင် ဆောင်ရွက်ပါတယ်။

**ဦးဆောင်သူ အမျိုးသမီးတစ်ဦးအတွက် သတိပြုရမယ့် အရေးကြီးဆုံး အချက် ၃ ချက်လောက် ပြောပြနိုင်မလား။**

ဦးဆောင်သူ အမျိုးသမီးတစ်ဦးအတွက် သတိပြုရမယ့် အရေးကြီးတဲ့အချက် ၃ ချက်လောက်ဆိုရင်တော့

- မိမိကိုယ်ကို ယုံကြည်မှုရှိဖို့လိုသော်လည်း ယုံကြည်မှုမလွန်ကဲစေရန် သတိပြုဖို့လိုတယ်။
- စိတ်ခံစားချက် emotion တစ်ခုတည်းနဲ့ မဆုံးဖြတ်ရန်၊ စိတ်အတက်အကျ မမြန်ဖို့ မများဖို့လိုတယ်။
- ဘယ်လောက်ပဲ ပညာတတ်တတ် ဘယ်လောက်ပဲ အောင်မြင်မှုရသည်ဖြစ်စေ အမျိုးသမီးတွေရဲ့ ဝတ္တရားနဲ့ ကျင့်ဝတ်ကို မပျက်ကွက်အောင် သတိရှိဖို့လိုပါတယ်။



# Woman IN THE LEAD

# ဒေါက်တာညိုညိုသင်း

ရန်ကုန်တိုင်းဒေသကြီး တစ်သီးပုဂ္ဂလ ကိုယ်စားလှယ် ဒေါက်တာညိုညိုသင်းကို ရန်ကုန်တိုင်းဒေသကြီး သဃန်းကျွန်းမြို့နယ်တွင် မွေးဖွားခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ရန်ကုန် တက္ကသိုလ်မှ မဟာဥပဒေဘွဲ့ရရှိခဲ့ကာ ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ တိုကျိုမြို့ ကမ္ဘာ့ကုလသမဂ္ဂတက္ကသိုလ်တွင် မြန်မာနိုင်ငံဆိုင်ရာ အကြံပေး ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ ၂၀၁၀ ခုနှစ်တွင် ရန်ကုန်ပြန်လည်ရောက်ရှိကာ ဗဟန်းမြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ကာ အောင်နိုင်ခဲ့သည်။



"

ခေါင်းဆောင်ဆိုလို့ရှိရင် ဖိုလ်ချုပ်ပေါ့။
ရိုးရိုးကျင့် မြင့်မြင့်ကြံတဲ့
ရိုးသားမှုနဲ့ ရည်မှန်းချက်ကြီးတဲ့ သူကို
သဘောကျတယ်။
ရည်မှန်းချက်ကြီးတယ် ဆိုတာ
မိမိအတွက်မဟုတ်ဘဲ အများအတွက်
တွေးခေါ်ပြီး ဆင်ဆင်ခြင်ခြင်လုပ်တဲ့
ခေါင်းဆောင်ကို နှစ်သက်တယ် . . .

**အများကို ဦးဆောင်မယ့်သူတစ်ဦးမှာ ရှိသင့်ရှိထိုက်တဲ့ အချက်သုံးချက်လောက်ကို ပြောပြနိုင်မလား။**

အန်တီတွေးတာကတော့ အများကို ဦးဆောင်မယ်ဆို ထိုက်သင့်တဲ့ပညာအရည်အချင်းတွေရှိရမယ်။ ရိုးသားရမယ်၊ ရိုးသားမှုမရှိရင် ပညာတတ်လည်း ပြည်သူတွေအတွက် အန္တရာယ်ပဲ။ ရိုးသားရမယ်ဆိုလို့လည်း အမြဲတမ်း ရိုးရိုးကြီးနေလို့မရဘူး။ အမှန်ကိုမပြောရဲရင် ရိုးသားမှုကလည်း အလကားဖြစ်မယ်။ ရိုးသားမှုနဲ့အတူ အမှန်တရားကို ပြောရဲဆိုရဲတဲ့ သတ္တိရှိရမယ်။

**အသက် ၁၈ နှစ်အရွယ်လောက်က ကိုယ့်ကိုယ်ကိုယ် ဘယ်လို တွေးခဲ့မိလဲ။**

အဲဒီအချိန်ကခေါင်းဆောင်တချို့အကြောင်း ဖတ်ဖူးနေပြီ။ ခေတ်စနစ်ကို ပြောင်းလဲနိုင်တဲ့ ခေါင်းဆောင်တစ်ယောက်ဖြစ်ချင်တာ။ အမျိုးသမီးခေါင်းဆောင်တွေကိုတော့ မတွေ့ဖူးဘူးပေါ့လေ။ ဗိုလ်ချုပ်အောင်ဆန်းကို အရမ်းသဘောကျတာ။ ဗိုလ်ချုပ်နေရာမှာ ကိုယ့်ကိုယ်ကိုယ် အမြဲတွေးဖူးတယ်။ ဗိုလ်ချုပ်က ကိုယ့်ကိုယ်ကိုယ် အမြဲနှိမ်ချပြီးနေတယ်။ သူ့အိမ်ကိုသွားဖူးတယ်။ သူ့အသုံးအဆောင်ပစ္စည်းတွေဆို အရမ်းရိုးရှင်းတယ်။ ဥပမာ ကိုယ်ကသိန်း ၃၀၀ တန်ကားစီးနိုင်ဦးတော့ သိန်းတစ်ရာတန်လောက်ပဲ စီးတယ်။ ရိုးရိုးကျင့် မြင့်မြင့်ကြံတာကို သဘောကျတယ်။ အခု ကိုယ့်မှာ ပိုက်ဆံလေးရှိရင် ဒီထက်ကောင်းတဲ့ ကားလေးစီးချင်လာတယ်။ ဗိုလ်ချုပ်ဆို အဝတ်အစား ၂ စုံ ၃ စုံပဲရှိတယ်။ ကိုယ့်ဗီရိုထဲမှာ အဝတ်အစားတွေများလာတဲ့အခါ ဩော်. . . ငါ ဗိုလ်ချုပ်လို မဖြစ်ပါလားဆိုပြီး ရှက်တယ်။

**ခက်ခဲကြမ်းတမ်းတဲ့ ကိစ္စတွေနဲ့ ရင်ဆိုင်ရတဲ့အခါ ဘယ်လိုဖြတ်သန်းခဲ့ပါသလဲ။**

သည်းခံရတာပေါ့။ များများလုပ်ဖြစ်တာ တရားခွေနားထောင်ဖြစ်တယ်။ ဗုဒ္ဓ Channel နားထောင်ဖြစ်တယ်။ ဒီလိုပဲအချိန်တွေကို ကျော်ဖြတ်ရတာပေါ့။ စိတ်ညစ်တဲ့အခါ ဘုရားရှိခိုးရင်လည်း အာရုံမရဘူးလေ။ ဒါကြောင့် ဆရာတော်တွေရဲ့ တရားတွေနားထောင်တယ်။ တစ်ယောက်တည်း အေးအေးဆေးဆေးနေဖို့ ကြိုးစားတယ်။

**ဘယ်လိုဦးဆောင်မှုအရည်အသွေးမျိုးကို လေးစားအားကျမိပါသလဲ။**

ခေါင်းဆောင်ဆိုလို့ရှိရင် ဗိုလ်ချုပ်ပေါ့။ရိုးရိုးကျင့်မြင့်မြင့်ကြံတဲ့ ရိုးသားမှုနဲ့ ရည်မှန်းချက်ကြီးတဲ့ သူကို သဘောကျတယ်။ ရည်မှန်းချက်ကြီးတယ်ဆိုတာ မိမိအတွက်မဟုတ်ဘဲ အများအတွက် တွေးခေါ်ပြီးဆင်ဆင်ခြင်ခြင်လုပ်တဲ့ခေါင်းဆောင်ကို နှစ်သက်တယ်။

**ဘဝမှာဟန်ချက်ညီအောင်ဘယ်လိုကြိုးစားခဲ့လဲ။**

ဟန်ချက်ညီအောင် ကြိုးစားတုန်းပဲ။ အမျိုးသမီးဖြစ်တဲ့အပြင် နိုင်ငံရေးကိစ္စလုပ်တဲ့အခါ လူမှုရေးကိစ္စ၊ အိမ်မှုကိစ္စတွေ လစ်ဟင်းကုန်တာ ရှိတယ်။ အချိန်ကို အဖက်ဖက်မှာ ဟန်ချက်ညီညီ အသုံးချဖို့ ကြိုးစားရဦးမယ်။ ဒီဘက်ပိုင်းမှာတော့ ကြိုးစားနေတုန်းပဲ။ အိပ်ချိန်ဘာညာလည်း ပေးရတာပါတယ်။ ဂျပန်မှာနေတုန်းကတော့ တစ်နေ့ ၃၊ ၄ နာရီကအိပ်တယ်။ အခု အသက်အရွယ်ရော ကျန်းမာရေးအရပါ တစ်နေ့ ၆ နာရီကနေ ၈ နာရီလောက်အိပ်ဖြစ်လာတယ်။

**ဘဝမှာဘယ်လိုစည်းမျဉ်းစည်းကမ်းတွေနဲ့ ဖြတ်သန်းခဲ့လဲ။**

ငယ်ငယ်ကတည်းက အဖေကစာဖတ်တဲ့ အလေ့အကျင့်လုပ်



ပေးခဲ့တယ်။ နေ့တိုင်း စာမဖတ်ဘဲ ကျော်သွားတဲ့နေ့ကို မရှိဘူး။ အပျင်းပြေဖတ်တာမျိုး မဟုတ်ဘဲ တွေးစရာရေးစရာ တစ်ခုခု ကျန်အောင်ဖတ်တယ်။ အခုဆိုအချိန်ပေးပြီးလွှတ်တော်Channel ကြည့်တယ်။ အချိန်မရရင် အိပ်ချိန်ကိုပေးပြီးကြည့်တယ် နေ့တိုင်းကိုယ် မသိတဲ့ သတင်းတစ်ခုခုပဲဖြစ်ဖြစ် ပညာတစ်ခုခုပဲ ဖြစ်ဖြစ် ကိုယ့်အလုပ်အတွက် တစ်ခုခုကျန်အောင် လုပ်တယ်။

**ဦးဆောင်သူ အမျိုးသမီးတစ်ဦးအတွက် သတိပြုရမယ့် အရေးကြီးဆုံးအချက် ၃ ချက်လောက် ပြောပြနိုင်မလား။**

အမျိုးသမီးဖြစ်တဲ့အတွက် အမျိုးသားတွေထက် စည်းကမ်းတွေရော လူမှုတာဝန်တွေ ပါများတယ်။ နိုင်ငံရေးအရယုံကြည်ချက် ဘာသာရေးယုံကြည်ချက်က ယဉ်ကျေးမှုနဲ့ ပဋိပက္ခဖြစ်လာတဲ့အခါမျိုးဆို အပြောအဆိုကို အချိန်ယူရတယ်။ စဉ်းစားဆုံးဖြတ်ဖို့ကိုလည်း အချိန်ယူရတယ်။ လက်လွှတ်စပယ် ပြောလို့ မသင့်တော်ဘူး။

P.S သုမအနေဖြင့် အပြည်ပြည်ဆိုင်ရာ စံနှုန်း ဖြစ်သော အမျိုးသမီးများ၏ PERSONAL အခွင့်အရေးကို တန်ဖိုးထားလေးစားသူဖြစ်သဖြင့် အမျိုးသမီးများ၏ ပညာအရည်အချင်း၊ အသက်၊ အလုပ်အကိုင်၊အိမ်ထောင်ရေးစသည့် ကိစ္စရပ်များ အပေါ် ကာယကံရှင် ပြောဆိုမှုမရှိဘဲ မေးမြန်းမှုပြုလုပ်ခြင်းကို မဆောင်ရွက်ရန် ပညာပေးဟောပြောမှုများ အလျဉ်းသင့်သလို ဆောင်ရွက်နေကြောင်းပြောသည်။

# Woman IN THE LEAD

## ဒေါ်ရင်မာအောင် NLD

**၁၉၇၆ ခုနှစ်တွင် ရန်ကုန်မြို့၌ ဖွားမြင်သည်။ နိုင်ငံရေး အကျဉ်းသားတစ်ဦးအဖြစ် ၁၁ နှစ်မျှ အကျဉ်းထောင်ထဲတွင် နေခဲ့ရသည်။ ၂၀၁၂ ခုနှစ် တွင် အမေရိကန်နိုင်ငံ ပြည်ထောင်စု ဝန်ကြီးချုပ် ဟီလာရီ ကလင်တန်အသိအမှတ်ပြုသည့် နိုင်ငံတကာ အမျိုးသမီးရဲစွမ်းသတ္တိရှင်ဆုကိုရရှိခဲ့သည်။ အများကို ဦးဆောင်မယ့် သူတစ်ဦးမှာ ရှိသင့်တဲ့ အချက် ၃ ချက်လောက်ကို ပြောပြနိုင်မလား။**

လူမှုဆက်ဆံရေးကောင်းရမယ်။ လူတွေနဲ့ ပြောဆိုဆက်ဆံတဲ့အခါမှာ အကောင်းမြင်တဲ့စိတ်ရှိရမယ်။ အစွန်းရောက်တဲ့ အကောင်းမြင်တာ မဟုတ်ဘဲ အခက်အခဲတွေကြုံလာတဲ့အခါမှာ အဲဒီအခက်အခဲတွေကို အခွင့်အလမ်းဖြစ်အောင် ပြောင်းလဲနိုင်တဲ့ အရည်အချင်းနဲ့တွေးခေါ်ပုံရှိသင့်တယ်။ အသိပညာဗဟုသုတနဲ့ကိုယ်ကျင့်တရားတွေလည်းရှိရမယ်။

**အစ်မ (၁၈) အရွယ်လောက်က ကိုယ့်ကိုယ်ကိုယ် ဘယ်လိုတွေးခဲ့မိလဲ။**

အသက် ၁၈ နှစ်မှာ ၁၀ တန်းအောင်ပြီး တက္ကသိုလ်တက်ဖို့ အချိန်ဖြစ်တယ်။ စိတ်ထဲမှာ ယုံကြည်ပြီး ဆုံးဖြတ်ချက်တစ်ခုရှိတယ်။ အဲဒါက တက္ကသိုလ်ထဲရောက်ရင် ကျောင်းသားသမဂ္ဂကို ဘယ်လိုပြန်ပြီးတော့ တက္ကသိုလ်ထဲမှာ ဖော်ဆောင်ပြီး နိုင်ငံရေးလှုပ်ရှားမှုတွေနဲ့ ချိတ်ဆက်ရရင်ကောင်းမလဲတွေးနေခဲ့တာပါ။

**ခက်ခဲကြမ်းတမ်းတဲ့ ကိစ္စတွေနဲ့ ရင်ဆိုင်ရတဲ့ အခါ ဘယ်လိုဖြတ်သန်းခဲ့ပါသလဲ။**

ခက်ခဲတဲ့ကာလဆိုရင် ကျွန်မဘဝမှာ ကြီးကြီးမားမား ၂ ခုရှိတယ်။ ပထမတစ်ခုက အမေဆုံးတော့ စိတ်ခံစားမှု၊ အမေဆုံးပြီး မကြာခင်မှာ အဖမ်းခံရတယ်။ အဲဒီ ၂ ခုက ဆက်တိုက်ဖြစ်နေတယ်။ အမေဆုံးတာက ကိုယ်ရွေးချယ်တာ မဟုတ်ဘူး ဒါကကံတရားဆိုတော့ ရင်ဆိုင်ဖို့ တော်တော်ခက်ခဲပါတယ်။ အဲဒီတုန်းက အသက် ၂၁ နှစ်ပဲရှိသေးတယ်။ အဲဒီအချိန်မှာပဲ နိုင်ငံရေးကလည်းလုပ်နေပြီ နှစ်ခုကြားထဲမှာ တစ်ခုမှမစွန့်လွှတ်နိုင်ဘူး။ အိမ်မှာလည်း ကိုယ်က အကြီးဆုံးဆိုတော့ မိသားစုတွေရှိသေးတယ်။ သာမန်ဘဝပဲ ဖြတ်သန်းရမလား။ တစ်ဖက်ကလည်း ကျောင်းသားသမဂ္ဂနဲ့ နိုင်ငံရေးကို တဖြည်းဖြည်းသွားနေတာ တိုးတက်နေပြီဆိုတော့ လူမသိအောင် လုပ်ရတဲ့ နိုင်ငံရေးဒီနှစ်ခုကြားမှာ ကိုယ်လုပ်တဲ့ အလုပ်ပေါ်မှာပဲ ယုံကြည်မှုတစ်ခုက အခက်အခဲတွေဘယ်လောက်နောက်ပြန်ဆွဲဆွဲ ပြန်ပြီးတော့ အခက်အခဲနောက်တွေပါမသွားဘူး။ နောက်တော့ ထောင်ကျသွားတယ်။

**ဘယ်လိုဦးဆောင်မှု**



**အရည်အသွေးမျိုးကို အစ်မအနေနဲ့ လေးစားအားကျမိပါသလဲ။**

ငယ်ငယ်က ဗိုလ်ချုပ်အောင်ဆန်း အကြောင်းသင်ကြားခဲ့ရတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ခေါင်းဆောင်မှု ပုံသဏ္ဌာန်နဲ့ ကျွန်မတို့ခေတ်က ဖြတ်သန်းရတဲ့ ခေါင်းဆောင်

မှု ပုံသဏ္ဍာန်တော့ မတူခဲ့ဘူး။ ခေါင်းဆောင်မှု ပုံသဏ္ဍာန်ကို အားကျခဲ့တာ မဟုတ်ပေမဲ့ သူ့ရဲ့ တက္ကသိုလ်ကျောင်းသား ဘဝမှာတိုင်းပြည်အပေါ် ထားတဲ့စေတနာနဲ့ ခေါင်းဆောင်မှု အဲလိုအကျပ်အတည်းက ခွန်အားဖြစ်စေခဲ့တယ်။ တက္ကသိုလ်ထဲ မရောက်ခင်ကတည်းက ကိုမင်းကိုနိုင်ရဲ့ နာမည်ကို ကြားဖူးတယ်။ သူ့အကြောင်းကို သီချင်းလုပ်ဆိုတာ ကြားဖူးတယ်။ အဲဒီအချိန်ကတည်းက သူ့ကိုအားကျမိတယ်။ အဓိက အားကျမိတဲ့အချက်က သူတို့ရဲ့ စွန့်လွှတ် အနစ်နာခံမှုကို အားကျတယ်။ နောက်ဆုံး ၉၅-၉၆ ခုနှစ်မှာ အမေစု ပြန်လွှတ်လာတဲ့အခါမှာ သူနဲ့ ပိုရင်းနှီးပိုထိတွေ့လာရတယ်။ သူ့ရေးတဲ့စာတွေကို ခိုးကြောင်ခိုးဝှက်ဖတ်ရတယ်။ သူ့ရဲ့ ဉာဏ်ပညာအတွေးအခေါ်၊ ခက်ခဲကျပ်တည်းတဲ့ကာလမှာ ဒီမိုကရေစီလှုပ်ရှားမှုကို အရှိန်သေမသွားအောင် သူ့ရဲ့ဆွဲဆောင်မှုနဲ့ ခေါင်းဆောင်မှုကို လေးစားအားကျမိတယ်။ ခေါင်းဆောင်ကောင်းတစ်ယောက်မှာ ရှိသင့်ရှိထိုက်တာ အဲဒါတွေပါပဲ။ ဒါပေမဲ့ အဲဒီတစ်ခုတည်း တော့မရဘူး။ စွန့်လွှတ်အနစ်နာခံမှုက အခြေခံပဲ။ ရိုးသားမှု၊ ဗဟုသုတ အဲဒါတွေက ခေါင်းဆောင်မှုအရည်အသွေးကို ပြတယ်။ တိုင်းပြည်တစ်ပြည်အစုအဖွဲ့တစ်ခုမှာ ဒီလိုအရည်အချင်းရှိတဲ့ ခေါင်းဆောင်ကောင်းမျိုးကို အားကျခဲ့တယ်။

**ဘဝမှာ ဟန်ချက်ညီအောင်ဘယ်လိုကြိုးစားခဲ့သလဲ။**

လုပ်ချင်တဲ့ အလုပ်နဲ့လုပ်ရတဲ့ အလုပ်က တစ်ထပ်တည်းကျတယ်။ အစောပိုင်းကတော့ မိသားစုတွေက ကျွန်မနိုင်ငံရေးလုပ်တာကို သဘောမတူတာတွေရှိတယ်။ အခုဆိုရင် အဖေ့ရော ညီအစ်ကိုမောင်နှမတွေရော ကျွန်မ လုပ်ချင်တဲ့အလုပ်ကိုနားလည်ပေးတယ်။ ဒါလည်း ကံကောင်းတယ်။ အမေဆုံးတဲ့ အချိန်နဲ့ နိုင်ငံရေးစလုပ်တဲ့ အချိန်နှစ်ခုကတော့ ဟန်ချက်ညီဖို့တော်တော် ကြိုးစားရတယ်။ နိုင်ငံရေးလုပ်မယ်ဆိုရင် သတင်းကနားမထောင် လို့မဖြစ်ဘူး။ သတင်းလာတဲ့အချိန် ဈေးသွားရရင် အဲဒီသတင်းကို တိပ်ခွေနဲ့အသံဖမ်းထားတယ်။ ဘဝမှာ အားလုံးမဟုတ်ရင်တော့ အဆင်ပြေပါတယ်။

> ကျွန်မဖြစ်ချင်တဲ့ ကျွန်မလုပ်နေတဲ့ အလုပ်၊ ကျွန်မတိုင်းပြည်ရဲ့ ဒီမိုကရေစီ တည်ဆောက်ရေးက အဝေးကြီးသွားရပါဦးမယ်။ ကျေနပ်တယ်လို့ ပြောဖို့ခက်ခဲပါတယ်။ ငယ်ငယ်ကတည်းက ကျွန်မ မျှော်လင့်ချက် ယုံကြည်ချက်ဖြစ်တဲ့ အတွက် ကျွန်မဘဝမှာ ဒီအလုပ်ကို ရွေးချယ်တယ်။

**အစ်မရဲ့ဘဝမှာ ဘယ်လိုစည်းမျဉ်းစည်းကမ်းတွေနဲ့ ဖြတ်သန်းခဲ့သလဲ။**

အစောပိုင်းငယ်ငယ်ကဆို သိပ်စည်းကမ်းရှိတဲ့ လူတစ်ယောက်ထဲမှာ ကျွန်မမပါဘူး။ ဒါပေမဲ့ ကျွန်မမှာ မူတစ်ခုရှိတယ်။ဘယ်သူနဲ့ပဲပြောဆို ဆက်ဆံပါစေရိုးသားမှု ပွင့်လင်းမှုဟာ ကျွန်မစည်းကမ်းပါပဲ။

**ဦးဆောင်မှု အမျိုးသမီးတစ်ဦးအတွက် သတိပြုရမယ့် အရေးကြီးဆုံးအချက် ၃ ချက် လောက်ပြောပြနိုင်မလား။**

အမျိုးသမီးရော အမျိုးသားအတွက်ပါဆို အရေးအကြီးဆုံးသတိပြုရမယ့်အရာက ကိုယ်ကျင့်တရားပါ။ တစ်က



အမျိုးသမီးတစ်ဦးအတွက် အဲဒီကိုယ်ကျင့်တရားက လူ့အဖွဲ့အစည်း ပတ်ဝန်းကျင်မှာ ပိုပြီးထိလွယ်ရှလွယ်တယ်။ နှစ်က နိုင်ငံရေးမှာဆို ကိုယ်နိုင်ငံကို ဘယ်လိုတန်ဖိုးနဲ့တည်ဆောက်မှာလဲ။ ကျွန်မတို့တိုင်းပြည်က ဝေဝါးစရာတွေ များတာဖြစ်တဲ့အတွက် နိုင်ငံရေးနဲ့ ပတ်သက် လာရင် ကိုယ်ဘာလုပ်မှာလဲ သေချာစဉ်းစားဖို့ လိုအပ်တယ်။ သုံးက အချိန်။ ကိုယ့်အချိန်ကို ကိုယ် ဘယ်လို သတိပြုသုံးစွဲသင့်တယ်ဆိုတာလည်း အရေးကြီးတယ်။

**ဘာဖြစ်လို့ ခုလိုဘဝဖြတ်သန်းမှုမျိုးကို ရွေးချယ်ခဲ့တာပါလဲ။**

ကျွန်မဖြစ်ချင်တဲ့ ကျွန်မလုပ်နေတဲ့ အလုပ်၊ ကျွန်မ တိုင်းပြည်ရဲ့ ဒီမိုကရေစီ တည်ဆောက်ရေးက အဝေးကြီးသွားရပါဦးမယ်။ ကျေနပ်တယ်လို့ ပြောဖို့ခက်ခဲပါတယ်။ ငယ်ငယ်ကတည်းက ကျွန်မ မျှော်လင့်ချက်ယုံကြည်ချက် ဖြစ်တဲ့အတွက် ကျွန်မဘဝမှာ ဒီအလုပ်ကို ရွေးချယ်တယ်။ ကျွန်မလုပ်တဲ့ ဒီအလုပ်ကို အတိုင်းအတာတစ်ခုထိ ကျေနပ်အားရတယ်။

**အကယ်၍ လူသူမရှိတဲ့ ကျွန်းတစ်ကျွန်းပေါ်ကို များရောက်နေခဲ့ရင် အစ်မနဲ့အတူ ရှိနေစေချင်တဲ့ သက်မဲ့ပစ္စည်း ၃ မျိုးလောက်ကို ပြောပြ နိုင်လား။**

တစ်ကတော့ အဖတ်ချင်ဆုံး အကြိုက်ဆုံး စာအုပ်၊ နှစ်က ကော်ဖီတစ်ခွက်၊ သုံးကတော့ ဂီတာတစ်လက်။

**အစ်မဘဝမှာ ဘယ်လိုအပန်းဖြေလေ့ရှိပါသလဲ။**

တစ်ခါတလေ သီချင်းနားထောင်တယ်။ တစ်ခါတလေ ဂီတာတီးတယ်။ ဒါမှမဟုတ် အတ္ထုပ္ပတ္တိ စာအုပ်တွေဖတ်တယ်။

# Woman IN THE LEAD

## ဒေါ်နော်အုန်းလှ

(ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေး အမျိုးသမီးကွန်ရက်)

**အများကို ဦးဆောင်မယ့်သူတစ်ဦးမှာ ရှိသင့်တဲ့ အချက် ၃ ချက်လောက်ကို ပြောပြနိုင်မလား။**

အများကို ဦးဆောင်တဲ့သူက သည်းခံရမယ်။ ပြီးတော့ကျရင် ဘာအရာဖြစ်ဖြစ် အားလုံးကို လုပ်တဲ့နေရာမှာ သူများထက်ပိုပြီးတော့ စိတ်ရှည်သည်းခံပြီးတော့ မှ အဲလိုအားကိုးခြင်းခံရအောင် မိမိကိုယ်မိမိကလည်း သူများထက် အရည်အချင်းရှိအောင်ပိုလုပ်ရမယ်။ ကိုယ့်ကိုယ်ကိုယ်လည်း အမြဲတမ်း ဒီလိုအရည်အချင်းရှိအောင် လုပ်ရမယ်။ အရည်အချင်းဆိုတာက တစ်ယောက်နဲ့ တစ်ယောက် မတူဘူးပေါ့နော်။ ခေါင်းဆောင်က တစ်ယောက်နဲ့တစ်ယောက်တူတာမဟုတ်ဘူးလေ။ အဓိကကတော့ စိတ်ရှည်သည်းခံပြီးတော့ အားလုံးနားလည်နိုင်တာကို ခေါင်းဆောင်လို့ အန်တီမြင်တယ်။



**အသက် ၁၈ နှစ်လောက်က ကိုယ့်ကိုယ်ကိုယ် ဘယ်လိုတွေးခဲ့မိသလဲ။**

အန်တီက ၁၈ နှစ်လောက်ကတည်းက ရွာမှာ ဦးဆောင်လာခဲ့တာလေ၊အခုဆိုရွာမှာ အန်တီအရွယ်တွေ တော်တော်များများက ဦးဆောင်မတတ်ဘူးလေ။ ငယ်ငယ်ကတည်းက အန်တီက သူများခိုင်းတာကို ကိုယ့်ကိုယ်တိုင်လည်း လုပ်တယ် သူများကိုလည်း ဦးဆောင်တတ်တယ်။ အန်တီငယ်ငယ်ကတည်းက လုပ်ခဲ့တဲ့အလုပ်တွေပါ။

**ခက်ခဲကြမ်းတမ်းတဲ့ ကိစ္စတွေနဲ့ရင်ဆိုင်ရတဲ့အခါ ဘယ်လိုဖြတ်သန်းခဲ့ပါသလဲ။**

ခက်ခဲတဲ့အရာကတော့ အဲဒီအခါ စိတ်ဓာတ်ကို ကိုယ်ကိုယ်ကိုယ် တည်ငြိမ်အောင် ထားပြီးတော့ စိတ်ဓာတ်ကိုကြံ့ခိုင်အောင်ထားရတာပေ့ါ။ ဘာဖြစ်လို့လဲဆိုတော့ ခက်ခဲတဲ့ အရာက အမြဲဖြစ်တယ်လေ။ အန်တီတို့နိုင်ငံရေး အခြေအနေမှာရော အခြေအနေအားလုံးမှာပေ့ါနော်။ ကိုယ့်ရဲ့ စိတ်ကိုတည်ငြိမ်အောင်ထားရတာပေ့ါ။



> နယ်ဆင်မင်ဒဲလားကိုတော့ အားကျတယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းဒဲလားက လူဖြူ လူမည်းမှာ ဘာပဲပြောပြောသူက သူ့ရဲ့ ရပ်တည်မှု မရွေ့မပြောင်းရပ်တည်တယ်။ အဲဒီအတွက် မင်ဒဲလားကို အန်တီအရမ်း အားကျတယ်။

**ဘယ်လို ဦးဆောင်မှုအရည်အသွေးမျိုးကို လေးစားအားကျမိပါသလဲ။**

နယ်ဆင်မင်ဒဲလားကိုတော့ အားကျတယ်။ ဘာဖြစ်လို့လဲဆိုတော့ မင်းဒဲလားက လူဖြူလူမည်းမှာ ဘာပဲပြောပြောသူက သူ့ရဲ့ ရပ်တည်မှု မရွေ့မပြောင်းရပ်တည်တယ်။ အဲဒီအတွက် မင်ဒဲလားကိုအန်တီအရမ်း အားကျတယ်။

**ဘဝမှာ ဟန်ချက်ညီအောင် ဘယ်လိုကြိုးစားခဲ့သလဲ။**

အန်တီက အားလုံးကို ရိုးရိုးသားသားပဲ လုပ်တယ်၊ အန်တီလုပ်ချင်တာကို ပွင့်ပွင့်လင်းလင်းပဲ လုပ်တယ်။ အန်တီရဲ့ စိတ်နေသဘောထားပဲ နဂိုကတည်းက မတရား လုပ်တာ မကြိုက်လို့ အန်တီဒီနိုင်ငံရေးလောကထဲကို ပါဝင်လာတာလေ၊ အဲဒီမတရားတာကို မြင်ရင် ကိုယ့်တာဝန်ယူထားတဲ့အတွက် အခုလိုအတိုင်းပဲ သွားနေခဲ့တာလေ။

**ဘယ်လိုစည်းမျဉ်းစည်းကမ်းတွေချ မှတ်ပြီး ဘဝကိုဖြတ်သန်းသလဲ။**

အန်တီက အားလုံးကို နားလည်နိုင်တယ်။ နားလည်းနားလည်ပေးတယ် ဘာကြောင့်လဲဆိုတော့ ဥပမာ အန်တီတို့ရွှေတိဂုံဘုရားတက်ခဲ့ကြတယ်။ အဲဒီလို ခံစားရတဲ့အပေါ်မှာ လိုက်ပြောတဲ့သူ ရှိတယ်။ ဒါပေမဲ့ အန်တီကပြောတယ် တချို့ကတော့ မပြောစေချင်ဘူး။ အန်တို့ကို ပြောခိုင်းတယ် အန်တီကပြောလိုက်တယ်။ သူတို့ပြောမှ သူတို့ရှင်းတတ်မယ်။ အားလုံးကို ဒီလိုပဲ နားလည်ပေးတယ်။ အားလုံးကို မပိတ်ပင်ဘူးပေါ့နော်။ အားလုံးကိုကိုယ့်ရဲ့ပြောတတ်တဲ့အပေါ်မှာ ကိုယ်တာဝန်ယူတတ်မှ ကိုယ်သိနိုင်မယ်။ အန်တီဒီလိုပဲနားလည်ထားတယ်။ အဲဒါကြောင့်မို့ နားလည်ပေးတယ်။ နားလည်နိုင်တယ်။

**ဦးဆောင်သူ အမျိုးသမီးတစ်ဦးအတွက် သတိပြု ရမယ့် အရေးကြီးဆုံး အချက် ၃ ချက်လောက်ပြော ပြနိုင်မလား။**

ပညာရှိစကားလည်းရှိခဲ့တာပဲလေ၊ ဆိုစေခဲ စေမြဲစေတဲ့ နောက်ပြီးကတိသစ္စာတည်မှုသာ ဒီအလုပ်ကို ဘာပဲပြောပြော ဦးဆောင်တဲ့ နေရာမှာ လုပ်နိုင်မယ်လေ။ ကိုယ့်ရဲ့ လုပ်မယ့် အလုပ်မှာ ဥပမာ ဒီလမ်းသွားရမယ်ဆို ဖြောင့်ဖြောင့်ပဲ သွား ကွေ့ကောက်လို့မရဘူးလေ။ လမ်းကိုဖြောင့်ဖြောင့်သွားနိုင်ရမယ် အန်တို့ အမြင်ပေါ့နော်။ အန်တီဆို ဥပမာဒီမိုကရေစီရရှိရေးအတွက် အန်တီက ၈၈ ကတည်းက ဆောင်ရွက်ခဲ့တယ် အခု လက်ရှိအချိန်ထိစစ်မှန်တဲ့ ဒီမိုကရေစီ မရရှိသေးဘူးပေါ့နော်။ ဒါကြောင့် ဒီလမ်းကိုတောက်လျှောက်လုပ်နေတာလေ။ အန်တီတို့ နိုင်ငံမှာ စစ်မှန်တဲ့ ဒီမိုကရေစီရရှိဖို့ ကိုယ်ရဲ့ ယုံကြည်ချက်အတိုင်း လုပ်နေတာပေါ့။



# Woman IN THE LEAD

ဓာတ်ပုံ . အိသွဲ့ ( တန့်ယန်း )

"မြန်မာနိုင်ငံရဲ့တပ်ဖွဲ့ရဲ့ ရည်မှန်းချက်တာဝန်ဖြစ်တဲ့ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးဆိုတာက တကယ်တော့ ပြည်သူလူထုတစ်ရပ်လုံးကို လုံခြုံအောင်လုပ်ပေးတာပဲ။ လူတိုင်းကို ဥပဒေနဲ့အညီအေးအေးချမ်းချမ်းနေထိုင်လို့ရအောင် ဖန်တီးပေးရတာပဲ" ဟု သူတို့တာဝန်ကို တစ်ညီတည်း ခံယူနားလည်ခဲ့ကြသူ အမျိုးသမီးတစ်စုကို ကျွန်မတို့ ရှာဖွေတွေ့ရှိခဲ့ကြသည်။ ပြည်ထဲအရေးအရာကို ကိုယ့်တာဝန်ဟု ခံယူ သတ်မှတ်နိုင်ကြလင့်ကစား သူတို့၏ အပြုံး များကတော့ မာန်မရှိ ပီဘိအရိုးခံသက်သက်။ နိုင်ငံအတွက်လိုအပ်လျှင် အသက်ကိုပါ ပေးဆပ်ပေးပါမည့်အကြောင်း စွန့်လွှတ်စွန့်စားရန် အသင့်ရှိသူများကိုသာစုစည်းပြီး အထူးလုံခြုံရေးအတွက် တပ်ဖွဲ့တစ်ခုကို ၂၀၀၀ပြည့်နှစ်က စလို့ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်ဟုသိရှိရသည်။ ထိုတပ်ဖွဲ့၏ စွမ်းဆောင်မှုများက လူထုကြားတွင်တသွင်သွင် စီမံဝင်စီးဆင်းနေခဲ့သည်။ ၂၀၀၈ ခုနှစ်နာဂစ်ကာလက တာမွေအဝိုင်း တစ်ကွေ့တစ်ပတ်နှင့် ကန်တော်ကြီးပတ်လမ်းတစ်လျှောက်က သစ်ပင်သစ်တုံး အကျိုးအပြတ်များကြားတွင် သူတို့ခြေရာများရှိသည်။ ပိတ်ဆို့မှုကို ရှင်းလင်းရင်းကျခဲ့ကြရသည့် သူတို့၏ချွေးစက်များရှိသည်။



## ဒုရဲအုပ် ကြည်ငွေး

ငယ်တုန်းကတော့ တက္ကသိုလ်မှာ ကျူတာအရမ်း ဖြစ်ချင်ခဲ့တယ်။ ဒါပေမဲ့ဖေဖေ ရဲ့အသိတွေက ရဲဘက်ကများတော့ ကိုယ့်ကို ဒီအလုပ်နဲ့ ကိုက်ညီမယ်လို့ ဝိုင်းအကြံပေးခဲ့ကြတာနဲ့ ရဲတပ်ဖွဲ့ကို ရောက်လာခဲ့တယ်။ စခဲ့ပြီးမှတော့ နောက်မဆုတ်ချင်ဘူး။ ယောကျ်ားလေးတွေနဲ့ ရင်ပေါင်တန်းရတော့ သူတို့တန်းတူ လုပ်နိုင်ရမယ်လို့ တွေးခဲ့ဖူးတယ်။ ဒီလိုနဲ့ ဒီတပ်ဖွဲ့ထဲကိုရောက်လာခဲ့တာ ပါပဲ။ မိန်းကလေး အဖွဲ့အစည်းဆိုရင်လည်း ကိုယ့်အဖွဲ့ပဲရှိတာဆိုတော့ လူတွေအများကြီးထဲမှာမှ အရေးကြီးတဲ့အနီးကပ်လုံခြုံရေး တာဝန်ကို ယူရတဲ့အခါ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိတယ်။




## တပ်သား သင်းသင်းဝေ

လူကြီးတစ်ယောက်ရဲ့အနောက်ကနေ ဘော်ဒီဂတ်အနေနဲ့လိုက်ရတာကို သဘောကျလို့ပါ။ တချို့ training တွေဆိုရင် နည်းနည်းကြမ်းတယ်လေ။ ကိုယ်မလုပ်နိုင်ပေမယ့် ကိုယ်လုပ်ချင်တဲ့ အလုပ်ပဲလေ လုပ်နိုင်အောင် ကြိုးစားရမှာပေါ့ ဆိုတဲ့စိတ်မျိုးကြောင့်နဲ့ပဲဆက်ကြိုးစားနေတာပါ။ ရိုးရိုးရဲမဖြစ်ဖို့အတွက် အခြေခံသင်တန်းတက်တုန်းက ဒီအကြမ်းဖက် နှိမ်နင်းရေးတပ်ဖွဲ့က ဆရာတွေလာသင်တော့ သူတို့ရဲ့ လုပ်ပုံကိုင်ပုံတွေ၊ ဝတ်စားသွားလာတာတွေကိုကြည့်ပြီး သဘောကျတာပေါ့နော်။ ဒါကြောင့် ဒီသင်တန်းကို တက်နေတာပါ။ နောက်ပြီး နိုင်ငံတော်သမ္မတကိုစောင့်ရှောက်ရမယ်ဆိုရင်လည်း ကိုယ့်ရဲ့အရာ အားလုံးကို မေ့ထားပြီး စိတ်ရော ကိုယ်ရော အားလုံးက သူ့အပေါ်မှာပဲ နှစ်မြှုပ်အာရုံစိုက်ထားရမှာလေ။



## တပ်ကြပ် အေးမိုးထက်

အိမ်က အဖေအမေကတော့ ဆရာမလုပ်လို့ ပြောခဲ့တယ်။ ဆရာမကတော့ မလုပ်ချင်ဘူးလေ။ ကျန်တဲ့ အလုပ်ထဲက ရွေးချယ်ရမယ်ဆိုတော့ စဉ်းစားတဲ့အခါ ရဲလုပ်နေတဲ့သူငယ်ချင်းရှိတော့ သူ့ကိုကြည့်ပြီး ရဲလုပ်မယ်လို့ လျှောက်လိုက်တယ်။ နောက်တော့ ဒီလိုတပ်ဖွဲ့ရှိတယ် ကိုယ်ကလည်း ဝါသနာပါတယ်ဆိုတော့ ဒီထဲကို ရောက်လာတာပါ။ နောက်အလုပ်ကလည်း ဒီလိုအချိန်နဲ့ စနစ်တကျ နေရထိုင်ရတာ ကိုယ်နဲ့ နေသားတကျပါပဲ။ အားလုံးကလည်း အလုပ်လုပ်ကြတဲ့အခါ ပျော်ပျော်ရွှင်ရွှင်နဲ့အတူတူ ဝိုင်းလုပ်ဆောင်ကြရတော့ပျော်လည်း ပျော်တယ်။



## တပ်ကြပ် စုမြတ်မွန်

ဒီအလုပ်ထဲမှာ ဘဝကို ဘယ်လောက်ထိမြှုပ်နှံထားရမလဲဆိုတာ သိရက်နဲ့ပဲ ဒီအလုပ်ကိုရွေးချယ်တဲ့တာပါ။ ဒီအလုပ်က အခြားမိန်းကလေးတွေနဲ့ လည်းမတူဘူးပေါ့။ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုလည်းရှိတယ်။ ဒီအလုပ်ကို စလုပ်ခဲ့ကတည်းက နောင်တရခဲ့တာမျိုးမရှိခဲ့သလို ကြောက်တာလည်း မရှိခဲ့ပါဘူး။ ဘယ်နေရာမှာမဆိုကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုကတော့အပြည့်ရှိနေတယ်။



## တပ်ကြပ် အိပြုံးအောင်

ကျွန်တော်တို့က အနီးကပ်လုံခြုံရေးကိုယူရတဲ့ အခါတစ်ခုခုဖြစ်လာခဲ့ရင် ငါတို့ခေါင်းကိုကျမယ်ဆိုတဲ့စိတ်မျိုးကိုဖယ်ထားရတယ်။ ဒါငါတို့နိုင်ငံရဲ့အကြီးအကဲဖြစ်တယ်၊ ဒါဟာ ငါတို့နိုင်ငံဖြစ်တယ်။ ဒါကိုလုံခြုံအောင်လုပ်ဖို့ငါတို့မှာတာဝန်ရှိတယ်ဆိုပြီး အစစအရာရာကို စေ့စေ့စပ်စပ် သတိထားရပါတယ်။ ဒီလိုအရေးကြီးတဲ့တာဝန်တွေထမ်းဆောင်နေတဲ့ လူမျိုးတွေကို အားကျတယ်။ သူများကိုဦးဆောင်ရမယ့်လူတွေဟာ ကိုယ်တိုင်ကသူများထက် အရည်အချင်းသာနေရမယ်။ ဥပမာပြောရရင် ကျွန်တော်တို့တပ်ဖွဲ့ရဲ့ရဲမှူးကြီးကိုဆိုရင်အားကျတယ်။ ဘယ်လိုလဲဆိုရင် အစစ အရာရာ စီမံခန့်ခွဲနိုင်တာတွေ၊ အုပ်ချုပ်ရေးတွေ၊ နိုင်ငံရဲ့လုံခြုံရေးတာဝန်တွေယူနိုင်တဲ့အရည်အချင်းမျိုးကိုအားကျတာပါ။

# ဒုရဲအုပ် ဇာဇာအောင်

ထိုအထဲကမှ လူထုကြားစာမျက်နှာထက်၊ တာဝန်ထမ်းဆောင်နေသောသူမ၏ပုံရိပ်များ တီဗီဖန်သားပြင်ထက်တွင် ခေတ်စားလာသည်။ သူမကဒုရဲအုပ်ဇာဇာအောင်။ ပထမဆုံး အမျိုး သမီးကိုယ်ရံတော် တပ်ဖွဲ့ဝင်တစ်ဦးဖြစ်လာသူ၊ လက်ရှိမှာ သမ္မတလုံခြုံရေးတာဝန်ကိုထမ်းဆောင် နေရသူ..။ နိုင်ငံတကာ လေ့ကျင့်ရေး ကွင်းများတွင် နာမည်သတင်းကျော်စောသူ..။ ပေါင်၂၀ အလေးချိန်နှင့် ဝတ်စုံပြည့်ယှဉ်ပြိုင်ရသော တော တွင်းခရီးကြမ်းပြိုင်ပွဲတွင် အမျိုးသား ၄၁၉ ဦး နှင့်အတူပါဝင်ယှဉ်ပြိုင်ခဲ့ရာ ၇ဦးမြောက်ပန်း ဝင်လာသူအဖြစ် ၂၀၀၆ ခုနှစ်တွင် အောင်ပွဲခံနိုင် ခဲ့သူ..။ ယောကျ်ားများနှင့်အပြိုင်ရင်ပေါင်တန်းလုံးထွေး သတ်ပုတ် စွမ်းဆောင်နိုင်သူ..။ စသည့် စသည့် ဂုဏ်ပုဒ်များကသူမ၏တပ်ဖွဲ့ပြယုဂ်များဖြစ်လာစေသည်။

**ဘာလို့ ခုလိုဘဝဖြတ်သန်းမှုမျိုးကိုရွေးချယ်ခဲ့တာပါလဲ။ ဒီလိုခက်ခဲပင်ပန်းတဲ့အလုပ်မျိုးတွေ လုပ်နိုင်ဖို့အတွက် ဘယ်တုန်းကတည်းက သတ္တိ တွေမွေးခဲ့တာ လဲ။**

ဒီလိုခက်ခဲပင်ပန်းတဲ့အလုပ်လုပ်ရမယ်လို့တော့ ထင်မထားခဲ့ဘူး။ ရဲခေါ်တုန်းကတော့ဘာရယ် မဟုတ်ဘူး လျှောက်လိုက်တာပဲ။ ပင်ပန်းဒဏ်ကိုခံနိုင်တယ်လို့ပြောရမလား . . ဝါသနာလည်းပါတယ် လုပ်လည်းလုပ်ချင်တယ်ဆိုတာနဲ့ လျှောက်လိုက်တာပဲ။ အခြေခံသင်တန်းဆင်းပြီးကတည်းက တခြားဘာဆန္ဒမှ မရှိခဲ့သေးဘူး။ ဆန္ဒတစ်ခုတည်းပဲ ဘာလဲဆိုတော့ ဒီအထူးတာဝန်တပ်ဖွဲ့မှာပဲ ဆက်နေမယ်၊ မပြောင်းဘူးလို့။ ဆန္ဒတောင်း ခံတဲ့အခါ ဒီဆန္ဒတစ်ခုပဲတောင်းခဲ့ဖူးတယ်။

**ခက်ခဲကြမ်းတမ်းတဲ့ကိစ္စတွေကိုရင်ဆိုင်ရတဲ့အခါ ဘယ်လိုဖြတ် သန်းခဲ့ပါ သလဲ။**

သိပ်ခက်ခဲတဲ့ဘဝမျိုး၊ အခြေအနေမျိုးမှာ မနေခဲ့ဖူးဘူး။ သင်တန်းမှာ ခက်ခဲတယ်ဆိုတာလည်း သိပ်မရှိခဲ့ဘူး။ အဲလိုပဲ မိဘတွေနဲ့နေတဲ့အချိန်မှာလည်း မရှိခဲ့ဘူး။ ဘယ်လိုပြောရမလဲ ဘဝကို အလိုက်သင့် အလျားသင့် နေတတ်ခဲ့တယ်ပေါ့။ ကိုယ့်ဘဝကို နေတတ်အောင်ဖြတ်သန်းလာခဲ့တာပဲ။ ရောက်တဲ့အခြေအနေနဲ့ အကောင်းဆုံး ဖြစ်အောင်ကြိုးစားခဲ့တယ်။ နေတတ်အောင် နေခဲ့တယ်။ နောက်ပြီးသူများတွေလို ဖြစ်ချင်တာတွေနဲ့အရမ်းခက်ခဲတာတွေကို ကြုံရတယ်ဆိုတာလည်း မရှိဘူး။ ဖြစ်ချင်တာတွေမဖြစ်လို့စိတ်ဓာတ်တွေကျတာမျိုး လည်း မခံစားခဲ့ရဘူး။ ကိုယ်မကျွမ်းကျင်တဲ့ဘာသာရပ်ကို စိတ်ညစ်ခံပြီးနေရတယ် ဆိုတာလည်း မရှိခဲ့ဖူးဘူး။ နေတတ်ခဲ့တယ်လို့ပဲပြောရမလား၊ သင်တန်းမှာလည်း ပင်ပန်းခံနိုင်ခဲ့တယ်လို့ပဲပြောရမလားလည်း မသိဘူး။

**အသက်၁၈နှစ်အရွယ် လောက်က ကိုယ့်ကိုယ်ကိုယ် ဘယ်လိုတွေး ခဲ့ဖူးလဲ။**

ကိုယ့်ကိုယ်ကိုယ်ဘာဖြစ်ချင်တယ်ဆိုတာမျိုးတွေးခဲ့ဖူးတဲ့အတွေးမျိုးတော့မရှိပါဘူး။ ကျောင်းတက်ခဲ့တဲ့ ကာလတုန်းက ဘာဖြစ်ရမယ် လို့ မှန်းခဲ့ဖူးတာတွေ၊ ကိုယ်ဖြစ်နိုင်တဲ့ ရည်မှန်းချက်မျိုးတွေမရှိခဲ့သလို သိပ်မြင့်မားတဲ့ဘဝကိုလည်း မမှန်းခဲ့ဘူး။ တောင်သူသားသမီး ဆိုတော့လည်း ကိုယ့်မိဘကိုဝန်ထုပ်ဝန်ပိုး ဖြစ်စေမယ့်ဆန္ဒမျိုးတွေ မတွေးဖြစ်ခဲ့ဘူး။ ကိုယ့်မိဘက ဘာလုပ်ပေးရမယ်ဆိုတဲ့အတွေးမျိုးလည်း မတွေးခဲ့ဖူးဘူး။



ဒီလိုပဲ ကိုယ့်ဘဝနဲ့ ဖြစ်နိုင်မယ့် အရာ ကိုပဲကြိုးစားရင်း ဘွဲ့ တစ်ခုရပြီး အလုပ်တစ်ခုရ အောင်လုပ်ဖို့ ကြိုးစား ခဲ့တာပဲရှိ တယ်။ (ခပ်ပြုံးပြုံး ပြောနေရာ က ရယ်လျက်) ပြောရမယ်ဆိုရင် ဇာကြီး ဘဝက ဘာမှမရှိဘူး။ သိပ်ရိုးရှင်းတာပဲ။

**ဒါဆို နေချင်ခဲ့တဲ့ငယ်ဘဝ စိတ်ကူးမျိုးနဲ့ အခု လက်ရှိ ဘဝ တစ်ထပ်တည်းကျ မကျ။**

တစ်ထပ်တည်းကျပါ တယ်။ ဒီဘဝကို ကျေနပ်ပါ တယ်။



ဘူးလေ။ ဘဝကို ဘယ်လိုဖြစ်အောင် လုပ် မယ်ဆိုတာမျိုးတွေထားခဲ့တာမျိုး မဟုတ်တော့ ရဲအရာရှိဖြစ်တာလည်း မျှော်လင့်မထားတာဘူး။ ဘာဖြစ် ရမယ်လည်း မျှော်လင့်မထားဘူး။ ဒီလိုဖြစ်လာတယ်ဆိုတာလည်း မျှော် လင့်မထားတဲ့ အရာပဲ။ ကိုယ် မမျှော် လင့်ထားတာတွေပဲဖြစ်လာတယ်။

**ဘဝမှာဘယ်လိုစည်းမျဉ်းစည်း ကမ်းတွေနဲ့ ဖြတ်သန်းခဲ့သလဲ။**

ညီမဘဝမှာစည်းမျဉ်းစည်းကပ်တွေ တင်းကျပ်တာမျိုးမခံခဲ့ရဖူးဘူး။ မိဘတွေနဲ့ နေခဲ့တုန်းကလည်း မိဘ က ဘယ်လိုစည်းကမ်းနဲ့နေရမယ်ဆို ပြီးတင်းကျပ်တာမျိုးလည်း အထူးတ လည် မရှိခဲ့ဘူး။ ပြောရရင် ကိုယ်နေ ချင်သလို နေခဲ့ရတယ်ပေါ့။ သင်တန်းမှာလည်း စည်းကမ်းကိုအထူးတလည် ခက်ခက်ခဲခဲမဖြတ် သန်းခဲ့ရပါဘူး။

**အခုလက်ရှိတာဝန်တွေပေါ်ကြောက်စိတ် စိုးရိမ်စိတ်တွေရောမရှိခဲ့ဖူးဘူးလား။**

ကြောက်စိတ်တော့မရှိဘူး။ တာဝန်မကျေမှာ ကိုတော့ စိုးရိမ်တယ်။ တာဝန်လစ်ဟင်းမိမှာကို တော့ကြောက်တယ်။



**ဘယ်လိုဦးဆောင်မှုအရည်အသွေးတွေကို လေးစားအားကျမိပါသလဲ။ လေးစားအား ကျရသူရှိဖူးတယ်ဆိုရင် တစ်ယောက် လောက် ကိုပြောပြပါလား။**

လေးစားအားကျရတဲ့သူတွေကတော့ အများ ကြီးပဲ ဥပမာသေနတ်ပစ်ဆိုရင် ဆရာဖျတ် မောအိ (ချင်းတိုင်းရင်းသူ ဒုရဲ အုပ် တစ်ဦးလို့ သိရပါတယ်)..။ ဆရာဖျတ်မောအိက သေနတ် ပစ်တာကို ခရေဇီရှိတယ်။ တစ်စိုက်မတ်မတ်လုပ်တယ်။ စတာမျိုး နေရာတိုင်းမှာ တော့တစ်ယောက်တစ်ယောက် စီနဲ့ အများကြီးရှိတယ်။ ဆရာတွေ အများကြီးနဲ့နေလာတာဆိုတော့ အများ ကြီး ရှိပါတယ်။ စိတ်ဓာတ်ရေးရာဆိုရင် အားကျတဲ့သူ၊ အုပ်ချုပ်ရေးမှူးဆိုရင် ဘယ် သူ၊ အဘ(သူတို့ရဲ့ တပ်ဖွဲ့မှူး- ရဲမှူးကြီးကို ဆိုလိုတာပါ)ဆိုရင် စီမံခန့်ခွဲနိုင်တာ၊ အုပ်ချုပ်နိုင်တာလိုအလုပ်တွေအများ ကြီးလုပ်တာမျိုး အဲသလို ကိုယ် နေတဲ့ နေရာမှာ လေးစား အား ကျ ရတဲ့သူတစ် ယောက်စီရှိ တယ်။

**ဘဝကို ဟန် ချက် ညီ အောင် နေထိုင်ဖို့ ဘယ်လိုများ ကြိုး စားခဲ့ပါသလဲ။ အဲ သလို နေထိုင်ဖို့ စီမံကိန်းချထားတာ မျိုးကောရှိပါသလား။**

မရှိပါဘူး။ ဝန်ထမ်းဆိုတာ ပြောရခက်တယ်။ ဒီ နေရာမှာပဲ အမြဲတမ်းနေရမယ်ဆိုတာမျိုးလည်း ပြောလို့မရ


**အခုလက်ရှိတာဝန်အပေါ်နဲ့ သမ္မတအပေါ် ဘယ်လို သဘောထားလဲ။**

အစကတော့ ဒီလိုဖြစ်လာမယ်လို့ မျှော်လင့်မထားခဲ့ ဘူး။ ဝန်ထမ်းဆိုတာ ကိုယ်ကျတဲ့နေရာမှာ တာဝန် ကျေပွန်အောင် ထမ်းဆောင်မယ်လို့တော့ စိတ်ကို ထားပါတယ်။ တာဝန်ကျေ ချင်တယ်။ ဘယ်သူက ကိုယ့် ခေါင်းဆောင်ဖြစ်ရ မယ်လို့ ဘယ်သူမှရယ်လို့ မရှိခဲ့ဘူး။ ကိုယ့်တာဝန်ကို ကိုယ် ကျေပွန်အောင် ထမ်းဆောင်ရမယ်ဆိုတာပဲတွေးပါတယ်။ သမ္မတကြီးကလည်း အလွန် လေးစား

“

တစ်ခုခု ကြုံလာခဲ့ရင်တောင်မှ ကိုယ်တစ်ယောက်တည်း ဆုံးဖြတ်ပြီး ကိုယ်တစ်ယောက်တည်း မှန်တယ်လို့ ပြောလို့တော့ မရဘူး။ လေ့လာသုံးသပ်ရမယ်။ လူ့ပတ်ဝန်းကျင်မှာ ဒီအကြောင်းအရာအားလုံးကို အားလုံးသုံးသပ်ရမယ်။ ကိုယ်တိုင်သင်တန်းကို ဦးဆောင်ရတာက တော့ သိပ်အများကြီး တွေးမထားပါဘူး။ သင်ခန်းစာတွေကို သူတို့ရှေ့မှာပြောပြလုပ်ပြရမယ်။ သူတို့ကိုခိုင်းဖို့ကိုယ်က

ကြည်ညိုစရာကောင်းပါတယ်။ အန္တရာယ် ပြုလာနိုင်သူတွေထဲမှာ လူမျိုးစုံလည်း ရှိလာနိုင်သလို ယောကျ်ားရော၊ မိန်းမပါ အားလုံး ဖြစ်နိုင်တဲ့အတွက် နိုင်ငံတော်က လုံခြုံရေး တာဝန်ကို အမျိုးသား အပြင်အမျိုးသမီးတွေပါ ထပ်မံရွေးချယ်လိုက်တဲ့အခါ ညီမတို့က ပါလာရတာပါ။ ဒါကြောင့် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရမယ်လို့ပဲ သဘောထားပါတယ်။



**ဦးဆောင်သူတစ် ယောက်မှာရှိမယ့် အချက်တွေ အရည်အချင်း ရှိသင့်တဲ့ အချက်တွေကဘာတွေလို့ ထင်ပါသလဲ။ ကိုယ်တိုင်က သင်တန်းကို ဦးဆောင် နေရတဲ့ ဦးဆောင်သူတစ်ယောက် ဖြစ်နေတဲ့အတွက် ဦးဆောင်သူတစ်ဦးမှာ ရှိသင့်တဲ့အချက်တွေကို နည်းနည်းပြောပြ နိုင်မလား။**

ဖြစ်လာရင်ကိုယ့်ဘက်က ကာကွယ်ထားနိုင်ဖို့ အရည်ချင်းကတော့ပြီး ပြည့်စုံနေဖို့တော့လိုပါတယ်။ အဲသလိုပြီး ပြည့်စုံမနေရင်တောင် အတတ်နိုင်ဆုံးတော့ဖြစ်သင့်ဖြစ်ထိုက်တဲ့ အလျှောက် ရှိးသား သင့်တယ်လို့တော့ ထင်ပါတယ်။ ဒါကြောင့် ကြိုးစားရမှာကစိတ်ဓာတ်ပိုင်းရော ကြံ့ခိုင်ရေးပိုင်းရောပေါ့လေ။ လူ့ပတ်ဝန်းကျင်ကတော့ အကောင်းဆုံး လိုချင်မှာ ပေါ့လေ။ ဒါကြောင့်အတတ်နိုင်ဆုံး အကောင်း ဆုံးကြိုးစားရမှာပေါ့။ တစ်ခုခု ကြုံလာခဲ့ရင်တောင်မှ ကိုယ်တစ်ယောက်တည်း ဆုံးဖြတ်ပြီး ကိုယ်တစ်ယောက်တည်းမှန်တယ်လို့ ပြောလို့တော့မရဘူး။ လေ့လာသုံးသပ်ရမယ်။ လူ့ပတ်ဝန်းကျင်မှာ ဒီ အကြောင်းအရာအားလုံးကို အားလုံး သုံးသပ်ရမယ်။ ကိုယ်တိုင်သင်တန်းကို ဦးဆောင်ရတာကတော့ သိပ်အများကြီး တွေးမထားပါဘူး။ သင်ခန်း စာတွေကို သူတို့ရှေ့မှာပြောပြလုပ်ပြရဲရမယ်။ သူတို့ကိုခိုင်းဖို့ ကိုယ်က ရှေ့ကလုပ်ပြနိုင်ရမယ်ပေါ့။ ဒီလောက်ပါပဲ။ ညီမအနေနဲ့ကျတော့ ဒီသင်တန်းမှာ ဦးဆောင် သူတစ်ယောက် အဖြစ်နဲ့ဖြတ်သန်းရတယ်ဆိုပေမယ့် သိပ်မခက်ခဲဘူး။ ဘာလို့လဲဆို တော့ ဒီတာဝန်တွေ၊ ဒီအခြေအနေတွေဟာ ဘယ်လိုရောက်လာမှန်း မသိတဲ့ မသိမသာ ဖြစ်လာခဲ့တဲ့နေရာဆိုတော့အထူးတလည် ကြိုတွေးနေခဲ့တာမျိုးမရှိဘူး။ ကြိုးစားပြီးလုပ်ခဲ့တာတွေပဲ ရှိတယ်။ နောက် တကယ် လုပ်ရတဲ့အခါ ကိုယ်ဦးဆောင်ရမယ့်သူတွေကို ကိုယ့်ထက်ငယ်တဲ့ သူလို့ပဲစိတ်ထဲမှာ မွေးလိုက်တယ်။



**ကိုယ့်ကိုလူသိများလာတော့ စိတ်ထဲဘယ် လို ခံစားရသလဲ။**

နည်းနည်းတော့ အနေရကျပ်လာတာ အမှန်ပဲ။

**ဘဝမှာ ကြုံရတဲ့စိတ်ဖိစီးမှုတွေကို ဘယ်လိုနည်းနဲ့ အပန်းဖြေလေ့ရှိပါသလဲ။**

အရမ်းပင်ပန်းလာရင် သီချင်းနားထောင် လိုက်တယ်။ ကျန်တာတော့ မရှိပါဘူး။

**အခက်အခဲတစ်ခုကို တစ်ယောက် တည်းဖြေရှင်းရတော့ မယ့်အခြေအနေ ကြုံလာရင် ဘာအရည်အချင်း ရှိဖို့လိုအပ်ပါသလဲ။**

အရာရာကိုသုံးသပ်တတ်ဖို့ပဲ လိုတယ်လို့ထင် ပါတယ်။

**ဒီဘဝကိုရွေးချယ်ခဲ့တဲ့အတွက် နောင်တရခဲ့ မရှိခဲ့။**

နောင်တတော့မဖြစ်ဘူး။

**တစ်ချိန်မှာ နလုံးသားရေးရာနဲ့ အလုပ်နှစ်ခုထဲက တစ်ခုကို ရွေး ရတော့မယ်ဆိုတဲ့ အခြေ အနေကို ရောက်လာခဲ့ရင် ဘယ်လိုဆုံးဖြတ် မိမယ်လို့ ထင်လဲ။**

အဲဒါမျိုးမဖြစ်ဘူး ထင်တာပဲ။ ရှိရင်လည်း အလုပ်ကတော့ စွန့်လွှတ်လို့ မရပါဘူး။ အခုထိတော့ အိမ်ထောင်ပြုဖို့ကို စိတ်ကူးမထားသေးဘူး။ ဒီမှာစကတည်းက စဉ်းစားရမှာက အိမ်ထောင် ပြုရင်လည်း ဒီအလုပ် ကိုမြတ်နိုးတဲ့သူပဲဖြစ်မှရမှာပေါ့။ ကိုယ်ကတော့ ဒီအလုပ်ကို တစ်စိုက်မတ် မတ်လုပ်နေတာဆိုတော့ ဒီအလုပ်ကို နားလည် ပေးနိုင်တဲ့သူပဲဖြစ်မှရမယ်။ အဲဒါမျိုးတော့ တွေးထားရပါတယ်။

**ဒီတော့ ဒီအလုပ်ကိုပဲ ရွေးချယ် မယ်လို့ ပြောချင်တာလား။**

ဟုတ်ပါတယ်။

**ယောကျ်ားတွေနဲ့ရင်ပေါင်တန်းအလုပ်လုပ်နေတဲ့ အမျိုးသမီး တစ်ယောက် အနေနဲ့ ယောကျ်ားတွေပဲ လုပ်နိုင်တယ်ဆိုတဲ့ အလုပ်တွေခုချိန်မှာ မရှိတော့ဘူးလို့ ယုံကြည်ထားလား။**

ရာခိုင်နှုန်းအားဖြင့်တော့ ဖြစ်ကောင်း ဖြစ်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ နေရာ တိုင်းမှာတော့မပြောနိုင်ပါဘူး။ တချို့ယောကျ်ားတွေပဲ လုပ်နိုင်တဲ့နေရာမှာ မိန်းမတွေလုပ်ချင်မှလုပ်နိုင်မယ်။ တချို့နေရာတွေမှာ မိန်းမတွေပဲလုပ်နိုင်တာကို ယောကျ်ားတွေ လုပ်ချင်မှ လုပ်နိုင်လိမ့်မယ်။ ကိုယ်စွမ်းအားရှိသလောက်ပေါ့။

# BEYOND THE WOMEN

# ဒေါ်ရွှေဇီးကွက်

## နာရေးကူညီမှုအသင်း ၊ ရန်ကုန် ၊ ၏ အတွင်းရေးမှူး

ဖြိုး စုပို ပို

မဟာကရုဏာတော်ရှင် မြတ်စွာဘုရားက သတ္တဝါအားလုံး၏ အကျိုးအတွက် ပါရမီတရား များကို ဖြည့်ကျင့်ပြီးရင် မြင့်မြတ်တဲ့ သမ္မာသမ္ဗောဓိဉာဏ်ကို ရရှိတော်မူ၏လို့ မိန့်ဆိုထားတဲ့အတိုင်း ဘုရားဖြစ်ဖို့အတွက် ဗုဒ္ဓမြတ်စွာဘုရား ကျင့်ကြံအားထုတ်ခဲ့တဲ့ ပါရမီတွေဟာ မဟာ့မဟာ ပရဟိတ၊ လောကဟိတလုပ်ငန်းတွေ ဖြစ်နေပါတယ်။ ပရဟိတဆိုတာမှာ 'ပရ'ဆိုတာက သူတစ်ပါး၊ 'ဟိတ'ဆိုတာက အကျိုး။ သူတစ်ပါး အကျိုး ဆောင်ရွက်ခြင်းကို ခေါ်တာပါ။ 'လောက ဟိတ'ဆိုတာကတော့ လူ့လောကအကျိုးကို သယ်ပိုးဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။ ဒီလို သူတစ်ပါးအကျိုး၊ လူ့လောကအကျိုးကို သယ်ပိုးဆောင်ရွက်နေတဲ့အဖွဲ့တွေ၊ အဖွဲ့ဝင်တွေ၊ စေတနာရှင်တွေ အမျိုးမျိုးထဲကမှ နာရေးကူညီမှုအသင်း (ရန်ကုန်) ဆိုရင် လူတိုင်းသိကြပြီး ဖြစ်ပါတယ်။ ဒီအသင်းကြီးရဲ့ အတွင်းရေးမှူး ဒေါ်ရွှေဇီးကွက် (ခေါ်) ဒေါ်မြင့်မြင့်ခင်ဖေနှင့် ရတီက တွေ့ဆုံရခိုက် . . . . .

"

ကိုယ်တည်းတစ်ယောက်
ကောင်းဖို့ရောက်မှု ၊ ခုလောက်ကြိုးကုတ်
အားမထုတ်ဘူး၊ ကိုယ့်နောက်အများ
ချမ်းသာပွားမှု၊ တစ်ပါးဖြစ်ထွေ ဆင်းရဲစေတော့
စတဲ့ အနုတ် အင်မတန်မှ
သက်ဝင်ယုံကြည်ကြည်ညိုလေးစားရတဲ့
မြတ်စွာဘုရားနဲ့
ဆရာတော်ကြီးတွေရဲ့
အဆုံးအမတွေဟာ . . .



**အန်တီတို့ရဲ့ နာရေးကူညီမှုအသင်း (ရန်ကုန်) ရဲ့ အခုလက်ရှိမှာ လုပ်ဆောင်နေတဲ့ လုပ်ငန်း အကြောင်းလေးတွေကို ပြောပြပေးပါလား။**

အသင်းရဲ့ လုပ်ဆောင်ချက်တွေကတော့ အများကြီးပဲ။ အကြမ်းဖျင်းခွဲပြောရရင်တော့ နာရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကယ်ဆယ်ရေး (လုပ်ငန်းတွေကို လုပ်တယ်)အသေးစိတ် သိချင်ရင်တော့ နာရေးကူညီမှုအသင်း-ရန်ကုန် Facebook နဲ့ ကိုကျော်သူရဲ့ Kyaw Thu Fan page တွေမှာ ဝင်ကြည့်နိုင်ပါတယ်။

**ဒီလိုအလုပ်တွေကို အန်တီ စလုပ်ဖြစ်ခဲ့ရတဲ့ ခွန်အားက ဘာတွေကြောင့်ပါလဲ။**

အန်တီတို့ထက် နှစ်နှစ်ကျော်ကျော်စောတဲ့ မြန်မာပြည်ရဲ့ပထမဆုံးသော နာရေးကူညီမှု အသင်းဖြစ်တဲ့ မန္တလေးက လူထုဒေါ်အမာတို့၊ တောင်စလင်းကျောင်းတိုက် ဆရာတော် ဦးတိက္ခတို့ ထူထောင်ခဲ့တဲ့ ဗြဟ္မစိုရ်နာရေးကူညီမှု အသင်းမှာ အန်တီဖေဖေရဲ့ နှမအရင်းဖြစ်တဲ့ မြန်မာစကထိကဒေါ်လှမြတ်က နာယကတစ်ဦးပါ။ သူ့ဆီကနေအသင်းအကြောင်းတွေကြားနေရတာကြောင့် အန်တီစိတ်ဝင်စားခဲ့တာပါ။

**ဒီအလုပ်ကို စလုပ်ခဲ့တုန်းကရော ပတ်ဝန်းကျင်ရဲ့ တုံ့ပြန်မှုက ဘယ်လိုတွေ ရှိခဲ့ပါသလဲ။**

အန်တီက နာမည်ကြီးတစ်ယောက် မဟုတ်တော့ ကိုကျော်သူလောက်တော့ ပတ်ဝန်းကျင်ရဲ့ တုံ့ပြန်မှုကို သိပ်သတိမထားမိခဲ့ပါဘူး။ ဒါပေမဲ့ မှတ်မှတ်ရရ မေမေ့အစ်မအရင်း စာရေး ဆရာမကြီး ယုဝတီခင်စိန်လှိုင်ကတော့ "ရွှေဇီးကွက်တို့ ဘယ်လိုဖြစ်ပြီး ဒီအမင်္ဂလာအလုပ်တွေ လုပ်နေကြတာလဲ"လို့ မေမေ့ကိုမေးဖူးတယ်။ သူကတော့ အင်မတန်မှ လှလှပပ နုနုရွရွလေးတွေကို ကြိုက်တဲ့သူ၊ သူ့ဝတ္ထုထဲက ဇာတ်ကောင်တွေဆိုရင် အမြဲတမ်း လှလှပပ အဆင့်အတန်းမြင့်မြင့်တွေချည်းဆိုတော့ သူ့တူမယောက်ျား ရုပ်ရှင်မင်းသားကိုလည်း အရမ်းလှလှပပအဆင့်မြင့်မြင့် မြင်ချင်တဲ့သူပေါ့။ ဒါပေမဲ့သူ့ခမည်းခမက်တစ်ဦးဆုံးလို့ ကိုကျော်သူကိုယ်တိုင် နာရေးကားမောင်းပြီး ကူညီပေးခဲ့တော့ အန်တီစိန်က ဂျာနယ်တစ်ခုထဲမှာ သူ့အမြင်လွဲခဲ့တာ မှားသွားပါတယ်။ ဒီအလုပ်က အလွန်မွန်မြတ်တဲ့ အလုပ်မှန်းသိပါပြီလို့ တောင်းပန်ကျေးဇူးတင်စာရေးခဲ့ပါတယ်။

**ကိုယ့်အလုပ်တွေကို အနှောင့်အယှက်ဖြစ်အောင် အခက်အခဲတွေဖြစ်အောင် လုပ်ခဲ့ခံရတုန်းကရော အန်တီတို့ ဘယ်လို ကျော်ဖြတ်ခဲ့ရပါသလဲ။**

ဗုဒ္ဓမြတ်စွာဘုရားရဲ့ *'မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ဖြူအောင်စိတ်ကိုထား'*တို့၊ ရွှေဟသာ်ဆရာတော်ဘုရားကြီးရဲ့ *'အများအကျိုးရွက်သယ်ပိုးက၊ မဒိုးမခန့် ဆိုကဲ့ရဲ့လည်း၊ မဖွဲ့မစောင်း ကိုယ့်လမ်းကြောင်းကို စိတ်ကောင်းနှင့်ယှဉ်ရှေးရှုနှင်လော့'*တို့၊တောင်မြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသရဲ့ *'ကိုယ်တည်းတစ်ယောက်ကောင်းဖို့ရောက်မူ၊ ခုလောက်ကြိုးကုတ်အားမထုတ်ဘူး၊ ကိုယ့်နောက် အများချမ်းသာပွားမူ၊ တစ်ပါးဖြစ်ထွေ ဆင်းရဲစေတော့'*စတဲ့ အန်တီ အင်မတန်မှ သက်ဝင်ယုံကြည်ကြည်ညိုလေးစားရတဲ့ မြတ်စွာဘုရားနဲ့ ဆရာတော်ကြီးတွေရဲ့ အဆုံးအမတွေဟာ အန်တီတို့ကို ဘယ်လိုအခက်အခဲ အနှောင့်အယှက်ကိုဖြစ်စေ လွယ်ကူအောင်မြင်စွာ ကျော်ဖြတ်နိုင်အောင် စွမ်းအားတွေ ပေးခဲ့ပါတယ်။ အန်တီ့ ဖေဖေကလည်း အန်တီ့ကို "သမီးရေ လောကကြီးမှာ ဘာကိုမှ မလိုချင်တဲ့သူဟာ ဘာကိုမှ ကြောက်ရွံ့နေစရာ မလိုဘူး"လို့ ပြောလေ့ရှိခဲ့ပါတယ်။ အန်တီတို့ကလည်းပရဟိတအလုပ်တွေကို ကိုယ့်အတွက် ဘာကိုမှမျှော်ကိုးပြီး လုပ်နေကြတာ မဟုတ်တော့ ဘယ်သူက ဘယ်လိုခြောက်ခြောက် မကြောက်မရွံ့ လုပ်ကိုင်နိုင်ခဲ့ကြပါတယ်။

**မိဘတစ်ယောက်ဖြစ်တဲ့ အန်တီက ကိုယ့်ရဲ့ သားသမီးတွေရဲ့ အဝေးမှာ လူမှုရေးအလုပ်တွေပဲ ဦးစားပေးလုပ်နေရတဲ့ ရည်ရွယ်ချက်ကိုလည်း သိချင်ပါတယ်။**

အန်တီတို့သားကြီးက ၁၇နှစ်သား၊ ၂၀၀၁ ခုနှစ် ၁၀တန်းအောင်ပြီးကတည်းက နိုင်ငံခြားမှာ ကျောင်းသွားတက်ပြီး Arizona State University (USA) ကနေ Mechanical Engineer ဘွဲ့ရပြီး အခု Boeing လေယာဉ်ပျံကုမ္ပဏီမှာအလုပ်လုပ်နေပြီ။သမီးကတော့ ၂၀၀၇ ခုနှစ် သံယာ့အရေးအခင်းမှာကျွန်မတို့ကို ဖမ်းမယ်သတင်းကြိုရလို့ သူ့အမျိုးသားနဲ့ Australia ကိုလိုက်သွားခဲ့တာ အခုတော့ University of New South Wales (Australia) ကနေ ဆရာဝန်ဘွဲ့ရ ကလေးနှစ်ယောက်အမေ တစ်ဦးဖြစ်နေပါပြီ။ အန်တီတို့ရဲ့ ရင်ကဖြစ်တဲ့ သားနဲ့သမီးကို သူတို့ခြေထောက်ပေါ် သူတို့ ရပ်တည်နိုင်အောင် အန်တီတို့ပြုစုပျိုးထောင်ခဲ့လို့ ပြီးပါပြီ။ အန်တီတို့ရဲ့ လက်ကျန်အချိန်ကို အန်တီတို့နိုင်ငံကအခြေခံလူတန်းစားတွေရဲ့ ရင်သွေးငယ်လေးတွေ ကိုသူတို့ ခြေထောက်ပေါ် သူတို့ ရပ်တည်နိုင်အောင်၊ ကိုယ့်ဘဝကိုယ်ပြည့်ပြည့်စုံစုံ မရပ်တည်နိုင်သေးတဲ့ မြန်မာလူမျိုးတွေရဲ့ လိုအပ်ချက်တွေကို တတ်နိုင်သမျှထောက်ပံ့ ကူညီပေးချင်တဲ့ဆန္ဒတွေကြောင့် အန်တီတို့က သားသမီးတွေနဲ့အတူ လိုက်နေဖို့လမ်းကို မရွေးကြတာပါ။

**နိုင်ငံကျော် ရုပ်ရှင်မင်းသားတစ်ယောက်ရဲ့ ဇနီးဘဝနဲ့တုန်းကရော အန်တီက ကိုယ့်ခင်ပွန်းအတွက် ဘယ်လိုတွေ ဖြည့်ဆည်းရင်း နေထိုင်ခဲ့ပါသလဲ။**

အန်တီက အနုပညာနဲ့ပတ်သက်ရင် ဒုံးဝေး



ပါတယ်။ ဒီတော့ ကိုကျော်သူ အနုပညာလုပ်တုန်းက သူ့အဝတ်အစားဝယ်ပေးတာလောက်ပဲ ဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်။ အဲဒီတုန်းကတော့ ဗိုလ်ချုပ်ဈေးပဲရှိသေးတာပေါ့။ ဈေးကဆိုင်တွေနဲ့ကလည်းခင်နေတော့ သူနဲ့ အဆင်ပြေမယ် ထင်တာတွေ အိမ်ကိုအကုန် သယ်ချလာပြီး အိမ်မှာ သူ့စိတ်ကြိုက်ဝတ်ကြည့်ပြီးရွေးပေါ့။ မယူတာတွေပြန်ပေး၊ ယူတာတွေ ငွေရှင်း၊ ထပ်ပေးလိုက်တာတွေ ထပ်ယူခဲ့ ပြန်ပို့လိုက်၊ ထပ်ယူဖြစ်တာတွေ ထပ်ငွေရှင်းလိုက်နဲ့ တစ်ကားရိုက်ရင် ဈေးကို ခြောက်ရက် တစ်ပတ်လောက်က ဆက်တိုက်သွားရရော။ ပြောရရင် အဝတ်အစားတောင် အန်တီကရွေးတတ်တာ မဟုတ်ဘူး။ သယ်ယူပို့ဆောင်ရေးလောက်ပဲ။ နောက်ပိုင်း ဆရာ မင်းသိခ်ကားတွေ ရိုက်တော့ အန်တီ အဝတ်အစားဝယ်ပေးရတဲ့ အလုပ်သက်သာသွား တယ်။ ဝတ်စုံတစ်စုံနဲ့ တစ်ကားလုံးရိုက်ရတာ များတယ်လေ။ ဒါပေမဲ့ မှတ်မှတ်ရရ ပုဏ္ဏာဘကွန်းနဲ့ အမေ့နို့ဖိုးနှစ်ကားမှာ သူတို့ကား ဆက်ပြီးလို့ ပြန်ကြည့်ကြချိန်မှာ သူတို့ကတော့ သူတို့ ရိုက်ခဲ့သမျှကို နှမြောပြီး ဖြတ်ထုတ်ရမှာ နှမြောနေချိန်မှာ အန်တီကတော့ ကားသွက်အောင်လို့ ပရိသတ်တစ်ယောက်အနေနဲ့ အိုင်နေတယ်လို့ ခံစားရတဲ့ အပိုင်းတွေ၊ အပိုလို့ခံစားရတဲ့အပိုင်းတွေ အတော်များများကို ဖြတ်ထုတ်ခိုင်းခဲ့တယ်။ အန်တီက ဟောလီးဝုဒ်ကကားတွေ အကြည့်များတော့ သူတို့ရဲ့ ခပ်သွက်သွက်နဲ့ ကွက်တိတင်ပြတာတွေကို ကြိုက်တာလေ။ မှတ်မှတ်ရရ အဲဒီနှစ်ကားစလုံး တော်တော် အောင်မြင်တယ်။ ပရိသတ်အားရော၊ ငွေကြေးအမြတ်ရော၊ အမေ့နို့ဖိုးဆို အကယ်ဒမီ ခုနစ်ခုနဲ့ ရုပ်ရှင်သမိုင်းမှာ စံချိန်တင်နိုင်ခဲ့တယ်။ သူ့အနုပညာနဲ့ပတ်သက်ပြီး အန်တီအနေနဲ့ ဒီလောက်ပဲပံ့ ပိုးနိုင်ခဲ့ပေမဲ့ သူ့ရဲ့ အနုပညာ၊ သူ့အနုပညာရှင်ဆိုတဲ့ ထင်ပေါ် ကျော်ကြားမှုကို အသုံးချရမှာ လမ်းလွဲမရောက်အောင်၊ လမ်းမှန် အသုံးချဖြစ်အောင်တော့ အန်တီအများကြီး ပံ့ပိုးနိုင်ခဲ့ပါတယ်။ TV ကြော်ငြာအနေနဲ့ အရက်၊ စီးကရက်လို လူတွေကိုအန္တရာယ် ဖြစ်စေမယ့် ကြော်ငြာမျိုးတွေကို လုံးဝပေးမရိုက်ခဲ့ပါဘူး။ လူအများအတွက် အကျိုးများမယ့်နာရေး ကူညီမှု အသင်းကို တည်ထောင်ရာမှာတော့ သူ့ကျော်ကြားမှုကို အပြည့်အဝအသုံးချခဲ့ပါတယ်။




**အန်တီ့အနေနဲ့ ကိုယ့်အမျိုးသားကို အခုလို လူမှုရေးအလုပ်တွေပဲ လုပ်နေတဲ့ သူ့အနေနဲ့ရယ်၊ မင်းသားတစ်ယောက်အနေနဲ့ရယ်မှာ အန်တီက ဘယ်ဟာကို အကျေနပ်ဆုံး ဖြစ်ပါသလဲ။**

အခုပြောခဲ့တာတွေကို ကြည့်ရင် အန်တီဟာ ရုပ်ရှင်မင်းသားတစ်ယောက်ထက် ပရဟိတသမားဘဝကို ပိုနှစ်သက်တယ်ဆိုတာ ဖြေစရာ တောင် မလိုပါဘူး။ ဒါပေမဲ့ သူသာ နာမည်ကျော်ကြား လူကြိုက်များတဲ့ ရုပ်ရှင်မင်းသားတစ်ယောက် မဟုတ်ခဲ့ရင် နာရေးကူညီမှုအသင်း (ရန်ကုန်)ဟာလည်း အခုလောက်အောင်မြင်တဲ့အသင်းဖြစ်လာပါ့မလားဆိုတာတွေးမိရင်း ရုပ်ရှင်မင်းသားဖြစ်ခဲ့ခြင်းအပေါ် မှာလည်း ကျေနပ်ပါတယ်ဆိုတာကို "ကျေနပ်မိပါပြီ" ဆိုတဲ့ အန်တီဘဝမှာ ပထမဆုံးရေးဖူးတဲ့ဆောင်းပါးလေးကို ကိုဝင်းငြိမ်းရဲ့ အလင်းတန်းဂျာနယ်မှာ ရေးခဲ့ဖူးပါတယ်။ အခု သူ့ရဲ့အတွေ့အကြုံတွေကို ပြည်သူလူထုကို မျှဝေနေတဲ့ စာရေးခြင်းအနုပညာကိုတော့အန်တီက နှစ်ခြိုက်အားပေးပါတယ်။

**ကိုယ့်ရဲ့သား၊ သမီးတွေရဲ့ အနာဂတ်အတွက် ကိုရော မိဘတစ်ဦးအနေနဲ့ အန်တီဘယ်လိုတွေ စီမံ ဖြစ်ပါသလဲ။**

သားနဲ့သမီး အလယ်တန်းကျောင်းသူ၊ ကျောင်းသားဘဝကတည်းက ဗုဒ္ဓမြတ်စွာဘုရားရဲ့အဆုံးအမတွေနဲ့ ယဉ်ပါးအောင်ထားခဲ့တယ်။ သူတို့ကို အမြဲတမ်း ကားမောင်းပို့ပေးနေရတဲ့ အမေတစ်ယောက်အနေနဲ့ ကားထဲမှာတရားခွေတွေ အမြဲဖွင့်ပေးထားခဲ့တယ်။ မှတ်မှတ်ရရ အရှင်ဇနကာဘိဝံသ(တောင်မြို့ မဟာ ဂန္ဓာရုံ ဆရာတော်)ရဲ့ ပဋ္ဌာန်း CD ၁၈ချပ်ကို တစ်ချပ်ပြီး တစ်ချပ် ဆက်တိုက်ဖွင့်ပေးရင်း ကျောင်းကြိုကျောင်းပို့၊ ကျူရှင်ကြို ကျူရှင်ပို့လုပ်ခဲ့တာ နောက်ပိုင်းကျ သူတို့က တရားကို နားထောင်ရတာ စိတ်ဝင်စားလာပြီး တရား တစ်ပုဒ်မဆုံးခင် ကားပေါ်က မဆင်းချင်လို့ "အခုနေရာမှာ ရပ်ထားပေးမယ်။ သားနဲ့သမီးကား ပြန်စီးမှ ဆက်နားထောင်တာပေါ့"လို့ အာမခံပေးရတယ်။ နောက်ပိုင်းယောဆရာတော်၊ ဆရာတော်ဦး ဇောတိက၊ မိုးကုတ်ဆရာတော်၊ အရှင်ဆေကိန္ဒ၊ အရှင်ဆန္ဒာဓိက စတဲ့သံဃာတော်တွေရဲ့ တရားတွေ နာကြရင်း ဖတ်ကြရင်းနဲ့ သူတို့ ဘာသာသူတို့ တရားဓမ္မ အစစ်အမှန်ကို ကိုယ့်ဉာဏ်နဲ့ ရွေးချယ်တတ် လာကြ တယ်။ အမှားအမှန်၊ အကောင်းအဆိုးကို အကြောင်းနဲ့ အကျိုး နဲ့ ဝေဖန်ပိုင်းခြားတတ်လာကြတယ်။ တရားဓမ္မကိုနားလည် မြတ်နိုးသူတွေ ဖြစ်လာတော့ လောကီမှာလည်း ဓမ္မအတိုင်းမကောင်း မှုတွေကို ရှုံ့မုန်းရှောင်ကြဉ်တဲ့၊ ကောင်းမှုတွေကို မြတ်နိုးတဲ့ ကလေးတွေဖြစ်လာကြတယ်။ အသက်မွေးဝမ်းကျောင်း ပညာအနေနဲ့လည်း အင်ဂျင်နီယာနဲ့ဆရာဝန်ဖြစ်အောင် ပညာဆည်းပူးစေခဲ့ပါတယ်။ အသိပညာနဲ့ အတတ်ပညာနှစ်ခုစလုံးကို မျှတအောင် ဖြည့်ဆည်းစေနိုင်ခဲ့လို့ အမှားအမှန် အကောင်းအဆိုးကို ကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်ပိုင်း ခြားနိုင်တဲ့ ခေတ်ပညာတတ်တွေအဖြစ် ဘဝကို ရပ်တည်ဖြတ်သန်းနေကြပါပြီ။

**အခုနောက်ပိုင်းမှာ နာရေးကူညီမှုအသင်းမှာ Volunteer လုပ်တာကို Popular တစ်ခုအနေနဲ့ တချို့က သတ်မှတ်ပြီး ဒီအလုပ်တွေကို လုပ်ကြတာကို တွေ့ရပါတယ်၊ ဒီကိစ္စကို အန်တီ့အမြင်နဲ့ သုံးသပ်ပေးပါဦး။**

ပရဟိတအလုပ်ကို Popular အနေနဲ့ လုပ်နေကြတယ်ဆိုရင်တောင် အန်တီအမြင်တော့ ကိုရီးယားကားထဲကလိုအတုခိုးပြီး ယောကျ်ား

လေးတွေရော မိန်းကလေးတွေပါ အရက်သောက်ကြမူးကြရမ်းကြတာမျိုး၊ ဆေးလိပ်သောက်ကြတာမျိုး အဝတ်အစားကိုအရမ်းခေတ်မီလွန်းကဲပြီး အရှက်နည်းစွာဝတ်တာမျိုး၊ အကျိုးမရှိတဲ့ပြိုင်ဆိုင်တာမျိုး(ကားပြိုင်မောင်း မော်တော်ဆိုင်ကယ်ပြိုင်မောင်း)တွေကိုPopular အနေနဲ့ လုပ်နေကြတာထက် ပရဟိတအလုပ်ကို Popular အနေနဲ့ လုပ်နေကြတာအများကြီးသာ ပါတယ်။ တကယ်တော့ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာဆို ပရဟိတအလုပ်ဟာ လူတိုင်းရဲ့စရိုက်အဖြစ်၊ ကိုယ်ကျင့်တရားအဖြစ် အမြစ်တွယ်နေကြပါပြီ။ အန်တီတို့ဆီမှာလည်း Popular အနေနဲ့လုပ်ကိုင်ကြရင်းက စရိုက်အဖြစ်၊ ကိုယ်ကျင့်တရားအဖြစ် အမြစ်တွယ် လာ ကြရင် အကောင်းဆုံးပေါ့။ တစ်ချိန်တုန်းက လူငယ်လူရွယ်တွေဟာ ကိုယ်ကျိုးအတွက် ခွင်ရှာတတ်တဲ့သူတွေ၊ ခွင်ဖန်တတ်တဲ့သူတွေ၊ ရယူတတ်တဲ့သူတွေကို အားကျအတုခိုးနေကြရာက အခုဆို အများအကျိုးလုပ်ဆောင်နေတဲ့သူတွေ၊ ပေးဆပ်တဲ့သူတွေကို အားကျလေးစားအတုခိုးလာကြတာဟာ နိုင်ငံနဲ့ လူမျိုး အတွက် ရလဒ်ကောင်းတစ်ခုပါပဲ။ အခုခေတ်ကမ္ဘာကြီးဟာ ရွာကြီးတစ်ရွာလို ဘာကိုမှ တားဆီးပိတ်ပင်ဖို့မလွယ်တော့တဲ့ အခြေအနေမှာ မကောင်းခလေ့ စရိုက်တွေကလည်း စီးကူးဝင်ရောက်လာနေကြသလို ကောင်းတဲ့ခလေ့စရိုက်တွေ အားကောင်းကောင်းနဲ့ လူငယ်လူရွယ်တွေထံ ကူးစီးလာအောင် ကြိုးစားကြဖို့က တတ်သိနားလည်တဲ့လူကြီးတွေမှာ တာဝန်အများကြီးရှိပါတယ်။ အန်တီတို့နိုင်ငံမှာ ပရဟိတ အလုပ်ဟာ လူတိုင်းရဲ့ စရိုက်တစ်ခု၊ ကိုယ်ကျင့် တရားတစ်ခု၊ ကိုယ်ကျင့်သီလတစ်ခုအနေနဲ့ အသားကျလာတဲ့ အချိန်မှာ ထူးခြားဆန်းကျယ်တဲ့ Popular အလုပ်အဖြစ် ဘယ်သူမှ ထင်မြင်တော့မှာ မဟုတ်ပါဘူး။

**လူမှုရေးလုပ်တဲ့ သူတွေဆိုတာ အတ္တဟိတကို စွန့်ပြီး လုပ်ရတယ်ဆိုတော့ ဘယ်အခြေအနေလောက်အထိ စွန့်ရပါမလဲ အန်တီ၊**

ဗုဒ္ဓဘာသာဝင်တွေရဲ့ အခြေခံအကျဆုံး ဉာဏ်ဖြစ်တဲ့၊ ကံ ကံ၏အကျိုးကိုတကယ်ယုံကြည်တဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ရှိရင် ပရဟိတအလုပ်ကိုကိုယ်ကျိုးစွန့်ရတဲ့အလုပ်၊ စွန့်လွှတ်အနစ်နာခံရတဲ့အလုပ်လို့မမြင်တော့ပါဘူး။ မြတ်စွာဘုရားဟောကြားခဲ့တဲ့ မကောင်းမှုရှောင်ပြီး ကောင်းမှုဆောင်နေခြင်းသာ ဖြစ်တယ်လို့ နားလည်သဘောပေါက်လာမှာပါ။

**ပရဟိတစစ်စစ်ဆိုတာ ဘယ်လိုမျိုးပါလဲ။**

ပရဟိတအလုပ်ကိုကိုယ့်ရဲ့(လာဘ)ငွေကြေးလာဘ်လာဘရရှိဖို့ဖြစ်စေ၊ ကိုယ့်ရဲ့ (သက္ကာယ) သြဇာအာဏာ ကြီးထွားဖို့ဖြစ်စေ၊ ကိုယ့်ရဲ့

ပရဟိတအလုပ်ကို
ကိုယ့်ရဲ့စရိုက် ကိုယ့်ရဲ့ ကိုယ်ကျင့်တရား
ကိုယ့်ရဲ့အကျင့်သီလ ဖြစ်လာတဲ့အထိ
စွဲမြဲအောင်လုပ်ကြပါ . . .
ကိုယ့်အသက်မွေး
ဝမ်းကြောင်းအလုပ်မလုပ်တော့ဘဲ
ပရဟိတ အလုပ်ကိုချည်း သက်သက်ကြီး
လုပ်ဖို့မလိုပါဘူး
ကိုယ့်အသက်မွေးဝမ်းကြောင်းအလုပ်နဲ့
ယှဉ်တွဲပြီးလုပ်တတ်အောင်
လုပ်ဖြစ်အောင် ကြိုးစားယူရမှာပါ





(သိလောက)ထင်ပေါ်ကျော်ကြားမှု အတွက်ဖြစ်စေ ပြုလုပ်နေရင်တော့ ပရဟိတစစ်စစ် မဟုတ်သေးပါဘူး။ လာဘ၊ သက္ကာယ၊ သိလောကဆိုတဲ့ ကိုယ်ကျိုးအတ္တကို လုံးဝမမျှော်ကိုးဘဲ တစ်ဖက်သားအကျိုးသက်သက်အတွက် ဖြူစင်တဲ့စိတ်ထားနဲ့ ပြုလုပ်ခြင်းကသာ ပရဟိတ စစ်စစ်ဖြစ်ပါတယ်။

**တချို့က အတ္တနဲ့ယှဉ်ပြီး ပရဟိတတွေ လုပ်ကြ တယ်။ ဒီအကြောင်း ကိုလည်း ဆွေးနွေးပေးပါဦး။**



အတ္တနဲ့ယှဉ်ပြီး ပရဟိတလုပ်ကြတယ်ဆိုရာမှာ အထက်က ပြောခဲ့သလို လာဘ၊ သက္ကာယ၊ သိလောကတို့ကို မျှော်ကိုးရင်သာ မဖြူစင်ဘူး၊ ပရဟိတ မစစ်ဘူးလို့ ဆိုနိုင်တာပါ။ ဓမ္မသဘောအရ ကောင်းကြောင်းတရားတွေ ဖြည့်ဆည်းလို့ ပြည့်စုံလာရင် ကောင်းကျိုးတရားတွေက အလိုလို ပြည့်ဝဖြစ်ထွန်းလာတဲ့ သဘောကရှိလေတော့ စစ်မှန်တဲ့ပရဟိတတွေကိုလုပ်ရင်း အတ္တဟိတတွေကလည်း ဖြစ်ထွန်းလာမှာပဲ။ ဗုဒ္ဓမြတ်စွာဘုရားဟာ သဗ္ဗညုတရွှေဉာဏ်တော် ရရှိဖို့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ ပရဟိတအလုပ်တွေနဲ့ပဲ ပါရမီဖြည့်ခဲ့တာပါ။

**လူမှုရေးအလုပ်တွေကို စိတ်ဝင်တစားလုပ် ချင်တဲ့ လူငယ်တွေကို အန်တီ့အနေနဲ့ ဆုံးမစကားလေး ပြောပေးပါဦး။**

ပရဟိတအလုပ်ကို ကိုယ့်ရဲ့ စရိုက်၊ ကိုယ့်ရဲ့ ကိုယ်ကျင့်တရား၊ ကိုယ့်ရဲ့ အကျင့်သီလဖြစ်လာတဲ့အထိ စွဲမြဲ အောင်လုပ်ကြပါ။ ကိုယ့် အသက်မွေး ဝမ်းကျောင်းအလုပ် မလုပ်တော့ဘဲ ပရဟိတအလုပ်ကို ချည်းသက်သက်ကြီး လုပ်ဖို့မလိုပါဘူး။ ကိုယ့်အသက်မွေးဝမ်းကျောင်းအလုပ်နဲ့ ယှဉ်တွဲပြီးလုပ်တတ်အောင်၊ လုပ်ဖြစ်အောင် ကြိုးစားယူရမှာပါ။ ဥပမာ-မုန့်ဟင်းခါးရောင်းတဲ့သူဟာ သူ့မုန့်ဟင်းခါးကို အမြတ်များများရဖို့သက်သက် မရည်ရွယ်ဘဲ စားသုံးသူတွေအရသာရှိအောင်၊ ကျန်းမာရေးနဲ့ ညီညွတ်အောင် သန့်သန့်ရှင်းရှင်းလေး၊ ဈေးနှုန်းအသင့်အတင့်လေး ချက်ပြုတ်ရောင်းချရင်ပဲ ပရဟိတလုပ်ပြီး ဖြစ်နေပါပြီ။ ပရဟိတစစ်စစ်လုပ်ခြင်းကို မြတ်စွာဘုရားရဲ့ မကောင်းမှုရှောင်၊ *ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား'* ဆိုတဲ့ အဆုံးအမနဲ့အညီ နေထိုင်ခြင်းလို့ နားလည်ပြီး ကိုယ်ကျိုးစွန့် အနစ်နာခံနေရခြင်း သက်သက်လို့ မမြင်တော့ပဲ ကိုယ့်ကိုယ်ကိုယ် တကယ်ချစ်လို့ တရားဓမ္မအတိုင်း နေထိုင်ဖြစ်နေတာလို့ နားလည်သဘောပေါက်ကြစေချင်ပါတယ်။

**ဖြိုးစုပိုပို**

၂၀၁၄ မတ်လက ရတီမဂ္ဂဇင်းရဲ့ ၁၀ နှစ်ပြည့် အထူးလလေးပါ။ အထူးလမှာ ကျွန်မတို့က Women in the lead ဆိုတဲ့ Theme နဲ့ ရတီကို တင်ဆက်ဖြစ်ပါတယ်။ ဖန်တီးမှုတိုင်း လိုလိုကိုလည်း အမျိုးသမီး ပရိသတ်တွေအတွက် ရည်ရွယ်ပြီး တင်ဆက် ထားပါတယ်။ ဒါကြောင့် ဒီလရဲ့ 'သူတို့ပြောတဲ့ ....' ကဏ္ဍကိုလည်း ယခင်လတွေလို စာလုံးတစ်လုံးတည်း မရွေးဖြစ်ဘဲ Wife & Women, Life & love, Strenght & Struggle စကားလုံးတွေကို ရွေးချယ်ဖြစ်ပြီး စာရေးဆရာမ လွန်းထားထား၊ စာရေးဆရာမ မနော်ဟရီနဲ့ နိုင်ငံကျော်အဆိုတော် ဇော်ဝင်းထွဋ်ရဲ့ ချစ်ဇနီး ဒေါ်မေခိုင်အုန်းတို့နဲ့ ဆွေးနွေးထားပါတယ်။

# သူတို့ ပြောတဲ့...

ဖြိုးစုပိုပို









# လွန်းထားထား

## Wife & Women

### Wife

Wife ဆိုတဲ့စကားလုံးလေးဟာ ရိုးရှင်းသလောက် အဓိပ္ပာယ်ကတော့ လေးနက်ကျယ်ခန်းလှပါတယ်။ မထားအတွက်တော့ ဇနီးကောင်းတစ်ယောက်ဆိုတာ ပါရမီဖြည့်ဖက်ကောင်းတစ်ယောက်ဖြစ်ရမယ်လို့ ခံယူထားပါတယ်။
ပါရမီဖြည့်ဖက်တစ်ယောက်အဖြစ်ခံယူထားပြီးတဲ့နောက်မှာ တာဝန်တွေ ပေးဆပ်ရမှုတွေက သူ့ရှေ့အလိုလိုလာရပါတယ်။ ဥပမာလေးပြောပြရရင် ကိုယ့်ရဲ့ လိုအင်ဆန္ဒတွေ အတ္တတွေကို သိပ်ရှေ့တန်းမတင်ဖြစ်တော့တာမျိုးပေါ့လေ။ သူ့ရဲ့ အကျိုးစီးပွား သူ့ရဲ့ အောင်မြင်မှုကို ပထမဆုံး တွေးပေးမိတယ်။ အဲဒီအတွက် ကိုယ့်ရဲ့ ဖြစ်တည်မှု၊ ကိုယ့်ရဲ့ကဏ္ဍကို မေ့မှိန်ပစ်လိုက်တာ မျိုးတော့ မဟုတ်ဘူး။ ကိုယ့်ရဲ့တန်ဖိုးက တစ်ကဏ္ဍ ရှိထားပြီးသားပေါ့။ သူ့ကိုတော့ ဦးစားပေး၊ နေရာပေးမိတယ်။ အဲဒါမျိုးပါ။

ဇနီးဆိုတာ အဖြည့်ခံသက်သက်လို့ မထားမယူဆပါဘူး။ သူ့အတွက် ဖြည့်ဆည်းပေးရင်း၊ ပါရမီ ဖြည့်ပေးရင်းနဲ့ ကိုယ့်မှာပါ အလိုအလျောက်ပြည့်ဝမြင့်မားလာတာမျိုးပါ။ ရေမြင့်လာတဲ့အခါကြာတင့်လာတဲ့သဘောပေါ့။ မထားက ပါရမီဖြည့်ဖက်ကောင်းတစ် ယောက် ဖြစ်ချင်တယ်။

### Women

Women ဆိုတဲ့စကားလုံးရဲ့ အဓိပ္ပာယ်ကိုလား. . .။ ငြိမ်းချမ်းသော မေတ္တာတရားရဲ့ သင်္ကေတအဖြစ် ဖွဲ့ဆိုချင်ပါတယ်။ မိန်းမသားတိုင်းကို မေးကြည့် မငြိမ်းချမ်းချင်တဲ့ မေတ္တာဓာတ်ခံမရှိတဲ့ မိန်းမသားရယ်လို့ ရှိကိုမရှိဘူးလေနော်။

Wife နဲ့ Women နဲ့က ကွာခြားမှုတွေတော့ ရှိတာပေါ့။ ဇနီးသည်တစ်ယောက်နဲ့ လွတ်လပ် တဲ့ မိန်းမသားတစ်ယောက်မှာတောင် အတွေးအခေါ်၊ ခံယူပုံချင်း၊ ဘဝကိုထင်မြင်သုံးသပ်ပုံချင်းက မတူနိုင်ဘူးလေ။ ဇနီးသည် တစ်ယောက်မှာ နှောင်ဖွဲ့ထားတဲ့ ကြိုးတွေ ခြားနားထားတဲ့ စည်းတွေ ညှိနှိုင်းရတာတွေ ရှိတယ်။ မိန်းမသားတော့ မိန်းမသားပါပဲ။ ဒါပေမဲ့ မတူတော့ဘူး။ လွတ်လပ်ပုံချင်း ဆုံးဖြတ်ချက်ချပုံချင်းလည်း မတူနိုင်တော့ဘူးပေါ့။ မိန်းမသား တစ်ယောက်ရဲ့ အခြေခံ ဗီဇစိတ်၊ စိတ်ခံစားမှုတွေတော့ ရှိနေနိုင်သေးတာပေါ့လေ။

အမျိုးသမီးတစ်ဦးအတွက် အရေးကြီးဆုံးလိုအပ်ချက်ကို မထားအနေနဲ့ ပြောရရင်တော့ ကိုယ်ကျင့်တရားနဲ့ ဂုဏ်သိက္ခာက အရေးကြီးဆုံးပဲ။ ပြီးတော့ ဉာဏ်ပညာနဲ့ ထက်မြက်ရဲရင့်မှုလည်း ရှိရမယ်။ မှန်ကန်တဲ့ အတွေးအခေါ် ဆုံးဖြတ်ချက်တွေလည်း လိုအပ်ပါသေးတယ်။

အမျိုးသမီးတစ်ယောက်အတွက် ဘဝရဲ့ စိန်ခေါ်မှုက ဘာများဖြစ်နိုင်မလဲ မထားအထင်တော့ ကိုယ့်ဘဝရဲ့ တိုးတက်မြင့်မားရာ လမ်းကြောင်းတွေ ရှာဖွေနိုင်ဖို့၊ ရည်မှန်းချက်ပန်းတိုင်တစ်ခုထားရှိပြီး အဲဒီပန်းတိုင်ကို ရောက် အောင်မဖြစ်မနေ ခွဲလုံ့လ၊ ဝီရိယနဲ့စိတ်ဓာတ် ခိုင်မာ ပြင်းပြစွာ ကြိုးစားအားထုတ်ရမှာက ဘဝရဲ့ စိန်ခေါ်မှုပေါ့နော်။

## Life & Love

### Life

Life ရဲ့ အဓိပ္ပာယ်ကို မထားရဲ့ အဓိပ္ပာယ်ဖွင့်ဆိုမှုအတိုင်းပြော ရရင်. . .

"တစ်နေ့ချင်း အဓိပ္ပာယ်ရှိစွာ ရှင်သန်နေထိုင်ရင်း ကိုယ့်ကိုယ်ကိုယ်စိတ်ချမ်းသာအောင်၊ ပျော်ရွှင်အောင်နေမယ် ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ ကိုယ်နဲ့ ပတ်သက်စပ်ဆိုင်သမျှ လူတွေကို စိတ်ကောင်းစေတနာ ကောင်းကောင်းလေးထား ပြီး

တတ်နိုင်သမျှ ကူညီမှုဝေပေးမယ်ဆိုရင် လူတစ်ယောက်အတွက် ဘဝရှင်သန်နေထိုင်မှုက အဓိပ္ပာယ်ရှိနေပြီလို့ ယူဆထားပါတယ်။

မထားရဲ့ အခုလက်ရှိဘဝကို မထား ၁၀၀ ရာခိုင်နှုန်း အပြည့်အဝ ကျေနပ်မှုရှိပါတယ်။

မထားဘဝအတွက် အရေးကြီးဆုံးက ဘဝတစ်လျှောက် လုံးစိတ်ချမ်းသာစွာ ငြိမ်းချမ်းစွာ ရှင်သန်နိုင်မယ့် ဘဝရှင်သန်မှု အနုပညာရယ် . . .၊ ဘဝတစ်ခုအဆုံးသတ်ခါနီးမှာ အဓိက နှလုံးသွင်းတတ်ဖို့ အတွက် သေဆုံးဖို့အတတ်ပညာပါပဲ. . .။

ကိုယ့်ဘဝတစ်ခုဟာ တစ်နေရာမှာ ရပ်တန့်မနေဘဲ တစ်ဆင့်ချင်း၊ တစ်ထစ်ချင်းမြင့်မားသထက် မြင့်မားလာအောင် တည်ဆောက်နိုင်ဖို့အတွက် Life Plan ဆိုတာရှိကို ရှိသင့်တဲ့ အရာပါ။

## Love

Love ရဲ့ အဓိပ္ပာယ်ကို လူအမျိုးမျိုးက သူတို့ခံစားနားလည်တဲ့ ပုံသဏ္ဌာန်အတိုင်းဖွင့် ဆို တတ်ကြပါတယ်။ မထားရဲ့ အချစ်ကတော့ မေတ္တာကို အခြေခံပြီးမှ ချစ်ခြင်း မေတ္တာဆိုတာ ပေါ်ပေါက်လာတယ်လို့ လက်ခံထားပါတယ်။ ငယ်ရွယ်နုနယ်စဉ် အချစ်ကတစ်မျိုးပေါ့. . .။ အချစ်ဆိုတာ ကိုယ်စိတ်ချမ်းသာ ပျော်ရွှင်ဖို့အတွက် ကိုယ့်ရဲ့လိုအင်ဆန္ဒတွေပြည့်ဝဖို့အတွက် သူတစ်ပါးကို ချစ်တာ။ ရင့်ကျက်နားလည်လာတဲ့ အချိန်ကျတော့။ အချစ်တစ်ခုတည်းနဲ့ မပြည့်စုံနိုင်ဘူး ချစ်ခြင်းမေတ္တာဆိုပြီး တွဲသုံးမှ ပြည့်စုံမှုရှိလာတယ်။ အဲ့ဒီအခါကျတော့ ချစ်ခြင်းမေတ္တာဆိုတာ သူစိတ်ချမ်းသာပျော်ရွှင်ဖို့အတွက် သူရဲ့လိုအင်ဆန္ဒတွေပြည့်ဝစေဖို့အတွက် ကိုယ့်ရဲ့လိုအင်ဆန္ဒတွေ၊ အခန်းကဏ္ဍတွေက တဖြည်းဖြည်း အနောက်ကိုရောက်ရောက်လာပြီး သူ့ အတွက်ပဲ ဦးစားပေးဖြည့်ဆည်းပေးရခြင်းကို သာယာပျော်မွေ့လာခဲ့တယ်။ အဲဒါကိုယ့်ရဲ့အရည်အချင်း ဖြစ်လာတယ်။

မိန်းမတစ်ယောက်ရဲ့ဘဝမှာ အချစ်ဆိုတဲ့ အခန်းကဏ္ဍက ဥပမာ ပြောရရင် အိမ်တစ်အိမ်ရဲ့ အဆောင်အယောင်အလှအပ ါနခသမအေငသည တစ်ခုလို အရေးပါပါတယ်။ ဒီအိမ်တစ်အိမ်ရဲ့ အနုပညာမြောက်မှု သာယာလှပမှု ငြိမ်းချမ်း အသက်ဝင်မှုတို့ဟာ အချစ်နဲ့တူတယ်။ မိန်းမတစ်ယောက်ရဲ့ ဘဝမှာလည်း အချစ်မပါဘဲ ရပ်တည်နေနိုင်သလားဆိုတော့ နေနိုင်ပါတယ်။ နေလို့လည်း ဖြစ်တယ်၊ ဒါပေမဲ့ အနုပညာ ပျော်ဝင်မှုတို့ အနုစိတ်ရသခံစားမှုတို့တော့ ပျောက်ဆုံးနေမှာပေါ့နော်။ ပြောရရင် အချစ်မရှိတဲ့ အိမ်ကလေးက သိပ်ရိုးစင်းနေမှာပေါ့နော်. . .။

ချစ်ရင် ရူးရူးမူးမူး ချစ်တတ် ကြတယ်ဆိုတာ မိန်းမတွေမှ မဟုတ်ပါဘူး။ ယောကျ်ားတွေမှာလည်း ဖြစ်တတ်တာပါပဲ။ ဒါက လူတစ်ဦးချင်းရဲ့ ရင့်ကျက်မှုရယ် ဆင်ခြင်သုံးသပ်နိုင်စွမ်းနဲ့ ခံစားမှုလွန်ကဲခြင်း ထိန်းချုပ်နိုင်စွမ်းတို့ အပေါ်မှာပဲ မူတည်တာပါ။

## Strength & Struggle

## Strength

"ခံနိုင်ရည်စွမ်းအင်" ပေါ့နော်။ "စွမ်းအားပါဝါ" တစ်ခုပေါ့။ တစ်ယောက်ရဲ့ဘဝမှာ တွေ့ကြုံရင်ဆိုင်လာရသမျှ အခက်အခဲတွေပဲ ဖြစ်ဖြစ် ဘဝရဲ့ လောကဓံတွေကိုပဲဖြစ်ဖြစ် မဆုတ်မနစ် ရင်ဆိုင်ကြံ့ခိုင်နိုင်စွမ်းရှိတဲ့ စွမ်းအင်တစ်ခုပေါ့။

မထားရဲ့ အားသာချက်လား. . . အင်း ပြောရမယ်ဆိုရင်တော့ အဲ့ဒါကို အားသာချက်လို့ ပြောရမလား မသိဘူး။မထားက တော်ရုံတန်ရုံဆို အရှုံးမပေးတတ်ဘူး. . ဇွဲမလျှော့တတ်ဘူး။ နောက်မဆုတ်ဘူး။ စိတ်ရှည်လက်ရှည်နဲ့ ဇွဲကောင်းကောင်းနဲ့ ကိုယ်ဖြစ်ချင်တာကို တစ်နေ့ချင်း တစ်ရက်ချင်း မဖြစ်မနေ ကြိုးစားအားထုတ်တတ်တယ်။ ကိုယ်လျှောက်ရမယ့်လမ်းကိုပဲ တစ်စိုက်မတ်မတ်အာရုံ စိုက်ထားတတ်တယ်။ ဘေးဘီဝဲယာတွေကို သိပ်မကြည့်နေဘူး။ အဲဒီတော့ အာရုံလည်း မပျံ့လွင့်ဘူးပေါ့နော်။

**ကိုယ့်ရဲ့အားနည်းချက်ဟာ ဘာလဲဆိုတာကိုသိထားရင် အဲ့ဒီအချက်ကိုအထူးအာရုံစိုက်ပြီး သတိကလေးနဲ့ လေ့ကျင့်ယူမယ် ပြုပြင်မယ်ဆိုရင် အဲဒီ အားနည်းချက်ဟာ တစ်ချိန်မှာ အားသာချက်အဖြစ် ပြောင်းလဲသွားမှာပါ။ အဓိကလိုအပ်ချက်က ကိုယ့်အားနည်းချက်ကို သိမြင်တတ်ဖို့နဲ့ လေ့ကျင့်ပြုပြင်ပြောင်းလဲတတ်ဖို့ပါ။**

ကိုယ့်ရဲ့ အားနည်းချက်ဟာ ဘာလဲဆိုတာကိုသိထားရင် အဲ့ဒီ အချက်ကို အထူးအာရုံစိုက်ပြီး သတိကလေးနဲ့ လေ့ကျင့်ယူမယ် ပြုပြင်မယ်ဆိုရင် အဲဒီအားနည်းချက်ဟာ တစ်ချိန်မှာ အားသာချက် အဖြစ် ပြောင်းလဲသွားမှာပါ။ အဓိက လိုအပ်ချက်က ကိုယ့်အားနည်းချက်ကို သိမြင်တတ်ဖို့နဲ့ လေ့ကျင့်ပြုပြင်ပြောင်းလဲတတ်ဖို့ပါ။

အားနည်းချက်ဆိုတာ မိန်းမတွေမှာမှ ရှိတတ်တာ မဟုတ်ပါဘူး။ လူ တစ်ယောက်ချင်းရဲ့ စိတ်ဓာတ် စွမ်းရည်ရင့်ကျက် မှုနဲ့ အတွေ့အကြုံ စိတ်ခံစားမှုတွေနဲ့ပဲ သက်ဆိုင်ပါ တယ်။

## Struggle

Struggle ကတော့ ရုန်းကန် အားထုတ်ခြင်းပေါ့။ ဘဝရဲ့ အခက်အခဲတွေ အတားအဆီး အပိတ်အပင်တွေကနေ လွတ်မြောက်အောင် အစွမ်းကုန် အားအင်သုံးပြီး အားထုတ်ရုန်းကန်ရခြင်းဆိုပါတော့။

မထားရဲ့ဘဝမှာလည်း ငယ်စဉ်ကတည်းက ကိုယ်ဖြစ်ချစ်တဲ့ ဘဝရည်မှန်းချက်ပန်းတိုင်ကို ရောက်နိုင်ဖို့အတွက် ရုန်းကန်အားထုတ်ခဲ့ရတာတွေ အများကြီးပဲပေါ့။ ဘယ်လိုရင်ဆိုင်ကျော်ဖြတ်ခဲ့သလဲဆိုရင် အဓိကကတော့ စိတ်ဓာတ်ခွန်အားနဲ့ ပြင်းပြထက်သန်မှုရယ်။ ဇွဲလုံ့လဝီရိယရယ် အဲ့ဒါတွေကို လက်နက်အဖြစ် အသုံးပြုခဲ့ရပါတယ်။



အားသာချက်တွေများနေမှ ကြုံလာတဲ့ ပြဿနာ၊ အဆိုးအကောင်းတွေကို ခံနိုင်ရည်ရှိတာ မဟုတ်ပါဘူး ညီမလေးရယ်။ လူဆိုတာ ဘဝမှာ ရင်ဆိုင်စရာဆိုလို့ အကောင်းလောကဓံရယ်၊ အဆိုးလောကဓံရယ် နှစ်မျိုးပဲရှိတာပါ။ အောင်မြင်နေတာ၊ ချမ်းသာပြည့်စုံနေတာ တွေဟာလည်း အကောင်းလောကဓံတွေပါပဲ။ အဲဒီအချိန်တွေမှာ သာယာပျော်ရွှင် ကျေနပ်မနေဘဲ၊ ယစ်မူးမာန်တက်မနေဘဲ ဒီလောကဓံဟာလည်း တစ်ချိန်မှာ ပြီးဆုံးသွားမှာပါပဲလို့ နှလုံးသွင်းတတ်ရင် တစ်ချိန်မှာ ကျဆုံးခြင်း ဆင်းရဲခြင်းဆိုတဲ့ အဆိုးလောကဓံနဲ့ ကြုံတွေ့ရင်ဆိုင်လာရတဲ့အခါ ထူးပြီးမတုန်လှုပ်တော့ဘူးပေါ့။ ဒီအဆိုး လောကဓံဟာလည်း တစ်ချိန်မှာ ပြီးဆုံးသွားမှာ ပါပဲလို့ ဆင်ခြင်တတ်လာမှာပေါ့။ ဖြစ်လာသမျှ အရာအားလုံးဟာ ပြီးဆုံးခြင်းမှာပဲ အဆုံးသတ်တယ် ဆိုတာကို သိထားရင် အကောင်းပဲ ဖြစ်ဖြစ်၊ အဆိုးပဲဖြစ်ဖြစ် ဘယ်လောကဓံကိုမဆို ခံနိုင်ရည်ရှိသွားမှာပါပဲ။



# Manorhary

### Wife & Women

### Wife

She has been to paradise but never been to her.

### Women

Women? They are steel petals.

### Life & Love

### Life

There's a saying of Lao Tzu, "Life is a series of natural and spontaneous changes. Don't resist them – that only creates sorrow. Let reality be reality. Let things flow naturally forward in whatever way they like." I like that saying. For me, life is just an illusion, it will disappear when the time comes, so do not try to catch any of them, let them flow automatically.

### Love

And now these three remain: faith, hope and love. But the greatest of these is love.1 Corinthians 13:13

### Strength & Struggle

### Strength

I never ask the Lord for easy life, I just ask for enough strength so that I can face everythingwhether good or bad.What doesn't kill me makes me stronger.

### Struggle

If there's no struggle, there's no progress.

---



# မေနိုင်အုန်း

### Wife & Women

### Wife

Wife ဆိုတာ ဇနီးမယား တစ်နည်းအားဖြင့် အိမ်ရှင်မပေါ့။ အိမ်ရှင်မဆိုတဲ့အတိုင်း အိမ်ထောင်ဦးစီး ခင်ပွန်းသည်နဲ့ သားသမီးတွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ကုသိုလ်ရေး တွေ စံချိန်မီဖို့ တာဝန်ရှိတာပေါ့။ ပေးဆပ်တယ်လို့တော့ မဟုတ်ပါဘူး။ ကိုယ်လုပ်ချင်လို့ လုပ်တာပါ။ အန်တီကတော့ ဇနီးဆိုတာကို အဖြည့်ခံလို့

မမြင်ပါဘူး။ ရဲဘော်ရဲဘက်လို့ပဲ မြင်ပါတယ်။ သူထမ်းနိုင်တဲ့ တာဝန်ကို သူထမ်း၊ ကိုယ်ထမ်းနိုင်တဲ့ တာဝန်ကို ကိုယ်ထမ်းကြတဲ့ ခရီးပန်းတိုင်တစ်ခုတည်းကို သွားနေကြတဲ့ ရဲဘော်ရဲဘက် ၂ ဦး ပေါ့။ ကိုယ်ကိုယ်တိုင်ဆိုရင်လည်း အနုပညာရှင်ခင်ပွန်းသည်ကို ဘာအနှောင့်အယှက်မှ မပေးတဲ့ မိန်းမအဖြစ် ခင်ပွန်းဘေးမှာ ရှိချင်ပါတယ်။

## Women

Women ဆိုတာ အရွယ်ရောက်ပြီး လူသားအမပေါ့။ women က လွတ်လပ်တယ်။ မိုးကောင်းကင် အိပ်မက်တွေ မက်ခွင့်ရှိတယ်။ Wife ကတော့ တာဝန်ဝတ္တရားတွေ နှောင်ကြိုးတွေနဲ့ပေါ့။ အမျိုးသမီးတစ်ယောက်မှာ ပြဿနာတွေကို ကြောင်းကျိုးဆက်စပ်ပြီး ဖြေရှင်းနိုင်တဲ့ အရည်အချင်းနဲ့ မိမိအတွင်း စိတ်ခံစားမှုကို ဆင်ခြင်သုံးသပ် ထိန်းချုပ်နိုင်တဲ့ အရည်အချင်းရှိဖို့ လိုအပ်ပါတယ်။ ဒါမှ ဘယ် နေရာ၊ ဘယ် အခြေအနေမှာ ဖြစ်ဖြစ်မှန်မှန် ကန်ကန်တွေးခေါ် နိုင်ပြီး ကြုံလာသမျှကို ပြေလည်အောင် အကောင်း ဆုံး ဖြေရှင်းနိုင်မှာပါ။ (ဘဝလုံခြုံဖို့ ပိုပြီး အရေးတကြီး လိုအပ်နေတဲ့ သူတွေလည်း ရှိဦးမှာပါ) ။ ဘဝမှာ စိန်ခေါ်မှု ဆိုတာက လူ့ဘဝမှာ မွေးဖွားလာပြီးကတည်းက နာရီစက္ကန့်နဲ့အမျှ တွေ့နေရတာပဲလေ။ စိန်ခေါ်မှုလို့ အရေးတကြီး သဘောမထားဘဲ မသိလိုက်မသိဘာသာ ပေါ့ပေါ့ပါးပါးနဲ့သဘာဝကျကျ ကျော်ဖြတ်နိုင်ရင် အကောင်းဆုံးပါပဲ။

## Life & Love

### Life

မွေးဖွားခြင်းနဲ့ သေဆုံးခြင်းကြားက အရာတစ်ခုက Life ပေါ့။ အန်တီကတော့ ကိုယ့်ဘဝကို ကိုယ်ကျေနပ်ပါတယ်။ နွေးထွေးတဲ့ မိသားစုဘဝဆိုတာ လောကကြီးရဲ့ လက်ဆောင် တစ်ခုပါ။ သားနဲ့သမီးကိုလည်း လူ့လောကကို မှန်မှန်ကန်ကန် ကြည့်တတ်ဖို့နဲ့ မှန်မှန်ကန်ကန် တွေးခေါ်တတ်ဖို့ ထိန်းသိမ်းပေးဖြစ်တယ်။ နောက်ပြီး ဘဝမှာ Life Plan ဆိုတာက ဘာမှ မသေချာတဲ့ လောကကြီးမှာ ဒါဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ PLan မျိုးချရင်တော့ စိတ်ပင်ပန်းရမယ်ထင်တယ်။ လုံးဝဘာ Plan မှ မရှိတော့လဲ ပန်းတိုင်မရှိဘဲ ခြေဦးတည့်ရာ သွားနေတဲ့သူ ဖြစ်မှာပေါ့။ အဲဒီတော့ Life Plan ဆိုတာရှိတော့ ရှိသင့်တယ်။ အခြေအနေနဲ့ အချိန်အခါကိုညှိပြီး ပြောင်းသင့်ပြောင်း၊ လျှော့သင့်လျှော့၊ တိုးသင့်တိုး လုပ်သင့်ပါတယ်။

### Love

Love ဆိုတာက ဘဝခရီး Life ကိုမောင်းနှင်ဖို့လောင်စာပါ။ မိန်းမတစ်ယောက်အတွက်တင် မဟုတ်ပါဘူး။ လူသားအားလုံးအတွက် အချစ်ဟာ အရေးပါပါတယ်။ ချစ်တဲ့စိတ်ဟာ အင်အားတစ်ခုပါဘဲ၊ ဘဝမှာကြုံရတဲ့ တချို့အခက်အခဲတွေကို ချစ်တဲ့စိတ်ကြောင့် အောင်မြင်အောင် ကျော်ဖြတ်နိုင်ခဲ့ပါတယ်။



**ခန္ဓာဗေဒအရပြောရင်တော့ သတ္တလောကထဲမှာ လူသားက အားအနည်းဆုံးလို့တောင် ပြောနိုင်ပါတယ်။ ငှက်ကလေး တစ်ကောင်လို မပျံနိုင်ဘူး။ ငါးလေးတွေလို ရေထဲမှာ မနေနိုင်ဘူး၊ ဆင်တွေ ကျားတွေလို အင်အားက ယှဉ်လို့တောင် မရပါဘူး။**

တချို့မိန်းမတွေကချစ်ရင် အရမ်းကို ရူးရူးမူးမူး ချစ်တတ်ကြတယ်ဆိုတာမှာ ဒါတော့ အမျိုးမျိုးရှိမှာပေါ့လေ၊ လူအမျိုးမျိုး စိတ်အထွေထွေပဲဟာ၊ ဒါပေမဲ့ ဘယ်အရာမဆို အစွန်းရောက်တာ မကောင်းဘူး၊ အချစ်စိတ်ကို ဆင်ခြင်ဉာဏ်လေး ကတွဲနိုင်ရင်ပို ကောင်းတာပေါ့။

## Strength & Struggle

### Strength

ခက်ခဲတဲ့ အခြေအနေတွေကို ကျော်ဖြတ်ဖို့ လိုအပ်တဲ့ အင်အားကို Strength လို့ ပြောတာပေါ့။ ဒီအင်အားကိုဘာသာရေးနဲ့ ချစ်တဲ့အရာတွေဆီက ရနိုင်ပါတယ်။ အန်တီ့ရဲ့ အားသာချက်ဆိုရင် လိုချင်တပ်မက်မှုသိပ်မများတာ အန်တီရဲ့ အားသာချက်ဖြစ်မယ်ထင်တယ်။ ခန္ဓာဗေဒအရ ပြောရင်တော့ သတ္တလောကထဲမှာ လူသားက အားအနည်းဆုံးလို့တောင် ပြောနိုင်ပါတယ်။ ငှက်ကလေးတစ်ကောင်လို မပျံနိုင်ဘူး။ ငါးလေးတွေလို ရေထဲမှာ မနေနိုင်ဘူး၊ ဆင်တွေကျားတွေလို အင်အားကယှဉ်လို့တောင်မရပါဘူး။ ဒါပေမဲ့ စဉ်းစားဆင်ခြင်ကျိုးကြောင်းဆက်စပ်တတ်တဲ့ ဦးနှောက်တစ်ခုကြောင့်သာ လူသားမျိုးဆက်ကြီး တစ်ခုတည်းရှိနေတာပါ။ လူသားရဲ့ အားသားချက်က ဦးနှောက်ဖြစ်တဲ့အတွက် အဲဒီဦးနှောက်ကို အဓိပ္ပာယ်ရှိရှိ အသုံးချနိုင်ဖို့ပဲ လိုအပ်ပါတယ်။ လူသားတိုင်းအားနည်းချက်၊ အားသာချက်တွေရှိကြပါတယ်။ ယောကျ်ားနဲ့ မိန်းမအားနည်းပုံ၊ အားသာပုံ၊ အားနည်းချိန်၊ အားသာချိန်တွေ မတူတာပဲ ရှိတာပါ။ ဒီတော့ မိန်းမတွေက ယောကျ်ားတွေထက် အားနည်းပါတယ် ပြောဖို့လည်း ခက်ပါတယ်။

### Struggle

Struggle ခက်ခဲတဲ့ အခြေအနေတွေမှာ အကောင်းဆုံးရှင်သန်နိုင်ခြင်းကို Struggle လို့ အန်တီတော့ ပြောချင်တယ်။ လူ့ဘဝတစ်လျှောက်လုံးလူတွေဟာ Struggle လုပ်နေရတာပဲ။ အလိုက်သင့်နေခဲ့ရတာရှိသလို အားသုံးခဲ့ရတာလည်း ရှိပါတယ်။ ဘယ်လိုအခြေအနေ၊ အချိန်အခါပဲ ဖြစ်ဖြစ် လိုက်လျောညီထွေအဆင်ပြေအောင်နေတတ်ဖို့ အဓိကပါပဲ။ အန်တီဘဝမှာလည်း ကြုံခဲ့ရတာပဲ။ ဒါတွေကို ကြုံတွေ့ကျော်ဖြတ်ပြီးရင် အဲဒီအတွေ့အကြုံ တွေက Strength တွေ ဖြစ်သွားလိမ့်မယ်။ နောက်ပြီး စိတ်နှလုံးသားဖြူစင်ရင် ကိုယ့်စိတ်ကို သတိလေးကပ်နိုင်ရင် ပြဿနာအဆိုးအကောင်းအတော်များများကို ခံနိုင်ရည်ရှိမယ်လို့ယူဆပါတယ်။

ဖြိုးစုပိုပို



**အနုပညာလောကကို စတင်ဝင်ရောက်စဉ်မှာတွေကြုံခဲ့ရတဲ့ အခက်အခဲများ**

အခက်အခဲဆိုတာရှိမှ တိုးတက်ပြောင်းလဲ တာမို့ နေ့တိုင်းရှိနေရင်လည်း သဘောကျပါတယ်။ အခက်အခဲတွေ့ရင် ဘုရားကို ပိုအားကိုးဖြစ်တယ်။ အဲဒီအခါဘုရားက ဉာဏ်ပေးတယ်။ ဉာဏ်ရှိတဲ့ သူတွေ ကိုယ့်အနားမှာ ပေါ်လာပေးတယ်။ အဲဒီ တော့ ကိုယ့်အတွက် အကျိုးရှိတယ်။



# သူပြောတဲ့ သူ့အကြောင်း

Model . Phyu Phyu Kyaw Thein
Photo . Aye Zaw Moe (Setthmu)
Arranged by Thida Soe



**ပရိသတ်နဲ့ ကိုယ်နဲ့တစ်သားတည်း ဖြစ်သွားခဲ့တဲ့ အောင်မြင်မှု**

လက်ရှိလတ်တလော တစ်သားတည်း ဖြစ်ထားတဲ့ အရာဆိုရင်တော့ "မိန်းကလေး တစ်ယောက်အသည်းကွဲနေတယ်" ကိုယ်ပိုင်သံစဉ်တစ်ကိုယ်တော် အခွေပေါ့။

**Fashion နဲ့ Performance တွေနဲ့ ပတ်သက်ပြီး ဖြူဖြူကျော်သိန်းရဲ့ အမြင်...**

အနုပညာရှင်တစ်ယောက်၊ အထူးသဖြင့် ဖျော်ဖြေရေးသမားတစ်ယောက်အတွက် Fashion ကအရေးကြီးပါတယ်။ ဒါပေမဲ့ ဘဝရဲ့ တန်ဖိုးတွေနဲ့ လဲလိုက်ရလောက်အောင်တော့ ဘယ်တော့မှ ပိုအရေးမကြီးပါဘူး။ မဖြူ Performance တွေလုပ်တာကို ပရိသတ်က ကြိုက်နှစ်သက်ပြီး လက်ခံတဲ့အတွက် ကျေနပ် ပျော်ရွှင် ကျေးဇူးတင်ပါတယ်။

**သီချင်းဆိုတာအပြင် အလှဓာတ်ပုံ ရိုက်တာတွေနဲ့ VCD တွေမှာ သရုပ်ဆောင် ဖြစ်တာက...**

ကိုယ့်ကိုယ်ကိုယ် အဆိုတော်ဖြူဖြူကျော် သိန်းလို့ပဲ ခံယူပြီး လုပ်ခဲ့တာပါ။

**ဖြူဖြူကျော်သိန်းရဲ့ ပျော်ရွှင်ခဲ့ရတဲ့ အချိန် များ**

အများစုကတော့ စင်ပေါ်မှာ သီဆိုဖျော်ဖြေနေ ရတဲ့ အချိန်တွေပါပဲ။

**ဖြူဖြူကျော်သိန်းသည်းခံမပေးနိုင်တဲ့ လုပ်ရပ်**

လိမ်တာ၊ မရိုးသားတာ အလုပ်ကိုအလုပ်လို မလုပ်တာ၊ တခြားအရာတွေလည်း ရှိသေးတယ်။

**ဖြူဖြူကျော်သိန်းရဲ့ အကြည်ညိုဆုံး စံပြ ပုဂ္ဂိုလ်**

တစ်ဘဝလုံးအတွက် အကြည်ညိုဆုံး စံပြပုဂ္ဂိုလ်ရယ်လို့မရှိပါဘူး။ဘုရားကို ယုံကြည်တယ်။ ရိုးသားဖြောင့်မှန်တဲ့သူကို ကြည်ညိုတယ်။ လူတော်လူကောင်းကို စံထားတယ်။

**ဖြူဖြူကျော်သိန်းရဲ့ မိဘအပေါ် ထားတဲ့ စိတ် သဘောထား**

ဖေဖေနဲ့မေမေကိုချစ်တယ်။ သူတို့ရဲ့ ရိုးသားဖြောင့်မတ်မှုကို လေးစားအတုယူတယ်။ ကိုယ့်အပေါ်ထားတဲ့ သူတို့ရဲ့ မေတ္တာအတွက် ကျေးဇူးတင်တယ်။



**တစ်ချိန်မှာကိုယ့်သမိုင်းကြောင်းကိုဒီလိုကျန်ခဲ့စေချင်တယ်။**

နာမည်ကျန်ရစ်နေခဲ့စေချင်တယ်။ ဘယ်ပုံ ဘယ်နည်းနဲ့ ကျန်ချင်လည်းဆိုတာကိုတော့ အသက်ရှင်တဲ့ နေ့တိုင်းမှာ ကိုယ်တိုင်ရွေးချယ် ဆုံးဖြတ်ရပ်တည်ရပါတယ်။

**ပရဟိတလှုပ်ရှားမှုတွေအပေါ် ဖြူဖြူကျော် သိန်းရဲ့အမြင်**

ကိုယ်နားလည်သလောက်တော့ ပရဟိတဆိုတာ လိုနေတဲ့သူကို ကူညီချင်တဲ့သူက ကူညီ နိုင်သလောက် ကူညီတာပါပဲ။ ခုနောက်ပိုင်းမှာတော့ ဒါဟာ ခေတ်ပေါ် Fashion တစ်ခုလိုဖြစ်လာတယ်။ ဘယ်လိုပဲဖြစ် ဖြစ်ဘာရယ် ရည်ရွယ်ချက်ပဲ ရှိရှိလေ. . . လိုနေတဲ့သူတွေကို ကူညီတဲ့သူတွေများလာတယ်ဆိုတာ လိုနေသူတွေအတွက် ကောင်းတာပေါ့။



**အောင်မြင်တဲ့ အနုပညာရှင်တစ်ယောက်အနေနဲ့ လူငယ်ဝါသနာရှင်တွေကို Judge လုပ်ပေးရတဲ့ အချိန်မှာ ဖြစ်ပေါ်လာတဲ့ စိတ်ခံစားမှု**

သူတို့ရဲ့ အရည်အသွေးကို မြင်တွေ့ရတာကိုက ကျေနပ်အားရဝမ်းသာစရာ ကောင်းပါတယ်။ ကိုယ်ပြောပြပေးလိုက်တဲ့ Comment လေးတစ်ခုက သူတို့ရဲ့ လမ်းကြောင်းမှာ အထောက်အကူဖြစ်ဖို့ပဲ မျှော်လင့်ပါတယ်။ ပြောချင်တဲ့ စကားဆိုရင်တော့ ကိုယ့်ထက်အများကြီးပိုတော်တဲ့ သူတွေဖြစ်စေချင်တယ်။ ကမ္ဘာကျော်တွေ ဖြစ်လာစေချင်တယ်။


**အချစ်နဲ့ပတ်သက်ပြီး ဖြူဖြူကျော်သိန်းခံယူထားတဲ့ ခံယူချက်နဲ့ ရွေးချယ်မှုပုံစံက**

ကိုယ့်စိတ်ထဲမှာ ဘယ်လိုလူမျိုးကိုမှ ချစ်မယ်လို့ တစ်ခါမှ ဘောင်ခတ်မစဉ်းစားထားပါဘူး။ အပြင်လောကက ဖြစ်ရမယ်၊ သာမန်ယောကျ်ားလေးဖြစ်ရမယ်၊ အနုပညာသမားဖြစ်ရမယ်၊ ပညာတတ်ရမယ်၊ ချမ်းသာရမယ်၊ ဆရာဝန်ဖြစ်ရမယ်၊ အောင်မြင်ရမယ်၊ အာဏာရှိရမယ်၊ ရုပ်ချောရမယ်စသဖြင့် တစ်ခါမှ မတွေးထားပါဘူး။ အရေးကြီးတာက ကိုယ်သဘောကျတဲ့ ဉာဏ်ရည်နဲ့ စိတ်ရှိပြီး အပြန်အလှန် တူညီတဲ့ မေတ္တာထား နိုင်ဖို့ပါပဲ။ ဘဝတစ်လျှောက်အတူလက်တွဲခွင့်ရတယ် မရဘူးဆိုတာကတော့ ဘုရားရဲ့ အလိုတော်ပါပဲ။

**ဖြူဖြူကျော်သိန်းရဲ့ အနာဂတ်အစီအစဉ်**

လောလောဆယ် ကိုယ်ပိုင်သီချင်းစဉ် တစ်ကိုယ်တော် နှစ်ခွေစီစဉ်နေပါတယ်။ တစ်ခွေက Lazy Clubနဲ့ပါ။ နောက်တစ်ခွေကတော့ တေးရေးအသစ်၊ တီးဝိုင်းအသစ်နဲ့ ရောခ်သီချင်းတွေချည်း ပါပဲ။ အဲဒီအခွေကိုတော့ သင်္ကြန်ပြီးရင် အရင် ထွက်ချင်ပါတယ်။

သီတာစိုး



# သမိုင်းတစ်ခု အိပ်မက်တစ်စ ဂစ်တာသံတွေလျှံတဲ့ ည

Zigzag

ဆောင်းရဲ့လက်ကျန် အေးမြမြ အငွေ့အသက်က ညနေခင်းကို တိုးဝင်မလာနိုင်ခဲ့။ မိုင်ဒါကွင်းထဲက ညနေခင်းတစ်ခုမှာ လူတွေ ခြေချင်းလိမ်ယှက်နေကြ။ ဂီတကိုချစ်တဲ့လူတွေ အမှန်က ဂစ်တာကို ချစ်မြတ်နိုးတဲ့လူတွေ။ အကြီးစား stage တစ်ခုနဲ့ small stage တစ်ခုကြား ခပ်မြင့်မြင့်သွယ်တန်းထားတဲ့ ကြိုးတန်း တစ်ခုမှာ Jonathan Dzai ရဲ့ လက်ရာ ဂစ်တာသမားတွေရဲ့ ရုပ်ပုံပိုစတာတွေက လှုပ်လှုပ်ခါခါ။ ဒါ ငါတို့ကြိုက်တဲ့ မြန်မာပြည်က ဂစ်တာသမားတွေ။ ပြင်းပြင်းရှရှထွက်ပေါ်နေတဲ့ ဂစ်တာသံတွေဆီ ခြေလှမ်းတွေ တရွေ့ရွေ့ တိုးဝင်ချဉ်းကပ်လိုက်ကြ။ small stage ဆီမှာ ဂစ်တာသမားကြည်သာဟိန်း တီးခတ်နေ။



MUSIC **PLUS** YATI

"ဒီဘဲက တော်တော်ကောင်းတဲ့ လက်၊ ဘာလို့ ဒီမှာလာတီးနေတာလဲ၊ ကျွတ်··· ဟို stage မှာ တက်ဖြစ်ရမှာ"

လူတစ်ယောက်ဆီက မချိတင်ကဲ အန်ကျလာတဲ့အသံတစ်စက ဖုန်အလိမ်းလိမ်းပေကျံ နစ်မြုပ်သွားခဲ့။

music band 4 band, stage အနိမ့်အမြင့် ခွဲခြားခြင်းမရှိဘဲ ကိုယ်ယုံကြည်ရာဂီတနဲ့ solo ဂစ်တာလက်စွမ်းပြသူ ဂစ်တာသမားနှစ်ဦး။ big stage နောက်ဘက်မှာတော့ မြန်မာပြည်က ဂစ်တာသမားတွေ ဂစ်တာကိုယ်စီလွယ်လို့ ရုံးစုရုံးစု၊ တချို့က ဓာတ်ပုံအရိုက်ခံ၊ တချို့က အမေးအမြန်းခံ။ တချို့က အချင်းချင်း ဂုဏ်ယူ လက်ဆွဲနှုတ်ဆက်လိုက်ကြ။ နာရီမိနစ်လက်တံတို့ရှည်နှစ်ခုလုံး တစ်ထပ်တည်း ဖောက်ထိုးစိုက်ကျချိန်မှာ small stage လေးဆီက ဂစ်တာလက်စွမ်းပြသံတွေရပ်တန့်သွားခဲ့။ သကြားလုံးလေးတစ်လုံးကို စုပြုံအုံခဲနေတဲ့ ပုရွက်ဆိတ်တွေ ဒိန်ခဲတုံးကြီးဆီ ရွေ့လျားချီတက်လာကြ။ big stage ပေါ်မှာ လူတချို့ sound check··· လုပ်။

"အဆိုမပါဘဲ အတီးတွေချည်းပဲဖြစ်ပါ့မလား၊ ပရိသတ်က အားပေးပါ့မလား" music နဲ့ အလှမ်းဝေးပုံရပြီး ဂစ်တာသူရဲကောင်းတွေရဲ့ ဖန်တီးနိုင်စွမ်းအားအပေါ် အယုံအကြည်နည်းသူ လူပြိန်းတစ်ယောက်ရဲ့ အသံ။

"မင်းပြန်လိုက်တော့၊ အခုပဲ လှည့်ပြန်လိုက်တော့" သူရဲကောင်းတွေရဲ့ ဂစ်တာသံကို မီးကုန်ယမ်းကုန် အားပေးနားထောင်ဖို့ နှလုံးသားအသင့်ဖြစ်နေသူ လူငယ်တစ်ယောက်ရဲ့ စိတ်ပျက်လက်ပျက်တုံ့ပြန်သံ။ မျက်စိသူငယ်နားသူငယ် လူပြိန်းလေးကို အားမနာပါးမနာ ဝိုင်းရယ်ချလိုက်တဲ့ ရယ်သံတွေ မို့လှုံ့ပေါ်ထွက်လာ။ ပထမဆုံးတက်လာတဲ့ ဂစ်တာသူရဲကောင်း နိုင်ဇော်၊ ပထမဆုံး ထုဆစ်ဖောက်ခွဲလိုက်တဲ့ နိုင်ငံတော်သီချင်း တေးသွားနဲ့အတူ လိုက်လံဟစ်အော် သီဆိုသံတချို့၊ "ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ···"။ ဂစ်တာသံထက်ပရိသတ်ရဲ့ သီဆိုသံကစူးရှကျယ်လောင်ထွက်ပေါ်နေခဲ့။ ကိုယ့်ဂစ်တာကိုယ်ထမ်းပိုးကာ stage ပေါ် တက်လာကြတဲ့ဂစ်တာသမားတွေ၊ တစ်ယောက်ပြီးတစ်ယောက်၊ အရောင်စုံ၊ အသွေးစုံ၊ လက်စုံ၊ ဟန်စုံ၊ဂစ်တာစုံ၊ အသံစုံ ···မြန်မာပြည်မှာပြုလုပ်တဲ့ ပထမဆုံး Guitar Instrumental Show ခမ်းနားဝင့်ထည်မှုဂုဏ်ရှိန်ပါဝါအောက်မှာတီးခတ်သူ၊ နားထောင်သူ ရင်ခုန်သံချင်းစည်းချက်ကျနကာ ဝတ်မှုန်ကူးလိုက်ကြ။ ကိုယ်ပိုင်တံဆိပ်အမှတ်အသားကိုင်စွဲကာ တက်လာကြ၊အပြည်ပြည်ဆိုင်ရာတံဆိပ်အမှတ်အသား ကိုင်စွဲကာ တက်လာကြ။





တစ်ယောက်က Rock ၊ တစ်ယောက်က Blues တစ်ဦးက Jazz • • • အားလုံး မတူကွဲပြားစွာ ပေါင်းစည်းလိုက်ကြ။ Unity in Diversity အနှစ်သာရကို တီးခတ်သူ နားထောင်သူအားလုံး မိုးကောင်းကင်အောက်မှာ အတူတကွ တူးဆွ ဖော်ဆောင်လိုက်ကြ။ ချစ်စမ်းမောင်၊ ဇော်မျိုးထွဋ်၊ ဒဲရစ်မေလာ၊ ညီညီ (Phase II) ၊ Boy ၊ တိုးတိုး (Heaven Born)၊ အောင်သူ၊ ၊ ပက်ထရစ်၊ ဇော်မင်းသိမ်း၊ ဆန်းဝင်းအောင် (Dream Lover) ၊ Blesses , Sun Ny ၊ ဇော်လတ်၊ ကျော်ကျော်၊အောင်အောင် (Warrior)၊ ဝင်းမော်၊ ရန်နိုင်နဲ့ ကိုစိုင်း၊ အီတိုး၊ ဝီလီ၊ ရွှေထွဋ်၊ လွှမ်းကျော်၊ Outsider ၊ Never Say Die နဲ့အတူ ရှားရှားပါးပါး အမျိုးသမီးဂစ်တာသူရဲကောင်းမလေး နန စိန်။ မိုးသားနက်နက်၊ သန်းကောင်ယံ ညနက်နက်မှာဂစ်တာသမားအားလုံးပေါင်းစုကာ Jamming အဖြစ် စိတ်ရောကိုယ်ပါ ဖောက်ခွဲပစ်လိုက်ကြ။ထုံးစံအတိုင်း show တစ်ခုရဲ့ နောက်ကွယ်မှာ အသံဗလံတွေက ပေါက်ကွဲလွင့်စဉ် လှုံ့ကျလာခဲ့။ အင်တာနက်ကွန်ရက်facebookစာမျက်နှာ၊ ဂီတအညွှန်းရဲ့နံရံပေါ်က post တစ်ခု၊ "ဂစ်တာဆရာတွေ ဝုန်းတဲ့ည" ရဲ့ အောက်ခြေက comment တွေမှာ echo သံတွေစီညံလာတဲ့အခါစီစဉ်သူကြီးမှာမနေနိုင်တော့ဘဲ သဘောထားအမှန်ကို တုံ့လှယ်ပက်ဖြန်းခဲ့ရပြီ။


Hi Everybody .I am Ghin Gar who arrange the Guitarist show .I am very welcome about all of your comment .

Thanks for the advice .This is the first show in Myanmar and we do our best .I know this is not perfect show but this is become great show.We face so many challenge for that show We set up 3 Drums set at stage .

1st Drum set use 14 track .Second one use 8 Track .Third Drum set use 7 Track .So Total 29 Track use only for drum .Normal show only 8 Track for drum .more than 3 show .For Guitar use 7 set of Guitar Amp .and 4 DI Line .So Guitar line use 11 Line .Some Guitarist Use backing Music .Some use their own Head Phone . Total 48 Track Mixer not enough line .So we are change in and out line for every guitarist at the show time .Total 25 Guitarist and one guitarist come, change 4 people set up(DRUM , GUITAR, BASS, KEYBOARD). So total 100 people performance at stage .This is equal to 3 time size of very big show .

Preparing the show 4 night 4 day we are working very heard.Our Audio and Lighting Crew are One night only 2 to 3 hour sleep . After show 2 person sick until now .So tired .Other country never do like so many band together on one stage .Minimum 2 Stage they ready - But Myanmar how we can do .If we wait until that perfect time , we don't know next how many year become that kind of show. Our big Stage only ready on 26th 1 pm. For new generation stage not start yet .So some friend advice me to say sorry to new guitarist to cannot play.

If I do, not much problem Because only 6 People register.But I say no I will set up for stage for New Guitarist. We must take care them .We are hope new guitar player can come out at show .We must give place for them .We set up good system for them .All speaker are USA made and DRUM is same as Main Stage. We do our best .I am staying at new







MUSIC PLUS YATI

player stage when they play .Because I like to see and I am not forget them. We are not get any Sponsor for this show but I spent my own cash to make the show become Great Show . I never change any plan because of budget .Yes some guitarist is no name but play. They tell me if we are not play at that show when is next show I can play?

So what should I do .I try my best already and please understand any false at show .I will Try better the next year .

This is my dream since from very young age .This show is for people of Myanmar and Now we can say to world we have G 25 Show .This is only I need and make me complete .(Ghin Gar, 29 January at 23:22)


ဘာပဲဖြစ်စေစီစဉ်သူကရှူးရှူးမိုက်မိုက်စီစဉ်ခဲ့ပြီ။ တီးခတ်သူတွေက စူးစူးစိုက်စိုက်တီးခတ်ခဲ့ကြပြီ။ နားထောင်သူတွေလည်းငတ်ငတ် မွတ်မွတ်နားထောင်ခဲ့ကြပြီ။ နောက်ထပ်နှိုင်းယှဉ်စရာ Guitar Instrumental Show အသစ်တစ်ခု မြန်မာပြည်မှာ နောက်တစ်ကြိမ်ထွက်ပေါ်မလာမချင်း ဒါသည် အကောင်းဆုံးဖြစ်သည်လို့ကျွန်ုပ်တို့အားလုံး ပြတ်သားစွာယုံကြည်တတ်ဖို့ လိုသေးသည်။


Zigzag

Special Thanks for Photos
Ko Crab(Harmony Light)
Ko Aung (FM)
Jonathan Dzai
ဇိတအညွန့် / Facebook

ဒီလမှာတော့ ပရိသတ်တွေကို အမြဲ Respect ထားပါတယ်ဆိုတဲ့ ဟိန်းဝေယံရဲ့ လိုအပ်နေတဲ့ မေတ္တာနဲ့ အနုပညာပေါ်မှာထားတဲ့ လေးနက်မှုတွေကို သူ့ရဲ့ ရိုက်ကွင်းဖြစ်တဲ့ Space Bar မှာ သွားရောက်မေးမြန်းဖြစ်ခဲ့ပါတယ်။

# GREATEST HITS OF HAIN WAI YAN





**အခိကကတော့ ဇာတ်လမ်းပေါ့။ ပြီးတော့ ကိုယ်လုပ်ရမယ့် ကာရိုက်တာ။ ကာရိုက်တာကို ကြည့်ပြီး ဒီဟာကိုတော့ ငါလုပ်နိုင်ပါ့မလား။ မမီနိုင်ဘူးလား။ သေချာစဉ်းစားတယ်။ ဇာတ်လမ်း ကောင်းပြီး ကာရိုက်တာက ကိုယ်မလုပ်နိုင်ဘူး ဆိုရင်လည်း မဖြစ်ပြန်ဘူးလေ။**

**အခုလတ်တလော ဘာဇာတ်ကားတွေ ရိုက် ဖြစ်နေလဲဆိုတာ ပြောပြပေးပါဦး။**

အခု ကျွန်တော် 'မာယာချို'ဆိုတဲ့ ဇာတ်ကားလေး ရိုက်ဖြစ်နေပါတယ်။ မင်းသမီးကတော့ သဥ္ဇာနွယ်ဝင်းပါ။ ပြီးတော့ ကျွန်တော့်နဲ့အတူ ဦးမင်းဦးပါမယ်။ အန်တီမြတ်ကေသီအောင်တို့လည်း ပါဝင်အားဖြည့်ထားပါတယ်။ ဒါရိုက်တာကတော့ ဦးချိုကြီးပါ။

**'တစ်အူထုံဆင်း' ဆိုတဲ့ ဇာတ်ကားလေးမှာ ဟိန်းစပြီး သရုပ်ဆောင်ခဲ့တယ်နော်။ ဒီဇာတ်ကားလေးထဲမှာ ဟိန်းကို ပရိသတ်တွေက 'ငပိ' လေး ဆိုပြီး စသိခဲ့ကြတယ်၊ ဒီဇာတ်ကားရိုက်ဖြစ်ခဲ့ပုံလေး ပြောပြပေးပါဦး။**

အင်း . . . ဘယ်လိုပြောရမလဲ။ ဒါရိုက်တာကိုအောင်ဗပါဝါနဲ့ စပြီးရင်းနှီးသွားတဲ့ အခါမှာ ဒီကာရိုက်တာလေးက ကျွန်တော်နဲ့ လိုက်မယ်ထင်တယ်။ ဇာတ်ကတော့ ဒီလိုရှိတယ်။ အလုပ်အတူတူ တွဲလုပ်ကြရအောင်ဆိုတော့ ကျွန်တော်လည်း ဇာတ်လမ်းလေး ကြိုက်တာနဲ့ အကောင်အထည်ဖော် ရိုက်ဖြစ်သွားတာပါ။

**လူတစ်ယောက်က လူတစ်ယောက်ကို အခုလို မေးခွန်းတွေ မေးခွင့်ရှိနေတာကိုရော ကြိုက်ရဲ့လား။**

ကြိုက်ပါတယ်။ ကျွန်တော်တို့ရဲ့ အနုပညာသတင်းတွေကို မမိုးတို့လို မီဒီယာတွေက မေးကြ ရေးကြလို့သာ အနယ်နယ်အရပ်ရပ်မှာရှိတဲ့ ကျွန်တော်တို့ရဲ့ ပရိသတ်တွေနဲ့ အဆက်ပြတ်မသွားရတာပါ။

**ဒီမေးခွန်းကိုတော့ မဖြေချင်ဘူး၊ ဒါကိုတော့ ကန့်ကွက်တယ်ဆိုတာမျိုး ရှိလား။**

အဲလိုမျိုးတော့ မရှိပါဘူး။ အလုပ်လုပ်နေကြသူတွေအချင်းချင်းမို့ နားလည်စွာ၊ ခံစားပေးတတ်ဖို့ပဲ အရေးကြီးတာပါ။

**ဇာတ်ကားတစ်ကား ကမ်းလှမ်းလာပြီဆိုရင် ဘယ်အချက်ကို ကြည့်ပြီး အဓိကရွေးချယ် လက်ခံဖြစ်လဲ။**

အဓိကကတော့ ဇာတ်လမ်းပေါ့။ ပြီးတော့ ကိုယ်လုပ်ရမယ့် ကာရိုက်တာ။ ကာရိုက်တာကို ကြည့်ပြီး ဒီဟာကိုတော့ ငါလုပ်နိုင်ပါ့မလား။ မမီနိုင်ဘူးလား။ သေချာစဉ်းစားတယ်။ ဇာတ်လမ်းကောင်းပြီး ကာရိုက်တာက ကိုယ်မလုပ်နိုင်ဘူးဆိုရင်လည်း မဖြစ်ပြန်ဘူးလေ။ နှစ်ခုစလုံး OK တယ်ဆိုမှ ကျွန်တော် ဇာတ်ကိုရိုက်ဖို့ လက်ခံဖြစ်ပါတယ်။ ကျန်တဲ့အပိုင်းကတော့ အကုန်အဆင်ပြေပါတယ်။

**မင်းသားတစ်ယောက် နာမည်ကြီးခြင်းဟာ တိုက်ပိုင်ရှိခြင်း၊ မရှိခြင်းနဲ့ ဘယ်လို ပတ်သက်မှု ရှိနေတယ်လို့ မြင်လဲ။**

အဲဒါကတော့ တိုက်ပိုင်မရှိတဲ့ နာမည်ကြီးမင်းသားတွေကိုကြည့်ပြီး ဆုံးဖြတ်လို့ရပါတယ်။ မင်းသားတစ်ယောက် နာမည်ကြီးခြင်းဟာ တိုက်ပိုက်ခြင်း၊ မပိုင်ခြင်းနဲ့ လုံးဝမဆိုင်ဘူးလို့ ကျွန်တော် မြင်ပါတယ်။ ကျွန်တော်တို့ရဲ့ မင်းသားဆိုတဲ့နေရာဟာ ပရိသတ်က ပေးထားတဲ့ နေရာလေးတစ်ခုပါ။ ပရိသတ်ရဲ့ ရင်ထဲမှာ 'ဟိန်းဝေယံ' ဆိုတာမရှိရင် ကျွန်တော်လည်း ခုချိန် ဒီနေရာမှာ ရှိမနေနိုင်ပါဘူး။

**'ဟိန်း' ရဲ့ ဘဝမှာ 'ဟိန်းဝေယံ' ဆိုပြီး**

**ဖြစ်လာစေတဲ့ မှတ်တိုင်လေးတစ်ခုအကြောင်း ပြောပြပေးပါဦး။**

မှတ်တိုင်တစ်ခုအနေနဲ့ ပထမဆုံး ပရိသတ် စသိတဲ့ ‘တစ်အူထုံ့ဆင်း’ ဇာတ်ကားမှာဆိုရင် ကျွန်တော့်ကို ‘ငပိ’ လေးဆိုပြီး သတိထားမိကြတယ်ပေါ့။ အခုလို ကျွန်တော့်ဝါသနာပါတာကို ထဲထဲဝင်ဝင် လုပ်ဖြစ်အောင် ပံ့ပိုးပေးကြတဲ့ ကျွန်တော့်မိဘရဲ့ မေတ္တာ၊ စေတနာ၊ ပံ့ပိုးမှုတွေကတော့ ကျွန်တော့်အတွက် မှတ်မှတ်ရရပါပဲ။

**‘အိုင်စတိုင်းနဲ့ မာနမင်းသမီး’ ဆိုတဲ့ ဇာတ်ကားလေးက Drama နဲ့ ဟာသတွဲထားပြီး ပညာပေးဇာတ်လမ်းလေးလည်း ဖြစ်တယ်လို့ ယူဆရပါတယ်။ ဒီဇာတ်ကားမှာရော ပရိသတ်ကို ဘယ်လို message မျိုး ပေးချင်တယ်ဆိုတာလေး ပြောပြပေးပါဦး။**

ဒီကားလေးကတော့ ကျွန်တော်နဲ့ မပန် (ဆုပန်ထွာ) ပေါ့။ ပရိသတ်ကို ဘယ်လို message ပေးချင်တာလည်းဆိုတော့ ဘယ်အရာမဆို အလေးအနက်ထားပြီး လုပ်သင့်တယ်။ တစ်ဖက်က လူရဲ့အကျိုးအကြောင်းကို သေချာမသိဘဲ ကိုယ့်ရဲ့တစ်ဖက်သတ် ထင်မြင်ချက်တွေနဲ့ တစ်ပါးသူဂုဏ်ငယ်အောင်၊ ညှိုးနွမ်းအောင် မလုပ်သင့်ဘူးဆိုတဲ့ ရည်ရွယ်ချက်လေးပါပဲ။

Drama ပုံစံမျိုးလေးလည်း ပါတယ်။ ဒီကားရိုက်စဉ်က အရမ်းပျော်စရာကောင်းတယ်။ ဇာတ်လမ်းလေးကို သဘောကျတာလည်း ပါပါတယ်။ ကာရိုက်တာကျတော့လည်း ကိုယ်လုပ်နိုင်တဲ့ ကာရိုက်တာမျိုးဆိုတော့ ကြိုးစားပြီး ပုံဖော်ဖြစ်သွားတာပါ။ ဒါရိုက်တာကတော့ ကိုနေမင်းမြတ်ပေါ့။ ဟုတ် . . . ။


**၂၀၀၈ က ထွက်ရှိခဲ့တဲ့ ‘အချစ်မုန်းတော့ ရူးမိတယ်’ ဇာတ်ကားနဲ့ ၂၀၁၂ မှ ထွက်ရှိခဲ့တဲ့ ‘နတ်မိမယ်ချည်တဲ့ ကြိုး’ ဇာတ်ကားနှစ်ခုမှာ ဇာတ်လမ်းရော ‘ဟိန်း’ ရဲ့ ကာရိုက်တာကပါ ဆန့်ကျင်ဘက်တွေ သရုပ်ဆောင်ခဲ့ရတယ်နော်။ တကယ့်လက်တွေ့ဘဝမှာ ဒီဇာတ်လမ်းနှစ်ခုထဲက ဘယ်ဇာတ်လမ်းဟာ ‘ဟိန်း’ အတွက် အရေးပါနိုင်မလဲ။**

တစ်ခုမှ အရေးမပါနိုင်ပါဘူး။ ဘာဖြစ်လို့လဲဆိုရင် ဇာတ်လမ်းတစ်ပုဒ် ဖြစ်နေလို့ပါ။ ကျွန်တော်တို့က သရုပ်ဆောင်ဖြစ်တဲ့အတွက် ဇာတ်လမ်းပေါ်မူတည်ပြီး ပီပြင်အောင် ပုံဖော်ရတဲ့ သဘောပါပဲ။

**‘ဟိန်းဝေယံ’ ဇာတ်ကားထွက်တယ်ဆိုရင် လူကုံထံဇာတ်ကား၊ သူဌေးစရိုက်ပဲ ဖြစ်မှာပါလို့ ပြောတဲ့ ပရိသတ်တွေ စကားသံအရ ဒီလိုသဘာဝကားလေးတွေ အရိုက်နည်းနေတာဟာ ‘ဟိန်း’ ရဲ့ ရွေးချယ်မှုလား။ ဒါမှမဟုတ် ဒါရိုက်တာကြောင့်လား။**

ကျွန်တော် သဘာဝကားလေးတွေလည်း ရိုက်ပါတယ်။ ‘ရပ်ကွက်ထဲက ဘဝ’ ဆိုတဲ့ ဇာတ်ကားဟာဆိုရင် ဆင်းရဲနွမ်းပါးတဲ့ ကာရိုက်တာမျိုး သရုပ်ဆောင်ထားပါတယ်။ အရင်ကဆိုရင် ဆင်းရဲသားအခန်းရိုက်ရင် မိတ်ကပ်အညို တွေ မလိမ်းဘဲ ရိုက်ဖြစ်ခဲ့တယ်။ ဇာတ်ကားထဲရောက်တော့ အသားဖြူတာကြောင့်လားတော့ မသိဘူး။ ဆင်းရဲသားပုံစံနဲ့ မတူဘဲ မကိုက်ညီတာလေးတွေလည်း ဖြစ်ခဲ့ရပါတယ်။ ဒီကားမှာဆိုရင် အသားအရေက အစ၊ ဝတ်စားပုံ၊ ကာရိုက်တာကို အရင်ကထက် ပိုကောင်းအောင် ကြိုးစားထားပါ

တစ်ဖက်က
လူရဲ့အကျိုးအကြောင်းကို
သေချာ မသိဘဲ
ကိုယ့်ရဲ့တစ်ဖက်သတ်
ထင်မြင်ချက်တွေ နဲ့
တစ်ပါးသူဂုဏ်ငယ်အောင်၊
ညှိုးနွမ်းအောင်
မလုပ်သင့်ဘူးဆိုတဲ့
ရည်ရွယ်ချက်လေးပါပဲ။



တယ်။ ဒီလိုနွမ်းပါးတဲ့ ဇာတ်လမ်းအရိုက်နည်းနေတာကလည်း ပရိသတ်တွေ အကြံပေးချက်အရ ဖန်စီကားလေးတွေ၊ ဒရာမာကားလေးတွေ အရိုက်စိပ်နေတာပါ။ ဇာတ်လမ်းကာရိုက်တာ စုံအောင် ရိုက်ဖို့ကိုလည်း စဉ်းစားထားပါတယ်။

**စိုးပြည့်သဇင်နဲ့ရိုက်တဲ့ 'မာနကို ဝါးစားပစ်မယ်' ဆိုတဲ့ ဇာတ်ကားမှာ ထူးထူးခြားခြားလေး သရုပ်ဆောင်ခဲ့တဲ့ တေသား 'လှိုင်ဘွား' ဇာတ်ရုပ်မှာ ပရိသတ်တွေက ဟိန်းဝေယံကို မြို့သူဌေးကားနဲ့ပဲ လိုက်မယ်ထင်တာ။ ဒီဇာတ်ရုပ်ကိုလည်း ပီပြင်အောင် သရုပ်ဆောင်နိုင်တယ်။ လိုက်ဖက်မှုလည်း ရှိတယ်ဆိုတဲ့ စကားသံအပေါ် ဘယ်လို တုံ့ပြန်ချင်ပါသလဲ။**

အတိုင်းမသိ ဝမ်းသာပါတယ်။ ပရိသတ်ရဲ့ စကားသံဟာ ကျွန်တော်တို့လို အနုပညာရှင်တွေအတွက် အားဆေးတစ်ခွက်ပါ။ အခုဆို ပရိသတ်က သတ်မှတ်ပေးထားတဲ့ နေရာလေးတစ်ခုမှာ ကျွန်တော့်ပရိသတ်ကြီးအတွက် အမြဲတမ်းကြိုးစားသွားမှာပါ။

**ဟိန်းက သဘာဝဇာတ်ကား ရိုက်တာ နည်းတယ်နော်။ အစ်မအထင်လေး၊ ငါးကားလောက်ပဲ ရှိမယ်၊ စစ်ကားဆိုရင်လည်း နှစ်ကားလောက်ပဲ ရှိမယ်။ Drama နဲ့ Fancy ဇာတ်ကားတွေကတော့ ပိုများတယ်နော်။ အဲဒါ ဘာကြောင့်လဲ။**

ဘယ်ကာရိုက်တာမဆို ကျွန်တော် ရိုက်ချင်ပါတယ်။ တချို့ ပရိသတ်တွေက ကျွန်တော့်ကို Drama, Fancy ဇာတ်က ဟိန်းဝေယံနဲ့ ပိုလိုက်တယ်လို့ အကြံပေးတဲ့အပေါ် အဓိကထားပြီး ရိုက်ဖြစ်သွားတာပါ။ စစ်ကားဆိုရင်တော့ သုံးကားလောက်ရှိမယ်။ နောက် fitting ဇာတ်တို့၊ စုံထောက်ဇာတ်တို့ကိုလည်း ခေတ်နဲ့တစ်ပြေးညီ ရိုက်ကူးနိုင်ဖို့ ကျွန်တော် ကြိုးစားသွားမှာပါ။

**ဟိန်းအနေနဲ့ အနုပညာကို ဘယ်လိုခံယူထားလဲ။**

တကယ့်ကို ခက်ခဲနက်နဲပြီး ခံစားမှုရသများစွာကို ပေးနိုင်တဲ့၊ လေ့လာလိုက်စားလို့ မကုန်နိုင်တဲ့ ပညာရပ်တစ်ခုလို့ မြင်ပါတယ်။ လူတွေရဲ့ ခံစားမှု၊ ဖြစ်တည်သွားလာမှု၊ လူမှုဘဝစုံလင်အောင်၊ ဆင့်ပွားခံစားလို့ရနိုင်တဲ့၊ ပြသခွင့်ရှိတဲ့ အနုပညာတစ်ခုလို့လည်း ပြောနိုင်ပါ တယ်။

**'ခရေပုံပြင်' ဆိုတဲ့ ဇာတ်ကားလေးဟာ ပရိသတ်ရင်ထဲ ခံစားမှုတစ်ခုနဲ့ ဟိန်းဝေယံဆိုပြီး စွဲကျန်နေစေခဲ့တာ ဟိန်းရဲ့သရုပ်ဆောင် ပီပြင်မှုကြောင့်လား၊ ဇာတ်လမ်းကြောင့်လား။**

အဓိကကတော့ ဒီဇာတ်ကားကို ကြည့်တဲ့ ပရိသတ်ရဲ့ အဆုံးအဖြတ်က အရေးကြီးပါတယ်။ ပြီးတော့ ကျွန်တော်တစ်ယောက်တည်း သရုပ်ဆောင်ကောင်းပြီး အခြားဇာတ်ဆောင်တွေက လိုက်ပါစီးမျောခြင်း မရှိရင်လည်း ကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ် ဖြစ်မလာနိုင်ပါဘူး။ ဒီအလုပ်က စိတ်ဓာတ်တွေနဲ့ အလုပ်လုပ်ရတာ ဆိုတော့ ဒီဇာတ်ကားမှာ ပါဝင်တဲ့ အနုပညာရှင်အားလုံးရဲ့ တညီတညွတ်တည်း ကြိုးစားမှုရဲ့ ရလဒ်လို့ပဲ ပြောချင်ပါတယ်။

**ဟိန်းရဲ့ဘဝမှာ အရမ်းတော်တဲ့ သရုပ်ဆောင်တစ်ယောက် ဖြစ်လာစေဖို့ အဓိကပံ့ပိုးပေးခဲ့တဲ့ သူတွေက . . .**

ကျွန်တော့်အနေနဲ့ ကိုယ့်ကိုယ်ကိုယ် အရမ်းတော်တဲ့ သရုပ်ဆောင်တစ်ယောက်အဖြစ် မခံယူထားပါဘူး။ ပြောင်းလဲတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျွန်တော့်အတွက်ကတော့ ရှာဖွေ၊ လေ့လာ သင်ယူစရာတွေ အများကြီး ကျန်ပါသေးတယ်။ ကျွန်တော် ဒီအခြေအနေရောက်တဲ့ထိ အနုပညာလမ်းကြောင်းပေါ်မှာ ရပ်တည်နေနိုင်အောင် တစ်ချက်ကလေးမှ မငြိုငြင်ပဲ အဓိကပံ့ပိုးပေးခဲ့တဲ့ ကျွန်တော့်ရဲ့ မိဘနှစ်ပါးကတော့



ကျွန်တော့်အတွက် အနှိုင်းမဲ့ပါပဲဗျာ။

**ဘဝမှာ မိဘဆိုတာ အချိန်ပြည့်လိုအပ်ချက်တစ်ခု ဖြစ်နေခဲ့တာလား။**

လောကရဲ့ သဘာဝတရားအရ မိဘ၊ သားသမီး ဘိုးဘွားရယ်လို့ ရှိနေမှာပဲလေ။ ကိုယ့်ကိုယ်တိုင်လည်း ရပ်တည်နေနိုင်အောင် ကြိုးစားရမှာပဲလေ။ ဘုရားဟောထဲမှာလည်း ပါတယ်။ မိမိကိုယ်သာ အားကိုးရာ၊ ကိုးကွယ်ရာလို့ ပါတယ်လေ။ ကိုယ်တိုင်လည်း ဆုံးဖြတ်တယ်။ မိဘတွေကိုလည်း တိုင်ပင်စရာရှိတာ တိုင်ပင်တယ်။ ဘာပဲပြောပြော မိဘကတော့ အနန္တော အနန္တငါးပါးထဲမှာ တစ်ပါးအပါအဝင်ပါခင်ဗျာ။

**ဟိန်းရဲ့ ဘဝမှာ အလိုအပ်ဆုံးနဲ့ အရှိသင့်ဆုံး အရာဟာ ဘာလဲ။**

ကျွန်တော့်အမြင်ကတော့ အချစ်လို့ပဲ မြင်ပါတယ်။ အချစ်ဆိုတာ တစ်ထောင့်ငါးရာအချစ်ရယ်လို့တော့ ပြောတာမဟုတ်ပါဘူး။ မိဘက သားသမီးကို ချစ်တဲ့ အချစ်၊ ညီအစ်ကို မောင်နှမချစ်၊ သူငယ်ချင်းချစ် အားလုံးကို ပြောတာပါ။ မေတ္တာတရားရှိမှ ကမ္ဘာကြီး ငြိမ်းချမ်းမှာလေ။ လူရယ်လို့ ဖြစ်လာပြီးမှ ချစ်ခြင်းမေတ္တာကို မခံစားဖူးဘူးဆိုရင် ဘဝမှာ ဖြတ်သန်းရကျိုး ဘယ်နပ်ပါ့မလဲ။ မေတ္တာတရားကတော့ ကျွန်တော့်အတွက် အရေးကြီးဆုံးပါပဲ။

**ဇာတ်ကားတစ်ကားမှာ မင်းသားနှစ်ယောက် အပြိုင်သရုပ်ဆောင်ရတဲ့ အခါမျိုးတွေဆိုရင် ဘယ်လို အခက်အခဲတွေ ကြုံတွေ့ရတတ်လဲ။**

ခုချိန်ထိတော့ အခက်အခဲကြုံတာမျိုး မရှိခဲ့ပါဘူး။ အားလုံးချောချောမွေ့မွေ့နဲ့ပဲ ဇာတ်ကားပြီးဆုံးတဲ့ထိ နားလည်မှုတွေနဲ့ ပျော်စရာလည်း ကောင်းပါတယ်။

**အခုတက်လာနေတဲ့ မင်းသား 'ဇေရဲထက်' ကို ပရိသတ်တွေက ဟိန်းဝေယံနဲ့ တူလိုက်တာလို့ ပြောခံရတဲ့အပေါ် ဘာများပြောချင်ပါလဲ။**

ဘာပဲဖြစ်ဖြစ် ပရိသတ်တွေက ကျွန်တော့်အပေါ် အမြဲမှတ်မှတ်ရရ ရှိနေတယ်ဆိုတာလေးကို အတိုင်းမသိ ဝမ်းသာပါတယ်။

**ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး) ရဲ့ 'အခါးကြိုက်တဲ့ ပျား' ဇာတ်ကားမှာလည်း ဟိန်းဝေယံနဲ့ သက်မွန်မြင့်ရဲ့ ဇာတ်လမ်းထဲက သရုပ်ပါမှုဟာ ပရိသတ်အတွက် ဘယ်လို message မျိုး၊ ဘယ်လို ရသမျိုးပေးချင်တာလဲဆိုတာလေး သိချင်ပါတယ်။**

အဓိကကတော့ ပရိသတ်က ဇာတ်ကားကြည့်တဲ့အခါ international တစ်ခုအနေနဲ့ ကြည့်တာလည်း ဖြစ်နိုင်တယ်။ သူတို့အတွက် အကျိုးရှိစေတဲ့ message လေးတွေ ရောပါသွားတဲ့ သဘောပေါ့။ message ပေးချင်တဲ့ ရည်ရွယ်ချက် သက်သက်ကြီးနဲ့ ရိုက်တာမျိုးလည်း မဟုတ်ဘူး။ ဒါရိုက်တာရဲ့ ပုံဖော်မှုတစ်ခုကို သက်ဝင်လှုပ်ရှားထားတာပါ။ မှတ်မှတ်ရရအနေနဲ့ ဒီဇာတ်ကားထဲ ကျွန်တော့်ရဲ့ကာရိုက်တာက ရှုတ်နောက်နောက်နဲ့ အရမ်းပျော်တတ်ပြီး ဘာကိုမှ အလေးမထားတဲ့ သူက တကယ်တမ်းမှာတော့ သူငယ်ချင်းတွေတောင် မယုံနိုင်လောက်တော့တဲ့အထိ အပြောင်းအလဲလေးတွေ ဖြစ်သွားတဲ့ ပုံစံမျိုး သရုပ်ဆောင်ရတာပါ။ ဘယ်အရာမှ အလွန်အကျွံမကောင်းဘူးဆိုတဲ့ သဘောလေးတွေလည်း ပါပါတယ်။

**ဒါရိုက်တာမောင်ဒေါနရဲ့ 'ဘယ်သူကြောင့်' ဆိုတဲ့ ဇာတ်ကားထဲက မိသားစုအတွက် တစ်ဖက်တစ်လမ်းက အလုပ်ဝင်လုပ်ရင်း အလုပ်ရှင်ကြောင့် ဘိန်းဖြူစွဲခဲ့ရတဲ့ ချို့တဲ့တဲ့ကောင်လေးတစ်ယောက်ရဲ့ ပြောင်းလဲမှုလေး ပြောပြပေးပါဦး။**

ဒီကားလေးကတော့ မိသားစုတွေမှာ ကြုံတွေ့ရတတ်တဲ့ ပုံစံမျိုးလေးကို ရိုက်ပြထားတာပါ။ ဒီကားလေးထဲမှာ အတုယူစရာတွေ ပေးထားသလို ဆင်ခြင်စရာ ဇာတ်ဝင်ခန်းတွေကိုလည်း တွေ့ရမှာပါ။ ဘယ်ကာရိုက်တာမဆို အခက်အခဲ အနည်းနဲ့အများတော့ ရှိတတ်ပါတယ်။ ကိုယ်လုပ်ရမယ့် ဇာတ်ကောင်ပေါ် မူတည်ပြီး အတတ်နိုင်ဆုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားထားပါတယ်။

**တစ်ယောက်တည်း ကျိတ်မက်ခဲ့ရတဲ့ အိပ်မက်တွေတော့ ရှိမှာပေါ့။**

ရှိခဲ့ဖူးတယ်။ အခု ကျွန်တော်မက်ခဲ့တဲ့ အိပ်မက်အတိုင်း လက်တွေ့မှာ သရုပ်ဆောင်ဖြစ်ခွင့် ကြိုးစားခွင့်တွေ ရှိနေပြီလေ။ တခြားဖြစ်ချင်တာလေးတွေတော့ ရှိသေးတာပေါ့။ အခုဆိုရင် ပရိသတ်ရဲ့ အားပေးမှုနဲ့ ဟိန်းဝေယံအဖြစ် ရပ်တည်နေရတဲ့ အနုပညာလောကထဲက နေရာလေးအတွက် ပရိသတ်ကြီးကို ကျေးဇူးတင်ပါတယ်။

**သရုပ်ဆောင်ဆိုတာ လူတွေရဲ့စိတ်တွေ၊ သဏ္ဍာန်တွေ၊ ဘဝတွေကို ကိုယ်စားပြုထားတာဆိုတော့ အနုပညာဘဝထဲက Professional မင်းသားတစ်ယောက်အနေနဲ့ လူတွေအကြောင်းကို ဘယ်လောက်ထိ သိထားပြီးပြီလဲ။**

ကျွန်တော့်ရဲ့ အနုပညာဖြတ်သန်းမှုအချိန်အတိုင်းအတာနဲ့ ကျွန်တော့်အသက်အရွယ်အရကတော့ သိသင့်သလောက် သိထားပြီးပါပြီ။ ဒါပေမဲ့ ကျွန်တော် မသိသေးတာတွေလည်း အများကြီးရှိပါသေးတယ်။ လူငယ်ပိုင်းပဲ ရှိသေးတာဆိုတော့ ဆက်လက်ပြီး လေ့လာရမယ့် သိထားရမယ့် အပိုင်းတွေ အများကြီး ရှိပါသေးတယ်။

**ပရိသတ်ကို ဖမ်းစားနိုင်ဖို့အတွက် သရုပ်ဆောင်ရဲ့ အနုပညာက ဘယ်လောက်ထိ ထိရောက်ဖို့ လိုအပ်နေလဲ။**

ကိုယ့်အနုပညာနဲ့ ပရိသတ်ကို ဖမ်းစားနိုင်ဖို့ ရာခိုင်နှုန်းတော်တော်များများ လိုအပ်ပါတယ်။ ဒါမှလည်း ပရိသတ်ရင်ထဲ မှတ်တိုင်တစ်ခုအဖြစ် စွဲကျန်စေမှာပေါ့။ ရုပ်ချောနေရုံနဲ့လည်း အဆင်မပြေဘူးလေ။ စတိုင်မြောက်နေလို့လည်း မပြီးဘူး။ အနုပညာကို အနုပညာရသမြောက် အောင် ဖန်တီးနိုင်ဖို့ကလည်း အရေးကြီးပါ တယ်။

**ဇာတ်လမ်းရဲ့ tempo တက်နေချိန်မှာ ကိုယ့်ရဲ့ သရုပ်ဆောင်ပိုင်း mood မကျန်ခဲ့စေဖို့ စိတ်ကို ဘယ်လို အသုံးချလဲ။**

ဇာတ်လမ်းဇာတ်ညွှန်းပေါ် မူတည်ပြီး Seen 1, 2, 3 အခန်းစဉ်အလိုက် ချိန်ဆပြီး လုပ်ယူရတဲ့ ပုံစံမျိုးလေးတွေ ရှိတယ်။ အဓိက ဇာတ်လမ်း ရိုက်ကူးနေစဉ်မှာ သရုပ်ဆောင်မယ့် ကိုယ့်ရဲ့ စိတ်က လွတ်လပ်ပေါ့ပါးနေဖို့ လိုတယ်။ စိတ် Relax ဖြစ်နေမှ ဇာတ် tempo နဲ့အတူ mood ပါ တစ်ပါတည်း ဆွဲတင်နိုင်မှာပါ။ ဒါကြောင့် ဇာတ်ကားရိုက်တော့မယ်ဆိုရင် ကျွန်တော့်ရဲ့ စိတ်ကို Relax ဖြစ်အောင် အမြဲ ဂရုစိုက်ပါတယ်။ ဒါမှလည်း ပရိသတ်ရင်ထဲ မှန်ကန်တဲ့ သရုပ်ဆောင်မှု ပေးနိုင်မှာပါ။

**Celebrity တစ်ယောက်အနေနဲ့ Fashion ကလည်း အရေးပါတယ်ဆိုတော့ Fashion အပိုင်းကိုရော ဘယ်လိုပြင်ဆင်ဖြစ်လဲ။**

ကိုယ်သရုပ်ဆောင်ရမယ့် ဇာတ်ကောင်ပေါ်၊ ဇာတ်လမ်းပေါ် မူတည်ပြီး ရွေးချယ်ဖြစ်ပါတယ်။ Fancy ဇာတ်လမ်းတွေဆိုရင်တော့ ကိုယ့်စိတ်ကြိုက် စဉ်းစားဖြစ်ပါတယ်။ ဇာတ်ကားမှာက ခေတ်ပုံရိုက်တာလောက် Fashion စဉ်းစားရတာ



မခက်ပါဘူး။ ဘာလို့လဲဆိုရင် ဇာတ်ကားမှာက ကိုယ် သရုပ်ဆောင်ရမယ့် အခန်းကဏ္ဍအလိုက် ဝတ်စုံက ပါပြီးသား။ ခေတ်ပုံကကျတော့ ကိုယ်ပိုင် Fashion ကို ရိုက်ရမယ့်အချိန်၊ ကာလ၊ အနေအထားအပေါ် မူတည်ပြီး ကိုယ်တိုင်ပဲ စဉ်းစား ရွေးချယ်ရတာကိုး။

**လူငယ်တစ်ယောက်ရဲ့ အားလပ်ချိန်ကို ဘယ်လို အသုံးချဖြစ်လဲ။**

လုပ်စရာရှိရင်လည်း အာရုံစိုက်ပြီး လုပ်ပါတယ်။ ပျော်စရာရှိရင်လည်း အပြည့်အဝ ပျော်လိုက်တာပဲ။ တစ်ခါတလေ သူငယ်ချင်းတွေနဲ့ သွားဖြစ်တယ်။ အိမ်မှာ အေးအေးဆေးဆေး သီချင်းနားထောင်တာမျိုး၊ စာဖတ်တာမျိုးလည်း လုပ်ဖြစ်ပါတယ်။ မိသားစုနဲ့ မုန့်ထွက်စားတာမျိုးလည်းရှိတယ်။

**လူရယ်လို့ ဖြစ်လာရင် အချစ်နဲ့ကင်းသူဆိုတာ မရှိသလို မချစ်ဖူးတဲ့သူလည်း ရှိမယ်မထင်တာကြောင့် အချစ်ဆိုတာ ကိုးကွယ်သင့်တဲ့ အရာထဲမှာ ပါတယ်လို့ ထင်လား။**

အချစ်ဆိုတာ ကိုးကွယ်သင့်တဲ့ အရာထဲမှာ မပါဘူးလို့တော့ ကျွန်တော် ထင်ပါတယ်။ အချစ်ဆိုတာ မရှိလို့တော့လည်း မဖြစ်ပြန်ဘူး။ ကိုးကွယ်ရလောက်တဲ့အထိတော့ မဖြစ်သင့်ဘူးလို့တော့ ထင်တယ်။ လောကကြီးကတော့ အချစ်ရှိမှ အဓိပ္ပာယ်ရှိမှာပါ။ အချစ်ရှိမှလည်း ငြိမ်းချမ်းမှုတွေ ပြည့်စုံစေမှာပါ။

**အချစ်နဲ့ပတ်သက်ပြီး ဘယ်လိုကောင်းကျိုးဆိုးကျိုးတွေ ကြုံတွေ့နိုင်လဲ။**

အချစ်နဲ့ပတ်သက်ပြီးတော့ ထွေထွေထူးထူး အများကြီး ပြောစရာမရှိပါဘူး။ သိသလောက်တော့ ပြောပြနိုင်ပါတယ်။ အချစ်က တစ်ခါတလေမှ ပူလောင်မှုတွေ ပေးသလို တစ်ခါတလေမှာ နူးညံ့စွာ နွေးထွေးစေပါတယ်။ ဘယ်အရာမှ တစ်သမတ်တည်းတော့ မသွားနေပါဘူး။ ပျော်ရွှင်မှုတွေ ရရှိနိုင်သလို စိတ်ညစ်စရာတွေနဲ့လည်း ကြုံရတတ်ပါတယ်။

**နာမည်ကြီး Celebrities တွေရဲ့ အချစ်ရေးကို စိတ်ဝင်စားကြတဲ့ ပရိသတ်တွေအတွက် အချစ်ရေးနဲ့ ပတ်သက်ရင် လျှို့ဝှက်ထိန်ချန်တတ်တာမျိုးရှိလားလို့ မေးချင်ပါတယ်။**

အဲလိုမျိုးတော့ မရှိပါဘူး။ ဟုတ် . . . (ရယ်လျက်)

**ပြီးခဲ့တဲ့ ခုနှစ်တွေက ဟိန်းဝေယံကို ပြန်ကြည့်လိုက်တဲ့အခါ အားရကျေနပ်မှုတွေ ရှိရဲ့လား။**

အမှန်တိုင်းပြောရရင်တော့ မရှိသေးပါဘူး။ ဆက်ပြီးလေ့လာရဦးမှာပါ။ ဆက်ပြီးလေ့လာရဦးမှာပါ။ ငါကတော့ ပြည့်စုံသွားပြီး မလိုအပ်တော့ဘူးဆိုပြီး မရှိပါဘူး။ အမြဲတမ်းကြိုးစားနေဆဲပါ။ လေ့လာနေဆဲသူတစ်ယောက်လို့ ခံယူရင်ပရိသတ်တွေအတွက် အကောင်းဆုံးများကို ချပြနိုင်အောင် ကြိုးစားသွားမှာပါ။

**မင်းသားဟိန်းဝေယံနဲ့ ပရိသတ်ကြားမှာရော ဘယ်လိုဆက်ဆံရေးမျိုး ရှိနေစေချင်လဲ။**

ကျွန်တော်ကတော့ ပရိသတ်အပေါ် အမြဲ Respect ထားပါတယ်။ မမိုးတို့လို မီဒီယာတွေသာမရှိရင် ပရိသတ်ရဲ့ စကားသံကို ကျွန်တော် ကြားခွင့်ရှိမှ မဟုတ်ပါဘူး။ အဲဒီအတွက်လည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်ကလည်း အနုပညာလောကကြီးထဲမှာ ဟိန်းဝေယံဆိုပြီး ပရိသတ်တွေအတွက် ထာဝရ ရပ်တည်သွားမယ်ဆိုတာကို ရတီမင်္ဂလာဇင်းမှတစ်ဆင့် ပရိသတ်တွေ ကြားသိနိုင်ပါစေ။

**မိုးသောက်ကြယ်**



# အလှအပအတွက်
## အလွယ်တကူကုသပျောက်ကင်းနိုင်သော
# အရေပြားအကျိတ်အဖုအချို့

ဒေါက်တာမြင့်ဦး(အရေပြားအလှအပဆရာဝန်)

လူတို့၏ အရေပြားပေါ်တွင် အကျိတ်အဖု အမျိုးမျိုးတို့ကို ပုံစံအမျိုးမျိုးဖြင့် မြင်တွေ့နိုင်ပါသည်။ တချို့ကို မိမိကိုယ်တိုင် စမ်းသပ်ကိုင်တွယ်မိပြီး သတိထားမိသလို၊ အချို့ကိုတော့ တစ်ဖက်လူကပြောပြ သတိပေးမှသိလိုက်တာမျိုးလည်း ရှိပါသည်။ ထိုအကျိတ်အဖုတို့အနက် လူ့အသက်ကို အန္တရာယ်ပေးနိုင်သော၊ အန္တရာယ်မရှိသော အကျိတ်အဖုကလေးများအကြောင်းကို အနည်းငယ်တင်ပြလိုပါသည်။ သာမန်စာဖတ်သူတစ်ဦး ပုံတွင်မြင်တွေ့လိုက်ရုံဖြင့် အလွယ်တကူခွဲခြားနိုင်သော အကျိတ်အဖုလေးများ အကြောင်းပင် ဖြစ်ပါသည်။ အတွေ့ရများပြီး အလွယ်တစ်ကူလည်း ကုသလို့ရနိုင်သည့် အကျိတ်အဖုလေးများကို ဖော်ပြပါမည်။

**Acrochordon ဒုင်းကို (Skin tag, cutaneous papilloma, soft fibroma) ဟူ၍လည်း အမည် အမျိုးမျိုးဖြင့် သိထားကြသည်။**

အရေပြားအသားပို့ဖု။ အမျိုးသားထက် အမျိုးသမီးများတွင် အတွေ့ရများသည်။ သက် လတ်ပိုင်းနှင့် အရွယ်နှောင်းပိုင်းတွင် တွေ့ရလေ့ ရှိသည်။ အရေပြားနှစ်ဖက်ထိစပ်နေသည့်အကြား ဥပမာ အားဖြင့် ချိုင်းကြား၊ ပေါင်ခြံကြား၊ ရင်သားအောက်ဘက်၊ လည်တိုင်နှင့် မျက်ခွံတို့တွင် တွေ့ရလေ့ရှိသည်။ ဆံပင်ညှပ်ခြင်း၊ ဖိးသင်ခြင်း တို့၌ နာကျင်ခြင်း၊ သွေးထွက်ခြင်းတို့ကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရလေ့ရှိသည်။



အရေပြားအပေါ်သို့ ဖုထွက်နေပြီး (၁)မှ (၁၀)မီလီမီတာအရွယ်အစား သို့မဟုတ် ၎င်းထက်လည်း ကြီးနိုင်သည်။ မျက်နှာပြင် ကြမ်းတမ်းပြီး အက်ရာလေးများ ဖြစ်ပေါ်နေသည်။ အဖု မျက်နှာပြင်ပေါ်တွင် အနီ သို့မဟုတ် အနက်စက်ကလေးများ တစ်ခါတစ်ရံ တွေ့ရလေ့ရှိသည်။

**Actinic keratoses ၎င်းကို (solar keratosis) ဟုလည်း သိကြသည်၊**

နေရောင်နှင့် ကာလရှည်အထိအတွေ့များသော အရေပြားပေါ်တွင်တွေ့ရလေ့ရှိသည်။ တစ်ခုမှ အရေအတွက်များစွာ တွေ့ရလေ့ရှိသည်။ ပုံပါအတိုင်း အကြေးခွံလေးများ အရေပြား၌ တွယ်ကပ်နေသည့် ပုံစံတွေ့ရလေ့ရှိသည်။ ဖယ်ရှားလျှင် နာကျင်သောဝေဒနာ ခံစားရလေ့ရှိသည်။

**Angiokeratoma**

အဖုအကျိတ်အမျိုးအစား(tumor) မဟုတ်ပါ။ အရေပြားပထမအလွှာ အက်ပီဒါးမစ် (epidermis) နှင့် ဒုတိယအလွှာ ဒါးမစ်(dermis) ကြားဧရိယာမှ ဆံခြည်မျှင်သွေးကြော မျှင်ငယ်များ (capillaries) များနှင့် ၎င်းအလွန်သွေးပြန်ကြောငယ်များ ကျပ်ထုပ်ပြီးအရေပြားအပြင်သို့ ပေါ်ထွက်လာခြင်း ဖြစ်သည်။ ထိုမျက်နှာပြင်အရေပြားထူထဲခြင်းနှင့် သွေးကြောအတွင်း သွေးခဲမှုကြောင့် မာသောအထိအတွေ့ကို ပေးသည်။ ခရမ်းနီရောင်မှ အနက်ရောင်အသွင်အမျိုးမျိုးရှိသည်။ အမျိုးသားကပ်ပယ်အိပ်နှင့် မိန်းမကိုယ်တွင်တွေ့ရသော အမျိုးအစားကိုတော့ (Angio-keratoma of fordyce) ဟုအမည်ပေး ခေါ်ဆိုလေ့ရှိသည်။

**Cherry Angiomas ၎င်းကို (Campbell de Morgan spots/ senile (hem)angioma)**
ဟုလည်း ခေါ်ကြသည်။

မည်သည့်ခံစားမှု လက္ခဏာမှုပြလေ့မရှိပါ။ အသက်(၃၀) နှင့်အထက် အရွယ်ကြီးရင့်သူများ၌သာတွေ့ရလေ့ရှိသည်။ အရေပြားအပေါ်ယံသို့ ခုံးထွက်နေလေ့ရှိပြီး (၃) မီလီမီတာ အထိကြီးသည့် အရွယ်အစားတစ်ခုအနေဖြင့်သော်၎င်း သေးငယ်



သောအဖုလေးများအဖြစ် ၎င်းခန္ဓာကိုယ်ထည်ပေါ်၌သာ အတွေ့ရများသည်။ အနီရောင်မှ ခရမ်းနီအရောင်အထိ အမျိုးမျိုးတွေ့ရလေ့ရှိသည်။

**(Common warts ) ၎င်းကို Verruca vulagaris ဟုလည်းခေါ်သည်။**

ပုံမှန်တွေ့နေကျအမျိုးအစား ကြွက်နို့ဖြစ်သည်။ HPV ဗိုင်းရပ်ပိုးအချို့ကြောင့် ဖြစ်ရသည်။ အရေပြားအပေါ်သို့ ဖုထွက်နေပြီး (၁)မှ (၁၀) မီလီမီတာအရွယ်အစား သို့မဟုတ် ၎င်းထက်လည်းကြီးနိုင်သည်။ မျက်နှာပြင်ကြမ်းတမ်းပြီး အက်ရာလေးများဖြစ်ပေါ်နေသည်။ အဖုမျက်နှာပြင်ပေါ်တွင်အနီ သို့မဟုတ် အနက်စက်ကလေးများ တစ်ခါတစ်ရံ တွေ့ရလေ့ရှိသည်။ အရေပြားထိခိုက်ဒဏ်ရာရလေ့ရှိသည့်နေရာများ၊ လက်ချောင်းများ၊ ခြေချောင်းများနှင့် ဒူးဆစ်တို့တွင် တွေ့ရလေ့ရှိသည်။ အရေပြားအချင်းချင်း ထိတွေ့မှုမှတစ်ဆင့် ကူးစက်နိုင်သည်။

Filiform warts- ပုံမှန်တွေ့မြင်နေကြ ကြွက်နို့ထက် အရွယ်အစားသေးငယ်သည်။ HPV ဗိုင်းရပ်ပိုးကြောင့်ပင် ဖြစ်ပေါ်သည်။ အရေပြားအပြင်ဘက်သို့ ရှည်ထွက်နေလေ့ရှိသည်။ ပျော့ပျောင်းသော အသားရောင်အဖုလေးများအဖြစ် တွေ့မြင်ရလေ့ရှိသည်။

Flat warts- ၎င်းကို ( Verruca plana) ဟုလည်းခေါ်သည်။ အနားသတ်တိတိကျကျ အဖြစ်မြင်တွေ့ရလေ့ရှိသည်။ (၁) မှ (၅) မီလီမီတာ

အရွယ်အစား အရေပြားပေါ်တွင် ခပ်ပါးပါး ကြွနေလေ့ရှိသည်။ မျက်နှာ၊ ပါးမြိုင်းမွေးပေါက်သည့်နေရာတစ်ဝိုက်၊ လက်ခုံနှင့် ညို့သကျည်းအရေ့အရေပြားတို့တွင် တွေ့ရလေ့ရှိသည်။

**Keratoacanthoma**

ကင်ဆာကျိတ်အတု (pseudo cancer) ဟုခေါ်သည်။ သို့သော် အရေပြားစကွားမတ်ကင်ဆာ (scc-squamous cell carcinoma) နှင့် ဆင်တူသဖြင့် အသားစနမူနာယူပြီး ရောဂါဗေဒ ဆရာဝန်ထံ ပေးပို့ ခွဲခြားဖို့လိုပါမည်။ နေရောင်နှင့်ထိတွေ့နိုင်သော ပါးပြင်၊ နှာခေါင်း၊ နားရွက်နှင့် လက်ခုံအရေပြားပေါ်တွင် တွေ့ရလေ့ရှိသည်။ အသီးအဖုပုံစံ တွေ့ရလေ့ရှိသည်။ သွေးကြောမျှင်ငယ်များ၊ အလယ်ဗဟိုတွင် အရေပြားအစုအဝေးတစ်ဆို့နေသည့်ပုံစံ (central keratotic plug) ကိုတွေ့နိုင်သည်။

**Lymphangioma**

အရေပြားအတွင်းရှိ ပြန်ရည်ကြောဖွဲ့စည်းပုံမှားယွင်းကာ ဖြစ်ပေါ်လာခြင်းကြောင့် lymphatic malformation ဟု ယခုကာလတွင်အမည်ပြောင်းခေါ်ဆိုကြသည်။ ဖားဥကလေးများကဲ့သို့ အရေပြားပေါ်တွင် အစုလိုက်တွေ့ရသည်။ မွေးကတည်းက သို့မဟုတ် (၁)နှစ်အောက် သို့မဟုတ် ကလေးငယ်အရွယ်တို့၌ပင် တွေ့ရလေ့ရှိသည်။ အလိုအလျောက်ပျောက်ကွယ်လေ့မရှိပါ။

**Molluscum contagiosum**

ကိုယ်ခံစွမ်းအားကောင်းသူများ၌ သူ့အလိုအလျောက် ပျောက်ကင်းသွားတတ်သည်။ ဗိုင်းရပ်ပိုးကြောင့်ဖြစ်သောရောဂါဖြစ်သည်။ အရေပြားအရောင်အသီးကလေးများအနေဖြင့် တွေ့ရပြီး အလယ်ဗဟိုတွင် ချိုင့်ဝင်နေသည်။ ပုံစံထူးခြားစွာတွေ့ရသည်။ ကလေးငယ်များနှင့် လိင်ဝါသနာထုံသော လူလတ်ပိုင်း အမျိုးသမီးများထက် အမျိုးသားများတွင်ပို၍ တွေ့ရလေ့ရှိသည်။

**Pyogenic Granulama**

အရေပြားပေါ်၌ အသေးစားထိခိုက်မှုဥပမာ-(ဆူးစူးခြင်း) ဖြစ်ပေါ်ပြီး ထိုနေရာ၌ အလွန် လျင်မြန်စွာ ကြီးထွားလာတတ်သည့် အကျိတ်အဖုတစ်မျိုးဖြစ်သည်။ သွေးကြောငယ်လေး အမြောက်အမြားဖြင့် ဖွဲ့စည်းထားသော အသားဆိုင်အဖြစ်တွေ့ရပြီး တစ်ခုခုနှင့်ထိမိလျှင် အလွယ်တစ်ကူ သွေးထွက်ခြင်း ရောဂါပိုးဝင်ရောင်ရမ်းခြင်း ဖြစ်တတ်သည်။ အနီ၊ နီညိုရောင်၊ ခရမ်းပြာအရောင်စုံသည့် ပုံသဏ္ဌာန်ရှိသည်။ လက်ဖဝါးပြင်ဘက်အခြမ်း လက်ချောင်း၊ နှုတ်ခမ်း၊ ပါးစပ်၊ ခန္ဓာကိုယ်ထည်နှင့် ခြေချောင်းတို့တွင် အတွေ့ရများသည်။ (သတိပြုရန်- amelanotic nodular melanoma နှင့် မှားနိုင်သည်။)

**Seborrheic keratosis**

အသက်(၃၀)အောက်တွင်တွေ့ရလေ့မရှိပါ။ မျိုးရိုးလိုက်သည့်သဘောရှိသည်။ အသက်အန္တရာယ်မပေးနိုင်သောအဖုအကျိတ်တစ်မျိုးဖြစ်သည်။ အရေပြားပေါ်သို့ကြွနေပြီး ကြယ်သီးတပ်ထားသည့်ကဲ့သို့ ပုံစံမျိုးမြင်တွေ့ရသည်။ မျက်နှာပြင်အနည်းငယ်ကြမ်းတမ်းသည်။ မျက်နှာ၊ ခန္ဓာကိုယ်ထည်နှင့် လက်မောင်းနှစ်ဖက်တွင် တွေ့ရလေ့ရှိသည်။

**Spider angioma**

၎င်းကို Nevus araneus, spider nevus, arterial spider, telangiectasia, vascular spider, အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်လေ့ရှိသည်။ အရေပြားရှိဆံခြည်မျှင် သွေးကြောငယ်လေးများဖောင်းကြွလာခြင်းကြောင့်ဖြစ်သည်။ ဗဟိုမှစတင်၍ ဘေးပတ်လည်သို့ပြန့်သွားခြင်းကြောင့် ပင့်ကူပုံသဏ္ဌာန်မျိုး မြင်တွေ့ရခြင်းဖြစ်သည်။ မျက်နှာပြင်၊ လက်ဖျံနှင့် လက်ခုံတို့တွင်တွေ့ရလေ့ရှိသည်။ သာမန်လူတွင်လည်း တွေ့နိုင်ပြီး အထူးသဖြင့်အမျိုးသမီးများတွင် အတွေ့ရများလေ့ရှိသည်။ အကြောင်းအမျိုးမျိုးကြောင့် သွေးအတွင်းမဟော်မုန်း အီစထရိုဂျင် မြင့်တက်နေသောအနေအထား (hyper estrogenic states) များနှင့် ဆက်စပ်ဖြစ်ပေါ်လေ့ရှိသည်။



အသက်အန္တရာယ်မပေးနိုင်သော
အဖုအကျိတ်တစ်မျိုးဖြစ်သည်။
အရေပြားပေါ်သို့ကြွနေပြီး
ကြယ်သီးတပ်ထားသည့်ကဲ့သို့
ပုံစံမျိုးမြင်တွေ့ရသည်။ မျက်နှာပြင်
အနည်းငယ်ကြမ်းတမ်းသည်။
မျက်နှာ၊ ခန္ဓာကိုယ်ထည်နှင့်
လက်မောင်းနှစ်ဖက်တွင်
တွေ့ရလေ့ရှိသည်။

**Syringoma**

အက်ခရိုင်း (eccrine) ချွေးထွက်ပွန့်ဂလင်းအကျိတ်ကလေးများဖြစ်သည်။ (၁) မှ (၂) မီလီမီတာအရွယ်အစားရှိသည်။ အမျိုးသမီးများတွင်အဖြစ်များသည်။ မျက်ခွံတစ်ဝိုက်၊ မျက်နှာပြင်၊ ချိုင်း၊ နား၊ ချက်၊ ရင်ဘတ်အပေါ်ပိုင်းနှင့် မိန်းမကိုယ်အစပ်တွင်တွေ့ရလေ့ရှိသည်။ မျိုးရိုးလိုက်သောသဘောရှိပြီး မျက်နှာတွင် ဖြစ်ပေါ်ပါက အကျည်းတန်ခြင်းကြောင့် ကုသမှုခံယူလေ့ရှိကြသည်။

**ဒေါက်တာမြင့်ဦး**
**(အရေပြားအလှအပဆရာဝန်)**











# လှပစိုပြည်


**မာဦး**



## အလှအပအတွက် အကျိုးပြုသစ်သီးများ

အရည်အသွေးကောင်းမွန်တဲ့ အသင့်သုံး အလှကုန်တွေက ကျွန်မတို့လှပစေဖို့၊ လှစေတာတွေကို ပေါင်းစုလို့ တီထွင်ထားပြီး အချိန်ကုန် သက်သာစေပါတယ်။ ဒါပေမဲ့ ဒါတွေနဲ့ မလုံ လောက်သေး ပါဘူး။ လှဖို့ဆိုရင် အာဟာရပြည့်ဝဖို့၊ ရေများများသောက်ဖို့၊ သဘာဝသစ်သီးသစ်ဖု၊ သစ်ရွက်တွေနဲ့ ပေါင်းတင် ပေးဖို့၊ စိတ်ဖိစီးမှုနည်းအောင် နေဖို့ စတဲ့ စတဲ့ အခြား မှတ်သားစရာတွေ လည်းရှိပါတယ်။ ဒီအထဲမှာ စားသောက်ဖို့၊ စိတ် လန်းဆန်းဖို့ ၊ နောက်ပြီး ကိုယ်တွင်းကိုယ်ပနဲ့ ဆံကေသာတွေလှပဖို့ မရှိမဖြစ်လိုအပ်တာက တော့ သစ်သီးတွေပါ။ ဒီရာသီမှာ စုံလင်ပေါ များတဲ့ သစ်သီးများနဲ့ ကျွန်မတို့ရဲ့ အလှနဲ့ အာဟာရကို ဖြည့်ဆည်းပြီး ဘယ်လိုလှပ စိုပြည်အောင် လုပ်နိုင်တယ်ဆိုတာ ဖော်ပြပေးလိုက်ပါတယ်။





"THIS IS MY KIND
OF STAYING POWER..."
Because you're worth it.
L'ORÉAL
PARiS
La Source Trading Ltd. Sticker
Sole Distributor : LA SOURCE TRADING LTD. 11(A),Than Lwin Road, Yangon, Myanmar.
Tel : (95-1) 512 381, 500 311. Fax : (95 1) 505 464

### ငှက်ပျောသီး

ငှက်ပျောသီး အသားအရေအတွက် တကယ့်ကို အာဟာရဖြည့်ပေးနိုင်တဲ့ အသီးတစ်မျိုးပါ။ ငှက်ပျောသီးဟာ အသားအရေကို နူးညံ့ချောမွေ့ပြီး တင်းရင်းစေနိုင်တဲ့ ပိုတက်စီယမ်ကြွယ်ဝပြီး ဘီတာမင်ဘီနဲ့ စီတွေလည်း ပါဝင်ပါတယ်။ ငှက်ပျောသီးကို စားခြင်းအားဖြင့် သင့်အတွက် ကိုယ်တွင်းအာဟာရဓာတ်ကို ရစေနိုင်သလို တစ်ဆက်တည်းမှာလည်း အလှအပအတွက် အကျိုးဖြစ်စေပါတယ်။ နောက်ပြီး ငှက်ပျောသီးမှည့်ကို မျက်နှာမှာ သုတ်ပေး၊ ကပ်ပေးပြီး ရေဆေးလိုက်ရုံနဲ့လည်း မျက်နှာပေါင်းတင်တာမျိုး အလွယ်တကူ လုပ်ပေးနိုင်ပါတယ်။ ဒါက အသားအရေကို တင်းရင်းချောမွေ့စေတဲ့ရလဒ်ကို ပေးစွမ်းပါတယ်။







### ပန်းသီး

သဘာဝ Toner အကောင်းစား တစ်မျိုးကို ပြုပါဆိုရင် ပန်းသီးကို ပြုရမှာပါ။ ပန်းသီးဟာ အရေပြားကို တင်းရင်းစေပြီး သွေးလည်ပတ်မှုကို လှုံ့ဆော်ပေးပါတယ်။ ဓာတ်တိုးဆန့်ကျင် ဂုဏ်သတ္တိရှိတာကြောင့် အစိမ်းလိုက်စားစား၊ ဖျော်ရည်လုပ်သောက်သောက်၊ ပါးမှာပဲကပ်ကပ် သင့်အသားအရေအတွက် ကောင်းမွန်စေပါတယ်။ ပန်းသီးကထုတ်တဲ့ cider ဗီနီဂါကတော့ ဆံပင်အဖျား နှစ်ခွဖြစ်ခြင်းနဲ့ ဗောက်ထခြင်းတို့အတွက် အသုံးဝင်ပါတယ်။

### သင်္ဘောသီး

သင်္ဘောသီးမှာတော့ Papain ဆိုတဲ့ အင်ဇိုင်းတစ်မျိုးပါဝင်ပါတယ်။ ဒီသစ်သီးဟာ အရေပြားပေါ်မှာ လိမ်းပေးခြင်းအားဖြင့် အရေပြားပေါ်က ဆဲလ်အသေတွေကို ဖယ်ရှားပေးနိုင်စွမ်းရှိပါတယ်။ ပုံမှန်လိမ်းပေးရင် အသားအရေကို

အသီးမှာသရက်လို့
အရသာမှာ
ထိပ်ခေါင်အသီးအဖြစ်
တင်စားရတဲ့
သရက်သီးကတော့
အလှအပအတွက်ဆိုရင်
အိုမင်းရင့်ရော်မှုကို
သိသိသာသာနှေးကွေးစေနိုင်ပြီး
အသားအရေကို နူးညံ့စေတဲ့
ဗီတာမင်အေနဲ့ ဗီတာမင်စီတို့
ပိုင်ဆိုင်ထားပါတယ် . . .



ဖြူစေပါတယ်။ သင်္ဘောသီးမှည့်ကို သူ့ချည်းဖြစ်ဖြစ် ပျားရည်နဲ့ရောလို့ဖြစ်ဖြစ် မျက်နှာမှာ လိမ်းပေးပြီး ပေါင်းတင်နိုင်ပါတယ်။

### သရက်သီး

အသီးမှာသရက်လို့ အရသာမှာ ထိပ်ခေါင်အသီးအဖြစ်တင်စားရတဲ့ သရက်သီးကတော့ အလှအပအတွက်ဆိုရင် အိုမင်းရင့်ရော်မှုကို သိသိသာသာနှေးကွေးစေနိုင်ပြီးအသားအရေကို နူးညံ့စေတဲ့ ဗီတာမင်အေနဲ့ ဗီတာမင်စီတို့ ပိုင်ဆိုင်ထားပါတယ်။ သရက်သီးမှည့်ကို စားနိုင် သလို သန့်ရှင်းတဲ့ သရက်သီးမှည့်အခွံခွာပြီးသားအနှစ်ကိုချေပြီး အရေပြားမှာပေါင်းတင်ဆေးသဖွယ်လူးပေးနိုင်ပါတယ်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းပါဝင်တဲ့အတွက်လည်းသင့်ကိုကောင်းကျိုးများစွာပေးနိုင်ပါတယ်။

### လိမ္မော်သီး

အလှကုန်များစွာမှာသုံးနေတဲ့ ဗီတာမင်စီ ဓာတ်ဟာ သံပရာသီးတွေမှာပါဝင်သလိုလိမ္မော်သီးမှာလည်း ပါဝင်ပါတယ်။ လိမ္မော်ခွံအခြောက်ကို အမှုန့်လုပ်ပြီး ရေနဲ့ဖျော်ကာ face mask လုပ် နိုင်ပါတယ်။

အသားအရေကို တောက်ပလာစေပြီး သန့်စင်စေပါတယ်။ လိမ္မော်ရည်ကိုလည်း မျက်နှာနဲ့လက်တွေမှာလိမ်းပေးနိုင်ပါတယ်။ လတ်ဆတ်တဲ့လိမ္မော်နဲ့သံပရာအခွံတွေကို ဝါကြန့်ကြန့်ဖြစ်တဲ့ လက်သည်းတွေကို ပွတ်ပေးရာမှာ သုံးနိုင်ပါတယ်။

### စတော်ဘယ်ရီ

Oxidation damage ဖြစ်တဲ့အခါ ပါးရေတွန့်ခြင်းနဲ့ အရေးအကြောင်း ဖြစ်ခြင်းတို့ ပေါ်လာပါတယ်။ ဒါကိုတားဆီးလျှော့ချဖို့ စွမ်းအားကောင်းကောင်းနဲ့ ကူညီပေးနိုင်တာက စတော်ဘယ်ရီသီးဖြစ်ပါတယ်။ အထောက်အကူပြုတဲ့ တစ်သျှူးတွေကို ထောက်ပံ့ပေးပြီး အရေပြားကိုနုပျိုစေပါတယ်။

### ထောပတ်သီး

အများစုကတော့ ထောပတ်သီးမှည့်ကို ဖျော်သောက်ရတာ ကြိုက်ကြပါတယ်။ ဒီအသီးမှာ ယနေ့ကာလမှာ အသားအရေလှပဖို့ လူကြိုက်များ တဲ့ ဗီတာမင်အီး များစွာကြွယ်ဝလို့ အခွံခွာပြီး သကြားမပါဘဲ ခပ်ပါးပါးလှီးစားတာတို့၊ ပေါင်မုန့်နဲ့ ညှပ်စားတာတို့လည်း လုပ်နိုင်ပါတယ်။ ဒါက သွေးလည်ပတ်မှုကို ကောင်းမွန်စေပြီး နုပျို ကျန်းမာစေတဲ့ အဆီဓာတ်ကိုရရှိစေပါတယ်။

### ချယ်ရီသီး

လတ်ဆတ်တဲ့ ချယ်ရီသီးတွေက ဗီတာမင်ရော သတ္တုဓာတ်ပါကြွယ်ဝပြီး အရေပြားကို အာဟာရဖြစ်စေပါတယ်။ အရေပြားယားယံတာ ကို သဘာဝအတိုင်းကုစားဖို့ ဆေးကောင်းတစ်လက်ဖြစ်လို့ သင့်အရေပြားရောင်ရမ်းယားယံတဲ့အခါ ချယ်ရီသီးနဲ့ ပွတ်ပေးနိုင်ပါတယ်။ ဒါတင်မက နေပူပြင်းပြင်းထဲသွားရလို့ အရေပြား ပျက်စီးတာ ကုစားဖို့လည်း သိပ်ကောင်းတဲ့ အလှကုန် သစ်သီးတစ်မျိုးပါပဲ။

### ဖရဲသီး

အရေပြားခြောက်သွေ့သူတွေအတွက်တော့ မိမိရဲ့အလှအတွက် သစ်သီးတစ်မျိုးရှာမယ်ဆိုရင် ဖရဲသီးကို သတိရလိုက်ပါ။ အသားအရေကို ရေဓာတ်ကောင်းစွာဖြည့်ပေးနိုင်ပြီး စားသုံးခြင်း အားဖြင့် အာဟာရရစေသလို အရေပြားမှာ ပွတ်ပေးခြင်းအားဖြင့်လည်း နူးညံ့စိုပြည်တဲ့ အသား အရေကို ရစေနိုင်ပါတယ်။

ဒီလို အာဟာရပြည့်ဝ၊ လှလည်းလှပစေတဲ့ သစ်သီးတွေကို စားသုံးရင်း၊ အလှအပအတွက် ပေါင်းတင်ရင်း၊ ဖျော်ရည်တွေ လုပ်သောက်ရင်း ပျော်ရွှင်မှု၊ ကျန်းမာမှုနဲ့လှပမှုတွေကို ရှာဖွေ ခံစားကြည့်ရအောင်နော်။

မာဦး


ရေအစိုဓါတ်ထိလျှင်ပင်
ကော့ညွတ်ခြင်းကို လုံးဝမပျက်စီးစေဘဲ
(၂၄)နာရီတိုင် လှပကျော့ရှင်းစေသော
မျက်တောင်၏အလှ...

CURL IMPACT COLLAGENE
EXTREME RESIST




အရှည်လျားဆုံးကော့ညွတ်မှုကိုပေးစွမ်းနိုင်သည့်
နံပါတ်(၁)* မျက်တောင်ကော့ဆေး...

- ထူးခြားသည့် Spiral Curl Brush ကြောင့် မျက်တောင်တစ်ပင်ခြင်းဆီကို အဆုံးစွန်ထိရှည်လျားပင့်တင်ပေးနိုင်ခြင်း
- Waterproof, Smudge-Proof ဖြစ်ခြင်း
- (၂၄)နာရီထိကြာရှည်ခံနိုင်ခြင်း

*From L'Oreal Paris.

Because you're worth it.

L'ORÉAL
PARIS



အိမ်တွင်းကျန်းမာရေးလမ်းညွှန်

# လည်ချောင်းနာရင် မြားအတိုင်းလိုက်

ဒေါက်တာမြင့်ဦး(ဂျီပီ)

အမြန်လမ်းမကြီးပေါ်မှာ ခရီးသွားတဲ့အခါ လိုရာခရီးကို ချောချောမွေ့မွေ့ရောက်ရှိစေဖို့အတွက် လမ်းမပေါ်မှာစိုက်ထူတားတဲ့ လမ်းညွှန်မြားတိုင်တွေကိုကြည့်ပြီး ကားဒရိုင်ဘာတွေက လိုက်နာ မောင်းနှင်ပေးကြရပါတယ်။ လမ်းဆုံ လမ်းခွတွေမှာ ဘယ်ကိုချိုးရင် ဘယ်မြို့ကို ရောက်မယ်ဆိုတာကို လမ်းညွှန်မြားတိုင်တွေက ဖော်ညွှန်းပြနေပါတယ်။ မြားညွှန်ရာအတိုင်း လိုက်မမောင်းခဲ့ရင် ကိုယ်လိုချင်တဲ့ခရီးကို ရောက်နိုင်တော့မှာမဟုတ်ပါဘူး။

အိမ်တွင်း ကျန်းမာရေးပြဿနာတွေကို ဖြေရှင်းတဲ့အခါမှာလည်း ဘယ်ဝေဒနာမျိုးဆိုရင် ဘယ်လိုအချက်တွေကို လိုက်နာရမယ်ဆိုတဲ့ မြားလမ်းညွှန်ချက်တွေရှိနေပြီး ဖြစ်ပါတယ်။ မြားအတိုင်း လိုက်နာဖို့ရေး ဆွဲထားတဲ့ စက္ကူကားချပ်ကို ဖလိုးချပ် (Flow Chart) လို့ခေါ် ဆိုပါတယ်။ အရင်လက နှာရည်ယိုတဲ့အခါ လိုက်နာရမယ့် မြားဖလိုးချပ်တစ်ခုကို တင်ဆက်ပေးခဲ့ပြီး၊ အခုလမှာတော့ လည်ချောင်းနာရင် လိုက်နာရမယ့် မြားလမ်းညွှန်ချက်ဖလိုးချပ်ကို တင်ဆက်ပေးလိုက်ပါတယ်။ ကိုယ့်အိမ်သားတစ်ယောက် လည်ချောင်းထဲမှာတစ်ဆို့တစ်ဆို့ဖြစ်ပြီး တံတွေးမျိုချလိုက်တိုင်းနာကျင်သလိုခံစားနေရပြီဆိုရင် ဇယားကွက်ထဲက မြားတွေအတိုင်း လိုက်ပါသွားပြီး ဖြေရှင်းကြည့်လို့ရနိုင်ပါတယ်။

လည်ချောင်းနာနေတဲ့သူကို ကိုယ်ပူချိန်ရှိမရှိဆိုတဲ့ မေးခွန်းလေးနဲ့စတင်ပြီး မြားအတိုင်း လိုက်သွားကြည့်ကြပါစို့လား။

**လည်ချောင်းနာနေတဲ့သူကို ကိုယ်အပူချိန်ရှိ၊ မရှိဆိုတဲ့ မေးခွန်းလေးနဲ့ စတင်ပြီး မြားအတိုင်းလိုက်သွားကြည့်ကြပါစို့လား။**

ကိုယ်ပူချိန် ၁၀၀.၄ ဒီဂရီ ကျော် နေသလား

→ ဟုတ်တယ်

လည်ပင်း၊ ချိုင်းနဲ့ ပေါင်ခြံတစ်ဝိုက်မှာ နေရာ ၂ ခု ထက်ပိုပြီး အကျိတ်တွေထွက်နေသလား။

→ ဟုတ်တယ်

ဗိုင်းရပ်စ်ပိုးကြောင့် ဖျားနာနိုင်သည်။ ဆရာဝန်နဲ့ တိုင်ပင်ပါ။ သွေးစစ်ဆေးဖို့လိုအပ်သည်။ အဖျားနဲ့ ပတ်သက်တဲ့ တစ်ကိုယ်ရေ ကုသချက်ကို လိုက်နာပါ။ (အဖျား ကဏ္ဍတွင် ဆက်လက်ဖော်ပြပေးပါမည်။)

→ ဟင့်အင်း

အောက်ပါလက္ခဏာ ၂ ခုထက်ပိုပြီး ခံစား နေရပါသလား။

- ခေါင်းကိုက်
- ချောင်းဆိုး
- တစ်ကိုယ်လုံးနာကျဉ်ကိုက်ခဲ

→

တုပ်ကွေးဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်နိုင်သည်။ အဖျား နှင့် အအေးမိရောဂါ တစ်ကိုယ်ရေကုသချက် (ယခင်အပတ် နှာရည်ယိုရွဲ တပို့တွဲတွင် ဖော်ပြပြီး ပါပြီ) ကိုလိုက်နာပါ။ မောပန်းနေလျှင် (သို့)ရက် အနည်းငယ်အတွင်း မပျောက်ကင်းလျှင် ဆရာဝန်ကို ပြသပါ။

→ ဟင့်အင်း

ဗိုင်းရပ်စ်/ ဗက်တီးရီးယားကြောင့် ဖြစ်သည့် လည်မျိုရောင်ခြင်း(သို့) အာသီးရောင်ခြင်းဖြစ်နိုင်သည်။

<u>ကုသချက်</u>

အောက်ပါလည်ချောင်းနာ တစ်ကိုယ်ရေ ကုထုံး ကိုလိုက်နာပါ။ ရက်အနည်းငယ်အတွင်း မပျောက်ကင်းလျှင် ဆရာဝန်နှင့်ပြသပါ။

→ မကျော်ဘူး

နှာစေး/ နှာပိတ် ဒါမှမဟုတ် နှာချေနေသလား

→ ဟုတ်တယ်

<u>ဖြစ်နိုင်ချေ</u>

အအေးပတ်၍ လည်ချောင်းနာနိုင်သည်။

<u>ကုသရန်</u>

အောက်ဆုံးအကွက်တွင် ဖော်ပြထားသည့် လည်ချောင်းနာ တစ်ကိုယ်ရေ ကုသချက်ကို လိုက်နာပါ။ ရက်အနည်းငယ်အတွင်း မပျောက်ကင်းလျှင် ဆရာဝန်နှင့်တိုင်ပင်ပါ။

→ ဟင့်အင်း

ဆေးလိပ်အရမ်းသောက်ထားသလား။ ဒါမှမဟုတ် မီးခိုးငွေ့တွေကို ရှူရှိုက်နေရသလား

→ ဟုတ်တယ်

<u>ဖြစ်နိုင်ချေ</u>

မီးခိုးငွေ့ကြောင့် လည်ချောင်းရောင်ပြီး နာကျင်နိုင်သည်။

<u>ကုသရန်</u>

ဆေးလိပ်ဖြတ်ပါ။ မီးခိုးငွေ့ကို ရှောင်ပါ။ လည်ချောင်းနာ တစ်ကိုယ်ရေ ကုသချက်ကို လိုက်နာပါ။ ၄၈ နာရီအတွင်း မပျောက်ကင်းလျှင် ဆရာဝန်နှင့်တိုင်ပင်ပါ။

→ နိုး

ဆရာဝန်ညွှန်ထားတဲ့ ဆေးဝါးတွေကို သောက်နေရသလား

→ နိုး

ဤဖလိုးချပ်ကသင့်ကို မဖြေရှင်းပေးနိုင်ပါ။ ရက်အနည်းငယ်အတွင်း လည်ချောင်းနာ မသက်သာပါက ဆရာဝန်နှင့် တိုင်ပင်ပါ။

→ ရက်စ်

<u>ဖြစ်နိုင်ချေ</u>

ဆေးဝါးများ၏ ဘေးထွက် ဆိုးကျိုးကြောင့် သွေးဖြူဥများ လျော့နည်းပြီး ကိုယ်ခံစွမ်းအားကျဆင်းကာ လည်ချောင်းနာနိုင်သည်။

<u>ကုသရန်</u>

သင့်ဆရာဝန်က ပြန်လည် စစ်ဆေးပေးပါလိမ့်မည်။ မိမိသဘောနှင့် ဆေးဝါးသောက်သုံးမှုကို ရပ်ဆိုင်းမပစ်ပါနှင့်။

## <u>လည်ချောင်းနာ တစ်ကိုယ်ရေ ကုထုံး</u>

လည်ချောင်းနာဝေဒနာကို သာမန် အားဖြင့် ဆေးဝါးအကူမပါဘဲ အိမ်တွင်ကုသနိုင်ပါသည်။

- အရည်များများသောက်ပါ။
- အအေးစာနှင့် ရေခဲမုန့်၊ ရေခဲချောင်း မြုံ့ခြင်းအားဖြင့် သက်သာနိုင်သည်။
- ပါရာစီတမော ကဲ့သို့သော အကိုက်အခဲပျောက် ဆေးများကို သောက်သုံးနိုင်သည်။
- ထုံဆေးပါဝင်သော လည်ချောင်းနာငုံဆေးပြားများကို မြုံ့နိုင်ပါသည်။
- ဆားရည်နှင့်လည်ချောင်းပလုတ်ကျင်းနိုင်သည်။ အိမ်တွင်းအခန်းကို ရေနွေးငွေ့နှင့် နွေးထွေးအောင် ပြုလုပ်ပါ။

Dr. Michael Peter's
FAMILY DOCTOR
Home Advisor




# အသားအရေကို အိုမင်းရင့်ရော်စေတဲ့ ခရမ်းလွန်ရောင်ခြည်

အေမီချို


လူတွေရဲ့အသားအရေဟာ နေရောင်ခြည်နဲ့ နေ့စဉ်နေ့တိုင်း ထိတွေ့နေရပါတယ်။ နေရောင်ခြည်ဟာ အသားအရေကို ထိခိုက်ပျက်စီးစေတဲ့ အဓိကအကျဆုံး အကြောင်းအချက်ပဲ ဖြစ်ပါတယ်။ နေရောင်ခြည်နဲ့ တိုက်ရိုက်ထိတွေ့ခြင်းက အသားအရေကို အိုမင်းရင့်ရော်စေသလို အရေးကြောင်းများ ဖြစ်ပေါ်မှုကိုလည်း ပိုမိုအားပေးကူညီရာ ရောက်ပါတယ်။ ဒါကြောင့် အခုရောက်လာတော့မယ့် နွေရာသီမှာ သင့်အသားအရေကို ပိုမိုထိန်းသိမ်းဂရုစိုက်ဖို့ လိုအပ်ပါလိမ့်မယ်။ စူးရှတဲ့နေရောင်မှာ ပိုမိုပြင်းထန်တဲ့ ခရမ်းလွန်ရောင်ခြည်တွေပါဝင်တာမို့ နေရောင်ခြည်ရဲ့ ထိခိုက်ပျက်စီးမှုတွေမှ သင့်အရေပြား ကင်းလွတ်ခွင့်ရဖို့အတွက် ဘယ်လိုကာကွယ် ထိန်းသိမ်းရမယ်ဆိုတာကို လေ့လာကြည့်ရအောင်ပါ။

**ခရမ်းလွန်ရောင်ခြည် (Ultra Violet)**

ခရမ်းလွန်ရောင်ခြည် (Ultra Violet) ဆိုရာမှာ UV Rays များက အရေပြားအတွက် အန္တရာယ်ဆိုးကျိုးပေးတယ်ဆိုတာကို လူတိုင်းသိနားလည်ကြပါတယ်။ UVA ဟာ အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှု Aging ကို ဖြစ်စေပြီး UVB ဟာလည်း အရေပြားကို အမည်းစက် နေလောင်ကွက်များ ဖြစ်ပေါ်စေတဲ့ Burning ဆိုတဲ့ ဆိုးကျိုးကို ပေးပါတယ်။ UV Rays များဟာ နေရောင်ထဲသွားလာမှ ထိတွေ့တာမဟုတ်ဘဲ တိုက်ရိုက်မထိတဲ့ မိမိရဲ့ လုပ်ငန်းခွင် ရုံးခန်းများအတွင်းမှာလည်း UV Rays များ ဖြာထွက်နေတဲ့ Computer, Printer, Copier, Projector များနှင့် ထိတွေ့နေရတဲ့အတွက် ကာကွယ်ဖို့ လိုအပ်ပါတယ်။

**နေရောင်ခြည်ထဲ တိုက်ရိုက်ထွက်မယ်ဆိုရင်**

နေရောင်ခြည် တိုက်ရိုက်ကျရောက်တဲ့ ပြင်ပနေရာများကို သွားလာမယ်ဆိုရင်တော့ မျက်နှာပြင်အတွက် SPF ပါဝင်တဲ့ Skin Care နဲ့ Foundation အမျိုးအစားများကို အသုံးပြုပါ။




ခန္ဓာကိုယ်ကိုလည်း Sunscreen သေချာစွာ လိမ်းပြီးမှ အပြင်ထွက်ပါလို့ ဆိုပါရစေ။ ဒါ့ပြင် ထီး၊ ဦးထုပ်နဲ့ နေကာမျက်မှန်ကဲ့သို့ အကာအကွယ် ပစ္စည်းများကိုလည်း ဝတ်ဆင်အသုံးပြုပေးပြီး အဝတ်အစားကိုလည်း နေရောင်ခြည်ရဲ့ အပူရှိန် ကို စုပ်ယူမှုမရှိတဲ့ ချည်သားအရောင်နုလေးများကို လုံခြုံအောင် ဝတ်ဆင်ပြီးမှ အပြင်ထွက်ပါလို့ အကြံပြုပါရစေ။ ဒါမှသာ နေရောင်ခြည်ရဲ့ တိုက်ခိုက်မှုကို ကာကွယ်ရာ ရောက်မှာပါ။

**Sunburn ကြောင့်ဖြစ်နိုင်တဲ့ အရေပြားကင်ဆာ**

နေရောင်ခြည်ရဲ့ လောင်ကျွမ်းမှုကို ပြင်းထန်စွာ ခံစားရချိန်များလာရင် အရေပြားမှာ အရေကြည်ဖုများ ဖြစ်လာခြင်း၊ အရေပြား အလွှာများ ကွာကျလာခြင်းအပြင် အဆိုးရွားဆုံး အဖြစ် အရေပြားကင်ဆာအထိပါ ဖြစ်လာနိုင်ပါ တယ်။ ဒီနေ့ခေတ်ကာလဟာ ကမ္ဘာကြီးပူနွေးလာ ခြင်းကြောင့် နေရောင်ခြည်ရဲ့စူးရှမှုဟာလည်း ပိုမိုပြင်းထန်လာတာ ဖြစ်ပါတယ်။ ကမ်းခြေလို နေရာမျိုးကို သွားလာကြတဲ့အခါ အရေပြားကို ပိုမိုဂရုစိုက် ထိန်းသိမ်းပေးဖို့ လိုအပ်ပါတယ်။ ဆားဓာတ်ပါဝင်တဲ့ ပင်လယ်ရေနဲ့ နေရောင်ခြည် တိုက်ရိုက်ထိတွေ့တဲ့အခါမှာ အရေပြားရဲ့ ပျက်စီးမှု အခြေအနေဟာ ပိုမိုဆိုးရွားသွားနိုင်တယ် ဆိုတာကို သင် သတိပြုသင့်ပါတယ်။

**Skin Care နဲ့ Foundation များမှာ ပါဝင်တဲ့ SPF နဲ့ PA**


Skin Care နဲ့ Foundation များမှာ ပါဝင်တဲ့ SPF ကာကွယ်မှုဟာ Burning ဖြစ်စေတဲ့ UV Rays ကို အဓိကကာကွယ်ပေးတာဖြစ်ပြီး Againg ဖြစ်စေတဲ့ UV Rays များကိုပါ ကာကွယ်ဖို့အတွက်ကတော့ PA ခေါ်တဲ့ Photo Againg ပါဝင်မှသာ အန္တရာယ် ၂ မျိုးလုံးမှ ကာကွယ်ပြီးသားဖြစ်မှာပါ။ PA (Photo Againg) ရဲ့အစွမ်းကို အပေါင်းလက္ခဏာ (+) ဖြင့် စံနှုန်း သတ်မှတ်ထားပြီး PA အပေါင်းလက္ခဏာ ၃ ခု (+++) ဟာ အမြင့်မားဆုံး UV-A ကို ကာကွယ် ပေးနိုင်သော အမျိုးအစားဖြစ်ပါတယ်။


**PA ပါတဲ့ Product**

L'OREAL မှ ထုတ်တဲ့ UV Perfect Skin Care ဟာဆိုရင် အသားအရေကို UV Rays များမှာ နာရီပေါင်းများစွာအထိ ကာကွယ်ပေးနိုင် ပြီး ပိုမိုထူးခြားတဲ့ အစွမ်းသတ္တိကြောင့် အရေပြား အတွင်းပိုင်းက Cell များအထိပါ နေရောင်ခြည် UV ကို ကာကွယ်ပေးနိုင်ပါတယ်။ စေးကပ်မှု လုံးဝမရှိဘဲ စိမ့်ဝင်အား မြန်ဆန်ခြင်းဟာလည်း အသုံးပြုတဲ့အခါ ပိုမိုလွယ်ကူပါတယ်။ UV Product Skin Care ဟာ အရေပြားကို နာရီ ပေါင်းများစွာ ကာကွယ်ပေးမှုနဲ့အတူ နေရောင် ခြည်ကြောင့် အမည်းစက်၊ နေလောင်ကွက်၊ အိုမင်းရင့်ရော်ခြင်းတို့ ဖြစ်ခြင်းကို တားဆီး ကာကွယ်ပေးပါတယ်။

L'OREAL True Match BB Cream & Two Way ဟာလည်း UVA, UVB ကို ကာကွယ် နိုင်သော SPF 17, PA++ ပါဝင်တာကြောင့် အ ချိန်တိုအတွင်းမှာ လှပချောမွတ်ပြီး အပြစ်အနာ အဆာမရှိသော မျက်နှာပြင်အသားအရေကို ပိုင် ဆိုင်စေမှာပါ။ ဒါ့ပြင် Hyluronic acid ပါဝင်လို့ ၂၄ နာရီပတ်လုံး အသားအရေကို ရေဓာတ်ပေး စွမ်းနိုင်ပါတယ်။

**အောမီချို**





# ခေတ်ကိုဖြတ်သန်းရင်း ထားရစ်ခဲ့သည့်အလှတရားများ

မမိုးမြေ

အမျိုးသမီးတို့သည် လူ့လောက၏ အလှရတနာများ ဖြစ်ကြသည်။ လောက၏ မွှေးသောလှသော ပန်းကလေးများကဲ့သို့ လောကကို အလှဆင်နိုင်သည်။ လောက၏ ရှင်သန်မှုကို ဖန်ဆင်းနိုင်သည်။ မျိုးဆက်သစ်များအား လောကအကျိုးကို ဆက်လက်ထမ်းဆောင်နိုင်ရန်နှင့် ရှင်သန်မှုရရန် မေတ္တာနှီးရည်တို့ဖြင့် ဖြည့်ကြသူများဖြစ်သည်။ အမျိုးသမီးတို့၏ ဘဝသည် မိုးကောင်းကင်တမျှကျယ်ပြန့်သည်။ ကြယ်ပွင့်ကလေးများကို လင်းလက်ခွင့် ပေးထားသည်။ ပင်လယ်သမုဒ္ဒရာတမျှနက်ရှိုင်းသည်။ လှိုင်းတို့ကို ရှင်သန်ခွင့်ပေးသည်။ ကခုန်မြူးထူး ပျော်ရွှင်မှုပေးသည်။

လောက၏အလင်းရှင်အဖြစ် ပွင့်ကုန်သော ဗုဒ္ဓဘုရားရှင်တို့၏ ပါရမီဖြည့်ဖက်များ ဖြစ်ကြသည်။ ဂေါတမဘုရားရှင်ပင်လျှင် အမျိုးသမီးဘဝဖြင့် နိဗ္ဗာန်လမ်းကြောင်းကို စခဲ့သည်။ ဒီပင်္ကရာ မြတ်စွာဘုရား နှစ်ပါးပွင့်တော်မူခဲ့သည်။ ရှေးဦးပွင့်သော ဒီပင်္ကရာဘုရားရှင်ကို ပေါရာဏဒီပင်္ကရာဟု ခေါ်သည်။ နောက်မှပွင့်သော ဒီပင်္ကရာဘုရားရှင်ကို ဗျာဒိတ်ပေးဒီပင်္ကရာဟု ခေါ်သည်။ ဂေါတမဘုရားလောင်းသည် သုမေဓာရှင်ရသေ့ဘဝဖြင့် ဒီပင်္ကရာဘုရားရှင် ကြွတော်မူမည့်လမ်း၌ မိမိကိုယ်ကို တံတားခင်း၍ ဘုရားရှင်နှင့်တကွ သံဃာတော်လေးသိန်း ဖြတ်ကြွတော်မူပါရန် တောင်းပန်သည်။ ဒီပင်္ကရာဘုရားရှင်က သုမေဓာရှင်ရသေ့သည် ဘုရားဖြစ်မည်။ ဂေါတမဘုရားဟု တွင်မည်ဟု ဗျာဒိတ်ပေးတော်မူခဲ့သည်။ ထိုသို့ ဗျာဒိတ်ပေးသောကြောင့် ဗျာဒိတ်ပေး ဒီပင်္ကရာဟု သိထားကြပါသည်။

ဗျာဒိတ်ပေးဒီပင်္ကရာဘုရားရှင်မတိုင်မီ ကမ္ဘာများစွာတွင် ရှေးကျသော ပေါရာဏဒီပင်္ကရာဘုရားရှင်လက်ထက်တော်၌ ဗျာဒိတ်ပေးဒီပင်္ကရာဘုရားလောင်းသည် သာမဏေငယ် ဖြစ်ခဲ့သည်။ သာမဏေဘဝဖြင့် နန်းတော်တွင်းသို့ဝင်၍ မုန့်ညင်းဆီ အလှူခံသည်။ ဘုရားရှင်တရားဟောသောအခါ မီးအလင်းဖြင့် ပူဇော်ရန် အလှူခံခြင်းဖြစ်သည်။ ဘုရင့်သမီးတော်လေးသည် သပိတ်တစ်လုံးဖြင့် အလှူခံသော သာမဏေလေးအား အကျိုးအကြောင်း မေးမြန်းပြီး မုန့်ညင်းဆီ သပိတ်တစ်လုံး နေ့စဉ်လှူသည်။ သာမဏေငယ်သည် ဘုရားရှင်တရားဟောစဉ် အလင်းရရန် မုန့်ညင်းဆီလှူရသော အကျိုးကြောင့် ဘုရားဖြစ်ရပါလို၏ဟု ဆုပန်သည်။ သမီးတော်လေးကလည်း မုန့်ညင်းဆီလှူရသောအကျိုးကြောင့် ဘုရားဆုပန်သည်။ ထိုအကြောင်းကို ပေါရာဏဒီပင်္ကရာဘုရားရှင် သိတော်မူလျှင် သမီးတော်လေးအား ရှေးဦးစွာ ယောကျ်ားဆုကို ပန်ရန် ပြောပေးပါဟု သာမဏေငယ်ကို မှာကြားတော်မူသည်။ ကမ္ဘာများစွာကို ဖြတ်သန်းပြီးနောက် သာမဏေငယ်သည် ဗျာဒိတ်ပေးဒီပင်္ကရာဘုရား ဖြစ်တော်မူလာသည်။ ထိုအချိန်တွင် သာမဏေငယ်လေးအား မုန့်ညင်းဆီလှူဒါန်းခဲ့သော သမီးတော်လေးသည် သုမေဓာရှင်ရသေ့ဘဝနှင့် ဗျာဒိတ်ပေးဒီပင်္ကရာဘုရားရှင်ထံ ဘုရားဆုပန်ခဲ့သည်။ သုမေဓာရှင်ရသေ့ ဘုရားဆုပန်သောအခါ သုမိတ္တာဆိုသည့် အမျိုးသမီးသည် ကြာပန်းခိုင်လှူ၍ ဘုရားရှင်၏ ပါရမီဖြည့်ဖက် ဖြစ်ရပါလို၏ ဆုပန်ခဲ့ပါသည်။ သုမိတ္တာသည် ယသော်ဒရာဒေဝီအလောင်း ဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင် အမျိုးသမီးတို့၏ သမိုင်းသည် မရိုင်းခဲ့ပါ။

လောကအလင်းရှင် သဗ္ဗညုတရွှေဉာဏ်ရှင်တို့၏ ပါရမီဖြည့်ဖက်များအဖြစ်နှင့် ဘဝအသင်္ချေ ဖြတ်သန်းခဲ့ကြသူများ ဖြစ်ပါသည်။ ထို့အတူပင် ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးတို့သည်လည်း ဗုဒ္ဓ၏အဆုံးအမတရားတော်များကို နက်ရှိုင်းစွာ ခံယူနိုင်ခဲ့ကြသည်။ ပုဂံခေတ်တွင် ဗုဒ္ဓသာသနာ ထွန်းကားလာသည်။ ဗုဒ္ဓသာသနာ အမွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးအတွက် ပုဂံသားတို့ ကြိုးပမ်းရာတွင် အမျိုးသမီးများလည်း ပါဝင်ခဲ့ကြသည်။ တရားမေ့ဖြင့် စိတ်အလှကို ထွန်းပစေခဲ့သည်။ မိမိတို့အလှူကို မှတ်တမ်းတင်ရာ၌ ကျောက်ထက်အက္ခရာတင်ခဲ့ကြသည့်အတွက် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးရှိနေသရွေ့ မပျောက်ပျက်နိုင်တော့ပေ။ ခေတ်အဆက်ဆက် အမျိုးသမီးတို့၏ နှလုံးအိမ်ဆီသို့ ကူးစက်ပျံ့နှံ့လာစေမည့် စိတ်အလှတရားတို့ကို ထားရစ်ခဲ့ပါသည်။

သိယ်သူ့သမီး ကျင်လည်ရသော ခေတ်သည် ပုဂံခေတ်နှောင်းဖြစ်သည်။ ပုဂံမင်းဆက် ကုန်ဆုံးလုနီးနီးဖြစ်သည်။ ကြင်ရာတော်မှာ တရုတ်စစ်လာ၍ ထွက်ပြေးခဲ့ရသော နှုတ်အကျင့်ဆိုးကြောင့် သားဖြစ်သူ ပြည်စားသီဟသူ၏ အဆိပ်ကျွေးသတ်ဖြတ်ခြင်းခံခဲ့ရသော နရသီဟပတေ့မင်းခေါ် တရုတ်ပြေးမင်းဖြစ်သည်။ သိယ်သူ့သမီးမှာလည်း မိဖုရားထဲက မိဖုရားတစ်ပါးသာ ဖြစ်ပေမည်။ နရသီဟပတေ့သည် ဆင်ခြင်တုံ တရားရှိလှသော မင်းမဟုတ်။ သူချစ်အားတော် ဗလောင်ဆူလှသော မိဖုရားစောလုံကို ခပ်ကြမ်းကြမ်းရေပက်စေ၍ အရှက်ရစေသည်။ စောလုံ ရှက်ရပုံသည် သူ့အတွက် ရွှင်ပြုံးစရာ ဖြစ်ရသည်။ စောလုံက ရန်ငြိုးထား၍ အဆိပ်ခပ်သောအခါ စောလုံကို ဖိုတံကျင်ဖြင့် သတ်ခဲ့သည်။ ထိုကဲ့သို့သော လင်ယောကျ်ား၊ ထိုကဲ့သို့သော အနေမတတ်လျှင် သေတတ်သည့် ပတ်ဝန်းကျင်တွင် ကျင်လည်ရသော သိယ်သူ့သမီးသည် တရားအသိရှိလှသည်။

ရှုပ်ထွေးပူလောင်သော နန်းတွင်းရေးရာများက သိယ်သူ့သမီးအား တရားအသိပွားစေသည်။ မိမိပိုင် လယ်၊ ဥယျာဉ်၊ ကျွန်အားလုံးကို လှူသည်။ မိဖုရား၊ မောင်းမစသော ဝန်တိုမှုများလှသော





ပတ်ဝန်းကျင်ကို အချင်းချင်းမေတ္တာထားတတ်စေရန် "အချင်းချင်း အမျက်အဒေါသတစ်စေ့ မရှိ၊ ချစ်သော မျက်စိဖြင့် ရှုကြရစေ၏" ဟု မေတ္တာမျှဝေဆုတောင်းပေးခဲ့သည်။ ဆုတောင်းရာ၌ "ငါလည်း ရမ္မက်ကြီးသော၊ မရောင့်ရဲတတ်သော၊ အမျက်ကြီးသော၊ သူတစ်ထူးကို ညှင်းဆဲတတ်သော၊ ပညာမရှိသော၊ မိုက်သော၊ ဝန်တိုသော၊ အပေးအကမ်းမရှိသော၊ သစ္စာမရှိသော၊ ပျက်တတ်သော၊ မမေ့လျော့သော၊ အောက်မေ့တသကင်းသော မဖြစ်မူ၍ ရမ္မက်နည်းသော၊ ရောင့်ရဲလွယ်သော၊ အမျက်နည်းသော၊ သနားတတ်သော၊ ပညာရှိသော၊ အကြောင်းကိုသိသော၊ ဝန်မတိုသော၊ အပေးအကမ်းရှိသော၊ သစ္စာရှိသော၊ မပျက်တတ်သော၊ မေ့လျော့သော၊ အောက်မေ့တသရှိသော၊ ဤသို့သော ကျေးဇူးတို့နှင့် ပြည့်စုံလျက် သံသရာ၌ ကျင်လည်၍ မေတ္တေယျဘုရား မျက်မှောက်ကက်ာလျှင် မြတ်သော အကျွတ်တရား ရလိုသတည်း" ဟု ရေးသားခဲ့ပါသည်။ သိယ်သူ့သမီး၏ စိတ်အလှသည် သူ့လောကကို ရင်ဆိုင်ရင်း တရားအသိနှင့် ဆင်ခြင်ရင်း ရခဲ့ခြင်းဖြစ်ပါသည်။ ထိုစိတ်အလှစံသည် မြန်မာတို့၏ စိတ်အလှစံပင် ဖြစ်ပါသည်။

ပုဂံခေတ်၏ လေးစားစရာအလှူရှင်တစ်ဦးမှာ ကျစွာမင်း၏မိထွေးတော် ဖြစ်ပါသည်။ ငယ်စဉ်ကပင် မိခင်သေဆုံးသွားသည်။ ကျစွာမင်းအလောင်းမင်းသားငယ်အား သားအရင်းပမာစောင့်ရှောက်ခဲ့သည့် မြန်မာအမျိုးသမီးတစ်ဦး၏ မေတ္တာစိတ်ကို ကျစွာမင်းမိထွေးတော် ကျောက်စာ၌ ကျစွာမင်း၏အပြောဖြင့် "ငါ့မိကိုကား ငါ မသိလိုက်၊ ငါ့မိထွေးမွေး၍ ငါကြီး၏" ဟု ရေးသားထားပါသည်။ ကျစွာမင်းကိုယ်တိုင်ကပင် မိထွေးတော်၏ မေတ္တာစိတ်ကို အသိအမှတ်ပြုခဲ့ရသည်။ မင်းဖြစ်သောအခါ မိထွေးတော်အား အိမ်ပေးတော်မူသည်။ အိမ်၌ ခိုင်းစေရန် ကျွန်လည်း ပေးတော်မူသည်။ မိထွေးတော်သည် အိမ်၊ ကျွန်တို့နှင့် နေသည်။ ခိုင်းစေသည်။ မင်း၏ကျေးဇူးတုံ့ပြန်မှုအပေါ် သာယာရင်း၊ ဝင့်ကြွားရင်း ဘဝသံသရာ၌ နစ်မွန်းနေသူမဟုတ်ပါ။ စည်းစိမ်ဥစ္စာတို့ကို ကျော်လွှန်နိုင်ခဲ့သည်။ လောဘရမ္မက်ကို ဖြတ်သန်း၍ နိဗ္ဗာန်လမ်းကို ဖောင့်တန်းစေခဲ့သည်။ ကြုံတောင့်ကြုံခဲဖြစ်သော သာသနာ၌ အနှစ်သာရရှိရှိ နေထိုင်သွားနိုင်ခဲ့သည်။

စည်းစိမ်ကြားမှ မြတ်သော အသိတရားမွေးဖွားလာပုံကို ကျောက်စာ၌ "အိမ်လည်း ငါနေ၏။ ကျွန်လည်း ငါစေ၏။ လယ်လည်း ငါစား၏။ ဤငါနေသောထက်ကား သီတင်းပညာရှိသော သံဃာနေသော် မြတ်၏ဟူ၍ ငါတွေးမိရကား ဂူလည်းပြင်၏။ ဂူပြီးရကား ဘုရားလောင်းကို ငါကြား၏"ဟု ရေးသားထားပါသည်။ အိမ်၊ လယ်၊ ကျွန်တို့ကို မိမိအသုံးချခြင်းထက် သံဃာတော်တို့အား ပေးလှူခြင်းဖြင့် သာသနာအရှည်တည်တံ့ရေးအတွက် အထောက်အပံ့ပြုနိုင်မည်ဟု တွေးမြင်လာပြီး ဘုရားတည်သည်။ ဘုရားတည်ပြီးလျှင် အိမ်ကို ကျောင်းအဖြစ်လှူသည်။ ကျွန်၊ လယ်တို့ကို သံဃာတို့အတွက် ပေးလှူသည်။ ကျစွာမင်းကြီးကလည်း သဘောတူခဲ့ပုံတို့ကို မှတ်တမ်းတင်ထားခဲ့ပါသည်။ ကျေးဇူးသိသူနှစ်ဦး၏ ဂုဏ်ရည်ကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ကျစွာမင်းသည် မိထွေးတော်၏ကျေးဇူးကို သိသကဲ့သို့ မိထွေးတော်သည်လည်း ရတနာသုံးပါး၏ ကျေးဇူးကို သိသူဖြစ်ပါသည်။

ပုဂံခေတ်အမျိုးသမီးများသည် ဗုဒ္ဓ၏တရားအရိပ်ကိုမှီ၍ ယနေ့မြန်မာနိုင်ငံအတွက် ဂုဏ်ယူစရာ ဗုဒ္ဓသာသနာကို ထွန်းပစေခဲ့သည်။ ဘုရားကျောင်းစသည့် ယဉ်ကျေးမှုလက်ရာအစုစုကို သက်သေအဖြစ် ထားရစ်ကာ ပုဂံခေတ်မြန်မာနိုင်ငံ၏ ကြီးကျယ်ခမ်းနားတင့်တယ် ဖွယ်ရာများကို ပြထားရစ်ခဲ့ကြပါသည်။

အင်းဝခေတ်သည် စစ်ခေတ်ဖြစ်သည်။ စစ်ဘက်ခေတ်၌ ပဒေသရာဇ်မိသားစုများတွင် မိန်းမသားများသည် ဘဝနှင့်နှလုံးသားကို စတေးခဲ့ကြရသည်။ မင်းယောကျ်ားတို့သည် ရာဇမာန်ဖြင့် စစ်ခင်းခဲ့ကြပြီး စစ်ရှုံးလျှင် စစ်ပြေငြိမ်းရန် သမီး၊ နှမတို့ကို တစ်ဖက်ရန်သူအား ဆက်သခဲ့ကြသည်။ စစ်ပြေငြိမ်းရန်အတွက် လက်ဆောင်ပစ္စည်းအဖြစ် ဟံသာဝတီဘုရင်မကြီး ဖြစ်လာမည့် ရှင်စောပုသည် အင်းဝဘုရင်ဆင်ဖြူရှင် သီဟသူအား ဆက်သခြင်းခံခဲ့ရသည်။ ရှင်စောပုသည် မွန်ဘုရင် ရာဇဓိရာဇ်နှင့် တလသူဋ္ဌမာယာမိဖုရားတို့၏ သမီးတော်ဖြစ်သည်။ ခမည်းတော်ရှိစဉ်ကပင် တူတော်သမိန်စည်သူနှင့် လက်ဆက်ပေးခဲ့သည်။ အသက် ၂၅ နှစ်တွင် ကြင်ရာတော် သမိန်စည်သူ နတ်ရွာစံ၍ သားသမီးများနှင့်အတူ မောင်တော် ဗညားရံနှင့် နေရသည်။ ဟံသာဝတီဘုရင်ဗညားရံနှင့် အင်းဝဘုရင် ဆင်ဖြူရှင်သီဟသူတို့ စစ်ဖြစ်ပွားသည်။ စစ်ပြေငြိမ်းရန်အတွက် နှမတော်ရှင်စောပုကို ဆင်ဖြူရှင်သီဟသူအား ဆက်သသည့်အတွက် အသက် ၂၉ နှစ်တွင် ဆင်ဖြူရှင်၏ မိဖုရားဖြစ်ခဲ့ရသည်။ ဟံသာဝတီ၌ သားသမီးများကို ထားခဲ့ရသည်။ ရုပ်ရည်ချောမောလှသောကြောင့် ဆင်ဖြူရှင်သီဟသူက မြတ်နိုးတော်မူရာတွင် ရှင်ဘို့မယ်၏ ဝန်တိုမှုကို ခံရသည်။ ရှင်ဘို့မယ်သည် အုန်းပေါင်လယ်သံဘွားနှင့် ပေါင်း၍ ဆင်ဖြူရှင်သီဟသူကို လုပ်ကြံသည်။ ဆင်ဖြူရှင်သီဟသူ နတ်ရွာစံပြီးနောက် ကိုးနှစ်သားအရွယ် မင်းလှငယ် နန်းတက်သည်။

မင်းလှငယ်၏ မိဖုရားအဖြစ် ရှင်ဘို့မယ်နှင့်အပြိုင် ရပ်တည်ရပြန်သည်။ မင်းလှငယ် လုပ်ကြံခံရပြန်သည်။ မင်းလှငယ်လုပ်ကြံခံရပြီးနောက် ကလေးကျေးတောင်ညိုနန်းတက်ရာတွင် ဆောင်ရနန်းရ မိဖုရားတစ်ပါး ဖြစ်ရပြန်သည်။ မိုးညှင်းမင်းတရားနန်းတက်ရာတွင်လည်း ရှင်ဘို့မယ်နှင့်အတူ မိဖုရားတစ်ပါး ဖြစ်လာရပြန်သည်။

သားသမီးသုံးယောက်ကို ဟံသာဝတီတွင်ထားခဲ့ရပြီး အင်းဝဘုရင်တစ်ပါးပြီးတစ်ပါး၏ မိဖုရားအဖြစ် ပြောင်းလဲခဲ့ရသည်။ ရှင်ဘို့မယ်ကဲ့သို့ အဆိပ်အတောက်ပြင်းသူနှင့် အတူယှဉ်၍ နေရသော ဒုက္ခကလည်း ကြီးလှပါဘိသည်။ မိဖုရားချည်းဖြစ်ရသော ကံကလည်း ထူးလှပါဘိသည်။ မိဖုရားဘဝ၌ မပျော်နိုင်။ ကိုယ့်ဇာတိမြေ ဟံသာဝတီသို့ ပြန်ရန်သာ အားသန်နေခဲ့သည်။ ရှင်စောပုသည် လောကဓံကို ကြံ့ကြံ့ခံနိုင်သူဖြစ်သည်။ သတ္တိရှိသူ၊ စွန့်စားရဲသူလည်း ဖြစ်သည်။ ရှင်စောပုသည် ရဟန်းတော်နှစ်ပါး၏ အကူအညီဖြင့် မိုးညှင်းသတိုးအပေါ် ပရိယာယ်သုံးကာ ချိပ်ရည်ကိုဖျော်သောက်၍ သွေးဝမ်းကျဟန် ဟန်ဆောင်ခဲ့သည်။ နန်းတော်ပြင်ပသို့ထွက်၍ ဆေးဝါးကုသခွင့်ရခဲ့ရာ ရှင်ဓမ္မဓရနှင့် ရှင်ဓမ္မဉာဏဆိုသည့် ရဟန်းတော်နှစ်ပါး၏အကူအညီဖြင့် ထွက်ပြေးလွတ်မြောက်ခဲ့သည်။ အစ်ကို တော်ဗညားရံ နတ်ရွာစံသည်။ ဗညားကျန်း လုပ်ကြံခံရသည်။ ရှင်စောပု၏သားတော် ဗညား ပရူပင် ၄ နှစ်သာစံပြီး လုပ်ကြံခံရပြန်သည်။ ရှင်စောပုသည် အသက် ၅၉ နှစ်အရွယ်တွင် ဟံသာဝတီ၏ ဘုရင်မကြီးဖြစ်လာသည်။ မြန်မာ့သမိုင်းတွင် တစ်ဦးတည်းသော ဘုရင်မကြီးဖြစ်သည်။ ရွှေတိဂုံစေတီတော်ကြီးကို ပြုပြင်မွမ်းမံတော်မူခဲ့သည်။ အသက်အရွယ်ကြီးရင့်လာသော အခါ မိမိအားကူညီခဲ့သော ရဟန်းတော်ရှင်ဓမ္မဓရအား လူဝတ်လဲရန် တောင်းပန်ပြီးလျှင် သမီးတော်နှဲ့တကာသင်နှင့် ထိမ်းမြားပြီးလျှင် ဟံသာဝတီထီးနန်းကို လွှဲအပ်ပေးခဲ့ပါသည်။


ရှင်စောပု၏ခမည်းတော် ဟံသာဝတီဘုရင် ရာဇာဓိရာဇ်သည် အင်းဝနှင့် အနှစ်လေးဆယ်ကြာ စစ်ပွဲဆင်နွှဲခဲ့သည်။ စစ်ကိုချစ်သူ မင်းဧကရာဇ်ဖြစ်သည်။ စစ်အတွက် အားကိုးရသည့် သူရဲကောင်းများကို မယားထက်ချစ်ခဲ့သူ ဖြစ်သည်။ သူရဲကောင်းလဂွန်းအိမ်က တောင်းဆိုသည့်အတွက် ရှင်စောပု၏မယ်တော် တလသုဒ္ဓမာယာကို လဂွန်းအိမ်သို့ ပေးအပ်ခဲ့သည်။ လဂွန်းအိမ်က အရှင်သခင်ကို အချစ်စမ်းခြင်းသာ ဖြစ်၍ လက်မခံခဲ့ပေ။ ငယ်ဘဝအတွေ့အကြုံက ရင့်နင်စရာဖြစ်သကဲ့သို့ မိမိဘဝမှာလည်း ငြိမ်းချမ်းရေးအတွက် ဘဝနှင့်နှလုံးသားကို စတေး ခဲ့ရသည်။ အင်းဝ၌ အာဏာယစ်မူးလုယက်သတ်ဖြတ်သူများကြားတွင် ကြားမညပ်အောင် မငြိတွယ်အောင် ထိန်းသိမ်းနေထိုင်နိုင်ခဲ့သည်။ လောကဓံကို ရင်ဆိုင်ရဲသလို တရားအသိကိုလည်း ရှာဖွေတွေ့ရှိခဲ့သည်။ အင်းဝခေတ်၏ အလှစစ်စစ် ပိုင်ရှင်မိန်းမသားဖြစ်ပါသည်။

တောင်ငူခေတ်သည် စစ်ခေတ်ပင်ဖြစ်သည်။ စာဆိုအများစုမှာလည်း စစ်သည်စာဆိုများသာ ဖြစ်သည်။ မင်းမှုထမ်းများသာ ဖြစ်ကြသည်။ နဝဒေး၊ နတ်သျှင်နောင်၊ ရှင်သံခို၊ မင်းဇေယျယန္တမိတ်စသည်တို့ ဖြစ်ကြပြီး စစ်ထွက်ရင်း စာဆိုကြသည်။ ရတုကဗျာအဖွဲ့များသည် အမျိုးသမီးစာဆိုများထဲတွင်မူ ပြည်မိဖုရား၊ ပဲခူးမိဖုရားကဲ့သို့ မိဖုရားများလည်း ပါသည်။ ရဝေရှင်ထွေးမှာမူ ကိုယ်လုပ်တော်တစ်ဦးဘဝနှင့် စာဆိုခဲ့သူဖြစ်သည်။ ရဝေရှင်ထွေးသည် တောင်ငူရွှေနန်းတည်မင်း၏ အမတ်ကြီးတစ်ဦး၏ သမီးထွေးဖြစ်သည်။ ရေဝေရွာဇာတိဖြစ်၍ ရေဝေရှင်ထွေးဟု တွင်ရာမှ ရဝေရှင်ထွေးဖြစ်လာသည်ဟု ဆိုကြသည်။ အချို့ကလည်း နန်းတွင်းသူဖြစ်၍ ရဝေရှင်ထွေးခေါ်သည်ဟု ယူဆခဲ့ကြပါသည်။

ရှင်ထွေးသည် ဆယ်နှစ်အရွယ်မှစ၍ အန်ချင်းများရေးသားခဲ့ပါသည်။ ပုဂံခေတ် ဆံထုံးထုံးနည်း ၅၅ မျိုးကိုလည်း အန်ချင်းရေးဖွဲ့ခဲ့ပါသည်။ ရှင်ထွေးရေးဖွဲ့ခဲ့သော အန်ချင်း ၈၅ ပုဒ်ကိုလည်း သုတေသနပညာရှင်တို့ တွေ့ရှိခဲ့ကြသည်။ ရတုများလည်း ရေးဖွဲ့ခဲ့သည်။ ရဝေရှင်ထွေးသည် ရုပ်ရည်ချောမောသူဖြစ်ကြောင်း အန်ချင်းများအရ သိရသည့်အပြင် တောင်ငူရွှေနန်းတည်မင်းနှင့် သားတော်အိမ်ရှေ့မင်း နတ်သျှင်နောင်တို့၏ ချီးမြှင့်မြှောက်စားခြင်းကိုလည်း ခံခဲ့ရသူဖြစ်သည်။ ရဝေရှင်ထွေး၏ စာပေများအရ နတ်သျှင်နောင်အပေါ် မေတ္တာတိမ်းညွတ်ခဲ့သည်ဟု အချို့ပညာရှင်များက ယူဆခဲ့ကြပါသည်။ နတ်သျှင်နောင်သည် ရဝေရှင်ထွေး အဆောင်သို့ရောက်လာဟန်ကို "ယနေ့တဆက်၊ ယမန်ရက်က၊ သန်လျက်ကိုင်ကာ၊ မယ်သို့လာသည်၊ မင်းလျာတစ်မည်၊ ဝတ်ခဲ့သည်ကား၊ နတ်တို့ပုဆိုး၊ တိမ်မီးခိုးတည့်" ဟု ရေးဖွဲ့ခဲ့ပါသည်။

အရှင်နှင့်ကျွန် ဘဝချင်းမနီးစပ်၍ စိတ်ကို လျှော့ဖြေရဟန်ကို "အရှင်နှင့်ကျွန်၊ ဘုန်းမတန်သည်၊ မှန်ပေ၏လေး" ဟု ရေးဖွဲ့ခဲ့သည်။ ရင်တွင်းနာကျင်ခံစားရသမျှကို မျက်ရည်ဖြင့် ဖြေသိမ့်ရုံဖြင့် အဆုံးမသတ်ဘဲ ခံစားမှုမှ စီးဆင်း ယိုဖိတ်ကျလာသော စကားလုံးလေးများဖြင့် ဖွဲ့သီထားရစ်ခဲ့ဟန်ကို "မချစ်ရလည်း မချစ်ချင်၊ နတ်သျှင်မင်းဖျား၊ တရားလျှော်စွာ၊ ဥပရာကို

**ရင်တွင်းနာကျင် ခံစားရသမျှကို မျက်ရည်ဖြင့် ဖြေသိမ့်ရုံဖြင့် အဆုံးမသတ်ဘဲ ခံစားမှုမှ စီးဆင်း ယိုဖိတ်ကျလာသော စကားလုံးလေးများဖြင့် ဖွဲ့သီထားရစ်ခဲ့ဟန်ကို "မချစ်ရလည်း မချစ်ချင်၊ နတ်သျှင်မင်းဖျား၊ တရား လျှော်စွာ၊ ဥပရာကို ရှိကြာထိပ်စွန်း၊ ပန်းနယ် ပန်လျက်၊ ကျွန်နှင့်အရှင်၊ ဆိတ်နှင့်ဆင်သို့၊ ခဲအင်ထွေယှု၊ ဘုန်းမတူသည်" ဟု တွေ့ရပါသည်။**



**ချစ်ခြင်းကြောင့်
သာမန်အရပ်သူဘဝမှ
အနောက်နန်းမတော်
မမြကလေးဖြစ်ခဲ့ရသည်။
ချစ်ခြင်း၏ နောက်ဆက်တွဲ
သံသယများကြောင့်
ကွပ်မျက်ခြင်းခံခဲ့ရသည်။
အိမ်ရှေ့မင်းသား
သာယာဝတီမင်း၏ ချစ်ခြင်းကို
မချစ်နိုင်ပါဟု မမြကြုတ်
မငြင်းနိုင်ခဲ့ပါ။**

ရှိကြာထိပ်စွန်း၊ ပန်းနှယ်ပန်လျက်၊ ကျွန်နှင့်အရှင်၊ ဆိတ်နှင့်ဆင်သို့၊ ခဲအင်ထွေယူ၊ ဘုန်းမတူသည်" ဟု တွေ့ရပါသည်။

ခြသေ့်ဆိုသည် သိဂီရွှေခွက်၌ တည်သကဲ့သို့ နတ်သျှင်နောင်သည်လည်း မဟာဆိမဟာသွေး မင်းသမီးတစ်ဦးဦးနှင့်သာ ထိုက်တန်ကြောင်း ဖြေသိမ့်ရဟန်ကို "မပန်ရလည်း၊ မပန်ချင်၊ မဏိမလ္လာ၊ ဂန္ဓာနတ်ဖြစ်၊ ပွင့်ဝတ်သစ်ကို၊ နတ်စစ်သမီး၊ ဘုန်းကြီးနတ်ဖန်၊ ငါနှင်းရန်ဟု၊ ပန်ပစလေ" ဟု ရေးဖွဲ့ထားပါသည်။ နတ်သျှင်နောင်၏မယ်တော်မိဖုရားကြီးသိ၍ မေးတော်မူမည်ကိုလည်း စိုးရိမ်မိကြောင်း အားငယ်နွမ်းလျစွာ ရေးဖွဲ့ခဲ့ပါသေးသည်။

နတ်သျှင်နောင်သည် ရဝေရှင်ထွေးနှင့် ရင်းနှီးခဲ့မည်ဖြစ်သော်လည်း ဓာတုကလျာအပေါ်၌သာ အချစ်ပုံခဲ့သူဖြစ်၍ ရဝေရှင်ထွေးသည် သူခံစားခဲ့ရသော ဖြတ်သန်းခဲ့ရသော အချစ်များကို အန်ချင်း၊ ရတုစသည့် အနုပညာများအဖြစ်နှင့်သာ ထားရစ်ခဲ့ရရှာပါသည်။ အနောက်ဘက်လွန်မင်းသည် တောင်ငူကို စစ်နိုင်သောအခါ တောင်ငူနန်းပေါ်မှန်ကင်းကို ချထားခဲ့သည်။ နတ်သျှင်နောင်အား လက်အောက်ခံပြုခဲ့သည့် လုပ်ရပ်ဖြစ်ပါသည်။ မင်းဇေယျယန္တမိတ်၊ ရှင်သံခို တို့နှင့်အတူ ရဝေရှင်ထွေးကိုလည်း အနောက်ဘက်လွန်မင်းအား လက်ဆောင်အဖြစ် ပေးအပ်လိုက်ပါသည်။ ထိုနည်းဖြင့် နတ်သျှင်နောင်ကိုပါ တောင်ငူ၌ ထားရစ်ခဲ့ပြီး အင်းဝသို့ လာခဲ့ရသည်။ အင်းဝ၌လည်း နှလုံးသားဝေဒနာကို အနုပညာဖြင့် ကုစားခဲ့သော ရဝေရှင်ထွေးသည် ရတုကဗျာ အန်ချင်းများ ဆက်လက်ရေးဖွဲ့နေခဲ့လိမ့်မည်ဟု ထင်မြင်မိပါသည်။

ချစ်ခြင်းကြောင့် သာမန်အရပ်သူဘဝမှ အနောက်နန်းမတော် မမြကလေးဖြစ်ခဲ့ရသည်။ ချစ်ခြင်း၏ နောက်ဆက်တွဲသံသယများကြောင့် ကွပ်မျက်ခြင်းခံခဲ့ရသည်။ အိမ်ရှေ့မင်းသား သာယာဝတီမင်း၏ ချစ်ခြင်းကို မချစ်နိုင်ပါဟု မမြကြုတ် မငြင်းနိုင်ခဲ့ပါ။ မင်း၏ချစ်ခြင်းတွင် ငြင်းခွင့်မရှိပါ။ ထို့အတူပင် မင်း၏အမုန်းကိုလည်း ငြင်းခွင့်မရှိ ခံယူခဲ့ရပါသည်။ မင်း၏အမုန်းကို ကာကွယ်ရာတွင် မမြကလေးအဖို့ သူ၏အနုပညာသည်သာ ဒိုင်းဖြစ်ခဲ့ရပါသည်။ မုန်းပါများလာသောအခါတွင် အနုပညာဒိုင်းသည်လည်း ကာကွယ်နိုင်စွမ်း မဲ့ခဲ့ရပါသည်။ မမြလေးသေသော်လည်း သူ့ဘဝ၊ သူ့နှလုံးသားမှ ပေါက်ဖွားလာသော အနုပညာပစ္စည်းများသည် ရှင်သန်ဆဲဖြစ်ပါသည်။

ပုံနင်းမင်းပျံချီနှင့် မယ်အိတို့၏သမီး မမြကြုတ်ကို ၁၁၇၁ နှစ်တွင် ဟသ်ာတ၌ ဖွားမြင်ခဲ့ပါသည်။ မမြကြုတ်၏အလှဂုဏ်သတင်း ပျံ့နှံ့ခဲ့သည့်အတွက် သာယာဝတီမင်းက သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။ အနောက်နန်းမတော်မမြကလေးဘဝတွင် ပတ်ပျိုး၊ တေးထပ်နှင့် လေ့တော်ဆက် သီချင်းသံ၊ ဒွေးချိုးများကို ရေးသားခဲ့သည်။ မြန်မာစာပေသမိုင်းတွင် နန်းတွင်းဇာတ်တော်ကြီးများကို ရေးသားနိုင်သူ အမျိုးသမီးသုံးဦးသာ ရှိခဲ့ပါသည်။ သခင်မင်းမိ၊ အနောက်နန်းမတော် မမြလေးနှင့် သမီးတော်လှိုင်ထိပ်ခေါင်တင်တို့သာ ဖြစ်ပါသည်။ မမြလေးသည် သီချင်းများကို ကိုယ်တိုင်ရေးစပ်နိုင်ရုံသာမက စောင်းတီးနိုင်သူလည်းဖြစ်သည်။ သာယာဝတီမင်းသည် နန်းလုံးနိုးခေါ် မိချောင်းတော်များကို တီးတော်မူသောအခါ မမြလေး၏ သီချင်းများကို တီးလေ့ရှိသည်။

သာယာဝတီမင်းသည် သားတော်ပြည်မင်းနှင့် အနောက်နန်းမတော် မမြလေးကို ပူးပေါင်းသည်ဟု သံသယရှိကာ အကျဉ်းချထားတော်မူသည်။ ချစ်သမျှကို ပတ်ပျိုးသည် အမုန်းနှင့်သံသယနှောင်အိမ်တံခါးများကို ပွင့်စေခဲ့ပါသည်။ ထိုပတ်ပျိုး၌ သူနှင့်သာယာဝတီမင်းတို့၏ အချစ်ကို "ချစ်သမျှကို မြင်းမိုရ်ရွှေ တောင်လုံးသာပလေး၊ လေးဆူဒိပါ သီတာရေ ဆုံးစေတော့လေး။ အို . . . ဘယ်မုန်းပါတော့ နိုင်၊ ကပ်လုံးမဆုံးတိုင်တိုင်" ဟူသောအဖွဲ့တွင် အတိသယဝုတ္တိအလင်္ကာများကို ဆက်တိုက်သုံး၍ ထားသည်။ မြင်းမိုရ်တောင်နှင့် နှိုင်းသည်။ ကျွန်းကြီးလေးကျွန်း၊ သမုဒ္ဒရာကြီးလေးစင်းနှင့် နှိုင်းသည်။ ကပ်ကမ္ဘာဆုံးသည့်တိုင် ချစ်ပါမည်ဟု လွန်လွန်ကျူးကျူးရေးဖွဲ့သည်။ သီတာရေမြေဆုံးပါစေ မမုန်းနိုင်ပါဆိုသော အတိသယဝုတ္တိ အလင်္ကာမြောက်သည့် အဖွဲ့များဖြင့် အချစ်ကို ကြီးကျယ်ခမ်းနားအောင် ရေးဖွဲ့ခဲ့ပါသည်။ "ချစ်ချင်းငယ်ပြိုင်၊ မြစ်မင်းပိုင်အဏ္ဏဝါက၊ ပြန်မသာကဲ၊ ယွန်းစေဝသုန်၊ ငွေဝန်းသော်တာ ယုန်သို့၊ ကမ္ဘာ ကုန်ကျယ်သရွေ့ငယ်ကို ဘယ်မေ့လိမ့်မလဲ" ဆို သော အဖွဲ့တွင်လည်း အတိသယအလင်္ကာများဖြင့် အချစ်၏ပမာဏကို ထင်ရှားအောင် ရေးဖွဲ့ခဲ့ပါသည်။ ခံစားမှုမှလာသော အလင်္ကာမြောက်အဖွဲ့များကြောင့် အကျဉ်းတံခါးတို့ ပွင့်ခဲ့ရပါသည်။ သို့ရာတွင် နောက်တစ်ကြိမ် သံသယတွင်မူ ပြည်မင်းနှင့် ပူးပေါင်းမှုရှိသည်ဟု ဆုံးဖြတ်ကာ သတ်မိန့်ပေးခဲ့ပါသည်။ မမြလေးနှင့် မယ်တော် မယ်အိတို့အား စီရင်ရန် လှည်းများနှင့် ခေါ်လာခဲ့သည်။ မမြလေးသည် စိတ်မချမ်းမြေ့၍ ဆံပင်ကို ဘီးနှင့်ရော၍ပတ်ကာ ကပိုကရိုထုံးထားသည်။ ထိုဆံထုံးသည်ပင် ကြည့်၍ကောင်းနေသည့်အတွက် 'ပုပုံထုံး ဆံထုံး' ဟုဆိုကာ အတုယူ၍ ဆင်ယင်ထုံးဖွဲ့ကြသည်ဟု ဆိုကြပါသည်။ မမြလေးသည် မင်းဇကရာဇ်၏ အမုန်းကို အနုပညာနှင့်ပင် ခုခံ၍ရပါသည်။

ပုဂံခေတ်မှသည် တစ်ခေတ်ပြီးတစ်ခေတ် ရွေ့လျားခဲ့သည်။ ထိုခေတ်များကို ဖြတ်သန်းရာတွင် မြန်မာအမျိုးသမီးတို့သည် ဘာသာသာသနာ၊ စာပေယဉ်ကျေးမှုတို့ကို ထွန်းပစေခဲ့သည်။ စိတ်အလှခံများကို ချန်ထားရစ်ခဲ့ကြသည်။ မိမိတို့၏ ချစ်ခြင်း၊ မုန်းခြင်းလောကဓံ ရင်ဆိုင်ခြင်းတို့ကိုလည်း အနုပညာအလှပန်းများအဖြစ်နှင့် ခေတ်အဆက်ဆက် ပြည်သူတို့ ခံစားနိုင်အောင် ထားရစ်ခဲ့ကြပါသည်။

**မမိုးမြေ**

# မမရတီ

## အမေး အဖြေ

အချစ်ရေး
ကျန်းမာရေး
လူမှုရေး
စီးပွားရေး
အနုပညာရေး



သို့
မင်္ဂလာပါမမရတီ

သမီးက ရတီမဂ္ဂဇင်းရဲ့ ပရိသတ်တစ်ယောက်ပါ။ ဟိုးအရင်ကတည်းက ဖတ်လာခဲ့တာပါ။ ရတီရဲ့ကဏ္ဍတွေကိုလည်း ကြိုက်ပါတယ်။ ဒါပေမဲ့ တစ်ခါမှ ရတီကို စာမရေးဖူးပါဘူး။ ဒါကြောင့် သမီးစာမှာ အမှားပါသွားခဲ့ရင် ခွင့်လွှတ်ပါနော်။ သမီးရင်ထဲမှာ ရှိနေတဲ့အပူမီးကို ဘယ်သူ့ကိုမှ ဖွင့်မပြောရဲလို့ မမရတီကို ပြောလိုက်ရတာပါ။ သူ့ကို သမီးရင်းနှီးလာတာ နည်းနည်းကြာပါပြီမမရတီ။ သူဆိုတာက သမီးတို့ကျောင်းက သူငယ်ချင်းပါ။ သမီးနဲ့တော့ အတန်းမတူပါဘူး။ သူက သမီးကို လာပြီးမိတ်ဆက်တာပါ။ သမီးတို့ချင်းရင်းနှီးလာတာ တစ်နှစ်ခွဲလောက်ရှိပါပြီမမရတီ။ သူ့ရဲ့ စကားတွေ၊ အကြည့်တွေကို သမီးရိပ်မိခဲ့ပါတယ်။ သူ ဘယ်တော့ ဖွင့်ပြောလာမှာလဲလို့ သမီးစောင့်နေခဲ့တာပါ။ သူ့ကို လူကောင်းတစ်ယောက်လို့ ယုံလည်း ယုံကြည်ခဲ့ပါတယ်။ ဒါပေမဲ့ မမရတီရယ် ယောကျ်ားတွေအားလုံးဟာ မယုံရတဲ့သူတွေပဲလား။ သူ့ကို မိတ်ဆက်ပေးလိုက်မိတဲ့ သမီးရဲ့ သူငယ်ချင်းကို သူက အချိန်တိုတိုလေးအတွင်းမှာ ချစ်သွားပြီထင်တယ်။ သူတို့နှစ်ယောက် သမီးမပါဘဲ တစ်ပူးတွဲတွဲသွားလာနေကြပြီး အရမ်းပျော်ရွှင်နေကြတယ်။ သမီးက မိတ်ဆက်ပေးထားတဲ့သူဖြစ်နေတာတောင် ဘေးလူတစ်ယောက်လိုပဲ တစ်ခါတလေ မသိလိုက်ဘူး။ သမီးအခု ရင်တွေ အရမ်းပူနေရတယ် မမရတီရယ်။ သမီး သူ့ကို ချစ်မိနေပြီထင်တယ်။ ဘယ်လိုလုပ်ရမလဲဟင်။ ညီမလေးကို အကြံပေးပါဦးမမရတီ။

ညီမလေး NYI

**ညီမလေး NYI ရေ . . . ညီမလေးရဲ့ခံစားချက်ကို မမရတီ နားလည်ပါတယ်။ သူ့ကို နားလည်ပေးလိုက်ပါလို့ မပြောချင်ပေမယ့် လူ့စိတ်သဘာဝဟာ နားလည်ရခက်သလို အချစ်ဆိုတာဟာလည်း အသိခက်နက်နဲပါတယ်။ တစ်ခုရှိတာက ညီမလေးကို ဖွင့်ပြောပြီးမှ ပြောင်းလဲသွားတာမဟုတ်တဲ့အတွက် သူ့ကို သစ္စာမဲ့တယ်လို့တော့ ပြောလို့မရဘူးလို့မမရတီထင်ပါတယ်။ သူကလည်း တိတိကျကျဖွင့်မပြောသေးသလို ညီမလေးကလည်း အဖြေမပေးရသေးတာမို့ အခြေအနေဟာ တော်သေးတယ်လို့ပဲ ခံယူလိုက်ပါ ညီမလေးရေ။ နောက်တစ်ချက်ကလည်း သူတို့နှစ်ယောက်ဟာ တကယ်ပဲ ချစ်နေကြသလားဆိုတာလည်း မသေချာတာမို့ သိပ်မပူပါနဲ့ဦး။ NYI ရဲ့ သူငယ်ချင်းကိုမှ သူက ချစ်တယ်ဆိုရင်လည်း အချစ်ဆိုတာတစ်ခါတည်း မွေးဖွားပြီးသေဆုံးသွားတာမျိုး မဟုတ်ပါဘူး။ ညီမလေးNYI အတွက် နွေးထွေးမယ့်အချစ်စစ်ကိုလည်း ထပ်တွေ့နိုင်ပါသေးတယ်။**

သို့
မမရတီ

ပြီးခဲ့တဲ့ ဇန်နဝါရီလထုတ် မာလာတို့မြို့ကို စရောက်လာလာချင်းမှာပဲ ဆိုင်ကနေငှားပြီး ဖတ်ပစ်လိုက်တယ် မမရတီ။ အရမ်းကြိုက်တာပဲ သိလား။ ဓာတ်ပုံတွေကလည်း အရမ်းလှပါတယ်။ သမ္မတကြီးရဲ့ နှုတ်ဆက်မိန့်ခွန်းတွေနဲ့ အန်တီစုရဲ့ နှုတ်ခွန်းဆက်စကားတွေ ထည့်ထားပေးတာရော နိုင်ငံတကာက ခေါင်းဆောင်တွေရဲ့ နှုတ်ဆက်စကားတွေ ထည့်ထားပေးတာတွေပါ အရမ်းကြိုက်ပါတယ်။ အဲဒီလရဲ့ ဝတ္ထုတွေကလည်း ကောင်းပါတယ်။ စိတ်တိုင်းကျ

ဖတ်လိုက်ရလို့ စီစဉ်သူတွေကို ကျေးဇူးတင်ကြောင်းပြောပေးပါနော်။ ရတီ လည်း ဒီထက်မကပိုမို အောင်မြင်ပါစေလို့ ဆုတောင်းပေးပါတယ်။

ရတီကိုဆက်လက်အားပေးနေမယ့်
မာလာ
ကျောက်ဆည်မြို့။

**ညီမလေးမာလာ ကြိုက်နှစ်သက်တယ်ဆိုတဲ့အကြောင်း စီစဉ်သူတွေကို ပြောပြလိုက်ပါ့မယ်နော်။ သူတို့လည်း ပင်ပန်းရကြိုးနပ်တာမို့ ဝမ်းသာကြမှာပါ။**

မမရတီ

မင်္ဂလာပါ။ နွေးက အခုမှ စာစရေးမိတာမို့ အမှားပါရင် ခွင့်လွှတ်ပါနော်။ ဒီလထုတ်ဝတ္ထုတွေထဲမှာ ဆရာမ မမိုးမြေရဲ့ 'ရေနစ်သော မိုးကောင်းကင်'ကိုဖတ်လိုက်ရတာ အရမ်းခံစားရပါတယ်။ လောကမှာ ငြိမ်းအောင်သူလို့ ကြိုးစားတဲ့သူတိုင်း အဲဒီလိုခံစားကြရသလား မပြောတတ်ပါဘူးနော်။ နွေး ဘဝမှာလည်း အဲဒီလိုခပ်ဆင်ဆင်အဖြစ်မျိုးတွေ ကြုံတွေ့ရဖူးတော့ တကယ် ခံစားရပါတယ်။ နောက်ဆုံးခန်းမှာ ဇာတ်သိမ်းထားတာလေးက အရမ်းဝမ်း နည်းသနားစရာကောင်းပါတယ်။ ဖတ်ပြီး ရင်ထဲမှာ တစ်မျိုးပဲ ခံစားရတယ်။ သူ့ဘဝမှာ နားလည်ပေးမယ့် သူတစ်ယောက် ရှိနေတဲ့အတွက်တော့ ကြည်နူးရပါတယ် မမရတီ။ ရတီကို ဆက်လက်အားပေးနေပါ့မယ်။

# မမရတီ

အမေး အဖြေ

အချစ်ရေး
ကျန်းမာရေး
လူမှုရေး
စီးပွားရေး
အနုပညာရေး



ရတီရဲ့ပရိသတ်
နွေး၊ စကားဝါလမ်း

**ဟုတ်ပါတယ် ညီမလေးနွေးရေ။ လူ့ဘဝမှာ ဒါမျိုးတွေလည်း ဖြစ်နိုင်တာပါပဲ။ ရသစာပေဆိုတာကလည်း ရသကနေတစ်ဆင့် ဘဝအသိကို ပေးရ တာမို့ တစ်စုံတစ်ရာသော တွေးစရာအသိလေးနဲ့အတူ နှစ်သက်တယ်ဆိုရင် စာပေကောင်းဖြစ်တာပါပဲ။ ရတီမဂ္ဂဇင်းရဲ့ စာပေကဏ္ဍကို နှစ်သက်တယ်ဆိုရင် ဝိုင်းတော်သားတွေသာမက ရေးသားဖန်တီးကြတဲ့ ဆရာ၊ ဆရာမတွေလည်း ဝမ်းသာကြမှာပါ။**

သို့
မမရတီ

မင်္ဂလာပါ မမရတီ . . . စုလေးစာမှာ အမှားပါရင်ခွင့်လွှတ်ပါနော်။ စုလေးခုရက်ပိုင်းမှာသိပ်သိချင်နေတဲ့ ကိစ္စလေးတစ်ခုရှိနေလို့ပါ။ အဲဒါကတော့ အခုရက်ပိုင်းမှာ အသစ်ထွက်တဲ့ EXT 124 အဖွဲ့ရဲ့ First Trip အခွေမှာပါတဲ့ ကောင်လေးသုံးယောက်ထဲက (နှုဖူးပြောင်ပြောင်ကောင်လေးနဲ့ ခပ်သေးသေးလေးတစ်ယောက်မဟုတ်ဘဲနဲ့လေ) ဇင်မိုးဆိုတဲ့ ကောင်လေးက အရင်တုန်းက Gusto ကော်ဖီကြော်ငြာနဲ့ လူငယ်ပညာပေး ဒီဗွီဒီဇာတ်ကား တစ်ကားမှာပါတဲ့ ဝီရဆိုတဲ့တစ်ယောက်လား။ တစ်ယောက်စီသတ်သတ်လား။ အတူတူပဲဆိုရင် သူ့ရဲ့အနုပညာနာမည် ပြောင်းလိုက်တာလား သိချင်ပါတယ်။ အဲဒါလေး ဖြေပေးပါနော် မမရတီ။ စုလေးက အရမ်းသိချင်နေလို့ပါ။ စုလေးစာမှာ အမှားပါရင် ခွင့်လွှတ်ပါနော်။

စုလေး

**ဟုတ်ပါတယ်စုလေးရေ. . . စုလေးပြောသလို ဝီရနဲ့ ဇင်မိုးဟာ တစ်ယောက်တည်းပါပဲ။ သူတို့သုံးယောက်စလုံးက မြန်မာနိုင်ငံဆရာဝန် အသင်း လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်က လူငယ်တွေပါ။ ဝီရဆိုတာ ဇင်မိုးသုံးခဲ့ဖူးတဲ့အနုပညာနာမည်တစ်ခုပါ။ ဇင်မိုးဆိုတာကတော့ နာမည် အရင်းဖြစ်ပါတယ်။ဒါကိုအနုပညာနာမည်အဖြစ် ဆက်လက်သုံးသွားမယ်လို့သိရပါတယ် စုလေးရေ။**

# ရတီကျန်းမာရေး အမေးအဖြေကဏ္ဍ

ဒီတစ်လ ရတီပရိသတ်များ မေးလာတဲ့အထဲက လတ်တလော ရာသီဥတုမှာ သတိထားရမယ့် အကြောင်းအရာတွေကို ရွေးချယ်ပြီး ဖော်ပြပေးလိုက်ပါတယ်။ ဒီမေးခွန်းတွေကို တော့ အထွေထွေ ရောဂါကုဆရာဝန်ဖြစ်တဲ့ ဒေါက်တာ ကျော်စွာဦး က ဖြေထားပေးပါတယ်။ ကျန်းမာရေးအတွက် မေးကြမယ် ကဏ္ဍကို လိပ်မူပြီး မိမိတို့သိလိုရာကို မေးမြန်းနိုင်ပါတယ်။

မင်္ဂလာပါ ဒေါက်တာရှင့်။

ကျွန်မနာမည်ကတော့ သင်းသင်းပါ။ အသက် ၂၆ နှစ်ရှိပါပြီရှင့်။ ကျွန်မမှာ အခက်အခဲလေးတစ်ခု ဖြစ်နေပါတယ်။ အဲဒါကတော့ ချွေးထွက်တဲ့ ပြဿနာနဲ့ ဖျားတတ်တဲ့ပြဿနာပါပဲ။ ကျွန်မက စာရင်းကိုင်ဆိုတော့ အထိုင်များတဲ့ အလုပ်လုပ်ရပါတယ်။ ဒါကြောင့်ပဲလား မသိပါ။ ချွေးသိပ်မထွက်တတ်ပါဘူး။ အဲဒီတော့ ညနေအိမ်ပြန်ရင် ရေချိုးတဲ့အခါ တစ်ခါတလေ ဖျားချင်သလိုလို ဖြစ်တတ်ပါတယ်။ အမြဲတမ်းတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ရေချိုးခါနီး ချမ်းတာနဲ့ ကိုယ်တွင်းက ဖျားသလို ပူနေတာမျိုးနဲ့ မကြာခဏ စိတ်အနှောင့်အယှက် ဖြစ်ရပါတယ်။ အဲဒါ ဘာဖြစ်နေတာလဲ ဆိုတာနဲ့ ဘာလုပ်ရမယ်ဆိုတာလေး သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

သင်းသင်း၊ သီတာလမ်း၊ ကျောက်မြောင်း

**ကျွန်တော်တို့လည်း ချွေးထွက်လွန်တတ်ပါတယ်။ တစ်ခါတလေကျရင် နုံးပြီးတော့ အဲလိုမျိုး ဖြစ်တတ်ပါတယ်။ အဲကွန်းထဲမှာ လုပ်ရတဲ့အလုပ် ဆိုရင်တော့ တတ်နိုင်သလောက် အနွေးထည် ဝတ်ထားဖို့ လိုတယ်ထင်တယ်။ အကယ်၍ ဖျားတယ် နာတယ်ဆိုရင်တော့ ပါရာစီတမော အဖျားကျဆေးတော့ သောက်ထားသင့်တယ်။ အဲဒါက အဲကွန်းခန်းတို့၊ ပန်ကာတို့ ရေရှည်မခံ ရင်တော့ ပိုကောင်းမယ်။ ဒါက ရောဂါရယ်လို့တော့ အတိအကျ မဟုတ်ပါဘူး။ ကိုယ့်ရဲ့ နေမှု ထိုင်မှုနဲ့ အလုပ်အကိုင်နဲ့ ဆိုင်မယ်လို့တော့ ထင်ပါတယ်။ တကယ်လို့ ပြန်ရောက်ရင် ချွေးတိတ်ပြီးမှ ရေချိုးတာပဲဖြစ်ဖြစ်၊ နားပြီးမှ ရေချိုးတာပဲ ဖြစ်ဖြစ် လုပ်သင့်တယ် ထင်ပါတယ်။ အဲဒါအတွက်နဲ့တော့ စိတ်သောက မဖြစ်ပါနဲ့။ ဒါမျိုးက လူတော်တော်များများ လည်း ဖြစ်တတ်ပါတယ်။ နေပူထဲသွားမယ်ဆိုရင်တော့ အဝတ်ပါးပါးလေးတွေ၊ ချွေးစုပ်မယ့် အကျီလေးတွေ၊ ချည်သားလေးတွေ ဝတ်သင့်ပါတယ်။ ထီးဆောင်းဖို့ လိုမယ်ထင်ပါတယ်။ ဖျားတတ်တယ်ဆိုရင်တော့ အအေးကို သတိထားဖို့ လိုပါမယ်။**

ဒေါက်တာခင်ဗျား . . .

ကုမ္ပဏီတစ်ခုရဲ့ ရောင်းမောင်းဝန်ထမ်းပါ။ အခုလို ပူပြင်းတဲ့ရာသီမှာ ကျွန်တော်တို့လို အပြင်ထွက်ရတဲ့သူတွေအဖို့ အပူရှပ်တဲ့ပြဿနာကို ကြုံရတတ်ပါတယ်။ ရေခဲရေမသောက်မိဖို့ကို အမြဲသတိထားပေမဲ့ အဆောက်အအုံတွေထဲကို မခန့်မှန်းနိုင်ဘဲ ဝင်သွားပြီးမှ အဲကွန်းသိပ်အေး အေးလွှတ်ထားတာတွေလည်း ကြုံရတတ်တော့ အမြဲတမ်း သတိထားရပါတယ်။ တစ်လောကဆို ကျွန်တော့် အသိမိတ်ဆွေတစ်ယောက်ဟာ အပူရှိန်ပြင်းတဲ့အချိန်မှာ အစာစားပြီး ရုတ်တရက် ခေါင်းမူးလာလို့ ဦးနှောက်သွေးကြောပြတ်မှာ ကြောက်ပြီး ဆေးခန်းပြေးရတယ်လို့ ဆိုပါတယ်။ ဘာမှတော့ မဖြစ်ခဲ့ပါဘူး။ ဒါပေမဲ့ ဒီကိစ္စမျိုးက အချိန်မရွေး ဖြစ်လာနိုင်တော့ နေ့တိုင်း အပြင် ထွက်နေရတဲ့ ကျွန်တော့်အတွက် ဘာတွေ သတိထား ဆောင်ထားရမလဲဆိုတာမျိုးလေး သိချင်ပါတယ်။

လင်းထွန်းမြတ်

**ဒီ အပူရှပ်တဲ့ပြဿနာကတော့ အဲကွန်းခန်းထဲက ပြန်ထွက်ပြီဆိုရင်တော့ နေပူထဲကို ရုတ်တရက် မထွက်ဘဲနဲ့ အရိပ်ရတဲ့ နေရာလေးမှာ ငါးမိနစ်လောက် နားနေလိုက်ပေါ့။ အပူအအေး ပြောင်းလဲတဲ့ဒဏ်ကို ခံနိုင်ရည်ရှိသွားအောင်လေ။ ရုတ်တရက်ကြီး နေပူထဲထွက်တဲ့အခါကျတော့ အပူချိန် မတူဘူးလေ။ အဲဒါကြောင့် အေးလွန်းတဲ့ နေရာ တစ်နေရာကနေ ကားပေါ်တက်တာပဲ ဖြစ်ဖြစ်၊ နေပူထဲသွားမယ်ဆိုရင် အရိပ်ကလေး တစ်ခုမှာ ငါးမိနစ်လောက်နေပြီးမှ ပြောင်းပေါ့။ အဲလိုမှ မဟုတ်ဘဲ နေပူထဲကနေ အဲကွန်းခန်းထဲ ဝင်ရမယ်ဆိုလည်း ချက်ချင်းမဝင်နဲ့ပေါ့။ ခုနက လိုပဲ အရိပ်ကလေးတစ်ခုမှာ ခဏနားပြီးတော့မှ ဝင်လိုက်ပေါ့။ ရေခဲရေကိုတော့ တတ်နိုင်သ လောက် မသောက်မိတာ ပိုကောင်းပါမယ်။ အဲလိုမျိုး ထွက်နေဝင်နေရတဲ့ လူကျတော့ အဲကွန်းခန်းထဲက နေပူထဲထွက်တာဖြစ်ဖြစ်၊ နေပူ ထဲက အဲကွန်းခန်းထဲ ဝင်တာပဲဖြစ်ဖြစ် ချက်ချင်း ရုတ်တရက် ခြေထောက်ရေဆေးတာတို့၊ မျက်နှာ သစ်တာတို့ မလုပ်မိဖို့တော့ လိုတယ်။ ဦးနှောက် သွေးကြောပြတ်တာနဲ့ ပတ်သက်ပြီးတော့ နေပူထဲသွားနေကျလူက တတ်နိုင်သမျှ အရက် သေစာ မသောက်စားဖို့ လိုပါတယ်။ တစ်ခါတလေကျ အပူရှပ်တဲ့ဒဏ်နဲ့ အရက်သေစာ သောက်စားထားတဲ့အခါကျတော့ သူက အသက်အန္တရာယ်ရှိနိုင်တယ်။ ပူပြင်းတဲ့ရာသီဥတုမှာ တော့ အစားအသောက်က ရေများများသောက်ရမယ်။ အသီးအရွက် များများစားရမယ်။ သွေးတိုးမှာ ကြောက်ရင်တော့ အငန်၊ အချိုမှုန့် လျှော့စားရမယ်။ အဆီအဆိမ့်တွေက တတ်နိုင် သလောက် လျှော့စားတာ ကောင်းပါတယ်။**

**ဒေါက်တာကျော်စွာဦး (အထွေထွေရောဂါကုဆရာဝန်)**

ဒီတစ်လမှာတော့အကျိုးကျေးဇူးလည်းများ၊ ဟင်းလျာတိုင်းနဲ့လည်း မပါမဖြစ် တွဲဖက်ရတဲ့ အသီးတစ်မျိုးကို တင်ပြလိုပါသည်။ အသီး နီနီရဲရဲလေး တွေဆိုရင် ဟင်းချက်တဲ့ နေရာမှာပဲ ထည့်သုံးသုံး၊ အသီးခပ် စိမ်းစိမ်းလေးတွေဆိုရင် အသုပ်လေး သုပ်စားလို့ အရမ်းကောင်းတဲ့ ခရမ်းချဉ်သီးပဲ ဖြစ်ပါ သည်။

သက်သေအနေနဲ့ ခရမ်းချဉ်သီးတစ်လုံးမှာ ပါဝင်တဲ့ အာဟာရတန်ဖိုးတွေကို ဦးစွာတင်ပြလိုပါသည်။

## အကျိုးထူး စွမ်းအင်

# မြန်မာ့ခရမ်းချဉ်

ဒေါက်တာဇာနည်ဝင်း



## အသားအရေကိုကြည်လင် လှပစေရုံမျှမက ခန္ဓာကိုယ် အလေးချိန် ထိန်းသိမ်းချင်သူများ အတွက်ခရမ်းချဉ်သီးဟာ သဘာဝကပေးသော လက်ဆောင်တစ်ခုပဲဖြစ်ပါသည်။



**180 gram ရှိတဲ့ ခရမ်းချဉ်သီးတစ်လုံး၊ ခရမ်းချဉ်သီး ကြိတ်ရည်တစ်ခွက်မှာ---**

| | |
|---|---|
| Calorie | - 32 |
| Vit A | - 49.9 % |
| Vit C | - 32.8 % |
| Vit B6 | - 8.2 % |
| Vit E | - 6.4 % |
| Vit B3 | - 6.6 % |
| Vit B1 | - 5.8 % |
| Vit K | - 15.8 % တို့အပြင် |

အခြားသတ္တုဓာတ်များ ဖြစ်ကြသော

| | |
|---|---|
| Molybdenum | - 20 % |
| Copper | - 12.2 % |
| Potassium | - 12.1 % |
| Manganese | - 10.5 % |
| Zinc | - 2.8 % |
| Iron | - 2.7 % တို့ |

စုံလင်စွာ ပါဝင်နေကြောင်းကို ကမ္ဘာအနှံ့ အပြားမှ အာဟာရသုတေသီများက စာတမ်း အမျိုးမျိုးဖြင့် သက်သေပြပြီးဖြစ်ပါသည်။



ခရမ်းချဉ်သီးကို မြန်မာတို့ခလေ့အရ သုပ်စားခြင်း၊ ဟင်းချက်ရာမှာ အနှစ်အဖြစ် ထည့်ချက်ခြင်း၊ ချဉ်ရည်ဟင်းတွင် အချဉ်ဓာတ်လေး ပိုကဲအောင်ချက်စားခြင်းတို့ဖြင့် နှစ်ပေါင်းများစွာကတည်းက အသုံးပြုခဲ့ပါသည်။ အကျိုးကျေးဇူးများကို လက်လှမ်းမီသမျှ တင်ပြပေးချင်မိသဖြင့် ဒီဆောင်းပါးကို ရေးသားခဲ့မိပါသည်။

ပထမဆုံးအနေဖြင့် ခရမ်းချဉ်သီးဟာ anti oxidant ဒြပ်ပေါင်းများစွာ ပါဝင်နေကြောင်း သက်သေပြပြီး ဖြစ်ပါသည်။ Vitamin A သည် ထူးချွန်ထက်မြက်လှသော ကင်ဆာကာကွယ်သည့် သက်စောင့်ဓာတ်ဖြစ်သလို ခရမ်းချဉ်သီးမှာလည်း ပေါများစွာ ပါဝင်နေပါသည်။ ထို့ကြောင့် ခရမ်းချဉ်သီး နီနီရဲရဲတစ်လုံးမှာ ကင်ဆာကို အပြည့်အဝ ကာကွယ်နိုင်ပါသည်။ ထို့ပြင် Vitamin C လည်း ကြွယ်ဝစွာ ပါဝင်သည့်အတွက် ပေးနိုင်ပါသည်။

ခရမ်းချဉ်သီး ဖျော်ရည်တစ်ခွက်ဟာ နာကျင်ရောင်ရမ်းမှုကို ဖြစ်စေတတ်သော TNF - alpha ဓာတ်ကို ၃၄ ရာခိုင်နှုန်းမျှ လျှော့ချပေးနိုင်သည်။ ထို့ကြောင့် နာတာရှည်အဆစ်ရောင်ရောဂါ၊ လေးဖက်နာရောဂါများကို သက်သာစေရုံမျှမက ထပ်မဖြစ်အောင်လည်း ကာကွယ်နိုင်ပါသည်။ ခရမ်းချဉ်သီး တစ်နေ့တစ်လုံး ပုံမှန်စားသုံးသူများသည် Alzheimer's ဟုခေါ်သော သတိမေ့ရောဂါကို ကာကွယ်နိုင်မည်။

အသားအရေကို ကြည်လင်လှပစေရုံမျှမက ခန္ဓာကိုယ်အလေးချိန် ထိန်းသိမ်းချင်သူများအတွက် ခရမ်းချဉ်သီးဟာ သဘာဝကပေးသော လက်ဆောင်တစ်ခုပဲ ဖြစ်ပါသည်။ Vit E အများအပြားပါဝင်သည့်အတွက် အလှအပကိုတန်ဖိုးထားသောပျိုမေတို့အတွက် နတ်ဆေးတစ်ပါးပဲ ဓာတ်တိုးဆန့်ကျင်ပစ္စည်းအဖြစ် အရေးပါသကဲ့သို့ ဆဲလ်များကို ပြန်လည်ပြုပြင် ပေးနိုင်ခြင်းကြောင့် ဇက်ရာအကျက် မြန်စေနိုင်ပါသည်။



ခရမ်းချဉ်သီး နီနီတစ်လုံးရဲ့ နောက်ထပ်ထူးခြားတဲ့ စွမ်းအင်တစ်ခုမှာ နှလုံးရောဂါ ဖြစ်နိုင်ချေကို လျော့ကျနိုင်ပါသည်။ Niacin, Folate နှင့် Vit B6 တို့ ကြွယ်ဝစွာ ပါဝင်သည့် အတွက် နှလုံးရောဂါဖြစ်နိုင်ချေကို လျှော့ချနိုင်ပါသည်။

လေ့လာတွေ့ရှိချက်အရ ခရမ်းချဉ်သီးနှင့် ခရမ်းချဉ်သီးဖြင့် ပြုလုပ်ထားသော စားသောက် ဖွယ်ရာများကို တစ်ပတ်တွင် ၁၀ လုံးပမာဏ စားသော အမျိုးသမီးများသည် ၅ လုံးမျှသာ စားသော အမျိုးသမီးများထက် နှလုံးရောဂါ ဖြစ်နိုင်ချေ ၂၉ ရာခိုင်နှုန်း လျှော့ချ ဖြစ်ပါသည်။ သို့သော် ခရမ်းချဉ်သီးနှင့် ဓာတ်မတည့်သူများ၊ အစာချေစနစ် အားနည်းသူများ အတွက်မူ အနည်းငယ် ဘေးဥပဒ်ဖြစ်စေတတ်သည့်အတွက် အလွန်အကျွံ စားသုံးရန် မသင့်ပါ။ ခရမ်းချဉ်သီးအစေ့သည် Uric Acid ဟုခေါ်သော ဂေါက်အဆစ်ရောင်ရောဂါကို ဖြစ်စေနိုင်သော ဓာတ်များစွာ ပါဝင်သဖြင့် ဟင်းချက်ရာတွင် အစေ့များကို မမေ့မလျော့ ဖယ်ထုတ်သင့်ပါသည်။

နိဂုံးချုပ်အားဖြင့် ဆိုရသော် ခရမ်းချဉ်သီးသည် ဘေးဥပဒ် အနည်းငယ်ပေးနိုင်သည်ဖြစ်သော်လည်း အဖိုးတန်သော အာဟာရဓာတ်များစွာပါဝင်သော အဖိုးတန်မြန်မာ့အစားအစာ တစ်မျိုးဖြစ်ပါသည်။ **ဒေါက်တာဇာနည်ဝင်း**

## ဖူးနုသစ်လွင် ကဗျာဥယျာဉ်



# ရိုးတံရဲ့အက

ပင်လယ်ယောင် ဆောင်ထားတဲ့မြစ်က
ခေတ်တစ်ခုလုံးကို သူ့ရင်ဘတ်မှာ တပ်ဆင်ထား
တခစ်ခစ်ရယ်လို့
သင်္ကေတမရှိတဲ့ မြို့မှာ လူမပါတဲ့ ပြဇာတ်နဲ့
သူ့ရဲ့ အနာဂတ်သီချင်းကို၊ မြစ်တစ်စင်းလို တည့်တည့်တိုး
ဘယ်မိုးရေနဲ့မှ မစိုးဖူးတဲ့ငါလေ
ကမ်းခြေမရှိတဲ့ ဆိပ်ကမ်းမှာ အလွမ်းတွေတစ်ညအိပ်ခဲ့
သက်တံ့လို အရောင်စပ်နေတဲ့ မတ်တတ်ရပ်စိတ်ကူးရေ
ငါ့တိမ်တွေ အိမ်နဲ့ ဝေးခဲ့ရ
ကျူပင် ကျူငုတ်လို ခုတ်ထွင်ထားတဲ့ ခက်ရာခက်ဆစ် ခက်ဆစ်များ
လရောင်လမ်းဆိုတာ ပန်းလိုမှမပွင့်ဘဲ
အစဉ်သဖြင့်ဆိုတာ ဘာလဲ။
အထပ်လိုက် ကွာကျနေတဲ့ ဘဝရဲ့ ဝတ်ရုံတွေကို
ယုန်လိုခုန်ခုန်ပြီး ယုံလိုက်ချင်ရဲ့
စက္ကူနဲ့ လုပ်ထားတဲ့ စက်ရုပ်လို
ခလုတ်မှားပြီးနှိပ်ခဲ့ပေါ့။

**ကိုခင်ဝင်း(ဟသ်ာတ)**

# တောင်သမန်အလွမ်း

တောင်သမန်အလွမ်းနဲ့
မယ်ဇယ်ပင်တန်းမှာ
ရင်ခုန်သံတွေလွှမ်း
အချစ်ဇာတ်လမ်းစခဲ့တယ်
မယ်ဇယ်ပင်တန်းလျှားခုံမှာ
နှစ်ဦးသားဆုံခဲ့ပေမဲ့
ရင်မခုန်ဖြစ်ခဲ့ကြ
ချစ်သူနဲ့ ကျွန်တော်
ဦးပိန်တံတားပေါ်မှာ
ရင်ခုန်ဖော်ရင်ခုန်ဘက်အဖြစ်
သစ္စာဆိုကတိထားရစ်
လမ်းအတူလျှောက်ဖြစ်ခဲ့တယ်။

မဖောက်မေတ္တာ
နှစ်ယောက်အချစ်ဟာ
သစ္စာနွယ်တစ်ပင်လို
သံယောဇဉ်က
တွယ်ငင်ငြိဇာတ်လမ်း
မယ်ဇယ်ပင်တန်းမှာ
တောင်သမန်အလွမ်းနဲ့
ရင်ခုန်သံတွေလွှမ်းခဲ့တယ်။

**ကျော်လွင်ဦး(ပျဉ်းမနား)**



## ဖူးနုသစ်လွင် ကဗျာဥယျာဉ်



# ပုဂ္ဂလိကကိုယ်ရေးကိုယ်တာ

မြစ်တွေလို တောင်တန်းတွေ ကွေ့ကောက်စီးဆင်းကြ
ရပ်တန့်ခြင်းက ငါတို့ အာရုံများသာ။
ငှက်တွေလို တိမ်တို့ပျံ့ဝဲ တွန့်ကျုံ့ကြ
အတောင်ညှောင်းသွားတဲ့ ဘဝတွေကတော့
လေထုထဲလည်၊ မြေရာမထင်
လွင်ပြင်ထဲလည်း မပျံ့ဝဲ ဝမ်းခေါင်းထဲမှာလည်း သံစဉ်မဲ့
အရာရာတို့သာ အကြောင်းကြောင်းနဲ့ မဲ့ပြီးရင်း မဲ့ခဲ့ကြ။
'လ'ဖျားနေတဲ့ညကလို
ပိုးစုန်းကြူးအဖြစ်တောင် မတောက်ပခဲ့သမျှ
ညဏ်မျက်စိများလည်း စုံလုံးကန်းကြပေ့ါ။
ငါကဗျာမရေးဖြစ်တာကြာပါပြီ
ဘဝ သင်ရိုးကလည်း ခဏ ခဏ ပြောင်းနေတာကိုး။ ။

**ကိုစိမ်း**



# ည

အီကွေတာနေ့လယ်ခင်းကို
ဖြတ်လိုက်လာတဲ့ လေပြည်ဟာ
တိမ်ရောင်တောက်နေတဲ့ ညနေခင်းရဲ့
ကျိန်းစပ်စပ်မျက်လုံးတွေကို ဝေ့ယမ်းမှိတ်ပစ်လိုက်တဲ့အခါ
စုတ်ချက်ပြင်းပြင်းနဲ့ 'အမှောင်' တစ်ရောင်တည်းခြယ်တဲ့
မဟူရာအရိပ်အငွေ့က သိမ်သိမ်မွေ့မွေ့ လှမ်းဝင်လာတယ်။
အမှောင်ရဲ့ အရောင်ထဲ
ကိုယ့်ကိုယ်ကိုယ်နှစ်ကြည့်ရင်း
အရိပ်မဲ့နေတဲ့ အမှောင်ရဲ့အလင်းမှာ
"ည" ဟာတဖြည်းဖြည်းနေသားကျ. . . လာ။
"လ"ရဲ့ ဆလိုက်မီးကို မျှော်ရင်း
အချိန်ရင့်လာတော့. . .
အတိတ်သစ်ပင်အောက် အလွမ်းရွက်ကြွေကောက်ဖို့
ကြယ်တွေကို အဖော်ပြုရင်းစောင့်ဆိုင်းခြင်းဟာ
"ည"ရဲ့ ပြမြ အထိမ်းအမှတ်တစ်ခု ဖြစ်တယ်။
ဒီအချစ်မှာ. . .
ဦးနှောက်ကွန်ပျူတာစက်ကြီးထဲ
"အတ္တ"ဒေတာတွေ ထပ်မဖြည့်တော့တဲ့
စက်ရုပ်ဆန်ဆန် လူသားတွေဟာ
အသိစိတ်ရဲ့ အခြားတစ်ဖက်ကို
အိပ်စက်ခြင်းနဲ့ နယ်လွန်နေခဲ့ကြ. . . တယ်
ငြိမ်းချမ်းစွာပဲ . . . ပေ့ါ။
"ဝမ်းစာ"နဲ့ "ဂဏန်းသင်္ချာ"
နေရောင်ခြည်အောက်မှာ မီးခိုးအပြည့်နဲ့
တောက်လောင်ဖို့ထားတဲ့. . . ကြ။
အိုင်တီခေတ်မှာ မမွေးဘဲ
အင်နီမေးရှင်းအတတ်ကို တစ်ဖက်ကမ်းခပ်တတ်တဲ့
ကြယ်ပွင့်ကလေးတွေကတော့ . . .
ကောင်းကင်ပရိုဂျက်တာမှာ ခုန်ပေါက်. . . လို့။
ဒီလိုနဲ့. . .
ကောင်းကင်မျက်နှာကြက်ထက်
အသက်ဝင်နေတဲ့ ကြယ်တွေရဲ့ ရှုခင်းကို
တိတ်တိတ်ကလေး ငေးရင်း. . .
"ည" ဟာ. . .
တစ်ချိန်လုံး ငြိမ်ငြိမ်သက်သက်ရွေ့လျားနေခဲ့တယ်။ ။

**လေပြည်ချမ်းချမ်း**

# ဖူးနုသစ်လွင် ကဗျာဥယျာဉ်

## အပြန်

ထွက်ခွာဖို့ အချိန်တန်ပြီ
အလွမ်းတွေ ထားရစ်ခဲ့ပါတော့
သံယောဇဉ်ဟာ
သူ့ဘက်မှာ ကျန်ခဲ့မှာလား
ကိုယ့်ဘက်ကိုပါသွားမလား
ကံကြမ္မာကို
လက်ဖဝါးကို နိမိတ်ဖတ်ကြည့်တော့
'ပြန်ဆုံရန်အကြောင်းမရှိပါ'တဲ့
အရိုးခံစိတ်ထားလေးကို လွမ်းတယ်
နှင်းတွေဝေနေတဲ့
ဆောင်းနံနက်ခင်းတွေကို သတိရတယ်
နာဂလို ဇော်လိန်း
ရှမ်းလို ခမ့်တီ
ဝဲဘက်ရင်အုံမှာ
လူမမြင်တဲ့တက်တူး
တိုးတိတ်ညင်သာစွာ ရွတ်မိတဲ့စကားက
'ဘယ်တော့မှ မမေ့ဘူး'
တိမ်တွေဆီ ထိုးတက်သွားတဲ့ လေယာဉ်
အောက်မှာ. . .
အမှတ်တရများစွာ ကျန်ခဲ့တယ်။ ။
(ခွဲခွာခဲ့ရသော ခန္တီးမြို့နှင့် သူငယ်ချင်း
မိတ်ဆွေများသို့. . . )

**ဖွန်သီဟ(ဇဇ)**





## နှုတ်ဆက်ခြင်းပျားရည်

ပျော်ဝင်လွယ်သော မြစ်တစ်စင်းလို
မင်းကိုငါ. . . တွေ့တယ်

ပွဲခင်းရဲ့ အလင်းဆုံးကြယ်
ငါ့ရင်ကိုရိုက်ခတ်. . .

အချိုဆုံးအပြုံးတွေရအောင်
ပန်းအဆက်ဆက်စုခဲ့ရတဲ့ကဗျာ
နှလုံးသားကိုတောင်
လုံအောင်မထွေးနိုင်တဲ့ ဇာတ်ရုံထဲမှာ
နှုတ်ဆက်ခြင်းဟာ မီးခိုးအူလို့ . . .

ဆိုပြီးသားသီချင်းလို
ပန်းသီးတွေ ခဏခဏချိုလို့. . .

ခွဲခွာခြင်းမျက်ရည်စက်နဲ့မှ
အသံထွက်လှတဲ့ တယောတွေ
ပတ်စာကပ်မထားတဲ့
အလွမ်းထဲ အိပ်ပျော်လို့ . . .

ရင်ခုန်သံတွေ
တစ်ပွင့်ချင်းစီထားတဲ့ သီချင်းကို
ငါဆိုမယ် . . .

အသံမပါတဲ့ မင့်မျက်ဝန်းနဲ့
မီးဆလိုက်တွေကို ထွန်းညှိ
ပျော်ရွှင်ခြင်းသက်သက်နဲ့
နှလုံးသားကို ဖက်ထားပါ . . .

**ဖော်သစ်**

## ဖူးနေသစ်လွင် ကဗျာဥယျာဉ်



# ပန်းတစ်ပွင့်၏ငိုရှိုက်သံ

ပျားပိတုန်းလေးက ‘ကို’
ပန်းဝတ်ရည်လေးက ‘ကျွန်မ’
ပျားပိတုန်းလေးရဲ့ ‘အနမ်း’
ပန်းပွင့်လေးအတွက် ‘အလွမ်း’
ပန်းခင်းကြီးအလယ်
ဟိုမှသည်ကူး
မြူးထူးပျော်ပါး
အို. . . ပျားပိတုန်းများ
သင်. . . ပျော်ပါစေ တောင်းဆု ခြွေရင်း
အစုပ်ယူခံ ပန်းဝတ်ရည် ကျွန်မ
ပျားပိတုန်းလေး အလာ
ငိုရှိုက်သံစွက် ရင်နာလျက်နှင့်
ပေးဆပ်ပါမည် ဤကမ္ဘာအတွက်
ငါ၏ မျက်ရည်
‘ပျားရည်’ ဖြစ်စေသား။ ။


**သမီးထူး(စနွကူး)**




# လမ်းကလေး

တုန့်စ်ကိုယ်မေတ္တာရည်ညွှန်းသက်သေတည်
ကိုယ်စီလျှောက်လှမ်းခဲ့ကြတဲ့
ဒီလမ်းကလေးထက်မှာ
ဖြစ်ပျက်ခဲ့တဲ့
အမှတ်တမဲ့လေးတွေက
အခုတော့အမှတ်တရတွေ
ဖြစ်သွားခဲ့ပြီ။
ဒီလမ်းကလေးပေါ်မှာပဲ
အတူယှဉ်တွဲပြီး ကြည်နူးခဲ့ကြဖူးသလို
မရည်ရွယ်ဘဲ
ရုတ်တရက် နှုတ်ဆက်ခွဲခွာ
ဝေဒနာကမ္ဘာလေးဖြစ်ကျန်ရစ်ခဲ့ပြီလေ။
ဘယ်သူတွေ ဘယ်လိုပဲ
ချစ်သူအနားက ခွဲခွာသွားပါစေ
အစဉ်အမြဲ မပြောင်းလဲပဲ တည်ရှိနေတဲ့
ဒီလမ်းကလေးထက်မှာတော့
မဖြူရောင်သစ္စာပိုင်ရှင်
ကိုယ်တစ်ယောက်တည်းရယ်ပါ. . . ။

**ထက်နဒီလင်း**


အခန်းဆက်
ဝတ္ထုရှည်



(၁)

"မမနာမည် ဘယ်သူ"

"ကျီးမနိုး"

"ဘာရယ်"

"ကျီးမနိုးပါဆိုအေ. . . "

"အေလို့ မပြောရဘူးလေ၊ မာမီပြောထားတယ် မဟုတ်လား"

"ဟုတ်ပါရဲ့ မေ့လို့၊ ငါ့နာမည် မကျီးမနိုးလို့ ပြောသာပါ"

"ငါလို့ မပြောရဘူးလေ မမရဲ့"

"ဟုတ်ပါရဲ့၊ မမ မမ"

"ခြူးခြူးမသိလို့ ကျီးမနိုးဆိုတာ ဘာလဲ"

"ကျီးမနိုးဆိုသာ ကျီးမနိုးပေါ့ အေ့"

"လုပ်ပြန်ပြီ၊ အေ့လို့ မပြောရဘူးလေ"

"ဟုတ်ပါရဲ့။ ငါက မေ့သယ် အေ့။ ဟုတ်ပေါင် မမက မေ့သယ်။ မေ့ဆို ပြောဖူးလက်စမှ မရှိသာ။ စကားကို ကိုယ်ပြောချင်သလို မပြောရတော့ ခက်သားပဲအေ။ အဲလေ . . . ကျီးမနိုးဆိုသာ ကျီးတွေ မနိုးခင် မမကို မွေးလို့။ ဒါကြောင့် ကျီးမနိုးခေါ်သာ"

"ကျီးက ဘာကိုပြောတာလဲ"

"ကျီးက ကျီးကန်းကို ပြောသာပေါ့ဟဲ့။ ညည်း အဲလေ ညီမလေးက သည်အရွယ်တောင်ရောက်နေမှ ကျီးကန်းတောင် မသိရောလား"

"မသိဘူး"

"ညည်းက အဲလေ ညီမလေးက ဘယ်သူရယ်"

"ခြူးခြူး"

"ခြူးခြူးဆိုတာ ဘာပြောသာတုံး"

"ခြူးခြူးဆိုတာ ခြူးခြူးပေါ့ မမရဲ့"

"ဟုတ်ပါရဲ့နော"

ကျီးမနိုး သည်တိုက်ကြီးကို ရောက်ခါစရက်တွေတုန်းက တိုက်ကြီးရှင့်သမီး ခြူးခြူးနဲ့ ပြောဖြစ်တဲ့ စကားတွေပါ။ ကျီးမနိုးကလည်း အရွယ်ရောက်လှပြီ မပြောသာပါဘူး။ ရှိလှရင် ဆယ့်နှစ်နှစ်လားပဲ။ တန်ခူးလပြည့်ကျော်ရက် မွေးသာဆိုတော့ ဆယ့်သုံးနှစ်ပြည့်ဖို့ လေးငါးလလိုမှာပေါ့။ ခြူးခြူးက အဲသည်တုန်းက ခြောက်နှစ်လား၊ ခုနစ်နှစ်လား။ သည်တိုက်ကြီး ရောက်ရတုန်းက ကျီးမနိုးတစ်ယောက် ထမင်းလည်း မစားတတ်ဘူး။ ရေလည်း မသောက်တတ်ဘူး။ ကုန်ကုန်ပြောရစေတော့ အိမ်သာတောင်တက်ဖို့ ခက်ရသေးသာလေ။ တိုက်ကြီးက ထမင်းက စေးထန်းထန်းပျော့တော့တော့ဆို တော့ ကျီးမနိုး ဘယ်လိုမှ စားမဖြစ်ဘူး။ ထမင်းလုံးတွေကလည်း ရှည်လိုက်သာ။ ဘယ့်နှယ် ထမင်းဆိုမှတော့ မာရေကြောရေတော့ ဖြစ်ရမှာပေါ့။ ရွာမှာ ကျီးမနိုးတို့စားခဲ့တာ ဆန်ဖွယ်ဆန်ကြမ်းဆိုတော့ တစ်ဇလုံလောက် စားလိုက်ရရင် ဝမ်းထဲအူထဲ တောင့်ခံနေတော့သာ။ အာသာကလည်း ပြေပေါ့။ သည်တိုက်ကြီးက ထမင်းက အဲသလို ဆန်မဟုတ်လို့ နေမှာပေါ့။ ဘာဆန်များပါလိမ့်။

သောက်ရတဲ့ ရေကတော့ ကော။ ကျီးမနိုးတို့ရွာက ရေမဟုတ်လို့လား မပြောတတ်ဘူး။ ရေက တစ်ဖလားမဲ့မဲ့ သောက်သာတောင် သောက်မဝချက်များ။ ရေကပေါ့သာထား၊ သောက်ပြန်တော့ အေးပြီးကျင်နေသာလေ။ ပြီးတော့ သူတို့မှာ ထနောင်းကိုင်းအိုး၊ ရန္တပိုအိုး၊ နဘက်အိုးလို ရေအိုးရယ်၊ ရေအိုးစင်ရယ်လို့ မရှိသာလည်း ထူးဆန်းသယ်။ ရေသောက်ချင်ရင် ရေခဲသေတ္တာခေါ်ကြတဲ့ သေတ္တာကြီးထဲက ယူသောက်ရသာ။ ကိုယ်ယူမိတဲ့ ရေပုလင်းကိုယ်ယူထား၊ ကုန်အောင် သောက်။ သောက်လက်စ ပုလင်း သေတ္တာထဲ ပြန်မထည့်ရဘူးတဲ့။ ကျီးမနိုးသောက်ပြီးသား ပုလင်းထဲကရေကို သူတို့မသောက်ချင်လို့ နေမှာပေါ့။ သူတို့ သောက်ပြီးသားကျ ပြန်ထည့်ကြသာပါပဲ။ ရေပုလင်းတွေ အတွဲလိုက်ဝယ်ပြီး ကျီးမနိုးက ပုလင်းအသစ်တွေပေသီ တစ်ပုလင်းချင်း ရေဆေးရသယ်။ ပြီးရင် ရေခဲသေတ္တာကြီးထဲ စီထည့်။ မီးခလုတ်ဖွင့်ပြီး စက်မောင်းလိုက်တော့ ပါးတုန်အောင် အေးကရော။ ဟန်တော့ကျသား။

နောက်တစ်ချက်က အိမ်သာ။ ကျီးမနိုးတို့တောမှာတော့ အိမ်သာရယ်လို့ ဘယ်သူကမှ ကျင်းတစ်ကျင်းတူး လေးတိုင်စင် တစ်စင်ထိုးနေသာ မှုတ်ဘူးရယ်။ ဗိုက်နာရင် တောစပ်ပြေးကြသာပါ။ ကိုယ်က နောက်ကျရင် သူတကာ့ပစ္စည်း ရှောင်ရရှားရသေးသာလေ။ လေကလေးတဖြူးဖြူးနဲ့ တောထိုင်ရင်း ခေါင်းထဲ ပေါ်လာသမျှ တွေးရသာကိုက အရသာ။ တစ်ခါတလေ ငုတ်တုတ်ထိုင်နေသာကြာလို့ အမေက လိုက်လာပြီး ရိုက်သာတောင် ရှိသေး။ ကျီးမနိုးတို့ရွာက အိမ်တွေဆိုသာက ခြေရင်း ခေါင်း ရင်းဆက်နေကြသာဆိုတော့ ဘယ်သူမှ သူ့အိမ်သာ ကိုယ့်အိမ်သာ အိမ်သာခေါင်းဆိုက် မအိပ်ရတော့ဘူး။ ရွာကလေးထဲဆိုသာ လမ်းတကာ ဝိုင်းတကာ သန့်လို့ ပြန့်လို့ပါတော်။ သည်မှာတော့ မဟုတ်ပေါင်။ ကြွေခွက်ထဲ သွားရသာဆိုတော့ ကြွေခွက် အားနာရသေး။ ဖွေးဆွတ်နေသာကိုး။ ရေခလုတ်နှိပ်လိုက်တော့ ရေတွေက ဝေါဆိုကျသာ။ လုပ်လည်း လုပ်တတ်ပ့ါ။

ပြီးတော့ စကားပြောရင် ကျွန်မလို့ ပြောရမတဲ့။ ကျီးမနိုးတို့ တောတော့ ကိုယ့်ကိုယ်ကိုယ် ပြောချင်ရင် ကျုပ်၊ သူတကာကို ပြောချင်တော့ ညည်းတို့၊ နင်တို့၊ တော်တို့ သည်လို ပြောလိုက်ရမှ ပါးစပ်ထဲ ပါးလုပ်ပါးလောင်း ရှိသယ်ထင်တာ။ သည်မှာက အဲသလို မပြောရဘူးတဲ့။ ဘာများဖြစ်လို့ပါလိမ့်။ သင်ပေးထားသမျှ သတိထားရသာကလည်း တစ်လုပ်။

သည်တိုက်ကြီးရဲ့ ပိုင်ရှင်တွေက ဦးမောင်မောင်လေးတဲ့။ သူ့မိန်းမက ဒေါ်လူစီတဲ့။ ကျီးမနိုးကတော့ ဒေါ်လူစီကို မာမီလို့ ခေါ်ရသယ်။ မာမီလို့ခေါ်ရတိုင်း ကျီးမနိုးတော့ ရယ်ချင်သယ်။ ရယ်တော့ ဘယ်ရယ်ဝံ့ပါ့မလဲ။ ဒေါ်လူစီက ဗမာမဟုတ်ဘူးနဲ့ တူပါရဲ့။ ဘယ့်နှယ် ဒေါ်လူစီရယ်လို့။ အသားက တော်တော်ဖြူလို့ ရေစကြိုဈေးထဲက ကုန်စုံရောင်းတဲ့ မကျင်ရှုလို တလုတ်မများလားတော့ မပြောတတ်ဘူး။ သည်တိုက်ကြီးမှာ ကျီးမနိုးလို အခိုင်းအစေတွေက အများသား။ ဒေါ်ကြီးလှ ရှိတယ်။ ကိုသန်းမောင်ရှိသယ်။ နောက်တစ်ယောက်က ကိုဝပြော။ နောက်တစ်ယောက်က ကိုစောအောင်။ 'ကို' တပ်ပြောရပေသိ လူကြီးတွေပါ။ ဒေါ်ကြီးလှက ထမင်းချက်ရသယ်။ ဦးသန်းမောင်က အိမ်အကူ။ ဦးဝပြောက ကားမောင်းသာ။ ဦးစောအောင်ကလည်း

ကားနောက်တစ်စီး မောင်းရသယ်။ ကားက နှစ်စီးဆိုတော့ ကားမောင်းတဲ့လူက နှစ်ယောက်။ တိုက်ကြီးက သူဌေးလင်မယားက ဘာလုပ်စားကြသယ်တော့ မသိပါဘူး။ မိုးလင်းရင် ကိုယ့်ကား ကိုယ်စီးပြီး ဘယ်ရယ်လို့ မသိပါဘူး ထွက်ထွက်သွားကြသာပဲ။ ဒေါ်လူစီကတော့ မိန်းမတွေ ခေါ်ခေါ်လာပြီး ကားတစ်စီးနဲ့ ထွက်လိုက်ဝင်လိုက်။ သူ့ယောကျ်ား ဦးမောင်လေးကို ရွာမှာ အများခေါ်ကြသလို ကိုရင်တို့၊ အိမ်သားတို့လို မခေါ်ဘူး။ ကိုကြီးတဲ့။ ဒါလင်တဲ့။ ဒါလင်ခေါ်တာများသယ်။ ဒါ ငါ့လင် လို့ခေါ်တဲ့ သဘောလား မပြောတတ်ဘူး။ ကျီးမနိုးစရောက်စတုန်းက ရယ်ရသာ မှတ်မိသယ်။ မာမီက ဒါလင် ဒါလင် ခေါ်နေတော့ ကျီးမနိုးစိတ်ထဲ သည်လူကြီးနာမည် ဦးဒါလင်လို့ပဲ မှတ်သာပေါ့။ တစ်ခါတော့ ပန်းခြံထဲမှာ ကာဖီသောက်နေတဲ့ ဦးမောင်လေးကို သွားခေါ်စမ်းဆိုလို့ ကျီးမနိုးသွားခေါ်ရသယ်။

"ဦးဒါလင်၊ မာမီခေါ်နေလို့"

"ဟေ . . . ဘယ်သူ"

"ဦးဒါလင်ကို မာမီက ခေါ်ခိုင်းလို့"

ဦးမောင်လေးက ဘာမှတော့ မပြောပါဘူး။ ပြုံးသယ်။ တောသူမနှယ်တဲ့။ နောက်တော့ မာမီက ပြောတော့သာ။ ညည်း ဦးလေးကို ဦးဒါလင် မခေါ်ရဘူး။ ဒါလင်ဆိုတာ လင်မယားချင်း ခေါ်ရတာဆိုလို့ ကျီးမနိုး ရက်လိုက်သာလေ။ လင်မယားချင်း ဒါလင်ခေါ်ရသာတဲ့။ မာမီက ကျီးမနိုးကျတော့သည်အိမ်မှာ 'ညည်း' မသုံးရဘူး ဆိုပေသိသူကတော့ ကျီးမနိုးကို ညည်းသုံးသယ်။ ဘာမှန်းကို မသိသာ။ ဦးမောင်လေးကတော့ ခိုင်းချင်တဲ့အခါ တောသူမလို့ ခေါ်သယ်။ ရယ်စရာ မောစရာ ချစ်ခင်လို့ ခေါ်မှန်းတော့ ကျီးမနိုးသိပါသယ်။ ပြောရရင် သည်အိမ်မှာ နေရသာစိတ်တော့ မဆင်းရဲရပါဘူး။ အေးအေးလူလူ နေရသယ်။ ကောင်းကောင်းစားရသယ်။ ကိုယ့်အခန်းနဲ့ကိုယ် လွတ်လွတ်လပ်လပ် နေရသယ်။ တီဗီကြည့်ရသယ်။ တစ်ခါတလေ ဧည့်ခန်းကျယ်ကြီးထဲ ပြောင်ပြီးသား ကြမ်းကိုတိုက်ရင်း သူတို့လင်မယား ကြည့်နေတဲ့ ဇာတ်ကားတွေ လှမ်းကြည့်လို့ရသယ်။ ကျီးမနိုးတို့ ရွာမှာ ဘယ်သူမှာမှ ကိုယ်ပိုင်တီဗီဆိုသာ မရှိကြဘူး။ ရှိလည်း ကြည့်လို့မရဘူး။ လျှပ်စစ်မီးမှ မရှိသာ။ မီးစက်နိုးမှ ကြည့်ရသာမျိုးဆိုတော့ ခွေထိုးပြတဲ့ ဘကြီးဆောင်တို့ ဝိုင်းတိုက်ထဲက ရုံမှာ ပိုက်ဆံပေးကြည့်ရင်တော့ ဖြစ်ပါရဲ့။ ဒါပေသိ အမေက ညတိုင်း မကြည့်ရဘူး။ မကြည့်ရတာက ပိုက်ဆံကုန်လို့ပါ။ တောမှာ ပိုက်ဆံရှားသာကိုး။ တစ်မနက်ခင်း မနက်ခုနစ်နာရီကမွန်းတည့် စည်ထိုးချိန်အထိ အလုပ်လုပ်နိုင်မှ ငွေကလေး ခုနစ်ရာရသာ။ အလုပ်ကတော့ အမျိုးမျိုးပေါ့။ မြေပဲ နုတ်ရသယ်။ ပဲရိတ်ရသယ်။ ဝါကောက်ရသယ်။ ပေါင်းလိုက်ရသယ်။ တောရှင်းရသယ်။ ဒါတောင် ခိုင်းမယ့် အခင်းရှင်ကိုကြိုပြောထားရသာ။ ကျီးမနိုးတို့ရွာတွေမှာ ထမင်းတစ်လုပ်အေးအေးမျိုးချချင်လို့ ဖြစ်သာမှ မဟုတ်တာ။ ကျောပူ လူမော၊ အားအင်ကုန်မှ စားဖြစ်သာဆိုတော့ တစ်ခါ တစ်ခါ အမေပြောသလိုပဲ ကိုယ့်ဝမ်းတောင် ကိုယ်မသဒ္ဒါပေါင်အေဆိုသာ အမှန်ပဲ။ ပိုက်ဆံများ ချိုချိုချောင်ချောင်ရယ်လို့ လမ်းမှာကျနေတဲ့ ပိုက်ဆံကောက်ရသာတောင် မရှိဘူး။ လုပ်မှ စားရသာချည်းပဲ။ အပိုပိုက်ဆံရှာချင်ရင် ဝါလေးကောက်၊ ပဲလေးကောက်၊ မှိုရှာ၊ ပုတတ်စာရှာ၊ ထင်းခွေ၊ ရေခပ် ဒါမျိုးလုပ်ရင်တော့ ဖြစ်ပါရဲ့။ ဘယ်လောက် ဆင်းရဲဆင်းရဲပါလေ။ ကျီးမနိုးတို့ရွာက လူတွေ နေတတ်ပ့ါ။ စားတတ်ပ့ါ။ ဆူးစည်းရိုးခတ်ထားသလို လုံခြုံလိုက်သာမှ။ ဘယ်သူ့အိမ် ဘယ်သူ့တဲ ဝင်အိပ်အိပ်။ ဘယ်သူ့လှည်းပေါ်တက်အိပ်အိပ်။ ဘယ်သစ်ပင်အောက် ပုဆိုးပိုင်း ခင်းအိပ်အိပ် ဘယ့်နှယ်မှ မနေဘူး။ လက်ထဲရောက်လာတဲ့ ပိုက်ဆံလည်း စားဖို့ကုတ်ထားကြသာပါ။ ဖြုန်းစရာ သုံးစရာမှ မရှိသာ။ ဝယ်စရာ ခြမ်းစရာရယ်လို့မှ မရှိသာ။ တစ်ရွာလုံး သည်လိုနေကြသာပဲ။ သူသူကိုယ်ကိုယ် အသွေးတူအရောင်တူချည်းဆိုတော့ ဘယ်သူ့ဘယ်သူမှ အသားလုပ်နေစရာ ဂုဏ်ခံနေစရာလည်း မရှိဘူး။

ကျီးမနိုးတို့ တောမတော့ အသက်ရယ်၊ အရွယ်ရယ် တွက်နေသာမရှိကြပါဘူး။ အခင်းထဲ ဆင်းနိုင်ရင် ဆင်း၊ ရက်ကန်းရက်နိုင်ရင် ရက်၊ ပေါင်းသင်နိုင်ပြီဆိုတော့ ပေါင်းသင်၊ မောင်းထောင်းနိုင်ရင် ထောင်းပေတော့ ခြေသလုံးကွဲအောင်။ အရေးကြီးသာက ပိုက်ဆံရဖို့။ ပိုက်ဆံရဖို့ဆိုသာက သောင်သာဖို့ ဘယ်ဟုတ်ပ့ါမလဲ။ အဲသလောက် ဝင်ငွေနဲ့ ဘယ့်နှယ့်လုပ်ချမ်းသာမှာတုံး။ ထမင်းတောင် အူထဲဝမ်းထဲ

အစိုးရကကောက်ခိုင်းသာလို့
ဆိုလိုက်ရင်
ကျီးမနိုးတို့ရွာကလည်း
မထည့်ဘဲ မနေရဲကြဘူးလေ။
တစ်ခါမှ မမြင်ဖူးပေမဲ့
အစိုးရ ဆိုသာကိုလည်း
ကြောက်ကြတော့
မရှိမဲ့ရှိမဲ့ မပေးချင်
ပေးချင် ပေးကြရသာပါပဲ။

မနည်းကျအောင် ဖြည့်ရတဲ့ဟာ။ နို့ဖြင့် အကုန်လုံးစားပစ်ကြသာလားဆိုတော့ အဲသလိုလည်း မဟုတ်ရပါဘူး။ ရွာဘုရားပွဲမှာ အလှူငွေထည့်ဖို့၊ ရပ်ရေးရွာရေး သာရေးနာရေးသုံးဖို့။ နေထိုင်မကောင်းရင် ဆေးဆရာပင့်ဖို့လောက်တော့ ရှိစုမဲ့စု ကျစ်ထားရသူချည်းပါ။ သည်ကြားထဲ ရွာလူကြီးက ကောက်တဲ့ ဘာကြေးညာကြေးဆိုသာကလည်း ဘာမှန်းမသိဘဲ ထည့်ကြရတာ ရှိသေးသာကိုး။ အစိုးရက ကောက်ခိုင်းသာလို့ ဆိုလိုက်ရင် ကျီးမနိုးတို့ရွာကလည်း မထည့်ဘဲ မနေရဲကြဘူးလေ။ တစ်ခါမှ မမြင်ဖူးပေမဲ့ အစိုးရဆို

သာကိုလည်း ကြောက်ကြတော့ မရှိမဲ့ရှိမဲ့ မပေးချင်ပေးချင် ပေးကြရသာပါပဲ။ ကျီးမနိုးတို့ရွာမှ မဟုတ်ပါဘူး။ အနားက ရွာတွေလည်း သည်လိုပါပဲ။ ကျီးမနိုးတို့က အညာအရပ်မှာနေသာဆိုတော့ မိုးများခေါင်တဲ့နှစ်တွေဆိုရင်တော့ပိုဆင်းရဲကြတယ်။ နေကပူ၊ ရေကရှား၊ သီးနှံက ဖျင်း၊ လူကြီးသူမတွေပျက်စီး၊ နအိုနမင်းတွေ ပျက်စီးနဲ့ မိုးများရွာပါတော့ရယ်လို့ ကောင်းကင်ကို မျှော်ကြည့်ရသာနဲ့ပဲ ပြီးရသာများတဲ့ ရွာတွေပေါ့။ လွန်လည်းဆွဲပါရဲ့။ မိုးခေါင်ကျော်စွာနတ်လည်း တင်ပါမြောက်ပါရဲ့။ မရွာပေါင်။ မိုးဆိုလို့ ဖျောက်ဖျောက်တောင် မကျဘူး။ သည်လိုဖြစ်သကောရယ်လို့ ရွာကို ဘယ်လူကြီးကမှ ယောင်လို့တောင်မှ လှည့်ကြည့်မယ့်သူလည်း မရှိပါဘူး။ တချို့များဆိုရင် အူဟောင်းလောင်းနဲ့ စားကောင်းတဲ့ သစ်ရွက်ပြုတ်စားပြီး ငုတ်တုတ် ထိုင်ခံနေကြရတော့သာပါ။ သည်လိုတွေဖြစ်လာတော့ ရွာက လူတွေ ရွာပြင်ထွက်ကြရပြီပေါ့။ ကိုယ့်ရွာနဲ့ ကိုယ့်စေတီ၊ ကိုယ့်လယ်နဲ့ ကိုယ့်အခင်း၊ ကိုယ့်ဆရာနဲ့ ကိုယ့်ဒကာ နေမဖြစ်တော့ တစ်ရွာ တစ်ကျေး တစ်မြို့ တစ်နယ်ထွက်ကြရသာတွေ များလာသယ် ပြောပါတော့။ ကျီးမနိုးလည်း မထူးဘူး။ သည်လိုနဲ့ ရွာက ထွက်ခဲ့ရသယ်။

မြို့ရောက်တော့ကော။ တိုက်ကြီးကတော့ အေးချမ်းပါရဲ့။ လူလည်း ငြိမ်ပါရဲ့။ ဝတ်ဟယ်စားဟယ်လည်း ရှိပါရဲ့။ ဇိမ်လည်းကျပါရဲ့။ တစ်လစရိတ် ငွေသုံးသောင်းလည်း မှန်မှန်ရပါရဲ့။ တစ်လသုံးသောင်းနဲ့ တစ်နှစ်စာ ကြိုလိုချင်သလား ဖြစ်ပါရဲ့။ ဒါပေသိ ကျီးမနိုးမပျော်ဘူး။ ကိုယ့်ရွာကိုယ့် မြေ ကိုယ့်အပေါင်းကိုယ့်အသင်း မဟုတ်သာတွေဘာတွေထားတော့။ ဆိုးသာက ကိုယ့်အဖေကိုယ့်အမေနဲ့ မနေရဘူး။ ကိုယ့်မောင်နှမတွေနဲ့ ကစီးလုံးပါးမနေရဘူး။ မောင်နှမတွေဆိုသာက လူချင်းလုံးသတ်လိုက်ကြ၊ တအောင့်နေတော့ ချစ်လိုက်ခင်လိုက်ကြ။ သူငယ်ချင်းတွေကတော့ကော။ သည်လိုပါပဲ။ ရွာမှာသရောကြီးခိုင်းပြီဆိုရင်း ရွာကထွက်ကြရင်း၊ ရွာမှာ ငတ်ပြီဆိုရင်း ထွက်ရှာကြရင်းနဲ့ ရွာမှာ လူအိုလူမင်းနဲ့ ကလေးတွေလောက် ကျန်တော့သာကို စိတ်မကောင်း ဖြစ်ရသာက ပိုသေးသာပါ။ သည်အထဲမှာ ကျီးမနိုး မပါချင်ဘဲ ပါခဲ့ရသယ်။ မလိုက်ချင်ဘဲ လိုက်ခဲ့ရသယ်။ သည်တိုက်ကြီးကို ရောက်ရပြီဆိုကတည်းက ရွာကို လွမ်းလိုက်သာလေ။

"မမတို့ရွာက ဘာရွာတုံး"

"ကျွဲခလောက်"

"ကျွဲခလောက်ဆိုတာ ဘာပြောတာလဲ"

"ကျွဲခလောက်ဆိုတာ ကျွဲကို



ခလောက်ဆွဲထားတာပေါ့ဟဲ့"

"ခြူးခြူး ကျွဲမမြင်ဖူးဘူး။ ခလောက်ဆိုတာလည်း မမြင်ဖူးဘူး"

သည်စကားကြားတော့ ကျီးမနိုး အံ့သြလိုက်သာ။ မြို့က ကလေးတွေ ကျွဲလည်း မသိ၊ ခလောက်လည်း မသိကြသာပါလားဆိုသာသိလိုက်ရတော့ မေးနေတဲ့ ခြူးခြူးကလေးကို သနားမိသယ်။ ကျီးမနိုးက ရွာမှာ ကျွဲစီးခဲ့ရသာ နွားစီးခဲ့ရသာတွေကို ပြောပြတော့ ခြူးခြူးက မျက်လုံးကလေး ပြူးလို့။ တစ်ချိန်ချိန်တော့ ခြူးခြူးမြင်ဖူးအောင် ပြဦးမယ်လို့ အောက်မေ့မိသယ်။ သည်တိုက်ကြီးမှာ အနည်းဆုံး ကျီးမနိုးအဖို့ရာ တစ်နှစ်တော့ နေရတော့မှာ မဟုတ်လား။ မာမီဒေါ်လူစီက အမေ့ကို တစ်နှစ်စာ ပိုက်ဆံကြိုပေးထားသာကိုး။ အဖေက သမီးကို သနားလို့တဲ့။ ကျီးမနိုးမြို့ကိုလိုက်မယ့်နေ့မှာ မမြင်ချင်လို့ တစ်ရွာကို ရှောင်နေလေရဲ့။ အမေ့ခမျာ ပိုက်ဆံသာ ယူလိုက်ရသာ မျက်နှာမကောင်းရှာဘူး။ ကျီးမနိုးကို တစ်ခွန်းပဲ မှာသယ်။

"ပျော်အောင်နေပေါ့အေ့"တဲ့။

(၂)

သည်တိုက်ကြီးက သုံးထပ်တောင်မြင့်တယ်။ မြေကြီးထဲမယ် တစ်ထပ်ရှိသယ် ပြောသယ်။ မဆင်းဖူးဘူး။ မြေညီထပ်မှာ ဧည့်သည်လက်ခံတဲ့ ရေမြှုပ်ကုလားထိုင် ဝင်းဝင်းစက်စက်ကြီးတွေ တစ်ခြမ်းက ခင်းထားပြီး နောက်တစ်ခြမ်း မှာ ဦးမောင်လေးစီးတဲ့ ကားအသစ်ကြီးထားသယ်။ ဘာကားကြီးမှန်းတော့ မသိပါဘူး။ ကားမောင်းတဲ့ ဦးဝပြောကတော့ အမြတ်နိုး ပွတ်သပ်နေသာ တွေ့သာပဲ။ သည် တိုက်ကြီးမှာ နေသားကျလို့ အားလုံး နဲ့ခင်ရပြီဆိုတော့ ကျီးမနိုးမေးကြည့်ဖူးသယ်။ ဒါဘာကားကြီးလဲပေါ့။ ဦးဝပြောက ကျီးမနိုးကို မျက်လုံးပြူးကြည့်သယ်။ ပြီးတော့မှ ထွေလာဂျီတဲ့။ မဟုတ်သာပြောမှန်း ကျီးမနိုးသိသားပဲ။ ထွေလာဂျီက ရွာမှာရှိတဲ့ဟာ။ ဝရုန်းဂရင်းနဲ့ ဝရုန်းသုန်းကားသွားတဲ့ ထွေလာဂျီကို ကျီးမနိုးတို့ စီးနေကျ။ မနက်စောစောများ စက်နှိုးရင် တစ်ရွာလုံး ကြားရတယ်။ ထွေလာဂျီက ဟောင်းလှပါပြီ။ ထွေလာဂျီမောင်းတဲ့ ဦးတင်ရက ထွေလာဂျီ မှာ နာမည်တောင် ရေးထားသာလေ။ ဂျစ်တူးတဲ့။ နာမည်နဲ့ လိုက်ပုံများ။ မြို့ကိုသွားချင်တော့ ဂျစ်တူးပဲ အားကိုးရသာ။ ရွာက ပဲတွေ၊ နှမ်းတွေ၊ ကြက်သွန်တွေ အိတ်သွတ်ပြီး မြို့ပွဲရုံကို ဂျစ်တူးနဲ့ ပို့ရသာ မဟုတ်လား။ ကျီးမနိုးတို့က ပွဲရုံရောင်းလောက်အောင် ရှိသာ မဟုတ်ပါဘူး။ ပဲအိတ်တင်ပဲ အိတ်ချလိုက်ရတဲ့ အခါ သွားဖူးသာရှိသာပါ။ သည်တိုက်ကြီးမှာ ကျီးမနိုးလို လုပ်ခစားကြသူတွေ အချင်းချင်း ခင်မင်ကြသယ်။ ကျီးမနိုးလို ကျီးမဟုတ်ကြက်မဟုတ် တောသူမကလေးကို အထူးသဖြင့် ဘဝတူတွေက ချစ်ခင်ကြလို့ တော်ပါသေးရဲ့ အောက်မေ့မိသယ်။ ကျီးမနိုးကလည်း ပြန်ပြီး ရိုရိုသေသေ ရှိသာပါပဲ။ ထမင်းချက်တဲ့ ဒေါ်ကြီးလှကဆိုရင် ဟင်းသီးဟင်းရွက် သင်ဖျင်ပေးလို့၊ အခိုင်းအပြုနာလို့၊ ပြေးစမ်းဟဲ့ဆိုရင် ပြေးပေးလို့ဆိုပြီး ဟင်းကောင်း မုန့်ကောင်းကလေးတွေ ချန်ထားတတ်သယ်။ ဒေါ်ကြီးလှက သူ့မှာလည်း ရွာမှာ သမီးတစ်ယောက်ရှိသတဲ့။ ဒေါ်ကြီးလှက သမီးက ကြီးပါပြီ။ အိမ်ထောင်ကျလို့ ရွာမှာ မြေးနှစ်ယောက်ရနေပြီတဲ့။ မြေးတွေ ဘယ်အရွယ်ရောက်နေမှန်းတောင် မသိတော့ပေါင်အေဆိုလို့ ကျီးမနိုး စိတ်မကောင်းဖြစ်ရသယ်။ သူ့ရွာမပြန်ဖြစ်သာ ကြာပြီတဲ့။ ဒေါ်လူစီက လူတစ်ယောက် အစားထိုးနိုင်ခဲ့ရင် ပြန်ပေါ့ဆိုလို့ မပြန်ဖြစ်သာတဲ့။ ဘယ်သူ့ကို ဘယ်နေရာ အစားထိုးခဲ့နိုင်မှာတုံး။ မဖြစ်နိုင်သာ ပြောနေလို့ မပြန်ဖြစ်သာတဲ့။ ပြန်ဖြစ်ပြီဆိုရင် အပြီးပြန်တော့မှာတဲ့။

"ဒေါ်ကြီးက လူစားရရင် ပြန်တော့မှာပေါ့"

"မပြန်ဖြစ်သေးပေါင်အေ၊ ငွေက သူ့ဌေးကတော်ဆီမှာ စုနေ

သေးတယ်။ သူတို့ငွေကြေးကျေရင်တော့ ပြန်ချင်သယ်"

"မယူနဲ့တော့ပေါ့"

"မယူတော့ ရွာက ငါ့မြေးတွေ ငတ်ကရောပေါ့။ ရွာမှာ အဆင်မပြေကြဘူး ကျီးမနိုးရဲ့"

"ကျုပ်တို့ရွာတွေလည်း မထူးပါဘူးဒေါ်ကြီးရယ်၊ ရွာတွေက ဆင်းရဲပြီး မြို့တွေက ချမ်းသာသာ များလား မသိပေါင်တော်"

"ညည်းကကော ဘယ်သူ့အဆက်နဲ့ ရောက်လာသာတုံး"

"သည်တိုက်ကြီးက သူဌေးနဲ့ ခင်တဲ့ ဦးအောင်မြတ်က ရွာကို လာခေါ်သာ၊ ဦးအောင်မြတ်က ကျုပ်တို့ရွာသားပါ။ ကျုပ်က မွေးချင်း ခြောက်ယောက်ရှိသယ်၊ ကျုပ်အစ်ကိုကြီးနဲ့ အစ်မကြီးက တစ်ရွာစီမှာ အိမ်ထောင်ကျကြပြီး ကျန်တဲ့ လေးယောက်မှာ ကျုပ်က အကြီးဆုံး ဖြစ်ရသာပေါ့၊ ကျုပ်အောက်မှာ အငယ်သုံးယောက် ရှိသယ်၊ ကျုပ်အောက်က ညီမက ပိတ်စွယ်၊ မောင်နှစ်ယောက်က တိုးကြီးနဲ့ တိုးလေး"

"ညည်းအစ်ကိုကြီး အစ်မကြီး တွေက မိဘကို မထောက်ပံ့ကြဘူးလား"

"မသိပေါင်၊ သူတို့က လင့်ရွာ မယားရွာလိုက်နေကြတော့ မမြင်ရသာတောင် ကြာပေါ့၊ အမေကတော့ ပြောသယ်၊ သင်းတို့နှစ်ကောင်ကို ငါက ဗိုက်ထဲထည့်ပြီး အငှားမွေးပေးလိုက်ရသလိုပဲတဲ့။ ကျုပ်တို့ရွာတွေက အသီးအနှံ ကောင်းကောင်း မထွက်တော့ဘူး ဒေါ်ကြီးရဲ့၊ မိုးမှ မရွာသာ"

ပြောသာ ပြောရသာပါ။ ဒေါ်ကြီးလှကလွဲရင် မိန်းမချင်း စကားပြောဖော်မရှိတော့ နှစ်ယောက်သား အားရင်စကားပြော ဖြစ်ကြသယ်။ သူဌေးလင်မယားကတော့ ကားနှစ်စီးမအားရအောင် ဆူလှယ်နဲ့ သွားချင်သွားနေကြသာလည်း ရှိရဲ့။ မာမိဒေါ်လူစီကဆိုရင် ခြူးခြူးကို သမီးလေးရယ်လို့ တစ်ချက် ငုံ့မကြည့်ဘူးဆိုပေသိ အပြင်က ပြန်လာရင် အရုပ်တွေ ဝယ်လာတတ်သည်။ ငွမ်းထိုးရုပ်တွေပါ။ ခြူးခြူးက ခဏတော့ ပွေ့ပါရဲ့၊ ကိုင်ပါရဲ့။ ကြာတော့ တော်ရာပစ်ချတော့သာပါ။ ကျီးမနိုးက ပလတ်စတစ်ခြင်းကြီးတွေထဲ ထည့်သိမ်းရသယ်။ သည်လိုနဲ့ အရုပ်တွေဆိုတာ အများကြီးဖြစ်လာ ရော။ ခြူးခြူးက စိတ်လိုရင်တော့ မီးရထားရုပ်ထဲ ခုတ်ခဲထည့်ခိုင်း တတ်သယ်။ ဒါဆိုရင် ကျီးမနိုးက မီးရထားလမ်းကို ဝိုင်းနေအောင် တစ်ပြားချင်းဆက်ပေး၊ မီးရထားကို ခလုတ်ဖွင့်ပြီး သံလမ်းပေါ် တင်ပေး ရုံပဲ။ မီးရထားက သံလမ်းအတိုင်း ပတ်နေသာကို ကျီးမနိုးက လိုက် ကြည့်သယ်။

"မမ မီးရထားစီးဖူးလား"

"ဘယ်စီးဖူးမှာတုံး ခြူးခြူးရဲ့။ မမက တောမှာနေရတဲ့ဟာ၊ တစ်ခါထင်ပါရဲ့ မြိုင်ကို ဂျစ်တူးကားနဲ့ ပဲအိတ်တင်လိုက်တုန်းက မြိုင်မီးရထားဆိပ်မှာ ရပ်ထားသာ တွေ့ဖူးသာတော့ ရှိပါရဲ့"

"မမတို့ရွာမှာ ဘာစီးကြတာတုံး"

"ဂျစ်တူးကားရှိသယ်၊ လှည်းစီးသယ်"

"ဂျစ်တူးကားက ဘယ်လိုကားလဲ"

"ထွေလာဂျီကား၊ ကားက စုတ်နေပါပြီ"

"လှည်းဆိုတာ စီးလို့ကောင်းလား"

"ကားလိုတော့ ဘယ်ကောင်းပါ့မလဲ၊ လှည်းကက်အိမ်ကြီးကို နွားနှစ်ကောင်နဲ့ ဆွဲရသာ"

"အိမ်ကြီးကို နွားနဲ့ဆွဲတယ်၊ ဟုတ်လား မမ၊ နွားကို ပုံထဲမှာပဲ မြင်ဖူးတယ်၊ နွားက ကိုက်သလား မမ"

"ဘယ်ကိုက်ရမှာတုံး၊ နွားပါဆို၊ နေပါဦး မမ ပြပါဦးမယ်"

ကျီးမနိုးက ခြူးခြူးကို ချစ်သယ်။ အလုပ်ကလည်း ခြူးခြူးကို ရေချိုး၊ ပေါင်ဒါလိမ်း၊ အဝတ်အစားလဲ၊ မုန့်ကျွေး၊ ထမင်းကျွေး၊ ခြူးခြူးလုပ်ချင်သာ လုပ်ပေးရသာဆိုတော့ ခြူးခြူးကလည်း ကျီးမနိုးကို အနေနီးလို့ အင်မတန် ခင်ရှာသယ်။ အိပ်ချိန်ဆိုရင်တော့ ခြူးခြူးကို သူ့အခန်းထဲရောက်အောင် ပို့ပြီး သိပ်ရသယ်။ ခြူးခြူးက မအေ နဲ့ အိပ်ချင်သာတဲ့။ ကျီးမနိုးကလည်း သမီးကလေး မတီမတာကို တစ်ယောက်တည်း အခန်းတစ်ခန်းနဲ့ အိပ်ခိုင်းသာကို နားမလည်နိုင်ဘူး။ ခြူးခြူးမှာ အစ်ကိုတစ်ယောက် အစ်မတစ်ယောက် ရှိသေးသတဲ့။ နိုင်ငံခြားမှာ ကျောင်းတက်နေကြသတဲ့။ ခြူးခြူးနဲ့က အသက်ဆယ်နှစ်လောက်ကို ကွာသာတဲ့။ သူ့အစ်ကိုတွေ၊ သူ့အစ်မတွေနဲ့ ခြူးခြူးက သိပ်မနေရရှာဘူးတဲ့။ ကျီးမနိုးတို့ဆိုရင် ရွာက အိမ်ကုပ်ကလေးမှာ မောင်နှမလေးယောက် ကွပ်ပျစ်ကြီးပေါ် ပြားအိပ်ကြရသာလေ။ ဆောင်းတွင်းများဆိုရင် စောင်က မောင်နှမတစ်တွေ တစ်ထည်ကျ ပေးနိုင်တာမဟုတ်တော့ ကျီးမနိုးနဲ့ ပိတ်စွယ်က တစ်ထည်၊ တိုးကြီးနဲ့ တိုးလေးက တစ်ထည် မျှခြုံကြရသယ်။ ခြုံတုန်းတော့ သူလုံကိုယ်လုံ ပေါ့။ အိပ်ပျော်ကြတော့ တစ်ယောက်က စောင်ခြုံ တစ်ယောက်က ထဘီခြုံဖြစ်ကြရော။ တစ်ခါတော့ ရွာမှာ စောင်လှုရင်း အိပ်ရာထဲ ရန်ဖြစ်သာကို ပြောပြတယ်။ ခြူးခြူးက စောင်ခြုံသာတော့ သိပါရဲ့။ ထဘီခြုံသာမသိတော့ ကျီးမနိုးက ခြုံပြရသယ်။ ခြူးခြူးက သဘောတွေများ ကျလို့။ ခြူးခြူးက ထဘီခြုံချင်သယ် ပြောနေလို့ မာမီ့ရှေ့မှာ မပြောနဲ့ နော်လို့ ပိတ်ရပြန်ရဲ့။

"မဟုတ်သာ ခြူးခြူးရယ်၊ ညည်းတို့မှာ စောင်တွေအပုံလိုက်ဟာကို၊ အောက်မှာ မွေ့ရာကလည်း အထူကြီး၊ တံခါးတွေကလည်း လုံပါဘိသနဲ့၊ မမတို့အိမ်ထရံက အပေါက်ချည်းပဲ။ စောင်က နှစ်ယောက်မှ တစ်ထည်၊ မွေ့ရာဘယ်ရှိမှာတုံး၊ ထချောဖျာနဲ့ အိပ်ရသာ"

"ထချောဖျာဆိုသာ ဘာကို ပြောတာလဲ၊ ခြူးခြူး ထချောဖျာနဲ့ အိပ်ချင်တယ်"

"မဟုတ်သာအေ၊ ညည်းအမေကြားလို့ ငါ့ပေါင်တွင်းကြော လိမ်နေပါဦးမယ်"

"ပေါင်တွင်းကြောဆိုတာ ဘယ်ဟာလဲ"

"ညည်းနဲ့တော့ ခက်ပါ့ကောအေ၊ ကိုင်း ဟောသာတော်"

ကျီးမနိုးနဲ့ ခြူးခြူးက အိမ်အမိန့်တွေ ချိုးဖောက်ထားကြသာ ကြာပြီ။ 'ညည်း' တို့၊ 'ငါ' တို့၊ 'အေ' တို့လို

စကားလုံးတွေကို နှစ်ဦးသဘောတူ လွတ်လွတ်လပ်လပ် သုံးခွင့်ရကြပြီဆိုတော့ ကျီးမနိုးက သိပ်ကြီးသတိထားစရာ မလိုတော့ဘူး။ ခြူးခြူးက ငယ်ပေမဲ့ သူလည်း ပြောကြည့်မယ်ဆိုပြီး ညည်းတွေရော၊ ငါတွေရော သုံးတော့သာပါ။ ကျီးမနိုးကို ညည်းနဲ့ ငါနဲ့ ပြောချင်ပြောသယ်။ ခြူးခြူးကလည်း အပါး။ ဖအေ၊ မအေရှေ့မှာ ကျီးမနိုးကို သိပ်အရော မဝင်သလို နေပြတတ်သယ်။ အခေါ် အဝေါ်မှားမှာစိုးသာလည်း ပါမှာပေါ့။

ကျီးမနိုးက တိုက်ကြီးရဲ့နောက်က သုံးခန်းတန်းလျားဟောင်းက တစ်ခန်းမှာ နေရသယ်။ အလယ်ခန်းက ကားထားသယ်။ အစွန်တစ်ခန်း

**တစ်ခါလည်း ခြူးခြူးကို ဗုဒ္ဓံ သရဏံဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ ရွတ်ခိုင်းလို့ ကျီးမနိုးကို ဆူလေရဲ့။ ညည်း ကိုယ်တိုင် ဘာမှမသိဘဲနဲ့ ကလေး ကို မသင်နဲ့တဲ့။**

က ထမင်းဟင်းချက်၊ အဝတ်လျှော် မီးပူတိုက်တဲ့ ဒေါ်ကြီးလှနေလို့ တစ်ခန်းခြားနေရတဲ့ သဘောပေါ့။ သည်လိုဖြစ်နေသာကို ကားမောင်းတဲ့ ဦးစောအောင်က သူ့ကားကို အစွန်ခန်းမှာ ထားပေးသယ်။ ဒေါ်ကြီးလှနဲ့ ကျီးမနိုး အခန်းချင်းနီးအောင်လို့ပါ။ ကျီးမနိုးက မိုးလင်းရင် ဘယ်လောက်အေးအေး ရေချိုးရသယ်။ သနပ်ခါးမှုန်နေအောင် လိမ်းရသယ်။ လျှော်ဖွပ်ထားတဲ့ အဝတ်အစား လတ်လတ်လောလောကို ဝတ်ရသယ်။ မိုးလင်းလို့ တိုက်ကြီးထဲဝင်ရင် သည်သုံးချက် စစ်သာပဲ။ လက်သည်းတွေ ရှည်မရှည် ဖြန့်ပြရသာ ပါသေးသယ်။ သွားတိုက် မတိုက် သွားတွေဖြဲပြရတာမျိုးလည်း မာမီဒေါ်လူစီက

တစ်ခါတစ်ခါ အငိုက်မှာ စစ်ဆေးတတ်လို့ ကျီးမနိုးက မပေ့ါရဲဘူး။ အဝတ်အစား၊ အုန်းဆီ၊ သွားတိုက်ဆေး၊ လက်သည်းညှပ်၊ သနပ်ခါး လို အမယ်တွေကိုတော့ ဒေါ်ကြီးလှ က ဖြည့်ပေးတယ်။ သည်စည်းကမ်းတွေက ဒေါ်ကြီးလှနဲ့ပါ ဆိုင်လေတော့ နှစ်ယောက်စာ ဝယ်ကြရုံပါ။ ကိုယ့်ရေချိုးခြံ၊ ကိုယ့်အိမ်သာ ဖြစ်ရပြီဆိုသာကိုတော့ ကျီးမနိုး အင်မတန် စိတ်ချမ်းသာသယ်။

"ဒေါ်ကြီးနှယ်၊ ကျုပ်ရောက်စက သူတို့အိမ်သာ ကြွေဇလုံထဲ သွားရသာဆိုတော့ ကျုပ်ဖြင့် သွားလို့သာ သွားရသယ်၊ ဘယ့်နှယ် ကြီးမှန်းကို မသိဘူး"

"အဲသည်ကိစ္စ အသာထား၊



ညည်းတစ်ရက်က ချိုချဉ်စုတ်သာ ငါတွေ့သယ်၊ စုတ်သာက ရသယ်၊ ခြူးခြူးကို ညည်းစုပ်ပြီးသား ပါးစပ်ထဲကထုတ်ပြီး စုတ်ခိုင်းသာ သူဌေးမတွေ့ရင် ညည်းမသက်သာဘူး မှတ်၊ နောက်မလုပ်နဲ့"

"ဟုတ်ကဲ့လား၊ ကျုပ်စုတ်နေတဲ့ ချိုချဉ်ကို ခြူးခြူးက စုတ်ချင်သယ်ဆိုလို့ ပေးသာပါ၊ ကျုပ်စုတ်တဲ့ ချိုချဉ်က ဘာဖြစ်လို့တုံး"

"ခက်ပါ့ကောအေ၊ သူ့ပါးစပ်ကိုယ့်ပါးစပ် သွားရည်တမြားမြားဟာကို ဘယ်သူက ကြိုက်ပါ့မတုံး"

"ကျုပ်နဲ့ ပိတ်စွယ်တော့ ထန်းလျက်တစ်လုံး တစ်လှည့်စီ စုတ်သာပဲ"

"ခြူးခြူးက ပိတ်စွယ်မဟုတ်ဘူးအေ့၊ ညည်းကို မောင်းထုတ်ပစ်လိမ့်မယ်"

သည်လိုဆိုပြန်တော့ ကျီးမနိုး လန့်မိသား။ မောင်းထုတ်ပစ်လိမ့်မယ်တဲ့။ တစ်ခါ ကျီးမနိုးကိုယ်တိုင် ကြုံဖူးသာ သတိရလိုက်သယ်။ ခြူးခြူးက အိမ်ရှေ့မှာ ချွတ်ထားတဲ့ ကျီးမနိုးရဲ့ကဖိနပ်ကိုစီးပြီး ခြံထဲ လျှောက်သွားနေသာ မြင်လိုက်လို့ သူဌေးကတော်က ဖိနပ်ကို ဖွတ်ချွတ်ခိုင်းသယ်။ ဒေါ်ကြီးလှကိုလည်း မမြင်ရကောင်းလားလို့ ဆူတဲ့အပြင် ကျီးမနိုးကို ကလေးခြေထောက်တွေ ချက်ချင်းဆေးပေးခိုင်းလို့ ဆေးပေးရသေးသာပါ။ တစ်ခါလည်း ခြူးခြူးကို ဗုဒ္ဓံ သရဏံဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ ရွတ်ခိုင်းလို့ ကျီးမနိုးကို ဆူလေရဲ့။ ညည်း ကိုယ်တိုင် ဘာမှမသိဘဲနဲ့ ကလေးကို မသင်နဲ့တဲ့။ သည်တုန်းက ကျီးမနိုး စိတ်မကောင်းလိုက်ပုံများ။ ဘယ့်နှယ် မသိရမှာတုံး။ 'ဗုဒ္ဓံ မြတ်စွာဘုရားကို သရဏံကိုးကွယ်ရာဟူ၍ ဂစ္ဆာမိ ဆည်းကပ်ပါ၏' ဆိုသာ ကျီးမနိုးမသိဘဲ ရှိပါ့မလား။ ရွာကျောင်းမှာ နေခဲ့တုန်းက ဆရာတော်သင်ပေးလိုက်တဲ့ဟာ။ တစ်ခါလည်း ထမင်းပေါင်းအိုးထဲက ထမင်းကို ခြူးခြူးစားဖို့ရယ်လို့ လက်နဲ့ဖဲ့ခူးသာကို မြင်လိုက်လို့ ခေါင်းကို ဒေါင်ခနဲ ခေါက်လိုက်သာများ တူသေးသေးနဲ့ နှက်လိုက်သလားမှတ်ရသယ်။ ခေါင်းဆိုသာ ကျဉ်တက်သွားလေရဲ့။

"ဘယ်လောက်ပြောပြော ညည်း မမှတ်ဘူး။ ဇွန်းတွေ ရှိသယ်လေ ကောင်မလေးရဲ့။ လက်နဲ့ခူးတော့ လက်က ပိုးမွှားတွေ ပါမှာပေါ့။ မှတ်ထားနော်"

ခေါင်းညိတ်ပြရုံပေါ့။ သည်လိုဆိုပြန်တော့ အိမ်က ထမင်းအိုးကြီးတောင် သတိရသေးတော့။ ကျီးမနိုးတို့အိမ်က ကလေးတစ်ပြုံတောင်ဆိုတော့ ချက်ထားတဲ့ ထမင်းကို ကြုံသူက ကြုံသလို ပေပေပွပွ ခူးစားနေကြသာ မဟုတ်လား။ တစ်ခါတလေ သူစိမ်းကတောင် အိမ်ရောက်လာရင် ငါ ထမင်းစားမဟော့လို့အော်ပြီး ဝင်ခူးစားကြသာများ ရှိးနေပေါ့။ ဘာပိုးမွှားမှ ထမင်းအိုးထဲ တစ်ကောင်တစ်မွှား မတွေ့မိပေါင်။ သူဌေးမကို ရွာခေါ်ပြီး အိမ်က ငါးပိအိုးပြလိုက်ချင်သာ။ လောက်တွေများ တဖွားဖွားနဲ့။ အမေကဆို 'ငါးပိနဲ့လောက် ရွှေနဲ့ကျောက်' လို့တောင် ပြောသေးရဲ့။ သည်လိုများဆိုရင် ထများခုန်မလား မပြောတတ်ဘူး။ မာမီဒေါ်လူစီက မမြင်လို့ မသိလို့သာပါ။ သူဌေးလင်မယား ကားနဲ့ထွက်သွားရင် ခြူးခြူးက ကျီးမနိုးအိပ်ရာနဲ့ ဒေါ်ကြီးလှအိပ်ရာတွေပေါ် တစ်လှည့်စီ လာအိပ်တော့သာပါ။

"ကျီးမနိုး . . . ညည်းအိပ်ရာပေါ် ငါအိပ်ပြီ"

မျက်လုံးကလေးတွေပါ ရယ်နေတဲ့ ခြူးခြူးက အဲသလိုများ လှမ်းပြောရင် ကျီးမနိုးက ခြူးခြူးကို ငေးကြည့်နေတော့သာပါ။ ခြူးခြူးကလေး စကားတွေ စပ်စပ်စုစု ပြောတတ်တဲ့ အရွယ်ကတည်းက ရောက်ရသာဆိုတော့ ခြူးခြူးကို ကျီးမနိုး အင်မတန် ချစ်သယ်။ အသားကလေးက ဖြူမွတ်မွတ်၊ မျက်လုံးကလေးတွေက မည်းမည်းဝိုင်းဝိုင်း၊ နှုတ်ခမ်းကလေးတွေက ရဲရဲစိုစို ဖူးဖူးကလေးဆိုတော့ ပါးကလေးတွေများ စိတ်ရှိတိုင်း ဖျစ်လိုက်ရရင်တော့လားလို့ တွေးမိသာ အခါခါပါ။

ဒါပေမဲ့ မဖျစ်ရဲဘူး။ သူဌေးကတော်က သူ့သမီးကို ပါးဖျစ်သာ မကြိုက်ဘူးလို့ ဒေါ်ကြီးလှပြောဖူးသာလည်း ပါသာပေါ့။ အနေကြာလာတော့လည်း ဆောင်ရန်ရှောင်ရန်တွေ သိလာသာလည်း ပါပါရဲ့။

တစ်ခါများ ဒေါ်ကြီးလှက သူ့ လက်ဖက်အစ်ကလေးထဲက လက်ဖက်နဲ့ တိုက်ကြီးပေါ်က ယူလာတဲ့ ထမင်းတစ်ဆုပ် နယ်ဖတ်စားနေသာကို ခြူးခြူးက တွေ့သွားသယ်။ သူ့ကိုလည်း ခွံ့ပါဆိုတော့ ဒေါ်ကြီးလှကလည်း ခွံ့သာပေါ့။ ခြူးခြူးက ကလေးဆိုတော့ လက်ဖက်ထမင်း ထူးထူးဆန်းဆန်းကို ကြိုက်ကရော။ အတော်မသတ်နိုင်အောင် တပူပူ တဆာဆာ လုပ်နေတော့ ဒေါ်ကြီးလှကလည်း ကျွေးရာသယ်။ ပြဿနာက ညဘက်မှာ တက်တော့သာပါ။ ညဥ့်နက်စမှာ ခြူးခြူးအန်သယ်။ ထမင်းစေ့နဲ့ ရောပါနေတဲ့ လက်ဖက်မည်းမည်းတွေ တွေ့တော့ သူ့သမီးအစားမှားပြီဆိုသာ မအေက သိလိုက်ပြီ။ အမှုစစ်တော့ လက်ဖက်ထမင်း တရားခံ ဒေါ်ကြီးလှလက်ချက်ဆိုတာ သိကရော။ သိတော့ ဒေါ်ကြီးလှကို ဆူတော့ ကြိမ်းတော့သာပေါ့။ ခြူးခြူးခမျာ မျက်နှာကလေးရဲလို့။ ညတွင်းချင်း ဆရာဝန်ပင့်ပြီး ကုရတဲ့အထိ အမှုကကြီးရပြီ။

"ရှင်တို့စားတာတွေ ခြူးခြူးကို မကျွေးပါနဲ့။ ဒါနောက်ဆုံး ဖြစ်ပါစေ။ သမီးအစာအိမ်က ရှင်တို့နဲ့ ဘယ်တူနိုင်ပါ့မလဲ။ ရှင် မစဉ်းစားဘူးလား။ စဉ်းစားဉာဏ်မရှိရင် ဘယ်ကောင်းတော့မှာလဲ။ ကျွန်မတို့က စီးပွားရှာနေရတာ။ ရှင်တို့နဲ့ ယုံကြည်လို့ ထားတာ။ ရှင်တို့က ဖျက်ဆီးနေတော့ မခက်ဘူးလား"

ဒေါ်ကြီးလှရဲ့ လက်ဖက်ထမင်း အမှုပြီးလို့မှ တစ်လမကြာသေးဘူး။ ကျီးမနိုးရဲ့ သဲအိမ်ဆောက်မှုက ထပ်ပေါ်လာခဲ့သယ်။ သူဌေးလင်မယားတို့တိုက်ကြီးဘေးမှာ အဆောင်တစ်ဆောင် ခဲ့တဲ့ဖို့ရယ်လို့ သဲတွေအုတ်တွေပုံထားသာ လေးငါးပုံလောက်ရှိမယ်။ ကျီးမနိုးက သူဌေးလင်မယားမရှိခိုက် ခြူးခြူးကို သဲလိုက်ဂူ သဲအိမ် သဲနန်းတော်တွေ ဆောက်ပြသယ်။ သဲပုံက အပေါ်ယံသာခြောက်နေသာ အတွင်းမှာ အစိုဓာတ်ရှိလေတော့ ကျီးမနိုးက သူ့ခြေထောက်တစ်ဖက်ကို ယက်ပြီး ထိုးထည့်သယ်။ အပေါ်က သဲတွေပုံပြီး လက်နဲ့ ဖွဖွကလေး ပုတ်။ ခြေထောက်ကို အသာကလေး နုတ်လိုက်တော့ သဲအိမ်ကလေးပေါ်လာကရော။ အဲသည်အပေါ်မှာ သစ်ကိုင်းသစ်ခက်ကလေးတွေ၊ ခြံထဲက နှင်းဆီပွင့်ကလေးတွေ စီထိုးလိုက်တော့ အင်မတန်လှတဲ့ သဲနန်းတော်ဖြစ်ပြီပေါ့။ ဒါကို ခြူးခြူးက သိပ်သဘောကျသွားသယ်။ သူလည်း လုပ်ချင်သယ်ဆိုပါရော။ လွယ်လွယ်ကလေးပဲဟာ။ ခြူးခြူး ခြေထောက်ကလေး သဲကျင်းထဲ ထိုးနှစ်၊ အသာဆွဲနုတ်၊ ပန်းကလေးတွေစိုက်၊ သဲနန်းတော်ဖြစ်သကိုး။ သဲနန်းတော်တွေ . . . သဲနန်းတော်တွေ။ ခြူးခြူးတစ်ကိုယ်လုံးမှာလည်း သဲတွေပေပွလို့။ ညဘက်ရောက်တော့ ခြူးခြူးဖျားပြီ။ နေပူပူထဲ သဲစိုဒဏ်ကို ခံလိုက်ရတဲ့ ခြူးခြူးခမျာ တစ်ကိုယ်လုံး ခြစ်ခြစ်တောက်အောင် ပူလာခဲ့သယ်။ စစ်လိုက်တော့ ဗိသုကာကျီးမနိုးရဲ့ သဲနန်းတော်ဆောက်မှုကြီး ပေါ်ပါလေရော။

သည်တစ်ခါတော့ မာမီဒေါ်လူစီက ကျီးမနိုးကို ကြိမ်ကြက်မွေးချောင်းနဲ့ ရိုက်သယ်။ ရိုက်ချက်တစ်ချက်ကျတိုင်း ကျီးမနိုးတောင့်ခံသယ်။ သဲပုံပေါ်မှာ အိမ်ဆောက်တမ်းကစားသာကို သည်လောက်တောင် နာကြည်းရသလား။ ကျီးမနိုး နားမလည်နိုင်ဘူး။ သဲပုံပေါ် ကစားသူအချင်းချင်း သူကတော့ ဘာကြောင့်မဖျားသလဲဆိုသာကိုပဲ တွေးနေမိသယ်။ ကြိမ်ချက်တွေက အသားတွေကို နွှာထုတ်နေသလို ရှိလေရဲ့။ ကြာတော့ ထူပြီးကြိမ်းစပ်နေပေသိ ကျီးမနိုး မငိုပါဘူး။ သည်မှာတင် ဖျားနေတဲ့ ခြူးခြူးက မအေကို လှမ်းအော်လေရဲ့။

"မရိုက်ပါနဲ့၊ မရိုက်နဲ့တော့၊ မာမီရပ်ပါတော့၊ သမီးဖျားသာ ကျီးမနိုးနဲ့ ဘာမှမဆိုင်ဘူး"

မာမီ ဒေါ်လူစီရဲ့ တုတ်ချက်ဟာ တုံ့ခနဲရပ်သွားသယ်။ ကျီးမနိုးလို့ ခေါ်လိုက်သာကိုလည်း နားမလည်နိုင်အောင် ဖြစ်သွားသယ်။ မာမီ ဒေါ်လူစီသတိမထားမိလို့။ ခြူးခြူးစကားပြောရင်လည်း ကျီးမနိုးလိုပဲ 'တ' နဲ့ 'သ' ရောနေသာကိုပါ။ နားမလည်နိုင်ခြင်းနဲ့အတူ နောက်ထပ် တုတ်ချက်တစ်ချက် ကျလာချိန်မှာတော့ ခြူးခြူးက ခုတင်ပေါ်က ဆင်းလာပြီး ကျီးမနိုးကို ဝင်ဖက်သယ်။

"ကျီးမနိုး ညည်းပြန်တော့၊ ရွာကို ပြန်တော့၊ သူက ရက်စက်သယ်"

အံ့သြခြင်း၊ နားမလည်နိုင်ခြင်း။ ဝေခွဲရခက်ခြင်း၊ ရှုပ်ထွေးခြင်းတွေနဲ့အတူ မာမီဒေါ်လူစီရဲ့ လက်ထဲက ကြက်မွေးချောင်း ပြုတ်ကျသွားခဲ့သယ်။ သူက ရက်စက်သယ်ဆိုတဲ့ မအေကို စွပ်စွဲလိုက်တဲ့ စကားလုံးကြောင့်လည်း ဖြစ်နိုင်ပါရဲ့။ မာမီဒေါ်လူစီထွက်သွားတော့မှ ခြူးခြူး အငိုတိတ်တော့သယ်။ ဖျားနေတဲ့ ခြူးခြူးရဲ့ ကိုယ်လုံးလေးဟာ ခရမ်းချဉ်သီးတစ်လုံးလို ရဲလို့။ တစ်ကိုယ်လုံးဆတ်ဆတ်တုန်လို့။ ကျီးမနိုးကို ဖက်ထားရာက ပြေလျော့ကျသွားလေရဲ့။ ခြူးခြူးသာ သုံးရက်ကြာခဲ့သယ်။ သည်သုံးရက်လုံးလုံး ကျီးမနိုးကိုယ်တိုင် ခြူးခြူးနဲ့ မတွေ့ရလို့ စိတ်တွေပူမိသယ်။ ဆရာဝန်ကတော့ ကားနဲ့ရောက်ရောက်လာလို့ အဖျားမကျသေးသာ သိပါရဲ့။ မမေးဝံ့ ဘူး။

ခြူးခြူးရဲ့ ဝေယျာဝစ္စ လုပ်ပေးရတဲ့ အလုပ်ကလွဲရင် တခြားလုပ်စရာ သိပ်မရှိလေတော့ ကျီးမနိုး အဖို့ရာ ခြူးခြူးနဲ့ မတွေ့ရတဲ့ ရက်တွေမှာ ဒေါ်ကြီးလှကိုပဲ ဝိုင်းကူနေခဲ့ရသယ်။ ညဘက် ကိုယ့်တန်းလျားခန်းထဲရောက်မှ ဒေါ်ကြီးလှဆီက စကားတစ်ခွန်း ကြားရသယ်။

"ကျီးမနိုး ညည်းကို သည်တိုက်ကြီးဆီ ခေါ်လာတဲ့သူက ဘယ်သူရယ်"

"ဦးအောင်မြတ်"

"အေး . . . သူဌေးကတော်က ကားဆရာ ကိုသန်းမောင်ကို ကိုအောင်မြတ် ရှာခေါ်ခဲ့လို့ ခိုင်းသာငါ ကြားသယ်၊ ညည်းကို ညည်းရွာပြန်ပို့မယ်နဲ့ တူပါရဲ့၊ ပြန်ဆိုတော့ ပြန်လိုက်ရုံပေါ့အေ"

"အို ဟုတ်ကဲ့လား၊ ကျုပ်က ပြန်ဝံ့ပါသယ်၊ အမေ ကြိုယူထားတဲ့ ပိုက်ဆံ ဘယ်လိုပြန်ဆပ်ရပါ့မလဲ ဆိုသာပဲ ပူသာ"

"အဲသာ ညည်းနဲ့မဆိုင်ဘူးလေ၊ သူတို့က ပြန်ပို့သာပဲဟာ၊ ညည်းကို တစ်နှစ်စာပေးရတဲ့ ပိုက်ဆံလောက်များ သူဌေးကတော်အဖို့ရာ ဖဲတစ်ခါရှုံး မရှိပါဘူးအေ၊ မပူပါနဲ့"

"သူဌေးကတော်က ယောက်ျားတွေလို ဖဲရိုက်သယ် ဟုတ်ကဲ့လား"

"ကလေးကို ညည်းနဲ့ထားပြီး ထွက်ထွက်နေသာ သူဌေးမအချင်းချင်း ဖဲရိုက်ထွက်သာပေါ့အေ၊ လင်ကလည်း မနိုင်ဘူးနဲ့ တူပါရဲ့။ စိတ်ဆင်းရဲပါသယ်အေ၊ ချမ်းသာလွန်းလို့ တော်တော့သယ်၊ ငွေကို ဖလားနဲ့ ခပ်သုံးနေတဲ့ အတိုင်းပဲ"

"ခြူးခြူးကော ဘယ်လိုနေသေးလဲ ဒေါ်ကြီး"

"မပြောတတ်ဘူး၊ ငါလည်း အပေါ်မှ မတက်ရသာ"

ကျီးမနိုးကတော့ ရွာပြန်ရမယ့် အမိန့်ကို စောင့်နေရုံကလွဲလို့ ဘာရှိမှာတုံး။ သူသနားတဲ့ ခြူးခြူးကလေး နေကောင်းပါစေတော့လို့ ဆုတောင်းရုံကလွဲလို့ကော တခြား ဘာရှိမှာတဲ့တုံး။ ရွာပြန်ရမယ်ဆိုမှ ရွာပြန်ချင်စိတ်တွေ ပွင့်ထွက်မတတ် ခံစားမိသယ်။ သည်နှစ် သူတို့ရွာ ကျွဲခလောက်ဘုရားပွဲ။ ရွာနီးချင်း သုံးရွာဖြစ်တဲ့ ကျွဲခလောက်၊ ကိုင်းပင်နဲ့ ကုန်းမန်ကျည်းသုံးရွာက တစ်ရွာ တစ်လှည့်စီ ဘုရားပွဲမှာ ဇာတ်ထည့်နေကျ။ တစ်ရွာကို နှစ်နှစ်က ပိုက်ဆံစု၊ သုံးနှစ်မြောက်နှစ်မှာ ကျတဲ့ရွာက ဘုရားပွဲကျင်းပ၊ ဘုရားပွဲမှာ ဇာတ်ပွဲထည့်၊ သည်နှစ်က ကျွဲခလောက်ရွာ အလှည့်ကျတဲ့နှစ်။ ကျီးမနိုးစိတ်မကောင်းသာက ရွာကို အိမ်ကြီးရှင်က ရိုက်နှက်လွှတ်လိုက်လို့ ပြန်ရသယ်ဆိုသာကိုပါ။ ဒါပေသိ ကျီးမနိုးကိုယ်တိုင်က ဘာမှတတ်နိုင်သာမှ မဟုတ်သာလေ။ ကိုယ့်ကိုယ်ကိုယ်လည်း ဖြေသိမ့်ပါရဲ့။ ရွာပြန်ရမှတော့ ဝေါနဲ့ပဲ ထမ်းပို့ပို့၊ ကြိမ်နဲ့ပဲ ရိုက်လွှတ်လွှတ် ရောက်ရဖို့ လိုရင်း မဟုတ်လား။ အဖေက ရောဂါသည်၊ အမေက ကလေးသုံးယောက်နဲ့၊ သည်အရွယ်ရောက်မှတော့ ကျီးမနိုး မိဘလုပ်ကျွေးနိုင်ပါပြီ။ ပိတ်စွယ်တို့ တိုးကြီးတို့ တိုးလေးတို့ကိုလည်း လွမ်းပါရဲ့။ ဒါပေသိ ကျီးမနိုး မျှော်လင့်သလို ဖြစ်မလာခဲ့ဘူး။

**ဆက်လက်ဖော်ပြပါမည်**

**ခင်ခင်ထူး**




ဝတ္ထုတိုရသ

(၁)

ရွာထိပ်ရေကန်ကြီး ရှေ့ရောက်တော့မှပဲ ရွာထဲရောက်လျှင် သူဝင်စရာအိမ်မရှိတော့ကြောင်းကို ကိုမင်းမောင် သတိရမိတော့သည်။

မြန်မာပြည်ပြန်ရောက်ရောက်ချင်း လေယာဉ်ပေါ်က ဆင်းခါစက ခံစားမိသော ခြေထောက်နှစ်ချောင်းစလုံး အားမရှိတော့သည့် ခံစားချက်မျိုး ပြန်ပေါ်လာသည်။

ရေကန်ကြီးကတော့ သူတို့ ငယ်ငယ်တုန်းကလိုပဲ ကန်အပြည့် ကြာပင်ကြာပန်းတို့နှင့်တင့်တယ်



နေမြဲ။ ကန်ဘေးမှာ ငှက်ပျောပင်တွေကလည်း ထူထပ်စွာပေါက်နေကြမြဲ။ ပိတောက်ပင်ကြီးနှင့် သရက်ပင်ကြီးကိုတော့ မတွေ့တော့။ တခြားသစ်ပင်ကြီးတွေလည်း တော်တော်နည်းသွားပုံရသည်။ နေက သူငယ်ငယ်က ကြုံခဲ့ဖူးသည့် ညနေခင်းတွေထက် သိသိသာသာ ပူနေသည်။

ရွာကလည်း ကန်နှင့် နည်းနည်း ပိုဝေးသွားတာလားမသိ၊ ကန်နားက ရပ်ကြည့်လိုက်လျှင် ထင်ထင်ရှားရှားမြင်ရသည့် တဲကလေးတွေသိပ်မရှိတော့။ မြို့ပြကကျေးလက်ကိုဖြန့်ထွက်မလာဘဲ ကျေးလက်ကလူတွေက မြို့ပြကို ရွှေ့ပြောင်းတာများလွန်းနေသည်ဟု နိုင်ငံခြားမှာတုန်းက သူကြားခဲ့ရသည့် သတင်းတွေပဲ မှန်နေပြီလားမသိ။

စိတ်ပျက်လက်ပျက်နှင့် ကန်ပေါင်ကိုပတ်၍ လျှောက်လာခဲ့သည်။ ကန်ထဲကို ရေခပ်ဆင်းသည့် အုတ်လှေကားကလေးထိပ်တွင် ညောင်ပင်ကြီးက အရိပ်အာဝါသကောင်းနေဆဲ။ ညောင်ပင်မှာကပ်ရိုက်ထားသည့် ရေချမ်းစင်ကိုတော့ မတွေ့ရတော့။

လွန်ခဲ့သော ၁၀ နှစ်လောက်ကတော့ သည်ရေချမ်းစင်က ရေအိုးကလေးကရေခပ်ဆင်းသူ တိုင်းဖြည့်ဖြည့်သွားသဖြင့် အမြဲ ပြည့်ပြီးစီးရွှဲနေတတ်သည်။ ယခု တော့ ရေခပ်ဆင်းသူတွေပဲ မရှိတော့တာလား။ လူတွေကပဲ ပလတ်စတစ်ဘူးထဲက သောက်ရေသန့်ကိုသာ သောက်နေကြတော့တာလားမသိ။

အုတ်လှေကားကလေး၏ ထိပ်ညောင်ပင်ရိပ်မှာ မျက်နှာချင်းဆိုင်ထားသည့် နှစ်ယောက်ထိုင်အုတ်ခုံကလေးနှစ်ခုရှိသည်။

ငယ်ငယ်က သူနှင့် သူငယ်ချင်းမောင်ဝင်းတို့ ထိုင်နေကျ။

သူက ဒီရွာမှာနေတာမဟုတ်။ သည်ရွာနှင့် ၅ မိုင်လောက်ဝေးသော စက်ရုံဝင်းထဲမှာနေတာဖြစ်သည်။ ကျောင်းတက်ရင်း သည်ရွာသားမောင်ဝင်းနှင့် သူငယ်ချင်းဖြစ်တော့ သည်ရွာကလေးကို ကျောင်းပိတ်ရက်တွေမှာ စက်ဘီးနှင့် လာလာလည်တတ်သည်။

သူငယ်ချင်းနှစ်ယောက်သည် အုတ်ခုံကလေးမှာ ခဏခဏထိုင်၍ နာရီနှင့်ချီပြီး စကားတွေပြောဖူးကြသည်။ တစ်ခါတလေ မောင်ဝင်းညီမလေးငြိမ်းငြိမ်းကိုပါ မောင်ဝင်းက ခေါ်လာတတ်သည်။

သူတို့နှစ်ယောက်က ၁၄ နှစ် ၁၅ နှစ်လောက်။ ငြိမ်းငြိမ်းကလေးက ရှိလှ ၄ နှစ်ပေါ့။ ကျောင်းမနေသေး။ ဘာရယ်တော့မဟုတ်။ မောင်ဝင်း အဖေကြီးက ကောင်းကောင်းမကျန်းမာ၊ အမေကြီးက အလုပ်ရှုပ်နေတာနှင့်ကလေးကို မောင်ဝင်းပဲ အတူဆော့ကစားပေးနေ၊ ထိန်းပေးနေရတာဖြစ်သည်။

ကိုမင်းမောင်အုတ်ခုံမှာ ဝင်ထိုင်ရင်း သက်ပြင်းချသည်။ ဒါတွေက ဘာလိုလိုနှင့် အနှစ်နှစ်ဆယ်ကျော်ခဲ့ပြီ။ သူ့စိတ်ထဲမှာ မနေ့တစ်နေ့ကလိုပင် မှတ်မိနေဆဲ။

(၂)

“ငါတို့ ပြောင်းရတော့မယ်၊ မောင်ဝင်း”

“အေး၊ ငါကြားတယ်”

မောင်ဝင်းကတုံးတိတိ ဖြေရင်း ကန်ရေပြင်ကို ငေးနေသည်။ ပြီးတော့ ခြောက်ကပ်ကပ်ရယ်သည်။

“တော်သေးတာပေါ့ကွာ။ ၁၀ တန်းပြီးမှ အမိန့်ထွက်လို့။ တိုးလိုးတန်းလန်းဆို မင်းတော်တော်ပျာသွားမှာ”

သူငယ်ချင်းသံယောဇဉ်ကြောင့် ခွဲခွာရတာကို ဝမ်းနည်းဟန်ပြရမှာ မောင်ဝင်းအားနာနေဟန်ရှိသည်။

ငြိမ်းငြိမ်းကလေးက သူတို့ရှေ့ကမြေကြီးပေါ်မှာထိုင်၍ အိုးပုတ်ကလေးတွေနှင့် ဆော့ကစားနေသည်။ အိုးကလေးတွေထဲကို မြေကြီးတွေ ဖြည့်လိုက်သွန်လိုက်နှင့် ပါးစပ်ကလည်း တစ်ယောက်တည်း ဘာမှန်း မသိသောစကားတွေပြောနေသည်။

“မင်း ၁၀ တန်းအောင်ရင် မန္တလေးတက္ကသိုလ်တက်မှာလား မောင်ဝင်း”

မောင်ဝင်းကရယ်၍ ခေါင်းခါသည်။

“အောင်မယ် မထင်ပါဘူးကွာ။ အောင်လည်း အလွန်ဆုံး အဝေးသင်ပေါ့။ ငါ့အဖေကျန်းမာရေးလည်း မင်းသိသားပဲ။ ငါမှ အလုပ်မလုပ်ရင် ငြိမ်းငြိမ်းလေး ဘယ်လိုလုပ်ပညာသင်ပေးမလဲ”

မင်းမောင်အာစေးမိသွားပါသည်။

(၃)

မောင်ဝင်းသူ့ကိုယ်သူ နိမိတ်ဖတ်ခဲ့သလိုပင် ၁၀ တန်းကျသည်။ ပြန်ဖြေတာလည်း မအောင်ကြောင်းကြားရသည်။ မြို့တက်၍ ဆိုင်ကယ်ပြင်ဆိုင်မှာဝင် လုပ်သတဲ့။ နောက်နည်းနည်းကျွမ်းကျင်လာချိန်တွင် ရွာနီးချုပ်စပ်မှာ ဆိုင်ကယ်တွေများလာသဖြင့် ရွာပြန်ဆိုင်ကယ်ပြင်ဆိုင်ဖွင့်သတဲ့။

မင်းမောင် တက္ကသိုလ်ဒုတိယနှစ်မှာ နိုင်ငံခြားတက္ကသိုလ်တစ်ခုဝင်ခွင့်ရ၍ မြန်မာနိုင်ငံမှ မထွက်ခွာမီ မောင်ဝင်းကို သွားရှာတွေ့သေးသည်။ သူငယ်ချင်းနှစ်ယောက်သည်ခုံမှာ ထိုင်ဖြစ်သေးသည်။

အသားအရေ မည်းပြောင်နေသော်လည်း မောင်ဝင်းမျက်နှာက အပြုံးမပျက်ခဲ့။

“အရိပ်ထဲ အလုပ်လုပ်ရတာ ဒီလောက်မည်းသွားရလား သူငယ်ချင်းရာ”

မောင်ဝင်းက ရယ်သည်။

“ဆိုင်ကယ်ပြင်တာများ မင်းက ကားဝပ်ရှော့မှတ်နေလား။ ပြီးတော့ ဘာပစ္စည်းမှ ကြိုဝယ်ထားနိုင်တာမဟုတ်ဘူး။ လိုတိုင်းကိုယ့်ဟာကိုယ်မြို့တက်ဝယ်ရတာ”

“အဆင်ရောပြေရဲ့လားကွာ”

ပခုံးတွန့်ပြသည်။

"အဖေကဆုံးသွားတော့ ဆေးဖိုးတော့ရှာစရာမလိုတော့ဘူးပေါ့ကွာ။ ငြိမ်းငြိမ်းလေးကျောင်းစရိတ်ကလည်း မူလတန်းပဲဆိုတော့ သိပ်မကုန်ဘူးပေါ့။ နောက်ဆိုရင်တော့ ပိုရှာရမှာပေါ့"

အဲဒီညက သူ့ရွာမှာအိပ်ဖြစ်သည်။ ညစာစားအပြီးတွင် ရှစ်နှစ်ပဲ ရှိသေးသော ငြိမ်းငြိမ်းလေးက လက်ဖက်သုပ် ပန်းကန်လေးချပေးပြီး . . . လက်ဖက်စားပါဦး ကိုကိုကြီး. . . ဟု ယဉ်ကျေးချိုသာစွာ ပြောတော့ သူ သဘောကျစွာ ရယ်မောပြီး ကလေးပါးလေးကို လိမ်ဆွဲခဲ့မိတာတောင် မှတ်မိသေး။

(၄)

သူနိုင်ငံခြားမှာ လုပ်ငန်းစီမံခန့်ခွဲမှုပညာနှင့် ဘွဲ့ရပြီးအလုပ်လုပ်ရင်း ဘွဲ့လွန်ဆက်တက်တော့ မြန်မာပြည် တော်တော်နှင့် ပြန်မရောက်ဖြစ်။

ပြန်ရောက်သည့်အခေါက်မှာတော့ မိဘတွေကို အညာဘုရားဖူးပို့ရင်း သူ့ရွာကလေးကို ရောက်ဖြစ်အောင် ရောက်ခဲ့သေးသည်။

သည်တစ်ခါတော့ ရွာထိပ်ရောက်သည်နှင့် အင်္ကျီမပါသော ကျောပြောင်ကြီးနှင့် လုံချည်တိုတိုဝတ်ပြီး ဆိုင်ကယ်စီးလာသော မောင်ဝင်းနှင့် တည့်တည့်တိုးသည်။

အသား နည်းနည်းပိုမည်းသွားပြီး ဗိုက်နည်းနည်း ရွှဲလာသော်လည်း မောင်ဝင်းကို သူချက်ချင်း မှတ်မိပါသည်။

" မောင်ဝင်း"

မောင်ဝင်းက ဆိုင်ကယ်ရပ်၍ သူ့ကို ခဏကြောင်ကြည့်နေပြီးမှ ရုတ်တရက် ပြုံးလာပြီး ဆိုင်ကယ်ပေါ်က အူယားဖားယား ပြေးဆင်းလာသည်။

" မင်းမောင်. . အောင်မယ်လေး ငါ့ သူငယ်ချင်း ဖြူဝင်းပြီး ချောလို့ပါလားကွ။ ငါက ငါတို့ရွာကို အမ်တီဗီလာရိုက်တဲ့ မင်းသားများလားလို့ဟ။ ဘယ်တုန်းက မြန်မာပြည်ရောက်သလဲ။ အပြီး ပြန်လာတာလား"

" ဖြည်းဖြည်းမေးပါကွာ. . ခဏလာတာပေါ့ကွ။ မင်းသတိရ လို့ ဝင်လာတာ။ မင်းကအခု တခြားသွားမလို့လား"

ခေါင်းခါပြသည်။

"ရေကန်တင်ပါကွာ"

"ရေကန် ဘာသွားလုပ်မလို့လဲ"

ငြိမ်းငြိမ်းရေခပ်သွားတာကြာလို့ အမေကလိုက်ကြည့် ဆိုလို့ဟ မင်းကတစ်ဦးတည်းသောသား။ ဒီဒုက္ခတွေ မသိဘူး။ နှမအပျိုဖြစ်တာ မောင် ဘယ်လောက်အလုပ်ရှုပ်တယ်မှတ်သလဲ"

မင်းမောင်က ရယ်သည်။

"အဲဒီဒုက္ခတွေ ခံချင်တာပါကွာ။ အမေက ငါ့ကိုနှမကလေး တစ်ယောက်မှ မွေးမပေးလို့။ မွေးပေးရင်ဖူးဖူးမှုတ်ထားမှာ။ နို့. . ငြိမ်းငြိမ်းက မလိမ္မာလို့လား။ မင်းက ဒီလောက်စိတ်ပူနေရအောင်"

"လိမ္မာပါ့ကွာ။ ကျောင်းမှာလည်း'တစ်'ချည်းပဲ။ စိတ်ပူရတာ တော့. . မင်းသာလိုက်ကြည့်ပေတော့"

သူငယ်ချင်း နှစ်ယောက်သား ထိုင်နေကျ အုတ်ခုံကလေးဆီ အထိ ဆိုင်ကယ်ကို တွန်းယူသွားကြသည်။

အဲဒီအချိန်မှာပဲ အသက်၁၆ နှစ်ခန့် အပျိုပေါက် မိန်းကလေး တစ်ဦး ရေကန်ဘက်ဆီမှ ရေအိုးကလေး ခါးပွေ့၍ တက်လာနေသည်။ ကျောင်းဝတ်စုံ အနွမ်းကလေးနှင့်မို့ ငြိမ်းငြိမ်းပဲ ဖြစ်မှာပဲဟု မင်းမောင် တွက်မိသည်။

မိန်းကလေးကမော့ကြည့်လိုက်တော့ မင်းမောင် ပါးစပ်အဟောင်းသား ဖြစ်သွားပါသည်။

"ငြိမ်းငြိမ်း 'ညီမလေး' မင်းမောင်ကြီး မှတ်မိလား"

ငြိမ်းငြိမ်းက ချစ်စဖွယ်ပြုံး၍ ခေါင်းညိတ်ပြသည်။

"မှတ်မိပါတယ်။ ကိုကိုကြီးက ဖြူလို့ ချောလို့"

မင်းမောင် မှင်တက်နေဆဲ။ မောင်ဝင်းကရယ်သည်။

"ငါ့နှမ ငါဘာလို့ စိတ်ပူလဲ သိပြီလား. ဟေ့ကောင်"

မင်းမောင်ခေါင်းညိတ်ပြသည်။

''ဟုတ်ပ ညီမလေးရယ် မောင်ဝင်းနဲ့ တစ်ဖေအေတည်း တစ်မအေတည်းလို့တောင် ထင်စရာ မရှိဘူး၊ ဘယ်တုန်းက အဲသလောက် လှသွားရတာလဲ"

မောင်ဝင်းက. . ခွေးကောင်. ဟု ဆဲ၍ရယ်သည်။

"မင်းတို့လို ဘဝမျိုးမှာတော့ နှမလှလှ ရှိတာဂုဏ်ယူစရာပေါ့ကွာ။ ငါတို့ဘဝမှာတော့ နှမလှလှ ရှိတာ ရင်ထဲပူနေရရောကွ။ သူ့ရွယ်တူတွေကလည်း စိတ်ပူစရာကောင်တွေချည်းပဲကွာ"

မင်းမောင်စာနာစွာ ခေါင်းညိတ်ပြသည်။

"ငြိမ်းငြိမ်းက ဘယ်နှတန်းလဲ"

"၁၀တန်းပါ ကိုကိုကြီး"

မင်းမောင်ကမောင်ဝင်းကို လှည့်ကြည့်သည်။

"၁၀ တန်းတော့ ရေခပ်မခိုင်းနဲ့တော့လေကွာ။ ဟေ့ကောင်။ မင်းပဲငယ်ငယ်က မင်းနှမကို ပညာတော်စေချင်တယ်ဆိုပြီး"

"ဒါလေးတစ်ခုတည်းခိုင်းတာပါကွာ။ ဒါတောင်သူက မနေတာပါ။ မင်းကလည်း။ အစ်ကိုအရင်းထက်ကဲ ပြနေပြန်ပြီ"

သူငယ်ချင်းနှစ်ယောက်သား ရယ်တော့ ငြိမ်းငြိမ်းကချစ်စဖွယ် လိုက်ရယ်ပါသည်။ အဲသည့် ညက သူ့ရွာမှာ အိပ်တော့ ငြိမ်းငြိမ်းက အစဉ်အလာမပျက် လက်ဖက်သုပ် ကျွေးပါသေးသည်။

(၅)

ကိုမင်းမောင် ရေကန်ကြီးဘက်ကို ငေးကြည့်နေရင်း မျက်ရည်ဝိုင်းလာသည်။

သည်ရေကန်ကြီးရှေ့မှာ သူရယ်နိုင်တာနောက်ဆုံးအချိန်ဖြစ်ခဲ့သော ထိုနေ့ကလေးကို ပြန်သတိရမိတိုင်း သူမျက်ရည်လည်ချင်သည်။

အဲသည် တစ်ခေါက်ကသူ ရန်ကုန်ပြန်ရောက်ရောက်ချင်း ရွာပြန်ပြေးရပါသည်။ ရွာက ကျောင်းဆရာလေးက မောင်ဝင်းကို သူပေးခဲ့သော ဖုန်းနံပါတ်နှင့် ဖုန်းဆက်ခေါ်၍ပါ။

မောင်ဝင်းရွာကနေ မြို့ကို ဆိုင်ကယ်နှင့် ဆိုင်ကယ်ပစ္စည်းတက်ဝယ်ရင်း ကုန်ကားနှင့် တိုက်မိသတဲ့။ ဦးထုပ်ကလည်း ဆောင်းမထား

သည်ရေကန်ကြီးရှေ့မှာ
သူရယ်နိုင်တာ
နောက်ဆုံးအချိန်ဖြစ်ခဲ့သော
ထိုနေ့ကလေးကို
ပြန်သတိရမိတိုင်း
သူမျက်ရည်လည်ချင်သည်။



သဖြင့် ပွဲချင်းပြီးရောတဲ့။

မောင်ဝင်း အသုဘချအပြီးမှာ မျက်နှာကလေး နီရဲမို့ဖောင်းနေအောင် နေ့ရော၊ ညပါငိုနေသည့် ငြိမ်းငြိမ်း၏ မျက်နှာကလေးကို ငေးကြည့်ရင်း မင်းမောင်တစ်ယောက် ဖျောင်းဖျဖို့စကားလုံး ရှာမတွေ့ခဲ့ပါ။

ကျောင်းဆရာကလေးကတော့ အရေးအကြီးဆုံးစကားကို တိုးတိုးကလေးညည်းတွား၍ ပြောပါ သည်။

"ကလေးပညာရေးနှမြောစရာဗျာ။ စာသိပ်တော်တာဗျ"

မင်းမောင်တုန်တက်သွားပါသည်။

တစ်ညလုံးစဉ်းစားပြီးနောက်တွင်တော့ သူဆုံးဖြတ်ချက်တစ်ရပ်ကို ပြတ်သားစွာချနိုင်ခဲ့ပါသည်။ နောက်တစ်နေ့မနက်မှာ ကျောင်းဆရာ ကလေးနှင့် ရွာလူကြီးတချို့ကို ခေါ်၍ ငြိမ်းငြိမ်းတို့သားအမိကို သူစကားပြောပါသည်။

"မောင်ဝင်းနှမဟာ ကျွန်တော့်နှမပါပဲ။ ကျွန်တော့်မန်နေဂျာပေါက်စလေးဟာ နိုင်ငံခြားမှာတော့ ဘာမှမဟုတ်ပေမဲ့ မြန်မာပြည် နှုန်းနဲ့ဆိုရင်တော့ ငြိမ်းငြိမ်းဘယ်

ပျော်ရာမှာမနေ
တော်ရာမှာနေရမယ်ဆိုပေမဲ့
သည်လိုဘဝမျိုးမှာ
ရုန်းကန်နေရတာကနေ
ထွက်သွားရမှာ
ပျော်မယ်လို့လည်း
မသေချာ
တော်တယ်လို့လည်း
မသေချာတော့ ဒီနေ့ကနေ
ကြာရိုးကလေးတန်းလန်း
နဲ့ပဲ ဆက်နေနေရဦးမှာပဲ



တက္ကသိုလ်တက်တက် ဘွဲ့ရတဲ့အထိ ကျွန်တော်တာဝန်ယူနိုင်ပါတယ်။ လူကြီးတွေသဘောတူမယ်ဆိုရင် ဒီအနီးဆုံးမြို့အထိ ကျွန်တော်ငွေမှန်မှန်လွှဲပေးပါမယ်။ ငြိမ်းငြိမ်းတို့သွားယူနိုင်ဖို့ လူကြီးတွေ ဝိုင်းစဉ်းစားပေးကြပါ"

ငြိမ်းငြိမ်းတို့ သားအမိက ပထမတော့ အားနာခြင်း သည်းစွာငြင်းကြသေးသည်။ နောက်တော့ လူကြီးတွေပါဝင်ဖျောင်းဖျမှ လက်ခံသည်။

အဲသည် တစ်ခေါက်က သူပြန်တော့ ငြိမ်းငြိမ်းသူ့ကို ကန်တော့ပါသည်။

(၆)

ကိုမင်းမောင်မျက်နှာကို ကန်ရေပြင်မှ ဖြတ်သန်းလာသည့် လေအေးကလေးတိုက်ခတ်တော့ ပါးပြင်က ချွေးစက်ကလေးတွေက အေးမြမြအရသာကို ခံစားရသည်။

ကြာခဲ့ပါပြီ။ ဆယ်နှစ်တောင် မကတော့။

ငြိမ်းငြိမ်းကိုလည်း အဲဒီကတည်းက သူမတွေ့ရတော့ပါ။

ငြိမ်းငြိမ်း ၁၀ တန်းကိုထူးချွန်စွာအောင်ပါလျက်နှင့် အဝေးသင်တက္ကသိုလ်ပဲတက်မည်ဟု သူ့ကို စာရေးစဉ်က သူဆေးတက္ကသိုလ်အတင်းတက်ခိုင်းခဲ့သည်။ မကွေးဆေးတက္ကသိုလ်မှာ ငြိမ်းငြိမ်းတက်နေသည့် ငါးနှစ်စလုံးလည်း သူ့ကို စာမှန်မှန်ရေးခဲ့သည်။ တစ်နှစ် တစ်တန်းလည်း အောင်သတဲ့။ အစကတည်းက လိမ္မာသောကလေးပဲ။ ဘဝပေးအသိနှင့် ပို၍ပင် ဆင်ခြင်တုံတရားပြည့်ဝတော့ပေမပေါ့။

ငြိမ်းငြိမ်း အလုပ်သင်ဆရာဝန်ဖြစ်သောနှစ်မှာ ငြိမ်းငြိမ်း အမေဆုံးသည်။ ငြိမ်းငြိမ်းက မကွေးတွင်ပင် အလုပ်သင်ဆရာဝန် ဆက်ဆင်းသည်။

သူ့ကိုတော့ စာမှန်မှန်ရေးနေဆဲ။ အလုပ်သင်ဆရာဝန်လစာ အဲဒီ့အချိန်က တစ်ထောင်ကျော်သာရသော်လည်း ၁၀တန်းဖြေမည့် ကျောင်းသူ၊ ကျောင်းသားတွေကို အချိန်ပိုင်း ကျူရှင်ပြရာမှ ဝင်ငွေလုံလောက်ကြောင်းနှင့် ကူညီခဲ့သည်တို့ကို ကျေးဇူးတင်ကြောင်း၊ ကျောင်းလည်းပြီးပြီမို့ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ကြည့်ချင်ကြောင်း၊ ငွေမပို့တော့ရန် အကြောင်းတွေ ပါလာသည်။

အဲဒီ့အချိန်မှာ ကိုမင်းမောင်ရနေသော လစာနှင့် စာလျှင် ငြိမ်းငြိမ်းကို ပို့ရသောငွေမှာ ဘာမှမရှိတော့သော်လည်း လူငယ်တစ်ဦး ၏ ကြိုးစားချင်သော စိတ်ကိုအားပေးလိုစိတ်ဖြင့် ကိုမင်းမောင်က ငွေမပို့တော့ဘဲ လိုအပ်လျှင် အချိန်မရွေး စာရေးရန်သာ မှာလိုက်သည်။

အလုပ်သင် ဆရာဝန်ပြီးတော့လည်း ငြိမ်းငြိမ်းမကွေးတွင်ပင် ဆက်နေနေသတဲ့။ ပုဂ္ဂလိက ဆေးရုံတစ်ရုံတွင် ဝင်လုပ်ရင်းကျူရှင်ဆက်ပြနေသတဲ့။ နောက်တော့ လက်ထောက် ဆရာဝန်ရွေးချယ်စာမေးပွဲဝင်ဖြေတာအောင်သတဲ့။ မေမြို့ ဇီးပင်ကြီးဗဟိုဝန်ထမ်းတက္ကသိုလ်မှာသုံးလ သင်တန်းတက်ရမတဲ့။ အောင်လျှင် ဘယ်မြို့ကို ရောက်မည်မသိသေးတဲ့။

အဲသည်အချိန်မှာ တခြားနိုင်ငံကြီးတစ်ခုက ကုမ္ပဏီကြီးတစ်ခုတွင် ပိုကောင်းသောလခနှင့် ကိုမင်းမောင်အလုပ်ရသဖြင့် နိုင်ငံပါပြောင်းခဲ့ရသည်။ ငြိမ်းငြိမ်းစာတွေ ဆက်မရလျှင် အဆက်အသွယ်ပြတ်သွားမည်စိုးသဖြင့် စာရောက်လျှင် ဆက်ပို့ပေးရန် အစီအစဉ်များလုပ်ခဲ့သော်လည်း အဲသည်နောက်ပိုင်း ဘာစာမှ မရောက်တော့ပါ။

သိပ်အလှမ်းဝေးသည့် မြို့တစ်မြို့မြို့ကိုပဲ ရောက်သွားတာလား။ အိမ်ထောင်တွေ ဘာတွေကျသွားပြီး ကိုမင်းမောင်ဆီစာမရေးအားတော့တာလား။ စာတွေပဲ လမ်းမှာ ပျောက်တာလား။

ဝေခွဲ၍မရပါ။

ဘာပဲ ဖြစ်ဖြစ်။ ယခု လောက်ဆိုသူငယ်ချင်း အပေါ်တာဝန်ကျေခဲ့ပြီဟု ယူဆမိ၍လည်းကောင်း၊ ကိုယ်ကိုယ်တိုင်လည်း လူပျိုကြီးဖြစ်နေဆဲမို့ ကိုယ်ကူညီဖူးခဲ့သောဆရာဝန်မလေးကလေးတစ်ယောက်ကို ရှာဆုံးရှာဖွေလိုက်ရာမှာ လည်းကောင်း၊ ပိုကြီးသောရာထူးတွင် ပိုကြီးသော တာဝန်နှင့် ပိုများသော အလုပ်တွေပါလာသဖြင့် လည်းကောင်း ကိုမင်းမောင် ငြိမ်းငြိမ်းကို မေ့မေ့ပျောက်ပျောက်ပဲ ထားခဲ့ပါသည်။

ဆယ်နှစ်ကျော်ကြာပြီးမှ ပထဦးဆုံး အကြိမ်မြန်မာပြည် ပြန်လာတော့ ထုံးစံအတိုင်း မိဘတွေနှင့် အညာဘုရားဖူးထွက်ဖြစ်ခဲ့ပြန်ပါသည်။

သည်ရွာမှာ သူနှင့်သိတာ ဘယ်သူမှမကျန်တော့လောက်ဘူးဆိုတာ သိနေသော်လည်း သွားလေသူ သူငယ်ချင်းအတွက် ကုသိုလ်ကောင်းမှုကလေးတစ်ခုခုလုပ်ပေးရင်းက သည်နေရာကလေးတွေကို အလွမ်းပြေကြည့်ဖို့ ယခုဝင်လာခဲ့တာပါ။

သို့သော်

သည် ရေကန်ကြီးက ပြီးလျှင် ဘယ်ကိုများဝင်ရပါမည်တဲ့လဲ။

တွေဝေစွာဖြင့် အုတ်ခုံကပြန်ထသည်။ ခြေတစ်ဖက်က အုတ်လှေကား၏ အစွန်းကိုသွား နင်းမိသဖြင့် ဟပ်ထိုးပစ်လဲ သွားသည်။

"အား"

ခြေထောက်တစ်ဖက်ဆီက နာကျင်မှုကြောင့် ခြေသလုံးပေါ် အောင် လုံချည်ကိုမကြည့်လိုက်တော့ သွေးထွက်နေသည့် ပွန်းရှဒဏ်ရာ။

ဒုက္ခပဲ။

ဆေးထည့်ဖို့ ဒီရွာမှာ ဘာဆေးခန်းမှ မရှိတာ သူမှတ်မိသည်။ မြို့ကို ချက်ချင်းပြန်ချင်လျှင်လည်း ငှားလာသည့် ကားက အဆင်သင့်စောင့်နေတာရှိသည်။ သို့သော် မောင်ဝင်းအတွက်ဘာမှ လုပ်မပေးရသေး။

တကျွတ်ကျွတ်စုတ်သပ်ရင်း နေရာမှထသည်။

ဆေးလက်ထောက်တွေ ဘာတွေများရှိနေပြီလား မသိဘူး။ ရွာနားသွားပြီး ရွာသားတစ်ယောက်ယောက်ကို မေးကြည့်မည်ဟု စိတ်ကူးလိုက်သည်။

(၇)

"ခင်ဗျားကံကောင်းတယ်"

ခေါင်းမခါးထိုးထားသည့် ရွာသားကပြောသည်။

"ဘာကိုလဲ"

"စနေနေ့ဆိုတော့ ရွာထဲမှာ ဆေးလာကုပေးနေတဲ့ ဆရာဝန်တစ်ယောက်ရှိနေတယ်။ သူက ဒီနားကမြို့က မြို့နယ် ဆေးရုံက လက်ထောက်ဆရာဝန်။ စနေ၊ တနင်္ဂနွေဆို ဒီရွာဆင်းလာပြီး ဆေးလာကုပေးတတ်တယ်။ ကျွန်တော်လိုက်ပြပေးမယ်"

ရွာသားကြီးလိုက်ပို့ပေးသော အိမ်ရှေ့ရောက်တော့ သူ့မျက်လုံးများ ပြာဝေသွားပါသည်။

ဒါ. . . မောင်ဝင်းအိမ်ပါလား။

အိမ်ရှေ့မှာ ကွပ်ပျစ်ကလေး

တစ်လုံး။ အဲသည်အပေါ်မှာ အသက်အစိတ်ခန့်ရှိ မိန်းမပျိုကလေး တစ်ဦးနှင့် အသက် ၁၀ နှစ်ခန့်အရွယ်ကလေးလေးငါးဦးရှိသည်။ ကြည့်ရတာ ဆေးကုနေသည့်ပုံတော့ မဟုတ်ပါ။ စာအုပ်တစ်အုပ်နှင့် ကလေးတွေကို ပုံပြင်ဖတ်ပြနေတာဟု ထင်သည်။

သူတို့ရပ်လိုက်တော့ မိန်းမပျိုက မော့ကြည့်သည်။ ပါးစပ်ကလေးအဝိုင်းသားဖြစ်သွားပြီး တပ်ထားသော မျက်မှန်ကလေးကို ချွတ်သည်။

"ကိုကိုကြီးလား"

"ငြိမ်းငြိမ်းလား. . . ဟင်"

မိန်းမပျိုက နေရာမှ ဝုန်းခနဲထ၍သူ့ဆီအပြေးတစ်ပိုင်းလျှောက်လာသည်။ အနားရောက်တော့ သူ့လက်တစ်ဖက်ကို ပြေးဖက်မည့်ဟန်ပြုပြီးမှ ရှိန့်၍ ရပ်လိုက်သည်။ မျက်ရည်တွေ. . . . တွေတွေကျလာသည်။

"ငြိမ်းငြိမ်း။ ညီမလေး။ မငိုနဲ့လေ။ ဘာလို့ငိုရတာလဲ"

ငြိမ်းငြိမ်းက မျက်ရည်များဝင်းလက်နေသော မျက်လုံးတစ်စုံနှင့် မော့ကြည့်သည်။

"ကိုကိုကြီး မကောင်းဘူး။ ငြိမ်းငြိမ်းစာတွေကို တစ်စောင်မှ မပြန်ဘူး။ ပြီးခဲ့တဲ့ နှစ်နှစ်ထဲမှာ ငြိမ်းငြိမ်းရေးတာ အစောင်သုံးဆယ်ကျော်ပြီ။ တစ်စောင်မှကို မပြန်ဘူး။ ငြိမ်းငြိမ်မှာဘာအပြစ်ရှိလို့လဲ။ ငြိမ်းငြိမ်းလိမ်လိမ်မာမာ စာကြိုးစားခဲ့တာပဲ။ ကိုကိုကြီးစိတ်အနှောင့်အယှက်ဖြစ်လောက်အောင် ဘာမှလည်း မလုပ်ခဲ့ဘူး။ ဘာမှလည်း မရေးခဲ့ဘူး"

ဒီလိုကိုး။

ကိုမင်းမောင်သက်ပြင်းချသည်။ ရွာသားကြီးကတော့ ပါးစပ်အဟောင်းသား။

"မရောက်တာပါ။ ညီမလေးရယ်။ နိုင်ငံပြောင်း၊ အလုပ်ပြောင်းသွားတာ။ စာတွေဆက်ပို့ပေးဖို့တော့ စီစဉ်ခဲ့တယ်။ တစ်စောင်မှ ရောက်မလာတာ။ တို့နောက်ဆုံးသိတာ ငြိမ်းငြိမ်း အလုပ်ထဲဝင်သွားတာဆိုတော့ ဘယ်ရောက်နေမှန်း မှ မသိတာ။ ဘယ်လိုလုပ်စာပြန်မလဲ။ ခုလည်း မြန်မာပြည်ခဏပြန်လာရင်း ဒီရွာမှာ ငြိမ်းငြိမ်းတော့ မရှိလောက်တော့ဘူးလို့ ထင်ပေမဲ့ သူငယ်ချင်းအတွက် ကုသိုလ်တစ်ခုခုလုပ်ပေးမလို့ဆိုပြီး ဝင်လာတာ"

ငြိမ်းငြိမ်းမျက်နှာကလေး ဝင်းပလာပါသည်။

(၈)

ရွာထိပ်ရေကန်ကြီးဘေးက အုတ်ခုံတွင် နှစ်ယောက်သားထိုင်ဖြစ်ကြသည်။

"ကိုကိုကြီးမြန်မာပြည် ပြန်မလာသေးဘူးလား"

ငြိမ်းငြိမ်းကမေးသည်။ ကိုမင်းမောင်ဖြေရခက်သွားပါသည်။

"လောလောဆယ်တော့မဖြစ်သေးပါဘူး ငြိမ်းငြိမ်းရယ်။ ဒါနဲ့ ဟိုမှာလည်း ဒီက ဆရာဝန်ကလေးတွေ ထွက်လာကြတာအများကြီးပဲ။ ငြိမ်းငြိမ်းရောမလာချင်ဘူးလား"

ငြိမ်းငြိမ်းကခေါင်းခါသည်။

"သူတို့ကို စိတ်ဆိုးရမလား။ ကိုယ့်ကိုယ်ကိုယ် စိတ်ဆိုးရမလားတောင် မခွဲတတ်တော့ပါဘူး. . . ကိုကိုကြီးရယ်"

ကိုမင်းမောင် မျက်ခုံးပင့်မိသည်။

"ဘာဖြစ်လို့လဲ။ ငြိမ်းငြိမ်း"

ငြိမ်းငြိမ်းက သက်ပြင်းချသည်။

"ဒီမှာလည်း လုပ်စရာတွေက အများကြီးရှိနေသေးတာ။ ကိုကိုကြီးသိတဲ့အတိုင်းပဲ။ တံခါးကပွင့်သွားချင်တော့ သူများတိုင်းပြည်တွေကနေ ကူညီချင်တဲ့ လူတွေ အများကြီး ဝင်လာတာ။ သူတို့တောင် ဒီလာနေတဲ့ အချိန်မှာ ကိုယ်က ဒီကနေ ထွက်သွားရမှာ လိပ်ပြာမလုံပါဘူး ကိုကိုကြီးရယ်။ ဒီမှာ ကိုယ်တွေ လုပ်နေတာတွေကို တကယ်ကူညီရာကျနေပြီလားလို့ ကြည့်တော့လည်း ငြိမ်းငြိမ်းတို့ရွာ တောင် ကိုကိုကြီး မြင်တဲ့အတိုင်းပဲ။ ဘာတိုးတက်သေးလို့လဲ။ ဆရာဝန်တောင် နီးနီးနားနားမရှိလို့ ငြိမ်းငြိမ်းက ဟိုမြို့နယ်ဆေးရုံရှိတဲ့ မြို့မှာနေရင်းက တစ်ပတ်တစ်ခါလာကုပေးနေရတာ။ နေရာတိုင်း ဒီလိုချည်းပဲ"

ကိုမင်းမောင်အသက်ရှူရကျပ်သွားသည်။

"ဘာဖြစ်လို့လဲ"

"ဘာကိုမေးတာလဲကိုကိုကြီး"

"တစ်ကမ္ဘာလုံးကလည်း အဲဒီအဖြေကိုသိချင်နေတာပဲ။ မူဝါဒတွေပြောင်းလာတာသုံးနှစ်လောက်ရှိနေပြီ။ ပြည်သူတွေဘဝ ဘာမှသိသိသာသာ တိုးတက်မလာသေးဘူးတဲ့။ အဲဒါ ဘာဖြစ်လို့လဲလို့"

ငြိမ်းငြိမ်းကရယ်သည်။

"ငြိမ်းငြိမ်းဦးနှောက်ကလေးနဲ့ ဘယ်လိုသိနိုင်ပါ့မလဲ ကိုကိုကြီးရဲ့။ မြို့နယ်ဆရာဝန်ကြီး ပြောဖူးတာတော့ ရှိတယ်"

"ဘာတဲ့လဲ"

"မန်နေဂျာကောင်းတွေလိုနေတာတဲ့"

ကိုမင်းမောင်မျက်လုံးပြူးသွားသည်။

"အဲဒါက ဘာကို ပြောတာလဲ"

"ငြိမ်းငြိမ်းတို့ ကျန်းမာရေးဘက်ကိုပဲ ကြည့်လေ။ ဟိုတုန်းကနဲ့ စာရင်ဘတ်ဂျက်တွေ အများကြီးတိုးရတယ်။ ဘာတိုးတက်သွားသလဲဆိုတော့ အစိုးရဆေးရုံတွေမှာ ဆေးတွေပိုရလာတယ်။ ဆရာဝန်ဆရာမတွေ ပိုခန့်နိုင်လာတယ်။ ဒါပေမဲ့ ဆေးရုံရောက်မလာနိုင်တဲ့ လူနာတွေကတော့ အများကြီးရှိနေတုန်းပဲ။ ရောဂါဖြစ်ပွားနှုန်းတွေကလည်း ကျမသွားသေးဘူး။ တခြားကဏ္ဍတွေမှာလည်း အတူတူပါပဲ။ ပြဿနာတွေကို အဖျားကချည့်လိုက်ရှင်းနေရတယ်။ အရင်းကနေ စနစ်တကျ ရှင်းပစ်ဖို့ ပညာရှင်တွေ အတွေ့အကြုံရှိတဲ့ လူတွေအများကြီးပေါင်းစဉ်းစားပေးရမှာ။ ဦးနှောက်တွေ အများကြီးလိုနေတာပေါ့။ အဲဒီ ဦးနှောက်တွေကလည်း အကုန်လုံးနိုင်ငံခြားမှာ"

ပြောရင်းက သတိရသွားဟန်ဖြင့် ကိုမင်းမောင်ဘက်လှည့်၍ လက်အုပ်ကလေးချီကာ. . . ကန်တော့နော်။ ကိုကိုကြီး . . ဟုပြောလေသည်။ အဲသည် ပြောသည့်ဟန်ကလေးကြောင့်ပင်လားတော့ မသိ။ ကိုမင်းမောင်တစ်ယောက် စကားပြန်မပြောနိုင်လောက်အောင် ပင် ပြင်းပြစွာ ရင်ခုန်နေပါတော့၏။

ငြိမ်းငြိမ်းက ကြာပန်းများ ပြည့်နှက်နေသော ရေကန်ကြီးကို လက်ညှိုးထိုးပြသည်။

"ငြိမ်းငြိမ်းတို့ကတော့ ဟိုကန်ထဲက ကြာပန်းတွေလိုပါပဲ။ နွံထဲကနေ ဖြစ်လာတာ။ နွံနဲ့ အဝေးကြီးကိုလည်း ထွက်မသွားနိုင်ဘူး။ အရိုးပြတ်ရင် အသက်မဆက်နိုင်တော့မှာလည်း ကြောက်တယ်။ ကိုယ်ရှိလို့ နည်းနည်းသာသာယာ ယာရှိသလိုရှိနေသေးတော့ ရေကန်ကိုလည်း အားနာတယ်ဆိုတာမျိုးပေါ့။ ပျော်ရာမှာ မနေတော်ရာမှာ နေရမယ်ဆိုပေမဲ့ သည်လိုဘဝမျိုးမှာ ရုန်းကန်နေရတာကနေ ထွက်သွားရမှာ ပျော်မယ်လို့လည်း မသေချာတော်တယ်လို့လည်း မသေချာတော့ ဒီနွံကနေ ကြာရိုး ကလေး တန်းလန်းနဲ့ပဲ ဆက်နေနေရဦးမှာပဲ"

ကိုမင်းမောင် ကျေနပ်စွာပြုံးမိသည်။

ငါပျိုးခဲ့တဲ့ပန်းကလေးက ကြာပန်းကလေးတဲ့လား။

ဒီပန်းကလေးကိုပျိုးပေးခဲ့မိတာ ကိုယ်မကျေခဲ့သမျှတွေ တစ်စိတ်တစ်ပိုင်းပြန်ဆပ်သလို ဖြစ်ခဲ့ပြီဟု ထင်မိ၏။

အဲသည် ပီတိစိတ်ကို ရီဝေစွာခံစားရင်းနေရာမှထသည်။ ခြေထောက်က ပတ်တီးက နည်းနည်းကျပ်သယောင်ရှိသဖြင့် မသိမသာကလေးယိုင်သွားသည်။ ငြိမ်းငြိမ်းကနေရာမှ ကမန်းကတန်းထ၍ သူ့လက်မောင်းတစ်ဖက်ကို ဖေးမသည်။

ထိသွားတာက လက်ဖဝါးနုနုကလေးနှစ်ဖက်ဖြင့် လက်မောင်းပါပဲ။ သို့သော် ဘေးမှာ ငြိမ်းငြိမ်းရပ်နေသည့် အဟုန်က သူ့ညာဘက်ခြမ်းတစ်ခုလုံးနှင့် ဘယ်ဘက်ရင်ဘတ်ကို နွေးထွေးစေလေသည်။

"တို့ပြန်တော့ ပြန်လာဦးမှာပါ။ တို့ပြန်လာရင် ငြိမ်းငြိမ်းက ဒီရွာထိပ်က လာကြိုမှာလား"

ငြိမ်းငြိမ်းကခေါင်းခါပြသည်။

"ကိုကိုကြီးကလည်း သိမှတော့ လေယာဉ်ကွင်းကတည်းက လာကြိုမှာပေါ့"

ရယ်သံလေးများကြာခင်းတစ်လျှောက်လွင့်ပျံ့သွားပါသည်။

**လက်ာရည်ကျော်**

(က)

နံနက်စောစော နှင်းမှုန်ဖွဲ့ဖွဲ့ကြား 'မိုးပွင့်'၏ နဖူးတွင် ချွေးစို့နေပြီ။ ခြေလှမ်းသွက်သွက် လှမ်းရခြင်းကြောင့်ဟုထင်သည်။ သို့မဟုတ် ဆန္ဒစောနေခြင်းကြောင့်လည်း ဖြစ်မည်။

ဒီနေ့ ကျုံမငေးသဘော်ာပတ်ရှိသည်။ ရန်ကုန် ဝါးတန်းဆိပ်ကမ်းတွင် နံနက်လေးနာရီသဘော်ာ ဆိုက်မည်။ အိမ်ရောက်ပြီးချိန် လောက်မှန်း၍ လာခဲ့ပါဟု 'ကိုခန့် ထွန်း'က မှာထားသည်။ သူ့အိမ်နှင့် မိုးပွင့်၏ အိမ်သည်ရပ်ကွက်၏ အရှေ့ပိုင်းနှင့် အနောက်ပိုင်း ဖြစ်သည်။ မိုးပွင့်တွေ့ချင်နေသည့် အမျိုးသမီးကြီးနှင့် ဒီနေ့ဆုံကြမည် ဟူသောအတွေးကြောင့် ရင်ခုန်နေသေးသည်။

ထို အမျိုးသမီးကြီးသည် အသားညိုသူ၊ အရပ်ပုသူဟု သိနှင့်ပြီးဖြစ်သည်။ အပြောချိုသလား ခါးသလား. . .၊ အနေယဉ်သလားရိုင်းသလား. . . သိချင်စိတ်ဖြင့် မိုးပွင့်ရင်ထဲ တထိတ်ထိတ်။ ထိုအမျိုးသမီးကြီးအတွက် နံနက်ခင်းစာ လက်ဖက်ရည်နှင့် ပေါက်စီဝယ်လာသည်။ နှစ်ဦးသားဆုံလျှင် နှုတ်ဆက်ရမည့်စကားလုံးလည်း ရွေးမရ၊ မည်သို့ခေါ်၍ မည်သည့်စကားဆိုရပါ့. . .။

ကွန်ကရစ်လမ်း နှစ်လမ်းကျော်လျှောက်ပြီး လမ်းကွေ့ထဲသို့ ချိုးဝင်လိုက်သည်။ စိမ်းနုနုအရောင် သံဆန်ခါ တပ်ထားသော သွပ်မိုးပျဉ်ထောင် အိမ်ထဲသို့ ခြေသံဖွဖွဖြင့် လှမ်းဝင်သည်။ စေ့ထားသော တံခါးမကို အသာတွန်းဝင်ပြီး ငေ့ဝဲကြည့်ဖြစ်သည်။

ညှော့ခန်းတီဗီဘက်ကို မျက်နှာမူလျက် ထိုင်နေသော အမျိုးသမီးကြီး၏ ကျောကိုမြင်ရပြီ။ ဒူးတစ်ဖက်ထောင်၊ လက်တစ်ဖက်တွင် ဆေးပေါ့လိပ် ညှပ်လျက်သားနှင့်။ တီဗီမှ တေးသံရှင်ကို တငေးတမော။ မိုးပွင့်က ချောင်းဟန့်အသံပေးလျက်-

"ကိုခန့်ရေ. . ."

အသံမဆုံးမီပင် အမျိုးသမီးကြီးက စွေ့ခနဲ လှည့် ကြည့်သည်။ ခြေဆုံးခေါင်းဆုံး အံ့အားတသင့်ကြည့်နေသည်မှာ ထူးဆန်းပုံရိပ်တစ်ခု မြင်လိုက်ရသည့် ပုံမျိုး။ အတန်ကြာမှ အိမ်ထဲသို့ မေးငေ့ါပြပြီး. . .

"အထဲမှာ ရှိတယ်"

လေသံပြတ်နှင့် ပြောသည်။



ခပ်ဆောင့်ဆောင့် အသံကြောင့် မိုးပွင့်မျက်ခုံးပင့်ခနဲ။ လျှပ်တစ်ပြက် မြင်လိုက်ရသည့် မျက်နှာပုံပန်းသဏ္ဍာန်မှာ နှစ်လိုဖွယ်မရှိ။ ကွမ်းချေးများနှင့် နီစွေးစွေးသွားမှာ မညီမညာ။ မျက်နှာပြင်ပေါ်မှ အဖုအထစ်ကျောက်ပေါက်ရာများလည်း ဟိုတစ်စသည်တစ်စ။ ခပ်စိမ်းစိမ်း ဆက်ဆံချင်ပေမယ့် အလိုက်အထိုက် ခင်မင်ပြရဦးမည်။ တွေး၍မဆုံးမီ အိပ်ခန်းထဲမှ ကိုခန့်ထွက်လာပြီး ပြုံးမြမြဖြင့်. . .

"မိုးပွင့် ဝီရိယကောင်းသားပဲ၊ လာလေ. . . အမေရောက်နေပြီ၊ ဒါ ကိုယ့်အမေလေ မနက်သဘော်ာနဲ့ ရောက်လာတာ"

မိတ်ဆက်စကားဖြင့် အမေ့ကို လက်ညှိုးထိုးပြသည်။ မိုးပွင့်ခေါင်း တစ်ချက်ညိတ် ဦးညွှတ်ပြီး ပြုံးမိသည်။ အမေဆိုသော အမျိုးသမီး၏ မျက်ဝန်းများက မိုးပွင့်၏ ဆံနွယ်များထံ အကြည့်ရောက်နေပြီ။ မနေ့ကမှ အသစ်ပုံသွင်းထားသော ဆံနွယ်ခွေခွေလိပ်လိပ်သည် မိုးပွင့်၏ နဖူးပေါ် ပခုံးပေါ် သို့ဖွာခနဲ ကျသည်။ ကိုခန့်သည် အမေ့ဘက်လှည့်၍ ရယ်ကျဲကျဲဖြင့်. . .

"အမေ ဒါက ကျွန်တော်စာထဲမှာ ရေးထားတဲ့ 'မိုးပွင့်ခွေ'ဆိုတာလေ၊ သူက ရုံးမှာ အရာရှိမလေးဖြစ်နေပြီ အမေရဲ့၊ လှတယ်မဟုတ်လား. . . အမေ"

မိတ်ဆက်ပေးနေသော ကိုခန့်ထံမျက်စောင်းချီလျက် အမေပြောလိုက်ပုံမှာ မိုးပွင့်ရင်ထဲ တွန့်ခနဲ ပင်။

"အင်း. . . အင်း လှပါတော်၊ ရှုပ်ယှက်ခတ်နေတဲ့ ဆံပင်တွေနဲ့"

"အမေ့ ဝေဖန်ချက်ကို ရယ်နေသောကိုခန့်ကြောင့် ရှက်ဝဲဝဲပြုံးပြမိသည်။ ခေတ်ဆန်ခြင်းကို သဘောတွေ့ပုံမရ၊ နောက်နေ့တွင် သည်ဆံနွယ်ကို စည်ထားမှ ဖြစ်မည်။ အမှတ်လျော့သွားနိုင်သည်။ သွားနှင့်လက်ထပ်မည့် မိန်းကလေးပေမယ့် အားမနာတမ်း ပြောချမည့်ပုံမျိုး။ မိုးပွင့်အတွက်တော့ အနေကျုံ့စေမည့် ယောက္ခမလောင်းဟု မှတ်ချက်ချမိပြီ။

# တောက်ပစွာ လောင်ကျွမ်းသော
# မိုးပန်းမွှန်
## (ရာမည)

ဝတ္ထုတိုရသ



ဝယ်လာသော ခုနစ်လွှာ ပေါက်စီနှင့် လက်ဖက်ရည်ကို ကိုခန့်ထံပေးပြီး နီးရာခုံတွင် ထိုင်လိုက်သည်။ အမေ့ကို နောက်ကျောမှ ကြည့်ခွင့်ရသဖြင့် တော်ပေသေး။ တီဗီဘက် မျက်နှာမူထားသော အမေ့ကို ဝေဖန်ကြည့်လျက် ဘဝင်မကျဖြစ်နေသည်။

ဆံနွယ်စများသည် ဖွာလန်ကျဲပြီး ခြောက်သွေ့သွေ့။ ဆေးလိပ်ဖွာနေသည်မှာ မီးခိုးတလူလူ။ ထူထူထဲထဲ ခွေပတ်ထားသော ဆံပင်တစ်အုပ်တမကြီးမှာ သစ်သား ဘီးလေးမှ လျှံထွက်နေသည်။ စကားတိုတိုပြတ်ပြတ်ပြောတတ်ပုံသည်လည်း တောဆန်နေသည်။ သည်အမေနှင့် အတူတူနေရလျှင် ပြောဆိုဆက်ဆံရခက်မှာ သေချာသည်။ မုန့်နှင့် လက်ဖက်ရည်ပန်းကန်ကိုင်၍ ထွက်လာသော ကိုခန့်ကြောင့် မိုးပွင့် ဟန်လုပ်ပြုံးပြရသည်။

"အမေ မုန့်စားပါဦး၊ အမေ့ ချွေးမလောင်းဝယ်လာတာ"

အသံကြား၍ အမေလှည့်ကြည့်သည်။ မုန့်ကို ကြည့်ပြီး မိုးပွင့်ထံ အကြည့်ရောက်သည်။ ခေါင်းခါလျက် -

"ဟေ့အေး. . . အမေ မကြိုက်ဘူးလေ သားရဲ့၊ ဈေးကြီးကကြီး နဲ့"

"ရန်ကုန်မှာက ဈေးမကြီးဘူးလေ၊ အမေ စားစေချင်လို့ ဝယ်လာတာကို"

ကိုခန့်၏ စကားကြောင့် အမေက မုန့်ကို လှမ်းကြည့်သည်။ ကြိုက်လျက်နှင့်ဈေးနှုန်းကြောင့် အားနာစကားဆိုခြင်းဟု မိုးပွင့် နားလည်လိုက်သည်။ စားပါဦးဟု ပန်းကန်ထိုးပေးစဉ် မိုးပွင့်ကို သေချာကြည့်သည်။ အမေ့မျက်နှာက ပြုံးတုံ့တုံ့နှင့်။

"အေးလေ. . . အရာရှိမဆိုတော့ ဝယ်ကျွေးနိုင်တာပေါ့။ အမေကတော့ ကျုံမငေးပုစွန်ချဉ်နဲ့ အုန်းယိုတွေပဲပါတယ်။ သမီးအတွက်ဝယ်လာတာ ယူသွားလေ"

"ဟုတ်ကဲ့ အမေ၊ ကျွန်တော် ထုပ်ထားပြီးပါပြီ။ မိုးပွင့်ယူသွားမှာပါ"

ကိုခန့်က လက်ထဲမှ အထုပ်ကို ပြသည်။ အမေပြုံးကြည့်နေစဉ် အထုပ်ကို ဆွဲ၍နှုတ်ဆက်ပြန်ခဲ့သည်။ ယူသာ ယူခဲ့ရသည်။ မိုးပွင့်ကြိုက်သည့် အစားအစာမဟုတ်။ သွေးတိုးစာနှင့် ချောင်းဆိုးစာကို မိုးပွင့်ရှောင်ခဲ့သည်မှာ ကြာပြီ။

(ခ)

ဒီနေ့ရုံးတက်ရချိန်တွင် မိုးပွင့်ရင်ထဲ၌ ကြည်ကြည်လင်လင်မရှိလှ။

ယောက္ခမတော်ရမည့်သူသည် တောဆန်သူ၊ ကြွားစရာ တစ်ကွက်မှ မရှိသူအဖြစ် မှတ်ချက်ချမိတာ အမှန်။

ကိုခန့်ထွန်းနှင့် ရုံးရှေ့ လက်ဖက်ရည်ဆိုင်တွင် အတူတူထိုင်စဉ်ကလည်း သည်အမေအကြောင်း ပြောမဆုံး။ အခု ရုံးဆင်းချိန်အတူ ပြန်တော့လည်း အမေ့အကြောင်း ပြောပြန်ပြီ။

> ယပ်တောင်အလှလေးဖြင့် တဖျပ်ဖျပ် ယပ်ခတ်နေစဉ် တရှပ်ရှပ် ခြေသံနှင့်အတူ ကိုခန့်၏ အမေက အနားသို့ ရောက်လာသည်။ မိုးပွင့် ရှေ့ရှိ ကုလားထိုင်လွတ်တစ်လုံးတွင် ဘုတ်ခနဲနေအောင် ထိုင်ချသည်။ မျက်လုံးကျယ်ဖြင့် စူးစိုက်ကြည့်ပြီး. . .

''အမေက သိပ်သနားဖို့ကောင်းတာ၊ ပြည့်ပြည့်စုံစုံမရှိတဲ့ မိသားစုထဲမှာ ချွေးမလာဖြစ်ရတော့ သူပင်ပန်းတာပေါ့။ နာတာရှည် ယောက္ခမရော. . . ကျန်းမာရေးညံ့လာတဲ့ လင်သားကိုရော. . . ပြုစုရ၊ ဆေးဖိုးဝါးခရှာရနဲ့ အလုပ်ကလည်း ဝါးထရံရက်တာဆိုတော့ အရမ်းပင်ပန်းရှာတယ်၊ ကိုယ့်ပညာရေးလည်း အမေပဲ ကျောင်းစရိတ်ရှာတာ၊ ဒါပေမဲ့ အမေ့ညည်းညူသံတစ်ခါမှ မကြားရဘူး"

ကိုခန့်ထွန်းပြောသမျှ ခေါင်းညိတ်နားထောင်နေလိုက်သည်။ သည်အမေ ရောက်နေချိန်လေးတွင် ဂရုတစိုက် ရှိစေချင်ပုံရသည်။ အမေ့ကောင်းကြောင်းချည်းပြောနေသည်။ ဒါပေမဲ့ ရင်းနှီးမှုရရန် စကားလက်ဆုံကျ၍ ဖြစ်မည်မဟုတ်။ ရယ်ဒီမိတ်အကျႌ၊ ထဘီစကတ်၊ ဒေါက်မြင့်ဖိနပ်နှင့် ကြော့ကြော့ကော့ကော့ နေတတ်သော မိုးပွင့်ကို အမေ့ဝေဖန်ရေး လျှော့ပေးမည်မဟုတ်။ အမေ့ ရှေ့သို့သွားချိန်လေးတွင် အချိုးဒီဇိုင်းကို ပြင်ပါဦးမှ၊ သဘောမကျဘူးဆိုလျှင် ခက်ဦးမည်၊ ကိုခန့်ထွန်းက သားလိမ္မာလေ။

ကိုခန့်ထွန်း၏ ခြေလှမ်းများ ဈေးတန်းဘက်ကနေ တရွေ့ရွေ့ လျှောက်စဉ် မိုးပွင့်မေးမိပြီ။

"ဘာတွေဝယ်မှာမို့လဲ၊ အတူတူနေတဲ့ ကိုစိုးနဲ့ လှိုင်ဦးတို့ပဲ ဈေးဝယ်နေကျဆို"

ပန်းသစ်တော်သီး၊ ကြက်မောက်သီး၊ ငါးပုဏ္ဏား၊ ကိုက်လန်ရွက်၊ ကြက်ဥ၊ ကြက်သား. . . စသည်များ လက်ဆွဲအိတ်တစ်လုံးနှင့် အပြည့် စိတ်တိုင်းကျဝယ်ပြီးမှ တစ်ခွန်းချင်းဖြေသည်။

"အမေက သူ့ရွာမှာ ဖွယ်ဖွယ်ရာရာ ချက်စားမှာ မဟုတ်ဘူးလေ၊ ဖြစ်သလိုစားနေတာ၊ ကိုယ့်ဆီရောက်တုန်း ကောင်း ကောင်းစားစေချင်လို့ ကိုယ်တိုင်ဝယ်ချက်မှာ"

မိုးပွင့်စိတ်ထဲမှာ သာဓုဟု ရေရွတ်မိသည်။ မွေးရကျိုးနပ်လေခြင်းဟု တွေးမိသွားသည်။ ကိုခန့်၏ အပြောကြောင့် အမေ့ကို သနားသလိုလို ဖြစ်မိသား။ ကားမှတ်တိုင်တွင် ကားစောင့်စဉ်လည်း အမေ့အကြောင်းဆက်ပြန်ပြီ။ ယောက္ခမဆုံး၊ လင်သားဆုံးပြီးနောက် သားနှင့်လိုက်နေရန်လည်း အဆင်မပြေ။ ထိုအိမ်တွင်လည်း မပျော်ပိုက်သဖြင့် မွေးရပ်မြေရွာလေးဆီသို့ ပြန်နေကြောင်း။ ဆွေမျိုးများရှိသဖြင့် ကြည့်ရှုအားပေးကြကြောင်း . . မဆုံးနိုင်သော "အမေပုံပြင်"ကို တဖွဖွပြောပြနေသည်။ မိုးပွင့်က မကြားသလိုလို ဟိုဟိုဒီဒီ ကားမျှော်သလိုလို လုပ်မှ စကားစပြတ်တော့သည်။

စီးရမည့်ကားကို တိုးဝှေ့တက်စဉ်. . . ကိုခန့် အသံကို ကြားနေရသေးသည်။

"မနက်ဖြန် ရုံးပိတ်ရက်မှာ အမေ့ကို ဘုရားလိုက်ပို့မလို့ မိုးပွင့်ရဲ့၊ မိုးပွင့်လည်း လိုက်ခဲ့နော်၊ အမေနဲ့ ရင်းနှီးသွားတာပေါ့ကွာ. . ."

ပြောလည်းပြော ကားထဲလည်း တိုးဝှေ့ဝင်နေသော ကိုခန့်ကို မျက်မှောင်ကြုတ်ကြည့်မိသည်။ တော်တော်လေး စိတ်ပျက်နေပေမယ့်လည်း မရင်းနှီးချင်ပါဘူးဟု ပြောမထွက်ခဲ့။ မိုးပွင့်၏ နှုတ်မှ ဟုတ်ကဲ့ဟု ပြောပြီး ခေါင်းညိတ်မိလျက်သား ဖြစ်သွားပြီ။

(ဂ)

ရုံးပိတ်ရက်ဖြစ်၍ ကိုခန့်ထွန်းတို့ သားအမိနှင့်အတူ မိုးပွင့်လည်း ဘုရားဖူးဖြစ်သည်။ နံနက်စောစော သွားကြမည့် အစီအစဉ်ကြောင့် မိုးမလင်းမီ အလှပြင်နေမိသည့် မိုးပွင့်။ ကိုခန့်အတွက်လား. . . အမေ့ကို ပြချင်၍လား. . . ဘာကြောင့်မှန်းမသိ ရုံးသွားသည်ထက် ပို၍ ပြင်ထားသေးသည်။

ကိုခန့်တို့အိမ်သို့ ကြော့ကြော့လေး လျှောက်လာစဉ် လမ်းထဲမှ အသိအကျွမ်းများက စကြသည်။ ယောက္ခမချီးမွမ်းစေချင်၍ ပြင်ထားသည်တဲ့။ တစ်ဝက်မှန်သည်ဟု ဝန်ခံရမည်ထင်ရဲ့။ ကိုခန့် အိမ်ပေါက်ဝရောက်သည်နှင့် ကိုခန့်၏ညီဝမ်းကွဲ လှိုင်ဦးက. . .

''ဟာ . . . မိုးပွင့်ခြေက အရမ်းမိုက်တာပဲဗျာ၊ ကျွန်တော်တောင် လူမှားသွားတယ်၊ အဒေါ်ရေ. . ဒီမှာ ချွေးမချော ရောက်နေပြီ။ အဒေါ့်ဆံပင်ကြီး ရှင်းလို့ မပြီးသေးဘူးလား"

အသံကျယ်ကြီးဖြင့် နှုတ်ဆက်ပြီး အိမ်ထဲသို့ လှမ်းအော်သည်။ မိုးပွင့်၏ အနေခက်စွာ ကျုံ့ကျုံ့ယုံ့ယုံ့ ဟန်လေးဖြစ်နေပုံကို သဘောတကျ ရယ်နေသေးသည်။ မိုးပွင့်

လည်း နီးရာကုလားထိုင်တွင် ထိုင်ချသည်။ ယပ်တောင်အလှလေး ဖြင့် တဖျပ်ဖျပ်ယပ်ခတ်နေစဉ် တရှပ်ရှပ် ခြေသံနှင့်အတူ ကိုခန့်၏ အမေက အနားသို့ ရောက်လာသည်။ မိုးပွင့် ရှေ့ရှိ ကုလားထိုင်လွတ်တစ်လုံး တွင် ဘုတ်ခနဲနေအောင် ထိုင်ချသည်။ မျက်လုံးကျယ်ဖြင့် စူးစိုက် ကြည့်ပြီး. . .

"ဟယ် . . ဒီကလေးမနှယ် . . . ဝတ်လိုက်ရင် အဆန်းချည်းပဲ၊ အင်္ကျီရင်ဘတ်မှာ တွန့်တွန့်တွေနဲ့၊ ထဘီကလည်း ကျပ်ထုတ်နေတာ . . . ဘယ်လိုများ ချုပ်ထားလဲ မသိဘူး"

အမေ့အပြောကြောင့် မိုးပွင့် အနေခက်ရပြီ။ ကိုခန့်လည်း ရယ်ချင်ပြုံးတုံ့မျက်နှာဖြင့် မိုးပွင့်၏ အနားသို့ လာရပ်သည်။

"ကြည့်ရတာ အဆင်မပြေဘူးလား အမေ"

ကိုခန့်၏ အမေးကို အမေက ခေါင်းခါသည်။ မိုးပွင့်၏ ဝတ်စားဆင်ယင်မှုကို တစ်ကျော့ပြန်ကြည့်လျက်-

"အမေကတော့ မျက်စိ နောက်တာပေါ့၊ သူနဲ့ကျတော့ ကြည့်ကောင်းနေသား"

အေးအေးတည်တည် ပြောသည့် အမေ့ကို ကြည့်၍ ရယ်မောမိကြသည်။ မိုးပွင့်မှာ ပြုံးရမလို မဲ့ရမလိုနှင့်။ ချီးမွမ်းမှန်းမသိ ကဲ့ရဲ့မှန်းမသိ ပြောသော အမေ့ကြောင့် ကိုခန့်က အားနာစကားဆိုသည်။

"အမေ၊ ရိုးပုံကတော့လေ . . . ချီးမွမ်းစကားကိုတောင် နားဝင်ချိုအောင် မပြောဘူး"

"ဟား . . . ဟား . . . ဟား . . . တော်သေးတာပေါ့။ နို့မို့ဆိုရင် နောက်တစ်စုံ သွားလဲခိုင်းဦးမှာ၊ ကျွန်တော်တို့က ခံရပေါင်းများပြီဗျာ"

လှိုင်ဦး၏ စကားကို မိုးပွင့် သိသည်။ အမေသဘောမကျလျှင် ထိုဝတ်စုံကို လဲခိုင်းတတ်ကြောင်း ကိုခန့်ပြောပြဖူးပြီးသား။ ခုလို မလဲခိုင်းသည်ကိုပင် ကျေးဇူး တင်စရာဖြစ်နေပြီ။ မိုးပွင့်စိတ်ထဲ အောင့်သက်သက်နှင့် "ကြည့်မရလည်း မျက်နှာလွှဲနေပေါ့"ဟု ရေရွတ်မိသည်။ အိမ်ရှေ့တွင် ကြိုတင်မှာထားသည့် အငှားကားရောက်လာသည်နှင့် အိမ်မှထွက်ခဲ့ကြသည်။ ကားလေးက ဗိုလ်ချုပ်လမ်းမအတိုင်း တရိပ်ရိပ်ပြေးပြီ။ ဒရိုင်ဘာဘေးခုံတွင် ကိုခန့်ထိုင်၍ နောက်ခုံတန်းတွင် အမေနှင့် မိုးပွင့် အတူတူထိုင်သည်။ အမေ့အကြည့်က မိုးပွင့်၏ ကျဲကျဲပါးပါး ဂုတ်ဝဲဆံပင်ပေါ် ရောက်နေပြီ။ ဘာများ ဝေဖန်ဦးမသိ၊ မိုးပွင့်လည်း ဟန်လုပ်ပြုံးဖြင့် အကြည့်လွှဲထားရသည်။ ထိုစဉ် အမေ့လက်တစ်ဖက်က မိုးပွင့်၏ ဆံနွယ်ပေါ်သို့ ခပ်ဖွဖွ ထိတို့လာပြီး. . .

"မိုးပွင့် ဆံပင်ကို အရှည်ထားပါလား. . .၊ မိန်းကလေးဆိုတာ ဆံပင်ရှည်မှ ကျက်သရေ ရှိတာ"ဟု ပြောသည်။ သည်တစ်ကြိမ်တော့ မိုးပွင့်အတော်စိတ်တိုသည်။ဆံပင်တိုနေသောကြောင့် ကျက်သရေမရှိတော့ သလိုလို။ အမေ့ဘက်လှည့်မကြည့်ဘဲ ပြောချလိုက်သည်။

"အရှည်မထားဘူး၊ ရှင်းနေချိန်မရတို့ကို ဖြတ်ထားတာ"

မိုးပွင့်အသံ အနည်းငယ် မာသလို ဖြစ်သွားပုံရသည်။ ကိုခန့်က တစောင်းလှည့်၍ ဖာဖာထေးထေးနှင့်

"အမေရယ်. . . ရုံးဝန်ထမ်းတွေမှာ အချိန်ပိုမရှိလှဘူးလေ၊ အမေ့လို ဆံရှည်တစ်အုံတစ်မကြီး ရှင်းနေရရင် ဖြစ်မလား၊ အမေ့ဆံပင်တောင် ဒီနေ့ ရှင်းနေရတာနဲ့ နေမြင့်သွားတာလေ၊ အဖေသဘောကျတဲ့ ဆံပင်ကြီးကို နှမြောမနေပါနဲ့ တော့၊ အဖေမှ မရှိတော့တာ ဖြတ်လိုက်ပါလား အမေရဲ့"

ရယ်ဟဟဖြင့် ပြောသည်။ ကိုခန့် စသည်ကို အမေက တကယ်ထင်သွားသည်။ မဲ့ကာရွဲ့ကာဖြင့် တစ်ခွန်းတည်း ပြောသည်။

"ငါသေတာတောင် မဖြတ်ဘူး"

(ဃ)

ဘုရားရင်ပြင်တော်သို့ ရောက်ချိန်တွင် နေက အတော်ပူနေပြီ။

ခြေဖဝါးပူ၊ ခေါင်းပူပြောပြီး အပြေးတစ်ပိုင်းလျှောက်သည်။ လှုပ်လီလှုပ်လဲ့ ပဲများပြီး လျှောက်နေသော မိုးပွင့်ကို လှည့်၍ခေါ်သည်။

"ဟဲ့ . . . သမီး၊ မြန်မြန်လျှောက်လေ မြေပြိုမှာစိုးလို့လား"

ဘုရားရင်ပြင်ပေါ်မှ ဘုရားဖူးအချို့က လှည့်ကြည့်၍ ပြုံးစေ့စေ့။ မိုးပွင့်မျက်နှာလည်း ရှိန်းခနဲ ပူသွားသည်။ ရှေ့သို့ ရောက်နှင့်နေသော ကိုခန့်ကို အမေက လက်ထဲရှိ တဘက်လေးဖြင့် ဆောင်းပေးသည်။ ကိုခန့်လက်ထဲမှ သပြေ၊ နှင်းဆီ၊ စံပယ်စသော ဘုရားပန်းများကိုလည်း အမေ့ထံ ကမ်းပေးသည်။ မိဘမေတ္တာနှင့် ကျိုးနွံသောသားလိမ္မာတို့၏ ပြယုဂ်ဟု မိုးပွင့်ရင်ထဲ ဝမ်းသာပီတိ ဖြစ်မိသည်။ အမေနှင့်အတူ ဘုရားဝတ်ပြု၊ ပန်းလှူ၊ ဆီမီးပူဇော်၊ ရေသပ္ပာယ်ပြီး ရွှေပြားသင်္ကန်းအတွက် ငွေလှူ ဒါန်းသည်။ နေလည်းပူ၊ ရေလည်းဆာ၊ ဗိုက်လည်းဟာချိန်ဖြစ်၍ တောင်ဘက်မုခ်သို့ဆင်းခဲ့ကြသည်။

ဟက်ပီးဝေါလ်အဝင်ဝရှိ စားသောက်ဆိုင်ထဲသို့ဝင်စဉ် အမေ့ခြေလှမ်းက တွန့်ဆုတ်ဆုတ်နှင့်။ ကိုခန့်လက်ဆွဲခေါ်၍ အလယ်ကျကျ စားပွဲတွင်ထိုင်စဉ် အမေက စားပွဲ ကို ကျောခိုင်းထိုင်သည်။ မိုးပွင့်မျက်လုံးများပြူးကျယ်သွားရပြီ။ ပျာပျာသလဲနှင့် အမေ့ဒူးကို ကိုင်၍ စားပွဲခုံဘက် မျက်နှာလှည့်ထိုင်ရန် ပြောရသည်။ အမေက တိုတိုပြတ်ပြတ်လေသံဖြင့်-

"အမေမှ မစားတာ"


ပြောပြီး လှည့်သွားပြန်သည်။ ကိုခန့်က ပြုံးစစဖြင့် လေသံအေးနှင့် ချော့ပြောပြောသည်။

"မစားလည်း ဒီဘက်လှည့်ထိုင်လို့ ရပါတယ် အမေရဲ့၊ ရေသန့်လေး သောက်ဦးလေ. . . အခုအချိန်က မနက်ထမင်းစားချိန် ရောက်နေပြီ မဟုတ်လား၊ အမေဘာစားချင်လဲ၊ ထမင်းလား. . . ခေါက်ဆွဲကြော်၊ ကြာဆန်ကြော်၊ နန်းကြီးသုပ်၊ ကြေးအိုး သောက်ရင်လည်းရတယ်။ အမေကြိုက်တာမှာလို့ရတယ်လေ . . ."

"ဟာ . . . ဈေးကြီးတာတွေ မစားချင်ပါဘူး၊ ဈေးနည်းတာပဲမှာပေး"ပြောပြီး ပခုံးပေါ်မှ တဘက်လေးဖြင့် ယပ်ခတ်သလိုလုပ်နေသည်။ မိုးပွင့်က ရေသန့်ဘူးဖွင့်၍ ဖန်ခွက်ဖြင့် ထည့်ပေးသည်နှင့် အားပါးတရ သောက်သည်။ မျက်လုံးအကြည့်က ဆိုင်နံရံပေါ်မှာ ကြော်ငြာပုံများထံ ရောက်နေသည်။ ရေသီးသဖြင့် ကျောကိုအသာဖိပေးရသေးသည်။ အင်္ကျီလက်မောင်းပင့်၍ နှုတ်ခမ်းပါး နားသုတ်နေပုံကို မြင်တော့ မိုးပွင့်လန့်သွားသည်။ တစ်သျှူးဘူးမှ တစ်သျှူးစက္ကူကို ယူပေးပြီး သုတ်ရန်ဟန်ဖြင့် ပြရသည်။

စားစရာများ စားပွဲပေါ်သို့ လာချစဉ် ဟိုပန်းကန် သည်ပန်းကန် လိုက်ကြည့်လျှင် အမေအလုပ်ရှုပ်နေပြန်သည်။ အမေ့ရှေ့ကို ခေါက်ဆွဲကြော်ပန်းကန် ထိုးပေးပြီး ဇွန်းတပ်ပေးလိုက်သည်။

"အမေ အဝစားနော်၊ အမေ့အကြိုက်တွေချည်းပဲ"



ကိုခန့်၏ အပြောကို ခေါင်းညိတ်၍ ခေါက်ဆွဲကြော်စားသည်။ အိမ်မှာဆိုလျှင် အားပါးတရ စားတတ်ပေမယ့် ခုတော့လည်း တို့ထိတို့ထိနှင့် စားတတ်သားပါလား ဟု မိုးပွင့်တွေးမိသည်။ အစားနည်းသူမဟုတ်ဘဲနှင့် အမေ့ပန်းကန်တွင် ခေါက်ဆွဲကြော် တစ်ဝက်ကြီး ကျန်နေ၏။ 'စားဦးလေ'ဟု တိုက်တွန်းပေမယ့် ခေါင်းခါသည်။ ကိုခန့်နှင့် မိုးပွင့်တို့လည်းအစိမ်းကြော်၊ ထမင်း၊ ဝက်ခေါင်းသုပ်များ စားထားသဖြင့် ဗိုက်ဝနေပြီ။ ကောင်တာတွင် ကိုခန့် ငွေသွားရှင်းတော့ အမေ့လက်ကို ဆွဲ၍ မိုးပွင့်လည်း ထွက်ခဲ့သည်။ အမေက တွန့်ဆုတ် တွန့်ဆုတ်နှင့်

-

"ဟဲ့ သမီး...၊ နေဦးလေ"

"ဘာကျန်ခဲ့လို့လဲ အမေ၊

မိုးပွင့်ဘုရားတမိသည်။ ခေတ်မဆန်သော ရိုးရိုးကြီးအမေနှင့် သရုပ်ဆောင်များ အလှမ်းမဝေး သည်ကို သိလိုက်ပြီ။ ပိုစတာမြင်တိုင်း မင်းသမီးနာမည်ကို ဒက်ခနဲ ပြောခဲ့သည်ကို သတိရမိသည်။ လှိုင်ဦးက လက်ဖက်တစ်ဇွန်း နှစ်ဇွန်း ခပ်စားပြီး ရယ်ဟဟ ပြောသည်။

ကိုခန့်လိုက်လာမှာပေါ့၊ သမီးတို့ ကားထဲကနေ ထိုင်စောင့်ကြမယ်လေ"

မိုးပွင့်၏ ခြေလှမ်းများ တုံ့ခနဲ ဖြစ်သွားပြီး မေးရသည်။ အမေက မျက်မှောင်ကြုတ်လျှက်...

"ခုန ခေါက်ဆွဲကြော် တစ်ဝက် ချန်ထားတာ ယူလိုက်ဦးမယ်လေ"

ပြောလည်းပြောသည်။ ခြေလှမ်းကိုလည်း ဆိုင်ဘက်သို့ ပြန်လှည့်သည်နှင့် လက်ကိုဆွဲထားရ ပြီ။ ကိုခန့်ရောက်လာသောအခါ ဘာကျန်ခဲ့လို့လဲဟု မေးသဖြင့် နှစ်ယောက်လုံးဆွဲခေါ်ပြီး ကားပေါ်အလျင်စလို တက်လိုက်သည်။ ကားပေါ်ထိုင်မိကြတော့မှ အမေ့ကို ရှင်းပြရသည်။ စားမကုန်လျှင် ဘယ်သူမှ ပြန်မယူကြောင်း ရှက်စရာကောင်းကြောင်း...

မိုးပွင့်၏စကားကို တွေတွေငေးငေး နားထောင်ပြီး...

"ဟင်... ဒီလိုမှန်းမသိလို့ တစ်ဝက်ချန်ထားတာ အိမ်စောင့်ကျန်ခဲ့တဲ့ လှိုင်ဦးအတွက် ထုတ်ယူသွားချင်တာဟဲ့"

မျက်စ မျက်နှဖြင့် ပြောနေဟန်ကြောင့် ကားဒရိုင်ဘာက တဟင်းဟင်းရယ်ပြီ။ ကိုခန့်လည်း ပြုံးစေ့စေ့မျက်နှာလွှဲပြီ။ မျက်နှာပျက်၊ မျက်မှောင်ကြုတ်နေသည့် မိုးပွင့်ကို ကြည့်၍ အမေက လေးတွဲ့တွဲ့ပြောသည်။

"နှမြောလိုက်တာအေ... ခုတောင် ထားခဲ့တာတွေ သွားပြန်စားလိုက်ချင်သေး"

စကားအဆုံး သူ့ဘာသာ သဘောကျရယ်သည်။ ဒရိုင်ဘာလည်း တဟားဟားရယ်၏။ မိုးပွင့်မှာသာ ရှက်ဝဲဝဲဖြင့် မျက်နှာတစ်ပြင်လုံး ထူပူသွားတော့သည်။

(င)

အမေ ရောက်နေသည်မှာ ငါးရက်ခန့်ရှိပြီ။

ရွာမှရောက်ကတည်းက ကြာကြာမနေဘူးနော်ဟု နေ့စဉ် ပြောနေကျ။ ရုံးအပြန် ညနေပိုင်းများတွင် ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရားသို့ ပို့ပြီးပြီ။ 'ကိုခန့်နှင့် လှိုင်ဦး' တို့က အချိန်ရသလို လိုက်ပို့ပေမယ့် မိုးပွင့်က အတူ မလိုက်နိုင်။ ရုံးအလုပ်၊ အိမ်အလုပ်နှင့် မအားလှသဖြင့် အမေ့ထံ မရောက်ဖြစ်ခဲ့။

သည်နေ့တော့ ရုံးပိတ်ရက်တစ်ခုနှင့် ဆုံသဖြင့် ကိုခန့်အိမ်သို့ ရောက်သည်။ အမေနှင့် အေးအေးလူလူစကားလက်ဆုံကျနေပြီ။ ရေနွေးဇန်းနှင့် လက်ဖက်သုပ်ပန်းကန်ကို အလယ်မှာထား၍ရွာအကြောင်းမေးဖြစ်သည်။ 'ဘယ်သို့နေထိုင်စားသောက်လဲ'ဟု သိချင်မိတာအမှန်။ ကိုခန့်ထံ အရောက်လာသည့် အနေအထားကို ကြည့်လျှင် ငွေယူလာခြင်းသာ ဖြစ်နိုင်ကြောင်း တွေးမိနေသည်။

"ဒီလို သင်္ဘောစီးပြီး အရောက်လာရတာ ပင်ပန်းမှာပဲနော်"

"ပင်ပန်းရုံတင် ဘယ်ကမလဲအေ... ဘယ်အချိန် သင်္ဘောနစ်မလဲလို့ ပူရသေးတာ၊ ဒါကြောင့် မို့လို့ မိုးတွင်းဆိုရင် မလာဘူး။ အလုပ်ပြတ်တဲ့ နွေဦးပေါက်မှ လာဖြစ်တယ်"

အမေက စပ်စုနေသော မိုးပွင့်၏ မေးခွန်းတိုင်းကိုလိုက်ဖြေနေသည်။

"အမေ့ကို ကိုခန့်က ငွေမပို့ဘူးလား"

"ပို့ပေမယ့် ခဏခဏ မပို့နိုင်ဘူးလေ၊ ရန်ကုန်မှာက စရိတ်ကြီးတော့ သူ့လစာနဲ့ မပိုလျှံဘူးပေါ့၊ အခုတော့လည်း အမေက သိပ်မလုပ်နိုင်လို့ ငွေမစုနိုင်ပြန်ဘူး၊ အရင်ကတော့ အမေပဲ ပို့ပေးနေတာ၊ သူငယ်ငယ်ကတည်းက ပြောနေကျလေ၊ အမေရှိရင် ငွေရှိတယ်တဲ့လေ"

စကားပြောရပ်၍ လက်ဖက်သုပ် စားပြန်သည်။ ရေနွေးငုံ့သောက်သည်။ လက်ဖက်လည်း ကြိုက်ပုံရသည်။ အလုပ်အကြောင်း စကားစပြတ်သွားစဉ် အပြင်မှပြန်လာသော လှိုင်ဦးက....

"သြော် ...မိုးပွင့်ရောက်နေတာကိုး..."

နှုတ်ဆက်စကားဖြင့် အိမ်ထဲဝင်လာသည်။ ရေနွေးတစ်ခွက်သောက်ပြီး "သည်ည ဗီဒီယိုအခွေငှားပေးရဦးမလား"ဟု မေးသည်။ အမေခေါင်းညိတ်ပြီး 'မိုးပွင့်ကြည့်မလား'ဟု အဖော်စပ်သေးသည်။ မိုးပွင့် ခေါင်းခါပြတော့ တအံ့တသြနှင့် ငေးကြည့်သည်။ မိုးပွင့်က...

"မကြည့်အားသေးပါဘူး အမေရယ်... ဘာကားတွေထွက်ပြီး ဘယ်မင်းသမီးတွေ သရုပ်ဆောင်နေတာလောက်ပဲသိတာ၊ ဂျာနယ်

ဖတ်ထားလို့ သိတာလေ. . .၊ အမေနေတဲ့ အမျိုးအိမ်မှာ အောက်စက်ရှိတာလား၊ အခွေတွေ ငှားကြည့်ကြတာလား”

“ဟုတ်ပေါင်အေ. . . အမေတို့ရွာမှာ ဗီဒီယိုရုံ နှစ်ရုံတောင်ရှိတာ၊ တစ်ကား ငါးဆယ်နဲ့ကြိုက်တဲ့ရုံမှာ ကြည့်လို့ရပါ့တော်၊ အမေတော့ ထွက်သမျှကား လှိမ့်ကြည့်တာပဲ ဟေ့”

မိုးပွင့်ဘုရားတမိသည်။ ခေတ်မဆန်သော ရိုးရိုးကြီး အမေနှင့် သရုပ်ဆောင်များ အလှမ်းမဝေးသည်ကို သိလိုက်ပြီ။ ပိုစတာမြင်တိုင်းမင်းသမီးနာမည်ကို ဒက်ခနဲ ပြောခဲ့သည်ကို သတိရမိသည်။ လှိုင်ဦးက လက်ဖက်တစ်ဇွန်း နှစ်ဇွန်း ခပ်စားပြီး ရယ်ဟဟ ပြောသည်။

“ရန်ကုန်သူ မိုးပွင့်ကတော့ နောက်ကောက်ကျန်ခဲ့ပြီဗျို့. . . ဗီဒီယိုဘက်မှာတော့ အဒေါ်က ခေတ်မီတယ်ဗျာ. . .”

“ပျင်းလို့ သွားကြည့်တာပါဟယ်. . . ကောင်းတဲ့ကားရော မကောင်းတဲ့ကားရော ကြည့်တာ၊ ကြိုက်တဲ့ ကားဆိုရင် နှစ်ခါပြန်တောင် ကြည့်လိုက်သေး၊ မကြိုက်ရင်တော့မပြီးခင် ပြန်ခဲ့ရော”

လက်ဟန်၊ မျက်လုံးဟန်ဖြင့် ပြောနေသည်ကို မိုးပွင့်နှင့် လှိုင်ဦး ရယ်မဆုံး။ ဘယ်ကားမျိုး မကြိုက်တာလဲဟု စကားထောက်၍ မေးလျှင် တစ်ဖွဲ့တစ်နွဲ့ ပြောပြသည်။ လက်ဖက်သုပ်စားလိုက် ရေနွေးကြမ်းသောက်လိုက်နဲ့ ဖာတ်ရှိန်တက်လာစဉ် ငရုတ်သီးစိမ်း ဝါးမိ၍ တရှူးရှူး ဖြစ်နေသေးသည်။ အင်္ကျီလက်ကိုပင့်၍ ချွေးသုတ်ပြီး . . .

“တချို့ကားတွေကျတော့ မင်းသားက ငယ်ငယ်၊ မိတ္ထွေးလုပ်တဲ့ မင်းသမီးက ကြီးကြီး၊ မိတ္ထွေးကို ရှိုင်းရိုင်းပြန်ပြော၊ ကျုပ်အမေအဖြစ် အစားမထိုးနိုင်ဘူး. . . ဘာညာဆိုပြီးတော့ ငိုယို၊ ဒေါသတွေနဲ့ နီးရာပစ္စည်းတွေခွဲလို့ခွဲ၊ ဟော. . . မိတ္ထွေးလုပ်သူက သူတို့ကို သားအရင်လို ချစ်မှန်းသိတော့ နောင်တရ၊ သေခါနီး မိတ္ထွေးကို ဖက်ပြီးတောင်းပန်ဟာ. . . ရှုပ်နေတာပဲ၊ အဲဒီလို မင်းသား မင်းသမီးက မိဘကို ခံပြောတဲ့ ကားဆိုရင် တစ်ဝက်ကြည့်ပြီး ပြန်တာပဲ”

ရှည်ရှည်လျားလျား ဝေဖန်ရေး ပြောပြီး မောသွားဟန်နှင့် ယပ်ခတ်နေသည်။ စာနာတတ်သူပဲ. . . ဟု မိုးပွင့်သတိထားမိသည်။ မိထွေးလုပ်သူကို သနား၍ ဆိုးသောသားမျိုးကို မုန်းကြောင်းပြောစဉ် မာန်နှင့်ထန်နှင့်။ မျက်ရည်တောင် သီသီဝေ့နေသေး။ အမေ့ဟန်ကြောင့် လှိုင်ဦးက စကားလွှဲသည်။

“ဟာ . . . ဝေဖန်ရေးလုပ်ငန်း စားနေလိုက်တာ လက်ဖက်သုပ်လည်းကုန်လုပြီ၊ ဓာတ်ဘူးထဲလည်း ရေခန်းပြီ၊ တရေးတမော အိပ်ချင်လည်း အိပ်ထားနော်အဒေါ်၊ ညကျရင် အခွေသစ်ရမှာ”

ရေနွေးပန်းနှင့် လက်ဖက်ပန်းကန်ကို အိမ်ထဲသို့ယူသွားသော လှိုင်ဦးအား အမေက မျက်စောင်းခဲသည် စားချင်လို့ သိမ်းသွားတာဟု ပြောသည်။ ရွာတွင်သည်လို လက်ဖက်သုပ်ကောင်းကောင်း မစားဖြစ်ကြောင်း ခပ်ညည်းညည်း ပြောသည်။ မိုးပွင့်က မေးသောအခါ မျက်စောင်းဝေ့လျက်. . .

“လက်ဖက်သုပ်ဆိုရုံ တော်ရိရော်ရိ သုပ်တာပေါ့အေရယ်. . . ကိုယ့်ဘာသာ ကိုယ်လုပ်၊ ကိုယ့်ဘာသာစည့်ခံ၊ တစ်ခါတလေ ထမင်းနဲ့ နယ်ဖတ်တစ်နပ်ပြီး လိုက်တာရှိသေး၊ အလုပ်ကရတဲ့ ငွေစုရသေးတာကိုး”

“အမေက ဘာလို့ ငွေစုတာလဲ”

အမေ့အပြောကို မိုးပွင့် စကားဖြတ်မေးသည်။ အမေ ခေါင်းညိတ်ပြုံး၍. . .

“လှူတာလည်းလှူ ကိုခန့်ဆီကိုလည်း ဆန်လေး ဆီလေးဖြစ်ဖြစ် စားစရာဖြစ်ဖြစ် ပို့ရတာပေါ့။ ခုလိုရောက်လာတော့လည်း ပေးဖြစ်တာပေါ့ သမီးရယ်. . .”

တည်တည် အေးအေးပြော သည်ကို မိုးပွင့် ငေးကြည့်မိသည်။ သားထံ လာလည်သည်မှာ ယူရန်မဟုတ် ပေးရန်သာဖြစ်ကြောင်း သိလိုက်ပြီ။ အမေ့ကို စချင်သဖြင့် မိုးပွင့်က ရယ်သံစွက်လျက်ပြောသည်။

“ဟင်း. . . ဟင်း. . . ဒါမျိုး ငွေစုဖို့များ မခက်ပါဘူး အမေရဲ့၊ ဗီဒီယိုရုံမသွားပါနဲ့တော့လား”

“အလိုတော် . . . ငွေငါးဆယ်လောက်မှ အကုန်မခံရင်လည်း အိမ်မှာ မီးခွက်ရှေ့ ငုတ်တုတ်ထိုင်နေရမှာပေါ့။ ဒီအဘွားကြီးကို ဘယ်သူက ဧည့်ထောက်ခံ စကားလာပြောမှာလဲ၊ အထီးကျန်တာကို ခဏမေ့တာပေါ့ သမီးရယ်. . တစ်ယောက်တည်းများ နေကြည့်စမ်းပါအေ. . .”

မဲ့ကာရွဲ့ကာ မျက်စလေး ကျန်ခံစားမှုကို ဖွဲ့နွဲ့မပြောတတ်ရှာ. . . ”

သူတတ်သလိုလေး ပြောပြနေသည်ကိုက သနားစရာ. . .။

ကိုခန့်အမေ ရွာသို့ပြန်တော့မည်။

ဆယ်ရက်ကို မနည်းဆွဲထားရကြောင်းပြောတော့ အမေရယ်သည်။ ရွာသို့သယ်ရန် လက်ဆောင် ပစ္စည်းထည့်ထားသည့် ခြင်းလည်း အတော်လေးနေပြီ။ ကိုခန့်၊ မိုးပွင့်နှင့် လှိုင်ဦးတို့ သုံးယောက် ဝယ်ပေးထား သော ပါတိတ်ထဘီ၊ အင်္ကျီစ၊ ကိတ်ခြောက်၊



ချီကာ ချီကာနဲ့ ပြောနေသဖြင့် မိုးပွင့်က စကားထောက်ပေးသည်။

“တစ်ယောက်တည်းနေတာ အေးတာပေါ့အမေရဲ့”

“ဟုတ်မယ် အားကြီး၊ သေချင်စိတ်ပေါက်ပါတယ်ဆိုမှ”

အမေ့ဟန်ကိုကြည့်၍ မိုးပွင့်လည်း ကျယ်ကျယ်လွင့်လွင့် ရယ်မိသည်။ ရယ်လည်းရယ်၊ မျက်ရည်စလည်း အင်္ကျီလက်ဖျားနဲ့ သုတ်ရင်း အမေက စကားဆက်သည်။

“သေချာတွေးကြည့်တော့ အမေ့ဘဝက သနားစရာကောင်းသား. . . ဟား. . ဟား. . . ဟား. . .”

ခံစားချက်ကို ရယ်ဟန်ဖြင့် ဖုံးကွယ်သောအမေ့ နှုတ်ခမ်းများက မဲ့ယောင်ယောင်။ ခင်ပွန်းသည်ဆုံးပြီး သားနှင့်လည်း အတူမနေရသော မုဆိုးမတစ်ယောက်၏ အထီး မုန့်မျိုးစုံနှင့် သစ်သီး မျိုးစုံ။ အမေက ခြင်းကိုဆွဲ၍ “အို့”ဟု ညည်းသည်။

“အလေးကြီးပါလား သားတို့ရယ်. . . မသယ်နိုင်ဘူးလို့ ပြောထားသားနဲ့အလကား ငွေကုန်ခံကြတာကိုး၊ မုန့်တွေလျှော့လိုက်ဦး”

တဖျစ်တောက်တောက် ပြောနေသည့် အမေ့ကို ကိုခန့်က ပြုံးစစဖြင့်. . .

“အမေရွာကလာတော့ သယ်လာတဲ့ ပုစွန်ချဉ်၊ ငါးသလောက်ခြောက်၊ ပုစွန်တုပ်၊ ကောက်ညှင်းထုပ်၊ မုန့်ဖက်ထုပ်နဲ့ ကောက်ညှင်းဆန်တွေကရော မလေးလို့လား၊ အမေက အလကားရလာတာ တစ်ခုမှ မပါဘူး မဟုတ်လား. . .”

အေးအေးလေးပြောတော့ အမေမျက်စောင်းဝေ့သည်။ ပေးသာပေးချင်၍ မယူရက်သော အမေ့စေတနာကို မျက်စောင်းမှ အဓိပ္ပာယ်

ဖော်နိုင်သည်။ အမေနှင့် အတူတူ အားလုံး ထမင်းစားကြသည်တွင် ဟင်းကို ကိုခန့်၏ ပန်းကန်ထဲသို့ ထည့်ပေးလို့မဆုံး။ မိုးပွင့်နှင့် လှိုင်ဦး တို့၏ ပန်းကန်သို့လည်း ထည့်သည်။ ဈေးကြီးပေး ဝယ်ချက်သည်ကို သိ၍ မျိုမကျဟု ပြောသေးသည်။

ထမင်းစားပြီး မိုးပွင့်က သိမ်း ဆည်းပေးနေစဉ် အမေက ဆံပင် တစ်ထွေးကြီးကို ဖြေချသည်။ အုန်းဆီရွှဲရွှဲလူး၍ ဖြီးသင်နေပြန် သည်။ ဆံပင်တစ်ခါဖြီးလျှင် ကြာ တတ်သောအမေ့ကို လှိုင်ဦးက စ သည်။

"ခုချိန်ကစပြီး အလွန်ထူထဲ ရှည်လျားသော ဆံပင်ကို ရှင်းပါ တော့မယ်ခင်ဗျား. . .။ ဒီနေ့ သဘော်ာနဲ့ မမီလည်း နောက်နေ့ သဘော်ာနဲ့မှ ပြန်ပါတော့မယ် ခင်ဗျား. . ."

အစီအစဉ် ကြေညာသလို လေသံမြှင့်၍ ပြောသည်။ မိုးပွင့် လည်း ရောယောင် ရယ်မောရင်းမှ

"ဟုတ်ပ့ါ လှိုင်ဦးရယ်. . . တစ်နေ့ တစ်နေ့ ဒီဆံပင်ကြီးပဲ ရှင်း ရတာ အချိန်ကုန်ပါရဲ့။ ရန်ကုန် မှာ ဆံပင်တွေ ဝယ်တဲ့လူရှိတယ် လေ၊ မိုးပွင့်ဆံပင် အဲဒီလောက်ကောင်း ရင် ဖြတ်ပြီးတော့ ရောင်းလိုက်မှာ ပဲ"

မိုးပွင့်ပြောသည့် စကားကြောင့် အမေက မျက်လုံးလေး ပြူးတူးပျာ တာလုပ်လျက်. . .

"ဟယ်. . . မဖြတ်နိုင်ပါဘူး၊ အမေတို့ရွာဘက်လည်း ဆံပင်ဝယ် တဲ့လူတွေ လာကြသားပဲ၊ အမေ့ကို ရောင်းမလားရောင်းမလားနဲ့ မေးလို့မေး၊ ဈေးကောင်းကောင်း ပေးမယ် ပြောလည်းပြောနဲ့ ခဏ ခဏလာလာမေးတော့ စိတ်တိုပြီး တုတ်ထည့်လိုက်မှ ပြေးရော၊ နောက် ဆို မေးကိုမမေးရဲကြတော့ဘူး"

ဒေါသသံစွက်နေသော အမေ့ အပြောကို အားလုံးက ဝိုင်းရယ်ကြ သည်။ အစသန်သော လှိုင်ဦးက တဟားဟား ရယ်လျက် ဘယ်လို တုတ်လိုက်လဲဟု မေးသည်။ ထုံးစံ အတိုင်း အမေက မာန်ပါပါ ခါး ထောက်လျက်

"ဟဲ့. . . ဆံပင်ဝယ်တဲ့လူတွေ၊ ဒီလို ဆံပင်မျိုး လိုချင်ရင်၊ ဒီလို လင်မျိုး ရှာထားပါလားလို့ အော် ထည့်လိုက်တယ်"

"ကောင်းရောဗျာ. . ."

လှိုင်ဦးက လက်ခုပ်လက်ဝါးတီး ၍ ရယ်သည်။ အမေကတော့လုပ်ပြီ ဟု ကိုခန့်က ခပ်ပြုံးပြုံးငြီးသည်။ နဖူးကို ရှုံ့နေအောင် မျက်မှောင် ကြုတ်ထားသော မိုးပွင့်မှာသာ အကြောင်းရင်းကို မသိဖြစ်နေ သည်။

"ဘာဆိုင်လို့လဲ အမေရယ် . . ."

စောဒကတက်နေသည့် မိုးပွင့် ကိုကြည့်၍ လှိုင်ဦးရယ်သည်။ ပြီးမှ. . .

"ဆိုင်တယ် မိုးပွင့်ရေ. . . မယုံ မရှိနဲ့၊ ကိုခန့်အဖေက အဲဒီဆံပင် ရှည်ကြီးသရော်ကင်ပွန်းနဲ့ လျှော် ပေးတာဗျာ. . . ဆံဖျားအထိ အုန်း ဆီလိမ်းပေးတာဗျာ. . . ဘယ်တော့ မှ မဖြတ်နဲ့လို့ တဖွဖွပြောနေခဲ့တာ ဗျာ၊ ဒါကြောင့် တမလွန်ကနေ လာရိုက်မှာစိုးလို့ တစ်သဝေမတိမ်း လိုက်နာနေတာ မိုးပွင့်ရေ. . ."

ရှည်လျားစွာ ဖော်ကောင်လုပ် သည်။ လှိုင်ဦးကို အမေ မျက်စောင်းခဲစဉ် မိုးပွင့်က နဖူးနှင့် လက်ဝါးကို အလေးပြုသလိုလုပ် လျက်. . .

"လေးစားပါတယ် အမေ. . ." ဟုပြောရင်း ရယ်သည်။

သဘော်ာဆိပ်ဆင်းချိန် နီးပြီဖြစ် ၍ ကိုခန့်နှင့်လှိုင်ဦးက အမေ့ကို ကန်တော့၏။ မိုးပွင့်ကတော့ အသာပင် ကြည့်နေလိုက်သည်။ ဘာမှ မတော်စပ်သေးဘဲနဲ့ အပို မလုပ်ချင်။ သားကိုချစ်သောမိခင်၊ လင်းသားကို ရှိသေသော ဇနီး ကောင်းတစ်ယောက် ဖြစ်ပေမယ့် ကန်တော့ထိုက်သည်ဟု မထင်။ အမေက ကန်တော့နေသော သား နှင့်တူကို ဆုတွေပေးရင်း မျက်ရည် တွေတွေ ကျနေသည်။

"အမေ. . . အသက်ကြီးပြီ သား . . . မျက်စိလည်း မကြည်လင် တော့ဘူးပေါ့လေ. . .၊ သားမျက်နှာ ကိုတွေ့ဖို့ အခုလို တစ်နှစ်တစ်ခေါက် လာနိုင်မယ် မထင်ဘူးကွယ်. . .၊ သားလိုတာရှိ ရင်တော့ လူကြုံနဲ့ မှာ လိုက် နော်. . . ."

တုန်ရီသော အသံဖြင့် အမေ ပြောတော့ ကိုခန့်လည်း မျက်ရည် လည်ပြီ။

"မမှာပါဘူး အမေရယ်. . . ပို့ခြင်းပို့ သားတို့ကပို့ရမှာပါ. . ."

နဖူးပွတ်သလိုလို . . . ဆံပင် သပ်တင်သလိုလိုနှင့် ကိုခန့်က ခေါင်းငုံ့ပြောသည်။ အမေ့ကို သနားနေပုံရသည်။ အမေ့ထံမှ မကြာခဏ လူကြုံပေးတတ်သည့် ငွေနှင့်ပစ္စည်းများကို မြင်ယောင်မိ သည်။ ဘယ်လိုနည်းနှင့် ငွေတွေရှာ ဖွေစုဆောင်းထားပါသလဲ . . . ဟု ကိုခန့်ကို မေးလိုက်တိုင်း အဖြေမရှိ၊ အမေ့ကိုမေးလျှင် သမ္မာအာဇီဝဖြင့် ရထားသည့်ငွေဟု ဖြေကြောင်း ကို ခန့်ပြောဖူးသည်။ အမေကတော့ ငွေပို့ပေးရန် တစ်ခါမျှ တောင်းဆို ခြင်းမရှိ၊ သားပြည့်စုံလျှင် ကျေနပ် သည့် အမေ. . . ဟု ကိုခန့်ပြောဖူး သည်။ ခုလည်း ကိုခန့်၏ စကားကို လက်တကာကာဖြင့်. . .

"မပို့နဲ့၊ မပို့နဲ့ အမေက ငွေမလို ပါဘူး သားရယ်. . . အချိန်အား ရရင်သာ အမေ့ဆီ တစ်ခေါက် လောက် လာခဲ့ပါဦး. . . ခုလို တစ်သွေးတစ်မွေး ခန့်ညားနေတဲ့ သား အရာရှိကို ရွာထဲပတ်ပြီး အမေကြွားချင်လွန်းလို့ပါ သားရယ် . . ."

မျှော်လင့်တကြီး တောင်းဆို နေသော အမေ့မျက်ဝန်းက မှိုင်းမှိုင်း ညို့ညို့။ ကိုခန့်ကတော့ ကျွန်တော် ကြိုးစားပါ့မယ်ဟုသာ လေးတွဲ့တွဲ့ ပြောသည်။ သားကိုကြည့်မဝဟန်ဖြင့် စေ့စေ့စူးစူး ကြည့်နေရှာသော အမေ့ကို မိုးပွင့်သနားနေသည်။

"ကြွားစရာရှားလို့ အမေရယ် . . ."ဟု အပြစ်ဖွဲ့သံဖြင့် ပြောတော့ အမေပြုံးတုံ့တုံ့ ခေါင်းညိတ်သည်။

"ဒီလိုပေ့ါ သမီးရယ်. . . အမေ့သားအကြောင်း သူတို့က စပ်စုကြတယ်လေ၊ ငွေမပို့ဘူးလား . . .၊ စားစရာမပို့ ဘူးလား . . . နဲ့ သားဆီက နည်းနည်းပို့ရင် အမေက များများ ကြွားလိုက်တာပဲ၊ သူတို့ ရိုက်စစ်နိုင်တာမှ မဟုတ်တာ"

အမေ့အပြောကြောင့် မိုးပွင့် နှင့် ကိုခန့်တို့ ရယ်မောမိကြပြန်

သည်။ လှိုင်ဦးက "မနိုင်ဘူး"ဟု ခေါင်းတစ်ခါခါဖြင့် ခပ်မဲ့မဲ့ နောက်ပြောင်သည်။ အင်္ဂါကားဖြင့် သင်္ဘောဆိပ်သို့ လာရာလမ်းတစ်လျှောက်တွင်လည်း မှာလို့မဆုံး။ ကျန်းမာရေး ဂရုစိုက်ရန်၊ လှုပ်ငန်းခွင်တွင် လူအများနှင့် သင့်မြတ်ရန်၊ လိုတာရှိလျှင်မှာရန် . . . စသည်ဖြင့် တဖွဖွ တတွတ်တွတ်။

အမေသည် ရိုးရိုး အအ၊ ရုပ်မချော၊ အပြောမချိုသော တောသူမဖြစ်သည်။ ထိုတောသူမ၏ နှလုံးသားသည်လည်း သားကို ချစ်ခြင်းဖြင့် နူးညံ့နွေးထွေးနေတာအမှန်။

သင်္ဘောပေါ်ပစ္စည်းတင်၊ အမေ့အတွက် နေရာတစ်နေရာစာ အခင်းတွင် နေသားတကျ ထိုင်စေပြီးပြန်၍နှုတ်ဆက်ရသည်။ မျက်ရည် သီသီဝေ့နေသော အမေ့ မျက်ဝန်းကို မမြင်ဟန်ဆောင်၍ ဘောတံတားပေါ်သို့ ပြန်တက်ခဲ့ ကြသည်။ သင်္ဘောထွက်မှ ပြန်မည်ဟု ကိုခန့်ပြောတော့ မိုးပွင့်လည်း ရပ်နေလျက်ပင် အချိန်ဖြုန်းရသည်။

ဥသြသံရှည်ဆွဲပြီး သင်္ဘောကြီး ထွက်သွားမှ အမေ့ကို လက်ပြနှုတ်ဆက်ကြသည်။ အမေ့လက်ဖဝါးလေး ကတော့ ဟိုး. . . အဝေးအထိ တလှုပ်လှုပ် ဝှေ့ယမ်းနှုတ်ဆက်နေဆဲ. . . ။

(ဆ)

ကိုခန့်နှင့် မိုးပွင့်ခြွေ၏ မင်္ဂလာဆွမ်းကျွေးအတွက် မိုးပွင့်၏ မိဘများအလုပ်ရှုပ်နေကြသည်။

ဆရာတော် အားလပ်မည့်ရက်၊ မိုးပွင့်တို့ ရုံးပိတ်ရက်၊ ပြဿဒါးလွတ်မည့်ရက်၊ မိုးလေကောင်းစင်မည့်ရက် စသည်. . . စသည်ဖြင့် ချိန်ဆရွေးချယ်ရသည်။ ထိုရက်ကောင်း ရက်မြတ်သည် ဝါမဝင်မီ သုံးရက်အလိုဖြစ်နေပြီ။

ကိုခန့်က ကျုံးမငေးသင်္ဘောထမင်းဆိုင်မှ ကိုဖြိုးကြီးနှင့် လူကြုံမှာသည်။ 'အမေ ဆက်ဆက်လာခဲ့ပါ' ဟု။ လွန်ခဲ့သော တစ်ပတ်ခန့်မှပင် ကြိုတင်မှာထားသော်လည်း အမေရောက်မလာ။ ခုလည်း သင်္ဘောဆိပ်သို့ ထပ်သွားပြန်ပြီ။ အမေ့ကို လာစေချင်သည့် ဆန္ဒကြောင့် လူကြုံမျှော်ရ၊ ဖုန်းမျှော်ရ၊ ဘယ်အချိန် ရောက်ချလာမလဲဟု တွေးရနှင့် စိတ်မောရတာအမှန်။ အိမ်ရှေ့ကွက်လပ်ကို ရှင်း၍ ပန်းအိုးများ ရွှေ့နေသည့် လှိုင်ဦးက. . . .

"ဒီလို မိုးရိပ်တွေ ညိုနေရင် အဒေါ်က သင်္ဘောမစီးရဲတော့ဘူးလေ၊ ရန်ကုန်ကို လာနိုင်ပါ့မလား တောင် မသိဘူး"

ကောင်းကင်ညို့ညို့ကို မော့ကြည့်လျက် ပြောသည်။ အိမ်တွင်း အလှဆင်ရန် ပန်းစက္ကူများကပ်နေရင်းမှ မိုးပွင့် သိချင်တာလေး မေးလိုက်သည်။

"လှိုင်ဦးတို့အိမ်မှာ ကိုခန့်အမေကို ခေါ်ထားလို့ရသားနဲ့ ဘာလို့ ခေါ်မထားလဲ"

"ခေါ်ပေမယ့် အဒေါ်က မနေချင်တာလေ. . . ရွာမှာ သူ့ညီမ အိမ်ဘေးကွက်လပ်မှာ အိမ်လေးဆောက်ပြီးနေတယ်။ ပျဉ်ခင်း၊ ဝါးထရံကာ၊ ဓနိမိုးပေါ့၊ ကျုံမငေး မြို့ပေါ်က အိမ်လေးရောင်းပြီးတာ ကြာလှပြီ၊ ကိုခန့်အဖေဆုံးပြီးကတည်းက တစ်ယောက်တည်း မနေချင်ဘူးဆိုပြီး ရောင်းသွားတာ၊ ဈေးမရလှပါဘူး၊ ကိုခန့်အဖေနေမကောင်းတုန်းက အကြွေးတွေဆပ်ရတာ ကုန်ရောပေါ့"

'လှိုင်ဦးစကားရပ်ပြီး မြေညိုနေသည်။ မိုးပွင့်ရင်ထဲ တအုံနွေးနွေးနှင့်။ ကိုခန့်ကို ချစ်လှသည့်အမေက ဘာကြောင့် သားနှင့်မနေပါလိမ့်၊ ရန်ကုန်စားစရိတ်ကြီး၍ ခေါ်မထားနိုင်ခြင်းလား။ ကိုခန့် အိမ်ထောင်ကျပြီးလျှင်ရော လာနေမည့် စိတ်ကူးရှိလား၊ တွေး၍ အဖြေမပေါ်။

"ကိုခန့် အိမ်ထောင်ကျပြီးရင်တော့ အတူတူလာနေမယ် ထင်တယ်နော်"

ဘာကြောင့် သည်မေးခွန်းမျိုး မေးမိမှန်းမသိ၊ လာနေစေချင်၍ မဟုတ်မှန်းတော့ မိုးပွင့်ဘာသာသိနေသည်။ ယောက္ခမနှင့် အတူနေရလျှင် တောဆန်သူနှင့် မြို့ဆန်သူ၏ ဆန့်ကျင်ဘက်ကြား ကိုခန့် အသက်ရှူမှားနိုင်သည်။ မိုးပွင့်၏ အမေးကိုလှိုင်ဦးက တွေးတွေးဆဆဖြင့် . . .

"လာနေမယ်မထင်ဘူး မိုးပွင့်ရဲ့၊ ရွာမှာက အဒေါ်ညီမ အရင်းရှိတယ်၊ အမျိုးအရင်းတွေ ရှိတယ်လေ၊ တူ၊တူမ အရင်းတွေလည်း အကူ အထောက် ရနေတာကိုး"

"ဘာပဲဖြစ်ဖြစ် လှိုင်ဦးရယ် . . . သားအရင်းလောက်တော့ ကောင်းနိုင်ပါ့မလား. . . သားအမိနှစ်ယောက်လှမ်းမပူနေရဘူးပေါ့နော်"

မိုးပွင့်က ကိုယ့်အတွေး နှင့်ကိုယ် ပြောသည်။ သားအမိနှစ်ယောက် အတူနေလျှင် စားအိုးလည်း တစ်အိုးတည်းဖြစ်မည်။ ကုန်ကျစရိတ်လည်း သက်သာမည်။ အိမ်ထောင်ကျပြီးနောက် အတူတတူနေလျှင် ကိုယ်က ထောက်ပံ့ရ သက်သာမည်။ မိုးပွင့် အတွေးမဆုံးမီ လှိုင်ဦးက အနားသို့လျှောက်လာသည်။ မျက်နှာချင်းဆိုင် ခုံတစ်လုံးတွင် ဝင်ထိုင်ပြီး သက်ပြင်းချနေသည်။ အတော်ကြာမှ တိုးတိုးညင်ညင်သာ ပြောသည်။

"အဲဒါပြောတာပေါ့. . . . ဝမ်းနဲ့မလွယ် သားမမယ်ဆိုတာလေ . . . အဒေါ်က သူ့ဘဝတစ်ခုလုံး ကိုခန့်တို့ သားအဖအတွက် ပေးဆပ်ခဲ့တာ . . . . လင်ပါသားဆိုပေမယ့် ကိုခန့်သိပ်ချစ်ခဲ့တယ်။ အင်း . . . အမေ အရင်းဆိုရင် ဒီလို တစ်ယောက်တစ်ကွဲလည်း နေဖြစ်မှာ မဟုတ်ဘူးပေါ့ မိုးပွင့်ရယ်. . . "

"ဩော်. . . အဲဒီလိုလား. . ဒါတွေကို မိုးပွင့် မသိခဲ့ဘူး"

အံ့အားသင့်သည်ဆိုခြင်းထက် ကရုဏာဖြင့် မိုးပွင့်ရင်ထဲ မွန်းကျပ်ရှုပ်ထွေးသွားသည်။ အသွေးအမွေးမတူသော သားအမိနှစ်ယောက်ကို အရင်းအချာမဟုတ်ဟု သံသယမဝင်ခဲ့ဖူးပါ. . . ။ သားနှင့်အတူတူ နေရန်မိုးပွင့်ပြောစဉ်က အမေခေါင်းတစ်ခါခါနှင့်၊ ရန်ကုန်တွင် မပျော်ကြောင်းသာ ပြောသည်။ ထူးခြားသော ပတ်သက်မှုမျိုးရှိနေခြင်းကို စကားပင်မဟခဲ့။ သားကို ချစ်သည့်စိတ်ကြောင့် သွေးကွဲစကားမပြောရက်သော အမေ. . . ။ သားအတွက်သာတွေး၍ အဝေးတွင် ဒုက္ခသောက ခံစားနေသည့် အမေ . . . ၊ သနားကြင်နာစိတ်များ ဖြင့် အကြိမ်ကြိမ် ဦးညွှတ်မိတော့သည်။

မိုးပွင့်ခြွေတို့ မင်္ဂလာဆွမ်းကျွေးရန် တစ်ရက်အလိုအထိ 'အမေ' ရောက်မလာ။ မေးသမျှလူ ကို မျက်မှာမပျက် ဖြေနေရသည်။ ကိုခန့်လည်းသင်္ဘောဆိပ်ချိန် အရောက်ဦးတိုင်း လည်တဆန့်ဆန့်။ မိုးပွင့်ကတော့ သက်ပြင်းတချချဖြင့် ရင်မောနေပြီ။ စားစရာထည့်ထားသည့် ခြင်းကြီးဖြင့် ရောက်ချလာလေမလားဟုလည်း တွေးနေမိသေးသည်။


"လာတော့မှာပါ. . . ဒီသားမျက်နှာ ညိုမှာကို ပူပန်တတ်တဲ့ အမေပဲ"

လှိုင်ဦးက ဖြေသိမ့်စကားဆိုသည်။

"နေမကောင်းဖြစ်နေမလားလို့ ပူနေတာ. . . အမေ အသက်ကြီးပြီ သား. . . လို့ ခဏခဏပြောနေတာ၊ အလုပ်ပင်ပန်းတဲ့ဒဏ်၊ အာဟာရ ပြည့်ပြည့်ဝဝ မစားတဲ့ ဒဏ်တွေက ခုမှ အစွမ်းပြမှာစိုးလို့ လှိုင်ဦးရေ. . . အမေ့အကြောင်း မင်းလည်း သိသားပဲ၊ တစ်ယောက်တည်း ကြုံသလိုစားနေတာ"

ကိုခန့်က စိုးရိမ်စွာ တွေးတွေး

> ဘာကြောင့် သည်မေးခွန်းမျိုး မေးမိမှန်းမသိ၊ လာနေစေချင်၍ မဟုတ်မှန်းတော့ မိုးပွင့် ဘာသာသိ နေသည်။ ယောက္ခမနှင့် အတူ နေရလျှင် တောဆန်သူနှင့် မြို့ဆန်သူ၏ ဆန့်ကျင်ဘက်ကြား ကိုခန့် အသက်ရှူမှား နိုင်သည်။



ဆဆ ပြောနေသည်။ လက်ထဲတွင်လည်း အမေ့အတွက် ဝယ်ထားသည့် ချုပ်ပြီးသား ပါတိတ်ထဘီတစ်ထည် ထည့်ထားသောအိတ်နှင့်။ နွမ်းနွမ်းဖတ်ဖတ် နေတတ်သည့် အမေ့အတွက် စီစဉ်ထားခြင်းပါ။ သပ်သပ်ယပ်ယပ်နှင့် ဝတ်ဆင်ပြီးခေါင်းရင်းမှာ ထိုင်နေလျှင် ကျေနပ်ပြီ. . .။ ဒါ ကျွန်တော့်အမေလေ. . . ဟု ပြချင်သည်တဲ့။ ကိုခန့်ကို အိမ်ထောင်ရက်သားချပေးပြီးမှ မိဘဝတ္တရားကျေမည်ဟု ယူဆထားသော အမေ. . .။ ကိုခန့်၏ မင်္ဂလာဆွမ်းကျွေးကို မျက်ဝါးထင်ထင် မြင်ချင်ရှာလိမ့်မည်။

"နက်ဖြန် သင်္ဘောနဲ့များ ပါလာမလားမသိဘူး"ဟု မိုးပွင့်ပြောတော့ ကိုခန့်ခေါင်းညိတ်သည်။ 'ထင်တာပဲလေ' ဟုဇဝေဇဝါပြောသည်။ နက်ဖြန်နံနက် မင်္ဂလာဆွမ်းကျွေးအမီ အမေ ရောက်စေချင်မည်ဟု မိုးပွင့်တွေးမိသည်။ မွန်းလွဲချိန်လောက်တွင် ကျုံမငေးသင်္ဘောထမင်းဆိုင်မှ ကိုဖြိုးကြီး ရောက်လာသည်။ သူ့မျက်နှာထားက တည်ငြိမ်နေသည်။ ခါတိုင်းလို ရယ်ရွှင်သံဖြင့် စကားတဖောင်ဖောင်မပြော။ သူ့လက်ထဲမှ စာအိတ်ရှည်ထူထူ တစ်အိတ်ကို ကိုခန့်ထံ လှမ်းပေးသည်။ စာအိတ်ကို ပတ်ထားသည့် စာရွက်လေး တစ်ရွက်ပါလာ၍ ကိုခန့်က ဖြန့် လိုက်သည်။ စာတိုလေးနှစ်ကြောင်း ရေးထားသည်။ နှစ်ယောက်အတူ ခေါင်းချင်းဆိုင်၍ ဖတ် သည်။

"သား. . .

မိုးဦးလေဦးမို့လို့ အမေ မလာနိုင်ဘူး၊ သားတို့ မင်္ဂလာစရိတ်မှာ သုံးဖို့ အမေနိုင်သလောက် ငွေပို့လိုက်တယ်၊ အမေ့အတွက်မပူနဲ့. . သားတို့ရဲ့ အမေ"

စာက ဒါပဲပါသည်။ ကိုဖြိုးကြီးက စာအိတ်ကို မေးဆတ်ပြလျက်. . .

"ငွေအိတ်ဖွင့်ကြည့်ပါဦး" ဟု ပြောသည်နှင့် ကိုခန့်က ဖွင့်ကြည့်ရာ ငွေငါးသောင်းကျပ်တိတိဟု ရေးထားသောစာရွက်နှင့် ငွေစက္ကူ အထပ်လိုက်။ မိုးပွင့်နှင့်အတူ ကိုခန့်လည်း အံ့အားတသင့် မျက်လုံးအဝိုင်းသားနှင့်။ သည်ငွေကို ဘယ်လိုနည်းနှင့်များအမေ စုဆောင်းပါသလဲဟု တွေးကြည့်မိသည်။ ကိုဖြိုးကြီးက အမောပြေထိုင်၍ မိုးပွင့်ဖည့်ခံသော လက်ဖက်ရည်နှင့် မုန့်ကို စားရင်းမှ စကားတွေ ပြောနေသေးသည်။

မိုးပွင့်နှင့်အတူ ကိုခန့်လည်း အံ့အားတသင့် မျက်လုံး အဝိုင်းသားနှင့်။ သည်ငွေကို ဘယ်လိုနည်းနှင့်များ အမေ စုဆောင်းပါသလဲဟု တွေးကြည့်မိသည်။ ကိုဖြိုးကြီးက အမောပြေထိုင်၍ မိုးပွင့် ဖည့်ခံသော လက်ဖက်ရည်နှင့် မုန့်ကို စားရင်းမှ စကားတွေ ပြောနေသေးသည်။

ကိုခန့် မင်္ဂလာဆောင်တော့မည့် အကြောင်း၊ ချွေးမလောင်းလေးသိပ်ချောကြောင်း. . . အမေက တစ်ရွာလုံး လျှောက်ကြွားသည်တဲ့။ အတော်ကြာမှ. . .

"သြော် . . . ကိုခန့်အမေက ယောဂီဝတ်ပြီးပြီလေ. . .၊ ရွာထိပ် ဥပုသ်ကျောင်းမှာပဲ ရာသက်ပန် တရားစခန်းဝင်တော့မယ်တဲ့"

အေးအေးလူလူ ပြောနေပေမယ့် မိုးပွင့်ရင်ထဲ သိမ့်ခနဲ ပူသွားသည်။

"ဟင်. . ချက်ချင်းကြီးပါ လား"

မိုးပွင့်က မယုံမရဲ ပြောမိသည်။ ကိုခန့်လည်း မျက်စိ မျက်နှာပျက်နှင့်။

"အမေကလည်းလေ. . . ဘာမှ မတိုင်ပင်ဘဲ လုပ်ချလိုက်ပြန်ပြီ"

ကိုခန့်အသံက စိတ်လျှော့အားငယ်သံ၊ မျှော်သာမျှော် မပေါ်လာသည့်အပြင် အထင်မှတ်သောသတင်းစကားကြောင့် တုန်လှုပ်သွားပုံရသည်။ သူ့မျက်ဝန်းက မှုန်ဝေဝေ. . .၊ သူနွမ်းမောစွာ သက်ပြင်းချလျက် ကိုဖြိုးကြီးကို စူးစမ်းကြည့်နှင့်. . .

"အမေ . . . တကယ်နေကောင်းရဲ့လားဟင်. . . ကိုဖြိုး ကြီး"

ပူပန်စွာမေးသည်။ 'ကိုဖြိုးကြီးက နေတော့ကောင်းပါတယ်'ဟု ခပ်လေးလေး ဖြေသည်။ ရေနွေး နှစ်ခွက်ဆင့်သောက်ပြီး ပြန်တော့မည်ဟု နှုတ်ဆက်ရင်းမှ. . .

"မိုးဖွဲဖွဲကြားမှာဗျာ. . . ယောဂီတဘက်လေး ကတုံးပေါ်တင်ပြီး သင်္ဘောဆိပ်ကို ဆင်းလာတာလေ . . . ဒီစာအိတ်ကို ဒီနေ့ရောက်အောင် ဆက်ဆက်ပို့ပေးပါတဲ့"

ကိုဖြိုးကြီး၏စကားကို ကြားသည်နှင့် နှလုံးသားတစ်ခုလုံး ဆွဲကိုင်ဖျစ်ညှစ်သလို ခံစားလိုက်ရသည်။ ကိုခန့်လည်း လဲပြိုလုလုတုန်ရီလျက် လက်ထဲမှ အထုပ်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ နှစ်ဦးသား အကြည့်ချင်းဆုံစဉ် ကိုယ်စီမျက်ဝန်း၌ မျက်ရည်စများ သီသီဝေ့နေပြီ။


ကိုခန့်က ငွေထုပ်ပေါ် နဖူးကို ငုံ့ချရင်းမှ. . .

"အမေ. . . အမေရယ. . ."

ဟု တမ်းတမ်းတတ ရေရွတ်နေသည်။ မိုးပွင့်အတွေးတွင် ဆီခန်းနေသော်လည်း နောက်ဆုံးအချိန်ထိ လောင်ကျွမ်းရင်း . . . တောက်ပနေသော မီးတာ၏ အလှကို မြင်ယောင်လျက် . . . .

ရင်ထဲ . . . နက်ရှိုင်းစွာ နာကျင်ကြေကွဲနေတော့သည်. . .။


**မိုးပန်းမွန်(ရာမည)**



# ALEX GERRARD နှင့် မိသားစုဘဝ

တင်လတ်သန္တာဗိုလ်

အင်္ဂလန်နိုင်ငံက ပရီးမီးယားလိဂ် ဘောလုံးပွဲများရဲ့ ပရိသတ်ဟာ အင်္ဂလန်နိုင်ငံသာမက ကမ္ဘာတစ်ဝန်းလုံးမှာ သန်းပေါင်းများစွာ ရှိနေပါတယ်။ မြန်မာနိုင်ငံမှာတောင် အခပေးရုပ်သံလွှင့်လိုင်းတွေရဲ့ရောင်းအားဟာ ဒီဘောလုံးပွဲများကို ပြသနိုင်တဲ့ အခွင့်အရေးပေါ်မှာ မူတည်နေတာ တွေ့ရပါတယ်။ ဘောလုံးပွဲရာသီမှာ နာမည်ကြီးဘောလုံးအသင်းများကစားကြတဲ့ နေ့များမှာဆို လန်ဒန်မြို့ပေါ်ကလမ်းတွေမှာ လူတွေခြောက်သွေ့နေတတ်ပါတယ်။ လူတွေရဲ့ အာရုံကလည်း ဘောလုံးပွဲမှာသာ ရောက်ရှိနေတာကို တွေ့ရပါတယ်။ ဘောလုံးပွဲကို ပရိသတ်စိတ်ဝင်စားမှုကြောင့် အင်္ဂလန်နဲ့ ဥရောပနိုင်ငံက ဘောလုံးအသင်းများ၊ ဘောလုံးသမားများအားလုံးဟာလည်း ကမ္ဘာကျော်ကြယ်ပွင့်များ ဖြစ်နေကြတာ တွေ့ရပါတယ်။ ငွေကြေးများစွာနဲ့ လည်ပတ်နေတဲ့ လုပ်ငန်းဖြစ်တာကြောင့် နာမည်ကျော်ဘောလုံးသမားများဟာ ဖျော်ဖြေရေးလောကက ကြယ်ပွင့်များနည်းတူ



Zeynep Kartal ပွဲတက်ဝတ်စုံနှင့် Alex

လောက စုံတွဲများမှာ ပထမဆုံးနာမည်ကြီးခဲ့တာကတော့ David Beckham နဲ့ Posh Spike ခေါ် Victoria တို့ဖြစ်ကြပါတယ်။ Posh ဟာ ကိုယ်တိုင်က အဆိုတော်ဖြစ်တာမို့ နာမည်ကျော်ကြားသူဖြစ်ပါတယ်။ David ကလည်း Manchester United ရဲ့ နာမည်ကျော်ဘောလုံးသမားဖြစ်ပြီး သူတို့နှစ်ယောက်လက်ထပ်ပြီးချိန်မှာတော့ နှစ်ယောက်စလုံး နဂိုရှိရင်းစွဲထက် ပိုနာမည်ကြီးခဲ့ကြပါတယ်။ David ဟာ Man United က ပြောင်းပြီး တခြားအသင်းများကို ရောက်ခဲ့ပေမဲ့ သူ့ရဲ့ခွမ်းရည်၊ ရုပ်ဆင်းအင်္ဂါတို့ကြောင့် ကြော်ငြာများလည်း ရိုက်ရပြီး ဝင်ငွေအကောင်းဆုံး ဘောလုံးသမားဖြစ်လာပါတယ်။ နဂိုကတည်းက ဖက်ရှင်ကို စိတ်ဝင်စားတဲ့ Victoria ကလည်း ကိုယ်ပိုင်ဖက်ရှင်များနဲ့ ကိုယ်တိုင်ဒီဇိုင်နာ၊ ထုတ်လုပ်သူအဖြစ် ကျော်ကြားကြီးပွားလာကြပါတယ်။

David တို့စုံတွဲလိုပဲ တခြားဘောလုံးသမားစုံတွဲများမှာလည်း ကျော်ကြားသူများ ရှိကြပါတယ်။ Wayne Rooney ရဲ့ဇနီး ကောလင်းဟာ သာမန်အရပ်သူသာဖြစ်ပေမဲ့ ခုချိန်မှာတော့ ကိုယ်တိုင်စာအုပ်ထုတ်နိုင်တဲ့အထိ အောင်မြင်မှုစင်မြင့်ပေါ်ရောက်ရှိလာသူ ဖြစ်ပါတယ်။ ခုချိန်ခါ ၂၀၁၄ ဟာ



သမီးနှစ်ယောက် ဆော့ကစားနေစဉ်

အခကြေးငွေများစွာရရှိပြီး သန်းကြွယ်သူဌေးများဖြစ်လာကြပါတယ်။ ကိုယ်တိုင်လည်း လူငယ်ကြယ်ပွင့်များဖြစ်တာကြောင့် သူတို့တွဲတဲ့မိန်းကလေးများကလည်း လူထုရဲ့ စိတ်ဝင်စားခြင်းကိုခံရတာ မဆန်းတာဖြစ်ပါတယ်။ နောက်ပိုင်းမှာ ဘောလုံး သမားများဟာ ဖျော်ဖြေရေးလောကက မော်ဒယ်၊ ရုပ်ရှင် မင်းသမီး၊ အဆိုတော်များနဲ့ တွဲလာကြပြီး မီဒီယာ မျက်နှာစာများမှာလည်း သူတို့ရဲ့သတင်းတွေက ထိပ်ပိုင်းက နေရာယူလာကြတာကို တွေ့ရပါတယ်။ ဘောလုံးသမားနဲ့ ဖျော်ဖြေရေး

ဘောလုံးချစ်ပရိသတ်များအတွက် ရင်အခုန်ရဆုံး နှစ် ဖြစ်လာတော့မှာ ဖြစ်ပါတယ်။ Brazil မှာ ကစားမယ့် ကမ္ဘာ့ဘောလုံးပွဲကို ဘောလုံး ပရိသတ်များက ခုချိန်ကတည်းက ရင်ခုန်လှုပ်ရှား စိတ်ဝင်စားနေကြပြီ ဖြစ်ပါတယ်။ Brazil မှာ ပြည်တွင်းလေယာဉ်များက ဈေးများကို ဆယ်ဆနီးပါးတက်ပြီး ယူနေတဲ့အတွက်ကြောင့် ကြိုတင် Booking လုပ်သူများနဲ့ ပြဿနာဖြစ်နေတယ်ဆိုတာကိုလည်း သတင်းများမှာ ကြားနေရပါတယ်။ ဒါပေမဲ့ တကယ်ကြည့်မယ့် ပရိသတ် အတွက်တော့ ငွေကြေးက အရေးမဟုတ်ဘူးလို့ ဆိုနိုင်ပါတယ်။ ဒီကမ္ဘာ့ဘောလုံးပွဲမှာ ယှဉ်ပြိုင်မယ့် အင်္ဂလန်နိုင်ငံအသင်းရဲ့ ကပ္ပတိန်ကတော့ Liverpool အသင်းရဲ့ Captain Steven Gerrard ပဲ ဖြစ်ပါတယ်။ Steven ရဲ့ ဇနီးကတော့ Alex ဖြစ်ပြီး သူတို့မှာ ရင်သွေးသမီးငယ်သုံး ယောက်ရှိပါတယ်။ Steven ဟာ ငယ်ရွယ်စဉ်အချိန်ကတည်းက Liverpool ဘောလုံးအသင်းမှာ ကစားခဲ့တာ ဖြစ်ပါတယ်။ ဒီဘောလုံးအသင်းမှာ ကစားရင်း Champions League ချန်ပီယံလိဂ်၊ The FA Cup စတဲ့ပွဲတွေမှာ အနိုင် ရခဲ့ပါ တယ်။ Steven ဟာ ဘုရင်မကြီးချီးမြှင့်တဲ့ 'MBE' ဘွဲ့ကိုလည်း ရရှိခဲ့ပြီးဖြစ်ပါတယ်။ Steven ကို Liverpool အသင်းက ဂုဏ်ပြုတဲ့ ဘောလုံးပွဲ တစ်ပွဲလည်း ၂၀၁၃ နွေရာသီတုန်းက အကြီး အကျယ် ကျင်းပပေးခဲ့ပါတယ်။ Steven အတွက် အထူးတလည် ကျင်းပတဲ့ ဘောလုံးပွဲ ဖြစ်ပါတယ်။ ဒီပွဲကို Liverpool ရဲ့အိမ်ကွင်း Anfield မှာ ကျင်းပခဲ့တာဖြစ်ပြီး Steven ရဲ့ ဇနီး၊ သမီးများနဲ့ အတူ မိခင်ပါ တက်ရောက်ခဲ့ကြပါတယ်။ "အဲဒီ နေ့ဟာ အရမ်းကို ရင်ခုန်လှုပ်ရှားရတဲ့နေ့ပါပဲ။ အထူးသဖြင့် ကွင်းထဲမှာ Steven နဲ့အတူ သမီးတွေကို တွေ့ရတော့ အရမ်းကို စိတ်လှုပ်ရှားပျော်ရွှင်ရပါတယ်။ ကျွန်မနဲ့ သူ့အမေက ပွဲကြည့်စင်မှာ ရှိနေတာ၊ ဝမ်းသာဂုဏ်ယူလွန်းလို့ Steven အမေက မျက်ရည်တွေကျလာတယ်။ Steven အတွက် အရမ်းကို ဂုဏ်ယူပါတယ်။ ကျွန်မတို့ အားလုံး သူ စွမ်းဆောင်လုပ်ကိုင်ခဲ့သမျှအတွက် ဂုဏ်ယူပါတယ်။ ဒီနေ့ချိန်ခါမှာ ဘောလုံးသမားတွေက Club တွေ တစ်ချိန်လုံး ပြောင်းကစားနေ ကြတော့ ဒီလိုဘောလုံးအသင်းက ဂုဏ်ပြုပွဲလုပ်ပေးတယ်ဆိုတာ ရှားသွားပြီလေ။ နောက်တစ်ခုက Steven ကိုယ်တိုင်က ဒီမြို့သားဖြစ်နေတော့ သူ့အတွက် ဂုဏ်ပြုတဲ့ ဘောလုံးပွဲမှာ လာအားပေးကြတဲ့ သူ့ပရိသတ်တွေကလည်း အံ့မခန်းပါပဲ။ Steven က သူ့အလုပ်ကို အလေးထားတယ်။ တန်ဖိုးထားတယ်။ အစွမ်းကုန် အားထုတ်တယ်။ ဒါကြောင့် ဒီလိုဂုဏ်ပြုခံရတာ ထိုက်တန်ပါတယ်။ အဲဒီနေ့ကတော့ တကယ့်ကို ထူးခြားတဲ့ နေ့ပါပဲ။ ဘောလုံးပွဲပြီးတော့လည်း ညပိုင်းမှာ မိတ်ဆွေတွေနဲ့ ပွဲလုပ်ကြတယ်။ တကယ်ပျော်စရာကောင်းပါတယ်" လို့ Steven ရဲ့ ဂုဏ်ပြုခံပွဲနဲ့ ပတ်သက်လို့ ဇနီးသည် Alex က ဂုဏ်ယူအမွှမ်းတင် ဝမ်းသာစကားဆိုခဲ့ပါတယ်။



အင်္ဂလန်ဘောလုံးအသင်း ကပ္ပတိန်၏ ချစ်လှစွာသော ခြင်္သေ့မလေးများ

Liverpool ဘောလုံးအသင်းရဲ့ Captain - Steven Gerrard ဟာ အသက် ၃၃ နှစ်ရှိပါပြီ။ Brazil မှာ ကန်ရမယ့် ကမ္ဘာ့ဘောလုံးပွဲအတွက် အင်္ဂလန်အသင်း Captain အဖြစ် ကြီးမားလေးလံတဲ့ ဝန်ကိုလည်း ထမ်းထားရပြီ ဖြစ်ပါတယ်။ နိုင်ငံ့ဂုဏ်ဆောင်နိုင်ဖို့လည်း အစွမ်းကုန်ကြိုးပမ်းရမှာ ဖြစ်ပါတယ်။ "အရင်တစ်ခေါက် World Cup တုန်းက ကလေးတွေက ငယ်သေးတော့ လိုက်လို့ မဖြစ်ဘူး။ ဒါနဲ့ အစောပိုင်းမလိုက်ဘဲ နောက်ပိုင်းမှ လိုက်မယ်ဆိုပေမဲ့ အင်္ဂလန်က ရှုံးပြီးထွက်လိုက်ရတော့ မလိုက်ဖြစ်တော့ဘူး။ ဒီနှစ်ကတော့ တကယ်ပဲ လိုက်ပြီး အားပေးချင်ပါတယ်။ ဒါပေမဲ့ ဒီနှစ်မှာလည်း ကလေးတွေ ကျောင်းတက်ချိန်နဲ့ တိုက်နေတော့ မလိုက်နိုင်တော့ဘူးထင်တယ်။ သူတို့ပွဲတွေနိုင်ပြီး နောက်ဆုံးအဆင့်တွေ ရောက်လာရင်တော့ လိုက်ဖို့ ကြိုးစားရမှာပဲ။ ကလေးတွေအတွက်တော့ ခရီးက ဝေးလွန်းတယ်ထင်တယ်" လို့ ကမ္ဘာ့ဘောပွဲနဲ့ပတ်သက်ပြီး Alex က စကားဆိုပါတယ်။ Steven နဲ့ Alex တို့ဟာ Liverpool မှာပဲ တွေ့ဆုံချစ်ကြိုက်ခဲ့ကြတာ ဖြစ်ပါတယ်။ သမီးကြီးကိုယ်ဝန်ရှိချိန်မှာ Alex က အသက် ၂၂ နှစ်ပဲ ရှိပါသေးတယ်။ ဒုတိယ သမီးကလေးမွေးပြီး တစ်နှစ်အကြာ ၂၀၀၇ ခုနှစ်မှာမှ Bucking-hamshire အရပ်ဒေသ၊ Clivedon House မှာ လက်ထပ်မင်္ဂလာအခမ်းအနားကို အကြီးအကျယ် ကျင်းပခဲ့ကြပါတယ်။ လက်ထပ်ပြီး နောက်နှစ်နှစ်အကြာမှာတော့ တတိယသမီးငယ်လေးကို မွေးဖွားခဲ့ပါတယ်။ Alex တို့ရဲ့ သမီးငယ်သုံးဦး Lilly-Ella ၊ Lexite နဲ့ Lourdes သုံးဦးစလုံးဟာ မိခင် Alex (၃၁) နှစ်လိုပဲ ရွှေရောင်ဆံပင်များနဲ့ ဖြစ်ပြီး မိခင်၊ ဖခင်တို့လိုပဲ ရုပ်ဆင်းသွင်ပြင် ချောမောလှပသူလေးများ ဖြစ်ကြပါတယ်။ သူတို့ဟာ ဖအေချစ်တဲ့ သမီးများဖြစ်ပေမဲ့ ဘောလုံးကစားဖို့ထက် ကခုန်ဖို့ ပြဇာတ်တွေထွင်ပြီး ကပြဖို့ သူတို့ဘာသာ i Movie နဲ့ ရုပ်ရှင်ရိုက်ဖို့ကို ပိုပြီး စိတ်ဝင်စားကြတယ်လို့ မိခင် Alex က ဆိုပါ

တယ်။

Steven ကတော့ မိသားစုဘဝနဲ့ပတ်သက်ပြီး "အိမ်ပြန်တာနဲ့ တစ်ပြိုင်နက် ကျန်တာအားလုံးကို ဖျောက်ပစ်နိုင်တယ်။ အိမ်တံခါးကနေ အထဲကို ဝင်လိုက်တာနဲ့ ကျွန်တော်က အငယ်ဆုံးသမီး အတွက် Mickey Mouse ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် အကြီးနှစ်ယောက်နဲ့အတူ ကခုန်ရတော့တာပဲ" လို့ ဆိုပါတယ်။ Steven က သူ့ရဲ့ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိမှာ သူ့ဇနီးနဲ့သမီးများကို 'ခြင်္သေ့မလေး များ' လို့ ခေါ်ဝေါ်ခဲ့ပါတယ်။ ရွှေရောင်ဆံပင်များ ကြောင့် ဖြစ်နိုင်ပါတယ်။ "Steven က အယူသည်း တာမျိုးတော့ မရှိပါဘူး။ ဒါပေမဲ့ ကျွန်မတို့အားလုံး က ပွဲတစ်ပွဲမစခင် သူ့ဆီကို ဖုန်းဆက်ပြီးဖြစ်ဖြစ်၊ Skype ကပဲဖြစ်ဖြစ် စကားပြောပြီး အမြဲတမ်း အားပေး၊ ဆုတောင်းပေးကြတယ်။ သူအဝေးသွား ရင် ကလေးတွေက အမြဲလွမ်းနေကြပြီး သူက လည်း ကလေးတွေကို အလိုလိုက်တယ်။ ကျွန်မ က စည်းကမ်းတင်းကျပ်ရသူ ဖြစ်တယ်" လို့ Alex က မိသားစု ဆက်ဆံရေးနဲ့ ပတ်သက်ပြီး ဖွင့်ဆို ပါတယ်။ ဘောလုံးပွဲကစားရာမှာ အနိုင်အရှုံးများနဲ့ ပတ်သက်ပြီး ရင်ဆိုင်တွေ့ကြုံ ဖြေရှင်းရပုံများကို တော့ "ဘောလုံးပွဲတစ်ပွဲ ကစားရတာ သူ့အတွက် ကြီးမားတဲ့ ဖိအားတွေရှိပါတယ်။ အဆင်မပြေ ဘူးဆိုရင် သူ့ကို အနည်းငယ်တော့ ထိခိုက်တာ အမှန်ပါပဲ။ သူကစားနေတဲ့ ဘောလုံးပွဲကို မကြည့် နိုင်၊ မကြည့်ဖြစ်ဘူးဆိုရင် ပွဲပြီးတဲ့ အခြေအနေကို စုံစမ်းရတယ်။ ဒါမှ သူ ဘယ်လိုစိတ်မျိုးနဲ့ အိမ် ပြန်လာမယ်ဆိုတာ သိမှာလေ။ ကလေးတွေတောင် သိနေကြပြီ။ သူတို့အသင်း ရှုံးတယ်ဆိုရင် ကလေး တွေကလည်း စိုးရိမ်ကြတယ်။ ဒါကလည်း Steven က သူ့အလုပ်ကို တန်ဖိုးထားလို့ပဲ ဖြစ်ပါ တယ်။ သူတို့အသင်းရှုံးလို့ သူအိမ်ပြန်လာရင် ခဏတော့ သူ့ဘာသာ တိတ်တိတ်ဆိတ်ဆိတ် နေနေတာပဲ။ ကျွန်မတို့လည်း သူ အနှောင့်အယှက် မဖြစ်အောင် နေကြတာပေါ့လေ" လို့ Alex က ဆိုပါတယ်။ ဆယ်နှစ်ကျော် ပေါင်းသင်းနေထိုင် နိုင်ခဲ့ကြတဲ့ မိသားစုရဲ့ ရပ်တည်မှုနဲ့ ပတ်သက်ပြီး Alex က "ကျွန်မတို့အိမ်မှာ စည်းမျဉ်းတစ်ခု ရှိတယ်။ ဘောလုံးကစားပွဲမရှိတဲ့ ကြာသပတေးည တွေက ကျွန်မ ကိုယ်ပိုင်ညပဲ။ အဲဒီညမှာတော့ TV မှာ ကျွန်မကြည့်ချင်တာ ကြည့်လို့ရတယ်။ တစ်ပတ်တစ်ခါလည်း ကလေးတွေကျောင်းသွား ချိန် မြို့ထဲမှာနှစ်ယောက်အတူတူ နေ့လယ်စာ စားတယ်။ Steven က အပေါ်ယံဂရုစိုက်တာမျိုး တွေ လုပ်မပြတတ်ပေမဲ့ ကျွန်မ လိုအပ်တာတွေ ကိုတော့ အမြဲတမ်း ဂရုတစိုက် လုပ်ပေးတတ်တဲ့သူ ဖြစ်ပါ တယ်။ Steven အမြဲတမ်း ခရီးသွားနေရတာ လည်း သူနဲ့ ပိုပြီးနီးစပ်ချစ်ခင်စေတယ်လို့ ထင်ပါ တယ်။ သူနဲ့ဝေးချိန် ကိုယ့်ဘာသာ နေခွင့်ရတာ၊ သူ့ကို လွမ်းရတာ၊ ပြန်လာချိန်မှာ ပျော်ရွှင် ရတာ တွေက ကျွန်မတို့ရဲ့ ဆက်ဆံရေးကို ပိုပြီးခိုင်မြဲ စေပါတယ်" လို့ Alex က ဆိုပါတယ်။ Steven တို့ ဇနီးမောင်နှံဟာ ကော်ဇောနီပွဲတော်တွေ အကြိုပြပွဲအခမ်းအနားတွေ၊ ညကလပ်ဖွင့်ပွဲ တွေ ကို ရှောင်ရှားပြီး ကလေးများကို လုံခြုံအေးချမ်းတဲ့ ဘဝမျိုးသာ ဖန်တီးပေးခဲ့တာကလည်း သူတို့ မိသားစုအတွက် ကောင်းမွန်တဲ့ရလဒ်တွေကို ရရှိ စေခဲ့တာ ဖြစ်ပါတယ်။ သမီးလေးများဟာ ရုပ်ရည် ချောမောလှပရုံမက လိမ္မာယဉ်ကျေးတဲ့ ကလေး ငယ်များ ဖြစ်ကြပါတယ်။

Alex ဟာ အရပ် ၅ ပေ ၉ လက်မရှိပြီး ရွှေရောင်ဆံပင်များနဲ့ ရုပ်ရည်အဆင်း လှပ ချောမောသူဖြစ်ပါတယ်။ ကလေးသုံးယောက် မိခင်ဖြစ်ပေမဲ့ သွယ်လျကြော့ရှင်းတဲ့ ခန္ဓာကိုယ် ပိုင်ရှင်လည်း ဖြစ်ပါတယ်။ Alex ဟာ GYM ကို မှန်မှန်သွားပြီး ကိုယ်ပိုင်လေ့ကျင့်ခန်းဆရာနဲ့ ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ မှန်မှန်ပြုလုပ်သူ ဖြစ်ပါတယ်။ အပြေးလေ့ကျင့်သူလည်းဖြစ်ပြီး ငါးမိုင်ခန့် မနားတမ်းပြေးနိုင်သူ ဖြစ်ပါတယ်။ ဒီလို ကျန်းမာရေးလိုက်စားပြီး ကြံ့ခိုင်သန်စွမ်းတဲ့ နေထိုင်မှုစတိုင်ဟာ ခင်ပွန်းသည်ကို အားကျ အတုယူတာ ဖြစ်တယ်လို့လည်း ဆိုပါတယ်။ Alex ဟာ အစားအစာချက်ပြုတ်ခြင်းကိုလည်း စိတ်ဝင် စားသူ ဖြစ်ပါတယ်။ ခရစ္စမတ်ချိန်ခါများမှာ တစ်အိမ်လုံးအတွက် X'MAS Dinner ညစာကို တစ်ယောက်တည်း ပြင်ဆင်ချက်ပြုတ်တတ်သူ ဖြစ်ပါတယ်။ သမီးကြီး ၉ နှစ်၊ အလတ် ၇ နှစ်နှင့် အငယ်လေး ၄ နှစ်တို့ရဲ့ မိခင်ဖြစ်သူ Alex ဟာ Wags အမည်ရ ဘောလုံးသမားတို့ရဲ့ Wives and Girlfriends အဖွဲ့ရဲ့ ခေါင်းဆောင် ပီသစွာ၊ မိမိကိုယ်ကို လှပကြော့ရှင်းအောင် နေရုံမက တခြားစွမ်းရည်များနဲ့လည်း ပြည့်စုံသူ ဖြစ်ပါတယ်။ Alex ကို အင်္ဂလန်နိုင်ငံ အပတ်စဉ်ထုတ် နာမည် ကျော် Hello မဂ္ဂဇင်းက ကျန်းမာရေးနဲ့ ကြံ့ခိုင်ရေး ဆောင်းပါးများအတွက် ရေးသားပေးဖို့အကြံဉာဏ် ပေးဖို့ စာချုပ်ချုပ်ဆိုလိုက်ပြီ ဖြစ်ပါ တယ်။ ဒီကဏ္ဍ အတွက် Alex ကိုယ်တိုင်ကလည်း တက်ကြွ ဝင်စားလှုပ်ရှားနေပြီး သူကိုယ်တိုင် လေ့ကျင့် စမ်းသပ်နေတဲ့ ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ၊ လေ့ကျင့်စဉ်ဝတ်ဆင်ရမယ့် အဝတ်အစား၊ ကျန်းမာရေးအထောက်အကူပြု အစားအစာ ချက်ပြုတ်နည်းများကို ရေးသားမှုဝေတော့မှာ ဖြစ်ပါတယ်။ ဇနီးကောင်းတစ်ယောက်၊ မိခင် ကောင်း တစ်ယောက်အဖြစ် မိမိ မိသားစုကို ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ Alex ဟာ အင်္ဂလန် ဘောလုံး အသင်းခေါင်းဆောင် ကပ္ပတိန်ရဲ့ဇနီး၊ Wags များရဲ့ခေါင်းဆောင်ဖြစ်သူပီပီ ဒီတာဝန်ကို ကျေပွန်ရုံမက လှပအောင်မြင်စွာ ထမ်းဆောင် လုပ်ကိုင်နိုင်မှာကတော့ အမှန်ပဲလို့ ဆိုကြပါတယ်။

**တင်လတ်သန္တာမိုလ်**



Alex နှင့် သမီးကြီး Lilly-Ella ၊ သမီးလတ် Lexie နှင့် သမီးငယ် Lourdes

# Camp X- Ray နဲ့ အလန်ဇယား ခရစ္စတင်စတီးဝပ်

ရဲသစ်



‘‘2014 Sundance Festival မှာ လူကြိုက်များခဲ့တဲ့ ဇာတ်ကားဆန်းတစ်ကားကတော့ Twilight စတားမလေးခရစ္စ တင်စတီးဝပ်ရဲ့ အသစ်စက်စက် ဇာတ်ကား Camp X- Ray ပဲ ဖြစ်ပါတယ်” လို့ဟယ်လိုက သတင်းကောင်းပါးလာတာပါ။ Twilight ပရိသတ်တွေအတွက် စိတ်ဝင်စားစရာဖြစ်ရတာ အမှန်ပါပဲ။ အမေရိကန်ဘက် ဆဲလားစာရေးဆရာမ စတက်ဖနီမေရာရဲ့ စိတ်ကူးကနေ ပေါက်ဖွားလာတဲ့ Twilight ဇာတ်လမ်းတွဲတွေဟာ ပိတ်ကားထက်မှာလည်း ဝက်ဝက်ကွဲ အောင်မြင်မှုသရဖူဆောင်းနိုင်ခဲ့သလို အမိက သရုပ်ဆောင် Vampire အက်ဒဝပ်လုလင်နဲ့ မိန်းမလှလေး ဘဲလာဆွမ်းတို့ရဲ့ ချစ်ပုံပြင်ဟာလည်း ပရိသတ်တွေကြားမှာ တသသ ပြောစရာဖြစ်ခဲ့ရတာ အားလုံးအသိပါပဲ။






အခု အချိန်မှာတော့ Twilight ဇာတ်ကားတွေ အဆုံး သတ်ခဲ့ပြီဖြစ်သလို ရွှေရောင်မောင်နှံ ၂ ဦးဖြစ်တဲ့ ရော်ဘတ်ပ်ကီတီဆင်နဲ့ ခရစ္စတင် စတီးဝပ် တို့ရဲ့ ကတ္တီပါလမ်းခွဲဟာလည်း ၂၀၁၃ ရဲ့ ဟောလိဝုဒ် အသည်းကွဲပုံပြင်စာရင်းမှာ ကျန်ရစ်ခဲ့ပြီပဲလို့ ဟယ်လိုက ဆိုထားတာ အကြောင်းရှိပါတယ်။ အသည်းကွဲခဲ့ပေမဲ့လည်း ညှို့မင်းသမီးချော ခရစ္စတင်စတီးဝပ်ဟာ အနုပညာအလုပ်တွေကို မနားတမ်းဘဲဆိုတာကို အသိပေးလာခြင်း ဖြစ် တာကို နောက်ဆုံးကတော့ လျှို့ဝှက်သည်းဖို ဇာတ်ကားသစ် Camp X- Ray မှာပါ ခရစ္စတင် ကျားကျားလျားလျား ပီပီပြင်ပြင် အနုပညာစွမ်းပြ ထားတယ်ဆိုတာကိုပါ ဖွင့်ပေးလာခြင်းပဲ ဖြစ်ပါတယ်။

Kristen Jaymes Stewart အမည်ရ ဟောလိဝုဒ်မင်းသမီးချောဟာ ရေမရောတဲ့ လော့စ်အင်ဂျလိစ်မြို့ကြီးသူချော တစ်ယောက် ဖြစ်ပြီး မျက်လုံးစိမ်းတွေ နီညိုရောင်ကေသာအလှနဲ့ Hottest Young Actress စာရင်းဝင်ဘဝကို ဆယ်ကျော်သက်အရွယ်မှာတင် ပိုင်ဆိုင်ခွင့်ရခဲ့ သူပဲ ဖြစ်ပါတယ်။ ဂန္ထဝင်စာရေးဆရာကြီးတွေ ဖြစ်တဲ့ အဲလ်ဘတ်ကမူးရဲ့ The Strange နဲ့ ဂျွန်စတိန်းဘတ်ရဲ့ East of Eden ဝတ္ထုတွေကို နှစ်သက်သူ မင်းသမီးချောက ရော့ခ်ဂီတကို ခုံမင်ပြီး စီးကရက်သောက်ခြင်းကိုတော့ စွန့်လွှတ်လို့မရသူ ငွေကြယ်ပွင့်တစ်ပွင့်ပဲ ဖြစ်ပါတယ်။ AskMen ကရွေးချယ်တဲ့ ၂၀၁၃ ဝင်ငွေ အကောင်းဆုံး လူငယ်အနုပညာရှင် စာရင်းမှာ နံပါတ် ၇ ချိတ်သူဟာ လက်ရှိမှာလည်း ဇာတ်ကားတစ်ကားကို ဒေါ်လာ ၁၅ သန်း ရရှိနေတဲ့ အကျော်အမော် မင်းသမီးတစ်လက်အဖြစ်နဲ့လည်း ပွဲလယ်တင့်နေခဲ့ပြီပဲ ဖြစ်ပါတယ်။

Snow White ဇာတ်ကားရိုက်ကူးရင်း ဒါရိုက်တာ ရူပ်ဝပ်ဆန်ဒါနဲ့ ဘာလိုလိုအသံတွေ ကြားခဲ့ရသလို သူတို့ ၂ ဦးညစာအတူထွက်စား ခဲ့တာကို ပါပရာဇီတွေတွေ့ရှိခဲ့အပြီးမှာ အင်္ဂလန်နှင်းဆီခိုင်မင်းသားရော်ဘတ်နဲ့ ခရစ္စတင်တို့ရဲ့ ချစ်ဇာတ်လမ်းပြည်ဖုံးကားချခဲ့ကြတာပဲ ဖြစ်ပါတယ်။

Camp X- Ray ဇာတ်ကားဟာ အမေရိကရဲ့ ကမ္ဘာကျော် ဂွါတာနာမို အကျဉ်းထောင်ရဲ့ ပုံရိပ်တွေကို နောက်ခံပြုဖန်တီး တင်ဆက်ထားတာ ဖြစ်ပြီး ပုံဖော်ခြယ်မှုန်းသူက ဒါရိုက်တာ ပီတာ ဆက်တယ်လာပဲ ဖြစ်ပါတယ်။ Guantanamo Bay detention Camp နဲ့ ပတ်သက်ပြီး ရိုက်ကူး တင်ပြထားတဲ့ ဇာတ်





ကားတွေ သိပ်မရှိသေးတာကြောင့်လည်း ဒီကားကို ဝေဖန်ရေးဆရာ တော်တော်များများက သဘောတွေ့ခဲ့ကြတာပဲဖြစ်ပါတယ်။ စစ်ဘက်ဆိုင်ရာ ထိပ်တန်းအကြီးအကဲ ဖနီးဘဝကို ရည်မှန်းပြီး စစ်သင်တန်းတက်ရောက်ခဲ့သူ မိန်းမချောလေး အေမီကိုးလ်အသွင်နဲ့ ခရစ္စတင်ကို ရသမြောက်ရင်ခုန်ခွင့်ရဦးမှာဖြစ်ပြီး နာမည်ကြီးဝါ့တာနာမိုမြေကို လုံခြုံရေးအရာရှိ စစ်ထောက်ချုပ်အဖြစ်နဲ့ရောက်ရှိခဲ့တော့ ကြုံတွေ့ရင်ဆိုင်ခဲ့ရတဲ့ အခက်အခဲ အတားအဆီးတွေကို အေမီ ဘယ်လို ကျော်ဖြတ်ခဲ့သလဲဆိုတာကလည်း စိတ်ဝင်စားစရာကောင်းနေပါတယ်။

Sundance ရုပ်ရှင်ပွဲတော်ကို တစ်ကိုယ်တော် တက်ရောက်လာခဲ့သူ ခရစ္စတင်ရဲ့ ပွင့်ပွင့်လင်းလင်း အင်တာဗျူးနဲ့ ထုတ်ဝေလာတဲ့ Vanity Fair မဂ္ဂဇင်းဟာ လောလောဆယ် လူကြိုက်များနေပါတယ်။ အီတလီနဲ့စပိန်မှာ Clouds of Sils Maria ဇာတ်ကားရိုက်ကူးနေသူ အလန်းဇယားမင်းသမီးချောက "လောလောဆယ် အနုပညာလုပ်ငန်းတွေအကြောင်းပဲ ခေါင်းထဲမှာ ရှိပါတယ်။ အချစ်ရေးကိုတော့ ခဏမေ့ထားပါသေးတယ်။ ချစ်သူသစ်ရပြီဆိုရင်လည်း ပရိသတ်တွေကို အရင်ဦးဆုံး အသိပေးမှာပါ။ Camp မှာ ပင်ပင်ပန်းပန်းကြိုးစားထားတာတွေ ပရိသတ်တွေကြိုက်တယ်ဆိုရင် အမောပြေပါတယ်"လို့ရင်ဖွင့်စကားဆိုလာပါတယ်။

CXR ဇာတ်ကားသစ်ကို
စောင့်မျှော်ရင်း။

# P R O F I L E

| | | |
|---|---|---|
| အမည် | - | ခရစ္စတင်စတီးဝပ် |
| ဇာတိ | - | လော့အင်ဂျလိစ် |
| သက္ကရာဇ် | - | ၉.၄.၉၀ |
| အလုပ်အကိုင် | - | သရုပ်ဆောင် |
| အိမ်ထောင် | - | မရှိ |
| အရပ် | - | ၅ ပေ ၆ လက်မ |
| မျက်လုံး | - | စိမ်း |
| ဆံပင် | - | နီညို |
| မွေးချင်း | - | ၂ ဦး |
| ပေါက်ဇာတ်ကား | - | **Twilight** |
| ရိုက်ကူးဆဲ | - | **Clouds of Sils Maria** |
| ဝါသနာ | - | ရေလှိုင်းစီး၊ ပြိုင်ကားမောင်း |
| လက်ရှိနေထိုင် | - | ဘီဗာလီဟေးလ် |

ရဲသစ်



# မွေးနေ့သင်္ကေတကိုကြည့် ကိုယ်အကြောင်းကိုယ်သိ

ငွေနိုင်

*ဟော်လီဘတ္တလေ (Holly Buckley)*

ဒတ်ချ်လူမျိုး Holly Buckley ဟာ ဟဟီရဝါဒီ (Paganism) တစ်ဦးဖြစ်ပါတယ်။ သူမဟာ ဘာသာရေး၊ တိရစ္ဆာန်တွေ၊ လူနေမှုဘဝပုံစံတွေနဲ့ ဂီတစတဲ့ အကြောင်းအရာမျိုးစုံကို ရေးသားနေသူလည်း ဖြစ်ပါတယ်။ သူမရေးသားသမျှထဲက Dutch Flat Paganism Examiner, Pet Examiner, Animal Advocacy Examiner, Musical Examnier စတဲ့ စာတွေကိုတော့ လူကြိုက်များကြပါတယ်။ ခုလည်း သူမ ဖန်တီးမှုတွေထဲက ကမ္ဘာကျော်လူကြိုက်များတဲ့ 'မွေးနေ့နှင့် စရိုက်လက္ခဏာများ' 'Look up your birthday and see what you are' အကြောင်း ဖော်ပြလိုက်ပါတယ်။ ရတီပရိသတ် ကြီးလည်း မိမိတို့ရဲ့ မွေးနေ့လေးတွေကို Holly မှန်းဆပေးတဲ့ စရိုက်လက္ခဏာတွေနဲ့ ကိုက်ညီမှု ရှိမရှိ ချိန်ဆကြည့်ကြရအောင်ပါ။


| ခြင်္သေ့ | လိပ် | ခွေး | ကြွက် |
| --- | --- | --- | --- |
| January 25 - 31 | February 15 - 21 | January 01 - 09 | January 10 - 24 |
| March 13 - 15 | April 27 - 30 | April 01 - 03 | March 16 - 23 |
| May 22 - 31 | June 04 - 14 | June 15 - 20 | April 15 - 26 |
| November 01 - 16 | August 26 - 31 | July 10 - 15 | June 01 - 03 |
| | October 16 - 27 | September 28 - 30 | July 01 - 09 |
| | | December 01 - 16 | August 16 - 25 |

| ကြောင် | ချိုးငှက် | သစ်နက် | မျောက် |
| --- | --- | --- | --- |
| February 01 - 05 | February 06 - 14 | February 22 - 28 | March 01 - 12 |
| March 24 - 31 | May 14 - 21 | April 04 - 14 | May 01 - 13 |
| June 25 - 30 | July 16 - 26 | October 28 - 31 | June 21 - 24 |
| July 27 - 31 | September 01 - 14 | | August 01 - 15 |
| September 15 - 27 | December 26 - 31 | | October 01 - 15 |
| November 17 - 30 | | | December 17 - 25 |

## ခွေး ( Dog )

သင့်မွေးနေ့သင်္ကေတဟာ ခွေးတစ်ကောင်ကို ကိုယ်စားပြုနေတယ်ဆိုရင်တော့ သင်ဟာအလွန် သစ္စာရှိတဲ့သူ တစ်ဦးပဲပေါ့။ သင့်ရဲ့ သစ္စာရှိမှုကို တော့ တခြားသူတွေကဘယ်တော့မှ သံသယမဝင် သင့်ပါဘူး။ သင်ဟာ အလုပ်နဲ့ပတ်သက်လာရင် အတော်အတန်ရိုးသားပြီး စိတ်ချရသူပါပဲ။ သင်ဟာ အလွန်ရိုးသားတဲ့ လူတစ်ယောက်ဖြစ်တဲ့ အတွက် မိတ်ဆွေ သူငယ်ချင်းတွေက ခင်တွယ် ကပ်ငြိကြတာပဲဖြစ်ပါတယ်။ သင်ရဲ့ အဝတ်ဗီရို ထဲမှာ ပုံစံဟောင်း၊ ဒီဇိုင်းဟောင်း အဝတ်အထည်တွေသာ ပြည့်နေမယ်ဆိုရင်တော့ စိတ်ညစ်စရာတွေနဲ့ ကြုံတွေ့ရပါလိမ့်မယ်။ သင့်ဘဝ တိုးတက်မှုအတွက် ပေါ့ပေါ့ပါးပါးနေပါ။ သင့်မှာ ကိုယ်ရည်ကိုယ်သွေး ပြည့်ဝတဲ့ လူတွေ ပါဝင်တဲ့ အဖွဲ့ငယ်ကလေး တစ်ခုလည်း ရှိနေပါတယ်။





## ကြွက် ( Mouse )

သင့်မွေးနေ့သင်္ကေတဟာ ကြွက်တစ်ကောင်ကို ကိုယ်စားပြုနေမယ်ဆိုရင်တော့ သင်ဟာ တစ်ခုခုကို ကျိုစယ်နောက်ပြောင်ဖို့ အမြဲကြိုးစားနေသူပါပဲ။ သင့်ရဲ့ မျက်ဝန်းထဲက ကျိုစယ်လိုတဲ့ အရောင်အဆင်းတွေကြောင့် ကြုံတွေ့သူတိုင်းက သင့်ကို အလွန်ချစ်ခင်ကြမှာပါ။ဒါကလည်း သူတို့ကို ဆွဲဆောင်နိုင်တဲ့ သင့်ရဲ့ အရည်အချင်းတစ်ရပ်ပါပဲ။ သင်ဟာ အလွန်အကျူး အပျော်အပါး မက်မောသူလည်း ဖြစ်ပါတယ်။ လူတွေက သင်နဲ့ သင့်ကုမ္ပဏီကို သူတို့နဲ့ ပူးပေါင်းဆောင်ရွက်လိုစိတ် ရှိကြပါတယ်။ သင်ရဲ့အားနည်းချက် တစ်ခုက ဆတ်ဆတ်ထိမခံ တုံ့ပြန်တတ်မှုပဲ ဖြစ်ပါတယ်။ အဲဒီအပြုအမူကြောင့် စိတ်မကောင်းစရာကိစ္စရပ်တွေနဲ့ တွေ့ကြုံရတတ်ပါတယ်။ လူတွေဟာ သင်နဲ့ စကားပြောနေစဉ်မှာပဲ စကားလုံးတွေ ရွေးချယ်နေကြရရှာတယ်။ သူတို့က သင့်ကို စကားလုံးနဲ့ပြန်ပြီး နားပူနားဆာလုပ်မိရင်တော့ သင်ဒေါသထွက်ပါလေရော။ သင့်ကို နတ်မိမယ်တွေက ကောင်းချီးပေးပါတယ်။

## ခြင်္သေ့ ( Lion )

သင့်မွေးနေ့သင်္ကေတဟာ ခြင်္သေ့ဖြစ်နေမယ်ဆိုရင်တော့ သင်ဟာ သင့်သင်္ကေတနဲ့ ဆန့်ကျင်ဘက်ပဲ ငြိမ်းချမ်းရေးနဲ့ မေတ္တာတရားရှိသူပါ။ ဒါ့အပြင် သင်ဟာ တိုက်ရခိုက်ရတဲ့အလုပ်တွေကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ပါတယ်။ သင်ဟာ တစ်နေရာတည်းမှာ အချိန်အကြာကြီး ထိုင်လုပ်နေတာကို မကြိုက်ပါဘူး။ ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါး နေလိုသူတစ်ဦးပါ။ သင်ဟာ မွေးရာပါ ခေါင်းဆောင်တစ်ဦးဖြစ်တဲ့ အတွက် လူတွေကို စနစ်တကျ ဦးဆောင်နိုင်ပါတယ်။ လူတကာကိုလည်း ချစ်ချစ်ခင်ခင် ဆက်ဆံ ပေါင်းသင်းတတ်တဲ့အတွက် အများကလည်း သင့်ကိုချစ်ခင်လေးစား ကြပါတယ်။ သင်ဟာ ကောင်းသတင်းတွေနဲ့ ထင်ပေါ်ကျော်ကြားမည့်သူ ဖြစ်ပါတယ်။



# ကြောင် [ Cat ]




သင့်မွေးနေ့သင်္ကေတဟာ ကြောင်တစ်ကောင်ဖြစ်နေမယ်ဆိုရင်တော့ သင်ဟာ အလွန်ချစ်ဖို့ ခင်ဖို့ကောင်းတဲ့သူတစ်ယောက်ပေါ့။ သင်ဟာ ပင်ကိုဉာဏ်ရှင်သူတစ်ဦးပါ။ ဒါပေမဲ့ တစ်ခါတလေ ရှက်တတ်ပါတယ်။ သင်ရှက်နေချိန်မှာတော့ တစ်ယောက်တည်း ငြိမ်ငြိမ်လေး နေရတာကို လိုလားပါတယ်။ သင်ဟာ အကြောင်းအရာမျိုးစုံကို စူးစမ်းလေ့လာလိုပြီး တစ်ခုချင်းစီကိုလည်း အသေးစိတ် လေ့လာပါတယ်။ သာမန်အချိန်တွေမှာတော့ သင်ဟာ အေးအေးလူလူ နေထိုင်ပြုမူသလောက် အကြောင်းအရာတစ်ခုခု ပေါ်လာရင်တော့ သင်ဟာပေါက်ကွဲတော့မယ့် မီးတောင်လိုပါပဲ။ သင်ဟာ ခေတ်မီသူတစ်ဦးလည်း ဖြစ်ပါတယ်။ လူတွေက သင့်ရဲ့ ဖက်ရှင်ဒီဇိုင်းတွေကို နှစ်သက်လိုလားကြပြီး သင့်ကို သူတို့ရဲ့ စံပြပုဂ္ဂိုလ်တစ်ယောက်လို မြင်ကြပါတယ်။ သင်ဟာ လွတ်လွတ်လပ်လပ် နေလိုပေမဲ့ သူစိမ်းတွေနဲ့ စကားအများကြီးပြောရတာကိုတော့ မကြိုက်ပြန် ဘူး။ သင့်ကုမ္ပဏီမှာ လုပ်ရသူတွေဟာ လွတ်လပ်မှု ရှိကြတယ်။ ဒါပေမဲ့ သင်ဟာ သူငယ်ချင်း အပေါင်းအသင်းကိုတော့ သိပ်ရွေးပြီး ဂရုတစိုက် လေ့လာတယ်။

---

# လိပ် [ Turtle]

သင့်မွေးနေ့သင်္ကေတဟာ လိပ်တစ်ကောင်ဖြစ်နေမယ်ဆိုရင်တော့ သင်ဟာ စိတ်နှလုံးသန့်ရှင်းဖြူစင်သူတစ်ဦးပါ။ သင့်ရဲ့ ကြင်နာမှုနမူနာများဟာ လူအုပ်စုအဖွဲ့တွေအတွင်းမှာ အမြဲလည်ပတ်စီးဆင်းနေပါတယ်။ သင်ဟာ ငြိမ်းချမ်းရေးကို မြတ်နိုးတဲ့သူဖြစ်တဲ့အတွက် အမှားလုပ်သူတွေကိုလည်း လက်တုံ့ပြန်လိုစိတ်မရှိတဲ့အပြင် အတင်းအဖျင်းပြောဆိုတာမျိုးကိုလည်း မလုပ်တဲ့သူတစ်ယောက်ပါ။ ဒါကြောင့်လည်း သင့်ကိုလူတွေက ချစ်ခင်ကြပါတယ်။ လူတွေက သင့်ရဲ့အပြုအမူ၊ ဆက်ဆံပုံတွေကို သဘောကျ နှစ်ခြိုက်ကြတယ်။ သင်ဟာ လူတွေကို ချစ်ခြင်းမေတ္တာတွေ ပေးဝေသလောက် သူတို့ဆီက ဘာတစ်ခုမှပြန်ရဖို့ မမျှော်မှန်းဘူး။ သင်ဟာ သိပ်ရက်ရောပျူငှာတယ်။ သင့်လိုလူမျိုး အတွက် မြင်မြင်သမျှ အရာအားလုံးဟာ အကောင်းဆုံးဖြစ်နေပါတယ်။



# ချိုးငှက် [ Dove ]

သင့်မွေးနေ့သင်္ကေတဟာ ချိုးငှက်ကလေး ဖြစ်နေမယ်ဆိုရင်တော့ သင့်ကို ပျော်ပျော်နေသွေးခဲ (happy - go- lucky) လူစားမျိုးလို့ပဲ မှတ်ချက်ပြုလိုက်ပါတယ်။ ဘယ်လောက်ပဲ အခက်အခဲ (သို့) ပျော်ရွှင်မှုတွေ ဝိုင်းရံနေပါစေ။ သင်ကတော့ အေးအေးလူလူပါပဲ။ တကယ်တော့ သင်ဘယ်သွားသွား ပျော်ရွှင်ကြည်နူးမှုတွေကိုသာ ဆောင်ကြဉ်းသွားပါတယ်။ သင်ဟာ သူငယ်ချင်း မိတ်ဆွေတွေရဲ့ ခေါင်းဆောင် တင်မြှောက်ခြင်းကို ခံရပြီး သူတို့လိုအပ်ချိန်မှာလည်း နှစ်သိမ့်မှုတွေကို ပေးနိုင်ပါတယ်။ သင်



ဟာ 'ကြောင်သူတော် ကြွက်သူခိုး' (hypocrites) တွေကို မုန်းပြီး သူတို့နဲ့ ဝေးဝေးမှာ နေပါတယ်။ ဟန်ဆောင်စဉ်းလဲသူတွေဟာလည်း ဘယ်လိုနည်းနဲ့မှ သင့်ရဲ့မိတ်ဆွေ ဖြစ်လာစရာ မရှိပါဘူး။ သင်ဟာ အလုပ်လုပ်ရာမှာ အလွန်နည်းလမ်းကျပြီး စီမံမှုလည်း ကောင်းပါတယ်။ စိတ်ရှုပ်မှုကို ဘယ်တော့မှ လက်မခံဘူး။ အလွယ်တကူ ချစ်ကြိုက်သွားတတ်တာကိုတော့ သတိထားဖို့ လိုပါတယ်။

ဘယ်လောက်ပဲ
အခက်အခဲ
(သို့) ပျော်ရွှင်မှုတွေ
ဝိုင်းရံနေပါစေ။
သင်ကတော့
အေးအေးလူလူပါပဲ။
တကယ်တော့
သင်ဘယ် သွားသွား
ပျော်ရွှင်ကြည်နူးမှုတွေကိုသာ
ဆောင်ကြဉ်းသွားပါတယ်။



သင်ဟာ
အလွန်ကြွနေ
စောင့်စည်းပြီး
မွန်ရည်သောသူ
ဖြစ်ပါတယ်။
သင်ဟာ
အရာရာကို
သင့်အလိုဆန္ဒအတိုင်း
လိုလားပြီး . . .

# သစ်နက်
# [ Panther ]



သင့်ရဲ့ မွေးနေ့သင်္ကေတဟာ သစ်နက်တစ်ကောင် ဖြစ်နေမယ်ဆိုရင်တော့ သင်ဟာ သိပ်ပြီး ပဟေဠိဆန်ပြီး နားလည်ရခက်တဲ့သူ တစ်ဦးပါပဲ ။ သင်ဟာ ပြဿနာတွေ၊ ဖိအားတွေကို လွယ်လွယ်ကူကူ ဖြေရှင်းနိုင်စွမ်းရှိသူဖြစ်ပြီး ဘယ်လိုအခက်အခဲမျိုးကိုမဆို သွေးအေးအေးနဲ့ ကိုင်တွယ်နိုင်သူလည်း ဖြစ်ပါတယ်။ သင်ဟာ တစ်ခါတလေ တွန့်တိုရက်စက်တတ်ပြီး အတင်းပြောဆိုမှုကိုလည်း လုပ်တတ်ပါတယ်။ ဒါပေမဲ့ သင်ဟာ အလွန်ကြွနေစောင့်စည်းပြီး မွန်ရည်သောသူဖြစ်ပါတယ်။ သင်ဟာ အရာရာကို သင့်အလိုဆန္ဒအတိုင်းလိုလားပြီး တစ်ခါတလေ မဖြစ်နိုင်တာတွေကိုတောင် ကြံစည်တတ်ပါတယ်။ အကျိုးဆက်အဖြစ် အပေါင်းအသင်းတွေနဲ့ ဆက်ဆံရေးပျက်တတ်ပါတယ်။ ဒါပေမဲ့ သင်ဟာ လူများကိုချစ်ခင်တတ်ပြီး သူတို့အမှန်တကယ် လိုအပ်ချိန်မှာလည်း ကူညီပေးတတ်ပါတယ်။

---



# မျောက်
# [ Monkey ]

သင့်မွေးနေ့သင်္ကေတဟာ မျောက်တစ်ကောင်ဖြစ်နေမယ်ဆိုရင်တော့ သင်ဟာ အလွန်သည်းခံမှုနည်းပြီး အငြိမ်မနေတတ်သူတစ်ဦးပါပဲ။ ဘယ်အလုပ်ကိုမဆို တတ်နိုင်သမျှ မြန်မြန်ဆန်ဆန် လုပ်ကိုင်ပါတယ်။ သင်ဟာ အတော်အတန်ရိုးစင်းပြီး ချစ်ခင်စရာကောင်းပါတယ်။ သင်ဟာ ထောင့်ပေါင်းစုံကနေ ဘေးကင်းလုံခြုံရာကို ရှာတတ်သူလည်း ဖြစ်ပါတယ်။ အငြင်းပွားမှုတွေဟာ သင့်နာမည်ကို ထည့်သွင်းခံရနိုင်တဲ့အတွက် စိတ်မချမ်းသာမှုတွေနဲ့ ကြုံရနိုင်ပါတယ်။ ဒါကြောင့် အစကတည်းက ကြိုတင်ကာကွယ်မှုတွေ လုပ်ရပါမယ်။ အမှားကြုံလာနိုင်မယ်လို့ တွေးမြင်မိခဲ့ရင် သင့်ရဲ့ ဆဋ္ဌမအာရုံ (Sixth Sense) ဟာ သင့်ကို ထောင်ချောက်မိခြင်းက ကာကွယ်နေတယ်လို့ မှတ်ယူလိုက်ပါ။ သင်တို့ဟာ ငွေအရှာအဖွေကောင်းသူတွေလည်း ဖြစ်လေရဲ့ . . . ။

**နွေနီဝါနီး**



ဝတ္ထုတိုရသ

# မလှသော အမှတ်တရ

## ရွှေသင်

သည်တိုက်ခန်းလေးအတွင်းသို့ သော့ဖွင့်၍ ဝင်လိုက်ပြီးသည်နှင့် ပထမဦးဆုံးလုပ်ရသည့်အလုပ်က ခပ်မြင့်မြင့်စားပွဲလေးတစ်လုံးပေါ်မှ လယ်ဂျာစာအုပ်ရှည်ကြီး၏ စာရွက်များကို လှန်ရခြင်းဖြစ်သည်။

ထိုစာအုပ်ထဲ၌ အမြဲလိုလိုပင် တစ်ခုမဟုတ်တစ်ခုသော မေးခွန်း (သို့မဟုတ်) ခေါင်းစဉ်သစ်များက ရက်စွဲများအလိုက်ရှိနေတတ်သည်။ ခေါင်းစဉ်ဟောင်းတစ်ခုချင်းစီ၏ အောက်တွင်လည်း ထိုခေါင်းစဉ်အပေါ်၌ ရှိနေသည့် လူ ၃ ယောက်၏ အယူအဆ (သို့မဟုတ်) အဖြေများအား ချရေးထားသည့် စာတန်းလေးများက သူ့နေရာနှင့်သူ သီးခြားစီရှိနေသည်။

ထိုစာအုပ်ရှည်ကြီးအား ဖွင့်ကြည့်မည်ဆိုလျှင် မတူညီသည့် တံခါးပေါက်များအား တွေ့နိုင်ပါသည်။

◆

အသားကျနေသည့် စာအုပ်က လှန်လျှင်လှန်ချင်း တစ်နေ့ကရက်

ဖွဲ့နှင့်ရှိနေသော စာမျက်နှာသို့ အရင်ရောက်သွား၏။ ထိပ်ဆုံးမှ ခေါင်းစဉ်နေရာ၌ 'လိုအပ်မှု တစ်ခု' ဟုရေးထား၏။

"တစ်သမတ်တည်း မကြိုက်တတ်တဲ့ ငါ့အတွက် အသစ်၊ အသစ်တွေတော့လိုတယ်"ဟု တွေ့ရပြီး . . . C ကတော့

"ကြိုးတစ်ချောင်း"ဟုဆို၏။

A ဟုသော . . . ကျွန်မ၏ နေရာတွင်တော့. . .

"မလိုအပ်မိဖို့" ဟု ကျွန်မဖြည့်ထားသည်။

ကျွန်မတို့၏ အဖြေများသည် ကျွန်မတို့ပင် ဖြစ်သည်။



♦

ကျွန်မတို့သူငယ်ချင်းမိန်းကလေး ၃ ယောက်ထဲတွင် Cသည် စိတ်ကူးအယဉ်ဆုံးနှင့် ကလေးအဆန်တတ်ဆုံးပင်။ သည် ထုံးစံလေးအားလည်း Cမှပင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ကျွန်မတို့ အားလုံးမှာလည်း ဆယ်ကျော်သက် အရွယ်များ မဟုတ်ကြပါ။ သို့သော် လည်း C၏ အလိုကို ကျွန်မတို့ လိုက်ကြပါသည်။ ထို့ကြောင့်လည်း လယ်ဂျာ စာအုပ်ကြီး တစ်ဝက်ကျိုးလာခဲ့ခြင်း ဖြစ်သည်။ မေးခွန်းနှင့် ခေါင်းစဉ်အများစုအားလည်း Cတစ်ယောက်

ကသာလျှင် ဖိုင်ခံ၍ ရေးတတ်သည်။ ရံဖန်ရံခါတွင်တော့လည်း B က မေးခွန်းများ ဝင်ရေးတတ်သည်။

ကျွန်မကတော့ ရေးလိုစိတ်မရှိပါ။ သူငယ်ချင်းများ၏ အလိုကို လိုက်ရုံသက်သက်သာ မေးခွန်းများအား ကျွန်မဖြည့်ပါသည်။

သည်အခန်းလေးမှာ ကျွန်မတို့ သူငယ်ချင်း ၃ ယောက်၏ သီးခြားနေရာလေးတစ်ခုဖြစ်သည်။ Project တစ်ခုခု ရှိလာခဲ့လျှင် ကျွန်မတို့အားလုံး စုဝေးလုပ်ဆောင် ကြရာ အလုပ်ခန်းလေးဖြစ်သည်။ အလုပ်လုပ်ရန်အတွက် ကိုယ်စီ ကိုယ်စီ အိမ်မှယူလာကြသော ကွန်ပျူတာ ၂ လုံးနှင့် Lap Top ၁ လုံး ရှိသည်။ ၃ ယောက်စလုံးတွင်လည်း တိုက်ခန်းသော့ တစ်ချောင်းစီ ရှိကြသည်။ အလုပ်ခန်းဟု ဆိုသော်လည်း အိမ်ခန်းတစ်ခုနှင့်လည်း မခြားလှပါ။ စားစရာ၊ သောက်စရာများနှင့် ပစ္စည်း၊ ပစ္စယများလည်း အစုံအလင်ပင်ရှိသည်။ လိုလျှင် လိုသလို တစ်ယောက်တစ်လှည့်ဝယ် ထည့်နေကျလည်း ဖြစ်သည်။ တစ်ခါတစ်ရံ အလုပ်သိပ်များသော နေ့မျိုးဆို လျှင် သည်အခန်းလေး၌ပင် ညအိပ်ကြရသည်များလည်း ရှိတတ်သည်။

သည်နေ့တော့ အစောဆုံး ရောက်သူမှာ ကျွန်မပင် ဖြစ်မည်။

စာအုပ်၏ နောက်ဆုံးစာမျက်နှာသို့ လှန်လိုက်သည့်အခါ၌ . . . .

" Say...something..." ဟုသောစာတန်းအား တွေ့ရ၏။

အောက်မှာတော့ မည်သူမှ ဖြည့်ထားခြင်းမရှိသေးပါ။ စာတန်းလေးကိုတော့ မနေ့က နောက်ဆုံးမှ ပြန်သည့် C မှ ရေးသွားခဲ့ခြင်းဖြစ်မည်။ ထိုစာတန်းအားရေးသူ C ကိုယ်တိုင်ပင် ဖြည့်ထားခြင်းမတွေ့ရသေးပါ။

တွေတွေထူးထူးစဉ်းစားမနေဘဲ တာဝန်အရ ကျွန်မဖြည့်ရမည့် နေရာ၌. . .

" Nothing ... " ဟုရေးလိုက်သည်။

တကယ်လည်း ကျွန်မမှာ ပြောချင်တာမရှိပါ။ ပြီးနောက် စာအုပ်အားပိတ်လိုက်သည်။

ထိုခဏမှာပင်ဖြစ်သည်။

နှစ်ယောက်သား ဘယ်နေရာ၌ ၃့လာကြသည်မသိ။ အတူတကွ န်းသုန်းကားနှင့် အော်ဟစ်ဝင် ၊ကြသည်။

ထို့နောက်တော့ လယ်ဂျာစာ ၁ံကြီးရှေ့၌ ဘောလ်ပင်လုကြပါ သည်။

စာအုပ်ကြီးအနားမှခွာ၍ န်မအနားသို့ ရောက်လာကြသည့် ချိန်မှာတော့ သူမတို့နှစ်ယောက် ၃ သည်နေ့အဖို့ ထူးခြားနေသည့် ကို သတိထားမိသွားသည်။

"နေစမ်းပါဦး နင်က အိတ် :တကားကားနဲ့ ဘာဖြစ်လာတာ '

ကျွန်မအမေးကြောင့် . . . ချင်လွန်းလှသော်လည်း မမေး ၁းသည့်အတွက် အမေးစောင့်နေ ည့် ကလေးတစ်ယောက်၏ ျနပ်နှစ်သက်မှုမျိုးနှင့် သူမပြုံး သည်။

သေချာသည်။ B တစ်ယောက် ၁ခုခုတော့ လုပ်လာပြီ။

"နင်တို့ကို ကြွားစရာရှိလို့ဟ"

ပြောပြောဆိုဆိုနှင့် သူမလွယ် ၁သည့် အိတ်ကြီးအားဖွင့်သည်။ ဘဲမှာတော့ ချစ်စရာ ခပ်သေးသေး te Book လေးတစ်လုံး။ ဘာလဲ သည့်အဓိပ္ပာယ်နှင့် C က B ကို ည့်သည်။

"J ကိုကြီးက ငါ့အတွက် ပို့ ာ်တာ"

ကျေနပ်စွာ၊ ဝင့်ကြွားစွာနှင့် B ကဆိုသည်။

B စကားအဆုံးတွင် C မျက်လုံးများအတွင်း၌ နှစ်သက်အားကျမှု အရောင်များ ဖြတ်ပြေးသွား၏။

''ဩော်'' ဟုသာ ကျွန်မ ရေရွတ်လိုက်ပါသည်။

C ကတော့ B ၏ Note Book လေးအား စိတ်ဝင်တစားနှင့် ဖွင့်ကြည့်လို့နေပြီဖြစ်သည်။

သူငယ်ချင်းများ၏ Personal များအတွင်းသို့ ထဲထဲဝင်ဝင် ကျွန်မ ဝင်ရောက်စွက်ဖက်တတ်ခြင်း မရှိပါ။

B နှင့် C အကြောင်းကိုတော့ အတော်လေးကို ကျွန်မသိပါသည်။

B ပြောသည့် " J ကိုကြီး" ဆိုသူမှာ Online ပေါ်မှ သူမ၏ တစ်ဦးတစ်ယောက် ဖြစ်သည်။

B ရော C ပါ Internet နှင့် Chatting အပေါ်၌ နှစ်သက်စွာ စိတ်ဝင်စားတတ်သူများ ဖြစ်သည်။

Online နှင့် ပတ်သက်၍ လက်ရှိကာလတစ်ခု၌ Cသည် တစ်စုံတစ်ဦးအပေါ်၌ အသည်းအသန်ရူးသွပ်နေသလို၊ B ကတော့ တစ်ဦးတစ်ယောက်ပေါင်း များစွာနှင့် မွေ့လျော်နေသူ ဖြစ်သည်။ ထို့ကြောင့်လည်း B ထံ၌ " J ကိုကြီး"၊ "Sမောင်လေး"၊ "R သူငယ်ချင်း" အစရှိသည်ဖြင့် နေရာ ဒေသ၊ နိုင်ငံများ၏ Initial များနှင့် အမည်နာမပေါင်းများစွာ ရှိသည်။

ထိုသူများနှင့် ပတ်သက်သည့် လက်ဆောင်ပစ္စည်းလေးများ ရောက်လာတတ်လျှင်လည်း B က ကျွန်မတို့အား ကြွားနေကျဖြစ်သည်။

Cသည်လည်း B နှင့်ပတ်သက်လာလျှင် အမြဲတစေ အားကျနေတတ်သူဖြစ်သည်။ ယခုအခါ၌လည်း Note Book လေး တစ်လုံးဖြစ်နေသည်မို့ ပို၍လည်း အားကျနေနိုင်ကောင်းပါသည်။

♦

လယ်ဂျာစာအုပ်ရှည်ကြီးအတွင်း၌ရက်စွဲဟောင်းတစ်ခုနှင့် "Online is ....! " ဟူသည့် မေးခွန်းတစ်ခုပါခဲ့ဖူးသည်။

ထိုမေးခွန်းနှင့် ပတ်သက်၍ B က . . .

"အပျင်းပြေပျော်စရာတစ်ခု " ဟု ဖြေခဲ့သလို. . .

C ကတော့. . .

“သူနှင့်ပတ်သက်၍ ရှုးသွပ်ရမှု” ဟု ဆို၏။

ကျွန်မကရော။

ကျွန်မကတော့. . .

“Online is ... ဟူသော မေးခွန်းအတွက်. . .

“Online” ဟူသည့် စကားလုံး တစ်လုံးသာ ဖြည့်ဖြစ်ခဲ့သည်။ သည့်ထက်ပိုသည့် သတ်မှတ်ချက်မျိုးလည်း ကျွန်မထံ၌ ရှိမနေခဲ့။ သူများ၏ ယူဆချက်ကိုလည်း ဝင်မစွက်ဖက်ခဲ့ပါ. . .

Online ပေါ်၌ တစ်ယောက်ကို တစ်ယောက် အပြန်အလှန် ယုံကြည်နိုင်မှုဆိုသည်မှာ ရှိရောရှိနိုင်ပါသည်လား။

တစ်ချိန်က B နှင့် C အား ကျွန်မမေးခဲ့ဖူးသော မေးခွန်းဖြစ်၏။

ထိုမေးခွန်းအတွက် Cဘက်မှ နှုတ်ဆိတ်နေခဲ့သော်လည်း B ကတော့ ပြန်ဖြေခဲ့သည်။

“သူ့အပေါ် ကိုယ်ယုံစရာမလိုသလို၊ ကိုယ့်အပေါ်လည်း သူယုံစရာမလိုပါဘူး၊ ၂ ယောက်ကြားမှာ အပျင်းပြေ Link တစ်ခုရှိနေဖို့ပဲ လိုတာ”ဟု ဆို၏။

ယုံကြည်မှုမပါဝင်သော အရာတစ်ခုအပေါ်၌ ဘာကြောင့်များ အချိန်အများကြီး ပေးနေရပါသည်လဲ။

နိုင်ငံရပ်ခြားသို့ ရောက်နေသူအချို့အတွက်ကတော့ Online နှင့် Chatting သည် အပျင်းပြေ စိတ်ဖြေစရာ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ကျွန်မတို့ အတွက်ကရော. . .။

အရာအားလုံးမှာ အတိုင်းအတာ တစ်ခုလောက်ထိ သာကောင်းပါသည်။

သို့သော်လည်း သူ့ခံယူချက်နှင့်သူ၊ ကိုယ့်ရပ်တည်မှုနှင့်ကိုယ်မို့ နှုတ်ကထွက်၍တော့ ကျွန်မဘာစကားမှမဆိုဖြစ်ခဲ့။ ပြောစရာ စကားလည်းမရှိခဲ့ပါ။

သူမတို့ အားလုံးအတွက် အရာအားလုံးအဆင်ပြေနိုင်လျှင်တော့လည်း ကောင်းပါသည်။

♦

သည်နေ့တော့ ကျွန်မက နောက်ဆုံးမှရောက်သူဖြစ်သည်။ ကျွန်မရောက်တော့ B ရော C ပါ သူမတို့၏ Computer များရှေ့၌ အသီးသီးရှိနေကြသည်။

လယ်ဂျာစာအုပ်ကို လှန်တော့. . . “မကွယ် မဝှက်တမ်း” ဟူသည့် စာတန်းအား တွေ့ရ၏။

ကျွန်မတို့၏ ထုံးစံအား အပြင်လူတစ်ဦးတစ်ယောက်သာသိလျှင် လှောင်ပြုံး ပြုံးကောင်းပြုံးနိုင်ပါသည်။

မည်သို့ပင် ဖြစ်စေ တာဝန်အရ ကျွန်မဖြည့်ရမည်ပဲ။

B ရော C ပါဖြည့်ထားနှင့်ပြီမို့ သူမတို့၏ စာတန်းများအား အရင်ဆုံး ကျွန်မဖတ်ကြည့်လိုက်သည်။

B က. . .

“လူတစ်ယောက်၊ သူက ငါ့အတွက် အမှတ်တမဲ့ကနေ အမှတ်တရဖြစ်လာပြီ”ဟုဆို၍ C ကတော့. . .

“သေချာပါတယ် သူပဲ”ဟု ဆိုသည်။

B ၏ အဖြေမှာ အတန်ငယ်တော့ ထူးခြားနေပါသည်။ အမှတ်တရဖြစ်လာပြီဟု ဆိုသည်ပဲ။

မကွယ်မဝှက်တမ်း ဆိုတော့လည်း ကျွန်မ၏နေရာ၌ Writing Paper တစ်ခုအတွင်းမှ စာစုတစ်ခုအား ချရေးလိုက်သည်။

“A little remembrance

Especially to say,

You're being remembered

Especially today.”

ကျွန်မကိုမြင်သွားချိန်မှာတော့ နှစ်ယောက်သား ပြေးလာကြသည်။ သေချာပါသည်။ ကျွန်မ၏ လက်တွင်းမှ ဖရဲသီးမျက်နှာကြောင့် ဖြစ်သည်။

“နင့်ကို မျှော်နေတာဟ၊ ငါတို့ ပြောစရာရှိလို့”

ကျွန်မ၏ လက်ထဲမှ ဖရဲသီးအားလှမ်းယူလိုက်ရင်း B က ဆိုသည်။

မျက်ခုံးတော့ ခပ်လှုပ်လှုပ် ပင်။

C ကတော့ မီးဖိုခန်းအတွင်းသို့ ဝင်၍ ဓားတစ်ချောင်းအား အပြေးမလွှားနှင့် ရေသွားဆေးသည်။ အတော်လေးကို မစားချင်ရှာဘူး ထင်သည်။

ထို့နောက်တော့ ရေဆေးလာသည့်ဓားအား ကျွန်မလက်တွင်းသို့ လာ၍ထည့်သည်။

“ဒီနှစ်ဒီဇင်ဘာမှာ ငါတို့ ၃ ယောက်ကျိုက်ထီးရိုး တက်ကြရအောင်ဟာ၊ အခုပဲ ငါတို့ ၂ ယောက် ဒီအကြောင်းပြောနေကြတာဟ”

ကျွန်မ၏ရှေ့သို့ ပန်းကန်ပြား အလွတ်လာချပေးရင်းနှင့် B ကဆိုသည်။

သွားကြမည်ဆိုတော့လည်း သွားရုံသာရှိပါသည်။

အရေးကြီးသည်က ကျွန်မတို့ ၃ ယောက်၌ ကြီးကြီးမားမား အလုပ်များရှိမနေဖို့ပင်။

“ခရီးသွားဖြစ်ရင် ငါတို့ရဲ့ လယ်ဂျာစာအုပ်ကြီးကိုလည်း သယ်သွားရမယ်”

C မှာလည်း စိတ္တဇပင်။

“အဲဒီလက်တွေက မလာနဲ့ဦးလေ၊ သွား. . . နင်တို့ နှစ်ယောက်လုံး လက်သွားဆေးဦး”

ဖရဲသီးပန်းကန်အား လှမ်းဆွဲယူလိုက်ရင်းက ပြောလိုက်သည့်ကျွန်မစကားကြောင့် လှမ်းနေသည့်လက်များ တွန့်သွားကြသည်။

“နင်ကလည်းဟာ မပေပါဘူးဟ”

ရှုံ့မဲ့မဲ့နှင့် B ကဆိုသည်။

“အေးလေ” ဟု C ကလည်း အထွန့်တက်ရင်း ထောက်ခံသည်။

“ဘာမပေရမှာလဲ၊ ဖုန်တသောသောတက်နေတဲ့ Keyboard တွေကို ဘယ်တော့မှမသုတ်ဘဲ ကိုင်နေကြတဲ့သူတွေကများ၊ မရဘူးသွားဆေး”

ကျွန်မ အပြောကြောင့် C က ရှေ့တိုးလာရင်း. . .

“နင်က ဘာလဲဟာ၊ စားချင်တဲ့သူက ဒီလောက်အောက်ကျနောက်ကျခံပြီး တောင်းစားနေတဲ့ဟာကို တောင်မှ မကျွေးချင်ဘူး၊ နင်မရှက်ဘူးလား”

သူမ အပြောကြောင့် ကျွန်မ ရီ(ရယ်) လိုက်မိသည်။

ဖြစ်မှဖြစ်ရလေခြင်း။

ကျွေးရမည့် ကျွန်မကပင် အရှက်မရှိသူ ဖြစ်ရသေးသည်။

ခါးထောက်၍ ကြည့်နေသည့် B ကတော့. . .

“ဘာလဲ နင်က ငါဒီအတိုင်းငြိမ်နေလို့ အကောင်းမှတ်နေလား” ဟု ဆိုသည်။ ရီ(ရယ်)ချင်စိတ်နှင့် ကျွန်မ ပြုံးလိုက်မိသည်။

“ဩော်. . . နင်က အကောင်းမဟုတ်ဘူးလား၊ ဒါဆို မကောင်းဘူးပေါ့၊ မသိပါဘူး ငါက နင့်ကို အကောင်းမှတ်လို့”

ကျွန်မ စကားအဆုံးတွင်တော့ B တစ်ယောက် ဆွေ့ဆွေ့ခုန် ဒေါသထွက်ရင်း ကျွန်မအား လိုက်ရိုက်တော့သည်။ ကျွန်မတို့ ၂ ယောက်

ယုံကြည်မှု
မပါဝင်သော
အရာတစ်ခုအပေါ်၌
ဘာကြောင့်များ
အချိန်အများကြီး
ပေးနေရပါသည်လဲ။

အား ကြည့်၍ C က တဟားဟားရယ်သည်။

ထိုအချိန်ထိတော့ ကျွန်မတို့ အားလုံး အဆင်ပြေ ပျော်ရွှင်နေကြပါသည်။

♦

ရုံး၌ အလုပ်လုပ်နေစဉ် အတွင်းမှာပင် Notifier မှ Mail Alert တက်လာ၍ ကြည့်လိုက်မိတော့ Cထံမှ ဖြစ်နေသည်။ ကျွန်မတို့ချင်း မတွေ့ဖြစ်ရှာဘူးဆိုတော့ သူမက တကူးတကနှင့် Mail ပို့သည်ပဲ။ တစ်စုံတစ်ရာ နောက်ပြောင်ခြင်းဖြစ်မည်ဟု ကျွန်မယူဆလိုက်သည်။

မဟုတ်ပါ။ Mail ဖတ်ကြည့်မှပင် သိလိုက်ရသည်။ ကျွန်မအား



Online သို့လာရန် ခေါ်ခြင်းဖြစ်သည်။

ဘာများ ဖြစ်ပြန်ပါသည်လဲ။

(ထိုကာလတွေသည် ယနေ့လို ဖုန်းများအား ဖောဖောသီသီကိုင်နိုင်သည့် အချိန်မျိုးမဟုတ်သလို၊ လက်ကိုင်ဖုန်းများနှင့်လည်း Internet သုံးစွဲခွင့်မရသေး၊ နိုင်ငံခြားသို့ တိုက်ရိုက် ဖုန်းခေါ်ဆို၍ ရသည့် တယ်လီဖုန်းဆော့ဝဲလ်များ လည်း မရှိသေးပါ။)

"သူနဲ့စကားမပြောဖြစ်တာ အတော်ကြာပြီဟာ၊ အရင်တစ်ခါတုန်းကတော့ Internet မရလို့လို့ ပြောတာပဲ၊ အခုလည်း သူ့ကွန်ပျူတာပျက်နေလို့တဲ့ဟာ၊ ခုတလော အကြောင်းပြချက်တွေ အရမ်းများတာပဲ"

အင်း. . .

ကျွန်မမှာပြောစရာစကားမရှိပါ။ ကျွန်မ မတတ်နိုင်သောကိစ္စလည်း ဖြစ်သည်။ ထို့ကြောင့်လည်း သူမ ပြောသမျှကိုသာ နားထောင်ပေးဖြစ်ခဲ့သည်။

ထိုရက်ပိုင်းတွေအတွင်း၌ C ၏ မျက်နှာမကြည်သာလှသော်လည်း ကျွန်မတို့အားလုံးအဆင်ပြေကြပါသည်။ အရင်လို နောက်နောက်ပြောင်ပြောင် ရယ်ရယ်မောမောနှင့်ပင် ရှိကြသည်။

လယ်ဂျာစာအုပ်အတွင်း၌ ထူးဆန်းသည့် မေးခွန်းတစ်ခု ရောက်မလာသေးခင်အချိန်ထိ ဖြစ်သည်။

ထိုအချိန်ထိပင် ဖြစ်သည်။

♦

ထိုနေ့က လယ်ဂျာစာအုပ်အတွင်း၌ ထူးဆန်းသည့် မေးခွန်းသစ်တစ်ခု ရှိနေခဲ့သည်။

"စံပယ်ရေ သူငယ်ချင်း. . . သီချင်းအပေါ်၌ရှိသော အယူအဆ" ဟူ၍ ဖြစ်သည်။

လက်ရေးကတော့ ထုံးစံအတိုင်း C ၏လက်ရေးပင်။

မရေမတွက်နိုင်သည့် မေးခွန်းပေါင်းများစွာ၊ ခေါင်းစဉ်ပေါင်းများစွာတို့အနက် ကျွန်မ အဖြေရအခက်ခဲဆုံးသော မေးခွန်းတစ်ခုဖြစ်ခဲ့၏။ ပထမဦးဆုံးအကြိမ်အဖြစ် မည်သူမှ ဖြေဆိုခြင်းမရှိခဲ့သော မေးခွန်းတစ်ခုလည်း ဖြစ်ခဲ့၏။

ထိုနေ့မှစ၍ B နှင့် C တို့မှာ တစ်ယောက်နှင့်တစ်ယောက် ဟက်ဟက်ပက်ပက် စကားပြောဆိုခြင်း မရှိတော့ပါ။

ထိုသို့သောဖြစ်ရပ်မျိုးမှာ မဆန်းကြယ်လှသော်လည်း သူမတို့ ၂ ယောက်ကြား၌ ဖြစ်လာခဲ့သည်ကတော့. . .

အကြောင်းရင်းကတော့ Online ပေါ်မှ C ၏ ရှုံးသွပ်မှုသည် B ၏ အမှတ်တမဲ့မှ အမှတ်တရဖြစ်လာပြီဟု ဆိုခဲ့သူ ဖြစ်နေခဲ့ခြင်းကြောင့် ဖြစ်သည်။

ကြားဖူးနေကျ အကြောင်းအရာများထဲက အတိုင်းပင် သူမတို့နှစ်ယောက်လည်း သူငယ်ချင်းသူစိမ်းများဖြစ်သွားခဲ့ကြသည်။ စိတ်မောစွာနှင့်စိတ်ပျက်ရပါသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမှ မဟုတ်ဘဲ ဖြစ်ပေါ်လာသည့် အခြေအနေကိုသာ ဖြစ်သည်။

ထိုရက်များအတွင်း၌ပင် ကျွန်မသည်လည်း မန္တလေးသို့ ၃ ရက်ခရီးသွားဖြစ်ခဲ့သည်။ အလုပ်ကိစ္စအတွက်ကြောင့်သာ သွားရခြင်းဖြစ်သော်လည်း စိတ်ကတော့ မဖြောင့်လှပါ။

ပြန်ရောက်ရောက်ချင်း ခဏပင် မနားနိုင်အားပဲ ကျွန်မတို့၏ စုဝေးရာ တိုက်ခန်းလေးဆီသို့ ပြေးရသည်။

ဟိုသို့ရောက်တော့ ရက်ပိုင်းလေးအတွင်း၌ အတော်များများ အပြောင်းအလဲဖြစ်ခဲ့ပြီဆိုသည်ကို ကျွန်မအတပ်သိလိုက်ရသည်။

ကျွန်မ ရောက်သွားချိန်၌ C က လူတစ်ယောက်နှင့်အတူ သူမ၏ ကွန်ပျူတာအား သယ်ဖို့ရန်အတွက် ပြင်ဆင်နေပြီဖြစ်သည်။ ကျွန်မကို မြင်တော့. . .

"သူ ငါ့ကို အဆက်အသွယ် ဖြတ်လိုက်ပြီ၊ သူတကယ်ချစ်တဲ့သူ ရှိနေပြီတဲ့လေ၊ ဘယ်သူလဲဆိုတာတော့ နင့်ကို အထွေအထူးပြောပြဖို့ မလိုတော့ဘူးထင်တယ်"

ပြောရင်းက မဲ့ပြုံးလေးပြုံးရင်း C တစ်ယောက် မျက်နှာလွှဲသွားခဲ့သည်။

"အောက်မှာကားပါလာတယ်၊ ငါ့ကွန်ပျူတာပြန်သယ်တော့မလို့" ဟုဆိုသည်။

B အလုပ်လုပ်နေကျနေရာ၌လည်း ဗလာဟင်းလင်း ဖြစ်နှင့်နေသည်ကို တွေ့ရ၏။

ကျွန်မ အမောဆို့သွားရသည်။

ရပ်နေသည့် နေရာ၌ပင် ခြေပစ်လက်ပစ် ထိုင်ချလိုက်မိသည်။

ဘာများပြောရန် လိုသေးသည်လဲ။

C ကတော့ "နောက်မှ တွေ့ကြတာပေါ့ဟာ" ဟုဆိုရင်း ထွက်သွားခဲ့သည်။

အခန်းထဲမှာတော့ ကျွန်မတစ်ယောက်တည်း။

နောက်ဆုံးတော့ တစ်ယောက်တည်းဖြစ်ခဲ့သည်။

အချိန်အတန်ကြာ ထိုင်နေမိရင်းကနေ ခဏနေတော့ Lap Top လေးအားကြိုးများဖြုတ်၍ အိတ်တစ်လုံးအတွင်းသို့ ထည့်ရသည်။ ထို့နောက်တော့ ထိုအိတ်လေးအား သိုင်း၍လွယ်လိုက်သည်။

ခဏတော့ ရပ်၍ အခန်းလေးအား ဝေ့၍ ကြည့်လိုက်မိသေးသည်။

စားပွဲလေးပေါ်၌တော့ လယ်ဂျာစာအုပ်ရှည်ကြီးက သည်အတိုင်း။

ထိုနေရာသို့ လျှောက်သွားလိုက်ရင်းက စာအုပ်ကြီးအား လှန်ဖြစ်လိုက်သည်။

နောက်ဆုံးစာမျက်နှာ၌ မည်သူမှဖြေထားခြင်းမရှိသေးသော နောက်ထပ်(နောက်ဆုံးသော)မေးခွန်းသစ်တစ်ခုအားတွေ့ရ၏။

"ချစ်ခြင်းနှင့် မုန်းခြင်းအကြား ကွာဟမှု"ဟုဆိုသည်။

လက်ရေးက B ၏လက်ရေး။

မည်သူမှ ဖြေထားခြင်းလည်း မတွေ့ရပါ။

ဘောလ်ပင်လေးအား နောက်ဆုံးအနေနှင့် ကျွန်မ ကောက်ကိုင်လိုက်ရင်းက. . .

"သတ်မှတ်ချက်" ဟု ရေးထည့်လိုက်ပြီးနောက် စာအုပ်ကြီးအား ပိတ်လိုက်သည်။

ထို့နောက်တော့ အခန်းပြင်သို့ ထွက်လိုက်ရင်း ထိုအခန်းလေးအားလည်း သော့ခတ်၍ ပိတ်လိုက်သည်. . .

ပိတ်ဖြစ်ခဲ့ပါသည်. . .။ ။

ရွှေသင်

# YATI HOROSCOPE

Dr. မြတ်သစ် ၊ မှူးလေး ၊




## မိန်ရာသီဖွား [PISCES]

**ဖေဖော်ဝါရီ (၁၉) ရက်မှ မတ် (၂၀) ရက်**

သင့်အတွက် မှုမမှန်သောလူများနှင့် လက်တွဲရခြင်းကိုရှောင်ကြဉ်သင့်ပေသည်။ ငွေပေးငွေယူကိစ္စတချို့ ရှုပ်ထွေးစေတတ်ပေသည်။ အဆင့်အတန်းရှိသော သူတို့၏ အားပေးကူညီမှုကို ရရှိတတ်ပေသည်။ စည်းကမ်းမဲ့အပျော်ကြူးခြင်းကိုရှောင်သင့်သည်။ ပညာရေးအခြေအနေအထူးကောင်းမွန်ပေမည်။ ထိထိုးပါ။ အချစ်ရေးအဆင်ပြေမည်။ အိမ်ထောင်ရှင်တို့က သားသမီးရတနာထပ်မံရတတ်သည်။

**ယတြာ။ ။ ဆန်လှူပေးပါ။**




## မိဿရာသီဖွား [ARIES]

**မတ် (၂၁) ရက်မှ ဧပြီ (၂၀) ရက်**

သင့်အတွက် အလုပ်တာဝန်များစေတတ်သည်။ တစ်နေရာပြီး တစ်နေရာသို့ သွားလာလှုပ်ရှားရတတ်သည်။ အထိအခိုက်များစေမည်။ လုပ်ငန်းတွင်း စကားများရတတ်သည်။ စက်ပစ္စည်း၊ ကား၊ ဆိုင်ကယ်ပျက်မည်။ ငွေအသင့်အတင့်အဆင်ပြေမည်။ အချစ်ရေးကောင်းမွန်ပေမည်။ ပညာရေးဖြေဆိုနိုင်လိမ့်မည်။ အိမ်ထောင်ရေး အထူးညံ့စေတတ်ပေသည်။ စပ်တူတွဲခြင်း အဖွဲ့အစည်းနှင့် စီးပွားရှာ အလုပ်လုပ်ခြင်းတို့ အထူးသတိပြုပါ။ စိတ်ဝမ်းကွဲရတတ်ပေသည်။

**ယတြာ။ ။ ထောပတ်သီးလှူပါ။**



## ပြိဿရာသီဖွား [TAURUS]

**ဧပြီ (၂၁) ရက်မှ မေ (၂၁) ရက်**

သင့်အတွက် အပြောအဆို အဝေဖန်ခံရခြင်းမှ မလွတ်ကင်းနိုင်သေးပါ။ ငွေကြေးကိစ္စအသုံးအထူးများပေလိမ့်မည်။ အတိုက်အခိုက်ဆက်ရှိမည်။ လုပ်ငန်းတူများကို သတိထားသင့်ပေသည်။ ပညာရေး အရည်အချင်းတောက်ပြောင်မှုရှိစေလိမ့်မည်။ ခရီးရှည်ပြည်ပသွားခြင်းအကျိုးရှိစေမည်။ အချစ်ရေးစိတ်ပျော်ရွှင်နိုင်လိမ့်မည်။ အိမ်ထောင်ရေးညံ့သည်။ ၎င်း အတွက် အပူသောကကြုံတွေ့ရတတ်ပေသည်။ ကျန်းမာရေးအတွက် သွား၊ လည်ပင်း ဂရုစိုက်သင့်ပေသည်။

**ယတြာ။ ။ ညောင်ပင်ရေလောင်းပေးပါ။**



## မေထုန်ရာသီဖွား [GEMINI]

**မေ (၂၂) ရက်မှ ဇွန် (၂၁) ရက်**

သင့်အတွက် အပေါင်းအသင်းကောင်းသူတို့နှင့်သာ လက်တွဲနေတတ်ပြီး တုံ့ပြန်မှုလုံးဝမရနိုင်ပေ။ ဒုက္ခပေးသူများနှင့် ဝိုင်းဝိုင်းလည်ရင်ဆိုင်ရတတ်ပေသည်။ မိမိပညာရေး အထူးကောင်းလိမ့်မည်။ ထူးချွန်မှုရှိမည်။ လုပ်ငန်းအစီအစဉ်အသစ်ကြိုးစားထူထောင်မှု အောင်မြင်စေမည်။ ဘွဲ့လွန်ပညာရေး အထူးအဆင်ပြေအောင်မြင်ပေလိမ့်မည်။ အိမ်ထောင်ရေးချောမွေ့မှုမရှိ အမှုအခင်းပြဿနာများကို ရင်ဆိုင်ရတတ်သည်။ အချစ်ရေး ရှုပ်ထွေးနေလိမ့်မည်။

**ယတြာ။ ။ အခင်းလှူပေးပါ။**

# YATI HOROSCOPE




## ကရကဋ်ရာသီဖွား [CANCER]

**ဇွန် (၂၂) ရက်မှ ဇူလိုင် (၂၂) ရက်**

သင့်အတွက် မိသားစုအရေးအခင်းပြဿနာများစွာကို ရင်ဆိုင်ဖြေရှင်းရတတ်ပေသည်။ မြေပြဿနာများကြုံမည်။ လမ်းခရီးဘေးဒုက္ခတွေ့တတ်၍ ဂရုစိုက်သွားလာသင့်ပေသည်။ ပတ်ဝန်းကျင်မီးဘေးသတိပြုသင့်သလို ဆောက်လုပ်ဆဲတိုက်ပြိုကျတတ်၍သတိပြုသင့်ပေသည်။ ပညာရေး အခက်အခဲကြားမှအောင်မြင်ပါမည်။ မိတ်ဆွေတစ် ဒုက္ခပေးမှုကြောင့် ရုံးအမှုအခင်းတရားရင်ဆိုင်ရတတ်၏။ လူစည်ကားရာရှောင်ပါ။ ပေါက်ကွဲမှု ကြုံလိမ့်မည်။ အချစ်ရေးဒုက္ခရောက်တတ်သည်။လင်မယားကွဲတတ်၍ဂရုပြုပါ။ပေါက်ကွဲပါ။

**ယတြာ။ ။ မျက်နှာကြက်လှူပါ။**



## သိဟ်ရာသီဖွား [LEO]

**ဇူလိုင် (၂၃) ရက်မှ ဩဂုတ် (၂၂) ရက်**

သင့်အတွက် ကားစီးသွားလာမှု သတိပြုသင့်သည်။ ခြေလက်ကျိုးတတ်၍ သတိထားသင့်သည်။ ဒေါသအရမ်းကြီးစေမည့် ကိစ္စများကို မစဉ်းစားသင့်ပါ။ ပညာရေးကိုသာသေချာစွာ ကြိုးစားဖြေဆိုသင့်ပေသည်။ မောင်နှမတပည့်တို့ပြဿနာ ဖြေရှင်းပေးရတတ်ပေသည်။ ငွေပေးငွေယူကိစ္စအဆင်ပြေလိမ့်မည်။ ရပ်ဝေးအဆက်အသွယ်ကောင်းရရှိလိမ့်မည်။ ကျန်းမာရေးမျက်လုံးဂရုစိုက်ပါ။ အချစ်ရေးအဆက်အသွယ်ကောင်းပြန်ရပေမည်။

**ယတြာ။ ။ လိမ္မော်သီးလှူပါ။**



## ကန်ရာသီဖွား [VIRGO]

**ဩဂုတ် (၂၃) ရက်မှ စက်တင်ဘာ (၂၂) ရက်**

သင့်အတွက် စုဆောင်းငွေအရင်းအနှီးများထိခိုက်ရတတ်ပေသည်။ အကြံအစည်အောင်မြင်စေတတ်ပေသည်။ အလုပ်သစ်ပြောင်း လုပ်သင့်သည်။ လုပ်ငန်းဟောင်းစွန့်မှ အဆင်ပြေလိမ့်မည်။ ပညာရေးအခြေအနေခိုင်မာမှုရှိလိမ့်မည်။ တိုက်ခန်းဝယ်ယူသော ပြဿနာ ဖြေရှင်းရ တတ်ပေသည်။ သားသမီးကျန်းမာရေးညံ့စေမည်။ အချစ်ရေးအတွက် စိုးရိမ်ပူပန် စိတ်မောရလိမ့်မည်။

**ယတြာ။ ။ စပါးနှံလှူပေးပါ။**




## တူရာသီဖွား [LIBRA]

**စက်တင်ဘာ (၂၃) ရက်မှ အောက်တိုဘာ (၂၂) ရက်**

သင့်အတွက် အလုပ်အကိုင်အပြောင်းအလဲတို့ မကြာမီကြုံတွေ့လာတတ်သည်။ ပြဿနာပေါင်းများစွာကို ရင်ဆိုင်နေရဆဲ ကြုံတွေ့ဖြေရှင်းဆဲဖြစ်တတ်သည်။ သွေးထွက်သံယိုမြင်ပေသည်။ ရန်ကိုရန်ခြင်းမတုံ့ပြန်သင့်ပါ။ ပညာရေးရိုးသားစွာ ဖြေဆိုသင့်ပေသည်။ ငွေကြေး၊ မြေ၊ စာချုပ်အတွက် သေချာရှင်းပါ။ အိမ်ထောင်ပြုခြင်းကို ကြောက်ရွံ့နေလိမ့်မည်။ ဟိုတယ်လုပ်ငန်း၊ စားသောက်ဆိုင် လုပ်ငန်းတို့ စိတ်မောရတတ်သည်။ ပတ်ဝန်းကျင်အနီး မီးလောင်ခြင်း ဆက်တိုက်ကြုံတတ်သည်။ အချစ်ရေး မေတ္တာစိတ်ခန်းနေတတ်သည်။

**ယတြာ။ ။ အဝတ်အစားကုသိုလ်ပြုပေးပါ။**

# YATI HOROSCOPE







## ဗြိစ္ဆာရာသီဖွား [SCORPIO]

**အောက်တိုဘာ (၂၃) ရက်မှ နိုဝင်ဘာ (၂၂) ရက်**

သင့်အတွက် လက်ရှိနေရာ အိမ်တိုက်ခန်းမတည်မြဲတတ်သလို အလုပ်ပါ ရွှေ့ပြောင်းခြင်းတို့ ကြုံလာနိုင်ပေသည်။ တည်မြဲမှုမရှိနိုင်သေးပါ။ စက်ရုံအလုပ်ရုံလုပ်ငန်းရှင်တို့ အလုပ်သွားပြဿနာ ရင်ဆိုင်ရတတ်သည်။ လုပ်ငန်းခွင်ပစ္စည်း အပျက်အစီးအထူးများစေလိမ့်မည်။ အလုပ်သမားအချင်း ချင်းခိုက်ရန် ဖြစ်ပွားခြင်းရင်ဆိုင်ရတတ်သည်။ မိသားစုအနေအထိုင်မတတ်၍ မျက်နှာပျက်ရတတ်သည်။ နိုင်ငံခြားနှင့်ဆက်ဆံသော အရောင်းအဝယ် အလုပ်ကိစ္စသတိထားပါ။ အချစ်ရေး အဆင်ပြေမည်။ လက်ထဲငွေစု၍မရတတ်ပါ။

**ယတြာ။ ။ အမိဋ္ဌာန် ၁၈ ရက်ဝင်ပေးပါ။**

## မကာရရာသီဖွား [CAPRICOM]

**ဒီဇင်ဘာ (၂၂) ရက်မှ ဇန်နဝါရီ (၂၁) ရက်**

သင့်အတွက် ကူညီမစသူချစ်ခင်သူပေါ်များလာပေမည်။ လက်ဆောင်ကောင်းများရရှိလာတတ်သည်။ အလုပ်အကိုင်အဆင်ပြေပါလိမ့်မည်။ လက်တွဲဖော်ကောင်းရရှိလာပေလိမ့်မည်။ အဖိုးတန်ရတနာပစ္စည်း ဝင်လာရန်ရှိသည်။ အကြံအစည်အောင်မြင်မည်။ ပညာရေး စာကျက်မှု အထူးကောင်းမွန်အဆင်ပြေစေပါသည်။ အချစ်ရေး အဆင်ပြေမည်။ နားလည်မှုတို့ရရှိလာစေ တတ်ပေသည်။ အလှူအတန်းအမိဋ္ဌာန်တရားရိပ်သာ ဝင်ရတတ်ပေသည်။ ငွေကြေးကိစ္စဝင်မပါသင့်ပါ။

**ယတြာ။ ။ ယပ်တောင် ၇ ချောင်းလှူပါ။**







## ဓနုရာသီဖွား [SAGITTARIUS]

**နိုဝင်ဘာ (၂၃) ရက်မှ ဒီဇင်ဘာ (၂၁) ရက်**

သင့်အတွက် လွယ်ကူမည်ထင်ရသော အလုပ်တို့ခက်ခဲဖြစ်လိမ့်မည်။ မည်သည့်နေရာမဆိုပေးမှ ကမ်းမှသာလျှင် မိမိအလုပ်ကိစ္စတို့လွယ်ကူအဆင်ပြေစေပါမည်။ ပညာရေးအထူးပင်တိုးတက်ကောင်းမွန်မည်။ ကြိုးစားမှု၏ အသီးအပွင့်ကို ခံစားရတတ်ပေသည်။ အချစ်ရေးထင်ထင်ပေါ်ပေါ် လုပ်ဆောင်၍ မဖြစ်နိုင်ပေ။ အလုပ်အကိုင် ၂မျိုး ၃မျိုး ကြိုးစားရန်းကန်ရတတ်သည်။ ပြည်တွင်းဖြစ် ပစ္စည်းများနှင့် အကျိုးပေးပါသည်။

**ယတြာ။ ။ သွေးလှူပေးပါ။**

## ကုမ်ရာသီဖွား [AQUARIUS]

**ဇန်နဝါရီ (၂၂) ရက်မှ ဖေဖော်ဝါရီ (၁၀) ရက်**

သင့်အတွက် သင်တန်းများ အဆင့်မြင့်ပညာရေးစသည်တို့ အကျိုးရှိရှိ စွမ်းဆောင်ရလိမ့်မည်။ လုပ်ငန်းအခြေအနေတို့ မကြာမီ တိုးတက် အောင်မြင်စေတော့မည်။ အခြေအနေကောင်းတို့ ဖန်တီးနိုင်မည်။ ပညာရေး ထူးချွန်လိမ့်မည်။ သားသမီးအတွက် စိတ်မောရတတ်သည်။ ရှယ်ယာတွဲ လုပ်ရန်ကမ်းလှမ်းခြင်းခံရတတ်ပေသည်။ လူမှုရေးကိစ္စများ နောက်သို့ ခြေတစ်လှမ်းဆုတ်၍ နေသင့်ပေသည်။ အချစ်ရေး ပျက်ပြားစေတတ်သည်။ ကျန်းမာရေးညံ့ပေသည်။

**ယတြာ။ ။ နှမ်းဆီဖြင့် ဆီမီး ၅ ခွက် မွေးနံ့ဘုရားတွင်ထွန်းလှူပါ။**

ဒေါက်တာမြတ်သစ် (မန္တလေး)







## ရာသက်ပန် (တောင်ငူဆောင်)

မြန်မာဝတ္ထုတိုလမ်းကြောင်း
(ဝတ္ထုတိုခံစားမှုအယူအဆများနှင့်သုံးသပ်ချက်များ)

ဤစာအုပ်သည် ဆရာမရာသက်ပန် (တောင်ငူဆောင်)၏ ပညာရပ်ဆိုင်ရာ စာတမ်းတစ်ရပ်ပင်ဖြစ်သည်။ မဂ္ဂဇင်းစာမျက်နှာများတွင် ဖော်ပြခဲ့သောဆောင်းပါးများဖြစ်ပြီး ယခုစာအုပ်တွင် စုစုပေါင်း ၂၃ပုဒ်စုစည်းတင်ပြထားသည်။ ခံစားမှု၊ အယူအဆနှင့် သုံးသပ်ချက်များ မြန်မာဝတ္ထုတိုများကို စာရေး ဆရာမတစ်ဦး၏ နှလုံးသားသာမက သုတေသီတစ်ဦး၏ ဝိညာဉ်ပါ ပေါင်းစပ်ကာ ခံစားလေ့လာ တင်ပြထားသော သုံးသပ်ချက်များဖြစ်သည်။ စာရေးဆရာ မင်းလူ၊ နီကိုရဲ၊ တာရာမင်းဝေ၊ ရဲသျှမ်း၊ ဝင်းစည်သူ၊ ဆရာမနုနုရည် (အင်းဝ)၊ ဂျူလိုင်မိုး အစရှိသူတို့၏ ဝတ္ထုတိုများကို လေ့လာတင်ပြထားသည်။ အဆိုပါစာအုပ်ကို လင်းလွန်းခင်စာပေမှ ထုတ်ဝေပြီး တန်ဖိုးမှာ ၃၀၀၀ကျပ်ဖြစ်သည်။

## ကိုရိုးကွန့်


ဖြောင့်ဖြောင့်စင်းစင်း
ဝတ္ထုတိုများ အတွဲ(၁)

စာရေးဆရာကိုရိုးကွန့်၏ ဝတ္ထုတို ၂၈ ပုဒ် စုစည်းထားသော စာအုပ်ဖြစ်သည်။ မဟေသီ မဂ္ဂဇင်း၊ လုံမလေး၊ ချယ်ရီ၊ ရနံ့သစ်၊ facesမဂ္ဂဇင်း၊၊ ရွှေလှိုင်းခတ်သံ၊ ရင်ထဲငြိမ်း မဂ္ဂဇင်းနှင့် နှစ်လည်မဂ္ဂဇင်းများတွင် ရေးသားခဲ့သော ဝတ္ထုတိုများကို ပြန်လည်တင်ပြထားခြင်းဖြစ်သည်။ စာရေးသူ ကိုယ်တိုင် ရေးသားထားသောအမှာစာတွင် စရိုက်သဘာဝကို ရေးဖွဲ့သောဝတ္ထုတို ၁၂ပုဒ်၊ မိသားစုဖွဲ့ဝတ္ထုတို ၄ပုဒ်၊ ချစ်ခြင်းမေတ္တာကိုဖွဲ့သည့် ဝတ္ထုတို ၆ပုဒ်ဖြစ်ကြောင်း ခွဲခြမ်းစိတ်ဖြာ ပြထားသည်။ အောင်ပင်လယ်စာပေမှ တန်ဖိုး ၃၅၀၀ ကျပ်ဖြင့်ဖန်တီးထုတ်ဝေလိုက်ပြီဖြစ်သည်။

## တင့်နိုင်

ကလေးနဲ့အိမ်
အိမ်နဲ့ကလေး

ဤစာအုပ်ကို ကလေးရဲ့အကြော၊ ကလေးရဲ့မနော၊ ကလေးရဲ့သဘောတွေကို နိုက်နိုက်ချွတ်ချွတ် နှံ့နှံ့စပ်စပ်စူးစမ်းတင်ပြထားတဲ့ ကလေး ပြုစုပျိုးထောင်ရေးစာအုပ်တစ်အုပ်ဖြစ်ကြောင်း စာအုပ်၏ နောက်ကျောဖုံးတွင် ဖော်ပြထားသည်။ စာရေးဆရာ မောင်ခိုင်လတ်၏အမှာစာတွင်မူ ‘လူကြီးဖတ်ဖို့ ကလေးစာအုပ်’ ဟု ညွှန်းဆိုထားသည်။ မိသားစုဘဝဟု သတ်မှတ်ရာတွင် သားသမီးရတနာဖြစ်သော ကလေးငယ်များပါဝင်မှသာ ပြည့်စုံမည်ဖြစ်ရာ မိသားစုဘဝ သာယာပျော်ရွှင်ရေးအတွက် ကလေးစိတ်ပညာကိုနားလည်ထားဖို့ လိုအပ်သည်။ ကလေးတစ်ယောက်မွေးဖွားရာမှ ကြီးပြင်းသည်အထိ အဆင့်ဆင့်ပြောင်းလဲလာသော ကိုယ်ခန္ဓာနှင့် စိတ်ပိုင်းဆိုင်ရာများကို မှန်ကန်စွာ ပြုစုပျိုးထောင်ပုံများကို အကြံကောင်းများသဖွယ် အသေးစိတ် ဖော်ပြထားသည်။ အလိမ္မာကလေး မဂ္ဂဇင်းတိုက်မှ ထုတ်ဝေပြီး တန်ဖိုးမှာ ၃၀၀၀ကျပ်ဖြစ်သည်။








**မခြူးပွင့်**
## အနောက်မိုးကောင်းကင်မှမြူနှင်းပွင့်များနှင့် အခြားဝတ္ထုတိုများ

ဤစာအုပ်သည် ခေတ်အဆက်ဆက်ကို ဖြတ်သန်းလာသည့်အခါ ဆရာမ မခြူးပွင့်ရင်မှ မွေးဖွားလာသည့် ဝတ္ထုတိုများဟုဆိုရ မည်ဖြစ်သည်။ အချိန်နှင့်အမျှပြောင်းလဲလာမှုကို ဆယ်စုနှစ်များအတွင်း မခြူးပွင့်၏ဝတ္ထုများတွင် တွေ့မြင်ရမည်ဖြစ်သည်။ ချယ်ရီမဂ္ဂဇင်း၊ စတိုင်သစ်မဂ္ဂဇင်း၊ မဟာမဂ္ဂဇင်း၊ Family မဂ္ဂဇင်းတို့တွင်ရေးသားထားသောဝတ္ထုတို ၁၃ပုဒ်ပါဝင်သည်။ စာပေတာဝန်ကို ထမ်းရွက်ခြင်းအားဖြင့် ဤစာအုပ်ကို ထုတ်ဝေခြင်းဖြစ်သည်ဟု ဆရာမ မခြူးပွင့်၏ အမှာစာတွင်ပါရှိပြီး ဆရာမ နုနုရည် (အင်းဝ)ကလည်း အမှာစာ ရေးသားထားသည်။ ဤစာအုပ်ကို ဒို့မိသားစု စာပေမှ ထုတ်ဝေပြီး တန်ဖိုး ၂၀၀၀ကျပ်ဖြစ်သည်။

**ဆုဂျေ၊ နွေလ၊ ပျူမခ၊ ဆစ်ခ်**
## လေးကြိုးကျစ်အက်ဆေးများ

ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးများ၏နည်းနာစည်းများအတိုင်းအဆမဲ့လာသောအခါ အက်ဆေးများ၏ နယ်နိမိတ်များလည်း ကျယ်ပြန့်လာလေသည်။ ခေတ်စမ်းဆရာများက စခဲ့သော ရသစာတမ်းများသည် ယနေ့ခေတ်တွင် ပေါ့ပါးစွာ ဖူးပွင့်လာခဲ့ကြသည်။ ထိုအထဲတွင် လေးကြိုးကျစ်အက်ဆေးများကို ဖန်တီးကြသူ လူငယ်စာရေးဆရာ ဆရာမများဖြစ်ကြသည့် ဆုဂျေ၊ နွေလ၊ ပျူမခ၊ ဆစ်ခ်တို့ပါဝင်လာကြသည်။ ထိုကြိုးလေးကြိုး၏ အရောင်အဆင်းများကို ဆရာမောင်ရှင်စောက အမှာစာတွင် 'ပိုးကြိုးလေးများ' ဟု တင်စားထားသည်။ တစ်ဦးလျှင် အက်ဆေး ၄ ပုဒ်စီမျှ ရေးသားထားကြသည်။ အဆိုပါစာအုပ်ကို Publishing House မှ ထုတ်ဝေလိုက်ပြီး တန်ဖိုးမှာ ၁၅၀၀ကျပ်ဖြစ်သည်။

**မဒီ**
## ပန်းချီကားထဲကမိန်းမနှင့်ရင်ကို ထိခတ်စေသောဆောင်းပါးများ

ဤစာအုပ်သည် ကဗျာဆရာမမဒီ ရေးသားထားသော ဆောင်းပါးများကိုစုစည်းထားသည့် စာအုပ်တစ်အုပ်ဖြစ်သည်။ စာပေရေးရာဆောင်းပါးများသာမက ပန်းချီအနုပညာရေးရာ၊ ယဉ်ကျေးမှု၊ သမိုင်းကြောင်းဆိုင်ရာ အတွေးအမြင်များ၊ အယူအဆများကို တင်ပြထားသည်။ ဆောင်းပါးများဟုဆိုသော်လည်း ရင်ကိုထိရှစေသောခံစားချက်များ စွန်းထင်းနေသည့်အတွက် လေးပင်မှုဖြင့်တားဆီးမထားကြောင်း သူမ၏စာများတွင် တွေ့မြင်နေရသည်။ အဆိုပါစာအုပ်ကို အကွာရာစာပေမှ တန်ဖိုး ၂၀၀၀ ကျပ်ဖြင့် ထုတ်ဝေလိုက်ပြီဖြစ်သည်။

"ဆရာက ပန်းချီရေးနေတာနဲ့ မတူဘူး၊ ဆေးသုတ်နေတာနဲ့ တူနေတယ်"

နေမိအောင် အပြေးအလွှား လှုပ်ရှားနေသောလက်များ အခိုက်အတန့်အားဖြင့် ရပ်တန့်သွားသည်။ နေဝင်ဆည်းဆာရှုခင်း၏ အာရုံရိပ်နှင့် နိမိတ်ပုံများကို စကားတစ်ခွန်းကြောင့် အပျက်စီးမခံနိုင်ပါ။ ဘာတစ်ခွန်းမျှ ပြန်မပြောဘဲ လုပ်လက်စအလုပ်ကို အာရုံစုစည်း၍ လုပ်ကိုင်နေမိသည်။ သဘာဝ ပကတိ အရှိတရားထက် ခံစားမှုကပိုသောကြောင့် ဆေးရောင်၏ သင်္ကေတကို တော်ရုံလူ နားမလည်နိုင်လောက်ပေ။ ရိုးမထက်က နေဝန်းနီသည် တောတွေ၊ တောင်တွေ လူနေအိမ်ခြေတို့ကို ထိရောက်စူးရှသော အလင်းမဖြန့်ဝေနိုင်တော့သော မျက်နှာညှိုးရီရီသည် အလွှမ်းဓာတ်ခံဖြင့် မှုန်ဝေဝေ၊ အမိုက်ဓာတ်ခံဖြင့် မှုန်တေတေဖြစ်၍ နေပေသည်။ အရှုယ်လွန်တို့၏ ခံစားချက်များ ဖြစ်နေလေမလား။ နေမင်းကို လူတစ်ယောက်အဖြစ် သဘောထားကာ တွေးနေမိသည်။ အတွေးဖြင့်ပင် ဆည်းဆာရီ၏ မပီမသရုပ်ပုံလွှာကို ရေးနေမိသည်။

စိတ်တိုင်းကျနီးပါး ရေးခြယ်ပြီး၍ ပတ်ဝန်းကျင်ကို သတိထားမိလာသည်။ ဟောကြက်ပွဲတစ်မျှ စည်ကားနေပါပေါ့လား။ သည်အရပ် သည်ဒေသတွင် ယခုလို Outdoor ထွက်သော ပန်းချီဆရာကို မြင်တွေ့ကောင်းမှ မြင်တွေ့ဖူးပေလိမ့်မည်။ နေဝင်ဆည်းဆာကို နေရာတိုင်းတွင် မြင်တွေ့နိုင်သော်လည်း ယခု ကျွန်တော် မြင်တွေ့နေရသော နေဝင်ဆည်းဆာ၏ အလှကို မြင်တွေ့ကောင်းမှ မြင်တွေ့ဖူးပါလိမ့်မည်။ ပန်းချီဆရာများ မရောက် ပေါက်သော အရပ်ဒေသပေမို့ ကျွန်တော့်အတွက် ထူးခြားဆန်းပြားသော သဘာဝ လက်ဆောင်မွန်ကို ရရှိလိုက်သည်။

ကျွန်တော် ပန်းချီရေးသည်ကို စိတ်အဝင်စားဆုံးဟု ဆိုရမည့် ကျွန်တော်နှင့် အနီးကပ်ဆုံး ကောင်မလေးသည် ကျွန်တော့်ပရိသတ်ထဲတွင် ထူးခြားထင်ရှားနေပေသည်။ ပုစုခရုတွေ၊ သားပိုးမြေးတွဲတွေ မကြုံဖူးမြဲ ထူးကဲလှစွာ တစ်ရွာလုံးလိုလို ထွက်ကြည့်ရာတွင် သူကလေးက ထိုရွာသူတွေနှင့် မတူရေးချမတူ။

"ပန်းချီရေးတယ်လို့လည်း ပြောနိုင်ပါတယ်။ ဆေးသုတ်တယ်လို့လည်း ဆိုနိုင်ပါတယ်"

သူကလေးကို ကျွန်တော်က ပြုံး၍ ပြောလိုက်သည်။

"ကျွန်မ နှောင့်ယှက်မိတာ



ဝတ္ထုရှည်(စ/ဆုံး)

တောင်းပန်ပါတယ်၊ ဆရာ့လက်ရာက တော်တော်ကောင်းပါတယ်"

"ချီးမွမ်းတာ စောလွန်းတယ်၊ ပန်းချီကားက ခုမှ စရုံရှိသေးတာ"

"ကျွန်မက မြို့ကလေးမှာ ပန်းချီဂယ်လာရီ ဖွင့်ထားပါတယ်၊ ပန်းချီနဲ့ ပတ်သက်ပြီး နားမဝေးလှပါဘူး၊ စောစောက ဆရာရေးနေတာ အရမ်းမြန်နေသလားလို့ ပန်းချီ ရေးတာနဲ့ မတူဘဲ ဆေးသုတ်တာနဲ့ တူနေသလားလို့ပါ"

သူကလေးက မြို့ကလေးမှာ ပန်းချီဂယ်လာရီဖွင့်သတဲ့လား၊ အံ့သြစရာပဲ၊ ဘယ်လိုပန်းချီကားတွေ ဈေးကွက်ဝင်ပါလိမ့်မလဲ၊ ပန်းချီကားတွေ ဘယ်လိုရောင်းဝယ်ဖောက်ကားနေပါလိမ့်။

"နေဝင်ဆည်းဆာက လက်မသွက်လို့ မရဘူး။ ချက်ချင်း အရောင်ပြောင်းနိုင်တာမို့ အချိန်လုပြီး ရေးနေရလို့ပါ၊ ဆည်းဆာရဲ့ ဝိညာဉ်ကိုတော့ ဖမ်းဆုပ်မိပါပြီ။ ပုံရိပ်ကိုတော့ တဖြည်းဖြည်းပုံဖော်တော့မယ်၊ ဟောဒီမှာပြန်ပြီး အမှတ်ရအောင် ဓာတ်ပုံမှတ်တမ်းလည်း တင်ထားပါတယ်"

ကျွန်တော့်အိတ်ထဲက Digital Camera လေးကို ဆွဲထုတ်၍ ပုံပေါင်း ၁၀ ပုံမျှရအောင် ရိုက်ကူးထားသော ပုံများကို တစ်ပုံချင်း ထုတ်ယူပြသသည်။

"အရမ်းလှတာပဲနော်၊ တကယ်တော့ ကျွန်မက ဒီရွာမှာ မွေး၊ ဒီရွာမှာ ကြီးခဲ့တာပါ၊ ယဉ်ကျေးမှုတက္ကသိုလ်က ပန်းချီအဓိကနဲ့ ကျောင်းပြီးလို့ မြို့တက်ပြီး ပန်းချီအရောင်းပြခန်းလေး ဖွင့်ထားတာပါ။ ပန်းချီကို ကိုယ်တိုင်မဖန်တီးနိုင်ပေမဲ့ ခံစားလို့တော့ ရပါတယ်။ Outdoor ပန်းချီဆရာဆိုလို့ အပျော်တမ်းသမားတွေနဲ့ပဲ တွေ့ဖူးတော့ ဆရာ့လို Professional တွေနဲ့ ခုမှပဲ အနီးကပ်တွေ့ဖူးတာပါ။ ပန်းချီကားတွေကိုလည်း ကျွန်မ သူငယ်ချင်း ရန်ကုန်နဲ့မန္တလေးက ကောင်းနိုးရာရာ ဝယ်ပို့ပေးလို့ အဆင်ပြေပါတယ်။ ပန်းချီပြပွဲတွေ သွားလာပြီး ဝယ်ယူနိုင်လောက် အောင် ငွေကြေးလည်း မတောင့်တင်းလှပါဘူး"

ယဉ်ကျေးမှုတက္ကသိုလ်ဆင်း ကောင်မလေးကို ဒီရွာသူဟု ကျိန်ပြောလည်း ယုံချင်သူ ရှိမည်မဟုတ်။ ထို့ထက်မှာမူ စားကုန်သောက်ကုန် လူသုံးကုန်လေးတွေလို ငွေဖြစ်လွယ်သော ကုန်စုံဆိုင်မဖွင့်ဘဲ ပန်းချီအရောင်းပြခန်းဖွင့်တာကလည်း



အံ့မခန်းလောက်စရာ ကောင်းလှပါသည်။

"မြို့ငယ်ငယ်လေးမှာ ပန်းချီ အရောင်းရ တွင်ကျယ်ပါ့မလား၊ ပန်းချီဆိုတာကလည်း လူတိုင်းခံစားနိုင်တဲ့အရာ မဟုတ်ဘူးလေ၊ မရှိမဖြစ် ဝယ်ယူစားသုံးရမယ့် လူသုံးကုန်လည်း မဟုတ်တော့"

"မှန်ပါတယ်၊ ပန်းချီပြခန်းဌားခတောင်မှ အနိုင်နိုင်ပါ။ ကံကောင်းချင်တော့ အခုနှစ်ပိုင်းမှာ နိုင်ငံခြားသားတွေ ဖြတ်သွားဖြတ်လာ အရောက်အပေါက် များလာပါတယ်။ သူတို့တစ်တွေက အပျိုစင်တောတွေတောင်တွေကို ကြည့်ရှုခံစားဖို့ လာကြတာပါ၊ ဒီဘက်မှာ အပျိုစင်တောလေးတွေ၊ တောင်လေးတွေ ကျန်ကောင်းကျန်ရာ ကျန်နေသေးတာရယ်၊ သွားဖို့လာဖို့ လွယ်ကူတဲ့ ဒေသရယ်ကြောင့် နိုင်ငံခြားသားတွေ အဝင်အထွက် ရှိနေတာပါ။ သူတို့ထဲမှာ ပန်းချီကားမြတ်နိုးသူတွေ ပါလာလေ့ရှိတယ်"

"ဒါဆို ပန်းချီဈေးကွက်က အထိုက်အလျောက် ရှိနေတာပေါ့"

"ဟုတ်ပါတယ်၊ တစ်နှစ်လောက် အောင့်အည်းသည်းခံပြီး ပန်းချီကားတွေ စုဆောင်းထားတဲ့ အကျိုးကျေးဇူးကို အထိုက်အလျောက် ခံစားနေရပါပြီ။ ဒါနဲ့ ဆရာက မြို့ကလေးမှာ အသိရှိလို့လား"

"မရှိပါဘူး"

"ဒီရွာမှာကော"

"အမှန်ကတော့ မြို့ကလေးကို သွားဖို့ လိုက်လာတာ မဟုတ်ပါဘူး။ ရန်ကုန်မြို့က ပန်းချီပြပွဲအမီသွားဖို့ လိုက်လာတာပါ။ ဒီရွာအလွန်က နေဝင်ဆည်းဆာအလှကို မြင်တော့ ဘာမှမစဉ်းစားမဆင်ခြင်ဘဲ ကားပေါ်က ဆင်းနေလိုက်တာပါ။ ဒီရွာမှာ သိဟောင်းကျွမ်းဟောင်းတော့ မရှိပါဘူး။ ခုတော့ မိတ်သစ်ဆွေသစ်ရနေပြီလို့ ထင်ပါတယ်"

ကျွန်တော့်စကားကြောင့် သူကလေးက ပြုံးစစဖြင့် ကြည့်နေသည်။ မပြုမပြင် ပင်ကိုအလှက နေညိုစအချိန်မှာပင် ချိုမြနေပါသည်။

"ဆရာ့ပစ္စည်းတွေ သိမ်းလိုက်



ပါတော့လား၊ အချိန်လည်း မရှိတော့ပါဘူး၊ အမေ့အိမ်မှာပဲ ဒီတစ်ညတည်းခိုနိုင်ပါတယ်"

"ကျေးဇူးပါပဲဗျာ၊ ကျွန်တော်တို့ ပန်းချီသမားတွေ ရောက်ရာအရပ်မှာ တည်းခိုနိုင်တာဆိုလို့ ဘုန်းကြီးကျောင်းရယ်။ ဇရပ်ရယ်ပဲ ရှိတာ၊ ညီမလေးနဲ့တွေ့ရတော့ အတိုင်းထက် အလွန်ပါပဲကွယ်"

(၂)

တောတောင်နှင့်နီး၍ ထင်သည်။ ငှက်မျိုးစုံတို့ တီတာသံပေး၍ အိပ်တန်းထကြပြီ။ အိပ်ကောင်းကောင်းနှင့် အိပ်လိုက်ရ၍ ကြည်ကြည်လင်လင် နိုးလာသည်။ သဘာဝပတ်ဝန်းကျင်သည် သာသောင့်သာယာ ရှိနေပါသည်။ ခြင်တစ်ကောင်မျှမရှိသော နေချင့်စဖွယ် ရွာကလေးပါ။ ရိုးမနှင့်နီးသော်လည်း ကားလမ်းမနှင့် မဝေးသဖြင့် ခေါင်လည်း မခေါင်လှ၊ ချောင်လည်း ချောင်မကျပါ။ အိမ်ခြေကတော့ တစ်ရာပြည့်မည်မထင်။ ထိုရွာကလေးတွင် ပန်းချီအနုပညာကို တန်ဖိုးထားသော ယဉ်ကျေးမှု တက္ကသိုလ်ဆင်း ကောင်မလေး တစ်ယောက် မွေးဖွားလာသည်မှာ ယုံချင်စရာမကောင်း။

သူကလေး၏ အမေသည် ရပ်ထဲရွာထဲတွင် မြင်တွေ့ရသော သာမန်အဘွားအိုတစ်ယောက်သာ ဖြစ်ပါသည်။ အညိုထဲက အဖြူအပူထဲက အအေး တစ်သွေးတစ်မွေး သူကလေးကို ထိုအဘွားအို၏ သမီးဟု ဆွေမျိုးစပ်ရမှာပင် ခက်လှပါတော့သည်။

တောအုပ်နှင့်မဝေးလှသောကြောင့် သစ်ပေါပေါဖြင့် ဆောက်လုပ်ထားသော ရွာပုံစံအိမ်အိုဟောင်းသည်ကို ဧည့်သည် ကျွန်တော့်အဖို့ ချမ်းမြေ့ရိပ်ငြိမ်လေး ဖြစ်၍နေပေသည်။

"ဆရာ နိုးနေပြီလား၊ ကောက်ညှင်းပေါင်းနဲ့အကြော် အဆင်သင့်ဖြစ်နေပါပြီ ဆရာ"

အိမ်နီးထမှုန့်တမှုန်မှာပင် သူကလေး၏ အလှက သိသာထင်ရှားနေပါသည်။ အိမ်အပြင်ဘက်စမ်းချောင်းလေးမှ ရေသွယ်ယူထားသော စိမ့်စမ်းရေကြည် အေးမြမြကြောင့် ကိုယ်လက်သန့်စင် မျက်နှာသစ် သွားတိုက်ရတာ အတော်အဆင်ပြေသည်။ လန်းလန်းဆန်းဆန်း ချမ်းချမ်းမြေ့မြေ့။

ပဲဆီစစ်စစ်ဆမ်းထားသော ငချိပ်ကောက်ညှင်းပေါင်းလေးက အငွေ့တထောင်းထောင်းနှင့် စားချင့်စဖွယ်။ ဘူးသီးကြော်ကလည်း ပူပူနွေးနွေးရှိနေသည်။

"အိမ်မှာပေါင်းတဲ့ ကောက်ညှင်းနဲ့ အိမ်မှာကြော်တဲ့ အကြော်မို့ ကောင်းမှကောင်းပါ့မလား မသိဘူး"

တစ်တို့တစ်ဖဲ့ စားကြည့်ရုံနှင့်ပင် အရသာက လျှာရင်းမြက်လှသည်။ ဆိုင်က ကောက်ညှင်းပေါင်း အကြော်တို့နှင့်သာ ပြီးရသော ကျွန်တော့်အဖို့ သူကလေး၏ လက်ရာမှာ အရသာထူးလှသည်။ ရွာထမင်း ရွာဟင်းဆိုပေမဲ့ မနေ့က ညစာလည်း ခံတွင်းတွေ့လှသည်။ ထမင်းပူပူ၊ ဟင်းပူပူနှင့် အားမနာတမ်း စားသောက်မိသည်။ ရိုးမနောက်ခံ တောတောင်အနီးက ရွာကလေးမို့ ဆောင်း၏အအေးဒဏ်ကို မွှေ့မွှေ့သိပ်သိပ် ခံစားရသည်။ ညတုန်းကလည်း ဂွမ်းကပ်စောင်နွေးနွေးနှင့် တစ်ရေးမျှ မနိုးအောင် အိပ်ခဲ့ရသည်။

"အရမ်းစားလို့ ကောင်းတာပဲ၊ အစားကြီးတဲ့ ဧည့်သည်ကို မငြိုငြင်လိုက်ပါနဲ့နော်"

"ကျွန်မတို့က ဟန်စားပန်စားတို့ကနန်းဆိတ်ကနန်းစားတဲ့ ဧည့်သည်မျိုးကို မကျွေးချင်ဘူး၊ ခုလို အားရပါးရစားတဲ့ ဧည့်သည်မျိုးဆိုဘယ်လိုကျွေးရ ကျွေးရပါ၊ အားမနာပါနဲ့"

အဘွားအို၏ နှစ်လိုဖွယ်စကားက ကျွန်တော့်အတွက် အနေမခက်စေပါ။ ပွင့်ပွင့်လင်းလင်း ဘွင်းဘွင်းကြီးပြောတတ်သူမို့ ရင်းနှီးခင်မင်စရာ ကောင်းလှပါသည်။

"ကျွန်မတို့က ညီအစ်မနှစ်ယောက်ပဲ ရှိတာပါ။ အစ်မတို့လင်မယားက လယ်ထဲယာထဲမှာပဲ အနေများတယ်၊ တူလေး တူမလေးတွေနဲ့ အမေက နေရတာ၊ ကျောင်းပိတ်လို့ တူလေး တူမလေးတွေ လယ်ထဲယာထဲ ဆင်းသွားရင် အိမ်မှာ အမေတစ်ယောက်တည်းပဲ ရှိတာလေ။ ကျွန်မကလည်း တစ်လနေမှ တစ်ရက် နှစ်ရက်ထက် ပိုနေရတယ် မရှိပါဘူး"

"ပြောမနေနဲ့ ငါ့တူ၊ ဒီသမီးက သမီးလို့သာ ဆိုရတာ ငယ်ကတည်းက ပွဲစားကြီးလင်မယားက မွေးစားလို့ မြို့မှာပဲ အနေများတယ်။ သူ့အဖေဆုံးတာတောင် တက္ကသိုလ်တက်နေလို့ ရောက်မလာနိုင်ဘူးလေ။ ခုမှ အလုပ်ကလေး အကိုင်ကလေးနဲ့မို့ ရွာကို တစ်ရက် နှစ်ရက် ပြန်လာတတ်တာ"

ဟုတ်ပေလိမ့်မည်။ သူကလေး၏ တစ်သွေးတစ်မွေးပုံစံက ရွာမှာ တစ်မူထူးခြားနေသည်။ သူကလေး၏ အလှကို စာဖွဲ့ရလျှင် အပိုဇာချဲ့သည်ဟု ထင်ကောင်းထင်ပေလိမ့်မည်။ နေပုံထိုင်ပုံ၊ ပြောပုံဆိုပုံလေးက ဟန်ဆောင်မှုကင်းပြီး သိမ်မွေ့ယဉ်ကျေးလှသည်။ တောအလှ တောအသွေး၊ သဘောဖြူ တောသူလေးဖြစ်နေ၍ ခင်မင်ဖော်ရွေတတ်ပုံရပါသည်။ မြို့ကြီးသူပုံစံ ဟန်တစ်လုံး ပန်တစ်လုံး မာယာမသုံးတတ်သူမို့ ချစ်ဖို့ကောင်းလှသည်။

"စားရတာ မတင်းတိမ်ပေမဲ့ လုပ်စရာအလုပ်ကလေး အပြီးသတ်ပါရစေဦး"

"မနေ့က နေရာကိုပဲ ပြန်သွားဦးမှာလား"

"မလိုတော့ပါဘူး။ အိမ်ရှေ့မန်ကျည်းပင်ရိပ်မှာ ထိုင်စရာခုံနဲ့

တင်စရာစားပွဲနဲ့ အဆင်သင့်ရှိနေလို့ပါ"

စောစောက ကိုယ်လက်သန့်စင် မျက်နှာသစ် သွားတိုက်ရင်း နေရာကောင်းလေးတစ်ခုကို မျက်စောင်းထိုးမိခဲ့သည်။ ထိုနေရာလေးက နေရောင်လည်းရသည်။ ပန်းချီဆရာအတွက် အကောင်းဆုံးအလုပ်ခန်းပင် ဖြစ်နေပေတော့သည်။ မပြီးသေးသော ပန်းချီကားအတွက် ဆေး၊ စုတ်၊ ကင်းဗတ်တို့ကိုယူပြီး မန်ကျည်းပင်အောက် ဝင်ခိုမိသည်။

အာရုံရနေ၍လား မပြောတတ်။ ရေးတာ လက်တွေ့လှသည်။ မနေ့ညနေက အကြမ်းထည်သည် ကြမ်းရာမှ နုလာသည်။ ဝိုးတဝါး ပုံရိပ်က ပြတ်သားပီပြင်လာသည်။ Digital Camera ထဲက မှတ်တမ်းဓာတ်ပုံကို ကြည့်စရာမလိုလောက်အောင် မျက်စိထဲ စွဲစွဲထင်ထင် ပန်းချီကားတွင် အရိပ် အယောင်မြင်စေသည်။ စုတ်ချက်တိုင်း လိုသည်မရှိအောင် ဖြည့်၍ ဖြည့်၍ နေမိသည်။ နေဝင်ဆည်းဆာ သည် တောရိပ်တောင်ရိပ်အောက်က ရွာကလေးကို တစ်နေ့တာ နောက်ဆုံး နှုတ်ဆက်နေပုံလေးက လွမ်းတသသ ဆွေးတမြမြဖြစ်၍နေသည်။

"ရေးလို့ အားမရနိုင်သေးဘူးလား၊ ထမင်းစားချိန်ရောက်နေလို့ လာသတိပေးတာ"

ရေးကောင်းကောင်းနှင့် ရေးနေ၍ အချိန်ဘယ်လို ကုန်ဆုံးသွားသည်မသိ။ မွန်းတည့်နေပင် ထွန်းလင်းတောက်ပနေလေပြီ။

နေဝင်ချိန် ဆီဆေးပန်းချီကားချပ်ကို ကြည့်မဝ ရှုမဆုံးအောင် တစ်ငေးလောက် ကြည့်မိသည်။ ဆေးတစ်စက်ကလေးမျှ တို့ထိစရာ မကျန်လောက်အောင် ပြည့်စုံနေပြီ ထင်မိသည်။

"ဆရာ့လက်ရာက အရမ်းကောင်းတာပဲ၊ ဆရာ့အနုပညာကြေးက အရမ်းမြင့်မှာပဲနော်"

"ကျွန်တော် ရောင်းတမ်းဝင် ပန်းချီကားတွေ ရေးတာ သိပ်မကြာသေးပါဘူး။ ကျွန်တော့်လက်ရာကို ကြိုက်ကြလို့ ဈေးအထိုက်အလျောက် ရပါတယ်။ ရန်ကုန်မှာပြမယ့် လောကနတ်ပန်းချီပြခန်းမှာ ဆယ်ကားတင်ထားတယ်။ ငါးသိန်းထက်နည်းတာတော့ မရှိပါဘူး။ လိုချင်ရင် ယူထားလိုက်လေ။ ရောင်းပြီးတော့ ပေးတာပေါ့။ ရန်ကုန်က ပြန်မှပဲ ဝင်လာခဲ့မယ်။ ဒီက ညနေကားရောက်လာရင် လိုက်သွားမယ်"

"ကျွန်မ ပန်းချီပြခန်းမှာ သုံးသိန်းထက်ပိုတာ မရှိဘူးဆရာ၊ မရောင်းရရင် ဘယ့်နှယ်လုပ်မလဲ"

"မရောင်းရတော့ ကောဘာဖြစ်လဲ၊ ကျွန်တော် ပြန်ယူသွားရုံပေါ့၊ မပူပါနဲ့ ရောင်းထွက်မှာပါ။ ကျွန်တော် ပြန်လာရင် မြို့ကလေးက ရှုခင်းတွေ လိုက်ကြည့်ဦးမယ်။ ပန်းချီရေးဖြစ်ရင်လည်း ရေးရတာပေါ့"

နေဝင်ချိန် ပန်းချီကားကို မျက်စိမခွာတမ်းကြည့်နေ၍ ထင်သည်။ ကျွန်တော်ပြောသည့်စကားကို လုံးစေ့ပတ်စေ့ ကြားမှ ကြားပါလေစ။

"ဆရာ့ပန်းချီကား အရှိန်ကြောင့်ကျန်တဲ့ ပန်းချီကားတွေ မှိန်သွားရင် ဆရာ့ကို ကျွန်မစိတ်ဆိုးမှာနော်"

"ကျွန်တော့်ပန်းချီကားက မြို့ကလေးက ဂယ်လာရီကို တောက်ပြောင်လာအောင် တွန်းတင်ပေးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်"

"ကျေးဇူးတင်ပါတယ် ဆရာ" ဟူ၍ ပြောဆိုကာ ပန်းချီကားကို ယူသွားသော သူကလေး၏ ပြည့်ဖြိုးကျစ်လျစ်သည့် နောက်ကျောအလှကို ငေးမောကာ ကြည့်နေမိသည်။

နေဝင်ချိန်ဆီ
ဆေးပန်းချီကားချပ်ကို
ကြည့်မဝရှုမဆုံးအောင်
တစ်ငေးလောက်
ကြည့်မိသည်။
ဆေးတစ်စက်ကလေးမျှ
တို့ထိစရာ
မကျန်လောက်အောင်
ပြည့်စုံနေပြီ ထင်မိသည်။

(၃)

မြို့ကလေးက တည်းခိုခန်းဆိုပေမဲ့ နိုင်ငံခြားသားတွေ တည်းခိုဖို့ ရည်ရွယ်ထားပုံ ရပါသည်။ သန့်ရှင်းသပ်ရပ်၍ လေဝင်လေထွက်ကောင်းမွန်ပြီး သက်သောင့်သက်သာ နားနေနိုင်သည်။ ဈေးနှုန်းကလည်း မြို့ကြီးက ဟိုတယ်တွေ၏ တစ်ဝက်မျှပင် မရှိပါ။ ဝန်ဆောင်မှုက နည်းနည်းနှင့်ကျဲကျဲ ဝိုင်းရပုံပေါ်သည်။ ဝန်ထမ်းမများပေမဲ့ မန်နေဂျာက စီမံခန့်ခွဲကွပ်ကဲကြီးကြပ်မှုကောင်းပါသည်။ ဖုန်းလေး တစ်ချက်ဆက်ရုံနှင့် မိနစ်ပိုင်းအတွင်း သွက်လက်တက်ကြွသော သက်ဆိုင်ရာ ဝန်ထမ်းတစ်ယောက်မဟုတ် တစ်ယောက် ရောက်ရှိလာပါသည်။ တည်းခိုသူစိတ်တိုင်းကျဖြစ်စေရန် အမြန်ဆုံးဆောင်ရွက်ပေးသည်။

"ဆရာက ပန်းချီဆရာ ထင်တယ်။ အနောက်ဘက်ထောင့်ခန်းကို ပို့လိုက်ပါ။ မနက်လင်းတာနဲ့ ရိုးမပေါ်က နေဝန်းနီထွက်ပေါ်လာတာကလည်း ပန်းချီကားတစ်ချပ်၊ နေပူလေးရင့်လာတော့ ချောင်းတစ်ဖက်ကမ်းကိုကူးပြီး လယ်သမား၊ ယာသမား၊ အလုပ်သမားတွေ အလုပ်ခွင်ဆင်းတဲ့ ချောင်းကူး တံတားကလည်း ပန်းချီကားတစ်ချပ်၊ နေမြင့်လာတဲ့အခါ ချောင်းထဲမှာ ရေချိုးအဝတ်လျှော်တဲ့ ပျို့ပျို့အိုအိုတွေရဲ့ မြင်ကွင်းကလည်း ပန်းချီကားတစ်ချပ်၊ ညနေစောင်းလို့ မြို့ကလေးကို နောက်ခံကားကောင်း ကောင်းနဲ့ အုပ်အုပ်ဆိုင်းဆိုင်းရှိနေတဲ့ တောတန်းလေးကလည်း ပန်းချီကားတစ်ချပ်၊ ဆရာဒီရောက်လို့တော့ ပြန်ချင်မှာတောင် မဟုတ်တော့ဘူး"

မန်နေဂျာက ငယ်ငယ်ပဲရှိသေးသည်။ တည်းခိုသူအကြိုက်နှင့် စရိုက်ကို အလိုက်သင့် အဆင်ချောအောင် ပြောဆိုတတ်သည်။

"ကျွန်တော်ဖြင့် ပန်းချီ တစ်ကားမှ မရေးရသေးဘူး။ မန်နေဂျာက အပြောနဲ့ လေးကားတောင်ရေးပြီးပါပကောလား"

"ဟား ဟား ကျွန်တော်က ပန်းချီဆရာ ဖြစ်ချင်နေတာဗျ။ ဖြစ်ချင်စိတ်က ခုမှပေါ်လာတာပါ။ ဟိုတစ်ရက်က Tourist တစ်ယောက် နေဝင်ချိန် ပန်းချီကားကို ငါးသိန်းခွဲပေးပြီး ဝယ်သွားတယ်ဗျာ၊ ပန်းချီဆရာတွေကို အားကျတယ်။ ကျွန်တော် တစ်လလုံးရတဲ့ လုပ်ခလစာက ပန်းချီကားတစ်ချပ် ရောင်းရတာလောက် မရဘူးဗျ"

ကျွန်တော့်ပန်းချီကား ရောင်းထွက်သွားပြီဆိုတာ သိလိုက်ရသည်။ မန်နေဂျာပြောသလိုပင် ကျွန်တော့်ကို နေရာချထားပေးသည့်အခန်းက ရှုခင်းပန်းချီရေးဆွဲရလောက်အောင် ကောင်းပါသည်။ ထို့ကြောင့် ရောက်စ တစ်ရက်နှစ်ရက်လောက် အပြင်မထွက်ဘဲ ပန်းချီကား တစ်ကား ရေးဖြစ်သည်။ ဟိုတယ်က တောင်ကုန်းမြင့်လေးတွင် ရှုခင်းကောင်းသော နေရာလေးမှာ တည်ဆောက်ထားခြင်းဖြစ်ရာ မန်နေဂျာပြောသလို အရှေ့ဘက်ကြည့်ကြည့်၊ အနောက်ဘက်ကြည့်ကြည့် သတိထားစရာလေးတွေ ဖြစ်နေသည်။ အနောက်ဘက် ကုန်းမြင့်အောက်ခြေတွင် မကြီးမငယ် ရေကြည်ချောင်းလေးကွေ့ဝန်းခွေ၍ စီးဆင်းနေသည်။

ရေချိုးဆိပ် ပန်းချီကားလေးတွင် သဘာဝရှုခင်းနှင့် ရေချိုးဆင်းလာပုံကို သရုပ်ပေါ်အောင် ထုတ်ဖော်၍ မဆုံးနိုင်ရှိလေသည်။ ရောက်စ နှစ်ရက်မှာ အပြင်မထွက်ဘဲ စိတ်တိုင်းကျ ရေးဆွဲနေမိသည်။ Digital Camera နှင့် မှတ်တမ်း





တင်စရာမလိုလောက်အောင် မြင်ကွင်းက စွဲထင်စရာကောင်းနေသည်။ တောတောင်ရေမြေကလည်း သဘာဝအလျောက်၊ ရေကြည်ချောင်းကလေးကလည်း သဘာဝအလျောက်၊ ရေချိုးသူတွေကလည်း သဘာဝအလျောက် ရှိနေသည်။

''ဆရာ့ပန်းချီလက်ရာက အရမ်းကောင်းတာပဲနော်၊ ဓာတ်ပုံနဲ့လည်း မတူဘူး၊ ဒါပေမဲ့ ဓာတ်ပုံထက် ပိုပြီး အသက်ဝင်နေသလိုပဲ''

မန်နေဂျာက ကျွန်တော့်အခန်းထဲ ခွင့်မတောင်းဘဲ ဝင်လာသည်။ ကျွန်တော့်ပန်းချီကားကို ခွင့်မတောင်းဘဲ ယူကြည့်သည်။ ပန်းချီကားပေါ် သူ့ရှုမြင်ပုံကို ခွင့်မတောင်းဘဲ ဝင်ပြောသည်။

"Sorry ဆရာ ကျွန်တော် ဆရာ့အခန်းထဲ ခွင့်မတောင်းဘဲ ဝင်လာမိတာ၊ ကျွန်တော့်ညီမလေးက ဆရာနဲ့တွေ့ချင်လို့တဲ့၊ ဆရာက ပန်းချီရေးနေတာဆိုတော့ အာရုံပျက်မှာစိုးလို့ ဆရာ့အခြေအနေကို အကဲခတ်ချင်လို့ Lock ချမထားဘဲ ဆရာ့အခန်းကို ခိုးကြောင်ခိုးဝှက် ဝင်ကြည့်မိတာပါ။ ဆရာ့ပန်းချီကားကို မြင်တော့ လောကဝတ်တွေ အကုန်လုံးမေ့သွားတယ်။ ခွင့်လွှတ်ပါဆရာ"

မန်နေဂျာက ပျာပျာသလဲ တောင်းပန်သည်။

"ဟာ ပြောစရာ မလိုပါဘူး၊ ဒါနဲ့ မန်နေဂျာ့ညီမလေးက"

"ဆရာ့ကို တွေ့ဖူးတယ်လို့ ပြောပါတယ်။ ညီမလေးထက် မပိုတဲ့ ကျွန်တော့်ညီမလေးဆိုပါတော့"

ပြောပြောဆိုဆို အခန်းတွင်းက တယ်လီဖုန်းကိုယူ၍ မန်နေဂျာက တစ်စုံတစ်ရာ ပြောဆိုလိုက်သည်။

''ဆရာ့ပန်းချီကားလည်း ကြည့်ရအောင် အခန်းထဲကိုပဲ ဖိတ်ခေါ်လိုက်မိပြီ၊ ဟောဗျ ကျွန်တော်ကလည်း ကျွန်တော်ပါပဲ၊ ဆရာ့ကို ခွင့်မတောင်းဘဲ အခွင့်အရေးယူနေမိပြန်ပြီ''

ကျွန်တော်က ပြုံး၍သာ နေမိသည်။ မန်နေဂျာက ခင်မင်စရာကောင်းလှသည်။ အပြောလည်း ချိုသည်။ သဘောလည်း ကောင်းပုံရသည်။

"ဝင်ခွင့်ပြုပါ ဆရာ"

မန်နေဂျာမဟုတ်သော ညီမလေးက မန်နေဂျာလို ခွင့်မတောင်းဘဲ ဝင်မလာပါ။ "ဝင်လာခဲ့ပါ" ဆိုမှ ရဲရဲတင်းတင်း ဝင်လာသည်။

"ဪ . . . သူကလေးပါလား"

မန်နေဂျာပြောကတည်းက သဘောပေါက်သင့်သည်။ ကျွန်တော့်ကို သိကျွမ်းသူဆို၍ သူကလေးက လွဲ၍ ဘယ်သူဖြစ်နိုင်ပါ့မလဲ။

''ဆရာက မြို့ကလေးကို ရောက်ရောက်ချင်း ကျွန်မဂယ်လာရီကို ဝင်မလာတော့ ဆရာ့သတင်းကို စုံစမ်းပြီး ကျွန်မကပဲ လာရတာပေါ့''

''ဒီပန်းချီကားလေးပြီးရင် ဝင်လာမလို့ပါ။ ခုတော့ ပန်းချီကားကို လက်စသတ်ပြီးပြီမို့ ဒီနေ့ပဲ ဂယ်လာရီကို လာမလို့ပါ။ မျက်နှာလေး ကမန်းကတန်းသစ်ပြီး မနက်စာ မစား ဘာမစားဘဲ အပြီးသတ်ရေးနေမိတာ''

"မနက်စာကို ဟောဒီကိုကိုကြီး ဧည့်ဝတ်မကျေပေမဲ့ ညီမလေး ကျွေးပါ့မယ်"

မန်နေဂျာ့ကို ချစ်စဖွယ် မျက်နှာကလေး ထောင့်ကပ်ကာ ပြောလာသည်။

''ဧည့်ဝတ်အမြဲကျေပါတယ်နော်၊ ပန်းချီဆရာဆိုတော့ အစားမမှန်၊ အအိပ်မမှန်နဲ့မို့ ဘယ်လိုဆက်ဆံရမယ်ဆိုတာ မသိလို့ပါ''

"ဪ. . . ဒါနဲ့ ဒီကိုကိုကြီးက ကျွန်မ ကျေးဇူးရှင် ပွဲစားကြီးရဲ့ တစ်ဦးတည်းသော သားပါ။ မိဘအမွေမဆက်ခံဘဲ တည်းခိုခန်းဖွင့်ပြီး စီးပွားရှာနေတာလေ၊ သူလည်း ကျွန်မလိုပဲ ကံကောင်းတယ်၊ မြို့ကလေးနဲ့ မထိုက်တန်အောင် တည်းခိုခန်းလှတပတဆောက်ပြီး တာနဲ့ နိုင်ငံခြားသားတွေ ဝင်လာမစဲ တသဲသဲဖြစ်နေတာလေ"

"မန်နေဂျာတို့ မောင်နှမက တကယ့်ကို အကျိုးပေးကောင်းတယ်နော်၊ လုပ်ငန်းချင်းသာ မတူတာ၊ အကျိုးပေးပုံချင်းကတော့ တော်တော်တူတာပဲ"

ကျွန်တော့်မှတ်ချက်စကားကြောင့် သူကလေးတို့မောင်နှမ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာ ပြုံးနေသည်။ အပြုံးချင်း မညီမျှဟု ထင်ရသည်။ မန်နေဂျာက သူကလေးကို ကြည့်၍ ပြုံးပုံက ဟက်ဟက်ပက်ပက်ရှိပုံ ပေါ်သည်။ သူကလေး၏ အပြုံးက ဝတ်ကျေတန်းကျေနိုင်လှသည်။ တကယ်တော့ မန်နေဂျာသည် ဟိုတယ်ပိုင်ရှင်ဖြစ်နေသည်ကို သိလိုက်ရသည်။

"ဆရာ့ကို ကျွန်မ မချက်တတ်ချက်တတ် တောထမင်း၊ တောဟင်းနဲ့ ကျွေးချင်လို့ လာဖိတ်တာပါ။ ပြီးတော့ သတင်းကောင်းကိုလည်း ပြောရဦးမယ်၊ ဆရာ့ပန်းချီကားတင်တင်ချင်းမှာပဲ ရောင်းထွက်သွားတယ်။ ဆရာ့လက်ရာကို တော်တော်မက်မက်စက်စက် သဘောကျပုံရတယ်။ ဆရာ့ပန်းချီကားတွေ လောကနတ်ပန်းချီပြခန်းမှာ ပြပွဲတင်ထားတယ်လည်း ပြောလိုက်ရော၊ ရန်ကုန်ကို ချက်ချင်းပြန်သွားတယ်။ ဆရာ့ ပန်းချီကား အခြေအနေလည်း ပြောပါဦး"

"ဆယ်ကားလုံး ရောင်းရတယ်၊ ညီမလေးဂယ်လာရီမှာ တင်နိုင်ဖို့ ဒီရေချိုးဆိပ် ပန်းချီကားကို လုံးပန်းနေလို့ ဂယ်လာရီကို ရောက်မလာနိုင်တာလည်းပါပါတယ်။ ကျွန်တော် ရေမိုးချိုးပြီးရင် ထွက်လာခဲ့မယ်။ ဧည့်သည်စောင်သည်လို မနေတတ်တာကိုတော့ ခွင့်လွှတ်ပေးပါ"

(၄)

ရွာမှာကတည်းက ရိုးထမင်း၊ ရိုးဟင်းဆိုပေမဲ့ ဟင်းစပ်တည့်အောင် ချက်တတ်လို့ လျှာရင်းမြက်ပြီးသားပါ။ ယခုမြို့ကလေးမှာတော့ ဟင်းအမယ်စုံလှတာကြောင့် တောထမင်း၊ တောဟင်းသာ အမည်ခံတာ။ မြို့ကြီးပြကြီးက စားသောက်ဆိုင်တွေနှင့် ယှဉ်နိုင်သည်။

ဂယ်လာရီကို ဧည့်ခန်းကျယ်ကျယ်မှာ အမြင်တင့်တယ်အောင် ဖွယ်ဖွယ်ရာရာ ပြင်ဆင်ထားသည်။ သပ်သပ်ရပ်ရပ်လည်း ရှိသည်။ သန့်သန့်ရှင်းရှင်းလည်း ရှိသည်။ ပန်းချီကားတွေကလည်း လက်ရာကောင်းလေးတွေဖြစ်သည်။ ကားငါးဆယ်ကျော်လောက်ကို တစ်ကားချင်းစီ ပန်းချီအမြင်ဖြင့် အကဲဖြတ်အမှတ်ပေးနေမိသည်။ သူကလေးသည် ပန်းချီမရေးတတ်ဟု ဆိုသည်။ သို့ရာတွင် ပန်းချီကား အရွေးတတ်သည်။ ပန်းချီအမြင်ရှိသည်။

ထမင်းစားခန်းနှင့် မီးဖိုခန်းက ဧည့်ခန်း၏ အတွင်းပိုင်းမှာဖြစ်သည်။ အိပ်ခန်းက ထပ်ခိုးလေးပေါ်တွင် ဖြစ်ပေလိမ့်မည်။ နံကပ်တိုက်ကလေးက မကြီးသော်လည်း မငယ်လှပါ။ သူ့နေရာနှင့်သူ ထားသိုတတ်၍ အမြင်ရှင်းနေသည်။ ရေချိုးခန်း၊ အိမ်သာက အိမ်နှင့်မလှမ်းကမ်းတွင် ရှိသည်။ အိမ်ဝင်းခြံက မကျယ်လှပေမယ့် မငယ်လှပါ။

ဂယ်လာရီ၏ ရှေ့တွင် ပန်းအလှပင်လေးတွေ စနစ်တကျ စိုက်ပျိုးထားသည်။ ပန်းချီအမြင်ရှိသူမို့ ပန်းချီရသပေါ်လွင်အောင် ပန်းအလှပင်လေးတွေက ပွင့်ပုံဆန်းလှသည်။ ဂယ်လာရီနောက်ခံနှင့် ပန်းအလှပင်လေးတွေကပင် သဘာဝပန်းချီကားတစ်ချပ် ဖြစ်၍ နေပေသည်။

သူကလေးက ပန်းချီရေး၍ ကောင်းနိုင်မည့် ရှုခင်းရှုကွက်များရှိရာ ဆိုင်ကယ်လေးဖြင့် လိုက်ပို့သည်။ ပထမတစ်ရက်တွင်သာ နေရာစိမ်းမို့ သူကလေး၏ နောက်တွင်ထိုင်ကာ အားနာနာနှင့် လိုက်ပါမိသည်။ နောက်ရက်များတွင် သူကလေးဆိုင်ကယ်ကို ငှားရမ်းကာ တစ်ကိုယ်တည်း လှည့်လည်နေမိ

သည်။ သူကလေးနှင့်အတူ ရောက်ရှိသည့်နေရာအချို့ကို စိတ်မှတ်ထားကာ သွားရောက်သည်။ နေကုန်အောင်ရေးရလျှင် နှစ်ရက် တစ်ကားနှုန်းလောက်ပြီးနိုင်သည်။ သို့ရာတွင် အာရုံရောက်မှသာ စိတ်နောက်ကိုယ်ပါနိုင်သည်။ သို့မဟုတ်ပါက တစ်နေကုန်ထိုင်ကြည့်၍ တစ်နေသာ ကုန်သွားသည်။ ဟုတ်တိပတ်တိ စုတ်ချက်ဆေးသား မတင်နိုင်။

တစ်ရက်တွင် မြက်ခင်းစိမ်းစိမ်း ကွင်းပြင်ကျယ်ကျယ် တောတန်းလှလှနောက်ခံဖြင့် ပန်းချီစုတ်ချက်တင်စရာ မြင်ကွင်းကို တွေ့မြင်ရသည်။ သစ်ပင်ရိပ်တွင် ပန်းချီရေးဖို့ပြင်သည်။ မြင်ကွင်းလေးက ကြည့်လေလှလေ။ သို့ရာတွင် တစ်ခုခုလိုအပ်နေသည် ထင်လာသည်။ မြက်ခင်းလေးက လှသည်။ ကွင်းပြင်ကျယ်ကလည်း ရှုမော၍မဆုံးနိုင်အောင် လှသည်။ တောတန်းနောက်ခံကလည်း ဆေးစုတ်ချက်တို့စရာမလိုလောက်အောင် သဘာဝသူ့နဂိုအတိုင်း စိုပြည်စိမ်းလန်းနေသည်။ ထိုမျှနှင့်ပင် ပန်းချီကားသည် ပြီးပြည့်စုံသည်ဟု မဆိုနိုင်။ တစ်ခုခုတော့ လိုအပ်နေသည်။ ထိုတစ်ခုခုသောအရာ ဘာဖြစ်ရမည်ကို တွေးနေမိသည်။

"ဆရာ ဗိုက်ဆာမယ်ထင်လို့ စားစရာလာပို့တာ"

အတွေးအာရုံနောက် တကောက်ကောက်လိုက်ပါနေရ၍ သူကလေး၏ ဆိုင်ကယ်သံကို မကြားရ။ ဆိုင်ကယ်တစ်စီးငှား၍ ကျွန်တော်ရှိရာ မှန်းဆကာ ရောက်လာခြင်းဖြစ်မည်။ ကျွန်တော်က သူကလေးဆိုင်ကယ်ကို နေ့စဉ်မောင်ပိုင်စီးထားသည်။ သူကလေး ငှားစီးလာသည့် ဆိုင်ကယ်က ယောကျ်ားတွေသာ စီးသင့်သော ဆိုင်ကယ်ဖြစ်၍ သူကလေးနှင့် အဆင်မပြေလှ။ ဆိုင်ကယ်အဆင်းတွင် ခြေသလုံးသား ဝင်းဝင်းလေးကို မြင်တွေ့ရသည်။

"ညီမလေး ရောက်လာတာနဲ့ အတော်ပဲ"

"ဘာလဲ၊ ဗိုက်ဆာနေလို့လား"

"မဟုတ်ဘူး။ ပန်းချီကားထဲမှာ Subject တစ်ခုခုလောက် လိုနေတာ ညီမလေးရောက်လာမှ ပြည့်စုံသွားတယ်"

"နေပါဦး။ ဆရာရေးတဲ့ ပန်းချီနဲ့ ကျွန်မက ဘာများပတ်သက်နေလို့လဲ"

သူကလေးက နားဝေတိမ်တောင် ဖြစ်နေဟန်တူသည်။ ကျွန်တော်ကလည်း အကူအညီတောင်းရမှာ အားနာသလိုတော့ ရှိသည်။ သို့ရာတွင် အားမနာလျှာမကျိုး ပြောရပေတော့မည်။

"ရှုခင်းလေးက သိပ်လှတယ်။ ခက်တာက မြက်ခင်းစိမ်းထဲမှာ သမင်လေးလို၊ ဂျီလေးလို သက်ရှိသတ္တဝါတစ်ကောင်ကောင်လောက် သက်ဝင်လှုပ်ရှားနေရင် ပန်းချီကားက ပြီးပြည့်စုံမှာ ခုတော့ ညီမလေးရောက်လာလို့ အဆင်ပြေသွားပြီ"

"ဘာလဲ၊ ကျွန်မက သမင်လေးလို၊ ဂျီလေးလို လေးဖက်ကုန်းပြီး ကွင်းပြင်ကြီးထဲ ပြေးရမှာလား"

သူကလေးက ရယ်သလို မောသလို ပြောလာသည်။

"သမင်လို ဂျီလို လေးဖက်ကုန်းပြီး ပြေးစရာတော့ မလိုပါဘူး။ မြက်ခင်းစိမ်းထဲ ဝမ်းလျားမှောက်ပေးရုံလောက် သရုပ်ဆောင်ပေးစေလိုပါတယ်"

"ပန်းချီမော်ဒယ်လုပ်ဖို့ ဘာမှ မပြင်ဆင်ခဲ့ရဘူး။ ဆရာစားဖို့ ချက်ပြုတ်ရင်း အိမ်ဝတ်အိမ်စားနဲ့ ထွက်လာတာ"

"ညီမလေး ဘာဝတ်ဝတ်လှပြီးသားပါ။ ခုလို အိမ်ဝတ်အိမ်စားနဲ့ ဆိုပိုတောင် အဆင်ပြေသေး။ လာပါပုံတူရေးဖို့ မဟုတ်ပါဘူး။ ပန်းချီကားရဲ့ Subject လေးတစ်ခုဖြည့်စွက်တဲ့အနေနဲ့ ကူညီပေးစေလိုပါတယ်"

"ကဲ . . . ဒါဆို ကျွန်မက ဘယ်လိုနေပေးရမှာလဲ"

သဘောတူညီချက်ရပြီမို့ ပန်းချီရှုထောင့်အရ သူကလေးကို မြက်ခင်းစိမ်းတစ်နေရာတွင် ဝမ်းလျားမှောက်ကာ သလုံးသားလေး မခို့တရို့ပေါ်အောင် ခြေလေးကို မြှောက်ထားသည်။ ခမောက်ကလေး ဆောင်းထားသော သူကလေး၏ ကပိုကရိုဟန်လေးက ရှုခင်းပန်းချီကို အမှန်တကယ်ပင် သက်ဝင်လှုပ်ရှားစေသည်။

"သိပ်အကြာကြီးတော့ ဝမ်းလျားမမှောက်နိုင်ဘူးနော်။ ပုရွက်ဆိတ်ကိုက်မှာလည်း ကြောက်တယ်။ နေပူမိမှာလည်း ကြောက်တယ်"

"မကြာစေရပါဘူး" ဟုပြောကာ Digital Camera ဖြင့် လေးငါးခြောက်ပုံလောက် စိတ်တိုင်းကျရိုက်ကူး၍ ရေးလက်စပန်းချီကားတွင် သူကလေး၏ ရုပ်ပုံလွှာကို သွက်သွက်လက်လက် စုတ်ချက်တင်နေမိသည်။

"ပြီးပါပြီ ကျေးဇူးပဲ ညီမလေး။ ပန်းချီကားလေးက အရမ်းကို အသက်ဝင်သွားပြီ။ လာကြည့်ပါလား"

**သူကလေးက သူမ၏ ပုံရိပ်ပါသော ပန်းချီကားကို ငေး၍ကြည့်နေသည်။ တောပန်းလေးကို ကိုင်ထားသော မခို့တရို့ ကပိုကရို ကောင်မလေးသည် ပန်းချီစုတ်ချက် အပီအပြင် မခြယ်မှုန်းသော်လည်း သူကလေးမှန်း သိသာသည်။**

သူကလေးက ဖုတ်ဖက်ခါထလာပြီး ကျွန်တော့်ရေးလက်စပန်းချီကားကို လာကြည့်သည်။ ပန်းချီကားလေးက တကယ်ပင် အသက်ဝင်နေသည်။

"ဟယ် . . . လှလိုက်တာ၊ ပန်းချီ သရုပ်ဆောင်ခ ဘယ်လောက်ပေးမှာလဲ"

"ညီမလေးကို ညစာလိုက်ကျွေးမယ်လေ။ ညီမလေးရဲ့ ကိုကိုကြီးဟိုတယ်ပိုင်ရှင်ကိုရော ဖိတ်မယ်။ ညီမလေးပြန်ရင် ညီမလေးဆိုင်ကယ် ယူသွားနော်။ ညီမလေးငှားလာတဲ့ဆိုင်ကယ်က ယောကျ်ားစီးဆိုတော့ ညီမလေးနဲ့ မသင့်တော်ဘူး"

သူကလေးက သူမ၏ပုံရိပ်ပါသော ပန်းချီကားကို ငေး၍ကြည့်နေသည်။ တောပန်းလေးကို ကိုင်ထားသော မခို့တရို့ ကပိုကရို ကောင်မလေးသည် ပန်းချီစုတ်ချက် အပီအပြင် မခြယ်မှုန်းသော်လည်း သူကလေးမှန်း သိသာသည်။ သူကလေး၏ ကိုယ်လုံးကိုယ်ပေါက်က အများနှင့်မတူ တစ်မူထူး၍လည်း ဖြစ်နိုင်သည်။

"နေမွန်းတည့်ချိန်တောင် ကျော်နေပြီ။ ဆရာ နေ့လယ်စာ လာစား၊ ပန်းချီကားကို ပြီးတော့မှ ဆက်ရေးပါလား"

သူကလေးပြောမှ ထမင်းစားဖို့ သတိရလာသည်။

"ဟော ထမင်းတွေ ဟင်းတွေ



များလှပါလား"

"ဆရာနဲ့အတူ ထမင်းလက်ဆုံစားချင်လို့ ပိုထည့်လာတာ"

"ကျွန်တော့်ကြောင့် ညီမလေး အလုပ်ပိုတွေ လုပ်နေရပြီ"

"ဆရာ့ကို ပါရမီဖြည့်ရတာ အလုပ်ပိုလို့ မထင်ပါဘူးဆရာ"

သူကလေးစကားကြောင့် တစ်စုံတစ်ခုကို တွေးမိကာ နောက်ကျောမလုံသလို ခံစားရသည်။ ပါရမီဖြည့်ဖက်ဆိုသော စကားရပ်၏ နောက်ဆက်တွဲကို တွေးမိသည်။ သူကလေးကတော့ သူမ၏နှုတ်ထွက်စကားကြောင့် ရှက်ကိုးရှက်ကန်း ဖြစ်မနေပါ။ သဘောရိုးနှင့် ပြောလိုက်ဟန်တူသည်။ ကျွန်တော်ကသာ သရိုးသရီ ဖြစ်ချင်သည်။

မြက်ခင်းစိမ်းပေါ် ထိုင်ရင်း သစ်ပင်ရိပ်အောက်တွင် ကျွန်တော်တို့နှစ်ယောက် ထမင်းလက်ဆုံ စားကြသည်။ အနီးအနားတွင် စမ်းချောင်းလေးလည်း ရှိသဖြင့် လက်ကို စင်ကြယ်အောင် ဆေးကာ တဝတပြ စားမိသည်။ သူကလေးကို ကျွန်တော်၏ ပါရမီဖြည့်ဖက်ဖြစ်လျှင် ကောင်းမှာပဲဟု မဆီမဆိုင် တွေးနေမိပါသည်။

(၅)

မြက်ခင်းစိမ်း၊ ကွင်းပြင်၊ သစ်ပင်တောအုပ်တို့သည် သူကလေး၏ ပါဝင်ပတ်သက်မှုကို ဝိုင်းဝန်းအလှဆင်ပေးနေသည်ဟု မြင်သည်။ မြို့ကလေး၏ ပန်းချီကားများဖြစ်သော ရေချိုးဆိပ်၊ ချောင်းကူး တံတား၊ လယ်ကွင်းပြင်၊ တောင်ကုန်း တောတန်းစသည့် ပန်းချီကားများတွင် သူကလေးပါဝင်သော ပန်းချီကားက ပို၍ထင်ပေါ်သည်။ ပို၍ ကြည့်ကောင်းသည်။ ပို၍ အဆင်ပြေသည်။ အိပ်ခန်းထဲတွင် တစိမ့်စိမ့် ကြည့်မဝရှုမဆုံးအောင် ဖြစ်မိသည်။ ထိုကားရေးဆွဲပြီးကတည်းက အခြားကားများ ရေးဆွဲရန် ဆန္ဒမရှိဘဲ ဖြစ်နေသည်။ ဘယ်ရှုခင်းကြည့်ကြည့် အာရုံမဝင်စား၊ ဘယ်နေရာရောက်ရောက် ပန်းချီရေးရန် စိတ်အားမထက်သန်ဘဲ ဖြစ်နေသည်။

သူကလေး၏ ပုံရိပ်ကောက်ကြောင်းသည် အခြားသူတွေ မြင်လျှင်လည်း သူကလေးမှ သူကလေးအစစ်ဟု ထင်ကြပေလိမ့်မည်။ ပန်းချီကောက်ကြောင်း အကြမ်းခြစ်ရုံမျှနှင့်ပင် သူကလေး၏ အလှသည် ပေါ်လွင်နေပေသည်။

ကျွန်တော်သည် အိပ်နိုးထတွင် သူကလေးပါဝင်သည့် ပန်းချီကားကို ကြည့်ပြီး ပန်းချီရေးဆွဲသင့်သည့် နေရာအချို့ကို တွေး၍ ငေးနေမိသည်။ ဘယ်နေရာသွားသွား ထိုပန်းချီကားကို မမေ့။ ထို့ကြောင့် ဘယ်နေရာရောက်ရောက် ပန်းချီမရေးနိုင်။ ကျွန်တော့်ကိုယ် ကျွန်တော် ပန်းချီဆရာအဖြစ် မေ့လျော့နေမိသည်။ သူကလေးပါဝင်သည့် ပန်းချီကားကို ကြည့်သည့် ပရိသတ်တစ်ယောက်ဟု ထင်မြင်လာမိသည်။ ပန်းချီကားကို စွဲလမ်းစိတ်ဖြင့်ပင် သူကလေးကို စွဲလမ်းလာမိသည်။ သူကလေးအပေါ် ပန်းချီမရေးခင်ကတည်းက စွဲလမ်းစိတ် အမြစ်တွယ်မှန်းမသိ တွယ်တာမိလေသလော။ ပန်းချီရေးပြီးမှ သံယောဇဉ်ဆက်နွယ် လာလေသလော။ ကျွန်တော် ခွဲခွဲခြားခြား မတွေးတောနိုင်။ တစ်ခုသေချာတာကတော့ သူကလေးအပေါ် ကျွန်တော်သည် စွဲလမ်းမြတ်နိုးတန်ဖိုးထားမိနေပြီ။

မြို့ကလေးတွင် ပန်းချီမရေးနိုင်လျှင် ပြန်ဖို့မသင့်ပေဘူးလား။ နေရာဟောင်းတွင် ရေးကွက်မမြင်လျှင် နေရာသစ်သို့ ပြောင်းရွှေ့သင့်



သည်မှာ သဘာဝကျပါသည်။ ခက်သည်က ကျွန်တော်သည် သူကလေးနှင့် ဝေးရာသို့ သွားဖို့မဆိုထားနှင့် စိတ်ကူးဖြင့်ပင် စိတ်ဆင်းရဲလှသည်။ နေရာတိုင်းတွင် သူကလေးကို မြင်နေမိသည်။

ညနေတွင် သူကလေးတို့မောင်နှမနှစ်ယောက်ကို ညစာကျွေးဖို့ ဖိတ်ကြားထားသဖြင့် ယနေ့နေ့လယ်နေ့ခင်း ဘယ်မှမသွားမလာတော့ဟု ဆုံးဖြတ်လိုက်မိသည်။ ဟုတ်သည်လေ၊ ဘယ်နေရာသွားသွား ဘယ်နေရာရောက်ရောက် ပန်းချီမရေးနိုင်မည့်အတူတူ ဘယ်ကိုမှ မသွားတာဘဲ ကောင်းပါလိမ့်မည်။ ဟိုတယ်ပိုင်ရှင်ကတော့ သူ့ဆိုင်ကယ်ကို လိုသလိုသုံးဖို့ပြောသည်။ သူကလေးထံမှ လက်လွှဲယူပြီးကတည်းက သူကလေးဆိုင်ကယ်ကို ငှားဖို့မလိုတော့။ ဟိုတယ်မှာကြာတော့လည်း ဟိုတယ်ပိုင်ရှင်နှင့် ပို၍ ရင်းနှီးလာသည်။ ထို့ထက်မှာမူ သူကလေး၏ ကျေးဇူးရှင်ပွဲစားကြီး၏ တစ်ဦးတည်းသော သားဖြစ်၍ ပိုမိုရင်းနှီး ကျွမ်းဝင်မိလာသည်။

"အိမ်ရှင်က ဧည့်ဝတ်မကျေတော့ ဧည့်သည်က ဧည့်ခံကျွေးမွေးတာ မျက်နှာပူလိုက်တာ"

"ကိုကိုကြီး မစားမှာလည်း မဟုတ်ဘဲနဲ့၊ ညီမလေးကတော့ ဧည့်ဝတ်ကျေတယ်နော်၊ ထမင်းလည်း ကျွေးတယ်၊ မော်ဒယ်လည်း ထိုင်ပေးတယ်"

မောင်နှမနှစ်ယောက် အချို အချ ပြောနေချိန်မှာ ကျွန်တော်က စားကောင်း သောက်ဖွယ်လေးတွေ မီးနူးကိုကြည့်ကာ မှာနေသည်။ မြို့ကလေး၏ စားသောက်ဆိုင်ဆိုပေမဲ့ နိုင်ငံခြားသားတွေ ဝင်ထွက်စားသောက်တတ်တာဆိုတော့ စားဖွယ်သောက်ဖွယ်လေးတွေ စုံလင်လှသည်။ မြို့ကလေးကို ရောက်ကတည်းက စားသောက်နေကျဆိုတော့ စားကောင်းသောက်ဖွယ် ဟင်းအမျိုးအစားလေးတွေ သိနေသည်။ ဟင်းစပ်တည့်ရာ ဟင်းလျာများကို မှာကြားလိုက်သည်။

"ဆရာက ညီမလေးပုံတူ ပန်းချီကို ရေးနေတာလား"

"မဟုတ်ရပါဘူး၊ တောတွေတောင်တွေ ရှုခင်းမှာ တောသူမလေး တစ်ယောက်လိုအပ်နေလို့ ဆရာ ပန်းချီကား ရေးကောင်းအောင် ဝင်သရုပ်ဆောင်ပေးရတာပါ၊ လှတပတ မော်ဒယ်မဟုတ်ရပါဘူး"

"ညီမလေးပုံပါတဲ့ ပန်းချီကားလေး ကျွန်တော့်ကို ရောင်းပါလား ဆရာ"

"ပန်းချီကားကိုတောင် မမြင်ရသေးဘူး၊ ညီမလေး အပြောကောင်းတာနဲ့ ရောင်းစွဲတော့မယ်ထင်တယ်"

ထိုပန်းချီကားကို ရောင်းရမှာ နှမြောသလိုရှိသော်လည်း ရောင်းတော့ ရောင်းရမည်။

"ဒီလိုတော့ ဘယ်ရမလဲ၊ ညီမလေးဝယ်လာရီက တစ်ဆင့်ပဲ ကိုကိုကြီးဝယ်လို့ရမယ်၊ ညီမလေးက အဲဒီ ပန်းချီကားကို အပိုင်သိမ်းထားချင်တာ"

"ကိုကိုကြီးပဲ အပိုင်သိမ်းထားပေးပါရစေ၊ ဝယ်လာရီအတွက် ပန်းချီကားရဲ့ ကျသင့်ခိုင်နှုန်းကို ပေးပါ့မယ်"

"ဒီမောင်နှမ ဘယ်လိုဖြစ်နေတာလဲ၊ ပန်းချီဆရာက ရောင်းဈေးတောင် မသတ်မှတ်ရသေးဘူး၊ ရောင်းမယ် မရောင်းဘူးဆိုတာလည်း မဆုံးဖြတ်ရသေးဘူး"

"ရောင်းတော့ ရောင်းပါဆရာ တည်းခိုခန်းခတွေ ဆရာ မပေးရပါဘူး"

"ကျွန်တော့်ကို အားနာစရာကောင်းအောင် လုပ်နေပြန်ပါပြီ၊ ရောင်းဆိုလည်း ရောင်းပါ့မယ်ဗျာ၊ ဈေးနှုန်းကတော့ ကျွန်တော် မသတ်မှတ်တော့ပါဘူး၊ ပေးချင်သလောက်ပေးပါ"

"ဆရာ့လက်ရာ ဈေးနှုန်းသတ်မှတ်တာကတော့ ညီမလေးရဲ့ ကျွမ်းကျင်မှုပါ၊ ကိုကိုကြီးကို ရောင်းပါနော် ညီမလေး"

စားရင်းသောက်ရင်းမှာပင် ကျွန်တော့် ပန်းချီကားက ငါးသိန်းခွဲနှင့် ရောင်းစွဲသွားသည်။ အံ့ဩစရာကောင်းသည်မှာ ပန်းချီကားကို ကြည့်ရှုသုံးသပ် အကဲမဖြတ်ဘဲ မျက်နှာလွှဲခဲပစ် လုပ်သွားသည်။ ညီမလေး ရုပ်ပုံလွှာပါဝင်သည်ဆိုသည့် စကားတစ်ခွန်းသည် ဟိုတယ်ပိုင်ရှင်၏ ရင်တွင်းနှလုံးသားကို သိမ်းကျုံးဆွဲယူနိုင်သည်။

"ညီမလေးမပါဘဲ ဆရာ့ကို ညစာကျွေးပါရစေ"

"ကိုကိုကြီးနော် ညီမလေးမပါဘဲ ဘာကိစ္စ ညစာကျွေးချင်ရတာလဲ"

"ပိုပြီးစိုပြည်အောင်လို့ပါ။ ခုလည်း ဘီယာတစ်ခွက်စီလောက်တော့ သောက်ခွင့်ပြုပါ"

"ယောကျ်ားတွေများ အသောက်မပါရင် အစားမဝင်ဘူး၊ ဖြစ်နေလိုက်ကြတာ"

သူကလေးအတွက် အချိုရည်တစ်ခွက်နှင့် ကျွန်တော်တို့နှစ်ယောက် မှာကြားထားသော ဟင်းပွဲတွေ စောင့်ရင်း ဘီယာသောက်ကြသည်။ သူကလေးက ကျွန်တော်တို့နှစ်ယောက် ဘီယာသောက်ကြသည်ကို နှာခေါင်းရှုံ့၍ ကြည့်နေသည်။

(၆)

သူကလေးက အပြစ်ပြောစရာ မရှိအောင် လှနေသည်။ ပင်ကို အတိုင်း ရွှင်ချိုချိုအပြုံးကို နှုတ်ခမ်းလေးဖြင့် လွမ်းလောက်အောင် ပုံဖော်ထားသည်။ မျက်လုံးတောက်တောက်လေးကလည်း 'ချစ်ရည်ရွှန်းလဲ့ မျက်ဝန်းလဲ့ပြာပြာ' တေးသွားကို အမှတ်ရစေသည်။ မခို့တရို့လေး ထိုင်နေပုံကပင် မော်ဒယ်တွေလို တမင်တကာ ဟန်မလုပ်ဘဲ မိန်းမလှလေး၏ တကယ့်အလှကို ဖော်ပြနေသည်။

"မပြီးသေးဘူးလား၊ ညောင်းလှပြီ"

ချွဲ့နွဲ့တီတာ ပြောလာသည် အထိ ကျွန်တော်ကလည်း စုတ်ချက်တင်၍ မပြီးနိုင်။ အတွင်းစိတ်ရင်းကို ဖော်ပြသော မျက်နှာ၏အလှကို တမေ့တမော စုတ်ချက်ခြယ်သ၍ မပြီးနိုင်အောင် ဖြစ်နေမိသည်။ သူကလေး၏ ဟန်ပန်ကို သွားရင်လည်း ဒီစိတ်၊ စားရင်းလည်း ဒီစိတ် ဖြစ်နေ၍ ရှုခင်းပန်းချီ မရေးနိုင်ခဲ့။ ရှုခင်းပန်းချီမရေးနိုင်မည့် အတူတူ၊ ညစာစားပွဲတွင် သူကလေး၏ စကားတစ်ခွန်းက ကျွန်တော် ရေးရမည့် ပန်းချီရေးကွက်ကို ညွှန်းဖွဲ့သလို ဖြစ်သွားသည်။

"ညီမလေးကတော့ ဒည့်ဝတ်ကျေတယ်နော်။ ထမင်းလည်း ကျွေးတယ်။ မော်ဒယ်လည်း ထိုင်ပေးတယ်"

ထိုစကားနှင့်ပင် သူကလေးကို မော်ဒယ်အဖြစ် ယဉ်တစ်ကိုယ်မယ်၏ အလှကို ပန်းချီရေးဖို့ စိတ်ကူးရလာခြင်းဖြစ်သည်။

"ဖြစ်ပါ့မလား ဆရာရယ်။ ကျွန်မက မော်ဒယ် မထိုင်ဖူးဘူး။ ဟိုမြက်ခင်းပြင်ထဲ မှောက်ရက်သားလဲအိပ်ရတာလောက် လွယ်မယ် မထင်ဘူး"

"သိပ်မခက်ပါဘူး။ ညီမလေး နေမြဲတိုင်းနေပါ။ ညီမလေး ဘယ်လိုနေနေ ပန်းချီရေးဖို့ အဆင်ပြေနေတာပဲ"

"ဟုတ်ပါ့မလားဆရာရယ်၊ ကျွန်မရုပ်ပုံက လူရယ်ချင်စရာကြီးဖြစ်နေပါလိမ့်မယ်"

တကယ်တော့ သူကလေးက လူချစ်အောင် နေတတ်သည်။ ပြုံးဟန် နွဲ့ဟန်လေးတွေက သူကလေး၏ မူပိုင်အလှဖြစ်သည်။ နေပုံထိုင်ပုံလေး အနည်းငယ်ပြသလိုက်သည်နှင့် သူကလေးက နေတတ်ထိုင်တတ်သွားသည်။ ယဉ်ကျေးမှု တက္ကသိုလ်တက်စဉ်က အမြင်အတွေ့လည်း ရှိပုံရပါသည်။ သို့ရာတွင် သူကလေး၏ ပကတိရုပ်ပုံလွှာက ပြုစရာပြင်စရာမလိုလောက်အောင် ယဉ်တစ်ကိုယ်မယ် ပန်းချီကား၏ စံပြုအပ်သော စံပြမော်ဒယ်လေး ဖြစ်နေသည်။

Digital Camera တွင် မှတ်တမ်းတင်ပြီးသော်လည်း သူကလေး မော်ဒယ်ထိုင်၍ အမြင်အတိုင်း ပန်းချီရေးရတာ ပို၍အဆင်ပြေသည်။ ပန်းချီကို စိတ်တိုင်းကျ ရေးခြယ်နေရ၍ တစ်ရက်နှင့်လည်း မပြီး၊ နှစ်ရက်နှင့်လည်း မပြီး၊ ရက်သတ္တပတ်ကာလသည် ဘယ်လိုက ဘယ်လို ကုန်ဆုံးသွားသည် မသိ။

တကယ်ဆိုတော့ ရှုခင်းပန်းချီကို နှစ်ရက်သုံးရက်ကြာ ရေးဆွဲလျှင် စိတ်တိုင်းကျရသည်။ သူကလေး၏ အလှကိုတော့ ရက်သတ္တပတ်ကြာသည်အထိ ဆေးသားစုတ်ချက်တင်၍ မပြီးနိုင်အောင် ဖြစ်နေမိသည်။

"ကျွန်မကတော့ ဆေးသားစုတ်ချက်ခြယ်မှုန်းစရာလိုတော့ဘူး ထင်တာပဲ။ အပြင်ထက်လည်း အများကြီး ပိုလှနေတယ်"

"မဟုတ်ရပါဘူး။ ညီမလေးရဲ့ အလှက ဘယ်ပန်းချီရေးလို့ မမီအောင် ဖြစ်နေပါပြီ"

"ဟုတ်မှလည်း ပြောပါဆရာရယ်။ ဆရာပြန်သွားရင် ကျွန်မ တစ်သက်လုံး လွမ်းကျန်ရစ်အောင် ဖြစ်နေပါ့မယ်"

သူကလေး၏ အပြောတစ်ခွန်းကပင် ညွှန်းစချက်တွေ မနည်းမနောပါသည် ထင်မိသည်။ လွမ်းကျန်ရစ်မတဲ့လား သူကလေးရယ်။ ကျွန်တော်ခေါ် ရာကော လိုက်နိုင်မတဲ့လား။ အသက်အရွယ်ရလာ၍ ကိုယ့်ကိုယ်ကိုယ် အတော်ရင့်ကျက်လှပြီထင်နေမိသော ကျွန်တော်သည် သူကလေးနှင့်တွေ့မှ သူကလေး ပြုသမျှ နုရမည့်သူဖြစ်နေသည်။ ကိုယ့်အသက်အရွယ်ကြီးနှင့် ဖြစ်ပျက်နေပုံကို မယုံနိုင်လောက်စရာ တွေ့ရှိနေရသည်။ ကျွန်တော်တို့နှစ်ယောက်၏အကြည့်က နှလုံးသားစကားကို မပြောဘဲနှင့် ကြားယောင်နေသည်။ ပန်းချီရေးရင်းမှာပင် သူကလေး၏ မျက်နက်ဝန်းလေးက ကျွန်တော်၏ ပိတ်ထားသော နှလုံးသားတံခါးကိုပွင့်စေ၍ နှလုံးသားရပ်ဝန်းဒေသတစ်ခုလုံးကို ပြောင်းဆန်အောင် ပြုရက်နိုင်လွန်းသည်။

နောက်ဆုံးတော့ ယဉ်တစ်ကိုယ်မယ်ပန်းချီကားကို မပြီးချင်ဘဲ ပြီးလိုက်ရတော့သည်။ တကယ်လည်း ရေးဆွဲစရာ စုတ်ချက်တစ်ကွက်တလေမျှ ချရက်စရာမရှိတော့ပါ။ ထို့ထက်ပိုမို ရေးဆွဲခြယ်မှုန်းလျှင်လည်း သူကလေး၏ ပကတိအလှကို တုနှိုင်း၍ မရအောင် ဖြစ်နေမိသည်။

ပန်းချီကားကို ဂယ်လာရီမှာပင် မတင်ဖြစ်ပါ။ ဟိုတယ်ကိုလည်း ယူမသွားနိုင်။ ဟိုတယ်ပိုင်ရှင်၏ အကြည့်စူးစူးကိုလည်း အကြည့်မခံနိုင်ပါ။ သူတစ်ပါးတွေ မမြင်ကွယ်ရာမှာ တိတ်တခိုးလေး အမြတ်တနိုး ကြည့်မိသည်မှာ အခါခါ။ ဘယ်လောက်ကြည့်ကြည့် ရိုးသည်ဟူ၍ မရှိ။ ကြည့်ပြီးရင်း ကြည့်ချင်ရင်းဖြင့် ယဉ်တစ်ကိုယ်မယ် ဆီဆေးပန်းချီကားသည် ကျွန်တော်ရေးဆွဲသမျှ ပန်းချီကားထဲတွင် လက်ရာအမြောက်ဆုံးဟု ထင်နေမိသည်။

ထို့ထက်ပိုမိုကောင်းမွန်အောင် ကျွန်တော် သက်တမ်းရှိသရွေ့ ရေးဆွဲနေလျှင်လည်း အချိန်ကုန်ဆုံး ရုံပဲရှိမည်။ ယဉ်တစ်ကိုယ်မယ်ထက် ကောင်းသော ပန်းချီကားမျိုး ဖန်တီး နိုင်မည်မထင်။

"ဒီပန်းချီကား ကျွန်မကို ရောင်းပါလား။ တစ်သက်လုံး သိမ်း ထားချင်လို့ပါ"

"ညီမလေးရယ် ကိုယ့်ရုပ်ကို မြင်ချင်ရင် ဘယ်မှန်ထဲ ကြည့်ကြည့် မြင်နိုင်ပါတယ်။ ကျွန်တော့်အတွက် တော့ ဒီပန်းချီကားလေးကို အရိပ် တကြည့်ကြည့် နေရမှာပါ။ ဘယ် ဂယ်လာရီမှမတင်ဘဲ ဘယ်သူ့ကိုမှ ရောင်းဖို့ စိတ်ကူးမရှိပါဘူး"

"ကျွန်မလည်း ဆရာ့လို ဒီပန်းချီကားကို တန်ဖိုးထားပါတယ်။ ဆရာမြတ်နိုးတာထက် ပိုတယ်လို့ မပြောလိုပေမဲ့ ဆရာ့လိုပဲ မြတ်နိုး မိပါတယ်။ မှန်ထဲကြည့်တဲ့ ကျွန်မ ရုပ်ပုံထက် ဆရာ့ပန်းချီကားရဲ့ ဆွဲဆောင်မှုက ပြောမပြနိုင်လောက် အောင် ပိုနေတာပါ"

"ညီမလေး ဘယ်လောက်လှ တယ်ဆိုတာ ခုမှ သိရတာလား"

"မဟုတ်ပါဘူး။ ကျွန်မရဲ့အလှ က ဆရာ့လက်စွမ်းကြောင့်သာ ပိုပြီး ကြည့်ကောင်းလာတာပါ"

"ကျွန်တော့်လက်ရာ ဘယ် လောက်ကောင်းကောင်း ညီမလေး ရဲ့ ပကတိအလှကို ကြည့်ရတာ လောက် မကောင်းနိုင်ပါဘူး"

"ပိုလိုက်တာ"

"အများကြီး လိုနေပါသေး တယ်"

ပကတိအလှနှင့် ပန်းချီကား အလှ ပြိုင်ရင်းမှာပင် ယဉ်တစ်ကိုယ် မယ် သူကလေးသည် ကျွန်တော့် ရင်ခွင်ထဲ အပြီးအပိုင် ရောက်လာ ပါတော့သည်။

(၇)

ညစာစားပွဲစတင်ခါစက စကော့ဝီစကီ တစ်ခွက်၊ နှစ်ခွက် လောက် ကြည့်ကောင်းအောင် သောက်ပြီး အစားကောင်းကောင်း စားကာ ပွဲသိမ်းမည်ဟု ကြံစည်ထား သည်။ ဟိုတယ်ပိုင်ရှင်၏ သဒ္ဓါ ကြည်ဖြူမှုကို မငြင်းဆန်ရက်ဘဲ တစ်ခွက်ပြီးတစ်ခွက် သောက် လက်စ မဆုံးနိုင်အောင် ဖြစ်နေမိ ပါသည်။ အစားကောင်းကောင်း ဘယ်စားနိုင်တော့မှာလဲ။

ညစာစားပွဲ ဘယ်အချိန်ပြီး၍ ဟိုတယ်ကို ဘယ်လိုပြန်ရောက်သည် ကို မသိနိုင်လောက်အောင် မူးယစ် ရီဝေနေမိသည်။ ဟိုတယ်ပိုင်ရှင်၏ ဧည့်ခံပွဲတွင် ကျွန်တော်သည် ရုပ်ပျက်ဆင်းပျက် ဖြစ်၍နေမည်မှာ သေချာပါသည်။

အိပ်ရာထချိန်ထက် များစွာ နောက်ကျကာ နိုးလာသည်။ တစ်ခေါင်းလုံး နာကျင်ကိုက်ခဲသလို ရှိနေသည်။ ထိုစဉ် ဟိုတယ်ပိုင်ရှင်က ဖန်ခွက်တစ်လုံးဖြင့် ဝင်လာသည်။

"ဆရာ ခေါင်းထူနိုင်မှာ မဟုတ်ဘူး။ သံပရာရည်လေး



သောက်လိုက်ပါဦး"

ကျွန်တော့်ကို ဖေးဖေးမမထူ၍ သံပရာရည်တစ်ခွက်ကို ကိုယ်တိုင် တိုက်ပေးသည်။ သီးသီးနင်နင်နှင့် ဝင်သွားသည်။ ဘယ်သံပရာရည် ဟုတ်ရမှာလဲ။ ရေပင်ရောမည် မဟုတ်သော မနေ့ညနေက ဒုက္ခ ပေးခဲ့သည့် ဝီစကီ၊ ဟိုတယ်ပိုင်ရှင် လူလည်စား၏ စကားကို ယုံမိသည်။

အံ့ဩစရာကောင်းလိုက်တာ၊ အရက်တွေ များများစားစား မသောက်ဖူးပါ။ ယခုလို မခံစားနိုင် လောက်အောင် မူးမူးဝေဝေလည်း မဖြစ်ဖူးပါ။ မူးနောက်ရီဝေသူ အတွက် ဖြေဆေးသည် အရက် တစ်ခွက်ဖြစ်ကြောင်း ကြားပင်ကြား ဖူးသော်လည်း ယခုမှ ကြုံဖူးသည်။ မူးနောက်ရီဝေမှုများ ချက်ချင်း သောက် လက်ငင်းပျောက်သွား သည်။

"အေးဗျာ၊ ခုမှ နေသာထိုင်သာ ရှိသွားတော့တယ်"

တကယ်ပင် ယခုမှ ထူထူ ထောင်ထောင် ဖြစ်လာသည်။ ထနိုင်ထိုင်နိုင် သွားနိုင်လာနိုင် ဖြစ် လာသည်။ ကျွန်တော် ကိုယ်လက် သန့်စင် ရေမိုးချိုးပြီးသည်အထိ ဟိုတယ်ပိုင်ရှင်သည် ငူငူကြီးထိုင်နေ ဆဲဖြစ်သည်။

"ညက ကျွန်တော် ပေါက်ကွဲခဲ့ တာတွေကို တောင်းပန်ချင်လို့ စောင့်နေတာပါ"

"ဘာတွေ ပေါက်ကွဲခဲ့လို့လဲ၊ ကျွန်တော် ဘာတစ်ခုမှ မမှတ်မိ တော့ဘူး"

ဟိုတယ်ပိုင်ရှင် ဘာကိစ္စနှင့် ဘယ်လိုပေါက်ကွဲခဲ့သည်ဆိုခြင်းကို ဘာတစ်ခုမျှ မမှတ်မိပါ။ များများ သောက်၍ များများမူးကာ အရူး တစ်ယောက်လို ဖြစ်နေမိမည် ထင် ပါသည်။

"ဆရာ လူမှန်းသူမှန်းမသိ အောင် မူးနေတာလည်း ဖြစ်နိုင် တယ်။ လူမှန်းသူမှန်းမသိအောင် မူးဟန်ဆောင်နေတာလည်း ဖြစ်နိုင် တယ်"

"ဗျာ"

"တကယ်တော့ ဆရာ့အခန်း ထဲ ဟိုတယ်ပိုင်ရှင် အာဏာပါဝါသုံး ပြီး ခွင့်မတောင်းဘဲ အကြိမ်ကြိမ် ဝင်ရောက်လာတာကို ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။ ဆရာအနေနဲ့ လည်း ကျွန်တော့်ဘဝထဲ ခွင့် မတောင်းဘဲ ဝင်လာတာကို တောင်း ပန်ဖို့ လိုအပ်ပါလိမ့်မယ်"

"ဗျာ"

"ညီမလေးနဲ့ ကျွန်တော်က ငယ်ငယ်လေးကတည်းက တစ်အိမ် တည်းအတူနေပြီး ကြီးပြင်းလာကြ တာ၊ ကျွန်တော် တက္ကသိုလ်ကို တက်တယ်။ ကျွန်တော်ဘွဲ့ရလာ တော့ ညီမလေး တက္ကသိုလ်ကို တက်တယ်။ အဲဒီကာလလေးပဲ ကျွန်တော်တို့ ကြာကြာခွဲဖူးတာ ခုတော့ ကျွန်တော့်ဘဝထဲက အပြီး အပိုင် ခွဲထုတ်ဖို့ ဆရာမို့ ကြံစည် ရက်တယ်ဗျာ"

"ဗျာ"

"တကယ်တော့ ဆရာတို့က ပန်းချီဖန်တီးသူနဲ့ ခံစားသူ၊ ပန်းချီ ထုတ်လုပ်သူနဲ့ ဖြန့်ဝေသူ အပေး အယူက မျှပြီးသားပါ။ ကျွန်တော် ပန်းချီနဲ့ ပတ်သက်လို့ နကန်းတစ်လုံး မျှ မသိရသူပါ။ ကျွန်တော် နားမလည်တာက နောက်မှပေါက်တဲ့ ရွှေကြာပင်ကို အထင်ကြီးပြီး အချိန် တိုတိုအတွင်းမှာ ကျွန်တော် အမျှော် လင့်ကြီး မျှော်လင့်စောင့်စားခဲ့တဲ့ နှလုံးသားကိုမှ ဆရာ့ကို ရက်ရက် ရောရော ပေးရက်တယ်"

"ဗျာ"

"ကျွန်တော်က ညီမလေးကို လက်ဖျားနဲ့ ယောင်မှားပြီး မတို့ရက်၊ မထိရက်လောက်အောင် ချစ်နေရ သူပါ။ ညီမလေးကတော့ ကျွန်တော့် အချစ်ကို မမီပေမဲ့ တစ်အိမ်တည်း အတူနေ ငယ်ကျွမ်းဆွေမို့ သံယော ဇဉ်အထိုက်အလျောက် ရှိနေတယ် လို့ ထင်မြင်ထားတာ၊ အခုတော့ ခွက်ခွက်လန်အောင် မှားသွားပြီ"

"ဗျာ"

"ညီမလေးကို ဟိုးငယ်ငယ် လေး မူလတန်းကျောင်းသူ ဘဝ ကတည်းက သံယောဇဉ်ရှိခဲ့တာပါ။ တစ်ဦးတည်းသော သားအဖြစ် ဖူးဖူးမှုတ်ထားတဲ့ ကျွန်တော့်မိဘတွေ ကလည်း ခေါင်းတစ်ချက် မခွေ့ရပါ ဘူး။ ကျွန်တော့်ဆန္ဒကို တစ်လုံး တစ်ဝတည်း ဖြည့်ဆည်းပေးခဲ့ပါ တယ်။ ညီမလေးဟာ ကျွန်တော့်မိဘ

များအတွက် မွေးစားသမီး ကျွန်တော့်အတွက် မွေးစားညီမလေး အဖြစ် နောက်ပိုင်းမှာ ကျွန်တော့် ဘဝကြင်ဖော်အဖြစ် ရည်စူးပြီးသားပါ။ ဘွဲ့ကိုယ်စီရ အလုပ်ကိုယ်စီ လုပ်လို့ အချိန်တန်အရွယ်ရောက်ခါမှ ညီမလေးကလေ ကျွန်တော့်ကို အစ်ကိုကြီးလိုပဲ ချစ်ပါရစေတဲ့။ ကျွန်တော့်မှန်းချက်နဲ့နှမ်းထွက် ဘယ်လောက်များ မကိုက်ညီလိုက်ပါသလဲ။ ညီမလေးဟာ လွယ်လွယ်နဲ့ မချစ်တတ်သူလို့ ထင်ထားခဲ့တယ်။ ခုတော့ ညီမလေး လွယ်လွယ်နဲ့ ချစ်တတ်သွားပြီ"

"ဗျာ"

ကျွန်တော်သည် သူ ပြောသမျှ 'ဗျာ' တစ်လုံးသာ ခွန်းတုံ့ပြန်ဖို့ တတ်နိုင်ခဲ့သည်။ မူးရူးတုန်းက နားမယောင်ခဲ့ နားမထောင်ခဲ့သမျှကို အတိုးချပြီး ပြန်လည်ဖောက်သည်ချရက်သည်။ ဟိုတယ်ပိုင်ရှင် ထွက်သွားသည်အထိ ကျွန်တော် ငေးရီ၍ ကျန်ရစ်ခဲ့သည်။ ဝေဒနာတွေ တစ်ပွေ့တစ်ပိုက်ကြီး ပေးရက်လိုက်တာ၊ သူ့ဝေဒနာတွေ အကုန်လုံး ကျွန်တော့်ရင်ထဲ အိတ်သွန်ဖာမှောက် သွန်ချလိုက်သည်။

ခုတော့ ကျွန်တော် ဘာလုပ်ရမှာတဲ့လဲ။ အချစ်နှောင်ကြိုး ပြန်လည်ရုတ်သိမ်းဖို့ ဘယ်လိုနည်းနှင့်မျှ မဖြစ်နိုင်။ ကျွန်တော့်တစ်သက်မှာ တစ်ခါသာ ပေါ်ပေါက်သည့် မေတ္တာအဆောက်အအုံကို လွယ်လွယ်နှင့် ဘယ်လိုဖောက်ခွဲပစ်နိုင်မှာတဲ့လဲ။

ယခုမှ ကျွန်တော် အမှန်တကယ် မူးဝေလာမိသည်။ အမူးပြေအောင် ဟိုတယ်ပိုင်ရှင်ကပဲ တတ်နိုင်သည်။ အမူးထွေပြားအောင် ဟိုတယ်ပိုင်ရှင်ကပဲ ပြုရက်နိုင်အားသည်။ ကျွန်တော် ဘာလုပ်ရမှာတဲ့လဲ။ ယခုမှ ကျွန်တော်ကကော ဘာများတတ်နိုင်ပါဦးမည်နည်း။

(၈)

ယခင်က ရောက်ဖူးခဲ့သည့် ရွာ၊ ယခု ပြန်ရောက်တော့လည်း မပြောင်းမလဲ တည်ရှိနေပါသည်။ သံယောဇဉ်ရုပ်ဝန်းက အခိုက်အတံ့ ထွက်ပြေးဖို့ ကြံစည်ခဲ့သည်။ မွန်းကျပ်ပိတ်လှောင်သည့် ဝေဒနာရုပ်ဝန်းက အခိုက်အတန့်တိမ်းရှောင်ဖို့ ကြံစည်ခဲ့သည်။ ပန်းချီပစ္စည်းတွေယူပြီး ဟိုတယ်ပိုင်ရှင် ဆိုင်ကယ်ကို ငှားရမ်းထွက်ခွာလာစဉ်က ဘယ်ကို သွားရမည်မသိ။ ဦးတည်ရာမဲ့ သွားလာရင်း စိတ်မှတ်မဲ့စွာ ညီမလေးတို့ ရွာကိုမှ တန်းတန်းမတ်မတ် ရောက်လာသည်။

"ဟိုတစ်ခါ လာတည်းဖူးတဲ့ ပန်းချီဆရာလား၊ သမီးတော့ မရှိဘူး။ သမီးမရှိပေမဲ့ ကြိုက်သလို တည်းခိုနိုင်ပါတယ်"

ညီမလေး၏ အမေက ကျွန်တော့်ကို လှိုက်လှဲပျူငှာစွာ ခရီးဦးကြိုဆိုနေပါသည်။ သမီးကို ကြောက်လို့ ယောက္ခမလောင်းအိမ်ကို ဦးတိုက်လာသည့် သမက်လောင်း၏ ဖြစ်အင်ကလည်း ရယ်ဖို့ပင် ကောင်းသေးတော့။ ပြေးစရာမြေ မရှိလေရော့သလား။

သူကလေး၏ မိခင် ကျွေးမွေးပြုစုတာတွေ လက်ခံစားသောက်ပြီး မန်ကျည်းပင်ရိပ်တွင် ပန်းချီရေးဖို့ ပြင်သည်။ အမြင်ကို မရေး၊ အတွေးကို ရေးမည်ဟု ကြံစည်ထားသည်။

ပန်းချီစုတ်က ကင်းဗတ်ပေါ်တွင် အမှတ်မထင် ပြေးလွှားနေသည်။ အချိန်အတော်ကြာတော့ ပုံပေါ်လာသည်။ သူကလေး ရုပ်ပုံလွှာက မကြည့်ဘဲမြင်နေသည်။ သူကလေးမော်ဒယ်ထိုင်စဉ်က ဆင်းသွင်ရုပ်ဝါသည် ယခု ကျွန်တော် ရေးသည့် ပန်းချီကားတွင်လည်း ပုံရိပ်ထင်လာသည်။ မိတ္တူကူးထားသလို တစ်ထေရာတည်းမဟုတ်ပေမဲ့ သူကလေးအလှက ပေါ်လွင်နေသည်။

ထမင်းစားဖို့ ခေါ်လွှန်းမက ခေါ်လို့သာ ထမင်းပွဲတွင် ဝင်ထိုင်လိုက်သည်။ ဘာဟင်းတွေ ချက်ကျွေးသည်ကို မမှတ်မိ။ ဘယ်လိုစားသောက်လိုက်သည်ကိုပင် သတိမထား၊ အာဟာရမသိ၊ အရသာ မရှိလိုက်သည့် ထမင်းပွဲ။ ထမင်းစားပြီး မန်ကျည်းပင်ရိပ်က သူကလေးနှင့်သာ မျက်နှာချင်းဆိုင်ကာ စုတ်ချက်တွေ တင်နေမိသည်။ Digital Camera ထဲတွင် သူကလေး၏ ရုပ်ပုံလွှာတွေ ပါဝင်မှန်းသိသိကြီးနှင့် တစ်ချက်ကလေးမျှ မကြည့်။ မျက်စိထဲတွင် မကြည့်ဘဲ မြင်နေသည့် ရုပ်ပုံလွှာကိုသာ စိတ်မှတစ်ဆင့် ကူးယူဖော်ပြနေသည်။

ယခင် ယဉ်တစ်ကိုယ်မယ် ပန်းချီကားကို ရက်သတ္တပတ်ကြာမျှ ဖန်တီးယူခဲ့သည်။ ယခု ပန်းချီကားကိုမူ တစ်ရက်ပင် မကြာဘဲ ပြီးသွားသည်။ ဘယ်လောက် အံ့သြဖို့ကောင်းလိုက်ပါသလဲ။ သူကလေး မော်ဒယ်ထိုင်၍ ရေးသည့်ပန်းချီကားသည် လက်ရာအမြောက်ဆုံးဟု ထင်ခဲ့သည်။ အချိန်လည်း ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ယူခဲ့သည်။ စိတ်တိုင်းကျ ရေးဆွဲခဲ့သည်။ ယခုတစ်ထိုင်တည်း ရေးဆွဲတော့လည်း သူကလေး၏ အလှသည် အရာမယွင်းဘဲ ပုံပေါ်နေသည်။

မကြည့်ဘဲ မြင်နေသော နှလုံးသားသည် သူကလေး၏ ပုံရိပ်ကို ကင်းဘတ်ပေါ်တွင် ဖမ်းယူသိမ်းသွင်းနိုင်ခဲ့သည်။ သူကလေးနှင့် တွေ့ဆုံကြုံကြိုက်သည့် နေရာဟောင်း၏ လှုံ့ဆော်ပံ့ပိုးမှုလည်း ပါမည်ထင်သည်။ သူကလေး မွေးဖွားကျင်လည်ခဲ့သည့် ပတ်ဝန်းကျင်ကလည်း သူကလေး၏ အငွေ့အသက်ကို မက်မက်စက်စက် ခံစားရရှိစေသည်။

သံယောဇဉ်ပုံရိပ်သည် ကျွန်တော် ပိုင်ဆိုင်သမျှ အနုပညာအားလုံးကို သိမ်းကျုံးခိုးယူသွားလေပြီ။

(၉)

"ဆရာကတော့ ကျွန်မရုပ်ပုံကို ရေးရင်း ဖြေဆည်နိုင်ပေမဲ့ ကျွန်မက ဆရာမရှိဘဲ မနေတတ်တော့ဘူး ဆရာ"

သူကလေး၏ ပုံရိပ်ကို အပြီးသတ်စုတ်ချက်တင်ပြီး မျက်စိကို ဘယ်လောက်ကြာအောင် မှိတ်ထားမိသည်မသိ။ သူကလေး၏ စကားသံကြောင့် မျက်စိကို အလန့်တကြား ဖွင့်လိုက်မိသည်။

သူကလေး၏ ပန်းချီရုပ်ပုံလွှာသည် သက်ဝင်လှုပ်ရှားလာသည်ဟု ထင်မိသည်။ သူကလေးမှသူကလေး အစစ်ပါလား။ ဝမ်းသာလိုက်တာ။ သူကလေးနှင့် ဝေးရတော့မည်ထင်၍ သူကလေးရုပ်ပုံလွှာကို အစားထိုးဖြေသိမ့်နေခဲ့သည်။

"ကိုကိုကြီး စားသောက်ဆိုင်မှာ ပေါက်ကွဲလို့ မြို့ကလေးမှာ ဆရာနဲ့ ကျွန်မသတင်းက ပွက်ပွက်ဆူအောင် ပြန့်ပွားနေပြီဆရာ၊ ကျွန်မ ဘဝထဲက ဆရာခွဲထွက်သွားပြီထင်ပြီး ငိုလိုက်ရတာ၊ ဆရာပန်းချီရေးဆွဲတဲ့ နေရာတွေအနှံ့ ရောက်ပြီးခဲ့ပြီ။ နောက်ဆုံး ဆရာဘယ်မှာ ရှိတယ်ဆိုတာ လမ်းညွှန်ပေးသူက ဘယ်သူလို့ ထင်သလဲဆရာ"

ကျွန်တော်သည် တအံ့တသြ ငေးမော၍သာ နေမိသည်။

"ဘယ်သူရှိရမှာလဲ။ ကျွန်မ မနေနိုင် မထိုင်နိုင်တာ မကြည့်ရက်တဲ့ ကိုကိုကြီးပေါ့။ ကျွန်မ ရွာကို သွားမယ်လို့ ကျွန်မ လုံးဝ ထင်မထားမိဘူး။ ကိုကိုကြီးက ဘယ်လိုက ဘယ်လို အတိအကျ လမ်းညွှန်လိုက်နိုင်သလဲ မသိဘူးနော်"

သူကလေး၏ ခံစားချက်ကို မကြည့်ရက်နိုင်ဘူးတဲ့လား။ ကျွန်တော့် ခံစားချက်ကိုလည်း ဟိုတယ်ပိုင်ရှင် သိပုံပေါ်ပါသည်။ သူ၏ဆိုင်ကယ်ဖြင့် အဝေးဆုံးသွားနိုင်သည့် နေရာသည် သူကလေးနှင့် ဆုံမှတ်ဖြစ်နိုင်သည့် သူကလေးတို့ ရွာဆိုတာကို တိကျမှန်ကန်စွာ ဟောကိန်းထုတ်နိုင်ခဲ့သည်။

"ဆရာက ကျွန်မ မော်ဒယ်ထိုင်တာကို တစိမ့်စိမ့်ကြည့်ပြီး ရက်သတ္တပတ်လောက် ရေးခဲ့တဲ့ ပန်းချီကားလို ခုတော့ တစ်ထိုင်တည်းရေးတော့လည်း အဆင်ပြေနေပါရောလား"

"ညီမလေးရဲ့ ရုပ်ပုံလွှာက ကျွန်တော့်ရင်ထဲက နှလုံးသားဂိုဒေါင်မှာ အပြည့်အလျှံသိုလှောင်ထားပြီးပြီလေ။ ဘယ်အချိန်ရေးရေး ညီမလေးရဲ့ အလှကို တစ်ရွေးသားမျှ မလွဲနိုင်အောင် ရေးနိုင်နေပြီလေ"

ကျွန်တော့်ရင်ခွင်ထဲ ခိုဝင်လာသော သူကလေးကို လွတ်ထွက်မသွားစေရန် ထွေးပိုက်ထားမိသည်။ ကျွန်တော်တို့နှစ်ယောက် ဖြစ်ပျက်နေပုံကို ကျွန်တော်ရေးသည့် ပန်းချီကားထဲက သူကလေးသည် လှောင်သလိုပြုံး၍ ကြည့်နေသည်။

**ငြိမ့်သဲ**



ရည်ညွှန်း ၊ ဖွဲ့သီချစ်သူဆီ

# အမှတ်တရ

# ညတာရာလင်း ကြားဝယ်

၁။

လူတိုင်းနီးပါးတွင် အမှတ်တရ တစ်ခုလောက်စီတော့ အနည်းဆုံး ရှိကြမည်ဟု ထင်ပါသည်။ ထိုအမှတ်တရအဖြစ်လေးသည် ပြန်တွေးမိသည့် အချိန်တိုင်းတွင် လတ်ဆတ်အသက်ဝင်နေတတ်ခဲ့လေသည်။ ထို့ကြောင့်ပင်လျှင် သူမသည် ထိုစာလေးတစ်စောင်အား နှစ်ပရိစ္ဆေဒများစွာ ကြာမြင့်သည့်တိုင်အောင် သိမ်းဆည်းထားခဲ့မိပါသည်။

၂။


သို့

မြင်ခွင့်မရသည်မှာ ကြာမြင့်နေပြီဖြစ်သော လက်ရေးရှည်မျောမျောလေးအား သူမ လွမ်းဆွတ်စွာပင် ငေးကြည့်နေမိသည်မှာ အချိန်အကြာကြီးပင်။

အပြာနုရောင် စာရွက်လေးတွင် သင်းပျံ့ပျံ့မွှေးမြနေသော ရနံ့သည် သူမအတွက် ရင်းနှီးနေကျ ရနံ့လေးသာ ဖြစ်လေသည်။ တယုတယကိုင်ထားသည့် စာရွက်လေးအား သူမ ဖွဖွညင်သာနမ်းရှိုက်မိသည်။ ရေမွှေးရနံ့သဲ့သဲ့သည် သူမအား အတိတ်လွင်ပြင်ဆီသို့ ခရီးထွက်ရန် ဖိတ်ခေါ်နေသည်ဟုပင် သူမ ထင်မိသည်။ သက်ပြင်းတစ်ချက်အား ညင်သာစွာချမိရင်း စာကို ဆက်ဖတ်မိသည်။

*"မင်း နေကောင်းမယ်လို့ ကိုယ်မျှော်လင့်ပါတယ် . . . ကိုယ် အဆင်ပြေပြေပဲ ပညာသင်နေပါတယ်။ အဆင်မပြေတာ တစ်ခုမှ မရှိပါဘူး"*

အဖွဲ့အနွဲ့တစ်ခုတလေမှ မပါဝင်သော စာကြောင်းလေးများကို ဖတ်ရင်း သူမ ပြုံးမိသည်။ လူတစ်ယောက်ရဲ့ အကျင့်ဆိုတာ ရေမြေဒေသကွဲပြားသွားရုံနှင့်တော့ လွယ်လွယ်လေး ပြောင်းလဲသွားနိုင်ပါ့မလားလေ။ ဘယ်တုန်းကမှ



စကားကို ဖွဲ့ဖွဲ့နွဲ့နွဲ့ မပြောတတ်ခဲ့သော လူတစ်ယောက်အကြောင်းကို ပြန်တွေးမိရင်း သူမ တိတ်တဆိတ်ပင် လွမ်းမိသွားခဲ့သည်။

စကားပြောပြီဆိုလျှင် တိုတိုပြတ်ပြတ်၊ အလုပ်လုပ်လျှင်လည်း ဘယ်တော့မှ တွေဝေတတ်ခြင်း မရှိစွာဖြင့် ပြတ်ပြတ်သားသား။ ဆုံးဖြတ်ပြီးပြီဆိုလျှင်လည်း နောက်ပြန်လှည့်မကြည့်တတ်တော့သည့်သူ။ တစ်ခုခုကို ဆုံးဖြတ်တော့မည်ဆိုလျှင်လည်း စိတ်ခံစားချက်ထက် လက်ရှိ အခြေအနေကိုသာ ဦးစားပေးတတ်လေသူ။



❝

တကယ်တော့ . . . ဘဝလမ်းတစ်ခုကို လျှောက်တဲ့အခါ နံဘေးမှာပါနေတဲ့ အဖော်ဟာ ကိုယ့်နောက်လိုက် ဖြစ်နေမယ့်အစား ရဲဘော်ရဲဘက် ဖြစ်နေတာက ပိုကောင်းတယ် မဟုတ်လား။ အခု ဒီစာကို ရေးနေတဲ့ အချိန်မှာ အဲဒီအတွေးဟာအမှန်ဆုံး ပဲလို့ ကိုယ်တွေးမိနေတယ် အလင်း

ထိုသို့သော သူသည် သူမက လွမ်းနေသလို သူမအား လွမ်းနေလိမ့်မည်ဟု သူမ တပ်အပ်မပြောရဲသည်မှာ အမှန်။ သို့သော် . . . တစ်ခါတလေလေးမှာတော့ သူမအား သတိရပေးလိမ့်မည်ဟု သူမ ယုံကြည်ချင်ပါသည်။ ယုံလည်း ယုံပါသည်။ သတိရ၍သာလျှင် သူမဆီစာရေးလာသည် မဟုတ်ပါလား။

*“ညနေဘက်မှာကော ဆည်းဆာချိန်ကို ကြည့်နေတုန်းပဲ မဟုတ်လား”*

သတိတရ ထည့်ရေးထားသော စာကြောင်းလေးသည် သူမအား အတိတ်ကိုပို၍ပင် လွမ်းဆွတ်စေသလိုလိုပင်။ ဆည်းဆာချိန်ကို ကြည့်နေတုန်းပဲလားတဲ့။

သူမချစ်သော အရာများထဲတွင် ဆည်းဆာချိန်သည် ထိပ်ဆုံးတွင် ပါဝင်လေသည်။ နေလုံးကြီးက တောင်တန်းများကြား ဝင်ရောက်ပျောက်ကွယ်တော့မည့် အချိန်လေးကို ခဏလောက်ပဲဖြစ်ဖြစ် ကြည့်ခွင့်မရလျှင် ထိုတစ်နေ့တာသည် သူမအတွက် ဟာတာတာ။

ထို့ကြောင့်ပင်လျှင် တစ်ခုသော ထိုဆည်းဆာအချိန်လေးတွင် သူနှင့်ဆုံစည်းခဲ့ရခြင်းသာ ဖြစ်လေသည်။ ထို့အတွက် သူမက ဘုရားသခင်ကို ကျေးဇူးတင်ရပါသည်။ နေဝင်ချိန်၊ နေထွက်ချိန်လေးအား ဖန်ဆင်းပေးတော်မူခဲ့သည့်အတွက် . . .။

*“ဆည်းဆာချိန်ကို ကြည့်ရင်းနဲ့ မှောင်မသွားစေနဲ့ဦးနော် . . .။ မမှောင်ခင် အိမ်ရောက်အောင် ပြန် . . .။*

အမိန့်ပေးထားသည့် စာလုံးလေးများကို စိုးရိမ်ပူပန်မှု အရိပ်များအား တွေ့ခွင့်ရသည့်အတွက် သူမ ပျော်ပါသည်။ သူမအတွက် မိုင်ပေါင်းများစွာ ဝေးကွာနေသည့် နေရာတစ်ခုမှ တစ်ယောက်သောသူက ပူပန်ပေးနေသည်ဟု တွေးလိုက်ရုံလေးနှင့်ပင် ရင်ဘတ်တစ်ခုလုံး နွေးထွေးသော ခံစားမှုသည် အဓိပ္ပာယ်ဖွင့်ဆိုပြရန် ခက်ခဲလွန်းလှပါသည်။

တစ်ခါတလေတွင် တောင်တန်းများကြား ပျောက်ကွယ်သွားသည့် နေမင်းကြီးအား ငေးနေရင်းက သူမ၏ အိမ်ပြန်ချိန်သည် နောက်ကျတတ်လေသည်။ ဆည်းဆာချိန်ကို သူမ ငေးကြည့်နေကျနေရာသည် သူမအိမ်နှင့် အနည်းငယ်မျှ အလှမ်းဝေးသော မြစ်ချောင်းလေးနံဘေးမှာ ဖြစ်သည့်အတွက် ထိုနေရာသည် မှောင်လာပြီဆိုလျှင် လူပြတ်တတ်လေသည်။

အရင်တုန်းကဆိုလျှင် အမြဲတမ်းမဟုတ်တောင်မှ ဆည်းဆာချိန်ရောက်တိုင်း သူမဘေးတွင် ရှိနေပေးတတ်သူ ရှိသေးသည်။ အခုချိန်မှာတော့ အမြဲတမ်း သူမတစ်ယောက်တည်း။ ထို့အတွက် . . . သူမအတွက် ဆည်းဆာချိန်သည် သူ . . . မရှိတော့သော အချိန်မှစ၍ တစ်မျိုးလေး လွမ်းစရာလည်း ကောင်းခဲ့ပါသည်။

*“ညနက်တဲ့ထိ စာတွေရေးမနေနဲ့ဦးနော်၊ စာရေးဆရာမ မဖြစ်ခင် ပါဝါမျက်မှန်အထူကြီး တပ်နေရလိမ့်မယ်”*

သူမ ပြုံးလိုက်မိသည်။ စာရေးခြင်းဟူသည့် သူမ ဝါသနာအား အမြဲတမ်းကဲ့ရဲ့ရှုတ်ချတတ်သော သူသည် အခုထိလည်း ထိုအတိုင်းပင် ရှိနေဆဲ ဖြစ်ပုံရသည်။ စိတ်ကူးယဉ်ဆန်လွန်းသော အလုပ်ဟု ဝေဖန်နေကျ စကားလေးများသည် အခုချိန်မှာတော့ လွမ်းဆွတ်စရာ ဖြစ်နေခဲ့ပါသည်။

လက်တွေ့ဆန်ဆန်သာ ဆုံးဖြတ်တတ်သည့် သူ့အတွက် သူမသည် စိတ်ကူးယဉ် ဆန်လွန်းသူ ဖြစ်နိုင်ပါသည်။ သူ့အတွက် အနုပညာဟူသော စကားလုံးသည် စိတ်မဝင်စားဆုံးအရာဖြစ်သည့်တိုင်အောင် သူမအတွက်တော့ ထိုစကားလုံးလေးသည် ဘဝအစိတ်အပိုင်းတစ်ခုသာ ဖြစ်ခဲ့ပါသည်။

ထိုသို့ပြောမိသည့်အချိန်တိုင်း အပြုံးသဲ့သဲ့ဖြင့် သူ ဝေဖန်တတ်သည်မှာ အရှုံးမဟုတ်ပင်။ သို့သော် . . . သူ စိတ်မဝင်စားသည့် အနုပညာအား သူမအတွက်တော့ သူ စိတ်ဝင်စားပေးတတ်ပါသည်။ ဥပမာအားဖြင့် သူမ ကြိုက်တတ်သော မဂ္ဂဇင်းများအား သတိတရ ဝယ်လာပေးတတ်တာမျိုး၊ သူမ စာရေးရာတွင် အသုံးပြုသော စာရွက်၊ ဘောပင်များအား အမြဲတမ်း ဝယ်လာပေးတတ်တာမျိုး။

ထိုအရာများသည်လည်း အခုချိန်တွင် သူမအတွက် လွမ်းဆွတ်စရာများ ဖြစ်နေခဲ့လေသည်။ သူနှင့် ပတ်သက်ပြီး သူမဆီတွင် အလွမ်းများသည် များပြားလွန်းသည်မှာ အမှန်။ ထိုအကြောင်းများကို သူသိလျှင် ဘာပြောလေမလဲ။ အပြုံးသဲ့သဲ့ဖြင့် အရှုံးမဟုမျှား သမုတ်လေမလား။

*“မိဘတွေနဲ့ အဆင်ပြေအောင်နေရမယ်နော်။ မိဘစကားနားထောင်။ ကိုယ့်စိတ်ကြိုက်တွေပဲ လျှောက်လုပ်မနေနဲ့ဦး”*

သူမ မျက်မှောင်တစ်ချက် ကုတ်လိုက်မိသည်။ အခုချိန်ထိ သူမအား လွမ်းဆွတ်ကြောင်း တစ်ကြောင်းတလေမှ မပါဝင်သေးသော စာသည် နည်းနည်းတော့ စိတ်တိုစရာ ကောင်းနေလေပြီ။ သူမကို တကယ်ပဲ နည်းနည်းလေးတောင်မှ မလွမ်းဘူးလား။

မိဘတွေနဲ့ အဆင်ပြေအောင် နေရမယ်တဲ့။ သူနှင့်သူမ စတင်တွေ့ခဲ့ကြသည့် တစ်ခုသောညနေခင်း ဆည်းဆာအချိန်လေးတွင် သူမသည် အိမ်နှင့်စိတ်ဆိုးကာ

မြစ်ချောင်းလေးဘေးတွင် အတော်လေးမှောင်သည်အထိ မပြန်သေးဘဲ တစ်ယောက်တည်း ထိုင်နေခဲ့လေသည်။

၃။

ထိုနေ့က ဆည်းဆာချိန်သည် သူမအတွက် သိပ်ပြီးမလှပခဲ့သည်မှာ အမှန်ပင်။ တကယ်တော့ ဆည်းဆာချိန်သည် ပုံမှန်အတိုင်းသာ ဖြစ်သည်။ ပြောင်းလဲနေသော သူမ၏ စိတ်သည်သာလျှင် နွမ်းညစ်နေခဲ့ခြင်းဖြစ်သည်။

အမှောင်စတင် ဝင်ရောက်လာပြီဟု အသိစိတ်က သတိပေးနေသည့်တိုင်အောင် သူမ ထိုင်နေရာမှ မထဖြစ်ဘဲ ပေတေကာ ဆက်ထိုင်နေခဲ့သည့် ထိုညနေတွင် သူသည် တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုမြစ်ချောင်းလေးအနီး ရောက်လာခဲ့ခြင်းဖြစ်သည်။

“ဘာကူညီပေးရမလဲ”

နေရာတွင် မလှုပ်မယှက်ထိုင်နေသည့် သူမအား အကူအညီတစ်ခုခု လိုအပ်နေသည်ဟု ထင်သွားခဲ့သည် ထင်ပါသည်။ သူမအနီး ရောက်လာကာ မေးလာခဲ့သည်။

ထိုအချိန်ခဏလေးမှာပင . .။ တိတိကျကျပြောရလျှင် သူ့မျက်ဝန်းများနှင့် ဆုံစည်းလိုက်ရသော ထိုခဏတာအချိန်လေးမှာပင် သူ့ကို သူမ ချစ်မိသွားခဲ့ပါသည်။

နောက်ပိုင်းတွင် သူကလည်း ဝန်ခံသည်။ ထိုအချိန်လေးမှာပဲ သူလည်း ချစ်မိသွားခဲ့ပါသည်တဲ့။

*“ဘဝဆိုတာ ဆန်းကြယ်တယ်ဆိုတာ အခုတော့ ကိုယ်လက်ခံရတော့မယ်ထင်တယ်။ မင်းပြောဖူးသလိုပေါ့။ အချိန်ဇယားအတိုင်းကွက်တိဖြစ်ချင်မှ ဖြစ်မယ်ဆိုတာလေ။ အဲဒါကို ကိုယ် အခုလက်ခံ ရတော့မယ်”*

တစ်မျိုးတော့ တစ်မျိုးလေးပဲဟု တွေးလိုက်မိသည်။ စာက အရေးအသား ပြောင်းသွားသည်။ သမားရိုးကျကနေ လေးလေးနက်နက် ဖြစ်သွားသလိုပင်။

အချိန်ဇယား . . ။ သူသည် ဘယ်အလုပ်ကိုမဆို အချိန်ဇယားနှင့်သာ အလုပ်လုပ်တတ်သူ ဖြစ်ပါသည်။ ဒီနေ့မှာ သူမနှင့် တစ်နာရီစကားထိုင်ပြောမည်ဆိုလျှင် တစ်နာရီပြည့်သည်နှင့် ဘယ်လိုခေါင်းစဉ်မျိုးကိုပင် ရောက်နေပါစေ။ ချက်ချင်းထပြန်တတ်သည့်သူ ဖြစ်ခဲ့လေသည်။

သူ့အချိန်ဇယားတွင် သူမနှင့်တွေ့ရန် အချိန်မရှိသောနေ့ဆိုလျှင် လမ်းမှာ မျက်နှာချင်းဆိုင် တွေ့နေရက်နှင့်ပင် ပြုံးရုံလေး ပြုံးပြကာ ထွက်သွားတတ်သူ ဖြစ်သည်။ ထို့အတွက် သူမစိတ်ဆိုးလျှင်လည်း သူ ဘယ်တော့မှ မချော့တတ်ချေ။ သူ့အချိန်ဇယားအတိုင်းသာ နေ့ရက်များကို ဖြတ်သန်းသူ။

ထိုသို့ တိကျတတ်သလိုပင် ရည်ရွယ်ချက်လည်း ကြီးမားသူ ဖြစ်လေသည်။ ကျောင်းပြီးကတည်းက ကွန်ပျူတာဘွဲ့လွန် ဆက်တက်ရန် နိုင်ငံခြားထွက်ဖို့ ပြင်ဆင်နေခြင်းကို ဘယ်လိုအကြောင်းမျိုးနှင့်မှ အတိမ်းစောင်းမခံဘဲ ရအောင် ထွက်သွားခဲ့လေသည်။ သူမ ငိုပြီးတားခဲ့သည့်တိုင်အောင် ဖြေသိမ့်စကားတစ်ခွန်းမှ မဆိုခဲ့ပါဘဲနှင့် သူမကိုသာ ဟိုကိုလိုက်လာပြီး ကျောင်းတက်ရန် ခေါ်ခဲ့သည်။

အကယ်၍များ သူမကသာ သူမနှင့် ထိုဘွဲ့လွန်ကို ရွေးပါဟု ဆိုခဲ့မည်ဆိုလျှင် သူမကိုသာ ထားခဲ့မည်ထင်ပါရဲ့ဟု သူမ နာနာကျင်ကျင် တွေးခဲ့ဖူးပါသည်။

*“သူ့နာမည်က တော်ဝင်သဇင်တဲ့။ ကိုယ်နဲ့ အတန်းဖော်ဆိုပါတော့။ တကယ်တော့ ကိုယ်တို့ လေယာဉ်ပေါ်မှာကတည်းက ဆုံခဲ့ကြတာပါ။ ဟိုကိုရောက်တော့လည်း အခန်းချင်းကပ်ရက် အတန်းကလည်း အတူတူဆိုတော့ ကိုယ်တို့ ခင်သွားကြတယ်။ နောက်ပြီးတော့ သူနဲ့ကိုယ် စိတ်သဘောထားချင်း တော်တော်တိုက်ဆိုင်တယ်။ အဲဒါကြောင့်ပဲ ထင်တယ်။ ကိုယ် သူ့ကို အလေးအနက်ထားခဲ့တာ အမှန်ပါပဲ”*

ဘုရားရေ ဒါက ဘယ်လို အသုံးအနှုန်းမျိုးပါလိမ့်။ အလေးအနက်ဆိုပါလား။ သူမစိတ်ထဲ တကယ်ကို လေးလေးလံလံ ဖြစ်သွားရသည်မှာ ချက်ချင်းကြီးပင်။

တော်ဝင်သဇင်။ ထိုနာမည်သည် သူမအားလှောင်ပြောင်နေသလိုပင်။ သူမအား လွမ်းဆွတ်ကြောင်းတစ်ကြောင်းတလေမှ မပါဝင်သည့်စာတွင် ထိုနာမည်က အလေးအနက်ဟူသော အသုံးအနှုန်းနှင့်အတူ ဘာကြောင့် ပါလာရတာပါလိမ့်။

သူမ ချက်ချင်းပင် စာကို ဆက်ဖတ်မိသည်။

*“မင်းနဲ့ ကိုယ်က ချစ်သူတွေပေမယ့် ဘယ်တော့မှ စိတ်သဘောထားချင်း မတိုက်ဆိုင်ဘူးဆိုတော့ သူနဲ့ကိုယ့်စိတ် သွားတူနေတာ ကိုယ့်အတွက် တကယ့်ကို ထူးထူးဆန်းဆန်းပါပဲ။ ဘယ်လို ပြောရမှာပဲ။ ရဲဘော်ရဲဘက်တစ်ယောက်နဲ့ တွေ့ခွင့်ရလိုက်သလိုပဲလို့ ပြောရမယ် ထင်ပါရဲ့”*

တစ်ဆင့် ပိုတက်လာသည်။ ရဲဘော်ရဲဘက်ဆိုပါလား။ စိတ်သဘောထားချင်း တိုက်ဆိုင်ရုံလေးနှင့် ဘာကြောင့် စာထဲ သတိတရ ထည့်ရေးနေရတာပါလိမ့်။ သူမ တကယ်ပင် နားမလည်စွာ စာကို ဆက်ဖတ်မိသည်။

*“သူ့ကို ကိုယ် ပွင့်ပွင့်လင်းလင်းပဲ ကိုယ့်မှာ မင်းရှိတဲ့အကြောင်း ပြောပြပါတယ်။ အဲဒီတော့ သူက ချစ်သူရှိတာ အိမ်ထောင်ရှိတာမှ မဟုတ်တာတဲ့။ သူ့စိတ်ခေတ်ကို ကိုယ်ကြိုက်သွားတာ အမှန်ပဲ”*

ဖတ်သာ ဖတ်လိုက်ရသည်။ အဓိပ္ပာယ်ကို နားမလည်လိုက်သည့်အတွက် ဘယ်လိုအဓိပ္ပာယ်မျိုးပါလိမ့်ဟု စာကို ခဏချထားရင်း တွေးယူရသည်။ ချစ်သူရှိတာ အိမ်ထောင်ရှိတာမှ မဟုတ်တာတဲ့။

ထိုစကားမျိုးကို ပြောရလောက်အောင် သူတို့နှစ်ယောက်က ဘယ်လိုခေါင်းစဉ်အောက်မှာများ စကားပြောခဲ့ကြလို့ပါလိမ့်။

*“ခွင့်လွှတ်ပါလို့တော့ မတောင်းပန်တော့ဘူး။ ကိုယ် အမှားလုပ်တာ မဟုတ်ဘူးလို့ ယုံကြည်လို့ပါ။ မင်းလည်း ဒီလိုပဲ တွေးပေးမယ် ထင်ပါတယ်”*

ထိုစာကြောင်းများကိုလည်း သူမ အဓိပ္ပာယ် ချက်ချင်းဖော်မရချေ။ ထွက်သွားပြီးကတည်းက ပထမဆုံး ရေးလာသည့်စာက သူမအား ပဟေဠိဖွက်နေသည့်နှယ်ပင်။

ဘာတွေကို မတောင်းပန်တော့ဘူး လုပ်နေတာပါလိမ့်။ သိပ်မကျန်တော့ပြီဖြစ်သော စာကြောင်းများကို ကြည့်လိုက်ရင်း သူမ စာကို ဆက်ဖတ်သည်။

*“သူ့ကို ကိုယ်ချစ်မိသွားတယ် ထင်တယ်”*

ဘုရားသခင် . . .။ ကယ်တော်မူပါ . . .။ မြင်နေရသည့် ကိုယ့်မျက်လုံးကိုပင် ကိုယ် မယုံချင်သလိုပင်။ ဟုတ်ရဲ့လားဟု သုံးလေးကြိမ် အထပ်ထပ်ဖတ်သည့်တိုင် စာလုံးများက ပြောင်းလဲမသွားသည်မှာ တစ်မျိုးလေးတော့ ဝမ်းနည်းစရာကောင်းခဲ့ပါသည်။

*“တကယ်တော့ . . . ဘဝလမ်းတစ်ခုကို လျှောက်တဲ့အခါ နံဘေးမှာပါနေတဲ့ အဖော်ဟာ ကိုယ့်နောက်လိုက် ဖြစ်နေမယ့်အစား ရဲဘော်ရဲဘက် ဖြစ်နေတာက ပိုကောင်းတယ်မဟုတ်လား။ အခု ဒီစာကို ရေးနေတဲ့ အချိန်မှာ အဲဒီအတွေးဟာ အမှန်ဆုံးပဲလို့ ကိုယ် တွေးမိနေတယ် အလင်း”*

ဖြစ်မှ ဖြစ်ရလေခြင်း။ နောက်ကျောကို ဓားနှင့်အထိုးခံရသည်ဟူသော အဖြစ်မျိုးသည် ဒီလိုအဖြစ်မျိုးနှင့် တူသည်ထင်ပါရဲ့။ ကိုယ့်ဘက်က သူ့အပေါ်တွင် အရာရာတိုင်းအတွက် မျက်လုံးစုံမှိတ်ကာ ယုံကြည်ပေးခဲ့သည်။ ထိုင်ဆို ထိုင်၊ ထဆိုထ နေပေးခဲ့သည်။

သို့သော် . . .။ သူ့ဘက်က . . .။


*“ကိုယ် သူနဲ့ လက်ထပ်လိုက်ပြီ အလင်း”*

မျက်ရည်တစ်စက်သည် လက်ဖမိုးပေါ် ပေါက်ခနဲ ကျသွားခဲ့လေသည်။

၄။

ထိုစာလေးတစ်စောင်ကို အလင်းသည် နှစ်ပေါင်းများစွာ ကြာမြင့်သည့်တိုင်အောင် အမှတ်တရအဖြစ် သိမ်းဆည်းထားခဲ့မိပါသည်။

**ညတာရာလင်း(ထားဝယ်)**


ကိုထွန်း ၊ လမ်း ၇၀ ၊
မန္တလေးအဝွေး
မန္တလေးအဝေါး



အတူးမမေ့စေရာ၊
တရုတ်ကျေးဇူးပါ

"အလို ... ရွှေမျက်နှာ တော်ညိုပြီး ဘာတွေများ အလိုမကျ ဖြစ်နေရတာတုံး။ နန်းမတော်ကြီးရဲ့ မောင်တော်ဘုရားကို လျှောက်တင်စမ်းပါဦးဗျ"

တစ်နေ့သော ညနေခင်းပေါ့။ ကိုထွန်းတစ်ယောက် အပြင်ကနေ အိမ်သို့ပြန်ရောက်တော့ ဧည့်ခန်းထဲမှာ မျက်မှောင်ကြုတ်ရင်း စဉ်းစားခန်းဝင်နေတဲ့ချစ်ချစ်ကို တွေ့လိုက်ရပေသမို့ အထက်ပါအတိုင်း သူ့ကို လှမ်းစလိုက်မိတာပေါ့နော။ သူမှာ ဘာယ်လိုပြဿနာရှိမှန်း မသိပေမဲ့ ကျွန်တော်က ဘာသိဘာသာနေလို့လည်း မဖြစ်၊ အဲသလိုဘာ နေမိလိုက်ရင် သူရဲ့ ပေါက်ကွဲမှုက ကိုယ့်ဆီကို ပုံကျလာတော့မှာပါ။ ဒီတော့ ကိုယ့်စိတ်ဆန္ဒပါသည်ဖြစ်စေ မပါသည်ဖြစ်စေ နားအေးပြီးအေးဆိုတဲ့ သဘောနဲ့ သူ့ရဲ့ ရင်ဖွင့် ခံစားချက်တွေကို နားထောင်ပေးရပါတော့တယ်။ ဒါပေမဲ့ ပြောလို့သာပြောရတာပါ။ တချို့ကိစ္စတွေကျတော့ ကျွန်တော်ကိုယ်တိုင်က လိုလိုချင်ချင် နားထောင်ချင်စိတ် ရှိနေပါတယ်၊ တကယ်ကြီးဟာ နည်းပညာ၊ အတတ် ပညာတွေဖွံ့ဖြိုးလို့ များစွာပြောင်းလဲသွားပါပြီ။ သတင်းဆက်သွယ်ရေးနည်းပညာ တိုးတက်လာတာနဲ့အညီ သတင်းသားကောင်ဖြစ်မှန်းမသိဖြစ်နေတဲ့ ကျွန်တော်တို့ကလည်း ၂၄ နာရီ အဆက်မပြတ် ဖြစ်ပေါ်နေတဲ့ သတင်းတွေကို စိတ်ဝင်စားကြရတော့တာကလား။ သတင်းဦး သတင်းထူးတာများသိရရင် အင်တာနက်ကတစ်ဆင့် မိတ်ဆွေတွေဆီကို ရှယ်ပေးရတာပေါ့။ သူတို့ကလည်း ထူးတာလေးတွေရှိရင် ကျွန်တော့်ဆီကို ပြန်ပြီး ရှယ်ကြပေါ့။ အဲဒီတော့ အခုမှ အင်တာနက်ထဲ ဝင်ရောက်ပြီး သူ့ရဲ့ ကောင်းခြင်းအဖြာဖြာများကို သဘောကျနေတဲ့ ကိုထွန်းတစ်ယောက် ကိုယ့်ကိုယ်ကိုယ် ငါ တယ်ဟုတ်နေပါလား။ လူငယ်တွေနဲ့ ရင်ပေါင်တန်းနိုင်ပြီလို့တွေးရင်း စိတ်ကြီးဝင်သွားမိပါရော။

ဒါပေမဲ့ ကျွန်တော်တို့ခမျာ ကမ္ဘာ့တောင်စွင်ရိုးစွန်းနဲ့ မြောက်စွင်ရိုးစွန်းအထိပါမကျန် ကမ္ဘာကြီး တစ်ခုလုံးရဲ့ နေ့စဉ်ဖြစ်ပျက်နေတာ တွေကို စိတ်ဝင်စားနေကြပေမဲ့ တစ်ခါတလေ ဖြစ်ပေါ်တတ်တဲ့ ကိုယ့်ရပ်ကွက်နဲ့ ကိုယ့်အိမ်နီးနားချင်းတွေရဲ့ ထူးခြားတဲ့ ကိစ္စတွေကို တော့ သတိမပြုမိအောင် မေ့လျော့နေမိကြပါတယ်။ မျက်လုံးနဲ့ မျက်တောင်လို နီးလွန်းတော့လည်း မမြင်ရတဲ့သဘောပေါ့။ အခုမှာ ကျွန်တော့်သူငယ်ချင်းက ကျွန်တော်တို့အဖြစ်ကလည်း လွန်ခဲ့တဲ့ နှစ်ပေါင်းအတော်ကျော်လောက်က မန္တလေး ဇဟိုမီးသတ်လိုဖြစ်နေပြီလို့ ပြောရင်း တဟားဟားရယ်လိုက်ပါ လေရော။ ဟုတ်ပါတယ်၊ သူငယ်ချင်း ရည်ရွယ်ပြောတာကို ကျွန်တော် လည်း ပြန်ပြီး အမှတ်ရသွားမိပါတယ်။ မန္တလေးမြို့လယ်က ဇဟိုမီးသတ်မှာ အတော်မြင့်တဲ့ မီးသတ် မျှော်စင်ကြီးရှိပါတယ်၊ ဟိုတုန်းကတော့ မန္တလေးမှာ အခုလို ၁၀ ထပ်၊ ၁၂ ထပ် စသဖြင့် အထပ်မြင့်တဲ့ အဆောက်အဦတွေ မရှိတော့ မီးသတ်မျှော်စင်ထိပ်ကနေ လှမ်း

ကြည့်လိုက်ရင်မန္တလေးမြို့ရဲ့ အရှေ့ပြင်၊ တောင်ပြင်၊ မြောက်ပြင်နဲ့ အနောက်ပြင်တွေကိုအားလုံးမြင်ရပြီး မီးလောင်ရင်လည်း ဘယ်နေရာမှာ လောင်တယ်ဆိုတာကို ချက်ချင်းတန်းသိလိုက်ပါတယ်။ မီးသတ်မျှော်စင်ထိပ်မှာလည်း မီးသတ် ရဲဘော်တွေက နာရီနဲ့ အလှည့်ကျ တာဝန်ထမ်းဆောင်နေကြပါတယ်။ အဲဒီအချိန်တုန်းက တယ်လီဖုန်း အဆက်အသွယ်က မကောင်းသေးပေမဲ့ မီးလောင်ရင် မီးသတ်ကားတွေ ဝေါခနဲ ရောက်လာစမြဲပါ။ ဒါပေမဲ့ နွေဦးကာလနေ့တစ်နေ့မှာ ဗဟိုမီးသတ်တည်ရှိတဲ့ ရပ်ကွက်အနားမှာ မီးလောင်လို့ တစ်ရပ်ကွက်လုံး ပွက်လောရိုက်ကုန်ကြပါလေရော။ အိမ်ထဲက ပစ္စည်းတွေ အပြင်ထုတ်ကြ၊ ဟိုအိမ်၊ ဒီအိမ် သတိပေးကြ လုပ်နေပေမဲ့ မီးသတ်ဌာနကတော့ အေးဆေး၊ တချို့က ကျားထိုးနေကြသတဲ့။ ကိုယ့်အနားမှာ မီးလောင်နေတာကို မသိကြဘူးလေ။ မကြာခင်မှာပဲ ရုတ်ရုတ်သဲသဲ ဆူညံသံတွေနဲ့ အတူ မီးခိုးလုံးကြီးက မီးသတ်ဌာနကို ရိုက်ခတ်လာတော့မှ အားလုံး မျက်လုံးမျက်ဆံတွေ ပြူးကျယ်ကုန်ပြီး မီးသတ်ကားတွေ မီးထဲပါမသွားအောင် အဆောက်အဦထဲက အပြင်ကို အမြန်တွန်းထုတ်ကြရပါတော့တယ်။ အဲဒါကို မျှော်စင်ထိပ်မှာ တာဝန်ထမ်းဆောင်နေတဲ့ မီးသတ်ရဲဘော်က မသိရှာဘူး။ နေရောင်ဝင်းဝင်းအောက်က မန္တလေးမြို့ကြီးရဲ့ လေးပြင်လေးရပ်ကို ရှုစားနေတာကိုး နော။ အဲဒီနေ့က ရပ်ကွက်က ဝိုင်းငြိမ်းပေးကြလို့ မီးလောင်တာ သိပ်မကြာဘဲ ပြီးဆုံးသွားပါတယ်။ မန္တလေးသားတွေရဲ့ ပါးစပ်ဖျားမှာ ရပ်ကွက်က ကယ်တင်လိုက်လို့ မီးသတ်ဌာန မီးမခတဲ့ သတင်းဟာ ချက်ချင်းဆိုသလို လေးပြင်လေးရပ်သို့ ပျံ့နှံ့သွားပြီး သတင်းကိုပြောတဲ့ သူရော၊ နားထောင်တဲ့ သူရော ပြုံးဖြဲဖြဲ ဖြစ်ကုန်ကြရတော့တာပါ။ အခုခေတ်မှာတော့ အဲသလိုမျိုး ရှိမယ် မထင်တော့ပါဘူး။ မီးသတ်မျှော်စင်ထက်ပိုမြင့်တဲ့ အဆောက်အဦကြီးတွေက မန္တလေးတစ်မြို့လုံး နေရာအနှံ့ရှိနေကြပြီး မီးဘေး အန္တရာယ်ရှိလာရင်လည်း တယ်လီဖုန်းဆက်သွယ်ရေးကကောင်းတော့ မီးသတ်ကားတွေလည်း မီးလောင်တဲ့ဆီကို ချက်ချင်းဆိုသလို ရောက်သွားနိုင်ကြပါပြီ။

ပြောချင်တာက နီးလွန်းတော့လည်း မမြင်ရတတ်တဲ့ သဘော သဘာဝပါ။ ဒါကို သတိပြုမိတဲ့ ကိုထွန်းတစ်ယောက် ကမ္ဘာကြီး အကြောင်းကို နေ့စဉ်နဲ့အမျှ မျက်စိဖွင့် နားစွင့်နေတဲ့အချိန်မှာ ရပ်ကွက်တွင်းဖြစ်ပျက်သတင်းကိစ္စကိုတော့ချစ်ချစ်ကိုပဲတာဝန်ပေးထားရပါတယ်။ ချစ်ချစ်ကလည်း ဒီလိုကိစ္စမှာတော့ တကယ့်ကို အိပ်(စ်)ပတ်၊ တစ်ခါတလေ ကိုယ့်အနားရှိတဲ့ သတင်းတွေအပြင် သူ့ညီမတစ်တွေနေတဲ့ ရပ်ကွက်နဲ့ မိတ်ဆွေအချို့ရဲ့ ရပ်ကွက်ကသတင်းတွေရောအဆစ်သယ်ဆောင်လာပြီး ပြောပြလို့ ကျွန်တော်လည်း အိဆောင့်နေအောင် နားဆင်လိုက်ရတဲ့နေ့မျိုးတွေလည်း ကြုံရရဲ့။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့လေ။ ချစ်ချစ်ကြောင့် ကျွန်တော်လည်း ရပ်ကွက်ဗဟုသုတတွေ တိုးပွားသွားရပါတယ်။

တစ်ရက်တော့ အလုပ်ကိစ္စပြီးလို့ အိမ်ကိုပြန်လာတော့ သူ့ကို မတွေ့ရဘူး။ ရပ်ကွက်လမ်းခင်းဖို့ ကိစ္စ အစည်းအဝေးလုပ်လို့ အဲဒီကို သွားနေတာတဲ့။ ဟုတ်သားပဲ၊ လမ်းခင်းဖို့အတွက်အစည်းအဝေးဖိတ်တာကို ကျွန်တော်မေ့နေတယ်။ ကျွန်တော်တို့ရပ်ကွက်ရဲ့ အနီးအနားဝန်းကျင်မှာရှိတဲ့ ရပ်ကွက်မှာ ကတ္တရာလမ်းတွေခင်းပြီးကုန်ကြပြီ။ လမ်းခင်းတယ်ဆိုတာ စည်ပင်သာယာက သုံးပုံတစ်ပုံလောက်စိုက်ပြီး ကိုယ်ထူကိုယ်ထ လုပ်ကြရတာဖြစ်ပါတယ်။ လျှပ်စစ်မီးတိုင်လည်း ကိုယ်ထူကိုယ်ထ စိုက်ထူကြ၊ ရေမြောင်းလည်း ကိုယ်ထူကိုယ်ထ ဖောက်လုပ်ကြ။ လမ်းတွေလည်း ကိုယ်ထူကိုယ်ထ ခင်းကြ၊ ဘယ်လောက်အဆင်ပြေလဲ။ အဲဒီလို ကြုံရလည်း အစိုးရကို အပြစ်မတင်ဘူး၊ အားလည်း မကိုးကြဘူး။ ဖြတ်သန်းလာခဲ့တဲ့ ခေတ်တွေက အတွေ့အကြုံက များနေပြီကိုး နော။

လမ်းခင်းဖို့ အစည်းအဝေးက ပြန်လာတဲ့ချစ်ချစ်က အိမ်ရောက်ရောက်ခြင်း ကျွန်တော့်ကို ပြောရဦးမယ် ဂလိုဘယ် ဆရာကြီးရေ့လို့ ခပ်ထေ့ထေ့ ဆိုလိုက်ပါတယ်။ စိတ်အချဉ်ပေါက်လို့ ဒီလိုလေသံထွက်လာမှန်း အတတ်သိလိုက်ပါပြီ။ ကတ္တရာလမ်းခင်းဖို့ တတ်နိုင်သလောက်စေတနာနဲ့ထည့်ဝင်ပေးဖို့ဖြစ်ပေမဲ့ လမ်းကော်မတီဥက္ကဋ္ဌက သိန်း ၂၀ မတည်ပြီး ကျွန်တော်တို့ ကို ၅သိန်းထည့်ဝင်ပေးဖို့ တောင်းတောင်းပန်ပန်ပြောတာနဲ့ သဘောတူ ခေါင်းညိတ်ခဲ့သတဲ့။ ရပ်ကွက်ထဲမှာ ရှိတဲ့သူတော်တော်များများလည်း အချိုးကျအတိုင်း ထည့်ဝင်ပေးကြပါတယ်။ ဒါပေမဲ့ ရပ်ကွက်ထဲကို ဘယ်က ပြောင်းရွှေ့လာမှန်းမသိ ရောက်လာတဲ့ တရုတ်အိမ် ၂ အိမ် က ကန့်လန့်တဲ့၊ ပိုက်ဆံမတတ်နိုင်လို့ ၂ သိန်းပဲ ထည့်နိုင်မတဲ့။


"တော် . . . စဉ်းစားကြည့်၊ သူတို့စီးတဲ့ မော်တော်ကားတွေက တစ်အိမ်က လင်ခရူဇာ၊ တစ်အိမ်ကတော့ ပရာဒို၊ ဒါကို ကတ်တီးကတ်ဖဲ့ လုပ်တာလေ၊ ကျွန်မလေ မတ်တတ်ထပြီး ပြောချင်လိုက်တာပါးစပ်ကို ယားနေတာပဲ" ချစ်ချစ်က ဟွတ်ခနဲ လည်ချောင်းရှင်းလိုက်ရင်း ပြောလိုက်ပါတယ်။

ဟုတ်တော့လည်း ဟုတ်ပါတယ်။ ကျွန်တော်တို့ ရပ်ကွက်လမ်း ထဲမှာ နေ့တိုင်း သူတို့ မော်တော်ကား နှစ်စီးပဲ ဖုန်ထောင်းထောင်းထအောင် အခါ ၂၀လောက် ဖြတ်သန်းသွားနေကြတာပါ။ ဒါပေမဲ့ မြန်မာနိုင်ငံရဲ့ အရှေ့မြောက်ဘက်ဆီက ရောက်လာတဲ့ တရုတ်ဆိုတာ သိတဲ့အတိုင်း သူတို့ အကျိုးစီးပွား ကိစ္စကိုပဲ အဓိကထားပြီး ရပ်ရေး ရွာရေးကိစ္စကို ခေါင်းထဲထည့်တွက်ကြတာ မဟုတ်ဘူး။ ဒီတော့ ကိုယ့် ရပ်ကွက်ထဲ ရောက်လာပြီး အညွန့်ခူးနေသလို ဖြစ်သွားပါတယ်။

"ကျွန်မတို့ လူမျိုးတွေကလည်း ကိုယ့်အချင်းချင်းဆိုရင် အဟုတ်ထင်ကြတာမှုတ်ဘူး။ တရုတ်ဆိုရင်တော့ ဟွန်း . . . ပြောလိုက်ရင်လည်း မကောင်းဖြစ်တော့မယ်"

ဟော . . . ချစ်ချစ်က နောက်ထပ်အကြောင်းအရာတစ်ခု တင်ဆက်ဖို့အတွက် စကားစပျိုးလိုက် ပြန်ပါပြီ၊ ခဏနေရင် သူ့ရင်ထဲမှာ ခိုးလို့ခုလုဖြစ်နေတဲ့ ခတ်ပြားဟောင်းကို ပြန်ဖွင့်ပြတော့မှာ ဖြစ်ပါတယ်။ အဲဒါက အိမ်ဖော်မလေး ခင်ပုကိစ္စဆိုတာ ကျွန်တော်သိပြီးသား။

ပြီးခဲ့တဲ့လတုန်းက အိမ်မှာ ခေါ်ထားတဲ့ ခင်ပု နှစ်ဈေးလို့ သူ့ရွာ ကို ပြန်သွားတယ်။ သူ့ကို တစ်လ သုံးသောင်းနဲ့ စားရိတ်ငြိမ်းခေါ်ပြီး သူ့ရဲ့လစာတစ်နှစ်စာကိုလည်း သူ့အမေက တစ်ခါတည်း ယူသွားပါတယ်။ ခင်ပုအသက်က ၁၇ နှစ်၊ ၁၈ နှစ်လောက်သာ ရှိပါမယ်။ အိမ် မှာ အလုပ်သိပ်များလှတာ မဟုတ်ဘဲ ချစ်ချစ်အတွက် ကူဖော်လောင် ဖက်ရအောင် ခေါ်ထားတာဖြစ်လို့ ခင်ပုလည်း ကျွန်တော်တို့အိမ်မှာ နေရတာ ပျော်ရှာပါတယ်။ နှစ်ကုန် လို့ ပြန်သွားပေမဲ့ သူ့အမေဆီမှာ ၁၀ ရက်လောက်နေပြီး ပြန်လာမယ် လို့



ပြောပါတယ်။ ချစ်ချစ်က ခင်ပုရဲ့ စကားအဟုတ်ထင်မှတ်နေပေမဲ့ ကျွန်တော်ကတော့ သိပ်မယုံလှဘူး။ နောက် ၁၀ ရက်လောက်ကြာတော့ ခင်ပုအစ်မကတယ်လီဖုန်း ဆက်ပါတယ်။ ခင်ပုအတွက် လစာလေးသောင်းနဲ့ တစ်နှစ်စာပေးပါတဲ့။ အဲသမှာ ကျွန်တော့်လေဒီ ဒေါ်ပွပါလေရော။ ဒီက ခင်ပုကိုသံယောဇဉ်တွယ်ပြီး ခေါ်ချင်နေမှန်းသိလို့ သက်သက်အကျပ်ကိုင် လစာတိုးတောင်းတာ။ ခင်ပုလာတုန်းက အဝတ်နှစ်စုံပဲပါတယ်။ ပြန်သွားတော့ ဒီကဝယ်ပေးလိုက်တဲ့ အင်္ကျီတွေ၊ လုံချည်တွေ၊ အိတ်တစ်အိတ်စာ ရှိတယ်။ မုန့်ဖိုးသပ်သပ်ပေးတာ လေးသောင်းကျော်ရသွားတယ်။ ဒါကို ခင်ပုရဲ့ အစ်မကကြိုးကိုင်ခြယ်လှယ်နေတာဆိုပြီး ကျွန်တော့်ကို ပြောပါတယ်။ တိုတိုနဲ့လိုရင်းပဲ အကျဉ်းချုံးလိုက်ကြပါစို့။ အစ်မ မခေါ်ချင်လည်း ရပါတယ်။ တစ်ခါခေါ်ထားလို့ အစ်မကို ဦးစားပေးတာ။ ကျွန်မညီမကို တရုတ်အိမ်တွေကခေါ်ချင်လွန်းလို့၊ အဲဒီကိုပဲ ပို့တော့မယ်တဲ့။

ပြောပြီးသား အကြောင်းအရာတွေကို တစ်ခါဇာတ်ကြောင်း ထပ်လှန်နေတဲ့ ချစ်ချစ်တစ်ယောက် ပြောရင်းနဲ့ ဒေါသတွေ တရှူးရှူး ထွက်နေပါတယ်။ ကြိုးကိုင်ခြယ်လှယ်နေတဲ့ ခင်ပုရဲ့ အမေကိုလား၊ တောင်းတဲ့ဈေးပေးသွားတဲ့ တရုတ် ကိုလား၊ ဒါမှမဟုတ် နှစ်ခုစလုံးပဲလား၊ သူ့ရဲ့ဒေါသဟာ ဘယ်သူ့ဆီကို အဓိကဦးတည်နေတာလဲ၊ ကျွန်တော်ခန့်မှန်းလို့ မရပါဘူး။ အဲဒီတော့ တရုတ်ကို စောစောကတည်းက အမြင်မကြည်လင်ရတဲ့အထဲ အခု ရပ်ကွက်လမ်းကိစ္စမှာ သဒ္ဒါတရားနည်းတဲ့ တရုတ်နှစ်အိမ်ကြောင့် သူ့ရင်ထဲမှာ မကြည်မလင်ဖြစ်သွား ခဲ့ရတာကိုးနော့။

ကျွန်တော်တော့ ကြုံတွေ့ရတဲ့ ဒီဖြစ်ရပ်နှစ်ခုကိုကြည့်ရင်း ဌေ့သည်နဲ့ အိမ်ရှင်ရဲ့ အနေအထားကို ပိုပြီး ရှင်းရှင်းလင်းလင်း သဘော ပေါက်လာခဲ့မိပါတယ်။ အိမ်ဖော်ခေါ်တဲ့ ကိစ္စကိုပဲကြည့်၊ သူ့အိမ်ရဲ့အကျိုးစီးပွားနဲ့တိုက်ရိုက် သက်ဆိုင်နေတော့ ပေါက်ဈေးထက် ပိုပေးဖို့လည်း ဝန်မလေးပါဘူး။ ဒါပေမဲ့ ရပ်ကွက်လမ်းခင်းဖို့ ကိစ္စကျတော့ ငွေကုန်မခံတော့ဘဲ နေပါတယ်။ ရပ်ကွက်လမ်းခင်းပြီးရင် တချို့ရပ်ကွက်တွေမှာ မြို့ထဲ ခိုးကြောင် ခိုးဝှက်ဝင်လာတဲ့ ကုန်တင်မော်တော်ကားတွေ ထားတာမျိုးလည်းရှိပါတယ်။ ရပ်ကွက်ခံ မြန်မာတွေက အမုန်းမခံချင်လို့မပြောကြတော့ သူတို့အတွက် အဆင်ကိုပြေလို့၊ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ပဲ။ လိုက်လျောလွန်းအားကြီးရင် ဘယ်အချိန်မှာ ကိုယ့်နဖူးပေါ် မစင်စွန့်မလဲဆိုတာကို မတွေးမိကြပါဘူး။ ဒီလိုဖြစ်လာစေတဲ့ အကြောင်းရင်းက ဘာလဲ၊ စဉ်းစားကြစေပါတယ်။

တရုတ်ဆိုရင် မကြည်လင်ချင်တဲ့ ချစ်ချစ်တစ်ယောက် အခုလည်း မျက်မှောင်ကြုတ်နေပြန်ပါပြီ။ ရော် . . . ဘယ်လိုများ ဖြစ်နေရပြန်ပြီလဲ။ တွေးရင်းနဲ့ ချစ်ချစ်အနားကို ကပ်သွားမိပါတယ်။ ထုံးစံအတိုင်းပေါ့။ သူကလည်း ပြောချင်ချင်မို့ ကျွန်တော့်ကွက်ရှင်ပြီးသွားတာနဲ့ တစ်ပြိုင်တည်း ဟောသလိုတော်ရေဆိုပြီး တစ်ခန်းရပ် ဇာတ်ထုတ်ကို ခင်းပြပါတော့တယ်။

ချစ်ချစ်က မနက်တိုင်း နွားနို့အစိတ်သား ဝယ်လာခဲ့တာ တစ်နှစ်ကျော်လာပါပြီ။ သမ္မတကြီးက နွားနို့သောက်ဖို့ မပြောခင်ကတည်းက နွားနို့ ဝယ်သောက်နေတာမို့ ချစ်ချစ်ဘယ်လောက် ဉာဏ်ပြေးလဲ၊ အာဂချစ်ချစ်ပါကလားလို့ ကိုယ့်ဇနီးကို ချီးကျူးချင်စိတ်တွေ တဖွားဖွား ပေါ်လာရပါဘိတယ်။ တစ်နေ့က ပုံမှန်လုပ်ရိုးလုပ်စဉ်အတိုင်း အိမ်တံခါးဖွင့်ပြီး နွားနို့ထွက်ဝယ်ပါတယ်။ ဒါပေမဲ့ အဲဒီနေ့ကတော့ ထူးထူးခြားခြား နွားနို့သည်က အစ်မရယ် ဒီနေ့တစ်ရက်တည်း နောက်ထပ် အစိတ်သားပိုဝယ်ပေးပါဦးလို့ ပြောလိုက်တော့ အံ့သြသွားရတာပေါ့။

"ဒီနေ့က တရုတ်နှစ်သစ်ကူးနေ့ အစ်မရဲ့၊ ကျွန်မဖောက်သည်တွေထဲမှာ တရုတ်တွေ အများကြီးရှိတယ်။ သူတို့က တို့နှစ်သစ်ကူးဆိုတာ တစ်နှစ်မှာ တစ်ခါပဲ ကြုံရတယ်၊ နင့်နွားနို့ နေ့တိုင်းသောက်နေတာ၊ ဒီနေ့ မယူတော့ဘူးတဲ့ အစ်မရယ်"

"နှစ်သစ်ကူးနေမို့ မယူတော့ ဘူးဆိုရင် စောစောကတည်းက ကြိုပြောပါလား"

"ဟုတ်တာပေါ့ အစ်မရယ်၊ အခုတော့ နွားနို့တွေ ဘယ်လိုလုပ်ရ မှန်းမသိတော့ဘူး"

နွားနို့သည်ဆီက အသံတွေကို နားထောင်ရင်း ချစ်ချစ်လည်း အမျိုးဂုဏ်၊ ဇာတိဂုဏ်တွေပေါ်လာပြီး စိတ်ကလည်း လက်တစ်ဆစ်လောက် သာကျန်ပါတော့တယ်။ အဲဒီအချိန်မှာတောင်းစားနေတဲ့ မိန်းကလေးတစ်ယောက် သူတို့အနားကို ရောက်လာပါတယ်။

ခြေလက်အင်္ဂါအားလုံး အကုန်ကောင်း၊ ရုပ်ရည်ကလည်း သနားကမားနဲ့၊ ဒါကို လာတောင်းနေတော့ သွားပါဦးလို့ပြောရင်း လက်ခါပြလိုက်တဲ့ အကြောင်းပြောပါတယ်။ တောင်းတဲ့သူကလည်း ချစ်ချစ်ဆီက မရတော့ နွားနို့သည်မိန်းမဆီကို လက်ဖြန့်တောင်းပြန်ပါရော။ နွားနို့ သည်ကလည်း သူ့နွားနို့ကုန်ဖို့အရေးအတွက် ချစ်ချစ်ဆိုသော ကပ်စတန်မာကို ဝယ်ချင်အောင် ပြောဆိုနေတာမို့ မြန်မြန်သွားအောင် ငွေ ၁၀၀ ထုတ်ပေးသတဲ့။ အမှန်တော့ တစ်ခန်းရပ်ဇာတ်ထုတ်က ဤမှာပင်ပြီးစီးဖို့ပါပဲ။ ဒါပေမဲ့ ဇာတ်သိမ်းခန်းလေးဖြစ်ဖို့ အကြောင်းဖန်လာပုံက ဒီလိုကိုးနော့။

ငွေ ၁၀၀ ရတော့ တောင်းတဲ့ မိန်းမက နွားနို့သည်ကို လက်ညှိုးထိုးပြီး ငွေ ၁၀၀ လှူဒါန်းတဲ့ ဟောဒီက အစ်မကြီး ကျန်းမာပါစေ၊ နွားနို့တွေ များများရောင်းရပြီး ချမ်းသာစေလို့ ဆုတွေပေးပါရောတဲ့။ ကဲ . . . ကြည့်စမ်း၊ ဒါက မလှူတန်းမိတာနဲ့ သက်သက်မဲ့စော်ကားသွားတာ မဟုတ်လား။ ချစ်ချစ်တွေးရင်းနဲ့ ဒေါပွသွားပါတယ်။ အနားမှာရှိတဲ့ နွားနို့သည်ခမျာလည်း နွားနို့ရောင်း မကောင်းရတဲ့အထဲ ငွေ ၁၀၀ ထည့်မိတဲ့ စေတနာအတွက် ဆုတောင်းပေးတာကို ကြည်နူးရမှာလည်း အခက်၊ သူ့ကပ်စတန်မာ ချစ်ချစ်ရဲ့ မျက်နှာမှာ ဒေါသခိုးတွေ ဝေလာတာ မြင်လိုက်လို့ ဒီသူတောင်းစားမကြောင့် ကပ်စတန်မာက နွားနို့အစိတ်သား ပိုမဝယ်မိမှာကိုလည်း စိုးရိမ်ရတာကတစ်မျိုးမို့ မအီမလည်ကြီး ဖြစ်နေရှာပါတယ်။ ပြီးတော့ ချစ်ချစ်ကို မျက်နှာလို မျက်နှာရလုပ်ပြီး ကိုယ်စားအနေနဲ့ တောင်းစားတဲ့ မိန်းမကို ကဲ သွားစမ်း သွားစမ်းဆိုပြီး မောင်းထုတ်ပေးဖို့ကျတော့လည်း စောစောက သူ့ကို ကောင်းချီးသြဘာပေးထားသမို့ အဲဒီလိုလည်း မလုပ်ချင်။ ချစ်ချစ်ကလည်း နွားနို့သည်ကို သူ့ကိုယ်စားအနေနဲ့ တောင်းစားတဲ့မိန်းမကို နှင်ထုတ် ပေးစေချင်၊ တောင်းစားတဲ့ မိန်းမကလည်း ပိုက်ဆံရပေမဲ့ သူတို့အနားကမပြန်ဘဲ ယောင်ပေပေရပ်နေဆိုတော့သူတို့အဖြစ်ကအတော်ခွကျ နေဟန်တူရဲ့။

ဒီတော့ ဘယ်လိုပြီးသွားကြလဲကွ ကျွန်တော်က စိတ်ဝင်တစားနဲ့ မေးလိုက်မိပါတယ်။

"ကျွန်မဘာက်က ပါရတာပေါ့ ဆရာကြီးရဲ့၊ ကျွန်မက သူ့ဖောက်သည်လေ၊ တစ်နှစ်လုံးရှိတဲ့ ဖောက်သည်အပျက်ခံနိုင်ပါ့မလားရှင့်၊ ကဲပါအေ . . .၊ ညည်းလည်း လိုချင်တာ ရပြီမို့ သွားပါတော့လို့ နွားနို့သည်က ပြောလိုက်တော့မှ ဟိုဟာမလည်း ကော့တော့ ကော့တော့နဲ့ ထွက်သွားတယ်။ ကျွန်မလည်း စိတ်ချမ်းသာပြီး နောက်ထပ် တစ်ပိဿာ အပိုဝယ်ပေးရတာပေါ့လေ"

သဘောကျ ကျေနပ်နေတဲ့ ချစ်ချစ်ကိုကြည့်ရင်း ကျွန်တော် ပြုံးလိုက်မိပါတယ်။ အဲဒီနေ့ကတော့ ကိုထွန်းတို့အိမ်မှာ နွားနို့တွေ အလျှံပယ်ပါပဲ။ နွားနို့သောက်ရတဲ့အပြင် ချစ်ချစ်လက်ရာ နွားနို့ခဲချက်ကိုလည်း ပွဲတော်တည်လိုက်ရပါသေးတယ်။ ချစ်ချစ်က တရုတ်ဆိုရင် မကြည်မလင်ဖြစ်ချင်နေပေမဲ့ သူတို့ နှစ်ကူးနေ့က နွားနို့ပိုသောက်လိုက်ရခြင်းဟာ သေချာစဉ်းစားကြည့်လိုက်ရင် သူတို့ကြောင့်ပါကလားလို့ တွေးမိလိုက်ပါတယ်။ နွားနို့တွေလည်း သောက်ရ၊ သမ္မတကြီးရဲ့ စကားကိုလည်း လိုက်နာရာ ရောက်၊ ကဲ . . . ဘယ်လောက် ဟန်ကျလဲ၊ ဩော် . . . အထူးမမေ့စရာ တရုတ် ကျေးဇူးပါကလားကွယ်။

ကိုထွန်း-လမ်း(၈၀)

### ဝေဖန်ရေးသည် အကောင်းဆုံး ဝန်ဆောင်မှုဖြစ်သည်။

# ဒါရိုက်တာဥက္ကာဗို၏ "ကျွန်တော်တို့လည်း တာဝန်ရှိပါသည်"

## မောင်အိမ်စံ




(၁)

ကိုယ့်မှာရှိသည့်ပစ္စည်း သူတစ်ပါးကို ပေးသည့်လုပ်ငန်းကို လူတိုင်းမလုပ်ရဲကြ။ မိမိ၏ ဥစ္စာဓနေ၊ မိမိ၏ အချိန်၊ မိမိအတပ်မက်ဆုံး အရာတို့ကို သူတစ်ပါးအတွက် ပေးဆပ်ရဲသောစိတ်သည် သာမန် လူများတွင် မရှိကြပါ။ ထို့ထက်ပိုပြီး ခက်ခဲသည်က ဘဝတစ်ခုလုံးကို ပေးဆပ်ပြီး သူတစ်ပါးကို ကူညီရိုင်း ပင်းခြင်းပင်ဖြစ်သည်။

ဝတ္ထုဗျူး၊ ဇာတ်ညွှန်းဗျူးနှင့် နတ်သမီး၊ ဒါရိုက်တာဥက္ကာဗို ရိုက်ကူးပြီး မင်းမော်ကွန်း၊ နေခွေး၊ မိုးပြည့်ပြည့်မောင်၊ မိုးယုစံ၊ ဖိုးကျော်၊ နေအောင်၊ ဇော်ဦး တို့သရုပ်ဆောင်ထားသော 'ကျွန်တော်တို့လည်း တာဝန်ရှိပါသည်' သူတကာအတွက် (သူငယ်ချင်းအတွက်) ဘဝကို ပေးဆပ်သည့် ဝါဠမ်းဖြူ (မိုးယုစံ) ၏ ဘဝဖြတ်သန်းမှု စာမျက်နှာများကို ပုံဖော်ရိုက်ကူးထားသော ဗီဒီယိုဇာတ်ကားတစ်ကား ဖြစ်သည်။

ဗျူးသည်ဇာတ်လမ်း အသား

ပေးဝတ္ထုများကို ရေးသားနေသော စာရေးဆရာတစ်ဦး ဖြစ်ပါသော်လည်း သူ့ဇာတ်လမ်းများသည် ဤလူ့လောကထဲမှ လူတို့၏ ဇာတ်လမ်းများသာဖြစ်သည်။ တစ်ခါတစ်ခါတွင်မူ သဘာဝယုတ္တိခိုင်မာမှုများအားနည်းနေတတ်သည်။

ဤဇာတ်လမ်း၏ အစသည် ရေနံ့သာရွာ၏ တောင်ပိုင်း၊ မြောက်ပိုင်းကွဲပြားမှုအပေါ် အခြေခံပြီး လူငယ်များ ရန်ဖြစ်ကြသည်။ ထိုရန်ပွဲကို ဖျန်ဖြေရန်လာသော ဆရာကြီး ဦးရွှေဝင်း(ဇော်ဦး)သည် တပည့်များ၏ မဆင်ခြင်၊ မထိန်းသိမ်းမှုဖြင့် ဒဏ်ရာရကာ ဆေးရုံ၌ ကွယ်လွန်သွားသည်။

ဆရာကြီးက သူ မကွယ်လွန်မီ "တောင်၊ မြောက် စိတ်ဝမ်းမကွဲကြဘဲ စည်းလုံးညီညွတ်ကြပါ"ဟု မှာခဲ့သဖြင့် လူငယ်များစည်းလုံးကြသည်။ ဆရာကြီးသည် ရွာတွင် တစ်နှစ်တစ်ခါက ပွဲလုပ်သည်။ ရွာကျောင်းအတွက် ကွန်ပျူတာ၊ တီဗီ၊ အောက်စက်တို့ကို အရစ်ကျပေးဆပ်သောစနစ်ဖြင့် ဝယ်ပြီး၊ ကျောင်းမြေရှင်သီးနှံစိုက်ကာ အကြွေးဆပ်သည်။ ၁၀ တန်းတွင် လေးဘာသာဂုဏ်ထူးဖြင့်အောင်သော စိမ်းမြ (မိုးပြည့်ပြည့်မောင်) ကို အဆိုပါ စိုက်ခင်းမှရသော ငွေဖြင့်ဆရာဝန်ဖြစ်အောင် သင်ကြားမည်ဟု ဆရာကြီးက ဆိုသည်။ သန်းအောင်နှင့် ပန်းအိ လက်ထပ်လိုက်ခြင်းဖြင့် ဆရာကြီးမှာခဲ့သော တောင်၊မြောက်ကွဲပြားမှု ပြေလည်သွားကြသည်။

ဇာတ်ကို ပထမဦးဆုံးလှုပ်အောင်ပြုလုပ်လိုက်သော Comflie ကမူ ဝါဂွမ်းဖြူ(မိုးယုစံ)၏ မိသားစုပြဿနာပင်ဖြစ်သည်။ မိသားစု စီးပွားရေးကျဆင်း၊ ဖခင်လေဖြတ်၊ အကျပ်အတည်းကို တင့်လွင်က ကူညီ၊ မြို့သို့ခေါ်ပြီးဆေးကု၊ ဆေးဖိုးလိုသဖြင့် တင့်လွင်က မိဝါကို သိန်းရွှေကြည်(နေအောင်)ဆီသို့ ခေါ်သွား၊ နေအောင်က မိဝါကို မော်ဒယ်ထိုင်ခိုင်းပြီး ပန်းချီဆွဲ၊ မိဝါ သိန်းရွှေကြည်ထံမှ ဖခင်အတွက် ငွေဆယ်သိန်းယူလာသည့်အချိန်ထိ မိဝါသည် ရွာ၌အတူနေခဲ့သော "နေထက်ပူပြင်း" (ဖိုးကျော်)အပေါ်သံယောဇဉ်ရှိသေးသည်။ မိဝါဘဝကို မတင်စတေးသည်မှာ စိမ်းမြ ဆေးကျောင်းတက်ရန် အတွက် ဖြစ်သည်။ မိဝါသည် တင့်လွင်လက်မှ ရုန်းထွက်ပြီး စိမ်းမြ (မိုးပြည့်ပြည့်မောင်)ပွကြီး (မင်းမော်ကွန်း)၊ မိုးလုံး (ညီထွဋ်ခေါင်) တို့နှင့်အတူ အိမ်ငှား နေကြသည်။ ပွကြီးနှင့် မိုးလုံး ဆောက်လုပ်ရေးခွင်တွင် ရန်လိုဖြစ်ပြီး စူပါဗိုက်ဆာ ဒဏ်ရာရသည်။ လျော်ကြေးငွေလေးသိန်း လိုလာသဖြင့် မိဝါ သိန်းရွှေကြည်ဆီ သွားရပြန်သည်။ သည်လိုနှင့်ပင် မိဝါသည် စိမ်းမြနှင့် သူငယ်ချင်းတွေအတွက် သူ့ဘဝကို စတေးနေရစဉ် ရွာမှ 'ပူပြင်း' လိုက်လာရာ မိဝါနှင့် သိန်းရွှေကြည်တို့အဖြစ်ကို မျက်မြင်တွေ့လိုက်ရပြီး စိတ်ထိခိုက်ကာ ထန်းရည်ချည်းသောက်သည်။ ထန်းတက်စဉ် ထန်းပင်ပေါ်က ပြုတ်ကျ၊ ဆေးရုံရောက်ပြီး သေသည်။ ပူပြင်း သေရခြင်းသည် သူ့ကြောင့်ဟု မိဝါက ယုံကြည်သွားသည်၊ ပွကြီးနှင့်စိမ်းမြ ချစ်သူတွေဖြစ်သွားကြသည်။ မိဝါက တရားစခန်းတွင် မွေ့လျော်နေသည်။ သူငယ်ချင်းတွေ လာရောက် အားပေးကြသည်။

ဇာတ်လမ်းက ဤမျှသာ။

(၂)

ဗျူး၏ ဇာတ်လမ်းသည် ဖြစ်တည်ရာအခြေတော့ နည်းသည်။ သို့သော် ဖြစ်သင့်ဖြစ်ထိုက်သော၊ လောကကို အလှဆင်သော၊ လူငယ်များတွင်ရှိသင့်သော စိတ်အရည်အချင်းကို ဖော်ကျူးထားသော ဇာတ်လမ်းဖြစ်၍ လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အပေါင်းလက္ခဏာဆောင်နေသည်။ မြန်မာ ဗီဒီယို ဇာတ်ကားများထဲတွင် ဤသို့ ရည်ရွယ်ချက်ကောင်းသော ဇာတ်ကားများ အလွန်နည်းသည်။

အနုပညာတစ်ခုတင်ဆက်ရာတွင် ငွေကြေးပါဝင်သော်လည်း ငွေရရင်ပြီးရော ဟူသော စိတ်မျိုးဖြင့် မဖန်တီးသင့်ပါ။ ထိုထက်ဆိုးသည်က 'စိတ်ညစ်ရင်၊ အရက်သောက်' ပြကွက်များ၊ ဇာတ်ကားတိုင်းတွင် ပါဝင်နေခြင်းဖြစ်သည်။ ဤဇာတ်ကားတွင် မိဝါကိစ္စကို မြင်တွေ့ရသဖြင့် ရွာပြန်ထန်းရည်သောက်၊ အသောက်သမားဖြစ်သွားကာ ထန်းပင်ပေါ်မှ ပြုတ်ကျပြီး၊ ပူပြင်းကို သတ်ပစ်လိုက်ခြင်းသည် 'ဗျူး'၏ ဖန်တီးချက်ဖြစ်သည်။ မြန်မာ့ရုပ်ရှင်ဇာတ်ကားများတွင် မလိုတော့သော ဇာတ်ကောင်(ဇာတ်ပို့)များကို ကားတိုက်သတ်၊ ရန်ဖြစ်ရာတွင် ဝင်ကယ်ပြီး ဓားထိုးခံရ၊ စသည်ဖြင့် အလွယ်တကူသတ်ပစ်လိုက်သည်မျိုးကို မြိန်ရေယှက်ရေ ရိုက်ကူးပြသနေကြသည်။ ဇာတ်ပို့ ဇာတ်ကောင်တစ်ကောင်၏ အဆုံးကို မပြဘဲနှင့်လည်း ဇာတ်ကားကို အဆုံးသတ်၍ ရပါ၏။

ဤဇာတ်ကားတွင် ကျွန်တော် သိပ်သဘောကျသော အချက်မှာ မည်သူကမှ တာဝန်ပေးအပ်မထားသည့်လုပ်ငန်းများကို တာဝန်ယူကြခြင်းဖြစ်သည်။ 'ကျွန်တော်တို့လည်း တာဝန်ရှိပါသည်'ဟု လူငယ်တို့၏ ရင်ထဲတွင်ယုံကြည်လက်ခံသွားခြင်းသည် ဤဇာတ်ကား၏ 'အလှတရား' ဖြစ်ပါသည်။

စိမ်းမြသည် ပညာရေးတွင် ထူးချွန်သည်။ ထို့ကြောင့် ဆေးကျောင်းတက်ရန် ငွေလိုသည်။ ဒါကို လူငယ်အားလုံးက ညီညာဖျဖျ စိုက်ပျိုးပြီး ထောက်ပံ့သည်။ ပွကြီးနှင့် မိုးလုံးက သူ့တို့လုပ်အားဖြင့် ငွေရှာပြီးပေးသည်။ မိဝါက ခန္ဓာကိုယ် အပ်၊ ဘဝအပျက်ခံပြီး စိမ်းမြ ဆရာဝန်ဖြစ်အောင် ကူညီသည်။

စဉ်းစားကြည့်ပါ။ အဆိုပါ ဗိတ်မျိုး၊ ဘယ်သူတွေထားနိုင်ပါသနည်း။ မိဝါသည် သူ၏ဆန္ဒအရ ခန္ဓာကိုယ်အပ်နှင်းရသည် မဟုတ်။ စီးပွားရေးစနစ်၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးမှုသည်သာ မိဝါဤသို့ ဖြစ်ရခြင်း၏ တရားခံအစစ်အမှန်ဖြစ်သည်။ ထို့ကြောင့် မိဝါသည် သန့်ရှင်းသူ၊ လေးစားရလောက်သူ ဖြစ်သည်။

(၃)

ဇာတ်ကားတစ်ခုလုံးတွင် အရေးအပါဆုံး ဝါဂွမ်းဖြူအဖြစ် သရုပ်ဆောင်ရသည့် မိုးယုစံသည် ကြော်ငြာတွင် အောင်မြင်သော်လည်း ရုပ်ရှင်၊ ဗီဒီယိုတွင် မအောင်မြင်သူတစ်ဦးဖြစ်သည်။ ယခု ဤဇာတ်ကားတွင်မူ တချို့နေရာများတွင် မိုးယုစံဖြစ်ဖြစ် သွားသည်မျိုး ရှိပါသော်လည်း မိဝါအဖြစ်သရုပ်ဆောင်နိုင်ခဲ့ပါသည်။ ဗျူး၏ ဇာတ်ကောင်ပွကြီးအဖြစ် သရုပ်ဆောင်ရသော မင်းမော်ကွန်းမှာ ဤဇာတ်ကားတွင် ဘာမှထူးထူးခြားခြား မရှိပါ။ သူပါဝင်သည့် အခန်းများနည်းသည်။ နေအောင်ကမူ ပန်းချီဆရာသိန်းရွှေကြည်အဖြစ် သရုပ်ဆောင်ရာတွင် ပီပြင်ပါသည်။ ဦးဇော်ဦး၊ ဦးညီထွဋ်ခေါင်၊ နေဆန်း၊ ဖိုးကျော်တို့၏ သရုပ်ဆောင်မှုကမူ အထူးပြောဖွယ်မရှိပါ။ Editing နှင့် Continuity တို့ကမူ ဒီထက်ပိုပြီးကောင်းသင့်ပါ၏။

ဥက္ကာဗိုသည် ဤဇာတ်ကားတွင် 'အပြော' ထက် 'အပြ'ကို ဦးစားပေးရိုက်ကူးသည်။ ဇာတ်ကောင်အမူအရာကို ထိန်းကျောင်းနိုင်သည်။ စိမ်းမြမီးဖိုချောင်တွင် ဟင်းချက်နေစဉ် ပွကြီးဝင်လာပြီး၊ သူတို့နှစ်ဦးတွေ့ဆုံစကားပြောခန်းလေးက အလွန်လှသည်။ ဒါရိုက်တာကောင်းသလို၊ မိုးပြည့်ပြည့်မောင်နှင့် မင်းမော်ကွန်းတို့လည်း သရုပ်ဆောင် ကောင်းကြပါ၏။ ဆိုရသော် ဤဇာတ်ကားတွင် သရုပ်ဆောင်အကောင်းဆုံးမှာ စိမ်းမြအဖြစ် သရုပ်ဆောင်ရသော မိုးပြည့်ပြည့်မောင် ဖြစ်သည်။

နိဂုံးချုပ်ဆိုရသော် နှစ်ပေါင်း ၅၀ ကျော်၊ တာဝန်ရှိသူများက တာဝန်မသိခဲ့၍ ပျက်စီးယိုယွင်းနေသော ကျွန်တော်တို့လူ့အဖွဲ့အစည်းအတွက် တာဝန်မရှိသော်လည်း တာဝန်သိလာသော လူငယ်များ၏ 'စိတ်ရနံ့လေး' များကို ကြည့်ရှုရသူများထံသို့ ကူးစက်ပျံ့နှံ့ရောက်ရှိသွားစေရန်ကြိုးပမ်းလိုက်သော ဗျူးနှင့် ဥက္ကာဗိုတို့ကို ကျွန်တော်တို့အားလုံးဝိုင်းဝန်းလက်ခုပ်တီးပေးကြရမည်ဖြစ်ပါသည်။

**မောင်အိမ်စံ**

**ယခုလအညွှန်း**

**၁။ တိမ်တစ်စနှင့် နွယ်တစ်မျှင်**
**၂။ အချစ်ညွှတ်ကွင်း**
**၃။ ဘဝကိုလောင်းကြေးထပ်သူများ**
**၄။ ကမ္ဘာတစ်ဆုံးပြဇာတ်**
**၅။ ကီပင်**

# သဘာဝဓာတ်ငွေ့

ကျော်ဦး

ကာဗွန်နှင့် ဟိုက်ဒရိုဂျင်တို့ဖြင့် ဖွဲ့စည်းထားသော သဘာဝဓာတ်ငွေ့သည် ကျောက်မီးသွေးနှင့် ရေနံတို့ကဲ့သို့ ရုပ်ကြွင်းလောင်စာတစ်မျိုး ဖြစ်သည်။

သဘာဝဓာတ်ငွေ့သည် မြေအောက်တွင် နည်းလမ်းနှစ်မျိုးဖြင့် ဖြစ်ပေါ်တည်ရှိသည်။ သစ်ဆွေးမြေ၊ ဖို့မြေ၊ အနည်စသည်တို့ကို မြေအောက်ရှိ မိုက်ခရုပ်ပိုးကောင်ငယ်များက ချေဖျက်ဓာတ်ပြုရာမှ ထွက်ပေါ်သော သဘာဝဓာတ်ငွေ့များသည် အပေါ်ယံမြေလွှာများတွင် တည်ရှိသည်။ မြေအောက်ရှိ ပြင်းထန်သော ဖိအားနှင့် အပူတို့ကြောင့် အပင်နှင့်သတ္တဝါတို့၏ ရုပ်ကြွင်းအော်ဂဲနစ်ဓာတ်ပေါင်းများမှ အသွင်ပြောင်းလာသော သဘာဝဓာတ်ငွေ့သိုက်များကို မြေအောက်အနက်ပိုင်းတွင် တွေ့နိုင်ကြသည်။ အပေါ်ယံမြေလွှာ သဘာဝဓာတ်ငွေ့များသည် အနက်ပိုင်းရှိ ဓာတ်ငွေ့ပမာဏလောက် မများပေ။

၂၀၁၁ ခုနှစ်အကုန် တွေ့ရှိချက်အရ ကမ္ဘာတွင် ထုတ်ယူနိုင်သော သဘာဝဓာတ်ငွေ့ပမာဏ ၆၇၀၀ ထရီလျံကုဗမီတာ ရှိသည်။ ဒေသအလိုက်ဆိုလျှင် အရှေ့အလယ်ပိုင်းတွင် အများဆုံးရှိပြီး ရုရှား၊ အမေရိကန်တို့တွင်လည်း အများအပြားတွေ့ရသည်။ သဘာဝဓာတ်ငွေ့ သုံးစွဲမှုတွင် အမေရိကန်အများဆုံး ဖြစ်သည်။

မြေလွှာထဲတွင် သဘာဝဓာတ်ငွေ့ ရှိ၊ မရှိကို မြေပေါ်မှ တုန်ခါမှုဖန်တီးကာ အသံလှိုင်းများ ပို့လွှတ်၍ မြေပေါ် ပြန်တက်လာသော အသံလှိုင်းများကို လေ့လာခြင်းဖြင့် သိနိုင်သည်။ ရုပ်ကြွင်းများမှ ဖြစ်ပေါ်လာခြင်းတွင် သဘာဝဓာတ်ငွေ့သည် ရေနံနှင့် တူသော်လည်း အပူချိန်မပြင်းလှသည့် အပေါ်မြေလွှာများတွင် ရေနံဖြစ်ပေါ်၍ ထို့ထက်ပိုနက်ကာ အပူချိန်ပိုပြင်းသည့် အောက်မြေလွှာများတွင် သဘာဝဓာတ်ငွေ့ဖြစ်ပေါ်သည်။ ထို့ကြောင့် သဘာဝဓာတ်ငွေ့တွင်းများသည် ရေနံတွင်းများထက် ပိုနက်ကြသည်။

သမားရိုးကျ တူးဖော်နည်းများအပြင် နောက်ဆုံးပေါ် 'ဟိုက်ဒရောလစ်ခွဲချေနည်း' ကြောင့် သဘာဝဓာတ်ငွေ့နှင့် ရေနံများရရှိမှုသည် သိသာစွာ တိုးတက်လျက်ရှိသည်။ သာမန်နည်းဖြင့် စီးပွားရေးတွက်ခြေကိုက်အောင် ထုတ်၍မရသော သဘာဝဓာတ်ငွေ့အများအပြား တည်ရှိသည့် နေရာများတွင် တွင်းကို ပုံမှန်အတိုင်း ဒေါင်လိုက်မတ်မတ် တူးချပြီးနောက် သဘာဝ



ဓာတ်ငွေ့တည်ရှိရာ ယေလကျောက်လွှာသို့ ရောက်လျှင် ရေပြင်ညီအတိုင်း ဆက်တူးသည်။ ထို့နောက် ဓာတ်ငွေ့ခိုအောင်းသည့် နေရာများကြားသို့ ရေ၊ သဲနှင့် ဓာတုဆေးရည်များကို အရှိန်ပြင်းပြင်းမှုတ်သွင်းကာ ကျောက်များကို ခွဲချေခြင်းဖြင့် သဘာဝဓာတ်ငွေ့နှင့် ရေနံများကို ထုတ်ယူခြင်းကို 'ဟိုက်ဒရောလစ် ခွဲချေနည်း' ဟု ခေါ်သည်။ အမေရိကန်ရှိ သဘာဝဓာတ်ငွေ့တွင်းများ၏ ၉၀ ရာခိုင်နှုန်းတွင် ယင်းနည်းပညာကို သုံးနေသည်။

တွင်းထဲမှ ထွက်လာသော သဘာဝဓာတ်ငွေ့များတွင် ဟိုက်ဒရိုကာဗွန်အရည်များနှင့် အခြားဓာတ်ငွေ့များပါနေသဖြင့် ယင်းကို သဘာဝဓာတ်ငွေ့အစိုဟု ခေါ်သည်။ ဓာတ်ငွေ့အစိုထဲတွင် မီသိန်းက အဓိကပါဝင်ပြီး အီသိန်း၊ ပရိုပိန်း၊ ဗျူတိန်းနှင့် ပင်တိန်းတို့အပြင် ရေနှင့်သဲလုံးများလည်း ပါဝင်သည်။ ယင်းဓာတ်ငွေ့အရောရှိ ရေ၊ သဲနှင့်၊ ဟိုက်ဒရိုဂျင်ဆာလ်ဖိုက်စသည့် အခြားမလိုအပ်သောဓာတ်များကို ဖယ်ရှားသောအခါ သဘာဝဓာတ်ငွေ့အခြောက်ကို ရပြီး ဈေးကွက်သို့ တင်ပို့သည်။ သဘာဝဓာတ်ငွေ့အခြောက်တွင်

**သို့သော် နောက်ပိုင်း ခေတ်စားလာသော ဟိုက်ဒရောလစ်ခွဲချေနည်းဖြင့် ယေလကျောက်မှ သဘာဝဓာတ်ငွေ့ထုတ်ယူခြင်းသည် သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုအများအပြားရှိသည်။ ယင်းနည်းပညာဖြင့် ဓာတ်ငွေ့ထုတ်ယူလျှင် ရေအမြောက်အမြား သုံးရသဖြင့် ရေသယံဇာတ နည်းပါးသော နေရာများတွင် သောက်သုံးရေ ရှားပါးမှုကို ပိုမိုဆိုးရွားစေနိုင်သည်။**



မီသိန်း ရာခိုင်နှုန်းပြည့်နီးပါး ပါဝင်သည်။ ဖယ်ရှားလိုက်သော ပရိုပိန်း၊ ဗျူတိန်းစသည်တို့ကို သီးသန့်ဈေးကွက်တွင် ရောင်းချသည်။

သန့်စင်ပြီးသော သဘာဝဓာတ်ငွေ့ကို အသုံးလိုသောနေရာများသို့ ပိုက်လိုင်းများဖြင့် ပို့ပေးသည်။ ဓာတ်ငွေ့ပိုက်လိုင်းမရှိသော နေရာများ သို့မူ ယင်းကို အနုတ် ၂၆၀ ဒီဂရီဖာရင်ဟိုက်အထိ အအေးပေးပြီး သဘာဝဓာတ်ငွေ့အရည်အဖြစ် ပြောင်းကာ ဘူးများတွင်ထည့်၍ ပို့ဆောင်ကြသည်။ ဓာတ်ငွေ့အရည်သည် မူလဓာတ်ငွေ့ထက် ထုထည်အပုံ ၆၀၀ ပုံလျှင် ၁ ပုံသာ ကျန်တော့သဖြင့် သယ်ယူရာတွင် များစွာအဆင်ပြေသည်။

ပကတိသန့်စင်သော အခြေအနေတွင် သဘာဝဓာတ်ငွေ့သည် အရောင်အဆင်းအနံ့ မရှိသော်လည်း ဓာတ်ငွေ့အိုးများမှ ထွက်လာသော သဘာဝဓာတ်ငွေ့သည် ကြက်ဥပုပ်အနံ့ ထွက်နေခြင်းမှာ ဓာတ်ငွေ့ယိုစိမ့်လျှင် အလွယ်တကူသိနိုင်အောင် ထည့်ပေးလိုက်သော မာကက်(ပ)တန်ခေါ် ဓာတ်ငွေ့ကြောင့် ဖြစ်သည်။

တရုတ်တို့က သဘာဝဓာတ်ငွေ့ဖြင့် ရေကို အပူပေးရန် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ခန့်ကတည်းက စတင်အသုံးချခဲ့ပြီး လွန်ခဲ့သော နှစ်ပေါင်း ၃၀၀ ခန့်က အနောက်တိုင်းနိုင်ငံများ၌ လမ်းမီးတိုင်များ ထွန်းညှိရန် သုံးခဲ့သည်။

ယခုအခါ သဘာဝဓာတ်ငွေ့ကို အအေးပိုင်းအရပ်များ၌ အဆောက်အအုံများကို အပူပေးရန်၊ ဟင်းချက်ရန်၊ လျှပ်စစ်ထုတ် တာဘိုင်များနှင့် ကားအပါအဝင် အခြားစက်ကိရိယာများကို လည်ပတ်စေရန် စသဖြင့် အမျိုးမျိုး အသုံးချနေကြသည်။

သဘာဝဓာတ်ငွေ့ကို လောင်မြိုက်လျှင် အောက်ဆီဂျင်နှင့် ပေါင်းပြီး ကာဗွန်ဒိုင်အောက်ဆိုက်၊ ရေနှင့် စွမ်းအင်များ ထွက်ပေါ်သည်။ အတိအကျဆိုရလျှင် သဘာဝဓာတ်ငွေ့ သို့မဟုတ် မီသိန်းမော်လီကျူးတစ်လုံးသည် အောက်ဆီဂျင် အတမ်နှစ်လုံးနှင့် ပေါင်းစပ်ဓာတ်ပြုသောအခါ ကာဗွန်ဒိုင်အောက်ဆိုက်မော်လီကျူး တစ်လုံး၊ ရေမော်လီကျူးနှစ်လုံးနှင့် စွမ်းအင် ၈၉၁ ကီလိုဂျူးလ်ထွက်ပေါ်သည်။ မီသိန်းလောင်ကျွမ်းသောအခါ ကာဗွန်ဒိုင်အောက်ဆိုက်သာ ထွက်ပြီး အခြားရုပ်ကြွင်းလောင်စာများ ဖြစ်ကြသော ကာဗွန်ဒိုင်အောက်ဆိုက်အပြင် အခြား မလိုလားအပ်သော ဓာတ်များပါထွက်သည်။ သယ်ယူပို့ဆောင်ရေး ယာဉ်များတွင် သဘာဝ ဓာတ်ငွေ့ကို သုံးလျှင် ဓာတ်ဆီ၊ ဒီဇယ်ဆီတို့ကို သုံးသည်ထက် ကာဗွန်မိုနောက်ဆိုက် ၉၀ ရာခိုင်နှုန်း၊ ကာဗွန်ဒိုင်အောက်ဆိုက် ၂၅ ရာခိုင်နှုန်း၊ နိုက်ထရိုဂျင်အောက်ဆိုက် ၃၅ ရာခိုင်နှုန်း လျော့နည်း၍ ထွက်ရှိသည်။ ထို့ကြောင့် သဘာဝဓာတ်ငွေ့သည် ရုပ်ကြွင်းလောင်စာများထဲတွင် 'အသန့်ရှင်းဆုံး' ဖြစ်သည်။ သဘာဝ ဓာတ်ငွေ့သည် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် များစွာသင့်တော်သော လောင်စာအဖြစ် ထင်ရှားခဲ့သည်။

သို့သော် နောက်ပိုင်း ခေတ်စားလာသော ဟိုက်ဒရောလစ်ခွဲချေနည်းဖြင့် ယေလကျောက်မှ သဘာဝဓာတ်ငွေ့ထုတ်ယူခြင်းသည် သဘာဝ ပတ်ဝန်းကျင် ထိခိုက်မှုအများအပြားရှိသည်။ ယင်းနည်းပညာဖြင့် ဓာတ်ငွေ့ထုတ်ယူလျှင် ရေအမြောက်အမြား သုံးရသဖြင့် ရေသယံဇာတ နည်းပါးသော နေရာများတွင် သောက်သုံးရေ ရှားပါးမှုကို ပိုမိုဆိုးရွားစေနိုင်သည်။ ကျောက်များကို ခွဲချေရာတွင် နည်းစနစ်မှားယွင်းပါက သုံးသောဓာတုပစ္စည်းများသည် တွင်းထဲမှ ပြန်အံထွက်လာခြင်း၊ ပတ်ဝန်းကျင် မြေထုနှင့် ရေထုကို အဆိပ်သင့်စေနိုင်သည်။ တူးဖော်ပြီး တွင်းထဲမှ စွန့်ပစ်ရေများကို မြစ်ချောင်းများထဲ ပြန်မထည့်မီ သို့မဟုတ် အခြားနေရာများတွင် ပြန်မသုံးမီ သန့်စင်ရသည့် စရိတ်စကကြီးမားခြင်း၊ သန့်စင်ရခက်ခဲခြင်းစသည့် ပြဿနာများလည်း ရှိသည်။ အချို့နေရာများတွင် စွန့်ပစ်ရေကို တွင်းဟောင်းများထဲသို့ ပြန်မှုတ်သွင်းကြရာ မြေလွှာမတည်ငြိမ်သော နေရာများ၌ ငလျင်ငယ်များ လှုပ်ခတ်နိုင်သည့် အန္တရာယ်ရှိသည်။

**ကျော်ဦး**

# တကယ်လှတဲ့ သုံးပန်လှကျောက်

သိန်းပိုင် (M.Engg.Geol)

'သုံးပန်လှ' ဆိုသောကျောက်သည် အမည် နှင့် လိုက်ဖက်အောင်ပင် တကယ်လှပ၍ စွဲမက်ဖွယ်ကောင်းသော ကျောက်မျက်တစ်မျိုးဖြစ်သလို ထူးဆန်း၍ ရှားပါးကာ တန်ဖိုးကြီးမားသော ကျောက်မျက်တစ်မျိုးလည်း ဖြစ်ပါသည်။ ယင်း ကျောက်ကို 'သုံးပန်လှ' ကျောက်ဟု အမည်ခေါ်တွင်ရခြင်း မှာလည်း ၎င်းကျောက်သည် နေ့ခင်း နေရောင်ခြည် အောက်တွင် မြက်ခင်းစိမ်းရောင်ကို ပေး၍ ညမီးရောင်အောက်တွင် ရက်စ်ဗယ်ရီသီး အနီရောင်ကိုပေးသောကြောင့် ကျောက်၏ ထူးခြားသော အရောင်ပြောင်းခြင်းဆိုင်ရာ ဂုဏ်သတ္တိကို အစွဲပြုကာ ခေါ်ဝေါ်ကြခြင်း ဖြစ်ပါသည်။ အဖိုးတန်ကျောက်မျက် တော်တော်များများသည် သူ့အလှအပနှင့် သူ၊ သူ့ဂုဏ်သတ္တိနှင့်သူ သူ့တန်ဖိုးနှင့်သူ ရှိကြသော်လည်း ထိုကဲ့သို့ ကျောက်မျက်တစ်ခုတည်းက အခြေအနေပါမူတည်၍ လုံးဝမတူညီသော အရောင်နှစ်ခုအဖြစ် ပြောင်းလဲသွားသော ကျောက်မျက်ဆိုသည်မှာ ကျောက်မျက်လောကတွင် ထူးထူးခြားခြားနှင့် ရှားရှားပါးပါး ကိစ္စပင် ဖြစ်ပါတော့သည်။ အခြား



ကျောက်မျက်များတွင် ထိုကဲ့သို့ အရောင်ပြောင်းခြင်းများရှိတတ်သော်လည်း အရောင်အနုမှ အရင့်သို့ ပြောင်းလဲခြင်း၊ ခရမ်းရောင်မှ အပြာရောင်သို့ ပြောင်းလဲခြင်းစသည့် နီးစပ်မှုရှိသော အရောင်ပြောင်းခြင်းမျိုးသာရှိပြီး ယခုကဲ့သို့ အစိမ်းရောင်မှ လုံးဝမတူညီသော အနီရောင်သို့ ပြောင်းလဲသွားခြင်းမျိုးကား မရှိပေ။

### သမိုင်းကြောင်း

သုံးပန်လှကျောက်၏ အင်္ဂလိပ်အမည်မှာ 'အလက်ဇန္ဒရိုက်' (Alexandrit) ဟု ခေါ်ပါသည်။ အကောင်းဆုံးသော 'အလက်ဇန္ဒရိုက်' ကျောက်များကို ရုရှားနိုင်ငံယူရဲလ်တောင်တန်းများတွင် ပထမဦးဆုံး စတင်တွေ့ရှိခဲ့သည့် ၁၈၃၀ ခုနှစ်များက ရုရှားနိုင်ငံ၏ ဒုတိယမြောက် အလက်ဇန္ဒားဘုရင်ကြီးအုပ်စိုးနေစဉ် ကာလအတွင်း ဘုရင်ကြီး၏မွေးနေ့တွင် ရှာဖွေတွေ့ရှိခဲ့သောကြောင့် ဘုရင်ကြီး၏ မွေးနေ့အား ဂုဏ်ပြုသောအားဖြင့် ယင်းကျောက်မျက်ကို 'အလက်ဇန္ဒရိုက် (Alexandrit) ဟု အမည်ပေးခဲ့ခြင်းဖြစ်ပြီး မြန်မာတို့က 'သုံးပန်လှ' ကျောက်ဟု ခေါ်တွင်ခြင်း ဖြစ်ပါသည်။ သုံးပန်လှကျောက်များကို ဆိုဗီယက်ပြည်ထောင်စု၊ သီရိလင်္ကာနိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ အာဖရိကနှင့် မြန်မာနိုင်ငံ မိုးကုတ်ရတနာမြေတို့မှလည်း ထွက်ရှိသည်ကို တွေ့ရှိရပါသည်။ သုံးပန်လှကျောက်သည် ခရိုင်ဆိုဗယ်ရယ် (Chrysoberyl) အုပ်စုဝင် ကျောက်မျက်တစ်မျိုးဖြစ်ကာ ခရိုင်ဆိုဗယ်ရယ်ဟူသော အမည်သည် ဂရိဝေါဟာရမှ ဆင်းသက်လာခြင်းဖြစ်ပြီး 'ရွှေရောင်' ဟု အဓိပ္ပာယ်ရ၍ ခရိုင်ဆိုဗယ်ရယ်ကျောက်၏အရောင်သည် လှပ၍ နှစ်လိုဖွယ်ကောင်းသော ရွှေဝါရောင်ရှိပါသည်။ ၎င်းကျောက်မျက်သည် ရှေးယခင်ကတည်းက လူသိများကျော်ကြားခဲ့ကြောင်းကို ရောမစာရေးဆရာ ပလင်နီ (အေဒီ ၂၃-၇၉) မှ မှတ်တမ်းတင်ခဲ့ပါသည်။

### တစ်ပွင့်တည်းနှင့် နှစ်မျိုးဝတ်ရ

ထို့ကြောင့် 'သုံးပန်လှ' ကျောက်တစ်ပွင့်ကို ဝယ်ယူလိုက်ပါက နေ့အခါတွင် အရောင်တစ်မျိုး၊ ညအခါတွင် အရောင်တစ်မျိုးနှင့် ကျောက်တစ်ပွင့်တည်းနှင့် ကျောက်နှစ်မျိုး ဝတ်ဆင်သည်ဟုလည်း ဆိုစမှတ် ပြုကြပါသည်။ ထိုကဲ့သို့ နေ့နှင့်ညမတူဘဲ အရောင်ပြောင်းသွားခြင်းသည်ပင်လျှင် သုံးပန်လှကျောက်၏ လျှို့ဝှက်သော စွမ်းအင်သတ္တိနှင့် သဘာဝလွန်ကဲသော ဂမ္ဘီရအရည်အသွေးများဟုပင် ဆိုနိုင်ပါသည်။ ရှေးအခါက အိန္ဒိယကျောက်မျက် ကုန်သည်တို့သည် သုံးပန်လှကျောက်ကို နေရောင်ခြည်ထဲတွင် တစ်လှည့်၊ မီးခြစ်ဖြင့်တစ်လှည့် ခြစ်ကြည့်ကာ အစိမ်းရောင်မှ



အနီရောင်သို့ ပြောင်းသွားပုံကိုကြည့်၍ သဘာကျအံ့ဩခဲ့ကြပြီး ပညာရှိ သတိဖြစ်ခဲသော ကျောက်မျက်ကုန်သည်တို့၏ အဆောင်ကျောက်ဟုလည်း ဆိုနိုင်ပါသည်။ ထို့အပြင် သုံးပန်လှကျောက်သည် ရုရှားတော်ဝင်မိသားစုတို့အကြား မြတ်မြတ်နိုးနိုး တန်ဖိုးထားဝတ်ဆင်ခဲ့သော တော်ဝင်နန်းထိုက်ရတနာတစ်ပါး ဖြစ်ခဲ့ပြီး ရုရှားကျောက်မျက်ဈေးကွက်ထဲတွင် ပထမဦးစွာ နေရာယူခဲ့သော ကျောက်မျက်လည်း ဖြစ်ပါသည်။ အနောက်တိုင်းဗေဒင်ပညာတွင်လည်း ဇွန်လဖွားနှင့် ဇူလိုင်လဖွားတို့က သုံးပန်လှကျောက်ကို အဆောင်ကျောက်အဖြစ် ဝတ်ဆင်ကြသည်ဟု ဆိုပါသည်။ ၎င်းအပြင် သုံးပန်လှကျောက်သည် ခန္ဓာကိုယ်အတွင်းရှိ စွမ်းအင်များကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ခြင်း၊ ကိုယ်ခံအားကို တိုးတက်စေခြင်း၊ ပျော်ရွှင်ချမ်းမြေ့စေခြင်းနှင့် သဘာဝတရားကြီးနှင့် အပြန်အလှန် ဆက်သွယ်မှုရရှိစေရန်အတွက် အကူအညီပေးခြင်း၊ ခန္ဓာကိုယ်နှင့် စိတ်ခံစားမှုအပိုင်း စိတ်လှုပ်ရှားမှုများကို ညီညွတ်မျှတအောင် ထိန်းသိမ်းစောင့်ရှောက် ဖန်တီးပေးနိုင်ခြင်းတို့ကို ပေးစွမ်းနိုင်သည်ဟု ဆိုပါသည်။

### တွင်းထွက်ဗေဒနှင့် ဓာတုဖွဲ့စည်းပုံ

သုံးပန်လှကျောက်၏ မူရင်းအုပ်စုဖြစ်သော 'ခရိုင်ဆိုဗယ်ရယ်' တွင်းထွက်သည် 'မှန်ကူစနစ် (Rhombic System) တွင် ပုံဆောင်ပါသည်။ သဘာဝတွင် 'ခရိုင်ဆိုဗယ်ရယ်' ပုံဆောင်ခဲများကို 'အမြွှာပူးပုံဆောင်ခဲ' (Twin Crystal) များနှင့် 'ပေါင်းစပ်ပုံဆောင်ခဲ' (Combination Form) များအနေနှင့်သာ အတွေ့ရများပါသည်။ ခရိုင်ဆိုဗယ်ရယ်ကျောက်၏ ဓာတုဖွဲ့စည်းပုံသည် ဗယ်ရီလီယယ်၊ အလူမီနီယမ်အောက်ဆိုဒ် (Beryllium Aluminium Oxide) ဖြစ်ပြီး အလူမီနီယမ် (၈၀. ၂) ရာခိုင်နှုန်းနှင့် ဗယ်ရီလီယမ် (၁၉. ၈) ရာခိုင်နှုန်း ပါဝင်သည်။ ခရိုင်ဆိုဗယ်ရယ်ကို သဘာဝတွင် သန့်စင်သော အခြေအနေဖြင့် မတွေ့ရပေ။ အများအားဖြင့် သံဓာတ်အနည်းငယ်ပါဝင်နေပြီး အလူမီနီယမ်ဒြပ်စင်အနည်းငယ်အစား ဖဲရစ်သံဒြပ်စင်နှင့် ခရိုမီယမ်ဒြပ်စင်တို့ ပါဝင်နေတတ်ပြီး ဗယ်ရီလီယမ်ဒြပ်စင်အစား ဖဲရစ်သံဒြပ်စင် ပါဝင်နေကြောင်း တွေ့ရတတ်ပါသည်။ တစ်ခါတစ်ရံတွင် တိုင်တေနီယမ်ဒြပ်စင်များလည်း ပါဝင်နေတတ်ပါသည်။

ခရိုင်ဆိုဗယ်ရယ်သည် ယင်း၏ အခြေခံဓာတ်ဖွဲ့စည်းမှုတွင် သံ၊ ခရိုမီယမ်နှင့် ဗနေဒီယမ်စသည့်



ဖြပ်စင်များ ရောနှောပါဝင်နေမှုကြောင့် အရောင် အမျိုးမျိုးရှိပါသည်။ အများအားဖြင့် အစိမ်းရောင် သန်းသောအဝါနှင့် အညိုရောင်များ ဖြစ်တတ်ပါ သည်။ သုံးပန်လှကျောက်၏ အရောင်ပြောင်းခြင်း ဂုဏ်သတ္တိသည် ခရိုမီယမ်နှင့် ဗနေဒီယမ်ဖြပ်စင် တို့ ပါဝင်နေမှုကြောင့်ဖြစ်သော အရောင်များ ဖြစ်ပါသည်။ ထို့ကြောင့် ယင်းတို့၏ ထူးခြားသော အလင်းဂုဏ်သတ္တိနှင့် ရှားပါးမှုတို့ကြောင့် တန်ဖိုး ကြီးမားသော ကျောက်မျက်ရတနာများ ဖြစ်လာ ရပါသည်။

ခရိုင်ဆိုဗယ်ရယ်ကျောက်သည် တတိယ အမာဆုံး သဘာဝတွင်းထွက်ဖြစ်၍ 'မိုး' ၏ မာဆင့်စကေး (Mohr's Hardness Scale) အရ ၈. ၅ ရှိပါသည်။ ခရိုင်ဆိုဗယ်ရယ် တွင်းထွက်တွင် 'ကွဲအင်' (Cleavage) သုံးစုံရှိပြီး ယင်းတို့ကို ထင်ရှားစွာ မမြင်ရသော်လည်း 'ခရုပတ်အက်ရာ' ကိုမူ ထင်ရှားစွာ တွေ့မြင်ရပါသည်။ 'ရောင်လက်' (Lust re) မှာ 'ဖန်ရောင်လက်' (Vitreous Lustre) ဖြစ်ပြီး သဘာဝတွင် အလင်းပေါက် (Transparent)၊ အလင်းမှုန် (Translucent) နှင့် အလင်းပိတ် (Opague) သုံးမျိုးစလုံးကို တွေ့ရှိနိုင်ပါသည်။ ခရိုင်ဆိုဗယ်ရယ် တွင်းထွက်၏ သိပ်သည်းဆမှာ (၃. ၇၁) မှ (၃. ၇၂) ကြားတွင် အမြဲရှိတတ်ပြီး အလင်းယိုင်ညွှန်းကိန်းမှာလည်း အလင်းဝင်ရိုးများအပေါ် မူတည်၍ (၁. ၇၄၄) မှ (၁. ၇၇၀) အထိရှိပြီး ထွက်ရှိရာဒေသနှင့် ကျောက်၏ အရောင်ပေါ်မူတည်၍ အနည်းငယ် ကွဲပြားမှုရှိနိုင်ပါသည်။ ထို့အပြင် ခရိုင်ဆိုဗယ်ရယ် တွင်းထွက်တွင် အပ်ချောင်းပုံအောင်းဝင် (Inclusion) များ၊ အမျှင်နှင့် ငှက်မွေးပုံအောင်း ဝင်များအပြင် အရည်ဖြင့်ပြည့်နေသော အပေါက် ကလေးများနှင့် အရည်ထဲတွင် လေပူဖောင်းလေး များကိုပါ တွေ့ရှိရတတ်ပါသည်။

**သုံးပန်လှ၏ မျိုးကွဲကျောက်**

သုံးပန်လှကျောက်၏ နောက်ထပ်မျိုးကွဲ ကျောက်တစ်မျိုးမှာ 'သီလဂုတ်ကြောင်ကျောက်' (Cat's eye) ဖြစ်ပြီး ဒုတိယတန်ဖိုး အမြင့်ဆုံး ခရိုင်ဆိုဗယ်ရယ်တွင်းထွက်ဖြစ်ကာ အဝါရောင် သန်းသော ခပ်စိမ်းစိမ်းအရောင်နှင့် အညိုရောင် သန်းသော အဝါရောင်ရှိသည့် ကျောက်မျက် တစ်မျိုးဖြစ်ပါသည်။ တော်ဝင်နန်းထိုက် မြန်မာ့ ရိုးရာအစဉ်အလာ နဝရတ်ကိုးပါးတွင် ထည့်သွင်း အသုံးပြုသော 'ကြောင်ကျောက်သည်' 'သီလဂုတ်' အမျိုးအစား 'ကြောင်ကျောက်' ဖြစ်မှသာလျှင် နဝရတ်ကိုးပါး၏ စာဆိုနှင့်အညီ 'သိဒ္ဓိဝင်သော ကြောင်ကျောက်' ဖြစ်ပြီး မြန်မာတို့က 'သီလဂုတ် ကြောင်၊ ပြည့်ပုပ်ရောင်' ဟုပင် 'သီလဂုတ် ကြောင်ကျောက်' ၏ သိဒ္ဓိဝင်အရောင်ကို 'စာချိုး' ထားရှိခဲ့ပေသည်။ (အခြားသော 'ကြောင်ကျောက်' အမျိုးအစား အမျိုးမျိုးရှိသော်လည်း နဝရတ်ကိုးပါးတွင် ထည့်သွင်းအသုံးပြုပါက စာဆိုနှင့်မညီတော့ဘဲ သိဒ္ဓိဝင် 'ကြောင်ကျောက်' လည်း မဖြစ်တော့ပါ)




'ကြောင်ကျောက်' ဟု ခေါ်ဆိုရခြင်းမှာ ယင်းကျောက်ကို လုံးချောသွေးပြီး အလင်းရောင် အောက်တွင် ကြည့်သောအခါ (သို့) လုံးချော ကျောက်၏ အပေါ်ဘက် မျက်နှာပြင်တည့်တည့်မှ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သောအခါ ခုံးနေသော ကျောက်၏ မျက်နှာပြင်ပေါ်တွင် အဖြူရောင်အလင်းတန်း အစင်းကြောင်း တစ်ခုကို မြင်ရပြီး ကြောင်မျက်လုံးနှင့် ဆင်တူသဖြင့် ကြောင်မျက်လုံး (သို့) ကြောင်ကျောက်ဟု ခေါ်ဝေါ်ခြင်းဖြစ်ပါသည်။ ကြောင်ကျောက်သည်လည်း သုံးပန်လှကျောက်ကဲ့သို့ပင် ဂမ္ဘီရအစွမ်း သတ္တိများ ကိန်းအောင်းနေသည်ဟု ယုံကြည်ကြ ပြီး ရှေးခေတ် အာဆီရီးယန်းလူမျိုးတို့သည် သူတို့ ၏ နတ်ဘုရားရုပ်တုများတွင် ကြောင်ကျောက် မျိုးစုံကို အသုံးပြုခဲ့ကြပြီး သမိုင်းတစ်လျှောက် လူအမျိုးမျိုးတို့က ကြောင်ကျောက်တွင် စုန်း၊ ကဝေများကို ညှို့ယူဖမ်းစားပြီး ခြောက်လှန့်နိုင် သည့် အစွမ်းသတ္တိများ ကိန်းအောင်းနေသည်ဟု ယုံကြည်ကြပါသည်။ အိန္ဒိယနိုင်ငံတွင်လည်း ကြောင်ကျောက်သည် ချမ်းသာခြင်းများကို ဆောင်ကြဉ်းလာသူအဖြစ် အလွန်တန်ဖိုးထားပြီး ငွေကြေးခနများ ဆုံးရှုံးပျက်စီး သွားခြင်းမှ အကာ အကွယ်ပေးသော ကျောက် အဖြစ်ဆောင်လေ့ ရှိကြပါသည်။ ကြောင်ကျောက်သည် ဟာသဉာဏ် ကို ရွှင်စေရုံမက အာရှတိုက်တွင် အထူး သဖြင့် အိန္ဒိယနိုင်ငံ၌ ကြောင်ကျောက်သည် ကလေး မွေးဖွားရခက်သူများအတွက် လွယ်လွယ် ကူကူနှင့် လျင်လျင်မြန်မြန် မွေးဖွားစေနိုင်သည်ဟု ယုံကြည် ကြပြီး ကြောင်ကျောက်ကို မိခင်လောင်းများ၏ ဆံပင်တွင် ချည်နှောင်ထားလေ့ရှိသည်ဟု ဆိုပါ သည်။ ချောင်းခြောက် တဟွပ်ဟွပ်ဆိုးနေသော ကလေးများ၏ လည်ပင်းတွင်လည်း ကြောင် ကျောက်ကို ဆွဲပေးထားခြင်းဖြင့် သလိပ်ပျော်၍ ချောင်းဆိုးခြင်း ကို သက်သာစေသည်ဟု ဆိုပါ သည်။ ကြောင်ကျောက်သည် ကလေးများအား မကောင်းမှုဒုစရိုက်များမှ အကာ အကွယ်ပေးပြီး ကြောင်ကျောက်ကို မီးရှို့ပြာချပြီး အမှုန့်ထောင်း ၍ တိုက်ကျွေးပါက နာရည်ယိုခြင်း၊ မျက်ရည် ယိုခြင်းတို့ကို ကုသနိုင်သလို 'သွား' များ ကို ယင်း အမှုန့်များဖြင့် တိုက်ပေးပါကလည်း သန့်ရှင်း စင်ကြယ်စေပြီး 'သွား'များကို ခိုင်မာစေသည်ဟု ဆိုပါသည်။ အနာဟောင်း၊ အနာဆွေးများကို လည်း ယင်းအမှုန့်ဖြင့် သိပ်ပေးခြင်းအားဖြင့် အသားနုတက်ကာ အနာများကို ပျောက်ကင်းစေ သည်ဟု ပြောပါသည်။

**သိန်းဝိုင် (M,Engg.Geol)**



# ကျားမတန်းတူ အခွင့်အရေးအလိုရှိသူ မေရီအဲနီ ၊ သို့မဟုတ် ၊ ဂျော့ဂျ် အီလီရော့ယ်

FLORIST

၁၈၁၉ ခုနှစ် နိုဝင်ဘာလ ၂၂ရက်နေ့တွင် အင်္ဂလန်နိုင်ငံ ဝါးဝစ်ခ်ရှိုင်းယားမှာ ဖခင်ရောဘတ် အီဗင်နှင့် မိခင်ခရစ်တီယာနာ ပီရာဆင်တို့မှ မေရီအဲနီ သို့မဟုတ် မေရီအဲန် သို့မဟုတ် မာရီယန်အီဗင် ခေါ် စာရေးဆရာ ဂျော့ဂျ်အီလီရော့ယ်ကို ဖွားမြင်သည်။ မွေးချင်းလေးယောက်ရှိရာ ခရစ်တီယာနာ၊ အိုင်ဇက်၊ ရောဘတ်၊ ဖန်နီတို့ ဖြစ်သည်။

၁၈၈၀ ခုနှစ် ဒီဇင်ဘာ ၂၂ ရက် အသက် ၆၁ နှစ်တွင် လန်ဒန်မြို့ ချဲလ်ဆီးဒေသနေအိမ်မှာ ကွယ်လွန်သည်။

သူမက အမျိုးသားတစ်ယောက်အသွင်နဲ့ ဂျော့ဂျ်အီလီရော့ထ်အမည်ယူကာ ဗိတိုရိယခေတ်ကို ဦးဆောင်သူ ဝတ္ထုရေးဆရာ သတင်းစာဆရာ ဘာသာပြန်ဆရာအဖြစ် ရပ်တည်ထင်ရှားခဲ့သည်။

၁၈၆၀ မှာ ..The Mill on the Floss ၊ 1861 မှာ . . . Silas Marner (တက္ကသိုလ်ဝင်သင်တန်းမှာ တစ်ခါက ပြဋ္ဌာန်းခဲ့ဖူးတယ်။) ၁၈၇၁ - ၇၂ တို့ မှာ Middlemarch ၊ ၁၈၇၆ မှာ Daniel Derond ၊ ၁၈၅၉ မှာ Adam Bede စတဲ့ဝတ္ထုတွေ အပါအဝင် ဝတ္ထု ၇ အုပ်ရေးသား ခဲ့သည်။

♦

အမျိုးသမီးတစ်ဦးရဲ့ ရှုထောင့်ကနေကြည့်ပြီး ကျားမတန်းတူ အခွင့်အရေးရလိုတဲ့ အမျိုးသမီးဝါဒကို ထောက်ခံအားပေးသူ မေရီအဲနီဟာ ကလောင်နဲ့ တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့သူ ဖြစ်တယ်။ သူမရဲ့ကလောင်အမည်ကို ယောကျ်ားတစ်ယောက်အသွင် ယူခဲ့ရခြင်းကို သူမက ခုလိုပြောလိုက်တယ်။

"များသောအားဖြင့် အမျိုးသမီးစာရေးဆရာမတွေဟာ သူတို့ရဲ့ ကိုယ်ပိုင်နာမည်အောက်မှာ စာအုပ်တွေကို ပုံနှိပ်ထုတ်ဝေကြတယ်။ ဒါပေမဲ့ ကျွန်မကတော့ သမားရိုးကျ အပျော်ဖတ် ပေါ့ပေါ့ပါးပါး အချစ်ဝတ္ထုဇာတ်လမ်းတွေကနေ ဖောက်ထွက်ပြီး 'ဂျော့ဂျ် အီလီရော့ထ်' အမည်နဲ့ ရေးသားချင်ပါတယ်။ ကျွန်မ သုံးလိုက်တဲ့ နာမည်က ကျွန်မရဲ့ ကိုယ်ပိုင်ဘဝတစ်ခုကို အကွယ်အကာပေးနိုင်မယ့် ဒိုင်းလွှားလို အားကိုးနိုင်ရမယ်။ ကျွန်မ အနှစ် ၂၀ ကျော်အတူနေခဲ့တဲ့ ဂျော့ဂျ် ဟင်နရီလူးဝစ်ကို လက်ထပ်ခဲ့တော့ လူတွေက ပြောချင်ကြတယ်လေ" တဲ့။

မေရီအဲန်အီဗင်ဟာ လယ်ယာလုပ်ကိုင်သူ ရောဘတ်နှင့် ခရစ်တီယာနာတို့ရဲ့ တတိယမြောက် ကလေးပါ။ တစ်ခါတစ်ရံ သူမကို အတိုကောက် မာရီယန်လို့ ခေါ်ကြတယ်။ သူမရဲ့ ရုပ်ရည်ရူပကာက တင့်တယ်လှပမှု မရှိပေမဲ့ ခရစ်ယန် သီလရှင်ကျောင်းမှာ အဆင့်ဆင့် ပညာသင်ခဲ့နိုင်ပြီး စာဂျပိုးတစ်ယောက်လည်း ဖြစ်တယ်။

စာဖတ်ခြင်းမှာ အလွန်နှံ့မင် နှစ်ခြိုက်သူ အသိဉာဏ်ကြွယ်ဝသူပါ။ ဖခင်ထံမှ အထောက်အပံ့ရရှိတဲ့အတွက် အသက် ၅ နှစ်မှ ၉ နှစ်အတွင်း အစ်မဖြစ်သူ ခရစ္စတီယာနာနှင့်အတူ၊ မစ်(စ်)လက်ဟာမ်ကျောင်း အသက် ၉နှစ်မှ ၁၃နှစ်အထိ မစ္စစ်ဝယ်လင်တန်ကျောင်း။ အသက် ၁၃ နှစ်မှ ၁၆ နှစ်အထိ ကိုဗဲ(န်)ထရီ မြို့အနီးရှိ မစ်(စ်)ဖရန့်ကလင်ကျောင်း စသည်တို့မှာ ပညာရှာမှီးခွင့်ရရှိခဲ့ပြီး ဧဝံဂေလိ ခရစ်ယာန်အသင်းဝင် ဖြစ်ခဲ့တယ်။

ဖခင်က အာဗျူရီဟောနယ်မြေကို အုပ်ချုပ်ရတဲ့ ဝေလနယ်သားမျိုးရိုးဖြစ်လို့ ဩဇာရှိသည့်အလျောက် အာဗျူရီဟောစာကြည့်တိုက်မှာ စိတ်တိုင်းကျ လေ့လာနိုင်ခွင့်ရရှိပြီး ဆဲ့လ်ဖ်အက်ဂျူကေးရှန် ခေါ် မိမိဘာသာ ပညာရှာခြင်းဖြင့်လည်း သူမဘဝကို သူမကိုယ်တိုင် မြှင့်တင်နိုင်ခဲ့သူ ဖြစ်တယ်။ သူမရဲ့စာပေတွေမှာ ဘာသာရေးနှင့် ကြေကွဲဖွယ် ဂရိဇာတ်လမ်းလေးများ ထုံမွမ်း လွှမ်းမိုးထားတယ်လို့ လေ့လာသူအချို့က ဆိုပါတယ်။ သူမအသက် ၁၆ နှစ် ၁၈၆၃ ခုနှစ် မိခင်သေဆုံးချိန်မှာ အိမ်ရှင်မရာထူးယူဖို့ ကျောင်းစာသင်ခန်းကနေ အိမ်ကိုပြန်လာရတယ်။ ဒါပေမဲ့ သူမဟာ စာပေကို ချစ်မြတ်နိုးသူဖြစ်တဲ့အတိုင်း သူမရဲ့ကျူတာမာရီယာလူးဝစ်ထံမှ အဝေးသင် စာပေးစာယူပို့ချမှုဖြင့် ပညာ ဆက်လက်သင်ယူခဲ့တယ်။

အသက် ၂၁ မှာ အစ်ကိုဖြစ်သူ အိမ်ထောင်ပြုသွားချိန်မှာ ဖခင်နဲ့အတူ ကိုဗဲန်ထရီမြို့အနီး ဖောလစ်ဟင်းလ်သို့ ပြောင်းရွှေ့နေထိုင်ကြတယ်။

နေရာသစ် ပတ်ဝန်းကျင်အသစ်မှာ စီးပွားပျော်ရွှင်ကြရင်း ပရဟိတလုပ်ငန်းများ လုပ်ကိုင်သူ စာသင်ကျောင်းများ ဆောက်လုပ်လှူဒါန်းသူ ဖဲပြားစက်ရုံ ပိုင်ရှင်သူဌေး ချား(လ်)ဘရေးနဲ့ တွေ့ဆုံခဲ့တယ်။ နေရာသစ်မှာ မိတ်ဆွေသစ်တွေနဲ့ ရင်းနှီးကျွမ်းဝင်လာရင်း ဘာသာရေးနယ်ပယ်အတွင်း လွတ်လပ်စွာတွေးခေါ်မှုတွေ ရှိလာတယ်။ ဘာသာရေးအပေါ် သံသယစိတ်တွေ ဝင်ခဲ့တယ်။ လမ်းဟောင်းကို သူမ မလိုက်လိုဘူး။ တိုးတက်သောအဟုန် တရွေ့ရွေ့တက်သော အဆင့်ဆင့်တွေးခေါ်မှုတွေနဲ့ တိုးတက်ဝါဒီသမားဖြစ်လာတယ်။ အခြေခံကျကျ အရင်းအမြစ်ကျကျ ဆန်းသစ်တဲ့ အမြင်မျိုး မြင်တတ်လာတယ်။ ဘယ်သူ့အိမ်ဟာ ဘယ်သူတွေအတွက် ကောင်းကင်ဘုံဖြစ်သလဲ ဘယ်သူကဘာတွေ ဖန်ဆင်းနိုင်သလဲ စတာတွေ တွေးခေါ်လာတယ်။

ချားလ်ဘရေးအိမ်မှာ ရောဘတ်အိုဝင်၊ ဟားဗတ်စပင်ဆာ၊ ဟားရိတ်မာတင်နျူး၊ ရယ်လ်ပေါ်လ်ဒိုအီမားဆင်တို့နဲ့ ဆွေးနွေးကြတယ်။ ဒီလိုမိတ်ဆွေများနဲ့အတူ ဘဝကို ဖြတ်သန်းနေရာကပိုပြီး လစ်ဘရယ်ကျတဲ့ 'ထာဝရဘုရားနဲ့ ဘာသာရေး ယုံကြည်မှုဆိုင်ရာ စူးစမ်းလေ့လာမှု ပညာ ကျွမ်းကျင်သူ စာရေးဆရာများဖြစ်တဲ့ 'David Strauss' 'Ludwig Feuerbach' တို့နဲ့ သမ္မာ ကျမ်းလာ ပုံပြင်ဝတ္ထုများ မှန်ကန်မှု ရှိနိုင် မရှိနိုင် ဖြစ်နိုင်၊ မဖြစ်နိုင် ဆွေးနွေးတွေးခေါ်ကြတယ်။

ပထမဦးစွာ Life of Jesus (၁၈၄၆ ခုနှစ်)ကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့တယ်။ ဒီလို ဘာသာရေး ဝေဖန်မှုများကြောင့် သူမဖခင်ဟာ ပြင်းစွာတုန်လှုပ်ခြောက်ခြားပြီး သူမကို နှင်ထုတ် ခဲ့တယ်။ သူမအသက် ၃၀ မှာ ဖခင်ကွယ်လွန်ခဲ့တာကြောင့် ၅ ရက်အကြာမှာ သူမဟာ ချားလ်ဘရေးနဲ့အတူဆွစ်ဇာလန်နိုင်ငံကို ခရီးစတင် ထွက်ခွာခဲ့တယ်။ ဂျာနီဗာမှာ သူမတစ်ယောက် တည်းနေခဲ့ဖို့ ဆုံးဖြတ်ပြီး ယူအဲန်အဆောက်အဦ အနီးမှာ နေထိုင်ခဲ့ပေမဲ့ ၁၈၅၀ ခုနှစ်မှာ အင်္ဂလန်ကို ပြန်လာပြီး လန်ဒန်က ဂျွန်ချက်ပ်မင်း အိမ်မှာပဲ အခြေချနေ ထိုင်ခဲ့တယ်။ စာရေးဆရာလည်း ဖြစ်လာပါပြီ။ သူမကိုယ်သူမ မာရီယန်အီဗင်လို့ တွင်စေတယ်။ ၁၈၅၁ ခုနှစ်မှာ ဂျွန်ချက်ပလင်းတည်ထောင် တဲ့ ဝက်စမင်စတား ရီဗျူးဂျာနယ်ရဲ့ လက်ထောက်အယ်ဒီ တာဖြစ်လာပါတယ်။ ဂျွန်ချက်ပလင်းက အယ်ဒီတာအမည် ခံယူထားပေမဲ့ ဂျာနယ်ကိစ္စအဝဝနဲ့ အဓိကပင်တိုင်ဆောင်းပါးများ၊ အယ်ဒီတာ အမြင်စသည် သူမကပဲ တာဝန်ယူရေး သားပေးရသူ ဖြစ်တယ်။ သို့သော်လည်း ၁၉၅၂ ခုနှစ်က လက်တွဲခဲ့တဲ့ သူတို့နှစ်ဦးရဲ့ စာပေခရီးစဉ်က ၁၉၅၄ ခုနှစ်မှာပဲ ပြိုကွဲသွားခဲ့ရတယ်။ အဲဒီခေတ် အဲဒီအချိန်တုန်းက မိန်းမစာရေးဆရာများ ရှားပါးလှတာ မဟုတ်ပေမဲ့ သူမလို မိန်းမတစ်ယောက်အနေဖြင့် စာကြည့် တိုက်လုပ်ငန်းမှာ ဦးဆောင်ဦးရွက်ပြုရသူ မရှိ သလောက်ရှားပါတယ်။



၁၈၅၁ ခုနှစ်မှာ ဒဿနိကပညာရှင် ဂျော့ဟင်နရီလူးဝစ်နဲ့ တွေ့ဆုံပြီး အတူနေထိုင်ခဲ့ကြ တယ်။ ကလေးသုံးယောက်ရပြီးချိန်မှာ သူတို့နှစ်ဦး အတည်ပြု လက်ထပ်ခဲ့ကြတယ်။ ဂျာမဏီကို သူတို့နှစ်ဦး ဟန်းနီးမွန်းထွက်ပါတယ်။ သူမအမည်ဟာလည်း မာရီယန်အီဗဲန် လူးဝစ်လို့ တွင်သွားတယ်။

သူမဟာ Feuerbach's Essence of Christianity နဲ့ Baruch Spin0za's Ethics 1856 စတဲ့ စာအုပ်များ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သော်လည်း သူမတစ်သက် ပုံနှိပ်ထုတ်ဝေ ခြင်း မပြုခဲ့ရသေးပါဘူး။

၁၈၇၈ ခုနှစ် ခင်ပွန်းသည် ဂျော့လူးဝစ် ကွယ်လွန်ပြီးနောက် ၂

နှစ်မျှ အလုပ်တွင် စိတ်နှစ် လုပ်ကိုင်ရင်း သူမထက် အသက် ၂၀ ငယ်သူ ဝှန်ခရော့စ်နဲ့ ဒုတိယအိမ်ထောင်ထူပြီး လက်ထပ် ခဲ့ရာမှာ ဟန်နီးမွန်းကာလအတွင်း ဝှန်ခရော့စ်ဟာ နားလည်ရခက်စွာ ဟိုတယ်လသာဆောင်မှ ပြုတ်ကျ (သို့မဟုတ်) ခုန်ချပြီး ဗင်းနစ်မြို့က တူးမြောင်းတစ်ခုအတွင်း ကျဆင်းနစ်မြုပ်ခဲ့တယ်။ ဒါပေမဲ့ သူ မသေပါဘူး။ သူတို့အင်္ဂလန်ကို ပြန်လာကြတယ်။ ချယ်(လ်) ဆီးနေအိမ်အသစ်မှာ နေထိုင်ကြရင်း သူမ အပြင်းဖျားခဲ့တယ်။ ကျောက်ကပ်ရောဂါ၊ လည်ချောင်းရောဂါနဲ့ အသက်ရှူလမ်းကြောင်းရောဂါတွေ ဝင်ရောက်လာကာ အသက် ၆၁ နှစ်မှာ ကွယ်လွန်ခဲ့ပါတယ်။

သူမရဲ့ ကြွင်းကျန်ရစ်တဲ့ ရုပ်အလောင်းကို သင်္ဂြိုဟ်မြှုပ်နှံဖို့ (ခရစ်ယာန်ယုံကြည်မှုအယူဝါဒကို ငြင်းပယ်တဲ့အတွက်) ဝက်စမင်စတာ အဘေးဘုရားကျောင်းက ခွင့်မပြုပါဘူး။ ကား(လ်)မတ်အထိမ်းအမှတ်အုတ်ဂူအနီး အရှေ့ဟိုက်ဂိတ်သုသာန်မှာ မြှုပ်နှံခဲ့တယ်။ အလားတူ ခင်ပွန်းလူးဝှစ်ကိုလည်း မြှုပ်နှံခဲ့တယ်။ (၁၉၈၀ ခုနှစ်မှာတော့ သူမနှစ်တစ်ရာပြည့်ပွဲမှာ အထိမ်းအမှတ် ကျောက်တိုင်တစ်ခု စိုက်ထူခဲ့တယ်။)

သူမကို ဂုဏ်ပြုတဲ့အနေနဲ့ 'ဂျော့အီလီရော့ထ်စာသင်ကျောင်း၊ မစ်ဒင်းမတ်ချ်ဂျူနီယာ စာသင်ကျောင်းများထူထောင်ပြီး နျူနီယာတန်အင်မာဂျင်စီဆေးရုံကို ဂျော့အီလီရော့ထ်ဆေးရုံလို့ အမည်ပြောင်းလဲ မှည့်ခေါ်စေတယ်။ သူမရဲ့ရုပ်တုကိုတော့ နျူနီယာတန်မြို့ နယူးဒီဂိတ်လမ်းနဲ့ ပြတိုက်အနုပညာခန်းမ စသည်တို့မှာ ထားရှိတာတွေ့နိုင်တယ်။ မော်တော်ဆိုင်ကယ်ထုတ်လုပ်သူ ဝှန်ဘရစ်ချ်ကလည်း သူမ ကွယ်လွန်ပြီးချိန်မှာ မော်တော်ဆိုင်ကယ်အမည်ကို ပြောင်းလဲဂုဏ်ပြုခဲ့တယ်။

သူမရဲ့ စာရေးသက်တမ်းတစ်လျှောက်မှာ သူမကလောင်ဟာ အလွန်သွက်လက်ချက်ချာမှု ရှိခဲ့တယ်။ Adam bede, The Mill on the Floss နှင့် Silas Marner စသည်တို့မှာ လူမှုဝန်းကျင် ဖိနှိပ်ကန့်သတ်မှုများကို ပြောင်မြောက်စွာ တင်ပြ ခဲ့ပြီး Felix Holt, the Radical နဲ့ The Legend of Jubal စာအုပ်တို့မှာ နိုင်ငံရေးသဘောတရားများ ပြောင်ကျကျ ဝေဖန်ရေးသားခဲ့တယ်။ Middlemarch မှာတော့ ခေတ်မီဆန်းပြားတဲ့ အတွေးအခေါ်များကို ညွှန်ပြပြီး စိတ်ဓာတ်ခွန်အားမြင့်တင်ပေးတဲ့သဘော သက်ဝင်နေတယ်။ ၁၈၃၂ ခုနှစ် Reform Bill အကြိုကာလအတွင်း အင်္ဂလိပ်တောမြို့ကလေးတစ်မြို့မှာ မှီတင်းနေထိုင်ကြသူ ကျေးလက်ဒေသပုံစံ လူ့အဖွဲ့အစည်းအကြောင်းကို ပီပီပြင်ပြင် ရေးဖွဲ့ထားတာဖြစ်တယ်။ ကျေးလက်စာဖတ်သူများက သူမရဲ့စူးရှထက်မြက်တဲ့ အတွေးအခေါ် အယူအဆတွေ၊ အတွေးရဲရဲ အရေးရဲရဲနှင့် ပိုင်နိုင်တဲ့ သရုပ်ဖော်ချက်တွေကို ကြိုက်နှစ်သက်ကြတယ်။ သာမန် သူလို ငါလို နေသွားကြတတ်တဲ့ လူ့ဘောင်အဖွဲ့အစည်းကြားမှ သူမတွေ့ကြုံခဲ့ရသည့် ယုံကြည်မှု သဘောတရားများမှာ Wordswarth နှင့်လည်း တူမျှမှုရှိခဲ့တယ်။

သူမဟာ မိန်းမတွေရဲ့ အခွင့်အရေး မညီမျှမှု ဖိနှိပ်မှု၊ ပစ်ပယ်မှု၊ လျစ်လျူရှုခံရမှု၊ ဆုံးရှုံးမှုစတာတို့ကို ပြည့်ပြည့်စုံစုံ ဖော်ထုတ်ပြသခဲ့တယ်။အမျိုးသမီးထုဟာ အရွယ်ရောက်လာလျှင် သမီးဘဝ၊ ဇနီးဘဝ၊ မိခင်ဘဝ၊ အိမ်ရှင်မဘဝစသည် သမားရိုးကျ ပုံစံခွက်ထဲက ရုန်းထွက်နိုင်ရမယ်လို့ ဆော်ဩထားတယ်။ သူမရဲ့စာအုပ်တွေကို ရုပ်ရှင် ရုပ်မြင်သံကြားစတာတို့မှ သင့်လျော်သလို ပြုပြင်တင်ဆက်ခြင်းဖြင့် လူထုအကြား ပျံ့နှံ့စေနိုင်ခဲ့တယ်။ ၁၈ ရာစု မတိုင်မီကပင် အမျိုးသမီးများဟာ ကျားမတန်းတူ အခွင့်အရေး မျှော်လင့်တောင့်တခဲ့ကြတယ်။ စွမ်းနိုင်သလောက်လည်း အခွင့်အရေး တောင်းဆိုခဲ့ကြတယ်။ ဒီလိုအမျိုးသမီးဝါဒ တောင်းဆိုမှုများကို အားပေးထောက်ခံသူများလည်း အတော်များများ ပေါ်ထွက်ခဲ့တယ်။

## ဗြိတိန်နိုင်ငံ

၂၁ ရာစုမှာတော့ ကျား၊ မတန်းတူ အခွင့်အရေးတွေ ရရှိနေပြီလို့ ဆိုရမှာဖြစ်ပါတယ်။ ၁၉ ရာစုနှစ် ၂၀ ရာစုနှစ် ကတည်းကပင် တော်တော်လေး အပြောင်းအလဲတွေ ရှိလာတာပါ။ ဥပမာအားဖြင့် ဥပဒေအရ တူညီတဲ့လုပ်ခလစာများ ရရှိကြပါတယ်။ မိန်းမတွေရဲ့ တာဝန်ဟာ အများအားဖြင့် အိမ်ထောင်စုတစ်ခုမှာ ကလေး မွေးဖွားရခြင်း။ သူနာပြုစုရခြင်း၊ မိခင်အဖြစ် ဇနီးအဖြစ် ရပ်တည်ရခြင်း၊ အိမ်နီးချင်းများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ ကျောင်းဆရာများစသည့် ဖြစ်တည်ရခြင်းများ တိုးတက်ဖြစ်ထွန်းလာတယ်။ စစ်ပွဲကာလအတွင်းမှာ အမျိုးသမီးများ အိမ်တွင်းလုပ်ငန်းသာမကဘဲ ဈေးဆိုင်ကနားများမှာ ကုန်ထုတ်စက်ရုံများမှာ အမျိုးသားများကဲ့သို့ တာဝန်ယူဆောင်ရွက်ခွင့် ရရှိလာတယ်။ ဒါပေမဲ့လည်း ဒါဟာ အမြဲတမ်း အလုပ်ရရှိကြတာ မဟုတ်ပါဘူး။ စစ်ပွဲကာလများမှာပါ။ နောက်ပိုင်း မိမိတို့အိမ်တွင်းလုပ်ငန်းရှိရာကိုသာ ပြန်လည်သွားရောက်ကြရတယ်။ စကော့တစ်ရှ် အမျိုးသမီးများမှာတော့ ၁၉ ရာစုနှစ်နဲ့ ၂၀ ရာစုနှစ်အစောပိုင်း ၁၉၈၀ ခုနှစ်တိုင် တိုးတက်မှု သိပ်မရှိလှပါဘူး။


## ပြင်သစ်

ပြင်သစ်မှာကျတော့ တုနှိုင်းမရှိလို့ ဆိုရပါလိမ့်မယ်။ အမျိုးသမီးလေးများ စကောလားရှစ်ပညာသင်ဆုကို ကျယ်ပြန့်စွာ ရရှိနေပါပြီ။ တက္ကသိုလ်နှင့် ညီမျှတဲ့ ဌာနတွေမှာ ပညာလေ့လာဆည်းပူးခွင့်ရှိပါတယ်။ မိန်းမများအနေဖြင့် နည်းနည်းတော့ ချို့တဲ့အားနည်းမှုရှိနေသေးပေမဲ့ ပြင်သစ်လူ့ဘောင်အဖွဲ့အစည်းမှာက တော်တော်ကို စိတ်ဝင်စားမှု ရှိနေကြတာပါ။ ဒါ့အပြင် တိုင်းပြည် အုပ်ချုပ်မင်းလုပ်ခွင့်ရတဲ့ ဘုရင်မများဟာ ကက်သလစ် ခရစ်ယန် သီလရှင်ကျောင်းများရဲ့ နာယကများလည်း ဖြစ်ပါတယ်။ တစ်ခါတစ်ရံ ဘုရင်ပေါက်စကလေးများကို မိခင်က ရင်ခွင်ပိုက် အုပ်ချုပ်ကြရာမှာ အမျိုးသမီးများ ထိပ်ဆုံးကို ရောက်ရှိခဲ့ကြတာလည်းရှိပါတယ်။ အရာရာကို နက်နက်နဲနဲ တွေးခေါ်တတ်သူ အဘိဓမ္မာဆရာကြီး ဂျိန်းဂျက်ကွီရောက်ဆီယူက မိန်းမများရဲ့ ဖွဲ့စည်းတည်ဆောက်ပုံ အစဉ်အလာက အိမ်တွင်းမှု လုပ်ငန်းများနှင့်သာ ဆက်စပ်သက်ဆိုင်နေတယ်ဆိုပေမဲ့ ဒါဟာလည်း ခေတ်မီလူ့ဘောင်အဖွဲ့အစည်းတစ်ခု ထူထောင်ဖို့ အမျိုးသမီးများကသာ စွမ်းနိုင်လုပ်နိုင်ခွင့်ရှိတဲ့ အခြေခံတစ်ရပ်ပဲ ဖြစ်တယ်လို့ နှစ်သိမ့်ခဲ့တယ်။ မိန်းကလေးများအတွက် ပညာသင်ကြားခွင့်ရသော်လည်း ပါတီနိုင်ငံရေးနဲ့ ပတ်သက်ခွင့် မရပါဘူး။ ပြင်သစ်မှာက ဒေသဆိုင်ရာ စာသင်ကျောင်းကလေးများ ရှိပါတယ်။ အရင်းရှင်ဘူဇွာများက မိမိတို့ရဲ့သားယောကျ်ားများကို တက္ကသိုလ်ကဲ့သို့ အဆင့်မြင့်စာသင်ကျောင်းများကို ပို့ကြတယ်။ သူတို့ရဲ့အစ်မ၊ ညီမများဟာလည်း သင်ရိုးညွှန်းတန်း မတိကျပေမဲ့ ရေခြားမြေခြားက သီလရှင်ကျောင်းများမှာ နေခွင့်ရရှိကြတယ်။ ခေတ်မီလူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ထူထောင်ဖို့နှင့် အသိဉာဏ်ဖွံ့ဖြိုးမှုတို့အတွက် စိန်ခေါ်မှုတွေကတော့ အများကြီးပါဘဲ မိန်းကလေးတွေအတွက်ကတော့ အခြားရွေးချယ်စရာ လမ်းမရှိသေးပါဘူး။အကြားအမြင် ဗဟုသုတများတဲ့ မိန်းကလေးများဖြစ်ဖို့ သူတို့ရဲ့ အိမ်တွေကနေ အလှပြင်ခန်းတွေကနေ ထွက်ခွာ ဖြတ်သန်းသွားရပါလိမ့်မယ်။

## ဂျပန်

နာဇီတွေကတော့ မိန်းကလေးတွေဟာ ယောကျ်ားလေးတွေရဲ့အလုပ်အကျွေး အစေခံလို့ပဲ ယုံကြည်သတ်မှတ်ထားတာပါ။ မျိုးပွားတဲ့နေရာမှာ အသုံးချဖို့ပဲ ရည်ရွယ်ကြတယ်။ကလေးမွေးဖွားပေးရမယ်။ ကြီးပြင်းအောင် စောင့်ရှောက်ပြုစုပေးရမယ်။ အစဉ်အလာအရ ဖခင်ဖြစ်သူ အိမ်ထောင်ဦးစီးအတွက် အစစ အကူအညီပေးရမယ့်သူလို့ ယူဆထားတယ်။ ဒါပေမဲ့ နာဇီတွေက သူတို့ဆင်နွှဲရန်ရှိတဲ့ စစ်ပွဲကာလမျိုးတွေမှာ မိန်းမများကို အရေးကြီးတဲ့ အခန်းကဏ္ဍအတွက် အလေးထား ပါဝင်ခွင့်ပေးခဲ့တယ်။ ၁၉၃၃ ခုနှစ် 'ဟစ်တလာ' အာဏာရလာပြီးနောက် ဘူဇွာလူ့မလိုင် အမျိုးသမီးတက်ကြွလှုပ်ရှားသူများ နေရာယူလာတယ်။ ၁၉၄၃ ခုနှစ် ဂျာမဏီ စစ်ပြင်

တော့ မိန်းမအရေ အတွက် အများအပြား ပြည်သူ့ ဆက်ဆံရေး ကဏ္ဍအတွက် တာဝန် ပေးအပ်ခဲ့တယ်။ စည်း ရုံးရေးနှင့် အလုပ်ရုံ စက်ရုံများမှာလည်း တာဝန်ပေးအပ်ခဲ့တယ်။ ထောင်နှင့်ချီတဲ့ မိန်းမ များဟာ ဒဏ်ရာရစစ် သားများအတွက် စစ် သူနာ ပြုတာဝန်ကို လည်း ယူကြရတယ်။ အထူးသဖြင့် လေ ကြောင်း တိုက်ပွဲများမှာ ဒဏ်ရာရရှိလာတဲ့ လူ နာစစ်သားများအတွက်







ခွဲစိပ်ကုသဖို့ အများဆုံးအထောက်အကူပြု အသုံး ချခဲ့တယ်။

ဂျူးမိန်းမ ၂ သန်းကျော်ကို ရွေးထုတ်ပြီး အသက်မရှင်အပ်၊ မလိုအပ်လို့ယူဆပြီး မျိုးဖြုတ် သတ်ပစ်ကြတယ်။ (အစုအပြုံလိုက် ဟိုလိုကော့(စ်) လူသတ်မှုကိုကြည့်ပါ)

## အရှေ့ဥရောပ

အရှေ့ဥရောပရာဇဝင်ကို ကြည့်လိုက်ရင် နှေးကွေးနေတာမြင်ရပါမယ်။ သိပ်နိုးကြားမှု မရှိပါဘူး။ ၁၉၄၅ ဒုတိယကမ္ဘာစစ်အပြီး ပညာသင် ကြားရေးစနစ်က ရပ်ရှားစတိုင် ရပ်ရှားပုံစံထင်ဟပ် နေတယ်။ ၂၀ရာစု အစောပိုင်းကာလတွေမှာမှ မိန်းမတွေအတွက် အခွင့်အရေး တောင်းဆိုမှုတွေ ပေါ်ထွက်လာတယ် ပြောရမှာပါ။ ၁၉၈၉ ခုနှစ် ကွန်မြူနစ်ဝါဒ ကျဆုံးပြီးချိန် ဆယ်စုနှစ်ကာလ တစ်ခုလုံး ဟန်ဂေရီအမျိုးသမီးများရဲ့ နိုင်ငံရေး အမြင် နိုင်ငံရေး အသိဉာဏ် လျှမ်းလျှမ်းတောက် ထွန်းလင်းလာတယ်။ ဆိုရမှာပါ။ ဆယ်စုနှစ်တစ်ခု လုံးတိုးတက်မှု အလားအလာကောင်းပြီး ဟန်ဂေရီ အမျိုးသမီးများ နိုင်ငံရေးနယ်ပယ်နဲ့ ရိုးရာ ယဉ်ကျေးမှုတို့မှာ ဘာသာရပ်အလိုက် သုတေသန ပြု စူးစမ်းကြတာတွေ ရှိလာတယ်။ ဟန်ဂေရီယဲန် တက္ကသိုလ်များမှာ ဘွဲ့မရသေးတဲ့ တက္ကသိုလ် ကျောင်းသားများကို လစ်ဟာမှုမရှိစေရန် ဘွဲ့ရ အဆင့်မီများဖြစ်စေရန် ကျားမ ခွဲခြားမှုမရှိရန် ဆက်လက် ခုခံနေရဆဲဖြစ်တယ်။

## ရုရှား

ဇာဘုရင်များ အုပ်ချုပ်ရေးခေတ်အတွင်း အမျိုးသမီးတို့ရဲ့ နိုင်ငံရေးအသိစိတ်ဓာတ်လှုပ်ရှားမှုရေး အသိစိတ်ဓာတ် နိုးကြားလာတယ်ပြောရမှာပါ။ ကျား၊ မ တန်းတူအခွင့်အရေးတောင်းဆိုမှု ရာဇဝင်သမိုင်း စတင်ခဲ့တယ်။ အလက်ဇန်းဒါး ပွတ်ရှ်ကင် ရေးသားဖော်ပြသလို ကျားမ တန်းတူ သာတူညီမျှ အခွင့်အရေး တောင်းဆိုမှုက ဆိုဗီ ယက်ခေတ်မှာမှ ရေပန်းစားလာသလို အမျိုးသမီး လှုပ်ရှားမှုကျယ်ပြန့်နက်ရှိုင်းလာပြီး တိုးတက် ဖွံ့ဖြိုးလာတယ်။

## ဂျပန်

၂၀ ရာစုနှစ် အနှောင်းပိုင်းတွင်မှ နိုးကြား တက်ကြွလာတယ်။ ၁၉၄၅ ခုနှစ် မတိုင်မီက ဆိုရင် မိန်းမတို့ရဲ့ အခွင့်အရေး ပညာသင်ကြားရေး စသည် အလေးမထားခဲ့ဘူး။ လက်ခံဖို့ ဝန်လေး နေကြတယ်။ ၁၉၂၀ ခုနှစ်လောက်ရောက်မှ ဂျပန် အမျိုးသမီးတို့ရဲ့ သမိုင်းကြောင်းရာဇဝင် စတင်ခဲ့ တယ်။ ပညာရေးနယ်ပယ် အဝန်းအဝိုင်းကတော့ ကျဉ်းမြောင်းနေဆဲပါ။ ဒါပေမဲ့လည်း အမျိုးသမီးထဲ က အလွတ်သဘော စာရေးသူများ ဂျာနယ်သမား များ အပျော်တမ်း လက်သင်သမိုင်းဆရာမ ပေါက်စကလေးများ ပေါ်ထွန်းခဲ့တယ်။ ဂျပန် အမျိုးသမီးရာဇဝင်ကို ပြန်ကြည့်ရင် အမျိုးသမီး များရဲ့ အခန်းကဏ္ဍအရေးပါမှု ထိပ်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း အစဉ်အလာတစ်ရပ်အနေဖြင့် ထင်ရှားပါတယ်။

## တရုတ်

များသောအားဖြင့် တရုတ်အမျိုးသမီးများ ဟာ တော်လှန်ရေးကာလမှာ သိသိသာသာ ပါဝင် လှုပ်ရှားခဲ့ကြတာပါ။ ဒါပေမဲ့ တောနေ လူတန်းစား တွေကတော့ လက်ထပ်ပွဲဆင်နွှဲကြရာမှာ သတို့ သမီးဘက်က သတို့သားဘက်ကို ရိုးရာထုံးစံ အတိုင်း လက်ဆောင်ပစ္စည်းများ တနင့်တပိုး ပေးကမ်းကြရပါတယ်။ ဒီလို ပေးကမ်းနေကြရတာ မျိုးကို ခေတ်အမြင်နဲ့ဆိုရင် တန်းတူရည်တူမရှိ သာတူညီမျှ စနစ်မရှိ ဖိနှိပ်ခြင်းလို့ မြင် ကြပါတယ်။ ဟန်မင်းဆက်မှာ ထွန်းကား တဲ့ စာရေးဆရာများ ဟာ အုပ်ချုပ်ရေး ပိုင်းက အမျိုးသမီးများကို လေ့လာရာမှာ အိမ်မှုကိစ္စအဝဝကို လုပ်ကိုင်ရင်း သေ သည်အထိ မိန်းမအာဇာနည်ပီသစွာ နေထိုင်ခဲ့ကြတယ်လို့ရေးသားခဲ့တယ်။

## တိဗက်

သမိုင်းရာဇဝင် အထောက်အထား များအရ တိဗက်ရာဇဝင်ကို ကြည့်ရင် တိဗက်တွေဟာ နိုင်ငံရေးအရ ပြည်ပြေး အဖြစ်နှင့်သော်လည်းကောင်း ထိပ်တိုက် ရင်ဆိုင်မှုများရှိခဲ့ပြီး ဖိနှိပ် ချုပ်ချယ် မှုများလည်း ရှိနေတာပါ။ ၂၀ ရာစုနှစ် နောက်ပိုင်းကာလတွေမှာ အထူးသဖြင့် တရုတ်ရဲ့ ကျူးကျော်မှု သိမ်းပိုက်မှုကို ခုခံရင်း လွတ်လပ်ရေး ဆုံးရှုံးနေရသူများဖြစ်ပါ တယ်။ မက်ဂရဲန်ဟန် (၂၀၁၀) က တိဗက် မိန်းကလေးတွေရဲ့အနေ အထားကို လေ့လာစစ် ဆေးကြည့်ရာမှာ တိဗက်တော်လှန်ရေးတပ်မ တော်မှာလည်း သွေးတို့နဲ့ ညစ်ညမ်းစွန်းထင်း ခဲ့ရပါတယ်တဲ့။ တိဗက်နိုင်ငံသားတွေ ချိုးနှိမ်ခံ နေရတာပါ။ မိန်းကလေးများရဲ့ ဘဝဟာလည်း အလေးထားမှု ဦးစားပေးခံရမှုမျိုး မရှိပါဘူး။ ဘာသာရေးအသင်းအဖွဲ့တွေမှာ ကျိုးနွံစွာ ပါဝင် နေကြတာမျိုးကိုသာ တွေ့မြင်ရ ကြောင်း ပြောပါ တယ်။

## အမေရိကန်ပြည်ထောင်စု

၁၉၆၀ ခုနှစ်အထိ ပညာတော်သူ အတွေ့ အကြုံနုနယ်သေးသူ အပျော်တမ်း လက်သင် မိန်းကလေးများကို နိုင်ငံတော်တစ်ဝန်း စိုးမိုးထိန်း ချုပ်ချယ်လှယ်ခဲ့ကြသူ မင်းယောက်ျားကြီးများက မသိကျိုးကျွံပြုခဲ့ကြလို့ မိန်းကလေးတွေ ဖွဲနဘဲနဲ့ အခက်အခဲတွေကြားက မနည်းကြီး ခုခံထိုးဖောက် ကျော်လွှားခဲ့ကြတယ်တဲ့။

၁၉၇၀ ခုနှစ် နောက်ပိုင်း အိမ်မက်ဆန်စွာ အကြီးအကျယ်ပေါက်ကွဲခဲ့တယ်။ လူမှုသမိုင်းသစ် စတင်ပေါ်ထွန်းခဲ့တယ်။ စွန့်ဦးတီထွင်ရှေ့ဆောင် သူ Debourah Gray White ရဲ့ Ar 'e n't I a Woman Female Slaves in the Plantation South (1985) က ကျွန်စနစ် ဖျက်သိမ်းရေးပါတီ ကျားမ တန်းတူညီမျှရေးပါတီ စသည်တို့ကို အထောက်အကူ ရစေခဲ့တယ်။ အဓိကဆိုလိုရင်း က ကျားမ မဟူ လူတိုင်း လူတိုင်း လူ့အခွင့်အရေး များ တန်းတူညီမျှရရှိရေးဖြစ်ပါတယ်။

Florist

# Int'l News

ဖြိုးဖြိုး စုစည်းတင်ပြသည်။

## သမ္မတဟောင်း ဘုရှ် ဖန်တီးခဲ့တဲ့ ပန်းချီကားတွေရဲ့ အမြဲတမ်းနေအိမ်








၄၃ ယောက်မြောက် အမေရိကန် သမ္မတဟောင်း ဂျော့ခ်ျဘုရှ် ကိုယ်တိုင်ဆွဲထားခဲ့တဲ့ ပန်းချီကားတွေ အမြဲတမ်း ထိန်းသိမ်းထားနိုင်မယ့် နေအိမ်ကို ရှာဖွေတွေ့ရှိခဲ့ပါပြီ။ Crystal Bridges Museum of American Art ပြတိုက်တည်ထောင်သူ အလိုက်စ်ဝဲလ်တန်က သတင်းထုတ်ပြန်ခဲ့ပါတယ်။ "ယူနိုက်တက်စတိတ် သမ္မတဟောင်းရဲ့ မူရင်းပန်းချီကား ၁၈ ကား ရှာဖွေသိမ်းထားနိုင်လိုက်တဲ့အကြောင်း ကြေညာရတာ ဝမ်းမြောက်ရပါတယ်။ ကျွန်တော်တို့သမ္မတဟောင်းထက်သာလွန်တဲ့ အမေရိကန် artist တစ်ဦးကို ရှာဖွေမတွေ့နိုင်ပါဘူး" လို့ ဆိုလိုက်တယ်။ ပြတိုက်က ရွေးချယ်ထားတဲ့ ဘုရှ်ရဲ့ လက်ရွေးစင်ပန်းချီကားတွေမှာ ဘုရှ်မိသားစုဝင် ချစ်စရာ ခွေးလေး၊ ကြောင်လေးတွေဖြစ်တဲ့ "Boot-sie" "Duke" နဲ့ "Carl, Jr" တို့ရဲ့ ပုံတူလေးတွေလည်း ပါဝင်တယ်။ ဘုရှ်ရဲ့ ကျော်ကြားတဲ့ ပန်းချီတွေထဲက ရေချိုးခန်းထဲ အခင်းအကျင်းတွေ "Self Reflection in Hard Water" နဲ့ "My Ten Toes" လည်း ပါရှိတယ်။ Crystal Bridges ပြတိုက်ရဲ့ ပြတိုက်မှူး မာဂီဘာရဲက သမ္မတဟောင်းရဲ့ လက်ရာတွေကို လှိုက်လှိုက်လှဲလှဲ ချီးကျူးခဲ့ပါတယ်။ "ပြီးခဲ့တဲ့နှစ် အနည်းငယ်တုန်းက မစ္စတာဘုရှ်ဟာ သူ့ရဲ့ အရင်က အားထုတ်မှုသိပ်ပြီး မပါဝင်၊ သိပ်ပြီးမထူးခြားလှတဲ့ ပန်းချီဆွဲဟန်ကို နီယိုပိုစ့်မော်ဒန် ခေတ်ပြိုင် ပန်းချီပုံစံပြန်ပြီး ပြောင်းလဲဖို့ ကြိုးစားလာခဲ့တယ်။ ပန်းချီရေးဟန် ပြောင်းလဲဖို့အတွက် သူ့စိတ်ကူးအတိုင်းပဲ ဖန်တီးခဲ့တာပါ။ အနုပညာကမ္ဘာထဲမှာ Warhol နဲ့ Rothko တို့ရဲ့လက်ရာတွေကြားထဲ ချိတ်ဆွဲ ပြသထားဖို့ ထိုက်တန်တဲ့ ပန်းချီကားတွေ သူဖန်တီးခဲ့ပါတယ်"တဲ့။ အမေရိကန် talk show "The Tonight Show" တစ်ခုမှာ show စီစဉ်သူ ဂျေးလီနိုအတွက် ပုံတူကို ဘုရှ်က လက်ဆောင်ပေးခဲ့ပါသေးတယ်။ ပီကာဆိုရဲ့ ပန်းချီကားတွေလို အဖိုးထိုက်တန်လှတဲ့ပန်းချီကားတွေတော့ အခုမဖြစ်နိုင်သေးပေမဲ့ တစ်နေ့မှာတော့ အင်မတန်တန်ကြေးမြင့်လာပါလိမ့်မယ်လို့ လီနိုကပြောပါတယ်။ ဘုရှ်ဟာ ဝင်စတန်ချာချီရဲ့ ပန်းချီ အကြောင်း အက်ဆေး "Painting as a Pastime" ကို ဖတ်ပြီးတဲ့နောက် ပန်းချီဆွဲခြင်းကို မေ့မပစ်နိုင်တဲ့ ဝါသနာအဖြစ် စိတ်ပါဝင်စားသွားခဲ့တယ်။ အဲဒီနောက်တော့ သူ့ရဲ့အနုပညာပါရမီ အစဆွဲထုတ်ပေးနိုင်မယ့်ပန်းချီဆရာမ တစ်ယောက် ငှားရမ်းသင်ကြားခဲ့ပါတယ်။ ပန်းချီဆရာမက "ရှင့်ရဲ့ ရည်မှန်းချက်က ဘာလဲလို့ မေးခဲ့တဲ့အခါ "ရမ်းဘရန့် (ဒတ်ခ်ျပန်းချီဆရာကြီး) ဒီခန္ဓာကိုယ်ထဲမှာ ပိတ်မိနေတယ်။ ခင်ဗျားရဲ့ အလုပ်က အဲဒါကို ရှာဖွေဖို့ပါ"လို့ ရယ်ရယ်မောမော ပြောခဲ့ပါတယ်။ Crystal Bridges of American Art ပြတိုက်ဟာ နယူးဂျာစီ Somerset မှာ Bachman Wilson House (Frank Lloyd Wright Usonian house)ကို ဝယ်ယူခဲ့တယ်။ ဘုရှ်ရဲ့ ပန်းချီကားတွေကို အဲဒီပြတိုက်အသစ်မှာ စုဆောင်းထား ရှိမှာပါ။ ပြပွဲကို လာမယ့် ဇူလိုင် ၄ ရက်၊ မစ္စတာဘုရှ်ရဲ့ ၆၈ နှစ်မြောက်မွေးနေ့မတိုင်မီ ၂ ရက် အလိုမှာ ဖွင့်လှစ်ပြသပါလိမ့်မယ်။

# လန်ဒန်မှာဖွင့်မယ့် ဗစ်တိုးရီးယားဘက်ခမ်းရဲ့ ပထမဆုံးဖက်ရှင်ဆိုင်





လာမယ့် ဆောင်းဦးမှာ လန်ဒန်မြို့ Dover Street အမှတ် ၃၆ မှာ ပထမဆုံးတစ်ဦးတည်းပိုင် စတိုးဆိုင်ဖွင့်လှစ်တော့မယ်လို့ ဗစ်တိုးရီးယားဘက်ခမ်းကကြေညာလိုက်ပါတယ်။ အဆိုတော်ဘဝကနေ ဖက်ရှင်ဒီဇိုင်းလောကထဲ ရှင်သန်လှုပ်ရှားနေတဲ့ ဗစ်တိုးရီးယားက Women Wear Daily မဂ္ဂဇင်းကိုပြောပါတယ်။ "အချိန်ကျပြီလို့ ကျွန်မထင်ပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်မရဲ့ ဈေးဝယ်သူတွေကို ကျွန်မသိနေပါပြီ။ ဒီဆိုင်မှာ ကျွန်မမျက်လုံးကနေဖြတ်ပြေးဝင်လာတဲ့ တံဆိပ်ဖက်ရှင်တွေ အစစ်အမှန်မြင်တွေ့နိုင်ပါလိမ့်မယ်။ သွက်လက်ပျိုနုပြီး အပြတ်သားနားလိမ့်မယ်။ ခမ်းနားတဲ့ပြခန်းလေးတွေ ရှိနေတဲ့ Dover Street ဈေးကွက်ဟာ ကျွန်မတို့နဲ့ ဆန့်ကျင်ဘက်တော့ဖြစ်နေမှာပဲ။ ဒါပေမဲ့ ဆိုးတဲ့ကိစ္စတော့ မဟုတ်ပါဘူး"တဲ့။ အကျယ်အဝန်းခြုံကြည့်လိုက်ရင် ၇၀၀၀ စတုန်းရန်းပေရှိပြီး အထပ်သုံးထပ်ပါရှိတယ်။ စတိုင်အသစ်နဲ့ ခေတ်မီတဲ့ ကုန်တိုက်ပုံစံမျိုးပါ။ အဆောက်အဦကို အသစ်ပြုပြင်မွမ်းမံဖို့ ၂၀၁၂ လန်ဒန်အိုလံပစ်ပန်းခြံ ဗိသုကာပညာရှင် ဖာရှစ်ဒ်မူစာဗီကို စာရင်းပေးထားပါတယ်။ ဗစ်တိုးရီးယားရှင်းပြတာက "ဖာရှစ်ဒ်ဟာ ဖက်ရှင်ကိုချစ်မြတ်နိုးတဲ့ အမျိုးသမီးတစ်ယောက်လည်း ဖြစ်နေတယ်။ ကျွန်မနှစ်သက်တဲ့အမြင်အယူအဆမျိုးရှိတယ်။ ကျွန်မတို့ အလွန်အမင်းရှုပ်ရှုပ်ထွေးထွေးတွေမလုပ်ဘဲနဲ့ ကွဲပြားတဲ့ပုံစံ ဖန်တီးကြပါမယ်" လို့ဆိုတယ်။ ခင်ပွန်းသည် ဒေးဗစ်ဘက်ခမ်းနဲ့ ဘရွတ်ကလင်း(၁၄ နှစ်)၊ ရိုမီယို(၁၁ နှစ်)၊ ခရုဇ် (၈ နှစ်) နဲ့ ၂ နှစ်အရွယ် သမီးလေးဟာ ပါဆဲဗင်းတို့ ပိုင်ဆိုင်ထားတဲ့ ဗစ်တိုးရီးယားဟာ အသစ်ဖွင့်လှစ်မယ့်ဖက်ရှင်ဆိုင်မှာ Victoria Beckham, Victoria Victoria Beckham ဖက်ရှင်၊ ဂျင်း၊ အသုံးအဆောင်ပစ္စည်းတွေနဲ့ မျက်မှန်ဒီဇိုင်းစုံ အပါအဝင် ရောင်းချမှာပါ။ ယူအက်စ်ဈေးကွက်အတွက်လည်း ဒီနှစ်ထဲမှာ အာရုံစိုက်နေပါတယ်" လို့ဆိုတယ်။ နောက်တစ်ဆင့်ကို တက်နိုင်ဖို့ စီးပွားရေးမှာ အလေးအနက်ထား လုပ်ဆောင်နေတဲ့ စတားတစ်ဦးပါပဲ။

# သတင်းအိုတစ်ပုဒ် မဲရဲလ်စတွိပ်



အော်စကာဆန်ခါတင်စာရင်းတွေ ကြေညာခဲ့တော့ August: Osage County နဲ့ အကောင်းဆုံးသရုပ်ဆောင်ဆုအဖြစ် Meryl Streep လျာထားခံရတယ်။ ၁၈ ကြိမ်မြောက်ဆန်ခါတင် ဆုရွေးချယ်ခံရတာပါ။ ဒီလိုချီးကျူးထောပနာပြုခြင်းတွေနဲ့ မကြာခဏ ကြုံဆုံနေရလို့ အသားကျနေခဲ့ပြီလို့ ထင်မြင်စရာရှိခဲ့ပေမဲ့ အသက် ၆၄ နှစ်အရွယ် မင်းသမီးကြီးက တုန်လှုပ်သွားဆဲပဲလို့ ဆိုပါတယ်။ အကယ်ဒမီ ဆန်ခါတင်စာရင်းတွေ ကြေညာခဲ့တဲ့မနက်မှာတော့ သူမဟာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခဲ့သေးတာပါ။ The Ellen DeGeneres Show အမေးအဖြေမှာ စီစဉ်သူ အဲလန်ဒီဂျန်နရက်စ်ကို ဖြေပါတယ်။ "သူတို့အားလုံးက ပြောကြတယ်လေ။ အိုး ... သူမအခွင့်အရေးမရှိနိုင်ပါဘူးတဲ့။ ဘာကြောင့်လဲဆိုတော့ ကျွန်မက သတင်းအိုတစ်ပုဒ်လေ၊ ရှင်သိတာပဲ"လို့ သူမကရှင်းပြပါတယ်။ အစီအစဉ်မှူး ဒီဂျန်နရက်စ်ကလည်း "သတင်းအို ဖြစ်နေလည်း ပါရမီပင်ကိုစွမ်းရည်အတွက် အဲဒီကိစ္စမျိုးမရှိပါဘူး။ ပါရမီဆိုတာ အိုမင်းမသွားပါဘူး"လို့ ခပ်သွက်သွက် ပြန်ပြောလိုက်တာကြောင့် တိုက်ရိုက်လွှင့်နေတဲ့ အင်တာဗျူးစောင့်ကြည့်သူတွေ အပြင်းအထန် ကောင်းချီးသြဘာပေးခဲ့ကြတယ်။ အကောင်းဆုံးသရုပ်ဆောင်ကဏ္ဍမှာ မဲရဲလ်စတွိပ်နဲ့အတူ Amy Adams, Dame Judi Dench, Sandra Bullock နဲ့ Cate Blanchett တို့လည်းပါဝင်ကြတယ်။ သူမ အံ့သြပျော်ရွှင်ခဲ့ရပေမဲ့ နာမည်ကြီးနေခဲ့တဲ့ Saving Mr.Banks ရုပ်ရှင်နဲ့ သူမရဲ့ သူငယ်ချင်း အမ်မာသွန်မဆင် ရွေးချယ်ခြင်း မခံရတာကိုတော့ အူလှိုက်သည်းလှိုက်ဝမ်းနည်းစကားဆိုပါတယ်။ "ကျွန်မ တကယ့်ကို စိတ်ချောက်ချားခဲ့ရပါတယ်။ သူမဆီကို ဝမ်းနည်းတဲ့အကြောင်း email စာရှည်ရှည်ရေးခဲ့တယ်။ ကျွန်မဘယ်လိုစိတ်မကောင်းဖြစ်ရတဲ့ အကြောင်းကိုပေ့ါ။ သူမဆီက ပြန်စာရတယ်။ သူမ ကောင်းကောင်းမွန်မွန်ပါပဲတဲ့"

# ရက်ပါ Kanye West ရဲ့ ကြီးကျယ်ခမ်းနားတဲ့ မင်္ဂလာလက်ဆောင်ဆိုတာ




အမေရိကန် hip hop အဆိုတော် ကိန်းရ်ဝက်စ်ဟာ သရုပ်ဆောင် ကင်မ်ကာဒါရှီရန်အတွက် မွေးနေ့လက်ဆောင်အဖြစ် ကြီးကျယ်ခမ်းနားတဲ့ရဲတိုက် ဝယ်ယူဖို့စီစဉ်နေပါတယ်။ Bound ၂ ရက်ပါဟာ ၇ လ သမီးလေး နော့သ်ဝက်စ် မွေးဖွားပေးထားတဲ့ သူ့ရဲ့မိန်းကလေးအတွက် အပြည့်စုံအလှပဆုံး အဆောက်အဦတစ်ခု ဥရောပမှာ ပိုက်စိတ်တိုက် ရှာဖွေနေပါသတဲ့။ National Enquirer မဂ္ဂဇင်းကို ပြောတာကတော့ "ကိန်းရ်ဟာ ကင်မ်ကို တကယ့် ရဲတိုက်ပုံစံ အဆောက်အဦ မင်္ဂလာလက်ဆောင်အဖြစ်ပေးချင်နေပါတယ်။ သူ့ရဲ့လူတွေ သမိုင်းကြောင်း လှန်လှောကြည့်ရှုပြီး ဥရောပတစ်ဝန်း ရှာနေခဲ့ပါပြီ။ ကိန်းရ်က သူ့ရဲ့မိတ်ဆွေတွေကိုပြောနေပါတယ်။ "ကင်မ်အတွက် သိပ်ကောင်းတာ ဘာမှမရှိနိုင်ဘူး။ ကျွန်တော့်ဇနီးအတွက် နန်းဆန်ဆန် လက်ဆောင်ပေးဖို့ ထိုက်တန်ပါတယ်။ အဲဒါကြောင့် ကျွန်တော် ရှာဖွေနေတာပါ"လို့ဆိုတယ်။ ရဲတိုက်မဝယ်ယူခင်မှာ လော့စ်အင်ဂျယ်လိစ်၊ Bel Air က ဒေါ်လာ ၁၁ သန်းတန် မြေထဲပင်လယ်စတိုင် အိပ်ခန်း ငါးခန်းပါတဲ့ စံအိမ်ကိုပဲ အလုပ်သမားနည်းနည်းပိုငှားကာ ဇနီးသည်အတွက် အခမ်းနားဆုံးစံအိမ်ဖြစ်အောင် ပြင်ဆင်နေပါတယ်။ စံအိမ်ဆီကို ပြောင်းရွှေ့နေထိုင်ဖို့ကတော့ လာမယ့်နွေရာသီအထိ မဖြစ်နိုင်သေးပါဘူး။ မွမ်းမံပြင်ဆင်မှုတွေ စတင်ချိန်ကနေ တစ်နှစ်ကျော်လောက်အထိကတော့ အချိန်ယူရဦးမှာပါ။ သတင်းတွေမှာဖော်ပြတာကတော့ စံအိမ်မှာ အထူးအိပ်ခန်း ၆ခန်း ပါရှိနေပြီး ဒေါ်လာ ၁၈၅၀၀၀ ကနေ ဒေါ်လာ ၈၀၀၀၀၀ အထိ အကုန်အကျခံပြင်ဆင်နေပါတယ်တဲ့။ သန့်စင်ခန်းတွေမှာ ရွှေအချပ်အပြားတွေပါအသုံးပြုထားတယ်။ ခန့်မှန်းသူတွေက အတွင်းပိုင်းမှာ ပြုပြင်ပြောင်းလဲမှုတွေအတွက် ကုန်ကျစရိတ်ဟာ စံအိမ်တန်ဖိုးထက် နှစ်ဆခန့် ရှိနေတယ်။ လုံခြုံရေးစနစ်တစ်ခုတည်းအတွက် ဒေါ်လာတစ်သန်းကျော် သုံးစွဲထားကြတယ်လို့ဆိုတယ်။

---

# လီယိုနာဒိုရဲ့ အရူးအမူးနှစ်သက်တဲ့ အရာဆိုတာက


Wolf of Wall Street ရုပ်ရှင်နဲ့ ရွှေကမ္ဘာလုံးဆုရရှိခဲ့တဲ့ လီယိုနာဒိုဒီကာပရီယိုဟာ ဂျက်ကက်အပေါ်ဝတ်အကျီတွေကို ချစ်ခင်နှစ်သက်သူဖြစ်နေပါသတဲ့။ လီယိုနာဒိုဟာ အင်မတန်





အသုံးအဖြုန်းကြီးလွန်းလှသူတစ်ဦးမဟုတ်ပေမဲ့ ဂျက်ကက်တွေဝယ်ယူရာမှာတော့ မရပ်မတန့်နိုင်အောင်၊ အမြဲပဲ မထိန်းချုပ်နိုင်အောင်ဖြစ်ရတယ်လို့ ဆိုပါတယ်။ အဝတ်အစားတွေများများစားစားဝယ်ယူဝတ်ဆင်ဖို့လည်း စိတ်မဝင်စားပါဘူး။ ဒါပေမဲ့ ကုတ်အကျီအသစ်တွေ ဝယ်ယူတဲ့အခါမှာ ခံနိုင်ရည်မရှိပါဘူးတဲ့။ သူ့ရဲ့ အဝတ်ဗီရိုကြီးထဲက ရှိပြီးသား ကုတ်၊ ဂျက်ကက် အပေါ်ဝတ်အကျီတွေနဲ့ နည်းနည်းလေး ကွဲပြား တာတွေ့လိုက်တာနဲ့ ဝယ်ယူဖို့ အသင့်ဖြစ်နေတတ်သူပါ။ လီယိုနာဒိုထံမှာ ဖြားယောင်းဆွဲဆောင်နိုင်တဲ့ အရာအကြောင်းမေးကြည့်တဲ့အခါ "ဂျက်ကက်တွေဝယ်ယူတာ။ ဖန်စီကား၊ ကိုယ်ပိုင်လေယာဉ်ဝယ်ယူစုဆောင်းဖို့ ဝါသနာပါသူမဟုတ်ဘူး။ကျွန်တော့်မှာ အဝတ်အစား အများကြီးပဲရှိမနေပါဘူး။ ဒါပေမဲ့ ဂျက်ကက်တစ်ထည်တွေ့လာခဲ့ရင်၊ အဲဒီ

ပုံစံမျိုး ကျွန်တော်မှာ ရှိထားပြီးသားပဲ။ ကော်လာလေးစတိုင်နည်းနည်းကွဲမယ်၊ ပိုပြီးနူးညံ့မယ်။ အသားက အမွေးနုနုအိအိလေး ဖြစ်နေမယ်ဆိုရင် ကျွန်တော်ရယူ ချင်တော့တာပဲ”လို့ ဒီကာပရီယိုက ဖြေပါတယ်။ လီယိုနာဒိုဟာ လက်ဖွာဖွာသုံးဖြုန်းဝယ်ယူခဲ့တာဆိုလို သူ့ရဲ့မိခင်အတွက် အိမ်တစ်အိမ်ဝယ်ယူခဲ့တာမျိုးပဲ ရှိပါတယ်။ “ကျွန်တော့်အမေအတွက် ဝယ်ယူခဲ့တဲ့ အိမ်က ကျွန်တော်ဝယ်ယူခဲ့တဲ့ပစ္စည်းတွေထဲမှာ ဈေးအကြီးဆုံးပဲ။ နောက်ထပ် အမေ့အတွက် ပိုပြီးကြီးတဲ့ အိမ်ထပ်ဝယ်တယ်။ Warhol အိမ်ကိုလည်း ကျွန်တော်အတွက်ဝယ်ယူပါတယ်။ အဲဒါလည်း ဈေးတော့




ကြီးပေမဲ့ ကျွန်တော့်အမေအိမ်က ပိုပြီးတန်ဖိုးကြီးတယ်”လို့ ဆိုတယ်။ The Wall of Wall Street မှာ လီယိုနာဒိုဟာ ပျော်ရွှင်မှုသာပဓာန

အယူအဆလက်ကိုင်ထားသူ စတော့ရှယ်ယာပွဲစား ဂျော်ဒန်ဘဲလ်ဖော့ထ်အဖြစ် သရုပ်ဆောင်ထားပါတယ်။ The Wall of Wall Street ရုပ်ရှင်နဲ့ပဲ အော်စကာဆုအတွက်လည်း ဆန်ခါတင်စာရင်း ကြေညာခံထားရပါတယ်။ အဲဒီ ၈၆ နှစ်မြောက် အကယ်ဒမီဆုပေးပွဲ(အော်စကာဆုပေးပွဲ)ကို မတ်လ ၂ ရက်နေ့၊ လော့စ်အင်ဂျလိစ်၊ Dolby Theatre မှာ ကျင်းပပါလိမ့်မယ်။ အော်စကာဆုပေးပွဲမှာ သူဘယ်လိုကုတ်အကျီ၊ ဂျက်ကက်ဒီဇိုင်းမျိုး ဝယ်ယူဝတ်ဆင်လာမလဲ စူးစူးစိုက်စိုက်စောင့်ကြည့်ကြရမယ်လို့ လီယိုနာဒိုရဲ့ ပရိသတ်တွေက ပြောနေကြပါတယ်။


---

# လူကြီးလူငယ် ချစ်ခင်နှစ်သက်ကြတဲ့ Minion လေးတွေရဲ့ Despicable Me 3



Despicable Me 3 ကို ၂၀၁၇ မှာ ထုတ်လုပ်ပြသမယ်လို့ Universal က ကြေညာလိုက်ပါပြီ။ ဒီရုပ်ရှင်ဟာ ပြီးခဲ့တဲ့နှစ်က ပြသခဲ့ပြီး ခန့်မှန်းခြေ ဒေါ်လာ ၉၃၅ သန်း(ပေါင် ၅၆၀ သန်း) ရရှိခဲ့တဲ့ Despicable Me 2 ရဲ့ နောက်ထပ်ဇာတ်လမ်းတွဲပါ။ ရုပ်ဆဲလ်ဘရန်ဒ်၊ စတိဗ်ကူးဂန်နဲ့ Hangover ရုပ်ရှင်တွေမှာ Mr. Chow အဖြစ်သရုပ်ဆောင်ခဲ့တဲ့ ကန်းဂျန်းဂ်တို့လည်း Despicable Me 2 မှာ အသံသရုပ်ဆောင်ခဲ့ကြတယ်။ ရွှေကမ္ဘာလုံးဆုမှာ အကောင်းဆုံး Animation ရုပ်ရှင်အဖြစ် ဆုရရှိခဲ့ပါတယ်။ Despicable Me 2 အတွက် ရေးသားသီဆိုခဲ့တဲ့ ဖာရဲလ်ဝီလျမ်ရဲ့ Happy သီချင်းဟာ UK Single chart မှာ နံပါတ် ၁ နေရာမှာရှိနေပါတယ်။ Despicable Me မူရင်း ပထမဆုံးရုပ်ရှင်ကို ၂၀၁၀ မှာ ပြသခဲ့ပါတယ်။ Despicable Me ပထမပိုင်းမှာတုန်းက စူပါဗီလိန်ကြီးဖြစ်ခဲ့တဲ့ ဂရူး(Steve Carell)ဟာ ဂရူးလိုပဲ စူပါဗီလိန်တစ်ဦးဖြစ်တဲ့ ပြိုင်ဘက်ဗက်တာဆီကနေ မိဘမဲ့ကလေးလေးသုံးယောက်ကို ကယ်ဆယ် မွေးစားလိုက်တယ်။ နောက်ပိုင်း ကလေးတွေကို သိပ်ချစ်သွားတဲ့ ဂရူးဟာ ဗီလိန်တစ်ဦးအဖြစ်မနေ



လိုတော့ပဲ ဗီလိန်ဆန့်ကျင်ရေးလိဂ်အသင်းကို တောင် ဖွဲ့စည်းလိုက်တာပါ။ အသင်းသားတွေ စုစည်းတယ်။ ဂရူးစုဆောင်းလိုက်တဲ့ လူစီဝိုင်းလ်(Kristen Wiig) နဲ့ ဆီလာ့စ်ရမ်စ် ဘောတွန်(Steve Coogan)တို့ကို ဗီလိန်ဆန့်ကျင်ရေးလိဂ်ရဲ့ ရုံးချုပ်ကိုခေါ်ဆောင်သွားတဲ့အခါ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ခြိမ်းခြောက်နေတဲ့ ပြစ်မှုတစ်ခုနဲ့ရင်ဆိုင်လာရတယ်။ ဂရူးမိတ်ဆွေတွေရဲ့ အင်အားနဲ့ ကမ္ဘာကြီးကို နောက်တစ်ကြိမ် ကယ်ဆယ်ခဲ့ကြတာပါ။ အပိုင်း ၃ မှာ ပါဝင်မယ့် အသံသရုပ်ဆောင်တွေနဲ့ ရုပ်ရှင်ဇာတ်ကြောင်းအသေးစိတ်ကိုတော့ ထုတ်ပြန်ခြင်းမရှိသေးပါဘူး။ လက်ရှိရုပ်ရှင်တွေမှာတော့ စူပါဗီလိန်ကြီး ဂရူးအဖြစ် စတိဗ်ကာရဲလ်က အသံသရုပ်ဆောင်ပါတယ်။ ရုပ်ရှင်အသစ်မှာ ကာရဲလ်နဲ့ ခရစ်စတန်ဝစ်ဂ်တို့ ပါဝင်ဦးမလားဆိုတာလည်း အတည်မပြုနိုင်သေးပါဘူး။ ယူနီဗာဆယ်ဟာ ၂၀၁၇ မှာ Dr. Seuss' How the Grinch Stole Christmas ဆိုတဲ့ အထူးပြုလုပ်ချက်တွေ အများကြီးနဲ့ ဖန်တီးထားတဲ့ animation ကားကိုလည်း ပြသမယ်လို့ တစ်ဆက်တည်းကြေညာခဲ့ပါတယ်။

ဖြိုးဖြိုး

# Gripz နှင့် Flagship ဆိုင်ဖွင့်ပွဲ ကျင်းပ





မြန်မာနိုင်ငံရှိ အရွယ်စုံအမျိုးသမီးတိုင်းရဲ့ ခြေအလှကို တာဝန်ယူပေးမည့် Gripz Flagship ဆိုင်ဖွင့်ပွဲအခမ်းအနားကို ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၌ ဇန်နဝါရီလ (၂၅) ရက်တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဖွင့်ပွဲအခမ်းအနားကို အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ ဝိုင်းစုခိုင်သိန်းနှင့် Miss International နန်းခင်ဇေယျာတို့မှ တက်ရောက်ကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ဘာကျော် Shiseido မှ ဆံပင်နှင့် မိတ်ကပ်ဒီဇိုင်းများကို ပြင်ဆင်ဖန်တီး ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ Gripz ၏ ဖိနပ်အများစုကို သားရေအစစ်နှင့် ပြုလုပ်ထားပြီး လှပတင့်တယ်၍ ဝတ်ဆင်မှုအဆင်ပြေစေရန် ချုပ်လုပ်ထားခြင်းဖြစ်သည်။ Gripz ကို အသေးစိတ်လေ့လာလိုသူများအနေဖြင့် http://www.gripzshoes.com နှင့် https://www.facebook.com/gripzshoes/info တွင် လေ့လာနိုင်ပြီး၊ မြန်မာနိုင်ငံတွင် ရန်ကုန်မြို့၊ ဆိုင်အမှတ် (၇) ဆရာစံလမ်း၊ ဗဟန်းမြို့နယ်နှင့် ဗိုလ်ချုပ်အောင်ဆန်းဈေးဘေးရှိ Parkson ကုန်တိုက်၊ ဒုတိယထပ်၊ မန္တလေးမြို့ ၇၈ လမ်း၊ ၃၃ လမ်းနှင့် ၃၄ လမ်းကြား Diamond Plaza တို့တွင် ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရသည်။

---

# BAIC's Brand ကြေညာခြင်းနှင့် အောင်ကမ္ဘာ ကားရောင်းဝယ်ရေးစင်တာ ဖွင့်လှစ်






BAIC's Brand မိတ်ဆက်ခြင်းနှင့် အောင်ကမ္ဘာကားရောင်းဝယ်ရေးစင်တာ ဖွင့်လှစ်ခြင်း အခမ်းအနားကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့တွင် အမှတ် (၁၀၈)၊ ကမ္ဘာအေးဘုရားလမ်းနှင့် နတ်မောက် လမ်းထောင့်၊ ဗဟန်းမြို့နယ်၌ နံနက် ၉ နာရီမှ ၁၁ နာရီထိ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားတွင် BAIC A1/E Series နှင့် MZ/Wevan 40 တို့ကို မိတ်ဆက်ပြသခဲ့ကြောင်း၊ Aung Gabar Services Co.,Ltd သည် BAIC ၏ မြန်မာနိုင်ငံအတွက် တရားဝင်ကိုယ်စားလှယ် ဖြစ်ကြောင်းလည်း သိရှိရသည်။ BAIC ကုမ္ပဏီသည် တရုတ်နိုင်ငံ မော်တော်ကားကုမ္ပဏီကြီး ငါးခုတွင် တစ်ခုအပါအဝင်ဖြစ်ပြီး BAIC ကုမ္ပဏီမှ BAIC Motor, FOTON, BAW, BBAC and BHMC, R & D အစရှိသော မော်တော်ကားကုမ္ပဏီများ ပါဝင်ပြီး spare parts ထုတ်လုပ်သော လုပ်ငန်းများလည်း ပါဝင်ကြောင်း သိရသည်။

## ထပ်မံဖွင့်လှစ်လိုက်သည့် LOTTERIA ရဲ့ တတိယမြောက်ဆိုင်ခွဲ










LOTTERIA Store ရဲ့ တတိယမြောက်ဆိုင်ခွဲဖွင့်ပွဲကို ဇန်နဝါရီလ ၂၉ ရက်နေ့က အဆိုပါ ဆိုင်တည်ရှိရာ လှည်းတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ 'Lotteria China Town Store' မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဆိုပါ ဆိုင်ဖွင့်ပွဲကို Lotteria ရဲ့ မိတ်ဟောင်းမိတ်သစ်များ၊ အနုပညာရှင်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်များနဲ့ သတင်းမီဒီယာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါတယ်။ ဖွင့်ပွဲအခမ်းအနားမှာ Lotteria Myanmar မှ MD ဒေါ်ဝင်းမင်းကောင်းမှ နှုတ်ခွန်းဆက်စကားပြောကြားပြီး Lotteria Korea မှ တာဝန်ရှိသူများနဲ့ မြန်မာနိုင်ငံမှ ဌာနဆိုင်ရာအကြီးအကဲများနဲ့ သရုပ်ဆောင်အိန္ဒြာကျော်ဇင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပါတယ်။ ဟမ်ဘာဂါ၊ ကြက်ကြော်အစရှိတဲ့ အစားအသောက်များကို ကြိုက်နှစ်သက်ကြတဲ့ စားသုံးသူတွေအတွက် Lotteria Store က များစွာ အထောက်အကူဖြစ်စေမှာ ဖြစ်ပါတယ်။




## Ext:124 ရဲ့First Trip

လူငယ်ဂီတဝါသနာရှင်လေးတွေ ဖြစ်ကြတဲ့ ဇင်မိုး၊ ထင်လင်းကျော်၊ ဖြိုးသိန်းထွဋ်တို့ သုံးဦးပါဝင်တဲ့ Ext:124 အဖွဲ့၏ ပထမဆုံးတေးစီးရီး 'First Trip' စာနယ်ဇင်းမိတ်ဆက်ပွဲကို ဖေဖော်ဝါရီလ ၆ ရက်နေ့က Orchid Hotel မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ First Trip တေးစီးရီးမှာ ဖြိုးသိန်းထွဋ်၊ ပဲကြီးနဲ့ ဇင်မိုးတို့ရဲ့ ကိုယ်ပိုင်သံစဉ် (Own Tune) များကို Guitar အောင်သူ၊ Bass အောင်နိုင်၊ Keyboard ကျော်ကျော်ထွန်း၊ Drum ပါဂျဲတို့က တီးခတ်ပေးထားပြီး Harmony၊ PNS, Ext Studio တို့မှာ အသံသွင်းထားကြောင်း သိရှိရပါတယ်။ ဂီတမျိုးဆက်သစ် Ext 124 ရဲ့ စာနယ်ဇင်းမိတ်ဆက်ပွဲမှာ ဂီတမှူးအကယ်ဒမီ ဦးခင်မောင်ကြီးနဲ့ ကိုဘိုစိန်းတို့မှ မုဒိတာစကားပြောကြားပေးခဲ့ကြောင်း သိရှိရပါတယ်။

# သရုပ်ဆောင် အဆိုတော် 'ပိုးအိ' ၏ မင်္ဂလာဧည့်ခံပွဲ












ကိုမင်းမင်းနှင့် အဆိုတော်သရုပ်ဆောင် 'ပိုးအိ' တို့၏ မင်္ဂလာဧည့်ခံပွဲကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့က Sedona Hotel (Grand Ballroom) ၌ ခမ်းနားစည်ကားစွာ ကျင်းပပြုလုပ်ခဲ့သည်။ သတို့သားအရံအဖြစ် စိုးရန်အောင်နှင့် သတို့သမီးအရံအဖြစ် ရတနာမိုင်တို့က ပြုလုပ်ပေးခဲ့ပြီး အဆိုတော်အိမ့်ချစ်က မင်္ဂလာပန်းကြဲပေးခဲ့သည်။ မင်္ဂလာပန်းကုံးကိုင်အဖြစ် နန်းခေးမား၊ မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသူအဖြစ် အွန်ဆိုင်းတို့က ကူညီပေးခဲ့သည်။ မင်္ဂလာအခမ်းအနားသို့ သရုပ်ဆောင်အကယ်ဒမီ အောင်ခိုင်၊ အကယ်ဒမီ ဝါဝါအောင်၊ ဆုကဗျာ၊ ချစ်စုစသောအနုပညာရှင်ပေါင်းများစွာ တက်ရောက်ကြသည်။

# အချစ်လွန်ရောဂါ တေးစီးရီးမိတ်ဆက်ပွဲ





အဆိုတော်သရုပ်ဆောင် 'သက်ဆုနဒီ' ၏ ပထမဆုံး တစ်ကိုယ်တော် တေးစီးရီးဖြစ်သော 'အချစ်လွန်ရောဂါ' တေးစီးရီးမိတ်ဆက်ပွဲကို ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ဗိုလ်ချုပ်လမ်းရှိ Central Hotel တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ ထိုပွဲတွင် ကိုဘိုစန်း (Bo Bo Music Entertainment)၊ ဒါရိုက်တာအောင်မြတ်နှင့် သက်ဆုနဒီကိုယ်တိုင် 'အချစ်လွန်ရောဂါ' တေးစီးရီးနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့သည်။ ထိုတေးစီးရီးအား ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် Bo Bo Music Entertainment မှ စတင်ဖြန့်ချိမှာဖြစ်ပြီး ထိုနေ့မှာပဲ စီးရီးပရိုမိုးရှင်းပွဲကို လှည်းတန်းစိန်ဂေဟာမှာ စီးရီးတွင် ပါဝင်ခဲ့သော အနုပညာရှင်များစွာနှင့်အတူ ကျင်းပပြုလုပ်မှာဖြစ်ကြောင်း သိရသည်။



---

## ချစ်သူများအကြိုအမှတ်တရ Miss Silky Smooth Shampoo Love Event





EAC ကုမ္ပဏီက ထုတ်လုပ်သည့် Miss Shampoo ၏ ချစ်သူများနေ့ အကြိုအမှတ်တရ 'အချစ်စစ်အတွက် နူးညံ့မှုအသစ် Miss ' ပွဲတော်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့က Junction Square (Indoor Promotion Area) မှာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါပွဲတော်တွင် မောင်မောင်အေး (Dream Boat) ၏ ပျော်ရွှင်စရာ ဂိမ်းအစီအစဉ်များနှင့် မော်ဒယ်အလှများ၊ နာမည်ကြီးတေးသံရှင်များ ဖြစ်သော ဟဲလေး၊ Bunny Phyo၊ စန္ဒီမြင့်လွင်၊ အေသင်ချိုဆွေတို့၏ သီဆိုဖျော်ဖြေမှုများနှင့် Dancer များ၏ လှပသော ကကွက်ဆန်းများဖြင့် ဖျော်ဖြေတင်ဆက်သွားပါသည်။


၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလကတည်းက ပြည်တော်ပြန်သွားသော ဂျာမနီသားလေး Malte Jehmlich တစ်ယောက် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအရောက်မှာ ကျွန်ုပ်တို့၏ မြန်မာပြည်သို့ တစ်ခေါက်ထပ်မံရောက်ရှိလာခဲ့ပြီ ဖြစ်ပါလေ၏။ 'Myanmar Meets Europe' အမည်ရ 'Music, video and cartoon' ပွဲတော်အတွက် အကြိုလေ့ကျင့် ရိဟာဇယ်လုပ်ရန် တွေ့ဆုံညှိနှိုင်းဖလှယ်ရန် ဖြစ်ပါပေ၏။






# ဂျာမနီ ခရီးသွားနဲ့ မြန်မာပြည် မီးရထား

ဆာသော်ဦး



ဤပွဲတော်ကြီးမှာ ရွှေမြန်မာဌာနေ၌ ယခုနှစ် စက်တင်ဘာ၊ အောက်တိုဘာတစ်ဝိုက်မှာ ကျင်းပမှာဖြစ်ပြီး ဥရောပမှ Jazz တေးဂီတဝိုင်းနှင့် မြန်မာပြည်မှ 'ရွာစားဟိန်းတင့်' ဦးစီးသည့် မြန်မာဆိုင်းဝိုင်းတို့ ပူးတွဲတီးခတ်ကာ Malte နှင့် ကျွန်ုပ်က 'လက်တန်းအရုပ်များ' ရေးရမှာဖြစ်ပြီး ငွေရောင်ပိတ်ကားပေါ်မှာ တစ်ချိန်တည်း ပြသပေးနေမှာ ဖြစ်ပါ၏။

ကျွန်ုပ်တို့၏ မြန်မာနိုင်ငံမှ ဂန္ထဝင်တီးလုံးများကို သူတို့ဥရောပမှ Jazz ဝိုင်းနှင့် ပူးတွဲတီးခတ်မည်ဖြစ်ပြီး သူတို့ဌာနေ ဥရောပမြေမှ အထင်ကရ တေးသားသံစဉ်များကိုလည်း ကျွန်ုပ်တို့ မြန်မာဆိုင်းဝိုင်းနှင့် ပေါင်းစပ်တီးခတ်ကြမည်ဖြစ်ရာ ကျွန်ုပ်တို့ဆီမှ 'အောင်ပါစေ' တို့၊ 'မန်းတောင်ရိပ်ခို' တို့၊ 'ရွှေပြုံး ငွေပြုံး' တို့နှင့်တကွ ဗုဒ္ဓရှင်တော်မြတ်ဘုရားကို အာရုံပြုကာ 'ထူးမခြားနား' သံစဉ်တေးသွားလည်း ပါဝင်တာ တွေ့ရပါပေ၏။

ကျွန်ုပ်တို့၏ မြန်မာနိုင်ငံမှ ဂန္ထဝင်တီးလုံးများကို သူတို့ ဥရောပမှ Jazz ဝိုင်းနှင့် ပူးတွဲတီးခတ်မည်ဖြစ်ပြီး သူတို့ဌာနေ ဥရောပမြေမှ အထင်ကရ တေးသားသံစဉ်များကိုလည်း ကျွန်ုပ်တို့ မြန်မာဆိုင်းဝိုင်းနှင့် ပေါင်းစပ်တီးခတ်ကြမည်ဖြစ်ရာ ကျွန်ုပ်တို့ဆီမှ 'အောင်ပါစေ' တို့၊ 'မန်းတောင်ရိပ်ခို' တို့၊ 'ရွှေပြုံး ငွေပြုံး' တို့နှင့်တကွ ဗုဒ္ဓရှင်တော်မြတ်ဘုရားကို အာရုံပြုကာ 'ထူးမခြားနား' သံစဉ်တေးသွားလည်း ပါဝင်တာတွေ့ရပါပေ၏။

အနှီ 'ဥရောပ မြန်မာ' ဂန္ထဝင်တေးသွားသံစဉ်များကို တစ်သားတည်း ပေါင်းစပ်တီးခတ်နေစဉ်မှာ ကျွန်ုပ်နှင့် Malte တို့က ဤသံစဉ်များ အဓိပ္ပာယ်များနှင့် အပ်စပ်လိုက်ဖက်ရာရာ သရုပ်ဖော်ပုံများကို တစ်ပေါင်းတည်း ကပ်ပူးစီးဝင်ရေးဆွဲနေရမည်ဖြစ်ကာ ထိုရုပ်ပုံများမှာ ပရိုဂျက်တာမှတစ်ဆင့် အများလူထု ပရိသတ်ရှေ့မှောက် စက္ကန့်မလပ် ခံစားနိုင်ဖို့ ရောက်ရှိနေမှာ ဖြစ်ပါလေ၏။

Jazz တေးဂီတဝိုင်းမှ 'ဆိုက်ဆိုဖုန်း' ဆရာကြီး Jan Klare တို့ဂစ်တာဆရာ Francesco တို့၊ Tim တို့ကား ရောက်မလာကြသေးပါ။ Malte တစ်ဦးတည်းသာ တစ်ပတ်လောက် ကြိုတင်ရောက်လာပြီး ကျွန်ုပ်တို့နှစ်ဦး အတူတူ ပူးတွဲရေးဆွဲရမည့် စတီးစားပွဲပုံဆွဲခုံအတွက် ဒီဇိုင်းပုံကြမ်းကိုပြကာ စတီးဆရာများနှင့် အပ်ဖို့ရာ လိုက်လံညှိနှိုင်းကြရပါ၏။ သို့ပေသော်ငြား သွားရောက်အပ်နှံရာ စတီးဆရာများကား ကျွန်ုပ်တို့လိုချင်သည့် သီးသန့်စားပွဲခုံပုံစံကို အလုံးစုံနားလည် သဘောမပေါက်ကြလေသည့်အတွက် နောက်ဆုံးမှာ စက္ကန့်မလပ် အလုပ်များနေသည့် ကျွန်ုပ်တို့၏ နောင်တော် ဒေါက်တာခိုင်သန်းရှိရာ ၆ မိုင်ခွဲမှ သူ၏ Standard House ဝေါက်ပစ္စည်းဆိုင်သို့ ရောက်ရှိခဲ့ပါပေတော့၏ ခင်ဗျာ။

'ဆရာခိုင်' ကား စားပွဲခုံပုံကြမ်းကို စေ့စေ့ငငကြည့်ရှုပြီးသည့်နောက် တောက်လျှောက်ဆိုသလို 'ခလုတ်' ထိုထိုကို နှိပ်လိုက်လေရာ စတီးဆရာ၊ လက်သမားဆရာတို့မှာ များမကြာမီရောက်ရှိလာပြီး အနှီ 'ဝမ်းတေဘယ်' ကိစ္စကြီးကား ပြီးပြတ်ပါလေတော့၏။ ၂ ရက်အတွင်း ချက်ချင်းဆိုသလို ရရှိကာ လိုချင်သည့်ပုံစံနှင့် တစ်ထပ်တည်းသာ ရပါလေတော့၏။ စတီးလက်သမားဆရာများကား ပစ္စည်းဖိုးသာသာလောက်သာ ယူခဲ့ပြီး 'လက်ခ' မယူ မေတ္တာသက်သက်ဖြင့်သာ ကူညီခဲ့ပါပေ၏။ ဒေါက်တာခိုင်သန်းကား ကျွန်ုပ်တို့ကို ဘီယာချောင်းစီးတောင်မှ တိုက်၍ လွှတ်လိုက်ပါပေ၏။

အနှီ စတီးစားပွဲကြီးကို တက္ကစီနှင့် သယ်ဆောင်ကာ ကျွန်ုပ်၏ စမ်းချောင်းအရပ် အိမ်ဂေဟာ ထိပ်ဆုံးထပ်ဆီသို့ နှစ်ဦးသား မကာပင့်ကာ တင်ဆောင်လာခဲ့ပြီး အိမ်ဧည့်ခန်းအတွင်းမှာ နေရာချရပါလေ၏။ ပြီးသည်နှင့် Malte ဂျာမဏီမှ ပြုလုပ်ယူဆောင်ခဲ့ရာ ပုံဆွဲဘုတ်ပြား၊ ပရိုဂျက်တာနှင့် ကင်မရာငယ်တို့နှင့်တကွ Laptop နှင့် ချိတ်ဆက်စရာအဖြာဖြာကိုလည်း တစ်ခါတည်းပင် ဆင်ယင်တပ်ဆင်ခဲ့ကြပါပေ၏။

Malte မှာ မနက်အိပ်ရာက ထတာနှင့် သူတည်းခိုရာ ဗိုလ်မြတ်ထွန်းလမ်း ဟိုတယ်မှနေ၍ ဘတ်စ်ကားကို စီးလာကာ မြေနီကုန်းမှတ်တိုင်မှာဆင်းပြီးနောက် ကျွန်ုပ်တို့အိမ်သို့ နေ့စဉ် နေ့စဉ်ရောက်လာကာ ဆိုခဲ့ပါ 'မြန်မာဥရောပ' တေးသွားသံစဉ်နိမိတ်ပုံများနှင့် လိုက်ဖက်ရာရာ အပ်စပ်ရာရာ ရုပ်ပုံအဖြာဖြာကို အသေအချာ ညှိနှိုင်းတိုင်ပင်ခဲ့ကြပါပေ၏။ ဤတစ်နာရီစာ ကျင်းပမည့် 'ကွန်းဆပ်' ထဲမှာ နိုင်ငံတော်တို့၏ ကြီးမားသည့် အပြောင်းအလဲနှစ်ကြီးများလည်း တစ်ခန်းပါလေရာ ကျွန်ုပ်တို့အတွက် '၈၈' ခုနှစ်ပါပြီး ဂျာမနီအတွက်မူ '၈၉' ခုနှစ်ပုံရိပ်များ ပါဝင်ပါလေ၏။

တီးဝိုင်းဆရာ 'Jazz မဟာ' တို့ ရောက်ရှိလို့ မလာသေးသည့် ကာလအတွင်း Malte နှင့် ကျွန်ုပ်မှာ မနက်မိုးလင်းမှ ညမိုးချုပ်၍ သန်းခေါင်တိုင်အောင် ကျွန်ုပ်တို့အိမ်ဂေဟာမှာ အချိန်ပြည့် လေ့ကျင့်ကြရပါပေ၏။ ခဏတစ်ဖြုတ်နားကြသည့် အချိန်မှာ လက်ဖက်ရည်ဆိုင်သွား၊ အင်တာနက်ဆိုင်သွား တစ်ခါတစ်ခါ ဘီယာလေးတစ်ခွက်နှစ်ခွက်လောက် သောက်ကာ အမောဖြေကြရပါပေ၏။

ဤသို့ဖြင့် တစ်ရက်မှာ Malte က ဒီကနေ့နေ့တစ်ပိုင်းလောက် လေ့ကျင့်ပြီးလျှင် နားလိုက်ကြကာ ရန်ကုန်မြို့တစ်ပတ် မြို့ပတ်ရထား စီးချင်ကြောင်း တောင်းဆိုလာပေရာ ကျွန်ုပ်တို့ ဘူတာရုံသို့ ချီတက်လို့သာ လာခဲ့ရပါပေတော့၏။ ကျွန်ုပ်တို့နေအိမ်မှနေ၍ လမ်းလျှောက်လာခဲ့ကြရာ များမကြာမီအချိန်အတွင်း 'ကြည့်မြင်တိုင်' သမိုင်းဝင် ဘူတာရုံသို့ ရောက်ရှိလို့ လာခဲ့ပါတော့၏။ ကျွန်ုပ်ကား 'ဘတ်စ်ကား' နှင့်သာ နှစ်ပါးသွားနေခဲ့သည်မှာ ကာလရှည်ကြာပြီဖြစ်သည့်အတွက် အနှီဘူတာရုံများနှင့် ကင်းကွာနေခဲ့ပေရာ ဘယ်နေရာမှာ ဘယ်လိုလက်မှတ် ဘာညာကိစ္စအဖြာဖြာကို မမှတ်မိခဲ့ပါတော့ပေ။

ဘူတာရုံမှ လက်မှတ်ပေါက်မှာ စုံစမ်းသမှုပြုလေရာ နောက်ထပ် ၁၅ မိနစ်အတွင်းမှာ ရန်ကုန်ဘူတာကြီးဘက်မှ ထွက်ခွာလာနေသည့်

မြို့ပတ်ရထားကို ကျွန်ုပ်တို့ စီးရမှာဟု ဆိုပါလေ၏။ သို့ဖြင့် လက်မှတ်ဝယ်ဖို့ ကျွန်ုပ်လုပ်လေရာ ကျွန်ုပ်ဆာသော်ဒိုးအတွက် မြန်မာငွေကျပ် ၂၀၀ တိတိဖြစ်ပြီး နိုင်ငံခြားသား Malte အတွက် ‘ဝမ်းဒေါ်လာ’ ဟု ဆိုပါလေ၏။

ဟုတ်ကဲ့ပါခင်ဗျာ. . .။ သည့်အတွက် ကျွန်ုပ်လည်း ကျွန်ုပ်၏အိပ်ကပ်ထဲမှာ ဒေါ်လာငွေများ ရှိလိုရှိငြား ရှာဖွေပါလေသော်လည်း တစ်ရွက်တစ်လေမှ ထွက်မလာလေရာ Malte ကိုမေးသော် သူ့ထံမှာလည်း မြန်မာပိုက်ဆံ ငါးဆယ်တန်မှအစ ငါးထောင်တန်များအထိ အပြည့်ရှိနေသော်ငြား ‘ရွှေမြန်မာဌာန’ တွေ သည်းခြေကြိုက် အနီအစိမ်းခေါ် ဒေါ်လာကား နတ္ထိပါပေ။

“ဆရာသမားရေ. . . ကျုပ်တို့ဘူတာတွေမှာ နိုင်ငံခြားသားဧည့်သည်ဆိုရင် ဒေါ်လာနဲ့ပဲ ပေးဆောင်ရတယ်ခင်ဗျ”

“ကဲ ကဲ ဟုတ်ပါပြီ ဆရာသမားရယ် အခု ကျွန်ုပ်တို့ဆီမှာ အဲဒီဒေါ်လာတစ်ပြားမှ ပါမလာတော့ အခု ဘယ်လိုလုပ်ရပါ့မလဲ”

“အဲ . . . ဒါဆိုလည်း ရပါတယ်ဆရာ။ ကိစ္စမရှိပါဘူး။ ဒီနေ့ပေါက်ဈေးနဲ့ တွက်ပြီး မြန်မာငွေပဲ လက်ခံရတော့မှာပေါ့ဗျာ”

“ကျေးဇူးပါဗျာ ကျေးဇူးပါဗျာ”

သို့ဖြင့် ကျွန်ုပ်လည်း ကျွန်ုပ်၏ပိုက်ဆံအိတ်ထဲမှ ကျွန်ုပ်အတွက် ၂၀၀ ကျပ်နှင့် Malte အတွက် ၁၀၀၀ တန်တစ်ရွက်ကို တစ်ပေါင်းတည်းထုတ်ကာ အနီးဘူတာလက်မှတ်ရောင်း ဆရာသမားအားပေးလိုက်ပါပေတော့၏။ ထိုအခါ ၎င်းလက်မှတ်ရောင်းအာစရိမှာ နောက်ထပ် စကားဆိုလာပြန်ပါလေတော့၏။

“၁၂၀၀ ပဲ ရှိသေးတယ်ဆရာ ၂၀၀ လိုသေးတယ်”

“ဘယ်လို ဘယ်လို အဲဒီမှာ ကျွန်ုပ်အတွက် ၂၀၀ နဲ့ သူ့အတွက် ၁၀၀၀ လေဗျာ။ ပြည့်နေသားပဲ ဥစ္စာ”

“လိုနေသေးတယ်ခင်ဗျ။ တစ်ဒေါ်လာကို ၁၂၀၀ ကျပ်နဲ့ တွက်ပေးရမှာ”

“ဗျာ ဘယ်လို၊ ဒီကနေ့ ဒေါ်လာပေါက်ဈေးဟာ ၉၈၈ ကျပ်ပဲ ရှိတဲ့ဥစ္စာ။ အခု တစ်ထောင်တောင် ပေးထားတဲ့ဟာကို”

ထိုအခါ အနီးဘူတာစာရေးများက မျက်လုံးများ မှေးစင်း၍ ပြုံးကာ ပြုံးကာဖြင့် ကျွန်ုပ်ကို ကြည့်ကာ သူတို့ သူတို့ သူတို့၏ လုပ်ငန်းတာဝန်များနှင့်တကွ လုပ်ရကိုင်ရာ ကိစ္စအဝဝကို ရှင်းလင်းပြောဆို ဖွင့်ဟခဲ့ပါပေတော့၏လေ။

“ဆရာသမား ပြောသလို ဒေါ်လာ ဒီကနေ့ပေါက်ဈေးဟာ ၉၈၈ ကျပ်ဆိုတာ မှန်ပါတယ်”

“ဒါဆိုရင် . . . ဘာဖြစ်လို့”

“ဟုတ်တယ် ဆရာသမား။ ကျုပ်တို့က အခြား နေရာကိုသွားပြီး အဲဒီဒေါ်လာ ပြန်ဝယ်ထည့်ရမှာ ၂၀၀ ကျပ်ပိုယူတာ ခရီးစားရိတ်ဆိုပါတော့ဆရာရယ်”

“အင်း ဟုတ်ပါပြီ ဟုတ်ပါပြီ။ ရှင်းပါပြီ ရှင်းပါပြီ ကဲ ရော့ ရော့ နောက်ထပ် ၂၀၀”

ဤသို့အားဖြင့် မြန်မာဆာသော်ဒိုးမှာ ‘နှစ်ရာ’ နှင့် ကိစ္စပြီးလေပြီး ဂျာမနီ ‘မိုင်တန်’ မှာ ‘တစ်ထောင့်နှစ်ရာကျပ်’ နှင့် နိဂုံးချုပ်ကာ မြင်းသတ္တဝါတစ်ကောင် ဒုန်းဆိုင်းပြေးလွှားနေသည့်အလား ရန်ကုန်စပါယ်ရှယ် မြို့ပတ်ရထားပေါ်မှာ ပျော်ပျော်ကြီး မောမော်ကြီး စီးနင်းလိုက်ပါခွင့် ရခဲ့ပါလေတော့၏။


ကျွန်ုပ်အတွက် လက်မှတ်ကလေးပေါ်မှာ သေသေချာချာ ရိုက်နှိပ်ထားသည်ကား ၂၀၀ ကျပ်ဖြစ်ပါလေ၏။ Malte ၏ ရထားလက်မှတ်ဘောက်ချာဖြတ်ပိုင်းအား အမှတ်မထင် ယူကြည့်မိလေရာ ‘ကျသင့်ငွေ’ နေရာမှာ ‘၁၀၀၀’ ကျပ်တိတိဟုသာ တွေ့မြင်ခဲ့ရပါလေတော့၏ခင်ဗျာ။

ပြုံးရယ်နေသော Malte ထံမှ အမှတ်မထင်စကားလုံးအချို့ ထွက်ကျလို့ လာလေရာ ကျွန်ုပ်မှာ သူ၏ ဗမာစကား အသုံးအနှုန်းကိုက်ညီမှုစွမ်းရည်ကို အံ့သြချီးကျူးဝမ်းမြောက် ဂုဏ်ယူခဲ့ရပါလေတော့၏။

“၂၀၀ က လက်ဖက်ရည်ဖိုးပေါ့”

**ဆာသော်ဒိုး**





# Korea

ငေမြင့်စံ

## ကင်မ်ဝူးဘင်နဲ့ အောင်မြင်မှုသင်္ကေတများ သို့မဟုတ် ၂၀၁၃ ပြီးတော့ ၂၀၁၄



၂၀၀၉ ခုနှစ်ကစလို့ prett-a-porter and Seoul Fashion Week များရဲ့ ယနေ့တိုင် မော်ဒယ်လုပ်နေတဲ့ ကိုရီးယားမင်းသားတစ်လက်ကတော့ ကင်မ်ဝူးဘင်ဖြစ်ပါတယ်။ သူဟာ ၂၀၁၁ ခုနှစ်ကစလို့ ဖက်ရှင်မော်ဒယ် ယိုးဂျီအန်းနဲ့ ချစ်ကြိုက်နေသူဖြစ်ပါတယ်။

သူဟာ A Gentleman's Diignity ဇာတ်ကားမှာ မင်းသားကြီးများနဲ့အတူ Kim Dong Hyub နေရာက ပါဝင်ထားသလို To the Beautiful You မှာ သရုပ်ဆောင်ခဲ့ပြီး School 2013 နဲ့ ၂၀၁၃ ကိုသိမ်းပိုက်နိုင်တဲ့ ကိုရီးယားအနုပညာရှင်ဖြစ်လာပြီးတဲ့နောက် ယနေ့နာမည်ကြီးနေတဲ့ The Heirs ဆိုတဲ့ ဇာတ်လမ်းတွဲမှာပါ သရုပ်ဆောင်ခွင့်ရခဲ့ပါတယ်။ ရုပ်ရှင်များမှာလည်း ပါဝင်သရုပ်ထားသူဖြစ်ပြီး C[illegible] Beer, K-Food, Samsung Securities, Gatsby စတဲ့ ကြော်ငြာများနဲ့လည်း လူသိများပါတယ်။

ပြီးခဲ့တဲ့နှစ်က ဆု ၃ ဆုဆွတ်ခူးထားသလို ဒီနှစ်မှာလည်း 9th Asia Model Festival Awards ကနေ အာရှငွေကြယ်ပွင့်ဆုကို ပူပူနွေးနွေးဆွတ်ခူးထားပါတယ်။ The Technicians ရုပ်ရှင်ကတော့ ဒီနှစ်မှာထွက်လာတဲ့ သူပါဝင်တဲ့ရုပ်ရှင်ဖြစ်ပြီး သူ့ကိုနာမည်ပိုကျော်စေမယ့် ကားလို့ယူဆနိုင်ပါတယ်။ သူ့ရဲ့ facebook စာမျက်နှာ အညွှန်းကတော့ https://www.facebook.com/KimWooBin.net ဖြစ်ပါတယ်။

## Jim Sturgess နဲ့ တွဲနေတာကို လူတွေစိတ်မဝင်စားရင် ကျေးဇူးတင်တယ်ဆိုတဲ့ ဘေဒိုးနာ

ရုပ်ဆိုးသလောက် သရုပ်ဆောင်လည်းကောင်း လူကြိုက်လည်းများတဲ့ ကိုရီးယားကဟိုမင်းသမီးလေဆိုရင်တော့ ဘေဒိုးနာကို မြေးမြင်မိမှာပါ။ မင်းသမီးဘေဒိုးနာနဲ့ အင်္ဂလိပ်မင်းသား Jim Sturgess တို့ဟာ ဒီနှစ်မှာ ကိုရီးယားဒရာမာစတားစုံတွဲဖြစ်လာမလားလို့ ခန့်မှန်းချက်များ ထွက်ပေါ်နေပါတယ်။ သူတို့နှစ်ယောက်ဟာ Cloud Atlas ဆိုတဲ့ ဇာတ်ကားမှာ အတူသရုပ်ဆောင်ရင်း ရင်းနှီးရာက အတွဲများလာတာ ဖြစ်ပါတယ်။ Jim Sturgess က ကိုရီးယားကိုလာရင် ဘေဒိုးနာကိုတွေ့သလို သူတို့နှစ်ယောက်ကို ကယ်လီဖိုးနီးယားမှာလည်း လက်ချိတ်ပြီး လျှောက်လည်နေတာကို သတင်းများမှာ ပုံများနဲ့ ဖော်ပြခံခဲ့ရပေမဲ့လည်း ချစ်သူတွေဖြစ်နေပြီလား ဆိုတာကိုတော့ သူတို့နှစ်ယောက်က ဖြေဖို့ ငြင်းဆန်ခဲ့ကြပါတယ်။ သူငယ်ချင်းတွေပါလို့ ဆိုနေပေမဲ့ လက်ချင်းချိတ်ပြီး ဓာတ်ပုံတွေ အရိုက်ခံနေကြတဲ့ အပြင်ပြီးခဲ့တဲ့တစ်ရက် နှစ်သစ်ကူး ကာလမှာ Jim Sturgess က ကိုရီးယားကို လာတုန်းကလည်း အတူ လျှောက်လည်ခဲ့တဲ့ ဒီစုံတွဲကို ပရိသတ်က စိတ်ဝင်စားကြပေမဲ့ သိပ်စိတ်မဝင်စားကြရင် ကျေးဇူးတင်မိမှာပါလို့ ဘေဒိုးနာက တုံ့ပြန်လိုက်လေရဲ့။



## ဇာတ်လမ်းကို ဂရုစိုက်ရွေးပြီးမှ သရုပ်ဆောင်တော့မယ့် ပေါ်ပြူလာမင်းသမီး ဂိုအာရာ

၂၀၁၄ ရဲ့ပေါ်ပြူလာကိုရီးယားမင်းသမီးဖြစ်လာဖို့ ခန့်မှန်းထားခံရတဲ့ ကိုရီးယားနဲ့ ဂျပန်ကုမ္ပဏီနှစ်ခုရဲ့ မော်ဒယ်နဲ့သရုပ်ဆောင်ဖြစ်တဲ့ ဂိုအာရာဟာ အသက် ၂၃ နှစ်ရှိ အောင်မြင်နေတဲ့ ငွေကြယ်ပွင့်တစ်ပွင့်ဖြစ်ပါတယ်။ အရပ် ၅ ပေနဲ့ ၇ လက်မရှိပြီး ချောင်အန်းတက္ကသိုလ်ကနေ Theater ဘာသာရပ်နဲ့ Bachelor Degree ရယူထားပါတယ်။ ၂၀၀၃ ခုနှစ်ကစလို့ အနုပညာလောကထဲရောက်လာခဲ့ပြီး သရုပ်ဆောင်လုပ်ခဲ့ပေမဲ့ ပရိသတ်များရဲ့နှလုံးသားကို သူသိမ်းပိုက်နိုင်စေခဲ့တဲ့ ဇာတ်ကားကတော့ Answer Me 1994 ဆိုတဲ့ မနှစ်က သရုပ်ဆောင်ခဲ့တဲ့ ဇာတ်ကား ဖြစ်ပါတယ်။ Genghis Khan: To the Ends of the Earth and Sea, Subaru စတဲ့ သူ ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ဂျပန်ဇာတ်ကားများကလည်း အာရှတစ်လွှား အောင်မြင်ခဲ့ပါတယ်။ ဇာတ်ကားအရေအတွက် ခပ်များများ သရုပ်မဆောင်ရသေးပေမဲ့ Model of the Year (2008), Mnet's 20 Choice: Barbie Girl (2007), Andre Kim: Best New Star Award (2007) တို့အပါဝင် အခြား ၄ လေးဆုကိုပါ ရရှိထားတဲ့ ဂိုအာရာဖြစ်ပါတယ်။

ယခုလို သရုပ်ဆောင်သက် ၁၀ နှစ်လောက် ရှိလာတဲ့အခါမှာတော့ သူက ဇာတ်ရုပ်တွေ ဂရုတစိုက် ရွေးရိုက်တော့မယ်လို့ ပြောလာပါတယ်။ 'Reply 1994' နဲ့ နာမည်ကြီးလူကြိုက်များလာပြီးတဲ့နောက် ကမ်းလှမ်းမှုတွေများလာပေမဲ့ ဇာတ်လမ်းကို ဂရုစိုက်ကြည့်ပြီးမှ သရုပ်ဆောင်ဖို့ ဆုံးဖြတ်တော့မယ်လို့ ပြောလိုက်တာဖြစ်ပါတယ်။



## စဉ်ဆက်မပြတ်တဲ့ အောင်မြင်မှုများနဲ့ လီမင်ဟို

လီမင်ဟိုဆိုတာ အာရှတစ်လွှားက ပရိသတ် အတော်များများ ပိုင်ဆိုင်ထားတဲ့ မင်းသားဆိုတာ သိနိုင်ပါတယ်။ သူ့ရဲ့ ကံကောင်းမှုနဲ့ စန်းရှိမှုဟာလည်း F4 မင်းသားအဖြစ် ပေါ်ထွက်လာပြီးတဲ့နောက် ဆက်တိုက်ဆိုသလိုပါပဲ။

ပြီးခဲ့တဲ့လက Taobao မိုဘိုင်းပလက်ဖောင်းရဲ့ အွန်လိုင်းဈေးကွက်အတွက် တရားဝင်မော်ဒယ်လည်း ဖြစ်လာခဲ့သလို ကိုရီးယားလေကြောင်း Jeju Air ရဲ့ မော်ဒယ်လည်း ဖြစ်လာခဲ့ပါတယ်။ ယခင်က အဲဒီလေကြောင်းလိုင်းရဲ့ ပရိုမိုးရှင်း မော်ဒယ်များအဖြစ် Big Bang က ဆောင်ရွက်ဖူး ပါတယ်။

ယခုလည်း ဆက်တိုက်ဆိုသလို အာရှမှာ ရေပန်းစားနေတဲ့ လီမင်ဟိုရဲ့ ပေါ်ပြူလာဖြစ်မှုကြောင့် သူတို့လေကြောင်းလိုင်းနဲ့ ခရီးသွားသူတွေ ပိုမိုရလာနိုင်တာကြောင့် လီမင်ဟိုကို ရွေးခဲ့တာလို့ Jeju Air က ဆိုပါတယ်။ ဒါ့အပြင် သူဟာ အသက် ၂၀ ကနေ ၄၀ အောက်အရွယ် အာရှပရိသတ်များရဲ့ ကြယ်ပွင့်ဖြစ်ကြောင်း ပြောဆိုခဲ့ပါတယ်။



## ဂျောင်ဟွန်းနဲ့ ယူဘီတို့ ချစ်သူအဖြစ် ကောလာဟလကို ငြင်းဆို





ကိုရီးယား မင်းသား၊ မင်းသမီးများရဲ့ ချစ်ရေးချစ်ရာ သတင်းများကလည်း စဉ်ဆက်မပြတ် ကောလာဟလတွေ ထွက်လာလိုက်၊ တကယ် မဟုတ်ကြောင်း ကာယကံရှင်များ ငြင်းလိုက်၊ မှန်လျက်နဲ့ ငြင်းမိကြတဲ့ စတားစုံတွဲတွေက ပရိသတ်ကို တောင်းပန်လိုက်နဲ့ ရှီးအီလာ မတတ်ဖြစ်တဲ့တိုင်အောင်သူတို့နဲ့ ပတ်သက်တဲ့အလားတူသတင်းတွေက ထွက်နေတုန်းပါပဲ။

ပြီးခဲ့တဲ့လက လီမင်ဟိုချစ်သူရနေပြီဆိုတဲ့ သတင်းကြောင့် သတင်းထွက်ခဲ့တဲ့ စတားနှစ်ဦးစလုံးက စိတ်ဆိုးကြောင်း ဖော်ပြခဲ့ပြီးတဲ့နောက် SHINEE အဖွဲ့ရဲ့ ဂျောင်ဟွန်းနဲ့ မင်းသမီးလီယူဘီတို့ရဲ့ ချစ်သတင်း ကောလာဟလကလည်း ပြန့်လာခဲ့ပါတယ်။ ဒါပေမဲ့ ချက်ချင်းဆိုသလိုပဲ သူတို့ကလည်းတရင်းတနှီး ချစ်သူငယ်ချင်းများသာဖြစ်ကြောင်း ငြင်းဆိုလိုက်ကြပါတယ်။

သူတို့ရဲ့ နေထိုင်သွားလာမှုက သိပ်တရင်းတနှီးရှိလွန်းလို့ ဒီသတင်းတွေ ထွက်လာတာဖြစ်နိုင်ပေမဲ့ ချစ်သူတွေတော့ မဟုတ်ပါဘူးလို့ သူတို့ရဲ့ အေဂျင်စီတွေက ဆိုပါတယ်။

လီယူဘီဟာ မင်းသမီး Kyeon Mi - ri ရဲ့ သမီးဖြစ်ပြီး The Innount Man, Gir Family Back ဇာတ်ကားများရဲ့ ဇာတ်ပို့မင်းသမီးအဖြစ်နဲ့ သရုပ်ဆောင်ဘဝကို ရောက်လာခဲ့တာ ဖြစ်ပါတယ်။ ဂျောင်ဟွန်းကတော့ SHINEE အဆိုတော်အဖွဲ့ရဲ့အဖွဲ့ဝင် အဆိုတော် မော်ဒယ်၊ သီချင်းရေးဘက်စုံရသလို SM The Ballad ရဲ့ ဘဲလေးအက အဖွဲ့ဝင်လည်း ဖြစ်ပါတယ်။



## ဖခင်ဖြစ်လာတော့မယ် ဟန်ဂျယ်ဆော့

ဖန်ခြေနင်းနဲ့ ယမင်းရွှေစင် (ခေါ်) Glass Slipper ခေါ် ဇာတ်လမ်းတွဲလေး ကို ကြိုက်ခဲ့ကြသူတွေအဖို့ ဂျန်ဂျယ်ဟော့အဖြစ် သရုပ်ဆောင်ခဲ့တဲ့ မင်းသား ဟန်ဂျယ်ဆော့ကို မှတ်မိကြမယ် ထင်ပါတယ်။

သူဟာ All about Eve, Four Sister, Lobbyist ဇာတ်ကားများနဲ့ပါ အောင်မြင်ခဲ့တဲ့ မင်းသားတစ် လက်ဖြစ်ပြီး ၂၀၁၀ ခုနှစ်ကတည်းက မင်းသမီးပတ်ဆိုမီနဲ့ ချစ်သူတွေပါ။ ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်မှာ လက်ထပ်ခဲ့ပြီး နှစ်ကုန်ပိုင်းလောက်မှာ သူတို့ရဲ့ရင်သွေး လေးရှိနေပြီလို့ ကြေညာခဲ့တဲ့အတွက် ၂၀၁၄ မှာတော့ ဂျယ်ဆော့ဟာ ဖခင်ကောင်းတစ်ဦး ဖြစ်လာတော့မှာပါ။

သူဟာ နာမည်ဆိုး အနေနဲ့တော့ မင်းသားဆောင်ဆန်ဟွန်း၊ ဂျန်ဟွတ်တို့လို ဆေးစစ်မှုကျအောင် လာဘ်ထိုးပြီး စစ်မှုမထမ်းရအောင် လုပ်ဖူးတာမျိုးရှိခဲ့ပါတယ်။ ဒါပေမဲ့ စစ်မှုထမ်းခဲ့ရပြီး ၂၀၀၆ မှာတော့ စစ်မှုထမ်းခြင်း ပြီးဆုံးခဲ့ပါတယ်။

၂၀၀၈ နဲ့ ၂၀၁၀ ခုနှစ်အကြား ကားရိုက်ပြတ်ခဲ့ပြီး ၂၀၁၂ မှာတော့ Ohalala Couple နဲ့ Immeral Clase ဒရာမာဇာတ်ကားများမှာ နောက်ဆုံး ပါဝင်သရုပ်ဆောင်ထားပြီး ၂၀၁၃ မှာ ရုပ်ရှင်ကားကြီးဖြစ်တဲ့ Our Heaven မှာ ပါဝင်ခဲ့ပါတယ်။ ထူးချွန်ဆု ၂ ဆု ပိုင်ဆိုင်ခဲ့ပြီး လက်ရှိအသက်ကတော့ ၄၀ နှစ်ဖြစ်ပါတယ်။

**ဇင်မြင့်စံ**

# FILM FEELING

ဖြိုး ဖြိုး






## The Grand Budapest Hotel

Comedy / Drama

FoxSearchlight Pictures

- ဒါရိုက်တာ — Wes Anderson
- ထုတ်လုပ်သူ — Wes Anderson, Jeremy Dawson, Steven M. Rales, Scott Rudin
- ဇာတ်ညွှန်း — Wes Anderson
- ဝတ္ထု — Wes Anderson, Hugo Guinness
- သရုပ်ဆောင်များ — Saoirse Ronan, Jude Law, Ralph Fiennes

၁၉၂၀ ပြည့်ကာလ စစ်မီးတွေ တောက်လောင်နေဆဲအချိန် ဥရောပက နာမည်ကြီး ဟိုတယ် Grand Budapest Hotel မှ အဖြစ် အပျက်တွေကို ပြန်ပြောင်းပြောပြနေတယ်။ ဟိုတယ်ရဲ့တာဝန်ခံ ဒဏ္ဍာရီဆန်ဆန် လျှို့ဝှက် နက်နဲ၊ ခန့်မှန်းရခက်ခက် ဂူးစတပ်ဗ်အိတ်ချ် (Ralph Fiennes) ရဲ့ စွန့်စား ခန်းတွေပါ။ ဂူးစတပ်ဗ်အိတ်ချ်ဟာ သူ အင်မတန်ယုံကြည်သွားတဲ့ ဧည့်ကြိုလု ငယ်လေး ဇီးရိုးမူစတာဖာ (Tony Revolori)ကို 'လူကလေး ပန်းသီးနှင့်အတူ' ဆိုတဲ့ ပန်းချီကားကို အမွေပေးလိုက်တယ်။ ဂူးစတပ်ဗ်နဲ့ ချစ်ဇာတ်လမ်း တွယ်ရစ်နေသယောင် အနေအထားရှိတဲ့ အမျိုးသမီးကြီး မက်ဒမ်းဒီ (Tilda Swinton) သေဆုံးသွားခဲ့ပြီးတဲ့အချိန်မှာ ပန်းချီကားကို လွှဲပေးလိုက်တာပါ။ အမျိုးသမီးကြီး သေဆုံးတာ ရိုးရိုးလေးပဲ မဟုတ်ခဲ့ဘူး။ အသတ်ခံ ရလိုက်တာ ဆိုတော့ ရဲတွေရဲ့ သင်္ကာမကင်းဖြစ်မှုတွေက ဂူးစတပ်ဗ်အိတ်ချ်ဆီ တန်းတန်း မတ်မတ်ကြီး ရောက်လာကြတယ်။ ဇီးရိုးမူစတာဖာနဲ့ သူ့ရဲ့ အချစ်ကလေး အက်ဂ်သာ(Saoirse Ronan) တို့က ဂူးစတဗ် ပုန်းကွယ်ဖို့ နေရာရှာပေး ကြတယ်။ ရဲတွေလက်ကထွက်ပြေးနိုင်မလားလို့ ကူညီကြတယ်။ ပန်းချီကား ကိုလည်း အာဏာပိုင်တွေလက်က လွတ်ကင်းလေမလား၊ သိမ်းဖွက်ဖို့ ကြိုးစားကြတာပေါ့။ ရုပ်ရှင်ထဲက The Grand Budapest Hotel ရဲ့ တည်နေရာကတော့ ဂျာမန်-ပိုလန် နယ်စပ်အနီးက Gorlitz မြို့မှာပါ။ သမိုင်းဆိုင်ရာ အနုပညာပြခန်း Karstadt နဲ့ ဂျာမနီ က Hainewalde ရဲတိုက်မှာ ရိုက်ကူးထားပါတယ်။ မူလတုန်းက အဓိကဇာတ်ကောင် ဂူးစ တပ်ဗ်နေရာမှာ Johnny Depp သရုပ်ဆောင်ဖို့ ရွေးချယ်ထားခဲ့ပေမဲ့ တကယ်ရိုက်ကူးဖြစ်ခဲ့တော့ အင်္ဂလိပ်သရုပ်ဆောင် Ralph Fiennes နဲ့ပါ။ Ralph Fiennes ဟာ အင်္ဂလိပ်စာရေးဆရာမ Emily Bronte ရဲ့ Wuthering Heights ဝတ္ထု - ၁၉၉၂ က ရုပ်ရှင်မှာ Heathcliff နေရာ၊ Schindlers List မှာ Amon Goth ဇာတ်ကောင် နေရာ နဲ့ Harry Potter and the Deathly Hallows မှာ Lord Voldemort အဖြစ်လည်း သရုပ် ဆောင်ခဲ့တယ်။




## 300: Rise of an Empire

Action / Drama / War

Warner Bros. Pictures

ဒါရိုက်တာ ❂ Noam Murro

ထုတ်လုပ်သူ ❂ Gianni Nunnari, Mark CanTon, Zack Snyder, Deborah Snyder, Bernie Goldmann

ဇာတ်ညွှန်း ❂ Zack Snyder, Kurt Johnstad

ဝတ္ထု ❂ Based on Xerxes (unpublished) by Frank Miller

သရုပ်ဆောင်များ ❂ Sullivan Stapleton, Eva Green, Lena Headey,Hans Matheson, Rodrigo Santoro




ဂျေရုဆလင်ဖွား အစ္စရေး ဒါရိုက်တာ Noam Murro ရဲ့ အက်ရှင်တစ် ကားပါ။ ၂၀၀၇ ခုနှစ်က လူကြိုက်များခဲ့တဲ့ fantasy စွန့်စားခန်းတွေ အပြည့်နဲ့ စိတ်ဝင်စားဖွယ်ရာ ရုပ်ရှင် ၃၀၀ ရဲ့ နောက်ထပ်ဇာတ်လမ်း တွဲဖြစ်ပါတယ်။ အမေရိကန် ဒါရိုက်တာ Zack Snyder ရဲ့ ၃၀၀ မှာ တပ်သား သုံးသိန်းကျော်ရှိနေတဲ့ ပါရှန်း God-king ဇက်ဇီးစ်နဲ့ စပါတန်တပ်သား သုံးရာကို ဦးဆောင်တဲ့ ဘုရင်လီယိုနိုင်းဒပ်စ်တို့ရဲ့ အားပြိုင်ရင်ဆိုင်တိုက်ခိုက်ကြတဲ့ တိုက်ပွဲအကြောင်းကို ရိုက်ကူး ထားတာပါ။ ၃၀၀ မှာအထူးခြားဆုံးက Frank Miller နဲ့ Lynn Varley တို့ရဲ့ ကာတွန်းစာအုပ်ဇာတ်လမ်းတွဲ ၃၀၀ ထဲကအတိုင်း ပုံရိပ်။ အရောင်အသွေးပါတူညီနေအောင် chroma key အထူးပြုလုပ်ချက်အသုံးပြုပြီး ကာတွန်းထဲကပုံရိပ်တွေပါ ပေါင်းစပ်ရိုက်ကူးခဲ့တယ်။ Rise of an Empire မှာ အေသင်သားစစ်ဘုရင်သီမီစတိုကလက်စ်၊ ပထမဆုံးပါရှန်းအင်ပါယာ 'အာတီမီးစီးယားဘုရင်မ' နဲ့ ဇက်ဇီးစ်ဘုရင်တို့ကို ဇာတ်အိမ်တည် ထားတယ်။ ဘုရင်မ အာတီမီစီးယား I ဟာ ဒုတိယပါရှန်းစစ်ပွဲမှာ ဘုရင် ဇက်ဇီးစ် I နဲ့ မဟာမိတ်ယူခဲ့တယ်။ ဘီစီ ၄၈၀ စက်တင် ဘာလမှာ ဖြစ်ပွားခဲ့တဲ့ ပါရှန်းအင်ပါယာနဲ့ ရှေးဂရိမဟာမိတ်တို့ကြားက တိုက်ပွဲအတွက် ရေကြောင်းတပ်သားတွေ ပြင်ဆင်မှု ပြုလုပ်ကြတယ်။ ဂရိကျွန်းတွေထဲက ဒုတိယအကြီးဆုံးကျွန်း Euboea မြောက်ပိုင်းနဲ့ ပင်မကျွန်းမြေကြားက ရေလက်ကြားတွေမှာ စစ်ပြင်နေကြပြီ။ အဲဒီ စစ်မြူးနေတဲ့ လှုပ်ရှားမှုပုံရိပ်တွေဟာ ချောက်ချားစရာပါ။ ဂရိရဲ့ အကြီးဆုံးကျွန်း Salamis တိုက်ပွဲ နဲ့ အာတီမီးယားဘုရင်မဟာ အရေးအပါဆုံး ဇာတ်ကောင်နေရာက ရှိနေတယ်။ ဘီစီ ၄၉၀ မာရသွန်စစ်ပွဲအကြောင်းလည်း ပါဝင်သေးတယ်။ မာရသွန်တိုက်ပွဲက ပထမပါရှန်းစစ်ပွဲအတွင်း ဖြစ်ပွားခဲ့တာပါ။ ဆာလာမစ်ကျွန်းဟာ ဒဏ္ဍာရီထဲက ဂရိသူရဲကောင်း အေယက်စ်ရဲ့ မွေးဖွားရာဇာတိ ကျွန်းပေါ့။ ဒီရုပ်ရှင်မှာ ဇက်ဇီးစ်ဘုရင်ရဲ့ နောက်ခံသမိုင်း။ သူ ဘာကြောင့် God King ဆိုတဲ့နာမည်၊ ဘွဲ့ထူးဂုဏ်ထူးရခဲ့သလဲဆိုတာလဲ ပြောပြ သွားမယ်လို့ဆိုတယ်။ အာတီမီးစီးယားဘုရင်မ အဖြစ် ပြင်သစ်မော်ဒယ်သရုပ်ဆောင် Eva Green ပါဝင်သရုပ်ဆောင်ထားပါတယ်။



## Non-Stop

Action / Mystery / Thriller

Universal Pictures

ဒါရိုက်တာ ❂ Jaume Collet-Serra

ထုတ်လုပ်သူ ❂ Joel Silver, Alex Heineman,Steve Richards, Andrew Rona

ဇာတ်ညွှန်း ❂ John W. Richardson, Chris Roach, Ryan Engle

ဝတ္ထု ❂ Josh W. Richardson, Chris Roach

သရုပ်ဆောင်များ ❂ Liam Neeson, Julianne Moore, Nate Parker,Michelle Dockery, Linus Roache, Scoot McNairy, Corey Stoll


နယူးယောက်ကနေ လန်ဒန်အသွား လေယာဉ်ပေါ်မှာ ယူအက်စ်ဗဟိုလေကြောင်း ထိပ်တန်းအရာရှိတစ်ဦး၊ ဘီလ်မာ့ခ်စ် (Liam Neeson)

ရှိနေတယ်။ ကွန်ရက်လုံခြုံရေး အပြည့် အဝကာကွယ်ပေးထားတဲ့ နေရာမျိုးမှာ မာ့ခ်စ် text message တွေ လက်ခံရရှိလိုက်တယ်။ 'ဟဲလို၊ မာရှယ်လ်' အဲဒီလို အစချီလာတဲ့ ခြိမ်းခြောက်တဲ့ စကားလုံးတွေ ဆက်တိုက်ရလာခဲ့ပြီ။ စကားလုံး တွေထဲမှာ မိနစ် ၂၀ တိုင်းမှာ ခရီး သည်တစ်ဦးစီ သတ်ဖြတ်သွားမယ်လို့ ပြောထားတယ်။ ဒေါ်လာ သန်း ၁၅၀ ဟာ လျှို့ဝှက် ဘဏ်အကောင့်တစ်ခုထဲကို ဝင်နေတယ်။ ဘဏ် အကောင့်ဟာ မာ့ခ်စ်ရဲ့အမည်နဲ့ ဆိုတာကို မြေပြင်က ဘဏ်မှာ ရှာဖွေ တွေ့ရှိသွားတဲ့အခါ။ ဗုံးတစ်လုံး တပ်ဆင်ထားတယ် ဆိုတာကို မာ့ခ်စ်ကလေယာဉ်ထဲက လေယာဉ်ပေါ်မှာ ရှာဖွေတွေ့ရှိလိုက်တဲ့ အခါ။ အဖြစ်အပျက်တွေက မိနစ်တိုင်းစက္ကန့်တိုင်း လျင်မြန် လွန်းစွာ၊ မိနစ် နှစ်ဆယ်တိုင်းကိုမာ့ခ်စ် ကယ်ဆယ် နိုင်ဖို့ ကြိုးစားချိန်မှာ၊ မာခ့်စ်ကိုယ်တိုင် လေယာဉ်အ




ပိုင်စီးသူတစ်ဦးအဖြစ် တံဆိပ်ခတ်ခံခဲ့ရပြီး ဖြစ်နေပြီ။ ဝေဟင်ထဲက လေယာဉ်တစ်စင်းပေါ်မှာ Non-Stopလှုပ်ရှားမှုတွေဟာအသည်းတအေးအေး ထိတ်လန့်စရာကြီးပါ။ လေယာဉ်ရဲ့အမြီးပိုင်းတစ်ပိုင်းလုံး ပေါက်ကွဲလွင့်စဉ်သွားခဲ့တော့ ခရီးသည်တွေရဲ့ အသက်ဗိညာဉ်တွေ၊ အကောင်းအတိုင်း ဆက်လက် ရှင်သန်နိုင်ပါ့မလား။ အဲဒီလေယာဉ်ရဲ့ ဘယ်ညာ ဘေးဘက်မှာ ယှဉ်လျက်သား၊ လျင်လျင်မြန်မြန် မောင်းနှင်လိုက်ပါလာတဲ့လေယာဉ်နှစ်စီးနဲ့ လူတွေရဲ့ အသက်ကို ဘယ်လိုတားဆီးမှာလဲ။ ချောက်ချောက် ချားချား စိတ်ဝင် စားစရာကောင်းလှတဲ့ Non-Stop ပါပဲ။ House of Wax နဲ့ ကျော်ကြားခဲ့တဲ့ စပိန် ဒါရိုက်တာ Jaume Collet-Serra ရဲ့ ဖန်တီးရိုက် ကူးထားပါတယ်။

❂



## Grace of Monaco

Biography / Drama

The Weinstein Company

| | | |
|---|---|---|
| ဒါရိုက်တာ | ❂ | Olivier Dahan |
| ထုတ်လုပ်သူ | ❂ | Arash Amel,Uday Chopra, Pierre-Ange Le Pogam |
| ဇာတ်ညွှန်း | ❂ | Arash Amel |
| သရုပ်ဆောင်များ | ❂ | Nicole Kidman, Tim Roth,Frank Langella, Parker PoseyMilo VenTimiglia, Derek Jacobi, Paz Vega |

ချောမောလှပလွန်းသူ အမေရိကန် ရုပ်ရှင် စတား၊ မိုနာကိုမင်းသား ရိန်းနီးယား III ရဲ့ ဇနီး၊ မိုနာကိုမင်းသမီး ဂရေ့စ်ကယ်လီရဲ့ ဘဝဇာတ်ကြောင်း၊ အတ္ထုပ္ပတ္တိ ရုပ်ရှင်ပါ။ ပြင်သစ်ဒါရိုက်တာ Oliver Dahan ကရိုက်ကူးထားပါတယ်။ မိန်းမချောလေးဂရေ့စ်ကယ်လီရဲ့ လက်ထပ်ထိမ်းမြားခြင်းနဲ့ သူမရဲ့ ဖြစ်တည်မှုတွေ၊ အထူးသဖြင့် ခင်ပွန်းသည်မိုနာကိုမင်းသား ရိန်းနီးယား III နဲ့ ဒုတိယကမ္ဘာစစ်အတွင်း Free French Forces ကို ဦးဆောင်ခဲ့တဲ့ စစ်ဗိုလ်ချုပ်ကြီး ချားလ်စ်ဒီဂိုးလ်ကြားက အငြင်းပွားစရာ၊ သဘောထားကွဲလွဲစရာအဖြစ်အပျက်တွေကို ပုံဖော်ပြသထားတယ်။ ပြင်သစ်အာဏာပိုင်တွေ ထိန်းချုပ်ထားတဲ့ မိုနာကိုနယ်ရဲ့ မီဒီယာတွေဖြစ်တဲ့ Radio Monte Carlo(RMC) နဲ့ Tele MonTe Carlo(TMC) ရဲ့ အမေးအဖြေတွေမှာ ရိန်းနီးယားဟာ ဂရေ့စ်ကယ်လီနဲ့ ရွှေလက်တွဲမယ့် အရေးကိစ္စတွေမှာ အော်ကျယ်ဟစ်ကျယ် အငြင်းအခုံဖြစ်ခဲ့တာတွေ ပါဝင်တယ်။ အဲဒီအတွက် ပြင်သစ်အာဏာပိုင်တွေက မိုနာကိုနယ်ကို ပိတ်ဆို့မှုတွေ စတင်ပြုလုပ်လာခဲ့တာပါ။ မိုနာကိုတော်ဝင်မိသားစုဝင်တွေ ဖြစ်တဲ့ ဂရေ့စ်ကယ်လီရဲ့ သားကြီး မင်းသားအဲလ်ဘတ် II၊ သမီးငယ်တွေဖြစ်တဲ့ မင်းသမီး ကာရိုလိုင်းနဲ့ မင်းသမီးစတက်ဖနီတို့က Grace of Monaco ရဲ့ ဇာတ်ညွှန်းကို ပြစ်တင်ဝေဖန်ခဲ့ ကြပါသေးတယ်။ 'ဘာမှစွဲမက်နှစ်သက်ဖွယ်ရာမရှိ၊ သမိုင်းဆိုင်ရာ အထောက်အထားတွေလည်း မှန်ကန်မှုမရှိ' လို့ဆိုပြီး ပြောင်းလဲမှုတွေ ပြုလုပ်ဖို့ တောင်းဆိုခဲ့ကြတယ်။ ဒါပေမဲ့ ရုပ်ရှင်ဖန်တီးသူ တွေက မသိကျိုးကျွန်ပြုပါတယ်။ ဂရေ့စ်ကယ်လီအဖြစ် သရုပ်ဆောင်ထားတဲ့ Nicole Kidman က 'ဒီရုပ်ရှင်ဟာ ဂရေ့စ်ကယ်လီရဲ့ အတ္ထုပ္ပတ္တိ မဟုတ်သလို စိတ်ကူးယဉ်ဖန်တီးထားတဲ့မှတ်တမ်းကားလည်း မဟုတ်ပြန်ဘူး။ ဒါပေမဲ့ သူမရဲ့ ဘဝထဲက လူသားဆန်လှတဲ့ ဖြစ်ရပ်အစိတ်အပိုင်း သေးသေးလေး၊ အဲဒီမှာ သူမရဲ့ ကြောက်ရွံ့မှုတွေနဲ့ အားနည်းပျော့ညံ့မှုတွေရှိတယ်။ အဲဒါကိုရည်ညွှန်းပြသချင်တာ' လို့ ဆိုတယ်။ ဒါရိုက်တာOlivier Dahanကလည်းတုံ့ပြန်ပါတယ်။

'ကျွန်တော်ဟာ ဂျာနယ်လစ်တစ်ဦးမဟုတ်ဘူး။ သမိုင်းဆရာလည်း မဟုတ်ပါဘူး။ ကျွန်တော်က အနုပညာရှင်ပါ။ သူမရဲ့မိသားစု၊ ခင်ပွန်းသည်နဲ့ သူမရဲ့ ဝါသနာရပ်တည်မှုတွေ အားလုံးကို စည်းချက်ညီဖို့ ကြိုးစားခဲ့တဲ့ အမျိုးသမီးတစ်ဦးရဲ့ လူသားဆန်တဲ့ ပုံတူကိုပဲ ဖန်တီးပြချင်တာ။ သူမရဲ့ရပ်တည်မှုရုပ်ရှင်လုပ်ငန်းတွေ လွှတ်ချထားပစ် ခဲ့ရပြီး တခြားဇာတ်ကောင်တစ်ခု တီထွင်နေထိုင် သွားရတယ်။ သူတို့ရဲ့မိခင်ဆိုတော့ အဲဒီရှုထောင့်ဟာ နာကျင်စရာဖြစ်ခဲ့မှာပါ။ ကျွန်တော် ဘယ်သူ့ကိုမှ စိတ်အနှောင့်အယှက် မပေးချင်ပါဘူး။ ပြောစရာတစ်ခုပဲရှိပါတယ်။ ဒါဟာ ရုပ်ရှင် အနုပညာပါ' တဲ့။

ဖြိုးဖြိုး


## ကရော်စာ

# ကတ် သီး ကတ်သတ် ပြော တဲ့
# တောက်တီးတောက်တဲ့

## ပြောင်းလဲခြင်းနဲ့ လိုက်ရွေ့ကြဖို့

လေ့လာသူအချို့သည် ကုမ္ပဏီတစ်ခုကို လှည့်ပတ်ကြည့်ရှုကြရာ အခန်းတစ်ခန်းသို့ အရောက်တွင် လွန်စွာအံ့ဩကုန်၏။ ယင်းအခန်းတွင် လက်ဝှေ့အိတ်မှအစပြုကာ ဂျပန်ဓား၊ မြန်မာဓား၊ လှံ၊ လေးမြား ယုတ်စွအဆုံး လောက်လေးခွပါ နံရံတွင် အလှဆင်ချိတ်ဆွဲထားလေသည်။ ထို့ကြောင့် လိုက်လံရှင်းပြသူ ကုမ္ပဏီတာဝန်ခံအား မေးမြန်းရာ . . .

ဒီလိုပါ . . . အရင်တုန်းက ဒီအစည်းအဝေးခန်းမှာ ကမ္ဘာ့မြေပုံ၊ မြန်မာပြည်မြေပုံ၊ ကိုယ်အဓိကထား စဉ်းစားရမယ့် ပြည်နယ်၊ တိုင်းမြေပုံတွေကို resolution ကောင်းကောင်းနဲ့ ပုံနှိပ်ပြီး ကပ်ထားတာပါ။ အစည်းအဝေးတွေမှာ ငြင်းကြခုန်ကြနဲ့ စကားတွေများပြီး ပြဿနာတွေဖြစ်လွန်းအားကြီးလို့ MD က ပါးစပ်နဲ့ ရန်ဖြစ်ရတာ အားမရရင် ဘာလက်နက်တွေ လိုဦးမလဲ မေးပြီး ဒီလိုပစ္စည်းတွေ ထားပေးလိုက်တော့တာပဲ။ အံ့ဩစရာကောင်းတာ နောက်ပိုင်းအစည်းအဝေးတွေမှာ ကောင်းကောင်းမွန်မွန် ဆွေးနွေး အဖြေရှာနိုင်ကြတာပဲ။ လူတိုင်းဟာ ပြဿနာကိုယ်စီ၊ အားနည်းချက်ကိုယ်စီရှိတဲ့ တန်ဖိုးရှိတဲ့ လူသားတွေဖြစ်တယ်ဆိုတာ တဖြည်းဖြည်း သဘောပေါက်လာကြတယ်။ ဥယျာဉ်ဆိုတာ ပန်းပင်တွေနဲ့ အတူ ပေါင်းမြက်တွေ အမြဲပေါက်တတ်တာပဲ။ အဲဒီပေါင်းမြက်ကို မကြာမကြာ ရှင်းပစ်ဖို့ပဲ လို



တာလေ။ ဒါကြောင့် နားလည်မှုတွေ လွဲ၊ ဒေါသတွေ ဖြစ်လာရင် အဲဒါတွေကို ပေါင်းမြက်လို ဖယ်ဖယ်ပေးရင်း ကျုပ်တို့ကုမ္ပဏီ အားကောင်းအောင် ဝိုင်းလုပ်ကြတာပေါ့။ (ဟဲ ဟဲ . . . နံရံပေါ်က လက်နက်တွေကို ကြောက်တာလည်း ပါမယ်ထင်တာပဲ)။

ဟိုတစ်နေ့က ဉာဏ်ပုတဲ့လူတွေက Facebook ကြီးပိတ်မယ်လို့ ပြောတော့မားးး သိပ်လန့်သွားတယ်။ ဟုတ်တယ်လေ ဒါဟာ တကယ့်ကို သေရေးရှင်ရေးကိုးးး

အကယ်၍များ အခုတလော ဉာဏ်ပုတဲ့လူတွေ ကောလာဟလ ပြောပြောနေသလို Facebook ကြီး ရုတ်တရက်ပိတ်သွားရင် ဘာဖြစ်လာနိုင်လဲလို့ တွေးကြည့်မိတယ်။

ဘာမဆို ငါသိငါတတ်လုပ်နေတဲ့ သူတော်ကောင်းကြီးတွေခမျာ လမ်းထိပ် tea shop၊ ဘီယာဆိုင်မှာ ပြောရင် အကြောင်းသိတွေကိုပဲ ပြောလို့ရမှာမို့ Facebook မှာလို လူတွေ ဝိုင်းအထင်ကြီးတော့မှာ မဟုတ်ဘူး။

ရဲရဲတောက်ဟစ်ကြွေးပြီး တော်လှန်ရေးလုပ်နေတဲ့ အစ်ကိုကြီးတွေ ခမျာ သူတို့ အော်ချင်ကလော်ချင်တာတွေကို post တင်ပြီးရဲရဲတောက် လို့ မရတော့ဘူး။ လမ်းထိပ်ထွက်အော်ရင်လည်း ရိုက်ပေါက်တွေ ပြောမိရင် ရိုက်ခံရမှာနဲ့ ရင်ဖွင့်ဖို့ခက်သွားရော။ (တစ်နာရီကို ငွေလေးရာရှိပြီး စာရိုက်တတ်ရုံနဲ့ တစ်ကမ္ဘာလုံးကို ကလော်တုတ်လို့ရတာ ဒီတစ်နေရာပဲရှိတာကိုး)

ဒီတော့ ငြင်းကြခုံကြ ဆဲကြ အစ်ကိုကြီးတွေ အဆင်ပြေအောင် ဟိုဘက်ဒီဘက်ချိန်းပြီး ဘောလုမ်းကွင်းထဲပိတ်။ ငြင်းချင်တာကို white board ပေါ်မှာ marker နဲ့ရေးပြီး ထောင်ပြ။ တစ်လှည့်စီပေါ့လေ။ ပြောရင်း သိပ်အရှိန်တက်လာပြီး comment တွေ ရေးသလောက် ဇ ရှိကြရင် ထရိုက်ကြပေါ့။

မားးကတော့ အဲ့ကွင်းနားလေးမယ် တုတ်တွေ၊ ဓားတွေ၊ အုတ်ခဲကျိုးတွေရယ် ပတ်တီး၊ ဂွမ်း၊ ပရုတ်ဆီ ရောင်းမယ်

စဉ်းစားတယ်။

နောက်ပြီး သမီးလေးတွေ ဒုက္ခရောက်မယ်လို့မြင်တယ်။ Facebook မရှိတော့ဘဲလိုချင်ရင် အပြင်ထွက်ပြီး လမ်းသလား ပြရတော့မှာလေ။ လူကိုယ်တိုင်ထွက်လာရင် Camera ၃၆၀ နဲ့ ပြသလိုမဟုတ်တော့ဘူး။ ပြီးတော့ မျက်နှာလေးပဲပြပြီး ထူနေတဲ့ဗိုက်ခေါက်တို့၊ တုတ်နေတဲ့ခြေသလုံးတို့ကို ကွယ်ပြီး အရင်လို မျက်လုံးလေးပြူးပြီး အပေါ်ကပဲ ရိုက်တာမျိုးလုပ်မရတော့ သားလေးတွေက အမှန်မြင်ကုန်ရော။ ခွိခွိ

အပြိုကြီးတွေမှာလည်း အရင်ငယ်တုန်းနုတုန်းဥတုန်းက ပုံလေးတွေကို ဖုတ်ဖက်ခါတင်ထားတာမျိုးလုပ် မရတော့ဘူး။

သားလေးတွေလည်း ငွမ်းမှာပဲ။ အရင်လို စော်အလစ်မှာ private chat ကနေ 'ညီမလေး သိပ်ချောတယ်နော်' တို့၊ နဲနဲခင်လာရင် 'လွမ်းတယ် သိလား' တို့၊ တစ်ခါတလေ 'အစ်ကို့စော်က အရမ်းဆိုးတယ်ကွာ။ အစ်ကိုကသနားဆြာပါ'တို့ ပြောလို့မရတော့ဘူး။ စော်သုံးပွေလောက်ကို တစ်ပြိုင်တည်း ချက်ရင်းချုပ်မရတော့ဘူး။ အပြင်မှာပဲ စော်ကိုတွေ့ အတူသွားရင်း တခြားငမ်းမိရင် ဗိုက်ကြောပြတ်မှာ။

စော်ကို ပတ်ပြီး club သွားတာတို့ ဘာတို့တော့ အဆင်ပြေသွားတာပေါ့လေ။


မားးး လား ?

မားးကတော့ ရုပ်ခံရှိပြီးသား ဆိုတော့ အရင်လိုကန်ပေါင်သွားပြီး သူငယ်စားရုံ ပေါ့. . .

ခစ်ခစ်

မာမီသံ Facebook မှ ကူးယူဖော်ပြသည်။

# ခေါင်းစဉ်များရောင်းရန်ရှိသည်




ခုတစ်လော ဆဲသံဆိုသံ၊ ကြိမ်းသံမောင်းသံတွေ တော်တော်ကြားနေရလို့ မောင်တောက်တီးခမျာလည်း ခပ်လန့်လန့်ရယ်။ အဖေကတစ်မျိုး၊ အမေက တစ်ဖုံ၊ အစ်မဖြစ်တဲ့ တောက်တဲ့မကတစ်သွယ် မောင်တောက်တီးကို ရှုထောင့်အမျိုးမျိုးက လှည့်ပတ်ချောင်းပြီး အပြစ်ရှာနေကြသလားတောင်ထင်မိပါရဲ့။ ဒါနဲ့ပဲ အင်တာနက်လည်း မသုံးတော့ဘဲ ဂျာနယ်လေး အေးအေး လူလူဖတ်ပါမယ်လို့ စာစောင်တစ်စောင် ဆွဲလှန်လိုက်တော့မှ ပိုဆိုးနေသကိုးဗျ။ မြတ်စွာဘုရား . . . စာဖတ်ရင်းနဲ့ ပါးရင်းနားရင်းတွေတောင် ထုပူလာသလိုပဲ. . .။ အင်း. . . မနှစ်တုန်းကလည်း ထမင်းတစ်နပ် လျှော့စားပါလို့ ပြောသံကြားလိုက်ရသေး။ အေးလေ . . . လူအမျိုးမျိုး စိတ်အထွေထွေပေပဲကိုး. . .။ လူပြောမသန် လူသန်မပြောဆိုတဲ့ စကားရှိသလို၊ လူဖြောင့် စိတ်တို လူချို စိတ်ကောက်ဆိုတဲ့ ဆိုရိုးလည်း ရှိသေးမဟုတ်လား။ ခက်တာက မောင်တောက်တီးတို့ မြန်မာ့ရှေးဆို ရိုးလေးတွေကလည်း တစ်ခုနဲ့တစ်ခု အဖွင့်အပိတ်လေးတွေလိုလို ဖြစ်နေကြပြန်သဗျ။ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့ စကားရှိသလို၊ သေချင်တဲ့ကျား တောပြောင်းဆိုတာလည်း ရှိနေပြန်တော့ တစ်ခါတလေမှာ ဘာလုပ်ရမှန်းကို မသိတော့သလို၊ ဘာလုပ်လုပ် အပြစ်မလွတ်သလိုလည်း ဖြစ်နေပြန်ရောဗျား . . .။

အင်း. . . clean water နဲ့ purified drinking water ကို မရှင်းရာက စတဲ့ ပြဿနာပေါ်ပြီးနောက် ၂ ရက်လောက်မှာပဲ. . .။ အဲဒီကိစ္စကို အကြောင်းပြုပြီး လူတစ်စုက မဟာဗန္ဓုလပန်းခြံရှေ့မှာ ဆန္ဒပြကြမယ်ဆိုလာ ပြန်တော့ မောင်တောက်တီးခမျာ. . . အီးတောင်အသံကျယ်ကျယ် မပေါက်ရဲသလို ဖြစ်သွားရတော့တာပဲ။ ဟုတ်တယ်လေ. . . တော်ကြာ သူတို့ သိသွားမှဖြင့် လေထုညစ်ညမ်းစေမှု၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမှုတွေ ခေါင်းစဉ်တပ်ပြီး ဆန္ဒပြလိုက်ကြလို့ နေရင်းထိုင်ရင်း နားကားနေဦးမယ်။

ဒါပေမဲ့ အလုပ်ဖြစ်နိုင်တာ တစ်ခုတော့ရှိသဗျ။ အဲသလို အရမ်းအရမ်း ဆန္ဒပြချင်ကြသူတွေအတွက် ဆန္ဒပြစရာခေါင်းစဉ်လေးတွေ၊ ဆန္ဒပြလို့ကောင်းမယ့်ခေါင်းစဉ်လေးတွေ ရှာပေးပြီး ဉာဏ်ပူဇော်ခလေးများယူရင် ကောင်းမလားလို့ မောင်တောက်တီး စဉ်းစားမိတာပါပဲ။ လျှောက်မပြောကြနဲ့ ဦးနော်။ တော်ကြာ သူများတွေ လက်ဦးသွားကြဦးမယ်. . .။

# စနစ်ကျပြီး အန္တရာယ်ကင်းစေဖို့



ဒီနှစ်မန်းသင်္ကြန်မှာ NGO အဖွဲ့အစည်းတွေစုပေါင်းပြီး ကွန်ဒုံး တစ်သိန်း အခမဲ့ဝေမယ်ဆိုသကိုးဗျ။ မနှစ်ကလည်း ကွန်ဒုံး ခြောက်သောင်း အခမဲ့ ဝေခဲ့သေးသတဲ့။ ရည်ရွယ်ချက်ကတော့ မမှားသင့်တာတွေမှားပြီး မလိုလား အပ်တာတွေ ဖြစ်မလာစေဖို့ပါပဲတဲ့။ အင်မတန်ကောင်းမွန်တဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ချက်ပါပဲ။ သို့သော် ကွန်ဒုံးနဲ့ပတ်သက်လို့ မောင်တောက်တီး ကြားဖူးခဲ့တဲ့ အရပ်စကား ဇာတ်လမ်းလေးတစ်ခုကိုတော့ နည်းနည်းပြောပြချင် ပါသေးတယ်။

ကွန်ဒုံးတွေ မြန်မာနိုင်ငံမှာ ကျယ်ကျယ်ပြန့်ပြန့် မသုံးကြတဲ့အချိန်က ပေါ့ဗျာ။ အဲဒီအချိန်လောက်က ကွန်ဒုံးသုံးရင်ပဲ မိန်းမလိုက်စားတဲ့သူလို့ အထင်ခံရတာမျိုးဗျ။ အဲဒီခေတ်ကတော့ HIVတို့၊ AIDS တို့ မပေါ်ကြသေး လေတော့ကာ သားဆက်ခြားရေးနဲ့ ကာလသားရောဂါကာကွယ်ရေးတွေ အတွက် ဦးစားပေးကြရတာပေါ့လေ။ ကျန်းမာရေးဝန်ထမ်းတွေဟာ ကျေးလက်တောရွာတွေပါမကျန် ကွန်ဒုံးတွေလိုက်ဝေပြီး ဘယ်လိုသုံးရမယ် ဆိုတာကိုပါ သင်ပြကြရသတဲ့။ ရွာတစ်ရွာမှာတော့ အဲသလိုသင်ကြား ပြသရာမှာ ကျန်းမာရေးဝန်ထမ်းက "ဒီလို ဒီလို သုံးရပါတယ်" လို့ပြောပြီး အနီးအနားက ဘူးစင်ကစွန်းထွက်နေတဲ့ ဝါးလုံးတစ်လုံးမှာ ကွန်ဒုံးကို စွပ်ပြခဲ့ရသတဲ့။ အဲ. . . နောက်နေ့မနက်လည်းကျရော အဲဒီဘူးစင်က ဝါးလုံးစွန်းတွေမှာ ကွန်ဒုံးတွေ အများကြီး စွပ်လျက်သားတွေ့ရတော့သတဲ့ဗျို့ . . .။ ကျုပ်တို့ တောသူတောင်သားတွေများ ရိုးပြီဆိုရင် အဲသလိုရိုးတာ . . .။

ခုခေတ်မတော့ ကွန်ဒုံးဆိုရင် ကလေးတစ်ယောက်အတွက်တောင် အဆန်းမဟုတ်တော့သလို၊ မိန်းကလေးတွေတောင် ကွန်ဒုံးလေးတွေ ဆောင်ကြတယ်လို့ သိလာရပါပြီ။ သို့သော်လည်းပေါ့လေ. . . ကွန်ဒုံး ဝေတာလည်း ဝေ. . . အကျိုးရှိရှိနဲ့ အန္တရာယ်ကင်းကင်း စနစ်တကျ သုံးတတ်အောင်လည်း နည်းနည်းတော့ လမ်းညွှန်ပေးဖို့ လိုလိမ့်ဦးမယ်လို့ မောင်တောက်တီးတော့ ထင်မိတာပဲ။ ခုနကလို ဝါးလုံးမှာစွပ်လိုက်ရုံနဲ့ အန္တရာယ်ကင်းပြီလို့တော့ တထစ်ချမဆိုနိုင်ဘူးမဟုတ်လား။ ကျန်းမာရေး ပညာရှင်တွေ ပိုသိမှာပါလေ။ နော. . .။

# ရန်ဖြစ်မလား၊ ပြန်ချစ်မလား




ခုတစ်လော ရပ်တကာလှည့်ပြီး ငါ့ကို ဘာမှတ်လို့လဲ။ အကုန် ပါးဆွဲရိုက်ပစ်လိုက်မယ်သိလားလို့ ကြိမ်းမောင်းတတ်သူတချို့ရဲ့ စကားသံ ကို ကြားရပြီး လာပါးရိုက်လှည့်ပါ၊ ပါးရိုက်ခံဖို့အသင့်ပါပဲလို့ ဆန္ဒထုတ်ဖော် ပြသူတွေရဲ့ အသံပါ ကြားလိုက်ရတဲ့အခါ ရန်ဖြစ်တာနဲ့ ပတ်သက်လို့ ကြားဖူး နားဝလေးတွေကို တောက်တီးနဲ့တောက်တဲ့တို့ ပြန်ပြီး ကြားယောင် မိပါရဲ့။

ရပ်ကွက်ထဲမှာ လင်မယားရန်ဖြစ်ပြီး ရပ်ကွက်လူကြီးဆီကို ယောကျ်ား ဖြစ်သူရောက်လာတယ်။ လူကြီးကမင်းတို့ လင်မယားရန်ဖြစ် ကြတယ်ဆိုလို့ မေးတော့ ယောကျ်ားဖြစ်သူက ဟုတ်ပါတယ်တဲ့။ ဘယ်လို ရန်ဖြစ်ကြတာလဲ မေးတဲ့အခါကျတော့ ယောကျ်ားဖြစ်သူက ကျွန်တော့် မိန်းမက သူ မကျေနပ်တာတွေကို ပြောပါတယ်တဲ့။ မင်းက ဘာပြန်ပြော လဲဆိုပြီး ရပ်ကွက်လူကြီးက ထပ်မေးလိုက်တော့ ကျွန်တော်ပြောချင်လို့ မရလိုက်ပါဘူး။ သူပြောချင်တာ ပြောလို့အားရတော့ ပစ္စည်းတွေယူပြီး အိမ်ပေါ်ကဆင်းသွားတာပဲတဲ့။ အဲဒီ လို တစ်ဖက်သတ်ရန်ဖြစ်တာမျိုး တွေလည်း မဟုတ်ပါစေနဲ့လို့ ဆုတောင်းရတာပါပဲ။

တကယ်တော့ တစ်ခုခုမကျေနပ်တာပြောမယ်၊ ဆိုမယ်၊ ဒေါသ ဖြစ်မယ်ကြံရင် တစ်၊ နှစ်၊ သုံး၊ လေး၊ တစ်ဆယ်ထိရေပြီးမှ စိတ်ဆိုးစရာရှိတာ စိတ်ဆိုးပါလို့ လူကြီးတွေက မှာခဲ့ဖူးတယ်။

တစ်ခါက ကလေးနှစ်ယောက်ရန်ဖြစ်တဲ့အခါ အဖေလုပ်သူက ရန်ဖြစ်တဲ့သူ့သားကို အဲဒီလိုပဲဆုံးမဖူးတယ်။ အဲဒီအခါ သားက "အဖေ ပြောစကားနားထောင်လို့ ကျွန်တော်အထိုးခံရတာပေါ့" လို့ ပြန်ဖြေခဲ့တယ်။ ဘာဖြစ်လို့ထိုးလဲလို့ အဖေကမေးတဲ့အခါ သားက "ဟိုကောင့်အဖေက သူ့သားကို ငါးအထိပဲရေရမယ်လို့ သင်ထားတာကိုး" လို့ ပြန်ဖြေတယ်။ အဲဒီလို ရန်ဖြစ်တာမျိုးလည်း ဖြစ်နေဦးမယ်နော်။ ဘာပဲဖြစ်ဖြစ် တောက်တီးတို့ တောက်တဲ့တို့ကတော့ ရန်မဖြစ်နဲ့၊ ပြန်ချစ်ကြလို့ပဲ ရွှေပြည်အေးတရား ဟောပါရစေ။


“မိသားစုတစ်စုလုံး ကျန်းမာဖို့
ဗိုက်တာဟုမ်း ကိုသုံးကြစို့”
VITAHOME
Soft Cap.
VITAHOME
Soft Cap.
120 Cap.
VITAHOME
Soft Cap.
PACIFIC
Manufactured under License by
Korea Pharma Co., Ltd. Kyeonggi-Do, Korea
For Pacific Pharmaceuticals Pte Ltd.